

၁၉၉၂ ခုနှစ်၊ ဧပြီလအတွင်း၌ အရှေ့ဘက်
ကမ်းရိုးတန်းဒေသ၏ ကြွယ်ဝချမ်းသာသော
မိသားစုနောက်ခံရှိ လူငယ်တစ်ဦးသည်
အလာစကာပြည်နယ်သို့ ကားကြုံစီး ခရီးထွက်
လာခဲ့ပြီး မက်ကင်လေးတောင်၏ မြောက်ဘက်
လူသူနေထိုင်ခြင်းမရှိသော ကန္တာရတောကြီး
အတွင်းသို့ တစ်ဦးတည်း လမ်းလျှောက်
ဝင်ရောက်သွားခဲ့သည်။

INTO THE WILD

JON KRAKAUER

ထို့နောက် လေးလအကြာတွင်
ဆတ်မုဆိုးအဖွဲ့တစ်ဖွဲ့က
သူ၏ ပျက်စီးနေသောရုပ်အလောင်းကို
တွေ့ရှိခဲ့သည်။

ကန္တာရခရီးသည်

ရာပြည့်

(ဆရာ ရာပြည့်၏ နောက်ဆုံးဘာသာပြန်လက်ရာ)

WHISPER OF WORDS

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။

ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့်ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီးကိုယ်ကျိုးအတွက်လုံးဝ(လုံးဝ)အသုံးမပြုပါ။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR

About Author

Jon Krakauer ကို ၁၉၅၄ ခုနှစ် အမေရိကား နိုင်ငံတွင် မွေးဖွားသည်။ စာရေးသူအဖြစ်သာမက တောင်တက် သမားတစ်ဦးအဖြစ်ပါ ထင်ရှားသူ တစ်ယောက်ဖြစ်သည်။ ဧဝရတ်တောင်ကို အောင်မြင်စွာ တက်ရောက်နိုင်သူ တစ်ဦး လည်း ဖြစ်သည်။ သူ၏ တောင်တက် အတွေ့အကြုံများကို အခြေခံကာ ရေးသားခဲ့သည့် ဆောင်းပါးများသည် နိုင်ငံ တကာတွင် ထင်ရှားသည်။ ကန္တာရ ခရီးသည် စာအုပ်သည် သူ၏ အထင်ရှားဆုံး လက်ရာ ဖြစ်သည်။ အရောင်းရဆုံး စာရင်းဝင် စာအုပ်တစ်အုပ်ဖြစ်ပြီး ဘာသာပေါင်း သုံးဆယ်ကျော် ဘာသာပြန်ဆိုထားပြီး အကြိမ် ၁၇၀ ကျော် ပုံနှိပ်ခဲ့ ရသည်။ အမေရိကားရှိ ကျောင်းများတွင် သင်ရိုးစာအုပ်အဖြစ် ပြဋ္ဌာန်းခံရသည့် စာအုပ်တစ်အုပ် လည်းဖြစ်သည်။ အမေရိကားနိုင်ငံတွင် မိသားစုနှင့်အတူ နေထိုင်လျက်ရှိပြီး စွန့်စားခန်း ဆောင်းပါးများကို ရေးသား လျက်ရှိသလို ကိုယ် တိုင်လည်း စွန့်စားသူတစ်ယောက်အဖြစ် ရပ်တည်နေထိုင်လျက်ရှိသည်။

ပုံနှိပ်မှတ်တမ်း

Copy Right Jon Krakauer ဘာသာပြန်မူပိုင် © ရာပြည့်

ငါတို့စာပေမှပထမအကြိမ်အဖြစ် ၂၀၁၈၊ ဒီဇင်ဘာလတွင်ထုတ်ဝေသည်။

ရန်ကုန်မြို့ရှိ ငါတို့စာပေ ပုံနှိပ်တိုက်(၁၀၇၀၇)တွင် အုပ်ရေ၁၀၀၀
ပုံနှိပ်ထုတ်ဝေသည်။

မျက်နှာဖုံးကို နှင်းခါးကပြုလုပ်သည်။

ယခု စာအုပ်တွင် ဖော်ပြထားသည်များမှ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ အခန်းလိုက် ကိုသော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်ဆင့်ပြန်လည် ကူးယူ ဖော်ပြခြင်းကို ခွင့်မပြု။ မူပိုင်ခွင့် ရရှိထားသူ သို့မဟုတ် ထုတ်ဝေသူထံမှ ခွင့်ပြုချက် ရမှသာ တစ်ဆင့်ဖော်ပြရန် အသိပေးအပ်သည်။

(စာအုပ်အညွှန်းရေးသားရန်အတွက် ခွင့်ပြုချက်တောင်းရန် မလိုပါ။)

တန်ဖိုး- ၄၅၀၀ကျပ်

Ebook Creator - Whisper Of Words

နှလုံးသွေးနဲ့ ရေးတဲ့ အမှာစာ

၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့၊ နံနက် ၆ နာရီအချိန် ကျွန်တော်အိပ်ပျော်နေဆဲ ခေါင်းအုံးဘေးမှာ ထားတဲ့ လက်ကိုင်ဖုန်းက အဆက်မပြတ်မြည်လာတာကြောင့် အိပ်ချင်မူးတူး နဲ့ ကောက်ကိုင်လိုက်ပါတယ်။ တစ်ဖက်က ခေါ်ဆိုသူမှာ မန္တလေးမှ ကျွန်တော့် အစ်မဝမ်းကွဲတော်စပ်သူ ဒေါ်ညိုညို ဖြစ်နေပါတယ်။ ဖုန်းကိုင်လိုက်ပြီး ဟဲလို လို့ ထူးနေပေမဲ့ သူ့ဘက်က စကားသံမကြားရဘဲ ငိုသံသာကြားနေရပါတယ်။ နှလုံးသမား ကျွန်တော် ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားပြီး "ဘယ်သူ ဘာဖြစ်တာ လဲ"လို့ အဖန်ဖန် အခါခါ မေးနေပေမဲ့ အဖြေမရဘဲ ငိုသံသာ ကြားနေရပါ တယ်။ ကျွန်တော် တော်တော်စိတ်ပူသွားပါပြီ။ ခဏကြာတော့မှ သူ့သမီးတစ် ယောက်က ကျွန်တော့်ကို "နေကောင်းလား၊ အိမ်မှာ တစ်ယောက်တည်း လား"လို့ မေးပါတယ်။ တစ်ယောက်တည်းနေတဲ့သူကို တစ်ယောက်တည်း လားလို့ မေးနေတာက ထူးခြားနေပါတယ်။

"အေး၊ ဟုတ်တယ် တစ်ယောက်တည်း"လို့ ဖြေလိုက်တော့ တူမဖြစ် သူက စိတ်အေးအေးထားပါ"တဲ့။ "အေး၊ ပြောမှာသာပြောပါ"လို့ ဆိုလိုက်တော့ သူက ရာရာ ဆုံးသွားပြီတဲ့။ "ရာရာ"ဆိုတာက ကျွန်တော့်ညီ ရာပြည့်ကို သူတို့ကလေးတွေက ခေါ်တဲ့နာမည်ပါ။ ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားတယ်။ တယ်လီဖုန်းခေါ်တာက မန္တလေးက ခေါ်နေတာ။ ကျွန်တော့်ညီက ရန်ကုန်မှာရှိတာပဲ။ ခေါင်းထဲမှာ တော်တော်ရှုပ်ထွေးသွားတယ်။ ကျွန်တော် စကားမပြန် နိုင်ဘဲ ဖုန်းချလိုက်ရပါတယ်။ တစ်ခုခုတော့ တစ်ခုခုပဲ။ အဝတ်အစားကောက် လဲပြီး ကျွန်တော့်အခန်းရှိတဲ့ သုံးထပ်ကနေ ဆင်းလာခဲ့တာ မြေပြင်ကိုရောက် ပါပြီ။ ဒီတော့မှ ကျွန်တော့်ညီ မျိုးမြင့်ညိမ်းက မြင့်မောင်ကျော်နဲ့အတူ ကားနဲ့ တိုက်ရှေ့ကို ရောက်လာပါတယ်။ "အစ်ကို ဘယ်သွားမလို့လဲ"တဲ့။ "ငါသိပြီး ပြီ။ အခုသွားမလို့၊ ငါ့ကို ဘာဖြစ်လို့ မပြောတာလဲ"လို့ ဆိုတော့ သူက "အခု ပြောမလို့ လာတာ"တဲ့။ ကျွန်တော့်ကို အပေါ်ပြန်တက်စေခဲ့ပါတယ်။ သူ့အပြောအရ ကျွန်တော့်ညီအငယ်ဆုံးဖြစ်တဲ့ ရာပြည့်က ဘယ်သူမှ မသိလိုက်ဘဲ အိပ်နေရင်း အသက်ပျောက်သွားခဲ့ပါပြီ။ ကျွန်တော် မယုံနိုင်ပါ ဘူး။ သူဆုံးတဲ့နေ့က တနင်္လာနေ့ပါ။ တနင်္ဂနွေနေ့ ညနေက သူတို့လင်မယား နှစ်ယောက် ကျွန်တော့်ဆီ ရောက်လာခဲ့ကြသေးတယ်။ ခါတိုင်းဆိုရင် ၁၅ မိနစ်လောက်သာ ထိုင်ကြပေမဲ့ အဲဒီနေ့က နာရီဝက်ကျော်ကျော်လောက် ထိုင် သွားကြတယ်။ သူ့သမီးအလတ်မက ညစာစားဖို့ လှမ်းခေါ်လို့တောင် သူ့ဇနီး မေခိုင်က စားနှင့်ကြလို့ ဖြေလိုက်ပါသေးတယ်။ အဲဒီနေ့က သူ့ကို အသက်ရှင် လျက် တွေ့လိုက်ရတာ နောက်ဆုံးပါပဲ။

ကျွန်တော် စာရေးဖြစ်တာ ကျွန်တော့်အဖေကြောင့်ပါ။ သူစာရေးဖြစ်

တာက ကျွန်တော့်ကြောင့်ပါ။ ကျွန်တော် ငယ်ဘဝ အဘိုးနဲ့နေရစဉ်ကာလ တုန်းက အဘိုးက အိမ်မှာ မြန်မာသတင်းစာ ကြေးမုံနဲ့ အင်္ဂလိပ်သတင်းစာ နေးရှင်းတို့ကို ယူပါတယ်။ နေးရှင်းသတင်းစာတိုက်က ပြည်တွင်းသတင်းအတို လေးတွေကို ဖြတ်ပြီး အဘိုးက ဗလာစာအုပ်တစ်ခုရဲ့ စာမျက်နှာများပေါ်မှာ ကပ်ပေးထားပါတယ်။ အဲဒီသတင်းတွေနဲ့ တူတဲ့ ကြေးမုံထဲက သတင်းတွေ ကိုလည်း ဖြတ်ပြီး စောစောက ဗလာစာအုပ်ရဲ့ နောက်ကျောဘက်မှာ ကပ်ပြန် ပါတယ်။ မနက် အိပ်ရာထ,ချိန် မုန့်စား၊ လက်ဖက်ရည်သောက်ပြီးရင် အဘိုးက ကျွန်တော့်ကို အင်္ဂလိပ်သတင်းတွေ ဖတ်စေပါတယ်။ အဲဒီသတင်းထဲက ကျွန်တော်နားမလည်တဲ့ စာလုံးအသစ်တစ်လုံး ပါလာပြီဆိုရင် အဘိုးက အဓိပ္ပာယ်မပြောပါဘူး။ နောက်ကျောမှာ ကပ်ထားတဲ့ ကြေးမုံသတင်းစာရဲ့ သတင်းထဲမှာ အဲဒီစာလုံးရဲ့ အဓိပ္ပာယ်ကို ရှာခိုင်းပါတယ်။ ဒီနည်းနဲ့ ဘာသာ ပြန်နည်းကို ကျွန်တော် တတ်လာခဲ့တာပဲ။ အခု အခြေခံပညာအထက်တန်းလို့ ခေါ်ကြတဲ့ ဆယ်တန်းကိုရောက်ချိန်မှာ ဘာသာတွဲတွေ ယူရပါတယ်။ သိပ္ပံ သမားတွေက ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ စသဖြင့် ယူသလို ဝိဇ္ဇာသမား တွေအတွက် ဘာသာတွဲတွေလည်း ရှိပါတယ်။ ကျွန်တော်တက်တဲ့ မန္တလေးဒိုင်အိုစီဇင်အထက်တန်းကျောင်းမှာတော့ ဝိဇ္ဇာသမားများအတွက် ဘာသာတွဲ က ဘာသာပြန်၊ သမိုင်း၊ သင်္ချာ သင်ရပါတယ်။ ကျွန်တော့်ဘာသာပြန်ဆရာမ က ကွယ်လွန်သွားပြီဖြစ်တဲ့ ဆရာမ ဒေါ်ရီရီသန်းပါ။

ကျွန်တော် စာရေးဖြစ်နေချိန်မှာ ရာပြည့်က စာရေးတာကို ဝါသနာပါ လာပြီ။(သူနဲ့ ကျွန်တော်က အကြီးဆုံးနဲ့ အငယ်ဆုံးဖြစ်တဲ့အတွက် အသက် ၁၃နှစ် ကွာပါတယ်။) သူစာရေးချင်နေတာကို ကျွန်တော် သိနေပါတယ်။ ကျွန်တော် ရွှေအမြုတေကို စ,လုပ်တဲ့အချိန်မှာ သူရေးနိုင်ဖို့ နိုင်ငံခြားဂီတ ဆောင်းပါးတွေ ရှာပေးပြီး ဘာသာပြန်ခိုင်းပါတယ်။ သူရေးနိုင်တယ်။ နောက် ကျွန်တော် လုံးချင်းတွေရေးတဲ့အခါမှာလည်း သူစိတ်ဝင်စားတယ်။ ရေးချင်စိတ် ရှိတယ်ဆိုတာ သိနေပါတယ်။ ဒါကြောင့် ဘန်ကောက်ကို ဆေးစစ်ဖို့ သွားတဲ့ အခါများမှာ သူစိတ်ဝင်စားတဲ့ စစ်နဲ့ပတ်သက်တဲ့ ဝတ္ထုစာအုပ်တွေ ဝယ်လာပေး ပါတယ်။

ဒီလိုနည်းနဲ့ သူ လုံးချင်းစ,ရေးဖြစ်သွားခဲ့ပါတယ်။ ငါတို့စာပေက မြေမှုန်လွင်နဲ့ ကျွန်တော် အလုပ်လုပ်ဖြစ်ကြတဲ့အခါ ရာပြည့် စာမူတွေကိုလည်း ပြကြည့်တော့ မြေမှုန်လွင်က နှစ်သက်ပါတယ်။ ဒါကြောင့် မန္တလေးသို့ အပြန် ဆိုတဲ့ စာအုပ်ကို ဘာသာပြန်ဖို့ စ,အပ်ပါတယ်။ စာအုပ်က တော်တော် ထူပါတယ်။ ဒါပေမဲ့ သူ ဇွဲနပဲကြီးစွာ ရေးခဲ့ပြီး ဒီစာအုပ်ကို ငါတို့စာပေက ထုတ်တဲ့အခါ မန္တလေးကို သွားကြပြီး နဂါးစာပေက ဖြန့်ချိပေးပါတယ်။ မြေမှုန်လွင်က သူ့ကို စာအုပ်မှာ လက်မှတ်ထိုးပေးဖို့ မန္တလေးအထိ ခေါ်သွား ပါတယ်။ သူတို့ဇနီးမောင်နှံ လိုက်သွားခဲ့ကြပြီး ပျော်ပျော်ပါးပါး လက်မှတ်ထိုး ပေးခဲ့တယ်။ မန္တလေးသူ မန္တလေးသားတွေကလည်း “မန္တလေး”ဆိုတဲ့ နာမည် ပါတာနဲ့ပဲ အားပေးလိုက်ကြတာ

ငါတို့စာပေက သယ်သွားတဲ့ စာအုပ်တွေ အကုန်ကုန်ခဲ့ပါတယ်။

အဲဒီနောက်မှာတော့ သူ့လုံးချင်းတွေကို ငါတို့စာပေနဲ့အတူ မဟာစာပေကလည်း ထုတ်ဝေပေးခဲ့ပါတယ်။ သူက စာရေးတဲ့နေရာမှာ လက်ရေးနဲ့ရေးပါတယ်။ ကျွန်တော်ကတော့ လက်ရေးမကောင်းတဲ့အတွက် iPadနဲ့ အိမ်မှာရေးပြီး ရုံးမှာဆိုရင်တော့ ရုံးက သမီးများက စာစီပေးကြပါတယ်။ သူလက်ရေးနဲ့ရေးထားတဲ့ စာမူဆိုပေမဲ့ သူ့စာမူတွေက အင်မတန် သပ်ရပ်ပါတယ်။ ဖိုင်နဲ့စနစ်တကျ ချုပ်ထားတာပါ။ ဒါကြောင့် သူ့ဇနီးသည် မေခိုင်က စာအုပ် ပြီးပြီဆိုရင် သူ့လက်ရေးစာမူကို ပြန်သိမ်းချင်လို့ဆိုပြီး တောင်းတတ်ပါတယ်။ အဲဒီအခါမျိုးမှာ ကျွန်တော်ကတော့ ပြုံးမိတယ်။ ညီဖြစ်တဲ့ မျိုးမြင့်ညိမ်းက တော့ ကိုယ်ချင်းစာစိတ်နဲ့ သူ့ယောကျ်ားလက်ရေး သိမ်းချင်လို့ပေါ့ အစ်ကိုကလည်း”လို့ ဆိုတယ်။

ကျွန်တော့်ရုံးမှာ အလင်းတန်းဂျာနယ်နဲ့ ရွှေအမြုတေမဂ္ဂဇင်း တပြိုင်တည်းလုပ်နေရစဉ် ကာလတုန်းကတော့ ကလေးတွေက အဆက်မပြတ်စာတွေရိုက်နေရပါတယ်။ အလင်းတန်းမရှိတော့တဲ့ကာလမှာ ကလေးတွေအားနေတဲ့အချိန် အပိုဝင်ငွေရဖို့ ငါတို့စာပေနဲ့ မဟာစာပေကနေ စာမူတွေတောင်းပြီး သူတို့အတွက် ပေးတတ်ပါတယ်။ ရာပြည့်ရေးတဲ့ ကန္တာရခရီးသည်ရေးပြီးသွားတော့လည်း မြေမှုန်လွင်က “ဦးဆီမှာပဲ စီလိုက်ပါတော့”လို့ ဆိုတာကြောင့် စီပေးဖြစ်ပါတယ်။ စီပြီးသားစာမူကို ရာပြည့်က သူကိုယ်တိုင် Proof ဖတ်ပါတယ်။ ညီအစ်ကိုနှစ်ယောက် ကွန်ပျူတာတစ်လုံးစီနဲ့ သူက ကိုယ့်ဆီ ပို့လိုက်၊ ကိုယ်က သူ့ဆီ ပို့လိုက်နဲ့ အချောသပ်သွားခဲ့ပါတယ်။ ထုတ်ဝေသူကိုလည်း ပို့ပေးလိုက်ပါပြီ။

တစ်အုပ်ပြီးသွားပြီဆိုတော့ သူက အဲဒီတစ်အုပ်ထွက်မှာကို အရင်တုန်းကတော့ မျှော်တတ်တဲ့အကျင့် ရှိတယ်။ ဒါပေမဲ့ ကျွန်တော်က “ငါတို့တာဝန်က ရေးတာ၊ သူတို့တာဝန်က ထုတ်တာ။ ငါတို့အလုပ် ငါတို့လုပ်ပြီးရင် သူတို့အလုပ်ကို သူတို့လုပ်လိမ့်မယ်။ မင်း ဘာမှစောင့်စရာ မလိုဘူး။ နောက်တစ်အုပ်ကို ဆက်ရေး”လို့ ပြောတော့ နောက်တစ်အုပ်ကို သူစ,ပါတယ်။ အသစ်တစ်အုပ် သူ စ,ရေးတာ ၁၃ ခန်းမှာ ၆ ခန်း ပြီးသွားပါပြီ။ သူလက်စ သတ်မသွားနိုင်ခဲ့ပါဘူး။

အခု ငါတို့စာပေမှ ထုတ်ဝေသူ မြေမှုန်လွင်က ရာပြည့်ရဲ့ အစအဆုံး အပြီးသတ်သွားတဲ့ ကန္တာရခရီးသည် ကို ထုတ်တော့မှာဖြစ်လို့ ကျွန်တော့်ကို အမှာစာရေးပေးပါလို့ ဆိုလာပါတယ်။ အမှန်ကတော့ ကလောင်သစ်မဟုတ်တဲ့အတွက် ကျွန်တော့်အမှာစာလည်း မလိုပါဘူး။ သို့သော် သူ့အတွက် အမှတ်တရဖြစ်အောင် ရေးပါဆိုလို့ ကျွန်တော် ဒီအမှာစာကို ရေးဖြစ်သွားပါတယ်။ ဘာသာပြန်ရေးရတာကို ပျော်မွေ့တဲ့ ကျွန်တော့်ညီ အခုတော့ ငြိမ်းချမ်းရာမှာ အေးငြိမ်းသွားခဲ့ပါပြီ။ အခု စာဖတ်သူလက်ထဲမှာ ရောက်ရှိနေတဲ့ စာအုပ်က သူ့နောက်ဆုံးလက်ရာ ဖြစ်ပါတယ်။ အားပေးမှုအတွက် လှိုက်လှဲစွာ ကျေးဇူး

တင်ပါတယ်။

ဝင်းငြိမ်း

မူရင်းစာရေးသူ၏ မှတ်စု

အရှေ့ဘက် ကမ်းရိုးတန်းဒေသ၏ ကြွယ်ဝချမ်းသာသော မိသားစု နောက်ခံရှိ လူငယ်တစ်ဦးသည် ၁၉၉၂ ခုနှစ်၊ ဧပြီလအတွင်း၌ အလာစကာပြည် နယ်သို့ ကားကြုံစီး ခရီးထွက်လာခဲ့ပြီး မက်ကင်းလေးတောင်၏မြောက်ဘက် လူသူနေထိုင်ခြင်းမရှိသော ကန္တာရတောကြီးအတွင်းသို့ တစ်ဦးတည်း လမ်းလျှောက်ဝင်ရောက်သွားခဲ့သည်။ ထို့နောက် လေးလအကြာတွင် ဆတ်မုဆိုးအဖွဲ့ တစ်ဖွဲ့က သူ၏ ပျက်စီးနေသော ရုပ်အလောင်းကို တွေ့ရှိခဲ့ကြရသည်။

ထိုလူငယ်၏ ရုပ်အလောင်းတွေ့ရှိပြီး မကြာခင်မှာပင် Outside မဂ္ဂဇင်းအယ်ဒီတာက အဆိုပါလူငယ် သေဆုံးမှုနှင့်စပ်လျဉ်းသော ပဟေဠိဆန် သည့် အခြေအနေ၊ အကြောင်းအရာများကို စုံစမ်းဖော်ထုတ်၍ သတင်းရေးသား ရန် စာရေးသူအား တာဝန်အပ်နှင်းလာခဲ့သည်။ ထိုလူငယ်၏ အမည်မှာ ခရစ္စတိုဖာ ဂျွန်ဆင် မက်ကန်းဒလက်စ် ဖြစ်သည်ဟု သိရသည်။ သူသည် ဝါရှင်တန်ဒီစီမြို့တော်၏ လူကုံထံများနေထိုင်ရာ အရပ်တွင် ကြီးပြင်းလာခဲ့သူ ဖြစ်သည်ဟုလည်း သိရှိရသည်။ ဝါရှင်တန်ဒီစီတွင် ပညာသင်ကြားခဲ့သူဖြစ်ပြီး ပညာရေးတွင်သာမက အားကစားဘက်တွင်ပါ ထူးချွန်သူတစ်ဦးလည်း ဖြစ်သည်။

၁၉၉၀ ပြည့်နှစ် နွေရာသီကာလအတွင်း အမ်မိုရီတက္ကသိုလ်မှ ထူးချွန် စွာ အောင်မြင်ခဲ့၍ ဘွဲ့အပ်နှင်းခြင်းခံယူပြီး ချက်ချင်းဆိုသကဲ့သို့ပင် မက်ကန်းဒလက်စ်ကို မြင်တွေ့ရခြင်းမရှိတော့ချေ။ မက်ကန်းဒလက်စ်သည် သူ၏ အမည်ကို ပြောင်း၊ ငွေစုစာရင်းမှ လက်ကျန်ငွေ ဒေါ်လာနှစ်သောင်းလေးထောင်လည်း လှူဒါန်း၊ မော်တော်ကားနှင့် သူပိုင်ပစ္စည်းများအားလုံး စွန့်လွှတ်၊ ပိုက်ဆံအိတ် အတွင်းရှိ ငွေသားအားလုံးကို မီးရှို့ဖျက်ဆီးပြီးနောက်တွင် ထိုသို့ ပျောက်ကွယ် သွားခြင်းဖြစ်သည်။ ထို့နောက်တွင် သူက ဘဝအသစ်တစ်ခုကို ဖန်တီးပြီး လူ့အသိုက်အဝန်း၏ အစွန်အဖျားဒေသတွင် သွားရောက်နေထိုင်ခဲ့သည်။ မြောက်အမေရိကဒေသတစ်လွှား လှည့်လည်သွားလာရင်း သာမန်ထက်ထူးကဲ သော အတွေ့အကြုံသစ်တို့ကို ရှာပုံတော်ဖွင့်ခဲ့သည်။ သူ၏ မိသားစုက သူဘယ် ရောက်၍ ဘာဖြစ်နေသည်ကို မသိကြသည်မှာ အလာစကာပြည်နယ်တွင် သူ၏ရုပ်အလောင်းကို တွေ့ရှိကြသည့်တိုင်အောင်ပင် ဖြစ်သည်။

တိုတောင်းသော ကန့်သတ်ရက်အတွင်းမှာပင် စာလုံးရေ ကိုးထောင်ခန့် ပါဝင်သော ဆောင်းပါးတစ်ပုဒ်ကို စာရေးသူက ရေးသားပေးခဲ့ပြီး ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလထုတ် Outside မဂ္ဂဇင်းတွင် ထိုဆောင်းပါးကို ထည့်သွင်း ဖော်ပြခဲ့သည်။ ထိုမဂ္ဂဇင်းဆောင်းပါးပါ အကြောင်းအရာတို့ကို လက်ငင်းဖြစ် ပျက်နေသော

အခြားအကြောင်းအရာတို့က လွှမ်းမိုးသွားသည့်တိုင် မက်ကန်း ဒလက်စ်အပေါ် စာရေးသူ၏ စိတ်ဝင်စားမှုမှာ ကာလကြာရှည်စွာ စွဲထင်ကျန် ရစ်နေပေသည်။

ထိုလူငယ်၏ အစာရေစာပြတ်လပ်တော်မွတ်မှု အကြောင်းများ သာမက သူ၏ဘဝနှင့် စာရေးသူ၏ ဘဝအကြားမှ မဆုံနိုင်သည့် ဝိုးတဝါး မျဉ်းပြိုင်အဖြစ်အပျက်များကလည်း စာရေးသူအား ခြောက်လှန့်လျက်ရှိသည်။ မက်ကန်းဒလက်စ်အကြောင်းကို လက်မလွှတ်လိုသော စာရေးသူက တစ်နှစ်ကျော်ခန့် အချိန်ယူကာ အလာစကာတောကြီးမျက်မည်းအတွင်း သူ၏ သေဆုံးမှုဆီသို့ ဦးတည်ခဲ့သော အစကောက်ရန်ခက်ခဲသည့် လမ်းကြောင်းကို ခြေရာခံ ရှာဖွေခဲ့သည်။ သူ၏ ခရီးကြမ်းများအကြောင်း အသေးစိတ်ကိုလည်း စွဲလမ်းမှု မကင်းသော စိတ်ဝင်စားမှုတို့ဖြင့် လိုက်လံရှာဖွေခဲ့သည်။ မက်ကန်းဒလက်စ်အား နားလည်နိုင်အောင်ကြိုးစားရင်းဖြင့် ထို့ထက်မက ကြီးမားသော အခြား အကြောင်းအရာများ၏ ရောင်ပြန်ထင်ဟပ်မှုကို မလွဲရှောင်သာဘဲ ကြုံတွေ့ခဲ့ရသည်။ အမေရိကန်တို့၏ ဆန်းသစ်တီထွင်သော အတွေးစိတ်ကူးများအပေါ် ကန္တာရတောကြီး၏ အားကောင်းသော လွှမ်းမိုးသက်ရောက်မှု၊ လူငယ်တို့၏ စိတ်အခြေအနေတစ်ရပ်ကို ချုပ်ကိုင်ထားနိုင်သည့် ဆွဲဆောင်မှုအားကောင်းသော အန္တရာယ်လက်တစ်ကမ်း စွန့်စားမှုများ၊ ဖခင်တို့နှင့် သားတို့အကြား တည်ရှိသည့် ရှုပ်ထွေးသလောက် အားကောင်းလှသော စည်းနှောင်မှု စသည်တို့၏ ရောင်ပြန်ထင်ဟပ်မှုများပင်။ ရနိုင်သမျှသော နည်းလမ်းတို့ဖြင့် ကြိုးပမ်းစုံစမ်းလေ့လာခြင်း၏ ရလဒ်ကား စာဖတ်သူ၏ ရှေ့မှောက်သို့ ရောက်ရှိနေပြီဖြစ်သည့် ဤစာအုပ်ပင် ဖြစ်သည်။

စာရေးသူသည် မျက်နှာမလိုက်တမ်း ရေးသားတတ်သော အတ္ထုပ္ပတ္တိရေးဆရာတစ်ယောက်ဟု မဆိုချင်ပါ။ မက်ကန်းဒလက်စ်၏ ထူးဆန်းသော ပုံပြင်သည် သူ၏ ကြေကွဲဖွယ်ဇာတ်လမ်းကို ပြောကြားရာ၌ ဓမ္မဓိဋ္ဌာန်ကျကျ ပြောကြားရန် မဖြစ်နိုင်သည်အထိ စာရေးသူ၏ ရင်ကို ရိုက်ခတ်ခဲ့သည်။ စာရေးသူ ရေးသားခဲ့သမျှ စာအုပ်အများစုတွင် စာရေးဆရာကိုယ်တိုင် ပါဝင်ပတ်သက်မှုကို အနည်းဆုံးဖြစ်စေရန် ကြိုးစားခဲ့ပြီး များစွာအောင်မြင်မှုရရှိခဲ့သည် ဟုလည်း ထင်မိပါသည်။ သို့ရာတွင် ဤစာအုပ်ကို ဖတ်ရှုမည့်သူအား သတိပေး လိုသည်မှာ မက်ကန်းဒလက်စ်၏ ဇာတ်လမ်းကို ရေးသားရာ၌ စာရေးသူ၏ ငယ်စဉ်ဘဝအဖြစ်အပျက် အပိုင်းအစများနှင့် ကြားဖြတ်စွက်ဖက်ထားကြောင်း ပင်ဖြစ်သည်။ စာရေးသူ၏ ကိုယ်ပိုင် အတွေ့အကြုံများက နားလည်ရခက်ခဲ လှသော ခရစ္စမက်ကန်းဒလက်စ်၏ ပဟေဠိဆန်သော အဖြစ်အပျက်အား ရှုမြင်ရာတွင် ရေးရေးမျှသော အလင်းရောင်တစ်ရပ်ကို ပေးစွမ်းနိုင်မည်ဟု မျှော်မှန်း၍ ထိုသို့ ထည့်သွင်းရေးသားထားခြင်း ဖြစ်သည်။

သူသည် စိတ်ဓာတ်အလွန်တရာပြင်းထန်သော လူငယ်တစ်ဦး ဖြစ်သည်။ ယနေ့ခေတ်ဖြစ်တည်မှုနှင့် သဟဇာတမဖြစ်သော၊ အလျှော့ပေးရန် ခဲယဉ်းသည့်

အတွေးအမြင် ပဓာနဝါဒ (Idealism)ကို စဉ်ဆက်မပြတ်လက်ကိုင် ပြုသူလည်း ဖြစ်သည်။ စာရေးဆရာ လီယိုတော်လ်စတွိုင်း၏ အတွေးအခေါ်များ ကာလကြာရှည်စွာ စွဲကပ်တွယ်ငြိနေသော မက်ကန်းဒလက်စ်သည် ဆရာကြီး တော်လ်စတွိုင်း၏ ချမ်းသာကြွယ်ဝသောဘဝကို စွန့်လွှတ်ကာ ဆင်းရဲမွဲတေသူတို့အကြား လှည့်လည်သွားလာနိုင်သည့် အခွင့်ထူးရယူခဲ့ပုံကို အထူးတလည် လေးစားအားကျခဲ့သည်။ မက်ကန်းဒလက်စ်သည် ကောလိပ် ကျောင်းတက်နေစဉ်မှာပင် တော်လ်စတွိုင်း၏ ခြိုးခြံချွေတာရေးဝါဒနှင့် တင်းကျပ်သော ကိုယ်ကျင့်တရားတို့ကို အတုယူကာ အထိုက်အလျောက် စတင် ကျင့်သုံးလာခဲ့သဖြင့် သူနှင့် ရင်းနှီးသောသူတို့မှာ ပထမတွင် အံ့အားသင့်ခဲ့ကြရကာ ထို့နောက်တွင် စိုးရိမ်ထိတ်လန့်ခဲ့ကြရသည်။

အလာစကာတောကြီး အတွင်းသို့ ဦးတည်ထွက်ခွာသွားချိန်တွင် သူက အစစအရာရာ ပြီးပြည့်စုံသော ဒေသအဖြစ် ထင်ယောင်မြင်မှားစိတ်ဖြင့် သွားရောက်ခဲ့ခြင်း မဟုတ်ဘဲ ဘေးအန္တရာယ်ဆိုးများ ပြွမ်းတီးရာဒေသမှန်း သိလျက်နှင့် သွားခဲ့ခြင်း ဖြစ်သည်။

တော်လ်စတွိုင်း၏ စွန့်လွှတ်မှုများမှာ သူရှာဖွေနေခဲ့သောအရာများပင် ဖြစ်သည်။ သူက သူရှာဖွေနေသည်တို့ကို အမြောက်အမြားပင် တွေ့ရှိခဲ့လေသည်။ မည်သို့ပင်ဆိုစေကာမူ မက်ကန်းဒလက်စ်သည် သီတင်းတစ်ဆယ့်ခြောက်ပတ်ကြာ စိတ်မချမ်းမြေ့ဖွယ်ရာ ခရီးစဉ်အတွင်း သူ၏ ခံနိုင်ရည်ထက် ကျော်လွန်၍ တွေ့ကြုံခံစားခဲ့ရသည်။ စင်စစ်အားဖြင့် အလေးထားဖွယ်မဟုတ် သော အသေးအဖွဲအမှားတစ်ခု၊ နှစ်ခုအတွက် မဟုတ်ပါက သူ့အနေဖြင့် ဧပြီလ အတွင်းက တောကြီးထဲသို့ ဝင်ရောက်ခဲ့သကဲ့သို့ပင် ၁၉၉၂ ခုနှစ် ဩဂုတ်လ၌ လူမသိ သူမသိ ပြန်ထွက်လာနိုင်မည် ဖြစ်သည်။ ယင်းအစား သူ၏ အပြစ်ကင်း မဲ့သော အမှားများက အထူးပင် အရေးပါလာပြီး ပြုပြင်ပြောင်းလဲ၍မရသော အခြေသို့ ဆိုက်ရောက်သွားသည်။ သူ၏ အမည်က သတင်းစာစောင်တို့၏ ခေါင်းစီးသတင်းများတွင် နေရာယူခဲ့ကြသည်။ စိတ်ရှုပ်ထွေးပြီး ဇဝေဇဝါ ဖြစ်နေ သော သူ၏ မိသားစုများမှာ ပြင်းပြစွာ နာကျင်စေသော မေတ္တာတရား၏ အကျိုးအပဲ့၊ အပိုင်းအစများကို လက်ဝယ်ဆုပ်ကိုင်ရင်း ကျန်ရစ်ခဲ့ကြရသည်။

ခရစ္စ မက်ကန်းဒလက်စ်၏ ဘဝနှင့် နိဂုံးချုပ်ဇာတ်လမ်းက ထင်မှတ် မထားလောက်အောင် များပြားသောသူတို့အပေါ် သက်ရောက်မှုရှိခဲ့သည်။ Outside မဂ္ဂဇင်းတွင် သူ့အကြောင်းဆောင်းပါး ပါရှိပြီးနောက် သီတင်းပတ်များ၊ လများချီ၍ ကြာမြင့်သည့်တိုင် မဂ္ဂဇင်းသက်တမ်းတစ်လျှောက် အခြားသော ဆောင်းပါးများထက် ပိုမိုများပြားသော ပရိသတ်ထံမှ ပေးစာများ ရရှိခဲ့သည်။ ထိုပေးစာများက စာဖတ်သူတို့ မျှော်လင့်သကဲ့သို့ သိသာကွဲပြားသောအမြင်တို့ ကို ထင်ဟပ်စေခဲ့သည်။ အချို့သော စာဖတ်ပရိသတ်တို့က သူ၏ ရဲစွမ်းသတ္တိနှင့် မြင့်မြတ်သော စံနမူနာတို့အတွက် ချီးကျူးဂုဏ်ပြုကြသည်။ အချို့ကမူ ဆင်ခြင်

တုံတရားကင်းမဲ့သူတစ်ယောက်၊ အရူးတစ်ယောက်၊ မိုက်မဲခြင်း၊ မိမိကိုယ်ကို အရေးပါမှု ရှေ့တန်းတင်ခြင်းတို့အားဖြင့် သေကျေပျက်စီးရသည့် အတ္တဇဟို ပြုဝါဒီတစ်ယောက်အဖြစ် ပြင်းထန်စွာ ဝေဖန်ကန့်ကွက်မှုများ ပြုခဲ့ကြသည်။ သူရရှိခဲ့သော မီဒီယာတို့၏ အာရုံစိုက်မှုနှင့် မထိုက်တန်ဟုလည်း ဆိုသူတို့က ဆိုကြသည်။ ခရစ္စမက်ကန်းဒလက်စ်နှင့် ပတ်သက်သည့် စာရေးသူ၏ ထင်မြင်ယူဆချက်များကို ဤတွင်ရပ်ဆိုင်း၍ သူ့အပေါ် စာဖတ်သူတို့ကိုယ်တိုင် ထင်မြင်သုံးသပ်ချက်ပေးနိုင်ရန် တင်ဆက်ပေးလိုက်ပါသည်။

ဂျွန်ခရက်ကောင်ဝါ

ဆီယက်တဲလ်မြို့ ဧပြီလ၊ ၁၉၉၅ ခုနှစ်။

အခန်း (၁)

အလာစကာအတွင်းပိုင်းသို့

ဧပြီလ ၂၇ ရက်၊ ၁၉၉၂ ခုနှစ်။

ဖဲဘန့်ခ်(စ)ကနေ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ဒီစာဟာ ကျွန်တော့်ဆီက နောက်ဆုံးလာတဲ့စာပဲ ဖြစ်ပါလိမ့်မယ်။ လွန်ခဲ့တဲ့နှစ်ရက်က ဒီကို ရောက်ပါတယ်။ ယူကွန်းဒေသဘက်ကို ကားကြုံလိုက်စီးခွင့်ရဖို့က တော်တော်ခက်ပါတယ်။ ဒါပေမဲ့ နောက်ဆုံးတော့ ဒီနေရာကို ရောက်ခဲ့ပါပြီ။

ကျွန်တော့်ဆီ ဝင်ထားတဲ့ စာတွေအားလုံးကို ရေးပို့လာတဲ့သူ တွေဆီပဲ ပြန်ပို့ပေးလိုက်ပါ။ တောင်ပိုင်းကို တော်တော်နဲ့ ကျွန်တော် ပြန်မရောက်နိုင်လောက်ဘူး။ ဒီစွန့်စားခန်းခရီးစဉ်က အသက် အန္တရာယ်ဖြစ်စေနိုင်တယ်ဆိုတာ တကယ်ဟုတ်နေပြီ။ ကျွန်တော့်ဆီက ဘာသတင်းမှ ထပ်မကြားရနိုင်တော့ဘူးဆိုရင် ကျွန်တော်အသိပေးခဲ့ချင်တာက ခင်ဗျားဟာ တကယ့် လူတော်လူကောင်းတစ်ယောက် ဖြစ်တယ်ဆိုတာပါပဲ။ ကျွန်တော် အခုပဲ တောကြီးထဲကို လမ်းလျှောက်ဝင်သွားတော့မယ်။

အဲလက်စ်

(တောင်ဒါကိုတာပြည်နယ်၊ ကာသေ့ချ်မြို့ရှိဝိန်းဝက်စတာဘာ့ဂ် လက်ခံရရှိခဲ့သော ပို့စ်ကတ်)

အလာစကာပြည်နယ်၊ ဖဲဘန်ခ်(စ)မြို့ အပြင်ဘက် လေးမိုင်မျှခရီး အထိ မောင်းနှင်ပြီးချိန်တွင် ခိုက်ခိုက်တုန်အောင် ချမ်းအေးလှသော အလာစကာ မိုးသောက်အရုဏ်အောက်၌ လက်မတစ်ဖက်ကို ခပ်မြင့်မြင့်ထောင်ပြ ထားကာ ကားလမ်းဘေး နှင်းတောထဲတွင် မတ်တတ်ရပ်နေသည့် ကားကြုံစီး ခရီးသွားတစ်ယောက်ကို ဂျင်မ်ဂယ်လီယန် မြင်တွေ့လိုက်သည်။ လမ်းကြုံလိုက် ခွင့်တောင်းခံနေသည့် ခရီးသွားက အသက်အားဖြင့် ကြီးလှပုံမရ။ ၁၈ နှစ်၊ ၁၉ နှစ်ထက်ပိုစရာမရှိပေ။ လူငယ်၏ ကျောပိုးအိတ်ထဲမှ ရိုင်ဖယ်သေနတ်တစ် လက်က ထိုးထွက်နေသည်။ သို့ရာတွင် သူ့ကိုကြည့်ရသည်က ခင်မင်နှစ်လိုဖွယ် ရာအပြည့်ပင်။ အမေရိကန်ပြည်ထောင်စု၏ ၄၉ ခုမြောက်ပြည်နယ်ဖြစ်သော အလာစကာပြည်နယ်၏ အဝေးပြေးလမ်းမများပေါ်တွင် မောင်းနှင်သွားလာ နေကြသည့် မော်တော်ယာဉ်မောင်းများအတွက် ရီမင်တန်ဆီမီးအော်တိုမက်တစ် ရိုင်ဖယ်တစ်လက် လွယ်ထားသည့် ကားကြုံစီးခရီးသွားပုံစံမှာ ကားရပ်ပေးချင် စရာပုံစံမျိုးမဟုတ်ပေ။ ဂယ်လီယန်က သူ၏ ထရပ်ကားကို လမ်းပခုံးပေါ်သို့ တက်ရပ်ကာ လူငယ်အား ကားပေါ်တက်ရန် လှမ်းပြောလိုက်သည်။

ခရီးသွားလူငယ်က သူ၏ ကျောပိုးအိတ်ကို ဖို့ဒ်ကားကြမ်းခင်းပေါ်သို့ လွှဲတင်ပြီး သူ့အမည်မှာ အဲလက်စ်ဖြစ်ကြောင်း မိတ်ဆက်ပြောကြားလာသည်။ အဲလက်စ်၊ ဟုတ်လား”။ ဂယ်လီယန်က မျိုးရိုးအမည်ပြောလိုပြောငြား တုံ့ပြန် ရေရွတ်လိုက်ခြင်းဖြစ်သည်။

“အဲလက်စ် တစ်လုံးတည်းပါ”။ လူငယ်က ဂယ်လီယန်၏ စူးစမ်းမှုကို ရှောင်ရှားဖြေကြားလာသည်။ အရပ်အမောင်း ငါးပေ၊ ခုနစ်လက်မမှ ရှစ်လက်မ ခန့်ရှိပြီး သန်စွမ်းသောခန္ဓာကိုယ်ပိုင်ရှင် လူငယ်က သူ့အသက် နှစ်ဆယ့်လေးနှစ် ရှိပြီဖြစ်ကြောင်းနှင့် တောင်ဒါကိုတာပြည်နယ်မှ လာကြောင်းကိုပါ ပြောကြား လာသည်။ သူက ဒဲန်နာလီအမျိုးသားဥယျာဉ် တစ်ဖက်အစွန်းထိ ကားကြုံ လိုက်စီးလိုကြောင်းလည်း ရှင်းပြလာသည်။ ထိုမှတစ်ဆင့် တောနက်ကြီးအတွင်း သို့ လမ်းလျှောက်ဝင်ရောက်ကာ တောထဲတွင် လအနည်းငယ်ခန့် နေထိုင်မည် ဖြစ်သည်ဟု ဆိုသည်။

လျှပ်စစ်ဆရာတစ်ဦးဖြစ်သူ ဂယ်လီယန်က ဂျော့ချ်ပါ့ခ်စ်အဝေးပြေး လမ်းမပေါ်ရှိ ဒန်နာလီ၏တစ်ဖက် မိုင်ပေါင်း ၂၄၀ ခန့်ကွာဝေးသည့် အန်ခါး ရေ့ချ်မြို့သို့ သွားနေခြင်း ဖြစ်သည်။ အဲလက်စ် သွားလိုသည့်နေရာအထိ ပို့ ပေးမည်ဖြစ်ကြောင်း သူက ပြောပြလိုက်သည်။ အဲလက်စ်၏ ကျောပိုးအိတ်က အလေးချိန်အားဖြင့် နှစ်ဆယ့်ငါးပေါင်မှ ပေါင်သုံးဆယ်ခန့်သာ ရှိမည့်ပုံပေါ်သည်။ တစ်ချက်လှမ်းကြည့်ရုံမျှဖြင့် တောတွင်း၌ လအနည်းငယ်နေထိုင်ရန် လုံလောက်သည့် ဝန်စည်စလယ်မဟုတ်ကြောင်း၊ အမဲလိုက်ကျွမ်းကျင်ပြီး တောတွင်းအတွေ့အကြုံရှိသည့် ဂယန်လီယန်က ကောင်းစွာသိရှိပြီးဖြစ်သည်။အထူး သဖြင့် နွေဦးရာသီအစောပိုင်းကာလများအတွက် သာ၍ပင် လုံလောက်မည် မဟုတ်ပါ။ “ဒီလိုခရီးစဉ်မျိုးသွားမယ့်လူတစ်ယောက် သယ်သွားသင့်တဲ့ ရိက္ခာနဲ့ ပစ္စည်းကိရိယာတွေကို သူက နည်းနည်းပါးပါးတောင် သယ်မသွားခဲ့တာ” ဂယ်လီယန်က နောက်ပိုင်းတွင် ပြန်ပြောပြခဲ့ခြင်း ဖြစ်သည်။

နေမြင့်လာပေပြီ။ သစ်တောထူထပ်သော တောင်ကုန်းတောင်စောင်းများထက်မှ မောင်းဆင်းလာခဲ့ကြပြီး တာနာနာမြစ်ကို ဖြတ်ကျော်ချိန်တွင် အဲလက်စ်က တောင်ဘက်တစ်ကြောအထိ တစ်မျှော်တစ်ခေါ်ရှိနေသော နွံတောများအပေါ် အတားအဆီးမရှိ လေတိုက်ခတ်နေပုံကို ငေးမောကြည့်ရင်း လိုက်ပါလာသည်။ ဂယ်လီယန်က စာရေးဆရာ ဂျက်လန်ဒန်၏ အခြေအမြစ်မရှိသော စိတ်ကူးယဉ်ပုံပြင်ဇာတ်လမ်းများတွင် ရှင်သန်နေထိုင်ရန် မြောက်ပိုင်းသို့ ခရီးထွက်လာသော တောင်ပိုင်းသား ခပ်ကြောင်ကြောင်ငနဲတစ်ယောက်ကို ခရီးကြုံခေါ်တင်လာမိပြီလားဟု သူ့ကိုယ်သူ တွေးတောအံ့သြနေမိသည်။ မြောက်အမေရိက၏ အနောက်မြောက်ဘက် အစွန်းဆုံးတွင် တည်ရှိသဖြင့် နောက်ဆုံးနယ်စပ်ဒေသဟု ခေါ်ဆိုကြသည့် အလာစကာပြည်နယ်၏ ပြုပြင်စီရင်မှုမရှိသော ပင်ကိုအတိုင်း ကြီးမားကျယ်ပြန့်မှုတို့က လူတို့၏ဘဝများထဲမှ လစ်ဟာနေသော အပေါက်များကို ဖာထေးပေးလိမ့်မည်ဟု တွေးတောကြသည့် အများနှင့် မတူသော လူထူးဆန်းတို့နှင့် အိပ်မက်ခရီးသွားတို့အတွက် အလာစကာသည် သံလိုက်သဖွယ် ဆွဲဆောင်အားကောင်းနေခဲ့သည်မှာ ကြာမြင့်လှပြီဖြစ်သည်။ ထွန်ယက်စိုက်ပျိုးခြင်း၊ လူသူလေးပါးနေထိုင်ခြင်း မရှိသည့် တောကြီးကန္တာ သည် ဘေးအန္တရာယ်ထူပြောပြီး အမှားအယွင်းမခံသောနေရာ ဖြစ်သည်။ မျှော်လင့်ခြင်း၊ တမ်းတခြင်းတို့သည် တောကြီးကန္တာနှင့် လားလားမျှ မဆိုင်သော အကြောင်းအရာများပင်။

တစ်နယ်သားများ ဆိုသည့် ဆောင်းပါးတစ်ပုဒ်က ဂယ်လီယန်၏ အတွေးထဲသို့ လေးပင်သောအသံဖြင့် တစ်လုံးချင်းစီးဝင်လာသည်။ “သူတို့က အလာစကာမဂ္ဂဇင်းတစ်စောင်ကို ကောက်ယူကာ လက်မထောင်ပြရင်း ဟေး... အဲဒီနေရာကို ကိုယ်သွားမယ်၊ သဘာဝရဲ့ အရသာကို သွားခံစားမယ်” ဟု ပြောလာကြမည်။ သို့ရာတွင် ဤဒေသသို့ သူတို့ အမှန်တကယ်ရောက်လာ ပြီး တောကန္တာရကြီးအတွင်းသို့ ဝင်ရောက်သွားသည့်အခါ မဂ္ဂဇင်းဆောင်းပါးတွင် ဖော်ပြထားသည်တို့နှင့် မတူသည်ကို တွေ့ကြရလိမ့်မည်။ မြစ်ကြီးများက ကြီးမားကျယ်ပြန့်ပြီး ရေစီးသန်လှသည်။ ခြင်များက သင့်ကို အရှင်လတ်လတ် ပွဲတော်တည်ကြမည်။ တောကန္တာရကြီးအတွင်း အများစုသော နေရာတို့မှာ အမဲလိုက်ရန် သားကောင် များများစားစားမရှိ။ တောကန္တာရကြီးအတွင်း နေထိုင်ခြင်းသည် ပျော်ပွဲစားခရီးထွက်ခြင်း မဟုတ်ပါ”။

ဖဲဘန့်ခ်စ်မှ ဒဲန်နာလီအမျိုးသားဥယျာဉ်အထိ ခရီးကို အချိန်နှစ်နာရီမျှ မောင်းနှင်ရသည်။ လမ်းတစ်လျှောက် စကားများများပြောဖြစ်သည်နှင့်အမျှ အဲလက်စ်သည် ကြောင်တောင်တောင် ငနဲတစ်ဦးဖြစ်မှန်း ဂယ်လီယန် ပိုသိလာခဲ့ရသည်။ သူက နှစ်လိုခင်မင်ဖွယ်ရှိပြီး ပညာကောင်းစွာ တတ်ဟန်ပေါ်သည်။ သူက ဒေသတွင်း အမဲလိုက်နည်းများနှင့် စားကောင်းသော ဘယ်ရီသီးများ အကြောင်းကို ဂယ်လီယန်နှင့် စကားပြောရင်း ထပ်တလဲလဲ မေးလာသည်။

ဂယ်လီယန်က စိတ်ပူနေဆဲပင် ရှိသည်။ အဲလက်စ်ကိုယ်တိုင်ကပင်

သူ့ကျောပိုးအိတ်ထဲတွင် ရိက္ခာဆို၍ ဆန်ဆယ်ပေါင်ထုပ်တစ်ထုပ်သာပါကြောင်း ဝန်ခံပြောကြားခဲ့သည်။ ဧပြီလအထိ နှင်းများဖုံးလွှမ်းနေတတ်သော တောကြီး ကန္တာ၏ ကြမ်းတမ်းသော ရာသီဥတုအခြေအနေများနှင့် နှိုင်းစာပါက သူ ယူဆောင်လာသော အသုံးအဆောင်၊ အဝတ်အထည်၊ ပစ္စည်းကိရိယာတို့မှာ နည်းပါးလွန်းလှသည်။ အဲလက်စ်၏ ဈေးပေါပေါဖြင့် ဝယ်ယူထားသော ခရီးကြမ်းစီး သားရေဖိနပ်မှာ ရေစိုလည်း မခံနိုင်သည့်အပြင် လုံခြုံစွာဖုံးအုပ် ကာကွယ်ပေးနိုင်မည်လည်း မဟုတ်ပေ။ သူ၏ ရိုင်ဖယ်သေနတ်ကလည်း ဒသမနှစ်နှစ် ကယ်လီဘာမျှသာ ရှိသည်။ ဆတ်နှင့် သမင်ကြီးများကဲ့သို့သော ကြီးမားသည့် တောတွင်းတိရစ္ဆာန်များကို ပစ်ခတ်သတ်ဖြတ်နိုင်ရန်အတွက် အားမထားနိုင်လောက်ပါ။ တောကြီးအတွင်း ရက်၊ လ ကြာရှည်စွာ နေထိုင်နိုင်ရေးအတွက် သမင်သား၊ ဆတ်သားတို့ စား၍ အသက်ဆက်ရန် မျှော်လင့်ထားပါက သူ၏ ရိုင်ဖယ်နှင့် အလုပ်မဖြစ်နိုင်ပေ။ သူ့တွင် ရဲတင်း လည်း မပါ။ အင်းဆက်ပိုးမွှားကာကွယ်ဆေးလည်း မပါ။ နှင်းတောစီး ဖိနပ်လည်း မပါသည့်အပြင် လမ်းညွှန်သံလိုက်အိမ်မြှောင်ပင် မပါရှိချေ။ သူပိုင်ပစ္စည်းများထဲတွင် လမ်းညွှန်အထောက်အကူဖြစ်စရာဟူ၍ ဟောင်းနွမ်း စုတ်ပြဲနေသော မော်တော်ကားလမ်းပြမြေပုံတစ်ချပ်သာ ပါသည်။ ထိုမြေပုံကိုပင် ဓာတ်ဆီဆိုင် တစ်ဆိုင်မှ တောင်းယူလာခဲ့ရခြင်း ဖြစ်သည်။ ဖဲဘန့်ခ်စ်မြို့မှ မိုင်တစ်ရာခန့်အကွာသို့ အရောက်တွင် အဝေးပြေးလမ်း မသည် အလာစကာတောင်တန်းဒေသ၏ ခြေရင်းရှိ တောင်ကုန်းများပေါ်သို့ ဦးမော့တက်စ ပြုလာသည်။ နီနာနာမြစ်ကူးတံတားပေါ်တွင် ထရပ်ကားက ခုန်ပေါက်ပြေးလွှားနေစဉ် အဲလက်စ်က တံတားအောက်၌ လျှင်မြန်သောအရှိန် အဟုန်ဖြင့် စီးဆင်းနေသည့် ရေစီးကြောင်းများကို ငုံ့ကြည့်ကာ သူက ရေ ကြောက်တတ်သူဖြစ်ကြောင်း ပြောပြလာသည်။ "လွန်ခဲ့တဲ့တစ်နှစ်က မက္ကဆီ ကိုမှာပေါ့"။ သူက ဂယ်လီယန်ကို ဆက်ပြောပြသည်။ "ပင်လယ်ထဲကို ကနူးလှေလေးတစ်စင်းနဲ့ ကျွန်တော် ထွက်ခဲ့တယ်။ မုန်တိုင်းလာတာနဲ့ တိုးပြီး လူလည်း ရေနစ်တော့မတတ် ခံလိုက်ရတယ်လေ"။

ခဏအကြာတွင် အဲလက်စ်က သူ၏ မြေပုံကို ထုတ်လာကာ အနီ ရောင်မျဉ်းပြတ်များဖြင့် ဖော်ပြထားသော လမ်းတစ်ခုကို ပြလာသည်။ ထိုလမ်းက ကျောက်မီးသွေးတွင်းရှိရာ ဟီလီမြို့အနီးတွင် အခြားလမ်းမကြီးတစ်ခုနှင့် ဦးတိုက်တွေ့ဆုံသည်။ အနီရောင်မျဉ်းပြတ်များသည် စတမ့်ပိဒ်ထရေးလ် ဟု ခေါ်သော တောလမ်းကို ပြထားခြင်း ဖြစ်သည်။ ထိုလမ်းသည် အသုံးပြုခဲသော လမ်းဖြစ်သည်။ အလာစကာပြည်နယ်၏ မော်တော်ကားလမ်းပြမြေပုံ အများစု တွင် ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။ မည်သို့ပင်ဖြစ်စေ အဲလက်စ်၏ မြေပုံတွင်မူ ထိုအနီရောင်မျဉ်းပြတ်လိုင်းက ပါ့ခ်စ်အဝေးပြေးလမ်းမ၏ အနောက် ဘက် မိုင်လေးဆယ်ခန့်အထိ ကွေ့ကောက်ဖော်ပြထားပြီး မက်ကင်းလေးတောင်၏ မြောက်ဘက် လမ်းပန်းအဆက်အသွယ် မရှိသော တောနက်ကြီးထဲသို့

ထိုးဝင်အဆုံးသတ်သည်။ ထိုနေရာကား သူသွားရန် ရည်ရွယ်ထားသည့်နေရာပင် ဖြစ်ကြောင်း အဲလက်စ်က ဂယ်လီယန်ကို ပြောပြခဲ့သည်။

အဲလက်စ်၏ အစီအစဉ်မှာ ဆင်ခြင်မှုကင်းမဲ့လွန်းရာကျသည်ဟု ဂယ်လီယန်က ထင်မြင်သဖြင့် သူ့အစီအစဉ်ကို ပယ်ဖျက်ရန် အကြိမ်ကြိမ်ပင် ကြိုးစားနားချခဲ့သည်။ "သူသွားမယ့်နေရာက အမဲလိုက်ရတာ မဟုတ်ဘူးလို့ ကျွန်တော် ပြောပြခဲ့ပါတယ်။ ရက်နဲ့ချီပြီး ဘာအကောင်ပလောင်မှ လိုက်လို့မရ တာလည်း ကြုံရနိုင်တယ်လို့လည်း ပြောပြတယ်။ အဲဒီလိုပြောမရတော့ သူ့ကို ဝက်ဝံတွေအကြောင်းပြောပြီး ခြောက်လှန့်ဖို့ ကြိုးစားသေးတယ်။ သူ့ရဲ့ ပွိုင့်တူး တူးသေနတ်လောက်နဲ့ ရောမဝက်ဝံညိုကြီးတစ်ကောင်ကို ဒေါသဖြစ်အောင် ဆွပေးတာကလွဲလို့ ဘာမှလုပ်နိုင်မှာ မဟုတ်ဘူးလို့လည်း ပြောပြခဲ့ပါတယ်။ အဲလက်စ်က စိတ်ပူတဲ့ပုံမရဘူး။ သစ်ပင်ပေါ်တက်ပြေးမှာပေါ့ ဆိုတာပဲ သူက ပြောနေတာ။ ဒါနဲ့ ကျွန်တော်က ထပ်ရှင်းပြတယ်။ အဲဒီဒေသဘက်မှာက သစ်ပင်ကြီးတွေရှိတာ မဟုတ်ဘူးလို့ပေါ့။ အဲဒီမှာပေါက်တဲ့ ထင်းရှူးပင်လောက် ကတော့ ဝက်ဝံတစ်ကောင်က အသာလေးလှဲချပစ်နိုင်တယ်လို့လည်း ပြောပြခဲ့ပါတယ်။ ဒါပေမဲ့ သူကတော့ တစ်လက်မလောက်တောင် နောက်တွန့်မသွားဘူး။ သူ့ကို ကျွန်တော်ပြောသမျှ စကားတိုင်းအတွက် သူ့မှာ အဖြေတစ်ခုရှိနေ တာချည်းပဲ"။

ဂယ်လီယန်က အဲလက်စ်ကို အန်ခါးရေ့ချ်မြို့အထိ အတူလိုက်ခဲ့ရန် ဖျောင်းဖျပါသေးသည်။ အန်ခါးရဲ့ချ်တွင် သူ့အတွက် လိုအပ်သော အဝတ်အစား အသုံးအဆောင်ကောင်းကောင်းအချို့ ဝယ်ယူပေးပြီး သူသွားလိုရာသို့ လိုက်ပို့ပေးမည်ဖြစ်ကြောင်းလည်း ဂယ်လီယန်က နားချခဲ့သည်။

"မလိုပါဘူး၊ ကျေးဇူးတင်ပါတယ်"ဟုသာ အဲလက်စ်က ပြန်ဖြေသည်။ "ကျွန်တော့်မှာရှိတာလေးနဲ့ပဲ အဆင်ပြေသွားမှာပါ"

သူ့တွင် အမဲပစ်လိုင်စင်ရှိ၊ မရှိကိုလည်း ဂယ်လီယန်က မေးခဲ့သည်။ "မရှိဘူး" အဲလက်စ်က ငေါ့တော့တော့ပြန်ဖြေသည်။ "ကျွန်တော့်ဘာသာ ရှာဖွေစားသောက်တာက အစိုးရနဲ့ ဘာမှမဆိုင်ပါဘူး။ သူတို့ရဲ့ အသုံးမကျ တဲ့ စည်းကမ်းတွေကို ထားလိုက်စမ်းပါ"

သူ၏ မိဘများ သို့မဟုတ် သူငယ်ချင်းတစ်ဦးတစ်ယောက်ကို ယခု ခရီးစဉ်အကြောင်း အသိပေးထားခြင်းရှိ၊ မရှိ၊ သူ တစ်စုံတစ်ခုဖြစ်သည်ဖြစ်စေ၊ အချိန်တန်၍ ပြန်မလာသည်ဖြစ်စေ မေးမြန်းစုံစမ်းမည့်သူရှိ၊ မရှိ ဂယ်လီယန်က ထပ်မံမေးမြန်းခဲ့သော်လည်း အဲလက်စ်က သူ့အစီအစဉ်ကို သိရှိသူ မရှိကြောင်း၊ မိသားစုနှင့် စကားပြော၊ အဆက်အသွယ်မပြုသည်မှာ နှစ်နှစ်နီးပါးရှိပြီဖြစ် ကြောင်း အေးဆေးတည်ငြိမ်စွာပင် ပြန်လည်ဖြေကြားခဲ့သည်။ "ကျွန်တော်က တော့ လုံးဝကို အကောင်းမြင်ထားတယ်"။ သူက အခိုင်အမာပြောသည်။ "ကိုယ့်ဘာသာ မဖြေရှင်းနိုင်ဘဲနဲ့ ကျွန်တော် ဘာမှမလုပ်ဘူး"။

"ဒီလူကို သူ့အစီအစဉ်ဖျက်ဖို့ရာ ဘယ်လိုမှ ပြောလို့မရခဲ့ဘူး"။ ဂယ်လီယန်က မှတ်မှတ်ရရပင် ပြန်ပြောပြသည်။ "သူက စိတ်ပိုင်းဖြတ်ပြီးသားပဲ။ တကယ့်တဓောက်ကန်း။ စိတ်လှုပ်ရှားတယ်ဆိုတဲ့ စကားလုံးက စိတ်ထဲမှာပေါ်လာတယ်။သူက စိတ်တွေလှုပ်ရှားလွန်းနေပြီး တောတွင်းခရီးစ,လိုက်ဖို့ရာ မအောင့်နိုင်မအည်းနိုင်ဖြစ်နေတာ"

ဖဲဘန့်ခ်စ်မြို့မှ ထွက်လာပြီး သုံးနာရီခန့်အကြာတွင် ဂယ်လီယန်က အဝေးပြေးလမ်းမကြီးမှ ဖဲ့ထွက်ကာ နှင်းများဖုံးလွှမ်းထားသော လမ်းခွဲတစ်ခုဆီ သို့ သူ၏ လေးဘီးယက် ဖိုးဝိုးကားကို မောင်းနှင်လိုက်သည်။ ပထမမိုင်အနည်းငယ်အတွင်းတွင်မူ စတမ့်ပိဒ်ထရေးလ်လမ်းကြောင်းက အခြေအနေကောင်းမွန်နေသည်။

ထင်းရှူးပင်နှင့် ပေါ့ပလာပင်များအကြား တပြန့်တကျဲဆောက်လုပ်ထားသော သစ်လုံးအိမ်ငယ်အချို့ကို လမ်းတစ်လျှောက် ဖြတ်သန်းမောင်းနှင်သွားသည်။နောက်ဆုံးတွေ့ရှိရသော သစ်လုံးအိမ်တစ်လုံးကို ကျော်လွန်သွားသည့်အခါ လမ်းအခြေအနေမှာ ရုတ်ခြည်းပင် ယိုယွင်းလာသည်။ ရေတိုက်စားထား သည့်နေရာများ၊ အော်လ်ဒါပင်များ သိပ်သည်းစွာ ပေါက်ရောက်နေသည့် နေရာများ တွေ့ရပြီး လမ်းမှာ ပြုပြင်ထိန်းသိမ်းမှုမရှိသဖြင့် လမ်းကြမ်းတစ်ခုဖြစ် နေပေပြီ။

နွေရာသီကာလဆိုပါက လမ်းအခြေအနေမကောင်းသည့်တိုင် အသုံးပြုနိုင်ဖွယ်ရှိသေးသည်။ ယခုအချိန်တွင် ဆီးနှင်းတို့က တစ်ပေခွဲခန့်အထိထူထဲစွာ ဖုံးလွှမ်းနေသဖြင့် အသုံးပြုနိုင်ဖွယ်အခြေအနေတွင် မရှိတော့ပေ။ အဝေးပြေးလမ်းမကြီးမှ ဆယ်မိုင်ခန့်အထိ ခွဲထွက်မောင်းနှင်ပြီးနောက် ရှေ့ဆက်မောင်းနှင်ပါက ဆီးနှင်းတောထဲတွင် မော်တော်ကားနစ်မည်ကို ဂယ်လီယန် စိုးရိမ်လာမိသည်။ ဂယ်လီယန်က ခပ်နိမ့်နိမ့် ကုန်းတန်းလေးတစ်ခုထက်တွင် မော်တော်ကားကို ရပ်လိုက်သည်။ မြောက်အမေရိကဒေသမှ အမြင့်မားဆုံး သောတောင်တန်းကြီးများ၏ နှင်းဖုံးနေသော တောင်ထွဋ်များက အနောက် တောင်ဘက်ရှိ မိုးကုပ်စက်ဝိုင်းအတွင်း အရောင်တငြီးငြီးလက်နေသည်။

အဲလက်စ်က သူ၏ လက်ပတ်နာရီ၊ ဘီးနှင့် သူ့တွင်ရှိသမျှသော ငွေဟုဆိုသည့် အကြွေစေ့ ၈၅ ဆင့်ကို ဂယ်လီလန်အား အတင်းပေးသည်။ "မင်းပိုက်ဆံကို ငါမယူချင်ပါဘူး"။ ဂယ်လီယန်က ငြင်းလိုက်သည်။ "ပြီးတော့ ငါ့မှာ နာရီလည်း ရှိပြီးသားပဲ"။

"ခင်ဗျား မယူရင်လည်း ကျွန်တော်က လွှင့်ပစ်လိုက်မှာပဲ" အဲလက်စ် က ရွှင်ရွှင်ပျပျပင် ပြန်လည်ချေပပြောဆိုလာသည်။ "ဘယ်အချိန်ရောက်ပြီလဲဆို တာကို ကျွန်တော် သိဖို့ မလိုဘူး။ ဘယ်နေ့ရောက်ပြီလဲ၊ ဘယ်နေရာရောက်နေ တာလဲဆိုတာလည်း ကျွန်တော် သိဖို့ မလိုဘူးလေ။ ဒါတွေက ဘာမှအရေးကြီး တာ မဟုတ်ပါဘူး"။

ကားအနီးမှ အဲလက်စ် မထွက်ခွာမီ ဂယ်လီယန်က ထိုင်ခုံနောက်သို့ လက်လှမ်းကာ ရော်ဘာဖိနပ်အဟောင်းတစ်ရန်ကို ဆွဲထုတ်လိုက်သည်။ ရော်ဘာဖိနပ်ကိုယူသွားရန် အဲလက်စ်အား သူက ချော့မော့၍ပေးသည်။ “ဖိနပ် က သူ့အတွက် တော်တော်ကြီးနေတာ”။ ဂယ်လီယန်က ပြန်ပြောပြခြင်းဖြစ် သည်။ “ဒါပေမဲ့ ကျွန်တော် ပြောလိုက်တယ်။ ခြေအိတ်နှစ်ထပ်လောက် ဝတ်ထားလိုက်၊ ဒါမှ မင်းခြေထောက်နွေးပြီး ခြောက်သွေ့နေမှာပေါ့လို့”။

“ဖိနပ်အတွက် ခင်ဗျားကို ကျွန်တော် ဘယ်လောက် အကြွေးဆပ်ရမှာလဲ”။

"အဲဒါကို စိတ်ပူမနေနဲ့” ဂယ်လီယန်က ပြန်ဖြေသည်။ ထို့နောက် သူက အဲလက်စ်အား သူ၏ ဖုန်းနံပါတ်ရေးထားသော စာရွက်တစ်ရွက်ကို ပေးလိုက်သည်။ အဲလက်စ်က ထိုစာရွက်ကို သူ၏ နိုင်လွန်ပိုက်ဆံအိတ်အတွင်း သို့ ဂရုတစိုက် ထည့်ထားလိုက်သည်။

“တောထဲကနေ မင်း အသက်ရှင်လျက်နဲ့ ပြန်ထွက်လာနိုင်ရင် ငါ့ဆီ ကို ဖုန်းဆက်ပါ။ ဖိနပ်ကို ငါ့ဆီ ဘယ်လိုပြန်ပို့ပေးရမယ်ဆိုတာ အဲဒီတော့မှ ပြောပြမယ်”

ဂယ်လီယန်၏ ဇနီးသည်က လမ်းတွင် နေ့လယ်စာစားရန်အတွက် ဒိန်ခဲနှင့် တူနာငါးသေတ္တာညှပ် ဆင်းဒဝစ်ချ်နှစ်ချပ်အပြင် ပြောင်းဖူးချပ်ကြော် တစ်ထုပ်ပါ ထည့်ပေးထားသည်။ ဂယ်လီယန်က ဆင်းဒဝစ်ချ်နှင့် ပြောင်းဖူးချပ် ထုပ်ကိုပါ ယူသွားရန် နားချပြောဆိုခဲ့သည်။ အဲလက်စ်က သူ့အိတ်ထဲမှ ကင်မရာတစ်လက်ကို ဆွဲထုတ်ကာ စတမ့်ပိဒ်လမ်းပေါ်တွင် ရိုက်ဖယ်သေနတ် ကိုလွယ်၍ မတ်တတ်ရပ်နေပုံ ဓာတ်ပုံရိုက်ခိုင်းခဲ့ပါသေးသည်။ အဲလက်စ်က ဓာတ်ပုံအရိုက်ခံပြီးနောက် အားပါးတရပြုံးကာ နှင်းဖုံးနေသောလမ်းအတိုင်း လမ်းလျှောက်ထွက်သွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။ ထိုနေ့က ၁၉၉၂ ခုနှစ်၊ ဧပြီလ ၂၈ ရက် အင်္ဂါနေ့ ဖြစ်သည်။

ဂယ်လီယန်က ကားကို လာလမ်းအတိုင်း ပြန်လှည့်ကာ ပါ့ခ်စ်အဝေး ပြေးလမ်းမထက်သို့ ပြန်တက်သည်။ ထို့နောက် အန်ခါးရေ့ချ်မြို့အထိ မောင်းနှင် သွားလိုက်သည်။ မိုင်အနည်းငယ်မျှ ခရီးပေါက်သည်တွင် ဟီလီမြို့လေးသို့ ဆိုက်ရောက်သည်။ ဟီလီမြို့တွင် အလာစကာပြည်နယ်အစိုးရအဖွဲ့၏ ရဲကင်းစခန်းတစ်ခုရှိသည်။ ဂယ်လီယန်က အဲလက်စ်အကြောင်းကို သက်ဆိုင်ရာ အာဏာပိုင်တို့ထံ သတင်းပေးပို့ရန် ခေတ္တမျှစဉ်းစားသေးသော်လည်း သတင်း မပို့ဘဲထားသည်က ပိုကောင်းမည်ဟု တွေးခဲ့မိသည်။ “သူအဆင်ပြေမှာပါလို့ ကျွန်တော် တွေးခဲ့မိတာ”။ ဂယ်လီယန်က ပြန်ရှင်းပြခဲ့သည်။ ခဏနေရင် သူ ဗိုက်ဆာလာပြီး အဝေးပြေးလမ်းမဘက်ကို လမ်းပြန်လျှောက်လာမှာလို့ပဲ ကျွန်တော် ထင်ခဲ့မိတာ။ သာမန်လူတွေက အဲဒီလိုနဲ့ ပြန်လာတတ်ကြတာပဲလေ”။

အခန်း (၂)

စတမ့် ဘမ့်ပိဒ်ထရေးလ်

ဂျက်လန်ဒန်သည် ဘုရင်ဖြစ်သည်။

အလက်စန္ဒာစူပါထရမ့်ပ်

မေလ ၁၉၉၂ ခုနှစ်။

ခရစ္စမက်ကန်းဒလက်စ် သေဆုံးသောနေရာတွင် တွေ့ရှိရသည့် သစ်သားတုံးပေါ်တွင် ရေးထားသည့် စာတန်း။

ရေခဲနေသောမြစ်ကြောင်းတစ်ဖက်တစ်ချက်တွင် အစိမ်းရောင်ရင့်ရင့် ထင်းရှူးပင်တန်းတို့က အလိုမကျသဖြင့် ချီထားသည့်မျက်ခုံးအစုံသဖွယ် တွန့်တက်ကွေးကောက်စွာ တည်ရှိသည်။ မကြာသေးမီက တိုက်ခတ်လာသောလေ၏ အဟုန်က ထင်းရှူးပင်တို့အား ဖုံးလွှမ်းထားသည့် ဆီးနှင်းခဲများကို ဖယ်ရှား သွားပြီဖြစ်သည်။ ဖျော့တော့သော အလင်းရောင်အောက်တွင် ထင်းရှူးပင်တို့ သည် အတိတ်နိမိတ်ဆိုးကို ပြနေသည့်အလား တစ်ပင်ပေါ်တစ်ပင် ကိုင်းညွှတ် နေကြသည်။ မြေပြင်တစ်ခွင်လုံးတွင် အားကောင်းလှသော တိတ်ဆိတ်ခြင်းက လွှမ်းမိုးမင်းမူနေသည်။ မြေပြင်တစ်ရပ်လုံးသည် အထီးကျန်၊ အသက်မဲ့၊ လှုပ်ရှားသက်ဝင်မှု လုံးဝမရှိ။ အလွန်တရာအေးမြပြီး အထီးကျန်လွန်းရကား ယင်း ၏ ဝိညာဉ်သည်ပင် ဝမ်းနည်းမှု၏ ဝိညာဉ်မဖြစ်တန်ရာပေ။ ရယ်မောသံတစ်စွန်း တစ်စ ကြားရသော်လည်း ထိုရယ်မောသံက မည်သည့်ဝမ်းနည်းကြေကွဲမှုထက်မဆို ပို၍ ကြောက်မက်ဖွယ်ဖြစ်သည်။ ထိုရယ်မောသံသည် မနုဿသီဟတစ် ကောင်၏ ရွှင်ပျမှုမရှိသော ရယ်မောသံမျိုး ဖြစ်သည်။ ထိုရယ်မောသံသည် ဆီးနှင်းကဲ့သို့ အေးစက်ကာ အမှားမရှိသော ပြတ်သားတင်းမာမှု အနည်းငယ် ပါဝင်သည်။ ဤသည်ပင် သက်ရှိဘဝကြိုးပမ်းမှုနှင့် သက်ရှိဘဝ၏ အချည်းနှီး ဖြစ်မှုတို့ကို ရယ်မောနေသော၊ တမလွန်ကမ္ဘာ၏ ဩဇာလွှမ်းမိုးနိုင်စွမ်း ကြီးမားပြီး ဖော်ပြခြင်းငှာ မစွမ်းသာသော အသိဉာဏ်ပညာပင် ဖြစ်သည်။ ဤ သည်မှာ တောကြီးကန္တာပင် ဖြစ်သည်။ ကြမ်းတမ်းရက်စက်၍ မေတ္တာတရား ကင်းမဲ့သော မြောက်ပိုင်းဒေသ၏ တောကြီးကန္တာပင်တည်း။

ဂျက်လန်ဒန်

(White Fang ဝတ္ထုမှ ကောက်နုတ်ချက်)

အလာစကာတောင်တန်း၏ မြောက်ဘက်စွန်း မက်ကင်းလေးတောင်၏ ကြီးမားသောကမ်းပါးယံသို့ မရောက်မီနှင့် ယင်း၏ အရံတောင်ကုန်းများက ကန်တစ်ရှိနာမြေနိမ့်လွင်ပြင်သို့ ဝပ်စင်းမသွားသေးမီနေရာတွင် အောက်တား ရိန့်ချ်

ဟု ခေါ်ဆိုသော တွန့်ခေါက်တောင်စဉ်တန်းများက မြေပြန့်လွင်ပြင်တစ် လျှောက် ခုတင်ထက်တွင် မသပ်မရပ် ပုံချထားသော စောင်တစ်ထည်ပမာ တည်ရှိနေသည်။ အောက်တားရိန့်ချ်၏ အပြင်ဘက်အကျဆုံး မီးခတ်ကျောက် သားဆန်သော တောင်ထွတ်နှစ်ခုကြားမှ ရှည်လျားမတ်စောက်သော ကမ်းပါး ယံကြီးသည် အရှေ့-အနောက်သွယ်တန်းထားသည့် ရေတံလျှောက်ကြီးတစ်ခု အလား တည်ရှိကာ အလျားအားဖြင့် ငါးမိုင်မျှ ရှိသည်။ ကမ်းပါးယံတစ် လျှောက်တွင်နွံဗွက်အိုင်များ၊ အော်လ်ဒါ ပင်များနှင့် သွေးသွယ်လှသော ထင်းရှူး ပင်များ ရောယှက်ပေါက်ရောက်နေသည်။ အကွေ့အကောက်များဖြင့် မြေနိမ့် ချိုင့်ဝှမ်းဆီသို့ ဦးတည်လာသည်ကား စတမ့်ပိဒ်ထရေးလ်တောလမ်းပင်ဖြစ်ပြီး တောကြီးကန္တာအတွင်းသို့ မက်ကန်းဒလက်စ် လမ်းလျှောက်ဝင်ရောက်သွားရာ လမ်းကြောင်းလည်း ဖြစ်သည်။

ထိုလမ်းကြောင်းကို အလာစကာ၏ ထင်ရှားကျော်ကြားသော သတ္တု တွင်းသမား အားလ်ပီလ်ဂရင်မ်(Earl Pilgrim)က ၁၉၃၀ ပြည့်နှစ်များအတွင်း ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။ တော့ခ်လက်တ်မြစ်၏ လက်တက်တစ်ခုဖြစ် သော ကလီးယားဝေါတားဖော့ခ်မြစ်၏အထက်တွင် ရှိသည်။ စတမ့်ပိဒ်ချောင်းတွင် အားလ်ပီလ်ဂရင်မ် တွေ့ရှိခဲ့သောမြေနေရာမှာ ခနောက်စိမ်းထွက်ကြောင်း ပြောဆိုမှုများ ပေါ်ထွက်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ဖဲဘန့်ခ်စ်မြို့မှ ယူတန်ဆောက်လုပ်ရေးလုပ်ငန်းက အားလ်ပီလ်ဂရင်မ် ဖောက်လုပ်ခဲ့သောလမ်းကို အဆင့်မြှင့် တင်ပြီး သတ္တုရိုင်းများကို ထရပ်ကားများဖြင့် တစ်နှစ်တာပတ်လုံး သယ်ယူနိုင် ရေးအတွက် အလာစကာပြည်နယ်အစိုးရနှင့် လုပ်ငန်းစာချုပ် ချုပ်ဆိုခဲ့သည်။ (အလာစကာပြည်နယ်သည် ယင်းမတိုင်မီ နှစ်နှစ်ခန့်ကမှ ပြည်နယ်အသစ်တစ် ရပ်အဖြစ် သတ်မှတ်ခံရခြင်းဖြစ်သည်။)။ လမ်းပြုပြင်ရေးဆောင်ရွက်နေစဉ် ဆောက်လုပ်ရေးအလုပ်သမားများ နေထိုင်ရေးအတွက် ယူတန်ကုမ္ပဏီက အသုံးပြုခြင်းမရှိတော့သော ခရီးသည်တင် ဘတ်စ်ကားဟောင်းသုံးစင်းကို ဝယ် ယူခဲ့သည်။ ကားများပေါ်တွင် ကွပ်ပျစ်များနှင့် ပြောင်းမီးဖိုတစ်လုံးစီ တပ်ဆင် ကာ ဒီ-၉ ကာတာပီလာ မြေထိုးယာဉ်ဖြင့် တောတွင်းသို့ ဆွဲယူလာခဲ့သည်။

ယူတန်၏ ဆောက်လုပ်ရေးစီမံကိန်းမှာ ၁၉၆၃ ခုနှစ်တွင် ရပ်တန့်သွား ခဲ့သည်။ ရပ်တန့်ချိန်တွင် လမ်းအလျား မိုင်ငါးဆယ်ခန့်အထိ ဖောက်လုပ်ပြီးစီး သွားပြီဖြစ်သည်။ သို့ရာတွင် လမ်းတစ်လျှောက် ဖြတ်သန်းသွားသော များပြားလှ သည့်မြစ်များအား ဖြတ်ကူးရန် တံတားတစ်စင်းမျှပင် တည်ဆောက်ခဲ့ခြင်း မရှိပေ။

ဤသို့ဖြင့်နှင်းဖုံးလွှမ်းခံထားရသောမြေပျော့နှင့် ရာသီအလိုက်ရေ လွှမ်းမိုးမှုများကြောင့် လမ်းမှာ အသုံးပြု၍ မရသောအနေအထားသို့ မကြာမီ မှာပင် ရောက်ရှိသွားရသည်။ ယူတန်ဆောက်လုပ်ရေးလုပ်ငန်းက ခရီးသည်တင် ဘတ်စ်ကားဟောင်းနှစ်စင်းကို အဝေးပြေးလမ်းမဘက်သို့ ပြန်လည်ဆွဲယူသွား

ခဲ့သည်။ တတိယမြောက်ဘတ်စ်ကားကိုမူ အမဲလိုက်သမားများနှင့် တောတွင်း တိရစ္ဆာန်ထောင်ချောက်ဆင်သူများ လမ်းခရီးတွင် နားနေရာအဖြစ် အသုံးပြုနိုင် ရန် ခရီးလမ်းအလယ်ခန့်တွင် ချန်ထားရစ်ခဲ့သည်။ ဆောက်လုပ်ရေးလုပ်ငန်း အဆုံးသတ်ပြီး ဆယ်စုနှစ် သုံးခုစာကာလအတွင်း လမ်းကြမ်းခင်းနေရာ အများ အပြားမှာ ရေတိုက်စားခြင်း၊ ချုံနွယ်ပိတ်ပေါင်းများစွာ ပေါက်ရောက်ခြင်း၊ ဘီဗာဖျံတို့ ပုန်းခိုရာ ရေကန်ပြုလုပ်ခြင်း စသည်တို့ကြောင့် ပျက်စီးယိုယွင်းသွားခဲ့ ရသော်လည်း ဘတ်စ်ကားကြီးမှာမူ ယခုတိုင် ရှိနေဆဲဖြစ်သည်။

လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်သော အင်တာနေရှင်နယ် ဟာဗက်စတာ(International Harvester)ကုမ္ပဏီက ၁၉၄၀ ပြည့်နှစ်များအတွင်း ထုတ်လုပ်သည့် စွန့်ပစ်ခံမော်တော်ယာဉ်အိုကြီးမှာ ဟီလီမြို့မှ အနောက်စူးစူး ကျိုးကန်းပုံအတိုင်း ၂၅ မိုင်မျှဝေးသော နေရာတွင်ရှိသည်။ ဒဲန်နာလီအမျိုးသား ဥယျာဉ်နယ်နိမိတ်အလွန် စတမ့်ပိဒ်ထရေးလ်လမ်းနံဘေး၊ ဖိုင်းယားဝိဒ် (Fireweed) ပန်းပင်များအကြားတွင် သံချေးအထပ်ထပ်တက်နေသော ယာဉ်အို ကြီးကို လိုက်ဖက်ခြင်းမရှိစွာ မြင်တွေ့ရနိုင်ပါသည်။ အင်ဂျင်က မရှိ၊ ကားပြတင်းပေါက်များမှာလည်း အက်ကွဲသည်က အက်ကွဲ၊ ပြုတ်ထွက်ပျောက်ဆုံး သည်က ပျောက်ဆုံးနေပြီး ကြမ်းခင်းပေါ်တွင် ဝီစကီပုလင်းကွဲ အပိုင်းအစများ ပြန့်ကျဲနေသည်။ အဖြူနှင့် အစိမ်းရောင်သုတ်ထားသော သုတ်ဆေးမှာလည်း သံချေးဒဏ်ကြောင့် အမြင်မကောင်းတော့ပြီဖြစ်သည်။ ရာသီဥတုဒဏ်ခံထားရ သော စာတန်းများအရ ဤယာဉ်အိုကြီးမှာ တစ်ချိန်က ဖဲဘန့်စ်ခ်မြို့ ခရီးသည်ပို့ ဆောင်ရေးလုပ်ငန်း၏ ယာဉ်အမှတ် ၁၄၂ ဖြစ်ကြောင်း သိရှိရသည်။ ထိုအချိန် အခါက ဘတ်စ်ကားကြီးအနီးသို့ ခြောက်လ၊ ခုနစ်လခန့်အထိ ခရီးသည်တစ်ဦး တစ်ယောက်မျှ မရောက်ရှိသည်မှာ ဖြစ်ရိုးဖြစ်စဉ်မျှသာ ဖြစ်သော်လည်း ၁၉၉၂ ခုနှစ် စက်တင်ဘာလအစောပိုင်းတွင်မူ အဖွဲ့သုံးဖွဲ့မှ ခရီးသွားခြောက်ဦးတို့က ဝေးလံခေါင်ပါးဒေသရှိ ဘတ်စ်ကားကြီးရှိရာသို့ တစ်နေ့လယ်ခင်းအတွင်းမှာပင် ရောက်ရှိလာခဲ့ကြသည်။

ဒဲန်နာလီအမျိုးသားဥယျာဉ်ကို ၁၉၈၀ ပြည့်နှစ်အတွင်း ချဲ့ထွင်ခဲ့ရာ၌ ကန်တစ်ရှ်နာတောင်ကုန်းများအပြင် အောက်တားရိန့်ချ်(Outer Range)၏ မြောက် ဘက်အစွန်ဆုံး၌ မျဉ်းပြိုင်သဖွယ် တည်ရှိသည့် တောင်တန်းများလည်း အပါ အဝင် ဖြစ်ခဲ့သည်။ သို့ရာတွင် ဥယျာဉ်နယ်မြေသစ် အဝန်းအဝိုင်းအတွင်းရှိမြေနိမ့်ဒေသအစုအဝေးတစ်ရပ်ကိုမူ ချန်လှပ်ထားခဲ့သည်။ ထိုနေရာသည် ရှည်လျားသော လက်မောင်းတစ်ချောင်းသဖွယ်ရှိပြီး ဝုလ်ဖ်မြို့နယ်ခွဲ(Wolf Township)ဟု ခေါ်ဆိုသည်။ စတမ့်ပိဒ်ထရေးလ်၏ ပထမအခြမ်းသည် ဝုလ်ဖ်မြို့ နယ်ခွဲအတွင်း ပါဝင်သည်။ အတိုင်းအတာအားဖြင့် အလျား မိုင်နှစ်ဆယ်၊ အနံ ခုနစ်မိုင်မျှရှိသော ထိုမြေနေရာ၏ အနားသုံးဖက်မှာ အမျိုးသားဥယျာဉ်ပိုင် နက်နယ်မြေများနှင့် ထိစပ်လျက်ရှိသည်။ ထိုနေရာတွင်

ဝံပုလွေ၊ ဝက်ဝံ၊ ကာရီဗူးသမင်၊ ဆတ်နှင့် အခြားတောရိုင်းတိရစ္ဆာန်များစွာ မှီတင်းနေထိုင်ကြ သည်။ ပုံမှန်မဟုတ်ဘဲ ထူးခြားမှုရှိနေသည့် သားရဲတိရစ္ဆာန်ပေါများမှုကို သတိပြုမိကြသော အမဲလိုက်သမားများနှင့် တောရဲတိရစ္ဆာန် ထောင်ချောက်ဆင်ဖမ်း ဆီးသူတို့က သဝန်တိုစွာ ကာကွယ်စောင့်ရှောက်ထားသည့် ဤဒေသ၏ လျှို့ဝှက် ချက်လည်း ဖြစ်သည်။ နှစ်ကုန်ပိုင်းဝင်ပြီး ဆတ်တို့ မြူးထူးသောရာသီချိန်ရောက် သည်နှင့် အမဲလိုက်မုဆိုးအချို့က ဘတ်စ်ကားဟောင်းရှိရာသို့ ရောက်လာမြဲဖြစ်သည်။ ကားဟောင်းကြီးသည် အမျိုးသားဥယျာဉ်ပိုင်နက်တွင် ပါဝင်ခြင်းမရှိသည့် မြေနေရာ၏ အနောက်ဘက်အစွန်းဆုံး ဥယျာဉ်နယ်နိမိတ်နှင့် နှစ်မိုင်ခန့်အကွာရှိ ဆူရှားနား(Sushama) မြစ်နံဘေးတွင် ရှိသည်။ အန်ခါးရေ့ချ်မြို့မှ မော်တော်ကားဘော်ဒီရုံပိုင်ရှင် ကဲန်သော်မဆင်၊သူ၏ဝန်ထမ်း ဂေါ်ဒွန်ဆာမဲလ်နှင့် သူတို့၏မိတ်ဆွေ ဆောက်လုပ်ရေးလုပ်သား ဖရက်ဒီဆွမ်ဆင်တို့သုံးဦးသည် ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် ဘတ်စ်ကားကြီးရှိရာသို့ ခရီးထွက်လာခဲ့ကြသည်။ ဆတ်များကို ခြေရာခံလိုက် ကြရန် ထွက်လာခြင်းပင်။

ဤနေရာဒေသမှာ လွယ်လင့်တကူရောက်နိုင်သော နေရာဒေသ မဟုတ်ပါ။ ပြုပြင်ဖောက်လုပ်ထားသော စတမ့်ပိဒ်ထရေးလ်လမ်း ပိုင်းအဆုံးမှ နောက်ထပ် ဆယ်မိုင်ခန့်သွားမိလျှင် တက်ကလန်နီကာမြစ် (Teklanika River)ကို ဖြတ်ရသည်။ တက်ကလန်နီကာမြစ်မှာ ရေစီးသန်သော မြစ်တစ်စင်းဖြစ်သကဲ့သို့ မြစ်ရေမှာလည်း ရေခဲတောင်ပျော်ကျရာမှ ပါလာသည့် ရေခဲအစအနများ၏ တိုက်စားမှုကြောင့် ဖြစ်ပေါ်လာသည့် နုန်းမြေများဖြင့် နောက်ကျိနေသော ရေခဲမြစ်တစ်စင်းလည်း ဖြစ်သည်။ စတမ့်ပိဒ်ထရေးလ်လမ်း က မြစ်ကမ်းပါးအရောက်တွင် မြစ်ညာပိုင်းရှိ မြစ်ကျဉ်းတစ်နေရာမှ မြစ်ကို ဖြတ်သည်။ ထိုနေရာတွင် တက်ကလန်နီကာမြစ်ရေမှာ ရေစီးကြမ်းကြမ်းစီး သဖြင့် မြစ်ရေဖွေးဖွေးတို့ကို မြင်တွေ့ရသည်။ စီးဆင်းအားကောင်းလှသော ကော်ဖီရောင် ညိုညစ်ညစ်မြစ်ရေထဲမှ ဖြတ်သန်းသွားလိုခြင်းမရှိသည့် အများစု သော ခရီးသည်တို့က ဤနေရာမှ ရှေ့ဆက်၍ သွားလေ့မရှိကြပေ။

သော်မဆင်၊ ဆာမဲလ်နှင့် ဆွမ်ဆင်တို့သုံးဦးမှာ ခေါင်းမာ၍ တစ်ဇွတ် ထိုးလုပ်တတ်ကြသော အလာစကာသားများဖြစ်ကြပြီး အထူးသဖြင့် မော်တော် ယာဉ်ထုတ်လုပ်မှုပုံစံအရ မောင်းနှင်ရန် မသင့်တော်သောနေရာဒေသမျိုးတွင် မော်တော်ယာဉ်မောင်းနှင်ရသည်ကို နှစ်သက်သူများဖြစ်ကြသည်။ တက်ကလန် နီကာမြစ်နံဘေးသို့ ရောက်သည်နှင့် ကမ်းပါးတစ်လျှောက် လိုက်လံစစ်ဆေး ကြည့်ရှုကာ ရေတိမ်စီးကြောင်းများရှိရာနေရာကို ရွေးချယ်၍ မော်တော်ကား ကိုယ်စီဖြင့် ဆင်းချလာသည်။

"ကိုယ် အရင်ကူးမယ်"သော်မဆင်က ပြောလာသည်။ "မြစ်ဟိုဘက် ကမ်းအထိ ခုနစ်ဆယ့်ငါးပေလောက်ကျယ်မယ့်ပုံ ရှိတယ်။ ရေစီးက တော် တော်

အားကောင်းတယ်။ ကိုယ့်ကားက ၈၂ ခုနှစ်ထုတ်၊ လေးဘီးယက် ဖိုးဝိုးဒေါ့ချ်ကားပဲ။ အင်ဂျင်ရုန်းအားပိုကောင်းအောင် လုပ်ထားပြီး ၃၈ လက်မ ရော်ဘာပြားလည်း အုပ်ထားတာ။ ရေက ကားစက်ဖုံးအထိ ရောက်မယ်။ ကိုယ် ဆက်ပြီးမဖြတ်နိုင်တော့ဘူးထင်ရင် ဂေါ်ဒွန့်ကားရှေ့မှာ ပေါင်ရှစ်ထောင် ဆွဲနိုင်တဲ့ ဝန်ချီစက်ဝင့်ချ် တပ်ထားတာရှိတယ်။ သူ့ကို ကိုယ့်နောက်က လိုက် ခိုင်းထားပြီး မြင်ကွင်းကနေ ကိုယ်ပျောက်သွားတာနဲ့ ပြန်ဆွဲတင်လိုက်ရမယ်”

သော်မဆင်က တစ်ဖက်ကမ်းကို ချောချောမောမောပင် ရောက်သွားသည်။ ဆာမဲလ်နှင့် ဆွမ်ဆင်တို့ကလည်း သူတို့၏ ထရပ်ကားကိုယ်စီဖြင့် နောက်မှ လိုက်ကြသည်။ ထရပ်ကားနှစ်စင်း၏ နောက်ခန်းကြမ်းခင်းများပေါ်တွင် အပေါ့စား ခရီးကြမ်းစီးယာဉ်များ တင်ဆောင်လာသည်။ သုံးဘီးယာဉ် တစ်စီးနှင့် လေးဘီးယာဉ်တစ်စီး ဖြစ်သည်။ သူတို့က ထရပ်ကားကြီးများကို ကျောက်စရစ်တန်းတစ်ခုပေါ်တွင် ရပ်ထားလိုက်ကြပြီး ATV All Terraig (Vechicles) ခေါ် ခရီးကြမ်းစီးယာဉ်များကို အောက်သို့ ချသည်။ ထို့နောက်တွင် ခရီးပိုတွင်မည့် အေတီဗွီယာဉ်ငယ်များနှင့်ပင် ဘတ်စ်ကားကြီးရှိရာသို့ ဦးတည် ထွက်ခွာလာခဲ့ကြသည်။

မြစ်ကမ်းနံဘေးမှ ကိုက်ရာဂဏန်းခန့်အကွာသို့ ရောက်သော် လမ်းက ဘီဗာဖျံတို့ တမံတုပ်ထားသော ရေကန်များအတွင်း အဆုံးသတ်ပျောက်ကွယ် သွားသည်။ ဘီဗာဖျံတို့က သစ်ရွက်သစ်ကိုင်းများကို ကိုက်ဖြတ်၍ တမံတုပ် ကာ ရေကန်ပြုလုပ်ထားကြခြင်း ဖြစ်သည်။ ရေကန်အများအပြားရှိနေပြီး အချို့မှာ ရင်စို့ခန့် နက်သည်။ တော်ရုံအဟန့်အတားကို မမှုတတ်သော အလာ စကာသားသုံးယောက်က ရေကန်များကို ဒိုင်းနမိုက်ဖောက်ခွဲကာ ရေဖောက် ထုတ်လိုက်သည်။ ထိုမှတစ်ဆင့် ထူထပ်သော အော်လ်ဒါချုံတောကို ဖြတ်၍ ကျောက်ဆောင်ကျောက်ခဲပေါများသော ချောင်းကြမ်းခင်းတစ်လျှောက် မောင်း နှင်လာကြသည်။ ဘတ်စ်ကားရှိရာသို့ သူတို့ရောက်ရှိချိန်တွင် ညနေစောင်းနေ ပေပြီ။ ဘတ်စ်ကားရှိရာသို့အရောက်တွင် ဘတ်စ်ကားနှင့် ပေငါးဆယ်ခန့်အကွာ ၌ အထိတ်တလန့်ဖြင့် မတ်တတ်ရပ်နေသော အန်ခါးရေ့ချ်မြို့မှ လူတစ်ဦးနှင့် မိန်းကလေးငယ်တစ်ယောက် တွေ့ရကြောင်း သော်မဆင်က ပြန်ပြောပြခဲ့သည်။

သူတို့နှစ်ဦးစလုံးက ဘတ်စ်ကားအတွင်းသို့ မဝင်ရသေးသော်လည်း အတွင်းမှ အလွန်တရာဆိုးရွားသော အနံ့ဆိုးတစ်ခုရကြောင်း သတိပြုမိနိုင်သည့် အကွာအဝေးထိ ချဉ်းကပ်ခဲ့ကြပြီး ဖြစ်သည်။ ကချေသည်များ ဝတ်ဆင်လေ့ရှိသော ခြေအိတ်အရှည်အနီရောင်တစ်ဖက်ကို ဘတ်စ်ကားနောက်ပေါက်ရှိအော်လ်ဒါ သစ်ကိုင်းတစ်ခုတွင် လက်ဖြစ်အချက်ပြအလံတစ်စအလား ချည် နှောင်ထားသည်။ တံခါးက မဟတဟပွင့်နေသည်။ တံခါးပေါ်တွင် စိုးရိမ်ပူပန် မှုအပြည့်ဖြင့် ရေးသားထားသော စာတစ်စောင်ကပ်ထားသည်။ ရုရှားစာရေး ဆရာ နီကိုလိုင်ဂိုဂေါလ်(Nikolay Gogol k၏ ဝတ္ထုစာအုပ်တစ်အုပ်မှ ဆွဲဆုတ်ယူ

ထားသော စာမျက်နှာထက်တွင် အင်္ဂလိပ်အက္ခရာကြီးများဖြင့် သပ်ရပ်စွာ ရေးသားထားသောစာကို အောက်ပါအတိုင်း တွေ့ရှိရသည်။

အက်စ်အိုအက်စ်။ ကျွန်တော် အကူအညီလိုနေပါတယ်။ ဒဏ်ရာလည်း ရထားတယ်။ သေလုမြောပါးပါပဲ။ ဒီကနေ လမ်း လျှောက်ထွက်သွားဖို့ရာ အားကလည်း အရမ်းနည်းနေတယ်။ ကျွန်တော် တစ်ယောက်တည်းပါ။ နောက်နေတာ မဟုတ်ပါဘူး။ ဘုရားသခင် နာမတော်အားဖြင့် ကျေးဇူးပြုပြီး ကျွန်တော့်အသက်ကို ကယ်တင်ပေးကြပါ။ အနီးဝန်းကျင်က ကောက်ထားတဲ့ ဘယ်ရီ သီးတွေလည်း စားလို့ကုန်ပြီ။ ကျွန်တော် ဒီညနေ ပြန်လာခဲ့မှာပါ။ ကျေးဇူးတင်ပါတယ်။ ခရစ္စမက်ကန်းဒလက်စ်။ ဩဂုတ်လလား တော့မသိဘူး။

အန်ခါးရေ့ချ်က စုံတွဲမှာ စာပါအကြောင်းအရာကြောင့် လွှန်စွာစိတ် မချမ်းမမြေ့ဖြစ်နေကြပြီး ဘတ်စ်ကားအတွင်းမှ ထူးထူးကဲကဲ ဆိုးရွားစွာ ထွက် ပေါ်နေသော အပုပ်နံ့ကလည်း မစစ်မဆေးဘဲ လှည့်ပြန်သွားရန် ခဲယဉ်းလှသည်။ ဤသို့ဖြင့် ဆာမဲလ်က ဘတ်စ်ကားအတွင်း စူးစမ်းကြည့်ရှုရန် စိတ်ကို တင်း၍ ချဉ်းကပ်လိုက်သည်။ ပြတင်းပေါက်တစ်ခုမှတစ်ဆင့် ချောင်းကြည့်ရာတွင် ရီမင်တန်ရိုင်ဖယ်တစ်လက်၊ ကျည်ဆန်ထည့်သည့် ပလတ်စတစ်ဘူးတစ်လုံး၊ စက္ကူအပျော့ဖုံးထားသည့် စာအုပ်ရှစ်အုပ်၊ ကိုးအုပ်ခန့်၊ ဂျင်းဘောင်းဘီအစအန အချို့၊ မီးဖိုဆောင်သုံးပစ္စည်းများနှင့် တန်ဖိုးကြီးပုံရသော ကျောပိုးအိတ်တစ်လုံး တို့ကို တွေ့ရသည်။ ဘတ်စ်ကား နောက်ဖျားပိုင်းတွင် ရရာပစ္စည်းများနှင့် ဖြစ်ကတတ်ဆန်းလုပ်ထားသော ကွပ်ပျစ်တစ်လုံးပေါ်၌ အပြာရောင် ခရီးဆောင် အိပ်ရာတစ်ခု တွေ့ရသည်။ ခရီးဆောင်အိပ်ရာမှာ အိတ်သဖွယ်ချုပ်လုပ်၍ ဇစ်တပ်ထားပြီး လူက အိတ်အတွင်း ဝင်၍ အိပ်ရခြင်း ဖြစ်သည်။ အဆိုပါ အပြာရောင်ခရီးဆောင်အိပ်ရာအတွင်းတွင် လူလော၊ ပစ္စည်းလော မကွဲပြား သည့် အရာတစ်ခု ရှိနေဟန်တူသော်လည်း ဆာမဲလ်ကမူ “သေချာပေါက်ကြီး ပြောဖို့တော့ ခက်တယ်”ဟူ၍သာ ပြောလာခဲ့သည်။

“သစ်ငုတ်တိုပေါ်ကို ကျွန်တော် တက်ရပ်ကြည့်တယ်”။ ဆာမဲလ်က ဆက်ပြောလာသည်။ “နောက်ဘက်ပြတင်းပေါက်တစ်ပေါက်ကနေ လက်လျှိုပြီး ခရီးဆောင်အိပ်ရာကို ဆွဲလှုပ်ကြည့်တယ်။ အထဲမှာ တစ်ခုခုရှိတာတော့ သေချာ နေပြီ။ ဒါပေမဲ့ ရှိနေတဲ့ပစ္စည်းက ဘာပစ္စည်းပဲဖြစ်ဖြစ် အလေးချိန်ကတော့ များများစားစားမဟုတ်ဘူး။ ဘတ်စ်ကားရဲ့ တခြားတစ်ဖက်ကို ပတ်သွားပြီး ကြည့်တော့မှ အိပ်ရာအိတ်ထဲကနေ ခေါင်းတစ်လုံးပြူထွက်နေတာ တွေ့ရတယ်။ အဲဒီမှာ ကျွန်တော် သေချာပေါက်သိလိုက်တော့တာပဲ”။ သူတို့တွေ့ရှိချိန်တွင် ခရစ္စမတ်ကန်းဒလက်စ် သေဆုံးခဲ့သည်မှာ သီတင်းနှစ်ပတ်ခွဲမျှရှိပြီ ဖြစ်သည်။

တွေးဆဆင်ခြင်တတ်သူတစ်ယောက်ဖြစ်သည့် ဆာမဲလ်က တွေ့ရှိထားသော ရုပ်အလောင်းကို ချက်ချင်းပင် ရွှေ့ပြောင်းသယ်ယူသွားသင့်သည်။ ဆုံးဖြတ်သည်။ သို့သော် သူနှင့် သော်မဆင်၏ အေတီဗွီယာဉ်ငယ်များက

ထိုရုပ်အလောင်းကိုတင်၍ သယ်ဆောင်ရန် နေရာမရှိပါ။ အလားတူပင် အန်ခါး ရှေ့ချစ်စုံတွဲ၏ အေတီဗွီယာဉ်ကလည်း နေရာအပိုမရှိပေ။ ခဏအကြာတွင် ဘတ်စ်ကားရှိရာ မြင်ကွင်းသို့ ဆဋ္ဌမမြောက်လူတစ်ယောက် ရောက်ရှိလာသည်။ သူက ဟီလီမြို့မှ ဘွတ်ချ်ကီလီယန်(Butch Killian)ဟု ခေါ်သည့် မုဆိုးတစ်ယောက်ပင်။ ကီလီယန် မောင်းနှင်လာသော အေတီဗီယာဉ်မှာ ကုန်း၊ ရေနှစ်တန်သွား ရှစ်ဘီးတပ် အာရ်ဂို(Argo အမျိုးအစားယာဉ်ကြီးတစ်စင်း ဖြစ်သဖြင့် ရုပ်အလောင်းကိုသယ်ဆောင်သွားပေးစေလိုကြောင်း ဆာမဲလ်က ကီလီယန်အား ပြောကြားခဲ့သည်။ သို့ရာတွင် ကီလီယန်က ဤကိစ္စမှာ အလာစကာရဲ တပ်ဖွဲ့က ကိုင်တွယ်ရမည့်ကိစ္စဖြစ်သည်ဟု တွင်တွင်ပြောကာ ရုပ်အလောင်းကို သယ်ဆောင်သွားရန် ငြင်းဆန်လေသည်။

ကီလီယန်သည် ကျောက်မီးသွေးတွင်း လုပ်သားတစ်ဦးလည်းဖြစ် သည်သာမက ဟီလီမြို့ စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့၏ အရေးပေါ်ဆေး ဝန်ထမ်းအဖြစ်လည်း တာဝန်ထမ်းဆောင်သူဖြစ်၍ သူ၏ အာရ်ဂိုယာဉ်ပေါ်တွင် ရေဒီယိုစကားပြောစက်တစ်လုံး ပါရှိသည်။ လက်ရှိရောက်နေသည့်နေရာမှ အခြားသူများထံ အဆက်အသွယ်လုပ်၍ မရသဖြင့် ကီလီယန်က စတမ့်ပိဒ် လမ်းမအတိုင်း ငါးမိုင်ခန့် ပြန်မောင်းသွားကာ အဝေးပြေးလမ်းမအရောက်တွင် ရေဒီယိုအဆက်အသွယ်ရရန် ထပ်မံကြိုးစားသည်။ အမှောင်ထုမဝင်ခင်လေး တွင် ဟီလီမြို့ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ရေဒီယိုအော်ပရေတာတစ်ဦးနှင့် အဆက်အသွယ်ရလာသည်။ “သတင်းပို့ပါတယ်”။ ကီလီယန်က ဆက်၍ ပြောသည်။ “ဘွတ်ချ် စကားပြောနေပါတယ်။ ရဲတပ်ဖွဲ့ကို ဆက်သွယ် အကြောင်းကြားပေးပါ။ ဆူရှားနားမြစ်ဘေးက ဘတ်စ်ကားထဲမှာ လူတစ် ယောက် ရှိနေတယ်။ အဲဒီလူက သေနေပြီနဲ့တူတယ်”။

နောက်တစ်နေ့ နံနက် ရှစ်နာရီခွဲအချိန်တွင် ရဲရဟတ်ယာဉ်တစ်စင်းက အလောင်းတွေ့ရှိရာသို့ ဆိုက်ရောက်လာသည်။ ရဟတ်ယာဉ်က ဆူဆူညံညံ အသံပြုကာ ဘတ်စ်ကားအနီးတွင် ဆင်းသက်နေရာယူလိုက်ပြီး ရဟတ်ယာဉ် ဒလက်များရိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာသောလေအဟုန်က မြေပြင်ပေါ်ရှိအမှိုက်သရိုက်များနှင့် ပေါ့ပလာပင်အရွက်များကို ဝဲလှည့်နေစေသည်။ ရဲအဖွဲ့ ဝင်တို့က ဘတ်စ်ကားနှင့် ယင်း၏ ဘေးပတ်ဝန်းကျင်တို့တွင် မသမာမှုတစ်စုံတစ်ရာရှိ၊ မရှိ အပေါ်ယံစစ်ဆေးမှုပြုလုပ်ကာ ပြန်လည်ထွက်ခွာသွားကြသည်။ မက်ကန်းဒလက်စ်၏ ရုပ်အလောင်း၊ ကင်မရာတစ်လက်နှင့် ရိုက်ကူးပြီး ဖလင်ငါးလိပ်၊ အရေးပေါ်အကူအညီတောင်းခံသည့် အက်စ်အိုအက်စ်မှတ်စု စာရွက်၊ ဒိုင်ယာရီတစ်အုပ်တို့ကိုပါ တစ်ပါတည်း သယ်ဆောင်သွားကြသည်။ ဒိုင်ယာရီ၏ နောက်ဆုံးစာမျက်နှာ နှစ်မျက်နှာတွင် စားကောင်းသောအပင်များ အကြောင်း ကွင်းဆင်းသမားလမ်းညွှန်တစ်ရပ်အဖြစ် ရေးသားထားသည်။ ထိုဒိုင်ယာရီသည်

ယင်းလူငယ်၏ တိုတောင်းလှသော သီတင်းတစ်ဆယ့်သုံး ပတ်တာကာလအတွင်း နားလည်ရခက်ခဲသော ရေးသားချက်များကို မှတ်တမ်း တင်ထားသည့် ဒိုင်ယာရီပင် ဖြစ်သည်။

ရုပ်အလောင်းကို အန်ခါးရေ့ချ်မြို့သို့ သယ်ဆောင်သွားခြင်း ဖြစ်သည်။ ထိုမြို့ရှိ မှုခင်းစုံစမ်းရေးသိပ္ပံခွဲခန်းတွင် ရုပ်အလောင်းကို ခွဲစိတ်စစ်ဆေးခဲ့သည်။ ရုပ်အလောင်းမှာ ဆိုးဆိုးရွားရွား ပျက်စီးနေပြီဖြစ်သဖြင့် မည်သည့် အချိန်ခန့်တွင် မက်ကန်းဒလက်စ် သေဆုံးခဲ့သည်ကို အတိအကျ ဖော်ထုတ်နိုင်ခြင်း မရှိတော့ပေ။ သို့ရာတွင် သေမှုသေခင်းစစ်ဆေးရေးအရာရှိက ကိုယ်တွင်း ဒဏ်ရာကြီးကြီးမားမားရှိသည့်လက္ခဏာနှင့် အရိုးကျိုးသည့်လက္ခဏာများ မတွေ့ရှိခဲ့ရပါ။ သာမန်အားဖြင့် အရေပြားအောက်တွင်ရှိရမည့် အဆီတို့ကို လည်း မတွေ့ရ။ ကြွက်သားစိုင်တို့သည်လည်း မသေဆုံးမီ ရက်ပိုင်း သို့မဟုတ် သီတင်းပတ်အနည်းငယ်အရင်ကပင် ခြောက်သွေ့ပျက်စီးနေပြီဖြစ်သည်။ ရင်ခွဲစစ်ဆေးချိန်တွင် မက်ကန်းဒလက်စ်၏ ကိုယ်အလေးချိန်မှာ ခြောက်ဆယ့်ခုနစ်ပေါင်မျှသာ ရှိသည်။ သေဆုံးရသည့်အကြောင်းရင်းမှာ အစာရေစာငတ်ပြတ်ခြင်းဖြစ်နိုင်ကြောင်းသာ ကောက်ချက်ဆွဲခဲ့ရသည်။

အရေးပေါ် အကူအညီတောင်းခံသည့် အက်စ်အိုအက်စ်မှတ်စုအောက်ခြေတွင် မက်ကန်းဒလက်စ်၏ ထိုးမြဲလက်မှတ်ရေးထိုးထားသည်။ သိမ်းဆည်းရရှိခဲ့သည့် ဖလင်ငါးလိပ်ကို ဓာတ်ပုံကူးကြည့်ရာ သူ၏ ဓာတ်ပုံ အများအပြားပါဝင်သည်ကို တွေ့ရသည်။ သို့ရာတွင် မက်ကန်းဒလက်စ်က မည်သည့်ကိုယ်ပိုင်အမှတ်အသား သက်သေအထောက်အထားမျှ သယ်ဆောင်လာခြင်းမရှိသဖြင့် အာဏာပိုင်တို့က သူ့ကို မည်သူမှန်းမသိ၊ မည်သည့်အရပ်ဒေသက လာရောက်မှန်းမသိသည့်အပြင် မည်သည့်အတွက်ကြောင့် ဤနေရာသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်းကိုလည်း ဖော်ထုတ်နိုင်ခဲ့ခြင်း မရှိပေ။

အခန်း (၃)

ကာသေ့ချ်မြို့

ကျွန်ုပ်သည် အသက်ရှင်တည်ရှိနေသမျှ ကာလတစ်လျှောက် အေးဆေးစွာနေရသည်ထက် လှုပ်ရှားသွားလာရသည်ကို လိုလားသူဖြစ်သည်။ စိတ်လှုပ်ရှားခံစားမှုနှင့် အန္တရာယ်ကို တွေ့ကြုံလိုသည်။ မေတ္တာတရားအတွက် ကိုယ့်ကိုယ်ကို စတေးနိုင်မည့်အခွင့်အရေးကို ရယူလိုသည်။ မိမိကိုယ်အတွင်းရှိအလွန်တရာများပြားလှသော စွမ်းအင်တို့သည် တိတ်ဆိတ်ငြိမ်သက်သောဘဝ အတွင်း ထွက်ပေါက်မရှိ၊ ပိတ်မိနေသကဲ့သို့ စိတ်ထဲတွင် ခံစားနေရသည်။

လီယိုတော်လ်စတွိုင်း

Family Happiness

(မက်ကန်းဒလက်စ်၏ ရုပ်အလောင်းအနီး တွေ့ရှိရသည့် စာအုပ်များအနက်မှ တစ်အုပ်တွင်ပါရှိသော အရောင်ခြယ်မှတ်သားထားသည့် စာပိုဒ်တစ်ပိုဒ်)

ခြေသလုံးအိမ်တိုင် လှည့်လည်သွားလာရခြင်းသည် ကျွန်ုပ်တို့ကို ပျော်ရွှင်မှုအမြဲပေးသည်ဆိုသည့် အချက်ကို ငြင်းပယ်ခြင်းမပြုသင့်ပေ။ ထိုသို့ ခရီးလှည့်လည်သွားလာခြင်းဖြင့် ကျွန်ုပ်တို့၏ စိတ်များကို အတိတ်သမိုင်း ကြောင်းများ ဖိနှိပ်ခြင်း၊ တရားဥပဒေနှင့် ဒေါသဖြစ်ဖွယ်ကောင်းသော တာဝန် ဝတ္တရားတို့မှ လွတ်မြောက်စေသည့်အပြင် ပကတိလွတ်မြောက်မှုကိုပါ ရရှိစေသည်။ သွားရာလမ်းသည်ကား အနောက်အရပ်သို့သာ အမြဲ ရှေးရှုသည်ချည်းပင်။

ဝေါလေ့စ်စတက်ဂ်နာ

The American West as Living Space အမည်ရ စာအုပ်မှ ကောက်နုတ်ချက်

တောင်ဒါကိုတာပြည်နယ်ရှိ ကာသေ့ချ်(Carthage)မြို့လေးမှာ လူဦးရေ ၂၇၄ ဦးသာ ရှိသည်။ ပျဉ်စပ်အိမ်ကလေးများက ဟိုတစ်စု၊ သည်တစ်စုရှိကြ သည်။ ရာသီဥတုနှင့် ထုသားပေသားကျနေပြီဖြစ်သော အုတ်ခင်းဆိုင်မျက်နှာစာ များက ကြီးမားကျယ်ပြန့်သော မြောက်ပိုင်းလွင်ပြင်မှ ရိုကျိုးစွာ ထိုးထွက်နေ သည်။ အကွက်ချဖောက်လုပ်ထားသောလမ်းတို့မှာ စီရရီစိုက်ပျိုးထားသော လဲမွို့ပင်တို့၏ အရိပ်ကို ခိုလှုံလျက်ရှိကြသည်။ လမ်းများပေါ်တွင် မော်တော် ယာဉ်အသွားအလာက ကြုံတောင့်ကြုံခဲပင် ဖြစ်သည်။ မြို့တွင်း၌ ကုန်စုံဆိုင် တစ်ဆိုင်၊ ဘဏ်တိုက်တစ်တိုက်၊ တစ်ခုတည်းသော ဓာတ်ဆီဆိုင်၊ အရက်ဘား တစ်ဆိုင်နှင့် ကက်ဘရေကပွဲခန်းမတစ်ခု ရှိသည်။ ထိုကပွဲခန်းမအတွင်း

ဆေးပြင်းလိပ်အချိုတစ်လိပ်ကို မြို့၍ ဝါးရင်း ကောက်တေးလ်အရက်တစ်ခွက် ကို ဖြည်းဖြည်းချင်း ဇိမ်ဆွဲသောက်နေသည့် ဝိန်းဝက်စတာဘာ့ဂ်(Wayne Westerberg က အဲလက်စ်ဟု သူသိထားသော ထူးခြားသည့်လူငယ်တစ်ယောက် ကို သတိရနေမိသည်။

ကက်ဘာရေကပွဲခန်းမ၏ အထပ်သားနံရံထက်တွင် သမင်ချိုများ၊ အိုးလ်ဒ်မီလ်ဝေါ့ကီးဘီယာကြော်ငြာများ၊ ငှက်တစ်အုပ် လေထဲသို့ ပျံတက်နေပုံ ပန်းချီကားများ ချိတ်ဆွဲထားသည်။ အပေါ်အောက်တစ်ဆက်တည်း ချုပ်ထား သည့် အလုပ်သမားဝတ်စုံ ကိုယ်စီဝတ်ဆင်ထားပြီး ဖုန်အလိမ်းလိမ်းကပ်နေ သော လျှာထိုးဦးထုပ်ကိုယ်စီ ဆောင်းထားကြသည့် စိုက်ပျိုးရေးလုပ်သားအစု ငယ်များထံမှ ထွက်ပေါ်လာသည့် စီးကရက်မီးခိုးအမျှင်တန်းတို့က လေထဲတွင် အချင်းချင်း လိမ်ယှက်လျက်ရှိသည်။ စကားကို တိုတိုနှင့် ပွင့်ပွင့်လင်းလင်းပြော တတ်သော ထိုစိုက်ပျိုးရေးလုပ်သားတို့က ပြောင်းလဲလွယ်သော ရာသီဥတု အကြောင်း စိုးရိမ်စိတ်ဖြင့် ကျယ်လောင်စွာပြောဆိုနေကြသည်။ နေကြာခင်းများမှာ အစိုဓာတ်ရှိနေသေးသဖြင့် ရိတ်သိမ်းခြင်းမပြုနိုင်သေးသည့်အကြောင်း လည်း ပြောဆိုနေကြသည်။ သူတို့၏ ဦးခေါင်းများအထက်ရှိ အသံပိတ်ထား သော ရုပ်မြင်သံကြားဖန်သားပြင်ပေါ်တွင် ဩဇာကြီးမားသော အမေရိကန် စီးပွားရေးလုပ်ငန်းရှင်ကြီး ရော့စ်ပါ ရိုး(Ross Perot)၏ မာန်တက်နေသော အပြုံး ဆောင်ထားသည့် မျက်နှာက လင်းလက်စွာ ပေါ်နေသည်။ လာမည့် ရှစ်ရက် အတွင်း ဘီလ်ကလင်တန်(Bill Clinton)ကို အမေရိကန်သမ္မတအဖြစ် တစ်နိုင်ငံ လုံးက ရွေးကောက်တင်မြှောက်ကြပေလိမ့်မည်။ ခရစ္စမက်ကန်းဒလက်စ်၏ ရုပ်အလောင်းကို အလာစကာပြည်နယ် တွေ့ရှိခဲ့သည့် နှစ်လနီးပါးမျှ ကြာမြင့် ခဲ့ပြီးဖြစ်သည်။

“ဒါတွေက အဲလက်စ် သောက်လေ့ရှိတာတွေပဲ”။ ဝက်စတာဘာ့ဂ်က ရှုရှအရက်ဖြူကို ရေခဲတုံးထည့်၍ မွှေရင်း မျက်မှောင်ချီကာ ပြောကြားလာ သည်။ “သူက ဘားဆိုင်အဆုံး ဒီနေရာမှာ ထိုင်နေကျ။ သူ့ရဲ့ ခရီးသွားပုံပြင်တွေ ကို နားထောင်လို့ကောင်းအောင် ပြောနေကျနေရာလေ။ သူစကားပြောရင် နာရီနဲ့ချီပြီး ပြောနိုင်တယ်။ မြို့ထဲကလူ အတော်များများက အဲလက်စ်ကို ခင်ကြတယ်။ သူ့အဖြစ်အပျက်က တကယ်ပဲ ထူးဆန်းလှပါတယ်”။

ဝက်စတာဘာ့ဂ်သည် စိတ်မြန်ကိုယ်မြန်ရှိသူတစ်ဦးဖြစ်ပြီး ပခုံးကျယ် ကျယ်၊ အမည်းရောင် မုတ်ဆိတ်မွေးတိုနံ့နံ့ထားရှိသူ ဖြစ်သည်။ ကာသေ့ချ်မြို့တွင် သူက ကောက်ပဲသီးနှံသိုလှောင်ကြိတ်ခွဲရုံတစ်လုံး ပိုင်ဆိုင်ထားပြီး မြို့အပြင်ဘက် မိုင်အနည်းငယ်ခန့်အကွာတွင်လည်း ကြိတ်ခွဲရုံ နောက်တစ်လုံး ရှိသေးသည်။ သို့တိုင်အောင်ပင် သူက အေးအေးလူလူမနေဘဲ နွေရာသီရောက်တိုင်း ကောက် ပဲသီးနှံ ရိတ်သိမ်းသည့်အဖွဲ့နှင့်အတူ တက္ကဆက်မြောက်ပိုင်းမှသည် ကနေဒါ နယ်စပ်အထိ အလုပ်လိုက်လုပ်လေ့ရှိသည်။ ၁၉၉၀ ပြည့် နှစ်ကုန်ပိုင်းတွင် သူက

မွန်တားနားပြည်နယ် အလယ်ပိုင်းဒေသ၏ မြောက်ဘက်အပိုင်းတွင် သီးနှံရိတ်သိမ်း လုပ်ကိုင်ပေးခဲ့သည်။ ကူးဝါးစ်နှင့် အန်ဟွိုက်ဇာမိသားစုတို့ အတွက် ဘာလီပင်များ ရိတ်သိမ်းပေးခဲ့ခြင်းဖြစ်သည်။ စက်တင်ဘာလ ၁၀ ရက် နေ့လယ်ပိုင်းတွင် ဝက်စတာဘာ့ဂ်ီက မွန်တားနားပြည်နယ် ကတ်ဘဲန့်ခ် (Cut Bank)မြို့မှ လိုအပ်သော ပစ္စည်းအချို့ ဝယ်ယူပြီးနောက် မော်တော်ကားဖြင့် ထွက်ခွာလာခဲ့သည်။ လမ်းခရီးတွင် ကားကြုံစီးလိုသည့် လူငယ်တစ်ဦးကို ခေါ်တင်ခဲ့သည်။ ဖော်ရွေတတ်သော လူငယ်တစ်ဦးဖြစ်ပြီး သူ့ကိုယ်သူ အဲလက်စ်မက်ကန်းဒလက်စ်အဖြစ် မိတ်ဆက်လာခဲ့သည်။

မက်ကန်းဒလက်စ်သည် လူလုံးလူဖန်သေးသော်လည်း ခြေသလုံးအိမ် တိုင်လှည့်လည်သွားလာ အလုပ်လုပ်နေသည့် အလုပ်ကြမ်းသမားတစ်ဦးကဲ့သို့ ကြံ့ခိုင်သန်မာသည်။ သူ၏ မျက်ဝန်းအစုံကမူ စိတ်ဝင်စားစရာကောင်းသည်။ နက်မှောင်ပြီး စိတ်ခံစားမှုနှိုးဆွနိုင်သော သူ၏မျက်ဝန်းများက တိုင်းတစ်ပါးသွေးနှောထားသည့်မျိုးရိုးမှ ဆင်းသက်လာသူဖြစ်ကြောင်း ပြသနေသည်။ ဂရိသို့မဟုတ် ချစ်ပါဝါး(Chipewa လူမျိုး သွေးနှောဖြစ်ကောင်းဖြစ်နိုင်ပေသည်။ ထို့အပြင် ယင်းမျက်ဝန်းများက စိတ်ထိခိုက်ခံစားလွယ်သည့်အရိပ်အယောင် များကို ပြသနေသဖြင့်လည်း ဝက်စတာဘာ့ဂ်က သူ့ကို ကားကြုံစီးခွင့်ပြုဖြစ်ခဲ့ ခြင်းပင်။ လူငယ်က ကြည့်ကောင်းသည့်ရုပ်ရည် ပိုင်ဆိုင်ထားသူဖြစ်ပြီး မိန်း ကလေးများ စိတ်လှုပ်ရှားစေနိုင်သည့် ရုပ်ရည်မျိုးလည်းဖြစ်သည်ဟု ဝက်စတာ ဘာ့ဂ်က တွေးမိသည်။ လူငယ်၏ မျက်နှာတွင် ထူးဆန်းသော ရှန်းပြန်နိုင်စွမ်း တစ်ခုရှိသည်။ အချိန်အခိုက်အတန့်တစ်ရပ်တွင် မျက်နှာပေါ်၌ မည်သည့်ခံစား ချက်မျှ ဖော်ပြခြင်းမရှိဘဲ အရာရာကို ဥပေက္ခာပြုထားဟန်မှသည် တစ်ခဏ ချင်းမှာပင် ပါးစပ်ဟောင်းလောင်းပွင့်ကာ မြင်းတစ်ကောင်၏ သွားတမျှ ကြီးမားသောသွားများ ပေါ်သည်အထိ အားပါးတရရယ်မောတတ်သူဖြစ်သည်။ လူငယ်က အနီးမှုန်တစ်ဦးဖြစ်ပြီး စတီးလ်ကိုင်းတပ် စာကြည့်မျက်မှန်တပ်ဆင် ထားသည်။ ဆာလောင်မွတ်သိပ်နေပုံလည်းရပေသည်။

မက်ကန်းဒလက်စ်ကို တင်ခေါ်လာပြီး ဆယ်မိနစ်ခန့် မောင်းနှင်သွား ကာ အက်သ်ရစ်ချ်မြို့သို့ ရောက်ရှိကြသည်။ မိတ်ဆွေတစ်ဦးအတွက် လူကြုံ ပါးလိုက်သော ပစ္စည်းတစ်ခုကို ဝင်ပေးရမည်ဖြစ်သည်။ “မိတ်ဆွေလုပ်တဲ့လူက ကျွန်တော်တို့နှစ်ယောက်လုံးကို ဘီယာတိုက်တယ်” ဝက်စတာဘာ့ဂ်က ပြန်ပြော ပြလာသည်။ “အဲလက်စ်ကိုလည်း အစာမစားရတာ ဘယ်လောက်ကြာပြီလဲလို့ မေးတယ်။ အဲလက်စ်က နှစ်ရက်များတောင်၊ ဘယ်လိုလုပ်ပြီး အငတ်ခံနေတယ် မပြောတတ်တော့ဘူး။ သူကတော့ ပိုက်ဆံမရှိတော့လို့ လို့ ပြောတာပဲလေ”။ သူတို့ပြောဆိုနေသံများကို ကြားသွားသည့် မိတ်ဆွေ၏ဇနီးဖြစ်သူက အဲလက်စ် အား အတင်းပင် ညစာချက်ကျွေးလေသည်။ အဲလက်စ်က ညစာကို အငမ်းမရ

စားသောက်ပြီး စားပွဲပေါ်တွင်ပင် အိပ်ပျော်သွားတော့သည်။

မက်ကန်းဒလက်စ်က ပြည်ထောင်စုအဝေးပြေးလမ်းမ အမှတ် ၂ ၏ အရှေ့ဘက် မိုင် ၂၄၀ အကွာတွင် တည်ရှိသော ဆာကိုရေပူစမ်း(Saco Hot Spring) သို့ သွားမည်ဖြစ်ကြောင်း ဝက်စတာဘာ့ဂ်အား ပြောပြလာသည်။ ထိုရေပူစမ်းအကြောင်းကို မော်တော်ယာဉ်တစ်စင်းဖြင့် လှည့်လည်သွားလာနေထိုင်ကြသည့် ခြေသလုံးအိမ်တိုင်သမားများထံမှ အဲလက်စ်က ကြားသိထား ခြင်းဖြစ်သည်(နေရာအတည်တကျမရှိဘဲ ကားတစ်စီးဖြင့် လှည့်လည်သွားလာနေထိုင်ကြသူများကို Rubber Tramps များဟု ခေါ်ဆိုပြီး ခြေလျင်ခရီးဖြင့် လှည့်လည်သွားလာနေထိုင်ကြသူများကို Leather Tramps များဟု ခေါ်ဆိုကြသည်)။ ဝက်စတာဘာ့ဂ်က မက်ကန်းဒလက်စ်အား နောက်ထပ်ဆယ်မိုင်ခရီးမျှသာ ခေါ်ဆောင်သွားနိုင်မည်ဟု ပြန်ဖြေလိုက်သည်။ မက်ကန်းဒလက်စ်အား ချထားပေးပြီးပါက မြောက်ဘက်သို့ ချိုးကာ ဆန်းဘာ့စ်တ်မြို့ (Sunburst)ဆီ သို့ ဦးတည်မောင်းနှင်ရမည်ဖြစ်သည်။ ထိုမြို့တွင် သူရိတ်သိမ်းနေသော စိုက်ခင်း များအနီး၌ ကုန်တင်နောက်တွဲယာဉ်တစ်စီး ထားရှိသည်။ မက်ကန်းဒလက်စ် ဆင်းနေရမည့်နေရာသို့ ရောက်၍ ကားကို လမ်းပခုံးထက် ရပ်နားလိုက်ချိန်တွင် ညဆယ်နာရီခွဲအချိန် ရှိနေပြီဖြစ်ပြီး မိုးကလည်း သည်းထန်စွာရွာနေသည်။ “ခက်တော့တာပဲ ဝက်စတာဘာ့ဂ်က အဲလက်စ်ကို ပြောလာသည်။ “မိုးကလည်း သည်းပါပေ့၊ မင်းကို မိုးရေထဲမှာ ဒီအတိုင်းထားခဲ့လို့ မဖြစ်သေးဘူး။ မင်းမှာ အိပ်ရာအိတ်ပါတယ် မဟုတ်လား။ ဆန်းဘော့စ်တ်အထိ ဘာဖြစ်လို့ မလိုက်ချင် တာလဲ။ နောက်တွဲထဲမှာ တစ်ညလောက် လိုက်အိပ်ပါလား”။

မက်ကန်းဒလက်စ်က ဝက်စတာဘာ့ဂ်နှင့် သုံးရက်တိုင် အတူနေထိုင်သွားခဲ့သည်။ နံနက်တိုင်ကျလျှင် ဝက်စတာဘာ့ဂ်၏ လုပ်သားများနှင့် အတူ လိုက်သွားသည်။ လုပ်သားများက မှည့်ဝင်းနေပြီဖြစ်သော သီးနှံပင်များကို စက်ဖြင့် ရိတ်သိမ်းကြသည်။ မက်ကန်းဒလက်စ်နှင့် ဝက်စတာဘာ့ဂ်တို့ လမ်းမခွဲ ရသေးမီတွင် အလုပ်လုပ်လိုပါက ကာသေ့ချ်မြို့တွင် သူ့ကို လာရောက်တွေ့ဆုံ ရန် ဝက်စတာဘာ့ဂ်က အဲလက်စ်အား ပြောကြားခဲ့သည်။

“သီတင်းနှစ်ပတ်လောက်အကြာမှာ ကာသေ့ချ်ကို အဲလက်စ် ပြန်ရောက်လာတယ်”။ ဝက်စတာဘာ့ဂ်က မှတ်မှတ်ရရပင် ရှိနေသေးသည်။ သူက အဲလက်စ်အား ကောက်ပဲသီးနှံသိုလှောင်ရုံတွင် အလုပ်ပေးထားပြီး သူပိုင်အိမ်နှစ်လုံးအနက်မှ တစ်လုံးတွင် အခန်းတစ်ခန်းကို ဈေးပေါပေါဖြင့် အငှားချကာ နေထိုင်ခွင့်ပြုထားခဲ့သည်။

သူ့လိုမျိုး ကားကြုံစီးခရီးသွားတွေ အများကြီးကို တစ်နှစ်ပတ်လုံး ဒီလိုပဲ အလုပ်ပေးနေကျလေ”။ ဝက်စတာဘာ့ဂ်က ဆက်ပြောပြသည်။ “အဲဒီလို လူတွေ အများစုကတော့ မစွံဘူး။ အလုပ်ကို တကယ်လုပ်ချင်ကြတာမှ မဟုတ်တာ။ ဒါပေမဲ့ အဲလက်စ်ကတော့ သူတို့တွေနဲ့ မတူဘူး။ ကျွန်တော် မြင်ဖူးသမျှထဲမှာတော့ သူက

အလုပ်အကြိုးစားဆုံးပဲ။ ဘာအလုပ်ပဲဖြစ်ဖြစ် သူက မငြင်းတမ်းလုပ်တယ်။ အလုပ်ကြမ်းပဲဖြစ်ဖြစ်၊ သီးနှံအပုပ်အသိုးတွေ၊ ကြွက်သေတွေကို အောက်ခြေကနေ ရှင်းပစ်ရတာပဲဖြစ်ဖြစ် လုပ်တာပဲ။ အဲဒီ အလုပ်တွေက တစ်နေ့တာကုန်သွားချိန်မှာ ဖြစ်နေမယ့် ကိုယ့်ပုံစံကို ကိုယ်တိုင် တောင် ပြောမပြတတ်လောက်အောင် အရမ်းညစ်ပတ်ပေရေတဲ့ အလုပ်တွေပဲ။ ပြီးတော့သူက အလုပ်တစ်ခုကို လုပ်လက်စတန်းလန်းနဲ့ ဘယ်တော့မှ ချန်မထား ရစ်တတ်ဘူး။ အလုပ်တစ်ခုကို စလုပ်ပြီဆိုတာနဲ့ မပြီး,ပြီးတဲ့အထိ လုပ်တော့တာ ပဲ။ အဲဒီလိုလုပ်တတ်တာက သူ့ရဲ့အကျင့်ပဲ ဖြစ်မယ်။ ခင်ဗျားတို့ ပြောတဲ့ အကျင့်စာရိတ္တသိပ်ကောင်းတယ်ဆိုတဲ့လူမျိုးပဲ။ သူက သူ့အတွက် လိုက်နာကျင့် သုံးရမယ့် စံနှုန်းတွေကို တော်တော်မြင့်မြင့်ကို မှန်းထားတဲ့လူပါပဲ”။

“အဲလက်စ်က ဉာဏ်လည်းကောင်းတယ်လို့ ဆိုရမယ်”။ ဝက်စတာ ဘာ့ဂ်က တတိယမြောက်အရက်ခွက်ကို အပြီးသတ်မော့ချပြီး ပြောလာသည်။ “သူက စာတွေအများကြီးဖတ်တယ်။ စကားကြီးစကားကျယ်တွေလည်း ပြော တယ်။ သူ အခုလို ဒုက္ခရောက်သွားတာမှာလည်း အတွေးလွန်တာက တစ်စိတ် တစ်ပိုင်းပါမယ် ထင်တယ်။ တစ်ခါတလေဆို သူက လောကကြီးကို အဓိပ္ပာယ် ရှိအောင် ကြိုးစားလွန်းတယ်။ လူတွေက ဘာဖြစ်လို့ တစ်ယောက်ပေါ်တစ် ယောက် အမြဲလို မကောင်းနိုင်ကြရတာလဲလို့ တွေးတောအဖြေရှာနေတတ်တာ မျိုးပေါ့။ အဲဒါမျိုးကိစ္စတွေကို သိပ်ပြီး နက်နက်နဲနဲ လိုက်တွေးနေတာကိုက အမှားတစ်ခုပဲဆိုတာ သူ့ကို ကျွန်တော် ကြိုးစားပြီး ပြောပြခဲ့ပါသေးတယ်။ ဒါပေမဲ့ အဲလက်စ်က အဲဒါတွေကို ဖက်တွယ်ထားတယ်လေ။ သူက ကိစ္စတစ်ခု အတွက် အလုံးစုံမှန်ကန်တဲ့အဖြေတစ်ခု မရမချင်း နောက်ထပ်အကြောင်းအရာ တစ်ခုကို စဉ်းစားလေ့မရှိဘူး”။

မက်ကန်းဒလက်စ်သာ သူ၏ မိဘများ၊ ညီအစ်ကိုမောင်နှမများနှင့် အနေဝေးရသည်ကို စိတ်တွင် ခံစားနေရသည်ဆိုပါက ဝက်စတာဘာ့ဂ်မိသားစု နှင့် သူ၏ အလုပ်သမားများသည် အဲလက်စ်အတွက် အငှားမိသားစုသဖွယ်ဖြစ် သည်ကို သူသိမည် ဖြစ်သည်။ အလုပ်သမားအများစုမှာ ဝက်စတာဘာ့ဂ်၏ ကာသေ့ချ်မြို့နေအိမ်၌ပင် နေထိုင်ကြသည်။ ထိုနေအိမ်မှာ မြို့လယ်နှင့် အကွက် အနည်းငယ်သာကွာဝေးပြီး ဝိတိုရိယခေတ် နှစ်ထပ်အဆောက်အဦပုံစံကို ဖြိုတိန် ဘုရင်မကြီး အဲန်းလက်ထက် ဗိသုကာဟန်ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ အိမ်ရှေ့ကွက်လပ်ကို ကြီးမားသော လဲမှို့ပင်ကြီး၏ အရိပ်ဖြင့် အုပ်မိုးထားသည်။ နေထိုင်ရန် စီစဉ်ဆောင်ရွက်ထားပုံတို့မှာလည်း နှစ်လိုပျော်ရွှင်ဖွယ်အတိ ရှိသည်။ ဤအိမ်တွင် နေထိုင်သူ လေး၊ ငါးဦးခန့်က ချက်ပြုတ်ရေးတာဝန်ကို အလှည့်ကျ ထမ်းဆောင်ကြသည်။ အရက်သောက်လည်း အတူတူ၊ မိန်းမပိုးလည်း အတူတူ ပင်။ ပိုးပန်း၍ ရသည်တော့ မရှိကြချေ။

မက်ကန်းဒလက်စ်သည် ကာသေ့ချ်မြို့လေးကို ခဏချင်းမှာပင် ချစ်

ခင်တွယ်တာသွားခဲ့ရသည်။ ကာသေ့ချ်လူနေမှုအသိုက်အဝန်း၏ အေးဆေးတည်ငြိမ်မှု၊ အခြေခံလူတန်းစားတို့၏ ကောင်းမြတ်သောကိုယ်ကျင့်တရားနှင့် ဟိတ် ဟန်မရှိမှုတို့ကို သူက သဘောကျခဲ့သည်။ သည်နေရာလေးကား ပင်မရေစီး ကြောင်း၏ အခြားတစ်ဖက်တွင် နောက်ပြန်ရေစီးကြောင်းငယ်တစ်ရပ်ဖြစ် ပေါ်စေသည့် ရေစိုင်ဝဲတစ်ခုပင် ဖြစ်သည်။ လှေပေါ်မှ အသုံးမလိုသောပစ္စည်း များ စွန့်ပစ်ရာ ရေကန်တစ်ကန်ဖြစ်သည်။ သည်နေရာကား အဲလက်စ်နှင့် လိုက်ဖက်လှသည့်နေရာပင်။ သို့ဖြင့်ပင် အဲလက်စ်သည် ကာသေ့ချ်မြို့လေးနှင့် ဝက်စတာဘာ့ဂ်တို့ကို မခွဲနိုင်မခွာရက် ဖြစ်လာခဲ့ရသည်။

ငယ်ရွယ်စဉ်ကပင် မွေးစားမိဘများ၏ ခေါ်ယူမှုကြောင့် ကာသေ့ချ်မြို့ လေးသို့ ရောက်လာခဲ့သော ဝက်စတာဘာ့ဂ်သည် အသက်သုံးဆယ့်ငါးနှစ်ပတ် ဝန်းကျင်ရှိပြီ ဖြစ်သည်။ ပင်ကိုအရည်အချင်း၊ ဗဟုသုတပြည့်စုံသူတစ်ယောက် ဖြစ်သည့် ဝက်စတာဘာ့ဂ်သည် စိုက်ပျိုးမွေးမြူရေးသမားတစ်ယောက်လည်း ဖြစ်သည့်အပြင် လျှပ်စစ်ဂဟောဆော်သမား၊ စီးပွားရေးလုပ်ငန်းရှင်၊ စက်မောင်း ဆရာ၊ စက်ပြင်ဆရာ၊ ပွဲရုံလုပ်ငန်းရှင်၊ လိုင်စင်ရလေယာဉ်မောင်း၊ ကွန်ပျူတာ ပရိုဂရမ်ရေးသားသူ၊ အီလက်ထရွန်းနစ်ပစ္စည်းပြင်သူ၊ ဗီဒီယိုဂိမ်းစက်ပြင်သူ စသည့် များစွာသော အလုပ်တို့ကိုလည်း လုပ်ကိုင်သူဖြစ်သည်။ သို့ရာတွင် မက်ကန်းဒလက်စ်နှင့် မတွေ့ဆုံမီလေးမှာပင် သူ၏ အတတ်ကြူးမှုတစ်ခု ကြောင့် တရားဥပဒေနှင့် ရင်ဆိုင်နေရပေသည်။

ဝက်စတာဘာ့ဂ်က အခကြေးငွေပေး၍ ကြည့်ရသော ကေဘယ်လ် ရုပ်/ သံလိုင်းများမှ ထုတ်လွှင့်မှုကို ငွေတစ်ပြားတစ်ချပ်မျှ အကုန်အကျမခံရဘဲ အခမဲ့ဖမ်းယူကြည့်ရှုနိုင်မည့် ပရိုဂရမ်တစ်ခုရေးသားကာ ဘလက်ဘောက်စ် (Black Box) ခေါ် ရုပ်/သံလိုင်းဖမ်းစက်များ တရားမဝင်ထုတ်လုပ်ရောင်းချခဲ့ သည်။ အက်ဖ်ဘီအိုင်(FBI)စုံထောက်အဖွဲ့က ထိုအကြောင်း သိရှိဖော်ထုတ်ခဲ့ပြီး ဝက်စတာဘာ့ဂ်ကို ဖမ်းဆီးခဲ့သည်။ မိမိလုပ်ရပ်အတွက် နောင်တရနေပြီဖြစ် သော ဝက်စတာဘာ့ဂ်က အမှုကြီးတစ်မှုအဖြစ် သူ့အား စွဲဆိုထားသောအမှု အတွက် အယူခံတင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ ကာသေ့ချ်မြို့သို့ မက်ကန်းဒလက်စ် ရောက်ရှိလာပြီး သီတင်းနှစ်ပတ်ခန့်အကြာ တွင် ဝက်စတာဘာ့ဂ်မှာ တောင် ဒါကိုတာပြည်နယ်၊ ဆူးဖောလ်ဇ်မြို့(Sioux Falls)၌ ထောင်လေးလပြစ်ဒဏ်ကို စတင်ကျခံရသည်။ ဝက်စတာဘာ့ဂ် ကံဆိုး မိုးမှောင်ကျနေချိန်တွင် ကောက်ပဲသီးနှံသိုလှောင်ရုံ၌ မက်ကန်းဒလက်စ်အတွက် အလုပ်မရှိတော့ပေ။ မကြာမီ အခြေအနေပြန်ကောင်းလာနိုင်မည်ဖြစ်သော်လည်း မက်ကန်းဒလက်စ်သည် အောက်တိုဘာလ ၂၃ ရက်နေ့တွင် ကာသေ့ချ်မြို့ကို စွန့်ခွာကာ ခြေသလုံးအိမ်တိုင်သမားတစ်ယောက်ဘဝကို ပြန်လည်ခံယူသွားခဲ့ သည်။ ကာသေ့ချ်မြို့လေးကို ချစ်ခင်တွယ်တာလှသည့်တိုင် မြို့မှ ထွက်ခွာရန် သူက

ဆုံးဖြတ်ခဲ့ခြင်းပင်။ ကာသေ့ချ်မှ မထွက်ခွာမီတွင် မက်ကန်းဒလက် က ဝက်စတာဘာဂ်အား ရုရှားစာရေးဆရာ လီယိုတော်လ်စတွိုင်း၏ ၁၉၄၂ ခုနှစ်ထုတ် အဖိုးတန်စာအုပ်ဖြစ်သော စစ်နှင့်ငြိမ်းချမ်းရေး(War and Peace)အမည်ရ စာအုပ်ကို ပေးအပ်သွားခဲ့သည်။ စာအုပ်အမည်ပုံနှိပ်ထားသော ပထမစာမျက် နှာပေါ်၌ ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ဤစာအုပ်ကို အလက်ဇန္ဒားထံမှ ဝိန်းဝက်စတာဘာ့ဂ်ထံသို့ လွှဲပြောင်းပေးအပ်သည်။ ပီယာရေ ပြောသည်ကို နားထောင်ပါ”ဟု အဲလက်စ်က ရေးသားခဲ့သည်။ (ပီယာရေ ဆိုသူမှာ လီယိုတော်လ်စတွိုင်း၏ စစ်နှင့်ငြိမ်းချမ်းရေး ဝတ္ထုမှ အဓိကဇာတ် ကောင်တစ်ဦးလည်း ဖြစ်သကဲ့သို့ တော်လ်စတွိုင်း၏ ကိုယ်ပွားဇာတ်ကောင် လည်းဖြစ်သော ပီယာရေဘေဇူးခေါ့ဗ် (Pierre Bezukhov)ကို ရည်ညွှန်းခြင်းဖြစ် သည်။)။ ပီယာရေသည် ကိုယ်ကျိုးမငဲ့ ကွက်တတ်သူ၊ စူးစမ်းလေ့လာလိုစိတ် ပြင်းပြသူဖြစ်ပြီး ရုရှားနိုင်ငံမှ အကြွယ်ဝ ဆုံးသူဌေးကြီး၏ တရားမဝင်မွေးထား သော သားတစ်ဦး ဖြစ်သည်။ မက်ကန်း ဒလက်စ်သည် အနောက်ဘက်အရပ်သို့ ထွက်ခွာသွားခဲ့ပြီးနောက် ဝက်စတာ ဘာ့ဂ်နှင့် အဆက်အသွယ်မပြတ်ရှိခဲ့သည်။ တစ်လမှ နှစ်လခန့်ကြာလျှင် ကာသေ့ချ်မြို့သို့ စာဖြင့်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ အဆက်အသွယ်ပြုလုပ်လေ့ရှိသည်။ သူ၏ ပေးစာများအားလုံးကို ဝက်စတာ ညာဘာ့ဂ်၏ နေအိမ်လိပ်စာဖြင့်ပင် ပေးပို့တတ်ပြီး နောက်ပိုင်း သူဆုံတွေ့ရသမျှ လူတိုင်းကိုလည်း တောင် ဒါကိုတာ ပြည်နယ်သည် သူ၏ ဇာတိဖြစ်ကြောင်း ပြောကြားလေ့ရှိသည်။

အမှန်အတိုင်းဆိုပါရမူ မက်ကန်းဒလက်စ်သည် ဗာဂျီးနီးယားပြည် နယ် အဲန်နာဒေးလ်(Annadale)မြို့ အနီးဝန်းကျင်၌ အလယ်အလတ်မက အထက် တန်းမကျသော မိသားစုမျိုးရိုးမှ ဆင်းသက်ကာ အပူအပင်ကင်းမဲ့စွာ ကြီးပြင်း လာသူ တစ်ဦးဖြစ်သည်။ ဖခင်ဖြစ်သူ ဝေါ့လ်တ် (Walo သည် ထင်ရှားကျော် ကြားသော အာကာသသိပ္ပံအင်ဂျင်နီယာတစ်ဦး ဖြစ်သည်။ ဝေါ့လ်တ်သည် အာကာသယာဉ် သုံးခေတ်မီရေဒါစနစ်ကို ပုံစံပြုရေးဆွဲပေးခဲ့သူလည်း ဖြစ် သည်။ အမေရိကန် ပြည်ထောင်စု၏ နာဆာ(NASA) အာကာသသိပ္ပံဌာနတွင် တာဝန်ထမ်းဆောင်စဉ် ရေဒါစနစ်နှင့် အခြားစီမံကိန်းများစွာကို ရေးဆွဲပေး ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်များနှင့် ၇၀ ပြည့်နှစ်များအတွင်း ဟပ်ဂျက်စ်အဲခရပ်ဖ် (Hughes Aircraft) ကုမ္ပဏီ၌ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ဝေါ့လ်တ်က ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင်လာခဲ့ပြီး နောက်ဆုံး တွင် User Systems Incorporated အမည်ရ အောင်မြင်သော အကြံပေးလုပ်ငန်း အဖွဲ့ငယ်တစ်ရပ်ကို ထူထောင်နိုင်ခဲ့သည်။ ဝေါ့လ်တ်၏လုပ်ငန်းတွင် တွဲဖက်လုပ် ကိုင်ပေးသူမှာ ခရစ္စ၏ မိခင် ဘီလီပင်ဖြစ်သည်။ သူတို့မိသားစုတွင် သားသမီး ရှစ်ဦးအထိ ရှိပြီး ခြောက်ဦးမှာ ဝေါ့လ်တ်၏ ယခင်အိမ်ထောင်မှ ပါလာသော သားသမီးများဖြစ်သည်။ ခရစ္စနှင့် ညီမဖြစ်သူ ကယ်ရင်းတို့မှာ ဘီလီနှင့် ထွန်းကားသော မောင်နှမနှစ်ဦးဖြစ်ပြီး

သူတို့နှစ်ဦးမှာ တစ်ဦးပေါ်တစ်ဦး လွန်စွာပင် ချစ်ခင်ကြသည်။

၁၉၉၀ ပြည့်နှစ် မေလတွင် ခရစ္စသည် အတ္တလန်တာရှိ အမ်မိုရီ တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။ ထိုတက္ကသိုလ်မှ ထုတ်ဝေသော သည်အမ်မိုရီရှီးလ် (The Emory Wheel အမည်ရ ကျောင်းသားသတင်းစာတိုက်တွင် ခရစ္စက အယ်ဒီတာအဖြစ်သာမက ကော်လံစားသတင်းထောက်အဖြစ်ပါ အလုပ်လုပ်ခဲ့ သည်။ ခရစ္စသည် အမ်မိုရီတက္ကသိုလ်တွင် သမိုင်းနှင့် မနုသဗေဒဘာသာ အဓိကဖြင့် တက်ရောက်ခဲ့ပြီး နောက်ဆုံးစာမေးပွဲတွင် ပျမ်းမျှရမှတ်မှာ ၃ ဒသမ ၇၂ အဆင့်ရှိသည်။ ထူးချွန်သော တက္ကသိုလ်ကျောင်းသားများ၊ တက္ကသိုလ်ဘွဲ့ရများဖြင့် ဖွဲ့စည်းသည့် ဖိုင်ဘီတာကက်ပါ (Phi Beta Kappa) အမည်ရ လူမှုအဖွဲ့အစည်းတစ်ရပ်က ခရစ္စကို အဖွဲ့ဝင်အဖြစ် ပါဝင်ရန် ကမ်းလှမ်းခဲ့သော်လည်း ခရစ္စက လက်မခံဘဲ ငြင်းပယ်ခဲ့သည်။ ရာထူးဂုဏ် သိရ်တို့မှာ သူနှင့်မအပ်စပ်ကြောင်း ခရစ္စက စွဲစွဲမြဲမြဲ ပြောဆိုခဲ့သည်။

ခရစ္စ၏ ကောလိပ်ကျောင်း နောက်ဆုံးနှစ်နှစ် ပညာရေးစရိတ်ကို မိသားစုမိတ်ဆွေတစ်ဦးက ပေးခဲ့သောအမွေ ဒေါ်လာငွေလေးသောင်းမှ ကျခံ ပေးခဲ့ခြင်း ဖြစ်သည်။ ခရစ္စ ဘွဲ့ရရှိချိန်တွင် ငွေလက်ကျန်ဒေါ်လာနှစ်သောင်း လေးထောင်ကျော် ရှိနေပေသေးသည်။ သူ၏ မိဘများက ထိုငွေဖြင့် ဥပဒေသင် တန်းကျောင်းဆက်တက်ရန် ခရစ္စက ရည်ရွယ်ခဲ့သည်ဟု ထင်မှတ်ကြသည်။ ကျွန်တော်တို့ သူ့အပေါ် နားလည်မှုလွဲခဲ့တာပဲ”ဟု ခရစ္စ၏ ဖခင်က ဝန်ခံပြော ကြားခဲ့သည်။ ခရစ္စ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ရန် အတ္တလန်တာ သို့ လေယာဉ်ဖြင့် လိုက်လာခဲ့ကြသော ဝေါ့လ်တ်၊ ဘီလီနှင့် ကယ်ရင်းတို့မှာ များမကြာမီကာလအတွင်း ခရစ္စက သူ၏ ပညာရေးအသုံးစရိတ်လက်ကျန်ငွေ အားလုံးကို ငတ်မွတ်ခေါင်းပါးမှုတိုက်ဖျက်ရေး လူမှုအဖွဲ့အစည်းတစ်ရပ်ဖြစ် သည့် အောက်စ်ဖမ်းအမေရိက(OXFAM America သို့ လှူဒါန်းသွားမည်ဆိုခြင်းအား သိရှိထားခြင်း မရှိခဲ့ပေ။

ဘွဲ့နှင်းသဘင်အခမ်းအနားကို မေလ ၁၂ ရက် စနေနေ့တွင် ကျင်း၊ ခဲ့သည်။ သူ၏ မိသားစုမှာ အလုပ်သမားဝန်ကြီး ဌာနဝန်ကြီး အလစ်ဇဘေက ဒိုးလ် (Elizabeth Dole)၏ ရှည်လျားလှသော ဘွဲ့နှင်းသဘင်အခမ်းအနားမိန့်ခွန်း ကို ပျင်းရိစွာ ထိုင်၍ နားထောင်နေခဲ့ကြရသည်။ ထို့နောက် အသိအမှတ်ပြု ဒီပလိုမာလက်မှတ် လက်ခံရယူရန် စင်မြင့်ထက်တွင် ပြုံးရွှင်စွာ ဖြတ်လျှောက် လာသော ခရစ္စ၏ပုံကို ဘီလီက ဓာတ်ပုံရိုက်ယူသည်။

ဘွဲ့နှင်းသဘင်အခမ်းအနား အပြီး နောက်တစ်ရက်သည် မိခင်များနေ့ ဖြစ်သည်။ ခရစ္စက မိခင်ဖြစ်သူ ဘီလီအား မိခင်များနေ့အထိမ်းအမှတ်အဖြစ် ပန်းစည်း၊ အမှတ်တရကတ်ပြားနှင့် သကြားလုံးများ ပေးအပ်ခဲ့သည်။ ခရစ္စ၏ သိတတ်မှုအတွက် ဘီလီမှာ အံ့အားပင်သင့်ကာ လွန်စွာမှပင် စိတ်လှုပ်ရှားသွားခဲ့ ရသည်။ ယခုလက်ဆောင်မှာ သားဖြစ်သူထံမှ နှစ်နှစ်ကျော်ကာလအတွင်း

ပထမဆုံးရရှိသည့်လက်ဆောင်လည်း ဖြစ်သည်။ သူ၏ မူဝါဒအရ လက်ဆောင်ပစ္စည်းပေးအပ်ခြင်း၊ လက်ခံရယူခြင်းတို့ကို ပြုလုပ်တော့မည်မဟုတ်ကြောင်း ခရစ္စက သူ၏မိဘများထံ အသိပေးပြောကြားခဲ့ပြီးနောက်ပိုင်း ရရှိလာသည့် ပထမဆုံးလက်ဆောင်ပင်ဖြစ်သည်။ စင်စစ်တွင် ဝေါ့လ်တ်နှင့် ဘီလီတို့က ဘွဲ့ရသည့် အထိမ်းအမှတ်လက်ဆောင်အဖြစ် ခရစ္စအား မော်တော်ကားအသစ် တစ်စီး ဝယ်ယူပေးလိုကြောင်းနှင့် ဥပဒေသင်တန်းကျောင်းတက်ရောက်ရန် စရိတ်အလုံအလောက်မကျန်ရှိပါက လိုအပ်သမျှငွေကို ထပ်မံထုတ်ပေးမည်ဖြစ်ကြောင်း ပြောကြားလာခဲ့သော်လည်း ခရစ္စက မိဘများကိုပင် အပြစ်တင် စကားဆိုခဲ့သေးသည်။

သူ့တွင် ကားကောင်းတစ်စီးရှိပြီးဖြစ်သည်ဟုသာ ခရစ္စက တွင်တွင်ဆိုသည်။ သူ၏ကားက ၁၉၈၂ ခုနှစ်ထုတ် ဒတ်ဆန်း ဘီ ၂၁၀(Datsun B 210 အမျိုးအစားဖြစ်သည်။ ပိန်ရှာချိုင့်ရှာ အနည်းငယ်မျှရှိသော်လည်း စက်ပိုင်း ဆိုင်ရာ ကောင်းမွန်သောအနေအထားတွင် ရှိနေဆဲဖြစ်ပြီး ခရီးမိုင်ပေါင်း ၁၂၈,၀၀၀ အထိ မောင်းနှင်ထားပြီးဖြစ်သည်။ “သူတို့က အစ်ကို့အတွက် ကားတစ်စင်းဝယ်ပေးဖို့ ကြိုးစားလာတာကို ယုံတောင်မယုံနိုင်ဘူး ။ နောက်ပိုင်း တွင် ညီမဖြစ်သူ ကယ်ရင်းထံသို့ ရေးသားပေးပို့သည့် ပေးစာတစ်စောင်၌ ခရစ္စက ထိုသို့ ဖော်ပြခဲ့ခြင်း ဖြစ်သည်။ ဒါမှမဟုတ်လည်း ဥပဒေသင်တန်းကျောင်းတက်ဖြစ်မယ်ဆိုရင် သူတို့ ပေးတဲ့ငွေကို အစ်ကိုက လက်ခံလိမ့်မယ်လို့ ထင်ခဲ့ကြတာ။

သူတို့ကို အကြိမ်ကြိမ်ပြောခဲ့ပြီးသားပဲလေ။ ကမ္ဘာပေါ်မှာ အကောင်းဆုံးကားတစ်စီး အစ်ကို့မှာရှိတယ်ဆိုတာ။ ဒီကားလေးက မိုင်ယာမီကနေ အလာစကာအထိ ခရီးဆန့်ခဲ့တဲ့ကား။ ဒီလောက် မိုင်ထောင်ချီမောင်းတာတောင် ပိုင်ရှင်ကို ဘာဒုက္ခမှမပေးခဲ့တဲ့ ကား လေးပါ။ ဒီကားလေးကို အစ်ကိုက ဘယ်တော့မှ အရောင်းအဝယ် အလဲအထပ်လုပ်ဖို့ရာ စိတ်ကူးမရှိဘူး။ ဒီကားလေးကို အရမ်းတွယ်တာနေမိပြီလေ။ ဒါတောင်မှ သူတို့က အစ်ကို့စကားကို အလေး မထားဘဲ သူတို့ဝယ်ပေးတဲ့ကားအသစ်ကို လက်ခံမယ်ထင်နေကြ သေးတယ်။ ရှေ့လျှောက်လည်း သူတို့ဆီက ဘာလက်ဆောင်ပစ္စည်း မှ လက်မခံဖြစ်အောင် သတိထားနေရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလိုလက်ခံလိုက်ရင် အစ်ကို့ရဲ့ လေးစားမှုကို ငွေနဲ့ ဝယ်လို့ရတယ် လို့ သူတို့ ထင်သွားကြမှာကြောင့်ပါ။

ခရစ္စက အထက်တန်းကျောင်းသားကြီး အရွယ်ကတည်းကပင် အဝါရောင်တစ်ပတ်ရစ် ဒတ်ဆန်းကားလေးကို ဝယ်ယူထားခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်ကတည်းကပင် ကျောင်း၌ အတန်းမရှိသည့်အခါမျိုးတွင် ခရစ္စက မော်တော်ကားဖြင့် တစ်ကိုယ်တော် ခရီးထွက်လေ့ရှိသည်။ ဘွဲ့နှင်းသဘင်အခမ်း အနားကျင်းပသည့် သီတင်းပတ်ကုန်ရက်၌ ခရစ္စက လာမည့်နွေရာသီကာလ အတွင်း ကားတစ်စင်းဖြင့် ခရီးထွက်မည့်အကြောင်း သူ၏မိဘတို့ကို ကောက်ကာငင်ကာပြောလာခဲ့သည်။ သူ၏ စကားလုံးအတိအကျအတိုင်း ဆိုရပါမူ

“ကျွန်တော် ခဏလောက်တော့ ပျောက်နေဦးမယ် ထင်တယ်” ဟူ၍ ဖြစ်သည်။

ခရစ္စက ထိုသို့ပြောကြားလာချိန်တွင် မိခင်ရော၊ ဖခင်ကပါ အမှုမဲ့၊ အမှတ်မဲ့နေခဲ့ကြသည်။ ဖခင်ဖြစ်သူ ဝေါ့လ်တ်က “မင်း ခရီးမထွက်ခင် ငါ တို့ဆီ ဝင်ဖြစ်အောင်ဝင်ခဲ့ပါဦး”ဟုပင် သားဖြစ်သူအား အေးအေးဆေးဆေး မှာကြားခဲ့သေးသည်။ ခရစ္စက ပြုံး၍ ခေါင်းညိတ်ပြသည်ကိုပင် ဝေါ့လ်တ်နှင့် ဘီလီတို့က သားဖြစ်သူ နွေရာသီခရီးမထွက်မီ အဲန်နာဒေးလ်သို့ ဝင်လည်မည် ဖြစ်ကြောင်း အတည်ပြုခြင်းအဖြစ် မှတ်ယူခဲ့ကြသည်။ မိဘများက ခရစ္စကို နှုတ်ဆက်စကားပင် ဆိုသွားခဲ့ကြသေးသည်။

ဇွန်လနှောင်းပိုင်းတွင် အတ္တလန်တာမြို့၌ ရှိနေဆဲဖြစ်သော ခရစ္စက မိဘများထံ သူ၏ နောက်ဆုံးစာမေးပွဲအမှတ်စာရင်းအား စာတိုက်မှ ပေးပို့ခဲ့သည်။ တောင်အာဖရိက လူမှုအဖွဲ့အစည်းနှင့် လူမျိုးရေးခွဲခြားမှုဘာသာရပ်၌ “အေ”အဆင့်၊ မနုဿဗေဒအတွေးအခေါ်သမိုင်းဘာသာရပ်၌ “အေ”အဆင့်၊ ခေတ်ပြိုင်အာဖရိကနိုင်ငံရေးနှင့် အာဖရိကရိက္ခာအကျပ်အတည်းဘာသာရပ် "အေမိုင်းနပ်စ် အဆင့်၊ အသီးသီးရရှိခဲ့ခြင်းဖြစ်သည်။ အမှတ်စာရင်းစာရွက်နှင့် အတူ အောက်ဖော်ပြပါ စာတိုတစ်ပုဒ်ကို ပူးတွဲပေးပို့ခဲ့သည်။

ကျွန်တော့်ရဲ့ နောက်ဆုံးအတန်းတင်စာမေးပွဲ ဘာသာရပ် အလိုက် ရမှတ်စာရင်းမိတ္တူတစ်စောင် ပေးပို့လိုက်ပါတယ်။ ဘာသာရပ်အလိုက် ရမှတ်အဆင့်တွေ ကောင်းကောင်းရခဲ့ပြီး ပျမ်းမျှ ရမှတ် ကောင်းကောင်းနဲ့ အောင်မြင်ခဲ့တာဖြစ်ပါတယ်။

ဘွဲ့ယူတဲ့နေ့က ဓာတ်ပုံတွေနဲ့ မုတ်ဆိတ်ရိတ်စက်တစ်ခုအတွက် ရော၊ ပါရီခရီးစဉ်ကနေ လှမ်းပို့ပေးခဲ့တဲ့ အမှတ်တရပို့စ်ကတ် အတွက်ပါ ကျေးဇူးတင်ပါတယ်။ ပါရီမှာ ဖေဖေနဲ့မေမေ တော် တော်ပျော်ခဲ့ရပုံရပါတယ်။ ပျော်စရာတွေ အများကြီးဖြစ်မှာပါ။

လွိုက်(အမ်မိုရီတက္ကသိုလ်မှ ခရစ္စ၏ အရင်းနှီးဆုံး ကျောင်းနေဖက်သူငယ်ချင်း)ကိုလည်း သူ့ဓာတ်ပုံ ပေးလိုက်ပါပြီ။ သူက အရမ်းကို ကျေးဇူးတင်နေတာ။ သူဘွဲ့ယူနေတဲ့ပုံ ဓာတ်ပုံရိုက်ထားတာ မရှိသေးဘူးလေ။ ဒီမှာတော့ ဘာမှထူးထူးခြားခြား ဖြစ်ပျက်တာမရှိပါဘူး။ ဒါပေမဲ့ ရာသီဥတုက တော်တော်လေးပူစ,ပြုလာနေပြီ။ စိုထိုင်းထိုင်း ဖြစ်နေတယ်။ အားလုံးကို နှုတ်ဆက်ကြောင်း ပြောပေးပါဦး။

ထိုစာတိုလေးက ခရစ္စ၏မိသားစုဝင်များ သူ့ထံမှ နောက်ဆုံးရရှိခဲ့သည့် အဆက်အသွယ်ပင်ဖြစ်သည်။

အတ္တလန်တာတွင် နေခဲ့သည့် နောက်ဆုံးနှစ်တွင် ခရစ္စသည် တက္ကသိုလ်ကျောင်းဝင်းအတွင်းမှ အခန်းငယ်တစ်ခုတွင် မှီခိုနေထိုင်ခဲ့သည်။ အခန်းကြမ်းပြင်၌ မွေ့ရာပါးပါးခင်းထားကာ နွားနို့ပုလင်းပုံးခွံများနှင့် စားပွဲတစ် လုံးသာ ခင်းကျင်းထားသည့်အခန်း ဖြစ်သည်။ သူက သူ၏အခန်းကို စစ်

တန်းလျားအဆောင်တစ်ခုကဲ့သို့ ပြောင်လက်သန့်ရှင်းသပ်ရပ်စွာ ထားရှိသည်။ သူ့တွင် ဆက်သွယ်စရာ တယ်လီဖုန်းမရှိသဖြင့် ဝေါ့လ်တ်နှင့် ဘီလီတို့မှာ သူ့ကို ဖုန်းဆက်သွယ်နိုင်ခြင်းမရှိပေ။

ခရစ္စထံမှ စာမေးပွဲအမှတ်စာရင်း ပေးပို့လာခဲ့သည့်နောက်ပိုင်း မည်သည့်အဆက်အသွယ်မျှ တပ်မံမရရှိသဖြင့် သူ၏ မိဘများက ၁၉၉၀ ပြည့်နှစ် ဩဂုတ်လဆန်းပိုင်းတွင် အတ္တလန်တာသို့ အလည်အပတ်သွားရောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ အတ္တလန်တာရှိ ခရစ္စ၏ နေအိမ်တိုက်ခန်းသို့အရောက်တွင် အခန်းမှာ နေထိုင်သူမရှိ၊ လစ်လပ်နေပြီး ပြတင်းတံခါးပေါ်၌ "ငှားရန်"ဆိုင်းဘုတ် တင်ထားသည်ကို မြင်တွေ့ကြရသည်။ တိုက်ခန်းမန်နေဂျာ၏ ပြောကြားချက် အရ ဇွန်လကုန်ကပင် ခရစ္စ ပြောင်းရွှေ့သွားခဲ့ပြီးဖြစ်ကြောင်း သိရှိကြရသည်။ ဝေါ့လ်တ်နှင့် ဘီလီတို့ အိမ်ပြန်ရောက်သည့်အခါ ထိုနှစ်နွေရာသီတစ်လျှောက် ခရစ္စထံ ပေးပို့ခဲ့သော သူတို့၏ ပေးစာအားလုံးမှာ သူတို့၏နေအိမ်သို့ အထုပ် လိုက်ပြန်လည်ရောက်ရှိနေကြောင်း တွေ့ကြရသည်။ "ခရစ္စက သူ့လိပ်စာနဲ့ လာတဲ့စာတွေကို ဩဂုတ်လ ၁ ရက်နေ့အထိ သိမ်းထားပေးဖို့ စာတိုက်ကို မှာခဲ့တာဆိုတော့ ဘာတွေဖြစ်နေမှန်း ကျွန်မတို့ မသိခဲ့ရဘူး"။ ဘီလီက ပြန်ပြောပြလာခြင်းပင်။ "စာတွေပြန်ရောက်လာတော့ ကျွန်မတို့ အရမ်းအရမ်းကို စိတ်ပူ သွားခဲ့ရတယ်"။

ထိုအချိန်၌ ခရစ္စ ထွက်ခွာသွားခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ထို့အရင် သီတင်းငါးပတ်ခန့်ကပင် ခရစ္စက သူပိုင်ပစ္စည်းများကို ကားလေးပေါ် တင်ကာ ခရီးစဉ်ဦးတည်ချက် မည်မည်ရရမရှိဘဲ အနောက်အရပ်သို့ ခရီးထွက် ခွာသွားခဲ့ပြီ ဖြစ်သည်။ ခရီးစဉ်ကား စွန့်စားခန်းခရီးရှည်ကြီးတစ်ခုသာဖြစ် သည်။ အရာရာကို ပြောင်းလဲပစ်မည့် စွန့်စားခန်းခရီးကြမ်းပင်။ ပြီးခဲ့သည့် လေးနှစ် တာကာလ တစ်လျှောက်လုံး ကောလိပ်ဒီဂရီတစ်ခုရရှိရေးအတွက် အဓိပ္ပာယ်မဲ့ အားအင်စိုက်ထုတ်ကြိုးပမ်းခဲ့ရသည်ဟု ခရစ္စအား သုံးသပ်ရှုမြင်ထား သည်။ အဆုံးတွင် ထိုဝန်ထုပ်ဝန်ပိုးကြီးအား ထမ်းရွက်ရခြင်းမှ သူကင်းလွတ် ခွင့်ခဲ့ရပြီး သူ့မိဘများနှင့် မိတ်ဆွေအပေါင်းအသင်းများ၏ မွန်းကျပ်သော ကမ္ဘာထဲမှ အတားအဆီးမရှိ လွတ်မြောက်ခဲ့ရပြီ။ စိတ်ဝင်စားမှုကင်းမဲ့ခြင်း၊ စိတ်လုံခြုံမှုနှင့် လိုအပ်သည်ထက် ပိုလျှံနေသော ရုပ်ဝတ္ထုများရှိရာ ကမ္ဘာထဲမှ ပြေးထွက်နိုင်ခဲ့ပြီ။ လူသားဖြစ်တည်မှု၏ ပကတိနှလုံးခုန်သံနှင့် ဝမ်းနည်းပူဆွေးစွာ အဆက်ပြတ်ခဲ့ရသည်ဟု ခံစားရသော ကမ္ဘာမှ ဝေးရာသို့ ထွက်ခွာနိုင် ခဲ့ပြီဖြစ်သည်။

အတ္တလန်တာမြို့မှ အနောက်ဘက်စူးစူးသို့ ဦးတည်မောင်းနှင်ရင်း သူ့အတွက် လုံးဝကွဲပြားခြားနားသော ဘဝအသစ်တစ်ရပ် တည်ထောင်ရန် ခရစ္စက ရည်ရွယ်ခဲ့သည်။ ထိုဘဝသစ်တွင် သူက များစွာသော အတွေ့အကြုံ သစ်တို့ကို ခွဲခြားစိစစ်မှုမပြုဘဲ ပကတိအတိုင်း လွတ်လွတ်လပ်လပ် တွေ့ကြုံ ခံစားနိုင်မည်ဖြစ်သည်။ သူ၏ ဘဝဟောင်းနှင့် ယတိပြတ်အဆက်ဖြတ်နိုင်ရန်

ရည်ရွယ်၍ သူ၏ အမည်ကိုပင် အမည်သစ်ပြောင်းလဲ မှည့်ခေါ်ခဲ့သည်။ ခရစ္စမက်ကန်း ဒလက်စ်ဟု ခေါ်ဆိုလာခြင်းကို သူက ပြန်ထူးနေမည် မဟုတ်တော့ပါ။ သူသည် ယခုအခါ သူ၏ ကံကြမ္မာကို သူကိုယ်တိုင်စေစားမည့် အလက်ဇန္ဒားစူပါ ထရမ့်ပ်ပင်ဖြစ်သည်။

အခန်း (၄)
ဒက်ထရိုင်တယ်လ်ဝေါ့ရှ်မြစ်

ကန္တာရဆိုသည်မှာ မျိုးရိုးဗီဇအရသာလျှင်မက ဇီဝကမ္မဆိုင်ရာဖြစ်စဉ်များအရပါ လူတို့နှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသော အကြောင်းအရာတို့ကို ထုတ်ဖော်ကြေညာရာ ပတ်ဝန်းကျင်တစ်ရပ်ဖြစ်သည်။ အာရုံအသိဖြင့်ခံစားသည့် အနေအစားဆင်းရဲမှုများ၊ ရသမြောက်အတွေးများ၊ ထုတ်ဖော်ကြေညာရာလည်းဖြစ်ပြီး သမိုင်းအစဉ်အဆက်တစ်လျှောက် လူတို့အတွက် ရင်းနှီးဖော်ရွေမှုမရှိသော ပတ်ဝန်းကျင်လည်းဖြစ်သည်။ ယင်း၏ ပုံစံတို့မှာ အမြင်အာရုံကိုဖမ်းစား နိုင်ပြီး အတွေးစိတ်ကူးတို့ကို လှုံ့ဆော်သည်။ လူတို့၏စိတ်ကို အလင်းရောင်နှင့် နေရာ၊ ထိတွေ့ခံစားနိုင်သော ခြောက်သွေ့ခြင်း၏ သစ်လွင်လတ်ဆတ်မှု၊ မြင့်မားသောအပူချိန်နှင့် လေတိုက်ခတ်ခြင်းတို့က အဘက်ဘက်မှ ဝန်းရံထိုးနှက်တိုက်ခိုက်သည်။ ကန္တာရကောင်းကင်သည် ပတ်ချာလည်ဝန်းရံထားပြီး ဘဝင်ခိုက်စရာ အလှအပတို့ကို ပိုင်ဆိုင်ထားရုံမျှမက ထူးထူးကဲကဲ လေးနက်ခြင်းလည်းရှိသည်။ လူတို့နေထိုင်ရာ အခြားသောအရပ်တို့၌ မိုးကုပ်စက်ဝိုင်းအထက်ရှိ ကောင်းကင်၏ နှုတ်ခမ်းအစွန်းသည် ကျိုးပဲ့ပြတ်တောက်လျက်ရှိသည်။ သို့တည်းမဟုတ် မမြင်နိုင်အောင် ဖုံးကွယ်ထားခံရသကဲ့သို့ ရှိသည်။ ဤနေရာတွင်မူ ဦးခေါင်းအထက်ရှိ အစိတ်အပိုင်းနှင့်အတူ တွေ့ရှိရသော ကန္တာရကောင်းကင်သည် ကျေးလက်ဒေသနှင့် သစ်တောမြေများအထက် တလိမ့်လိမ့်ရွေ့လျားနေသော ကောင်းကင်ထက် အဆုံးမဲ့ကျယ်ပြန့်လှသည်။

ပိတ်ပင်တားဆီးမှုအလျှင်းမရှိဘဲ မြင်တွေ့နေရသော ကောင်းကင်ထဲတွင် 'တိမ်တိုက်တိမ်လိပ်တို့သည် ထုထည်ပမာဏ ပို၍ကြီးမားနေဟန်ရှိသည်။ ရံဖန်ရံခါ၌ ယင်းတိမ်တိုက်တို့သည် ကမ္ဘာမြေ၏ အောက်ဘက်မျက်နှာပြင်ခွက်ဝင်မှုကြောင့် ဖြစ်ပေါ်သည့် ကွေးညွတ်မှုကို ခမ်းနားစွာ တုံ့ပြန်ထင်ဟပ်လျက်ရှိသည်။ ကမ္ဘာမြေကြီး၏ သဘာဝလက္ခဏာတစ်ရပ်ဖြစ်သော ကန္တာရ၏ ထောင့်ချိုးသဏ္ဍာန်များက ယင်းတိမ်တိုက်တို့နှင့် မြေမျက်နှာပြင်သို့ ခမ်းနားထည်ဝါသော ဗိသုကာအတတ်ကို ပေးဝေသည်။

ဘုရားသခင်၏ တမန်တော်များနှင့် သူတော်ကောင်းတရားရှာမှီးသူ တို့က ကန္တာရသို့ သွားကြသည်။ ဘုရားဖူးခရီးသည်များနှင့် မြိုင်ရပ်နှင်ခံရသူ တို့သည်လည်း ကန္တရကို ဖြတ်သန်းသွားကြရသည်။ ကြီးကျယ်ခမ်းနားသော၊ ဘာသာတရားအသီးသီးအား ဦးဆောင်ဦးရွက်ပြုသူတို့သည် လက်ရှိဘဝမှ လွတ်မြောက်ရန်အတွက်မဟုတ်ဘဲ စစ်မှန်သောတရားကို တွေ့ရှိရန်အလို့ငှာ ကေစာကျင့်ခြင်း၏ ပဲ့ပြင်နိုင်စွမ်းတန်ဖိုးနှင့် စိတ်ပိုင်းဆိုင်ရာတန်ဖိုးတို့ကို ဤ

ကန္တာရတွင်ပင် ကြိုးစားရှာဖွေသွားခဲ့ကြသည်။

ပေါလ်ရှက်ပါ့ဒ်

Man in the Landscape:

(A Historic View of the Esthetics of Nature မှ ကောက်နုတ်ချက်)

ဝံလက်ဝါးပေါ်ပီပန်းသည် ကမ္ဘာပေါ်တွင် မိုဟာဗီး(Mojave Desert) မှလွဲ၍ အခြားမည်သည့်အရပ်ဒေသတွင်မျှ တွေ့ရှိရခြင်းမရှိသော အလေ့ကျပန်းရိုင်းတစ်မျိုးဖြစ်ပြီး ရုက္ခဗေဒအမည်မှာ အာ့က်တိုမီကွန် ကယ်လီဖိုနီကာ (Aretomecon Californica) ဖြစ်သည်။ နွေဦးရာသီနှောင်းပိုင်းအချိန်တွင် ခဏတာမျှသော ပွင့်တတ်သောပန်းမျိုးဖြစ်ပြီး ကျန်သောရာသီအချိန်များတွင်မူ ခြောက်သွေ့သောမြေပေါ်၌ အလေ့ကျရောထွေးပေါက်ရောက်ကာ မည်သူမျှ သတိမမူမိဘဲ ရှိတတ်ကြသည်။ အာ့က်တိုမီကွန် ကယ်လီဖိုနီကာ ပန်းမျိုးစိတ် သည် အလွန်တရာရှားပါးလှသဖြင့် မျိုးတုံးကွယ်ပျောက်လုနီးပြီဖြစ်သော ပန်းမျိုးစိတ်တစ်ခုအဖြစ် သတ်မှတ်ထားသည်။ အတ္တလန်တာမြို့မှ မက်ကန်းဒလက်စ် ထွက်ခွာခဲ့ပြီး သုံးလကျော်ခန့်အကြာ ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလအတွင်း အမျိုးသားဥယျာဉ်ထိန်းသိမ်းစောင့်ရှောက်ရေးဌာနမှ ဝန်ထမ်းတစ်ဦးဖြစ်သူ ဘာ့ဒ်ဝေါ့လ်ရှ်(Bud Walshiအား မိ(ဒ)ရေကန် အမျိုးသားအဆင့် ပြန်လည်စိမ်းလန်းရေးဧရိယာ (Lake Mead National Recreation Area အတွင်းမှ လူသူနေ ထိုင်ခြင်းမရှိသည့် ဝေးလံခေါင်းပါးဒေသဆီသို့ စေလွှတ်ကာ ဝံလက်ဝါးပေါ်ပီ ပင်များကို ရေတွက်မှတ်တမ်းယူစေသည်။ ဝံလက်ဝါးပေါ်ပီပင်တို့ မည်မျှရှားပါး နေပြီဖြစ်သည်ကို ပြည်ထောင်စုအစိုးရ သိရှိလာစေရန် ဆောင်ရွက်ခြင်းပင် ဖြစ်သည်။

အာ့က်တိုမီကွန် ကယ်လီဖိုနီကာသည် မိ(ဒ)ရေကန်၏ တောင်ဘက်အခြမ်းတွင် အများအပြားတွေ့ရှိရသည့် အဖြူရောင်ဂျစ်ပဆမ်(Gypsum) ကျောက်သားမြေပေါ်တွင်သာ ပေါက်ရောက်သည့်အပင်မျိုးဖြစ်သည်။ သို့ဖြစ်၍ ဝေါ့လ်ရှ်နှင့် သူ၏ သစ်တောဝန်ထမ်းရိန်းဂျားများက မိ(ဒ)ရေကန်သို့ သွားရောက် ကာ ရုက္ခဗေဒစစ်တမ်းတစ်ရပ်ကောက်ယူရမည် ဖြစ်သည်။ ဝေါ့လ်ရှ်နှင့် အဖွဲ့က တမ်ပယ်လ်ဘားလမ်းမ(Temple Bar Road)မှ ခွဲထွက်ကာ လမ်းမရှိသည့် ခရီးမိုင်နှစ်မိုင်ခန့် မောင်းနှင်သွားပြီးနောက် ဒက်ထရိုင်တယ်လ်ဝေါ့ရှ်(Detrital Wash) မြစ်ကြမ်းပြင်သို့ ရောက်သည်။ ကမ်းနဖူးတစ်နေရာတွင် ကားများကို ရပ်ထား ကာ အရှေ့ဘက်ကမ်းရှိ မတ်စောက်သောကမ်းပါးကို တွယ်တက်ကြသည်။ ကျိုးပဲ့လွယ်သော အဖြူရောင်ဂျစ်ပဆမ်ကျောက်သားတို့ဖြင့် ဖွဲ့စည်းထားသည့် ဆင်ခြေလျှောတစ်ခု ဖြစ်သည်။ မိနစ်အနည်းငယ်မျှကြာပြီးနောက် ကမ်းပါးထိပ်သို့ရောက်ခါနီးတွင် ရိန်းဂျားတစ်ဦးက အသက်ဝဝရှူရန် ခဏတာမျှ ရပ်နားစဉ် ကမ်းပါးအောက်ဘက်ရှိ မြစ်ကမ်းတစ်လျှောက်ဆီသို့ စောင်းငဲ့ကြည့် လိုက်သည်။ "ဟေး... ဟိုမှာ ကြည့်စမ်း”။ သူက အော်ပြောလာသည်။ “ဘာကြီးလဲဟ၊ အဲဒီမှာ”။

ရေခန်းနေသောမြစ်ကြမ်းပြင်၏ အစွန်းတစ်ဖက်၊ ကားများရပ်ထားခဲ့ သော နေရာနှင့် မလှမ်းမကမ်း၌ ဆားငန်ရေဒဏ်ခံသော ချုံပင်တစ်အုပ်ရှိပြီး အနီးတွင် ကြီးမားသောအရာဝတ္ထုတစ်ခုကို အုန်းခွံရောင်တာပေါ်လင်အစတစ်စ ဖြင့် ဖုံးအုပ်ထားသည်။ ရိန်းဂျားများက တာပေါ်လင်စကို ဖယ်ရှားလိုက်သည့် အခါ အဝါရောင်ဒတ်ဆန်းကားဟောင်းတစ်စီးကို တွေ့ကြရသည်။ ကားကိုယ်ထည်ပေါ်တွင် လိုင်စင်နံပါတ်ပြားများ မပါရှိပေ။ ရှေ့လေကာမှန်တွင် မှတ်စုစာရွက်တစ်ရွက်ကို တိပ်ဖြင့်ကပ်ထားသည်။ "ဒုက္ခပေးတဲ့ကားကို ထားရစ်ခဲ့ပြီ။ ဒီကနေ သယ်ထုတ်သွားနိုင်တဲ့ ဘယ်သူမဆို အပိုင်ယူနိုင်ပါတယ်"ဟု ရေးသား ထားသည်။

ကားတံခါးများကို သော့ချမထားပါ။ ကြမ်းခင်းများက ရွှံ့ဖြင့် မံထား သကဲ့သို့ ရှိသည်။ မကြာမီက ဖြစ်ပွားခဲ့သော ရုတ်တရက် ရေကြီးရေလွှမ်းမိုးမှုကြောင့် ဖြစ်ဟန်ရှိသည်။ ဂျန်နီနီဂစ်တာတစ်လက်၊ ၄ ဒသမ ၉၃ ဒေါ်လာတန်ဖိုး ရှိ ငွေအကြွေစေ့များ ထည့်ထားသော ဒယ်ပြားတစ်လုံး၊ ဘောလုံးတစ်လုံး၊ အဝတ်ဟောင်းများအပြည့်ထည့်ထားသော အမှိုက်အိတ်တစ်လုံး၊ ငါးမျှားတံတစ်ချောင်းနှင့် ငါးမျှားပစ္စည်းကိရိယာများ၊ စက်တပ်မုတ်ဆိတ်ရိတ်စက်တစ်ခု၊ ဘက်ထရီထောက်ကြိုးတစ်စုံ၊ ဆန်နှစ်ဆယ့်ငါးပေါင်နှင့် မော်တော်ကား ဒက်ရှ်ဘုတ်ကဲ ခွက်အတွင်းမှ ကားသော့တို့ကို ကားထဲတွင် ရှာဖွေတွေ့ရှိရ သည်။

ရိန်းဂျားတို့က အနီးဝန်းကျင်တစ်ဝိုက်တွင် မသင်္ကာဖွယ်ရာ တစ်စုံတစ် ခု တွေ့လိုတွေ့ငြား ရှာဖွေကြည့်ခဲ့ကြသေးကြောင်း ဝဲ့လ်ရှ်က ပြန်ပြောပြခဲ့သည်။ ထို့နောက်တွင် ထိုနေရာမှ သူတို့ ထွက်ခွာသွားခဲ့ကြသည်။ ထို့နောက် ငါးရက်ခန့် အကြာတွင် စွန့်ပစ်ထားသော ကားဆီသို့ ရိန်းဂျားတစ်ယောက်က ပြန်လည် ရောက်ရှိလာကာ ကားစက်ကို ဘက်ထရီအပိုတစ်လုံးဖြင့် ထောက်နှိုးခဲ့ရာ အခက်အခဲမရှိ အဆင်ပြေခဲ့သည်။ ထိုရိန်းဂျားက ဒတ်ဆန်းကားကို တမ်ပယ်လ် ဘားမြို့လေးရှိ အမျိုးသားဥယျာဉ် စက်ပြင်ဌာနအထိ မောင်းနှင်လာခဲ့သည်။ "တစ်နာရီ မိုင်ခြောက်ဆယ်နှုန်းနဲ့ သူက မောင်းပြန်လာတာ"။ ဝဲ့လ်ရှ်က ပြန်ပြောပြလာသည်။ "ကားက တကယ့်ချန်ပီယံဆုရ ကားတစ်စီးလိုပဲလို့ အဲဒီ ရိန်းဂျားက ပြောပြခဲ့တယ်"။ မော်တော်ကားပိုင်ရှင်ကို သိရှိလိုသော ရိန်းဂျားတို့က သက်ဆိုင်ရာ ဥပဒေထိန်းကျောင်းရေးအဖွဲ့များထံ တယ်လီပရင် တာဖြင့် သတင်းပေးပို့ မေးမြန်းခဲ့သည်။ ဒတ်ဆန်းကား၏ မော်တော်ယာဉ်ထုတ် လုပ်မှုအမှတ်စဉ်ကို ပေးပို့၍ ရာဇဝတ်မှုခင်းတစ်စုံတစ်ရာနှင့် ပတ်သက်ခြင်း ရှိ+မရှိ သိရှိနိုင်ရန် အနောက်တောင်ပိုင်းဒေသတစ်ခုလုံးရှိ ကွန်ပျူတာမှတ်တမ်း များတွင် တိုက်ဆိုင်စစ်ဆေးကာ အသေးစိတ်ရှာဖွေမှုပြုလုပ်ခဲ့သည်။ မည်သည့် အဖြေမျှ ထွက်ပေါ်မလာခဲ့။

ရိန်းဂျားတို့က ထုတ်လုပ်မှုအမှတ်စဉ်ဖြင့် ခြေရာခံလိုက်ကြရာတွင် မော်တော်ယာဉ်၏ မူလပိုင်ရှင်ဖြစ်သော ဟာ့တ်ဇ်ကော်ပိုရေးရှင်း(Herte

Corporation)နှင့် အဆက်အသွယ်ရလာသည်။ ဟာ့တ်ဇ်ကော်ပိုရေးရှင်းက ထိုကားမှာ နှစ်အတော်ကြာကပင် ရောင်းချခဲ့ပြီးဖြစ်သော တစ်ပတ်ရစ်အငှား ကားဖြစ်ကြောင်း၊ ကားကိုပြန်လည်လက်ခံလိုခြင်းမရှိကြောင်း ပြန်ကြားခဲ့သည်။ "ဟေး... တယ်ဟုတ်ပါလား"။ ထိုစဉ်က သူ့အတွေးကို ဝါ့လ်ရှ်က အမှတ်ရနေ သေးသည်။ "လမ်းစောင့်နတ်တွေဆီက အလကားရလိုက်တာပဲ။ ဒီလိုကားမျိုးနဲ့ မူးယစ်ဆေးဝါး အရောင်းအဝယ်သမားတွေဆီ ဟန်ဆောင်ချဉ်းကပ်ရမယ်"။

ဝါ့လ်ရှ်က လက်တွေ့လည်း အကောင်အထည်ဖော်ခဲ့ပါသည်။ သစ်တောထိန်း သိမ်းရေးဌာနက နောက်သုံးနှစ်အတွင်း ဒတ်ဆန်းကားအသုံးပြု ချဉ်းကပ်ကာ မူးယစ်ဆေးအရောင်းအဝယ်ပြုလုပ်သူအများအပြားကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ သည်။ အမျိုးသားဥယျာဉ်ဧရိယာအတွင်း လှုပ်ရှားနေသော မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများကို နှိမ်နင်းခဲ့ရာ ဘူးလ်ဟက်ဒ်စီးတီး(Bullhead Cityအနီး နောက်တွဲမော်တော်ယာဉ်အိမ်တစ်လုံးတွင် စတည်းချသည့် မူးယစ် ဆေးဝါးဖြန့်ဖြူးသူတစ်ဦးထံမှ မက်သာအမ်ဖက်တမင်း(Methamphetamine) အမြောက်အမြားကိုလည်း ဖမ်းဆီးရမိခဲ့သည်။

ဒီကားဟောင်းလေးနဲ့ ခရီးသွားနေတာ မိုင်ပေါင်းမနည်းတော့ဘူး လေ"။ ဒတ်ဆန်းကားအား တွေ့ရှိခဲ့ပြီးနောက် နှစ်နှစ်ခွဲအကြာတွင် ဝါ့လ်ရှ်က ဂုဏ်ယူဝင့်ကြွားစွာ ပြောပြလာခြင်းဖြစ်သည်။ “ခါတ်ဆီနည်းနည်းလောက် ထည့်ထားလိုက်ရင် တစ်နေကုန်မောင်းပေရော့ပဲ။ တကယ်စိတ်ချရတဲ့ကား။ ဒီလိုကားမျိုးကို ဘယ်သူကမှ ပြန်လာမတောင်းတာ အံ့တောင်အံ့သြမိပါရဲ့”။

ထိုဒတ်ဆန်းကားမှာ မက်ကန်းဒလက်စ်၏ကားပင် ဖြစ်သည်။ အတ္တာ လန်တာမြို့မှ အနောက်စူးစူးသို့ ဒတ်ဆန်းကားလေးဖြင့် မောင်းနှင်ထွက်ခွာလာ သော မက်ကန်းဒလက်စ်သည် လမ်းတစ်လျှောက် မြင်တွေ့ရသော သဘာဝ အလှတရားများကို အမေရိကန်အက်ဆေးဆရာ အမ်မာဆင် (Emerson)၏ အက်ဆေးများသဖွယ် မူးယစ်ရီဝေစွာခံစားရင်း မောင်းနှင်ခဲ့ရာ မိ(ဒ)ရေကန် အမျိုးသားဥယျာဉ်ဧရိယာသို့ ဇူလိုင်လ ၆ ရက်နေ့တွင် ရောက်ရှိခဲ့သည်။

တောတွင်းလမ်းကြမ်းများတွင် မော်တော်ယာဉ်မောင်းနှင်သွားလာခြင်းမပြုရန် ကျပ်တည်းစွာ တားမြစ်ထားသော သတိပေးဆိုင်းဘုတ်များကို မက်ကန်း ဒလက်စ်က လျစ်လျူရှုကာ သဲမြေကြမ်းခင်းဖြစ်သော ဒက်ထရိုင်တယ်လ်မြစ် ကို ဖြတ်ကူးရာ၌ ဒတ်ဆန်းကားကို လမ်းဘေးသို့ ချ၍ မောင်းနှင်ခဲ့သည်။ ကျယ်ပြန့်သောမြစ်ပြင်၏ ကြမ်းခင်းတစ်လျှောက် နှစ်မိုင်မျှ မောင်းနှင်သွားခဲ့ပြီး နောက် မိ(ဒ)ရေကန်၏ တောင်ဘက်ကမ်းခြေသို့ ရောက်ရှိသည်။ နေ့အပူချိန်က ဖာရင်ဟိုက်ဒီဂရီ တစ်ရာ့နှစ်ဆယ်ခန့်အထိ ပူပြင်းလှသည်။ ကန္တာရဟင်းလင်း ပြင်ကြီးကား နေရောင်အောက်တွင် တရှိန်ရှိန်တောက်နေကာ မျက်စိတစ်ဆုံး ကျယ်ပြောလှသည်။

ရှားစောင်းပင်များ၊ ကန္တာရပင်များနှင့် လည်ပင်းအရစ်ပါ အပူပိုင်းပုတ်သင်များ ဝိုင်းရံလျက်ရှိသော တာမာရစ္စခ်(Tamarisk ချုံပင်ငယ်များ အနီးတွင် မက်ကန်းဒလက်စ်က တဲထိုးနေရာယူကာ သူကိုယ်တိုင် ရှာဖွေတွေ့ရှိထားသော လွတ်မြောက်ခြင်းအရသာအသစ်ကို ခံစားနေခဲ့သည်။

ဒက်ထရိုင်တယ်လ်မြစ်သည် မိ(ဒ)ရေကန်မှသည် အရီဇိုးနားပြည်နယ် ကင်းမဲန်းမြို့ (Kingman) မြောက်ဘက်ရှိ တောင်များအထိ မိုင်ငါးဆယ်ခန့် ရှည်လျားသည်။ တောင်ကြားဒေသတစ်ခုလုံးကို ဖြတ်သန်းစီးဆင်းသည့် ဒက် ထရိုင်တယ်လ်မြစ်သည် တစ်နှစ်ပတ်လုံးနီးပါးပင် မြေဖြူတစ်ခဲအလား ခြောက် သွေ့နေတတ်သည်။ နွေရာသီလများတွင်မူ နေလောင်ခံထားရသော မြေပြင် အထက်မှ အပူရှိန်မြင့်မားလှသော လေတို့သည် ရေနွေးကရားတစ်အိုး၏ အောက် ခြေမှ ပွက်ပွက်ရိုက် ဆူတက်လာသော ပူဖောင်းများပမာ အထက်သို့ ကြွတက်လာပြီး ပြင်းထန်သောလေစီးကြောင်းများ ဖြစ်ပေါ်စေသည်။ အထက်သို့ တက်လာသော လေစီးကြောင်းများက ပေတုံးဦးချွန်သဏ္ဍာန် တိမ်တိုက်များကို စုဖွဲ့စေသည်။ ထိုတိမ်တိုက်များက မိုဟာဗီးသဲကန္တာရအထက် အမြင့်ပေ သုံးသောင်းခန့်အထိ မြင့်တက်နိုင်သည်။ မိ(ဒ)ရေကန်နံဘေးတွင် မက်ကန်းဒ လက်စ် စခန်းချပြီး နှစ်ရက်ကြာသောအခါ နေ့လယ်နေ့ခင်း မိုးကောင်းကင်၌ မိုးခြိမ်းသံများ မထွက်ပေါ်စဖူး ထွက်ပေါ်လာကာ ဒက်ထရိုင်တယ်လ်တောင် ကြားဒေသတစ်လျှောက် မိုးသည်းထန်စွာ ရွာသွန်းသည်။

မက်ကန်းဒလက်စ်က ဒက်ထရိုင်တယ်လ်မြစ်အစွန်းတစ်ဖက် မြစ်ရေ ပြင်ထက် နှစ်ပေခန့်မြင့်သောနေရာ၌ စခန်းချထားခြင်းဖြစ်သည်။ အထက်ကုန်း မြေမြင့်ဆီမှ ညိုညစ်ညစ်ရေလှိုင်းလုံးကြီးများ အရှိန်အဟုန်ဖြင့် လိမ့်ဆင်းလာချိန် တွင် မက်ကန်းဒလက်စ်မှာ သူ၏ တဲနှင့် ပစ္စည်းပစ္စယများကို ရေစီးတွင် မျောပါမသွားစေရန် အချိန်မီ ရွှေ့ပြောင်းနိုင်ရုံလေးပင်ရှိသည်။ မော်တော်ကားကို မူ ရွှေ့ပြောင်းရန် နေရာကလည်းမရှိ၊ လက်ရှိနေရာကို စွန့်ခွာထွက်သွားနိုင်မည့် တစ်ခုတည်းသော လမ်းကြောင်းမှာလည်း လှိုင်းခေါင်းဖွေးဖွေးတို့ဖြင့် ပြည့်လျှံ နေပြီဖြစ်သော မြစ်ရေပြင်အဖြစ်သို့ ရောက်ရှိသွားပေပြီ။ သို့ရာတွင် ရုတ်တရက် ဖြစ်ပေါ်လာသော ရေလွှမ်းမိုးမှုက မက်ကန်းဒလက်စ်၏ မော်တော်ကားကို နေရာမှ ရွှေ့စေသည်အထိ အားမကောင်းခဲ့သည့်အပြင် အပျက်အစီး ကြီးကြီး မားမားလည်း မဖြစ်စေခဲ့ပါ။ အင်ဂျင်ကမူ ရေစိုသွားခဲ့ရသည်။ မက်ကန်း ဒလက်စ်က ကားစက်နှိုးရန် ကြိုးစားသော်လည်း မြစ်ရေစိုထားသည့် အင်ဂျင်က အလုပ်မလုပ်နိုင်တော့ပါ။ စက်နှိုးမရသဖြင့် စိတ်တိုလာသည့် မက်ကန်း ဒလက်စ်က ထပ်ကာထပ်ကာ နှိုးရာမှ အဆုံးတွင် ဘက်ထရီအားကုန်သွားခဲ့ သည်။

ဘက်ထရီအားကုန်ခြင်းကြောင့် ဒတ်ဆန်းကားကို မောင်းနှင်သွားနိုင် ရန် မရှိတော့ပေ။ ကားလမ်းပေါ်သို့ ပြန်တက်မောင်းနှင်လိုပါက မက်ကန်းဒလက်စ်အနေဖြင့် အနီးဆုံးနေရာရှိ အာဏာပိုင်တို့ထံ

လမ်းလျှောက်သွားကာ သူ၏ အခက်အခဲကို ပြောပြ အကူအညီတောင်းခံရုံမှတစ်ပါး အခြားရွေးချယ် ရန် မရှိပါ။ သစ်တောထိန်းသိမ်းရေးဝန်ထမ်းများနှင့် သွားတွေ့မည်ဆိုပါက လည်း စိတ်တိုစရာမေးခွန်းများ သူ့ကို မေးလာချေဦးမည်။ သတိပေးဆိုင်းဘုတ် များကို လျစ်လျူရှု၍ မည်သည့်အတွက်ကြောင့် မြစ်ကြမ်းခင်းပေါ်တွင် ကား မောင်းလာရသလဲ၊ မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်းမှာ နှစ်နှစ်မျှကျော်လွန် နေသည့်တိုင် အသစ်မလဲလှယ်ရသေးသည်ကို သတိပြုမိပါရဲ့လား၊ ယာဉ် မောင်းလိုင်စင်သက်တမ်းကုန်ဆုံးနေသည်ကိုရော သိပါရဲ့လား၊ မော်တော်ယာဉ် အာမခံပြုလုပ်ထားခြင်း မရှိသည်ကိုရော သိပါရဲ့လား၊ စသည်ဖြင့် များစွာသော မေးခွန်းတို့ကို ရင်ဆိုင်ရချေဦးမည်။

ထိုမေးခွန်းများအတွက် အဖြေမှန်များကို ရိန်းဂျားတို့ ရနိုင်မည် မဟုတ်ပါ။ မက်ကန်းဒလက်စ်ကလည်း ဥပဒေအချက်အလက်များနှင့် ဆင်ခြေ ထိုးဖြေရှင်းမည်သာ ဖြစ်သည်။ သူက ဟင်နရီဒေးဗစ်သော်ရိုး(Henry David Thoreau) ၏ On the Duty of Civil Disobedience အမည်ရ အာဏာဖီဆန်မှု အက်ဆေးတစ်ပုဒ်ကို ဓမ္မအဆုံးအမတစ်ရပ်ပမာ ကြည်ညိုသူဖြစ်သည့် အလျောက် ပြည်ထောင်စုအစိုးရ၏ ဥပဒေများကို အာခံဖီဆန်ခြင်းအား လူမှု ကျင့်ဝတ်တစ်ရပ်ပမာ ခံယူထားသောသူလည်း ဖြစ်သည်။ သူသည် သော်ရိုး၏ အယူအဆများကို နှစ်သက်စွာ လက်ခံကျင့်သုံးသည့် ခေတ်သစ်နောက်လိုက် ဖြစ်သည်။ ပြည်ထောင်စုအစိုးရက ရာထူးအဆင့်ဆင့်ဖြင့် ခန့်အပ်ထားသော အာဏာပိုင်တို့သည် သူ၏အမြင်ကို မျှဝေလက်ခံကြမည့်သူများ မဟုတ်ပေ။ သူတို့က မက်ကန်းဒလက်စ်၏ မိဘများထံ မုချကေန် ဆက်သွယ်အကြောင်း ကြားမည်မှာ သေချာလှသည်။ ထိုသို့ ဆိုးရွားသောအဖြစ်မျိုး ဖြစ်မလာစေရန် တားဆီးနိုင်မည့်နည်းလမ်းတစ်ခု ရှိသည်။ သူ၏ ကားကို စွန့်ပစ်ကာ ခြေလျင် ခရီးကြမ်း ဆက်ထွက်ရန်ပင် ဖြစ်သည်။ သူက ထိုအတိုင်းပင် ဆုံးဖြတ်ခဲ့သည်။

လက်ငင်းရင်ဆိုင်နေရသော အဖြစ်အပျက်တို့ကို တွေးတောခံစားစိတ် ပျက်နေရမည့်အစား မက်ကန်းဒလက်စ်က သာ၍ပင် ဝမ်းမြောက်နေပေသေး သည်။ ရုတ်တရက်ဖြစ်ပေါ်လာသော ရေကြီးရေလျှံမိုးမှုကို မလိုအပ်သော ပစ္စည်းပစ္စယ ဝန်ထုပ်ဝန်ပိုးများ စွန့်ပစ်ရန် အခွင့်အလမ်းတစ်ရပ်အဖြစ် သူက မှတ်ယူသည်။ သူက ဒတ်ဆန်းကားကို တာပေါ်လင်အစတစ်စဖြင့် တတ်နိုင်သမျှ လုံခြုံအောင် ဖုံးအုပ်ထားလိုက်သည်။ ဗာဂျီးနီးယားပြည်နယ် မော်တော်ယာဉ် နံပါတ်ပြားများကို ဖြုတ်ကာ ဝှက်ထားလိုက်သည်။ သူ၏ သမင်လိုက် ဝင်ချက်စတာရိုင်ဖယ်နှင့် တစ်ချိန်တွင် သူပြန်လာယူမည့် ကိုယ်ပိုင်ပစ္စည်းအချို့ကို မြေတွင် မြှုပ်နှံလိုက်သည်။ ထို့နောက် သော်ရိုးနှင့် တော်လ်စတွိုင်းတို့၏ လုပ်နည်းလုပ်ဟန်အတိုင်း သူ့တွင်ရှိသမျှ ငွေစက္ကူတို့ကို သဲပြင်ပေါ်တွင် စုပုံလိုက်သည်။ စိတ်မကောင်းဖွယ်ရာ စုပုံထားသော တစ်ဒေါ်လာတန်၊ ငါးဒေါ် လာတန်၊ ဒေါ်လာနှစ်ဆယ်တန်

ငွေစက္ကူများကို မီးရှို့ပစ်လိုက်သည်။ တရားဝင် ငွေတန်ဖိုး အမေရိကန်ဒေါ်လာ တစ်ရာနှစ်ဆယ့်သုံးဒေါ်လာခန့်ရှိ ငွေစက္ကူတို့မှ ခဏအတွင်းမှာပင် ပြာနှင့် မီးခိုးငွေ့များအသွင် ပြောင်းသွားကြရသည်။

ငွေစက္ကူ မီးပုံရှို့ခြင်းအပါအဝင် ဆက်လက်ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာတို့ကို မှတ်တမ်းတင်ရေးသားထားသည့် ဂျာနယ်တစ်အုပ်အား မက်ကန်းဒလက်စ်က အလာစကာမှ ထွက်ခွာမသွားမီ ဝိန်းဝက်စတာဘာ့ဂ်ထံ တွင် လုံခြုံစွာ သိမ်းဆည်းပေးထားရန် အပ်နှံခဲ့သဖြင့် အထက်ပါ အကြောင်း အရာများကို အသေးစိတ်သိရှိရခြင်း ဖြစ်သည်။ အဆိုပါ ဂျာနယ်တွင် ရေးသား ထားသည်တို့မှာ ဘေးလူတစ်ဦးက ပြောကြားဟန်ဖြင့်ရေးသားထားသော်လည်း ကိုယ့်အကြောင်းကိုယ်ရေးထားခြင်းဖြစ်သဖြင့် မဝံ့မရဲလေသံပေါက်နေကာ ဖတ်ရသည်မှာ ထောက်တောင့်တောင့်ရှိသည်။ စိတ်ခံစားမှုတို့ကို အသားပေး ရေးဖွဲ့သည့်ဘက်သို့ မကြာခဏ ရောက်ရှိသွားတတ်သော်လည်း တွေ့ရှိရသော အထောက်အထားများအရ မက်ကန်းဒလက်စ်သည် အချက်အလက်များကို လွဲမှားစွာ ပုံဖော်ရေးသားခြင်းမရှိ။ သူက အဖြစ်မှန်အတိုင်း အတိအကျပြန်ပြောနိုင်ရန် ခံယူချက်ဖြင့် အထူးဂရုတစိုက် ရေးသားထားခြင်း ဖြစ်သည်။

လက်ကျန် ကိုယ်ပိုင်ပစ္စည်းအချို့ကို ကျောပိုးအိတ်တွင် ထည့်သွင်း သိမ်းဆည်းပြီးနောက် မက်ကန်းဒလက်စ်သည် ဇူလိုင်လ ၁၀ ရက်နေ့တွင် မိဒ်ရေကန်မှ လမ်းလျှောက်ထွက်ခွာလာခဲ့သည်။ ဤသို့ ထွက်ခွာလာခဲ့ခြင်းကို အံ့သြတုန်လှုပ်ဖွယ်ရာ အမှားတစ်ရပ်ဖြစ်ကြောင်းနှင့် အလွန်တရာ ပူပြင်းလှသော ဇူလိုင်လ အပူရှိန်အောက်တွင် စိတ်ကယောင်ချောက်ချားဖြစ်ခဲ့ရကြောင်း မက်ကန်းဒလက်စ်က သူ၏ဂျာနယ်တွင် ရေးသားဖော်ပြခဲ့သည်။ အပူလှိုင်းဖြတ်ခြင်း ဝေဒနာခံစားနေရသော မက်ကန်းဒလက်စ်က မြစ်အတွင်းသွားလာနေသည့် လှေအချို့ကို ရပ်တန့် အကူအညီတောင်းခံခဲ့သည်။ လှေတစ်စီးက သူ့ကို ခရီးလမ်းကြုံလိုက်ခွင့်ပြုခဲ့ပြီး မိဒ်ရေကန်၏ အနောက်ဘက်အစွန်းရှိ အပျော်စီး လှေများ ဆိုက်ကပ်ရာ ကောလ်ဗီးလ်ဘေး(Callville Bay)ဆိပ်ခံအထိ အရောက် ပို့ပေးခဲ့သည်။ မက်ကန်းဒလက်စ်သည် ထိုမှတစ်ဆင့် လက်မတစ်ချောင်းအရင်းပြု၍ ကားကြုံတားစီးကာ အဝေးပြေးလမ်းမဆီသို့ လိုက်ပါလာခဲ့သည်။

မက်ကန်းဒလက်စ်သည် အနောက်ဘက်ဒေသတစ်ခွင်တွင် နောက် ထပ် နှစ်လမျှ လမ်းလျှောက်ခရီးနှင်ခဲ့သည်။ ရေမြေတောတောင်တို့၏ သဘာဝ အလှတရားနှင့် ဆွဲဆောင်နိုင်အားတို့အပေါ် နစ်မျောခံစားရင်းဖြင့် တောတွင်း ဥပဒေများနှင့် မဆိုစလောက်ထိတွေ့မှုများကြောင့် စိတ်လှုပ်ရှားခံစားရသော မက်ကန်းဒလက်စ်သည် လမ်းခရီးတစ်လျှောက် အခြားသော ခြေလျင်ခရီးသွား တို့နှင့် ရံဖန်ရံခါ ဆုံတွေ့ အဖော်ပြုသွားလာရခြင်းကိုလည်း နှစ်သက်သဘော ကျနေမိသည်။ ကြုံတွေ့ရသည့် အခြေအနေအတိုင်း သူ့ဘဝကို ထုဆစ်ပုံဖော်လို

သည်။ မက်ကန်းဒလက်စ်က တားဟိုးရေကန်(Lake Tahoe)သို့ ခရီးကြမ်းလမ်းလျှောက်သွားခဲ့သည်။ ထိုမှတစ်ဆင့် ဆီယဲရားနီဗားဒါး(Sierra Nevada)တောင်တန်းများဆီသို့ ခရီးဆက်သည်။ ထို့နောက် တောင်တန်းဒေသမှ ထွက်ကာ ကားလမ်းပေါ်သို့ ပြန်မတက်မီ ပစိဖိတ်ခရက်စ်ထရေးလ်(Pacific Crest Trail)လမ်း၏ မြောက်ဘက်ပိုင်းတွင် သီတင်းတစ်ပတ်မျှကြာသည်အထိလမ်းလျှောက် လှည့်လည်သွားလာနေခဲ့သည်။

မက်ကန်းဒလက်စ်သည် ဖူလိုင်လကုန်ခါနီးတွင် ခရေဇီးအာနီ(Crazy Emiexဟု သူ့ကိုယ်သူ မိတ်ဆက်လာသူနှင့် ကားကြုံလိုက်စီးခဲ့သည်။ အာနီက ကယ်လီဖိုးနီးယားပြည်နယ်မြောက်ပိုင်းရှိ မွေးမြူရေးခြံတစ်ခြံတွင် အလုပ်တစ်နေရာ ကမ်းလှမ်းခဲ့သည်။ မွေးမြူရေးခြံ၏ ခုတ်ပုံများထဲတွင် ဆိတ်နှင့် ကြက်များဝိုင်းနေသည့် ဆေးသုတ်မထားသော အိမ်ကလေးတစ်လုံး၏ပုံကို မြင်တွေ့ရသည်။ အိမ်လေးကား ယိုယွင်းပျက်စီးနေပြီဖြစ်သည်။ ထို့အပြင် မွေ့ရာသုံးစပရိန်များ၊ ရုပ်/သံစက်အပျက်များ၊ ဈေးဝယ်လက်တွန်းလှည်းများ၊ ပစ္စည်းအဟောင်းအမြင်းများ၊ တောင်ပုံရာပုံဖြစ်နေသော အမှိုက်များကိုလည်း တွေ့ရသည်။ ထိုမွေးမြူရေးခြံတွင် အခြားသော ခြေလျင်ခရီးကြမ်းသမားခြောက် ဦးတို့နှင့်အတူ ဆယ့်တစ်ရက်တိုင်တိုင် အလုပ်လုပ်ပြီးသောအခါ ခရေဇီးအာနီ သည် သူတို့ကို လုပ်ခပေးရန် ရည်ရွယ်ချက်မရှိကြောင်း မက်ကန်းဒလက်စ်က ရှင်းရှင်းလင်းလင်းသိရှိလာခဲ့သည်။ သို့ဖြစ်၍ သူက အာနီ၏ ဖရိုဖရဲစုပုံထား သော ပစ္စည်းဟောင်းများထဲမှ ဂီယာဆယ်ချက်ပါ အနီရောင်စက်ဘီးတစ်စီးကို ခိုးယူကာ ကယ်လီဖိုးနီးယားပြည်နယ် ချစ်ကိုမြို့(Chico)သို့ စက်ဘီးဖြင့် ခရီး ဆက်သည်။ ခိုးယူလာသော စက်ဘီးကို ဈေးဝယ်စင်တာတစ်ခု၏ ယာဉ်ရပ်နား ရာနေရာတွင် ထားရစ်ခဲ့သည်။ ထို့နောက်တွင် မက်ကန်းဒလက်စ်သည် လမ်း တွေ့သမျှကားများကို လက်မထောင်၍ ကားကြုံစီးခွင့်တောင်းခံကာ ရက်ဒ်ဘလပ်ဖ် မြို့ (Red Bluff),ဝီးဗာဗီးလ်မြို့ (Weaverville),ဝီးလိုးခရိခ်(Willowcreek) စသည့် ကယ်လီဖိုးနီးယားပြည်နယ် အနောက်ပိုင်းနှင့် မြောက်ပိုင်းဒေသများ တစ်လျှောက် လှည့်လည်သွားလာနေခဲ့သည်။

ပစိဖိတ်ကမ်းခြေဒေသရှိ ထင်းရှူးနီသစ်တောများရှိရာ ကယ်လီဖိုးနီးယားပြည်နယ် အာကာတာ(Areata မြို့သို့ ရောက်သော် မက်ကန်းဒလက်စ်က ပြည်ထောင်စုအဝေးပြေးလမ်းမ အမှတ် ၁၀၁ မှ ညာဘက်သို့ ချိုးကာ ကမ်းရိုးတန်းဒေသဘက်ဆီသို့ ဦးတည်ထွက်ခွာခဲ့သည်။ အိုရီဂွန်(Oregon) ပြည် နယ် နယ်နိမိတ်မျဉ်းမှ တောင်ဘက် မိုင်ခြောက်ဆယ်ခန့်အကွာ၊ အိုးရစ်(Omick) မြို့အနီး တစ်နေရာတွင် လမ်းညွှန်မြေပုံကြည့်ရှုရန် ရပ်တန့်လိုက်သော ဗင်ကား ဟောင်းလေးတစ်စီးပေါ်မှ ခရီးသွားနှစ်ဦးက လမ်းဘေးချုံပုတ်များအတွင်း လူငယ်တစ်ယောက် ဆောင့်ကြောင့်ထိုင်နေသည်ကို သတိပြုမိလိုက်ကြသည်။ “သူက ဒူးဖုံးဘောင်းဘီဝတ်ထားပြီး နားကာပါတဲ့ဦးထုပ်

ဆောင်းထားတယ်”၊ ကားတစ်စီးဖြင့် လှည့်လည်သွားလာရင်း လမ်းဘေးပစ္စည်းဟောင်းဆိုင်တန်း များတွင် တန်ဖိုးမကြီးသည့် တောက်တိုမည်ရပစ္စည်းလေးများ ရောင်းချရာမှ ဘော့ဘ် (Bob)ဆိုသူနှင့် ချစ်သူဖြစ်ခဲ့သော အသက် ၄၁ နှစ်အရွယ်ရှိ အမျိုး သမီး ဂျန်ဘားရက်စ် (Jan Burres)က ပြန်ပြောလာခြင်း ဖြစ်သည်။ “သူ့ဆီမှာ အပင် တွေအကြောင်း စာအုပ်တစ်အုပ်ပါတယ်။ သူက အဲဒီစာအုပ်ကြည့်ပြီး ဘယ်ရီသီးတွေလိုက်ခူးနေတာ။ အပေါ်ပိုင်းဖြတ်ထားတဲ့ တစ်ဂါလန်ဝင် နို့ကရား ထဲကို ဘယ်ရီသီးတွေ စုထည့်ထားတာ။ သူ့ကြည့်ရတာ သနားလာတာနဲ့ “ကားကြုံ မလိုက်ချင်ဘူးလား”လို့ ကျွန်မ မေးလိုက်တယ်။ စားစရာလေး ဘာလေး ဝယ်ကျွေးလိုက်ရမလားလို့ တွေးမိတာလည်း ပါ,ပါတယ်”။

“ကျွန်မတို့ စကားပြောဖြစ်ကြတယ်။ သူက သဘောကောင်းတဲ့ ကောင်လေးတစ်ယောက်ပဲ။ သူ့နာမည်က အဲလက်စ်လို့ ပြောပြလာတယ်။ သူက အရမ်းကို ဆာနေတာ။ ဆာတာမှ ဗိုက်ထဲက တကြုတ်ကြုတ်မြည်သံ တောင်ကြားရသလိုပဲ။ ဒါပေမဲ့ သူက တကယ့်ကိုပျော်ပျော်ရွှင်ရွှင်ပဲ။ စာအုပ် ထဲမှာပါတဲ့ စားကောင်းတဲ့အသီးတွေစားပြီး သူအသက်ဆက်နေခဲ့တယ်လို့ ပြောပြလာတယ်လေ။ သူက အဲဒါကို တော်တော်ဂုဏ်ယူနေပုံရတယ်။ နိုင်ငံအနှံ့ လှည့်လည်သွားလာရင်း ရောမစွန့်စားခန်းဟောင်းကြီးတစ်ခု ရခဲ့တယ်လို့လည်း ဆိုတယ်။ သူ့ကားကို ထားပစ်ခဲ့တဲ့အကြောင်းရော၊ ငွေစက္ကူတွေ မီးပုံရှို့ပစ်ခဲ့တဲ့ အကြောင်းတွေကိုပါ သူက ပြောပြခဲ့ပါတယ်။ ဘာဖြစ်လို့ အဲဒီလိုလုပ်တာလဲလို့ ကျွန်မက မေးကြည့်လိုက်တော့ သူ့အတွက် ဘာငွေမှ မလိုတော့ဘူးလို့ သူက ဖြေတာ။ ကျွန်မမှာ အဲလက်စ်နဲ့ ရွယ်တူလောက်ရှိမယ့် သားတစ်ယောက်ရှိတယ်လေ။ သားနဲ့ အတူမနေခဲ့ရတာ နှစ်နည်းနည်းလောက်ရှိပြီ။ အဲဒါနဲ့ ကျွန်မက ဘော့ဘ်ကို ပြောရတယ်။ ဘော့ဘ် ကောင်လေးကို ကျွန်မတို့နဲ့အတူ ခေါ်သွားရအောင်။ တချို့ဟာလေးတွေတော့ ရှင်ပဲ သူ့ကို သင်ပေးရမှာပေါ့လို့ ပြောခဲ့တာပါ။ အဲလက်စ်က အိုးရစ်ကမ်းခြေအထိ ကျွန်မတို့ကားနဲ့ လိုက်စီး တယ်။ ကျွန်မတို့က အဲဒီမှာပဲ နေတာလေ။ သူက ကျွန်မတို့နဲ့ တစ်ပတ်လောက် အတူနေသွားပါတယ်။ သူက တကယ်သဘောကောင်းတဲ့ ကောင်လေးတစ် ယောက်ပါ။ ကျွန်မတို့ သူ့ကို အရမ်းသဘောကျတယ်။ သူထွက်သွားတော့ သူ့ဆီက နောက်ထပ်သတင်းကြားရမယ်လို့ မမျှော်လင့်ခဲ့ဘူး။ ဒါပေမဲ့ သူက အဆက်အသွယ်မပြတ်ခဲ့ပါဘူး။ နောက်နှစ်နှစ်လောက်ထိအောင်ကို သူက တစ်လ တစ်ကြိမ် ဒါမှမဟုတ် နှစ်လ တစ်ကြိမ်လောက် ကျွန်မတို့ဆီ ပို့စ်ကတ် ပို့နေခဲ့သေးတာပါ”

မက်ကန်းဒလက်စ်သည် အိုးရစ်မြို့မှတစ်ဆင့် ကမ်းရိုးတန်းတစ် လျှောက် မြောက်ဘက်ဒေသများဆီသို့ ခရီးဆက်ခဲ့သည်။ လမ်းတစ်လျှောက် တွင်

ပစ္စတိုလ်မြစ်(Pistol River), ကူးစ်ပင်လယ်အော်(Coos Bay), ဆီးလ်ရော့ခ် (Seal Rock), မန်ဇနီတာ(Manzanita), အက်စ်တိုးရီးယား(Astoria), ဟိုကွီးအမ် (Hoquiam),ဟမ့်ပ်တူးလစ်ပ်စ် Humptulips),ကွိတ်စ် (Queets), ဖော့ခ်စ် (Forks),ပို့တ်အိန်ဂျလိစ်(Port Angeles), ပို့တ်တောင်းဆင်း(Port Townsend), ဆီယက်တဲလ် (Seatle) စသည့်မြို့များကို ဖြတ်သန်းသွားခဲ့သည်။ သူက တစ်ကိုယ်တော် သမားပဲ”။ အိုင်းရစ်ရှ်လူမျိုး စာရေးဆရာ ဂျိမ်းစ်ဂွိုက်စ် (James Joyce)၏ လူငယ်အနုပညာရှင်ဇာတ်ကောင် စတီဖင်ဒက်ဒလပ်စ်(Stephen Dedalus) အလားပင်။ သူက ဘာမှအမှုမထားဘူး။ ပျော်ပျော်နေတတ်တယ်။ သန့်ရှင်းတဲ့ အဖြူထည် နှလုံးသားပိုင်ရှင်ပဲ။ သူက တစ်ကိုယ်တော်သမား၊ အသက်ငယ် တယ်၊ စိတ်ဆန္ဒ ပြင်းပြတယ်၊ နှလုံးသားဖြူတယ်၊ လေကြမ်းတွေ၊ ဆားငန်ရေ တွေ၊ ခရုခွံတွေ၊ ရှုပ်ထွေးပွေလီမှုတွေ၊ ပိတ်ဆီးခံထားရတဲ့ မီးခိုးရောင် နေအလင်းရောင်တွေရဲ့ စွန့်ပစ်ခံတွေကြားထဲမှာလည်း သူက တစ်ယောက်တည်းပဲ။

ဩဂုတ်လ ၁၀ ရက်နေ့၌ ဂျန်ဘားရက်စ်တို့ စုံတွဲနှင့် မတွေ့မီအချိန် လေးတွင် မက်ကန်းဒလက်စ်မှာ ယူရေးခါး (Eureka မြို့ အရှေ့ဘက် ရွှေတူးဖော် ရေးလုပ်ငန်းရှိရာ ဒေသအတွင်းမှ ဝီးလိုးခရိခ်စ်မြို့ငယ်အနီး လှည့်လည်သွားလာ နေရင်းဖြင့် ဒဏ်ငွေပေးဆောင်ရန် ချလန်ဖြတ်ခံခဲ့ရသည်။ သူ့အား ဖမ်းဆီးသော အရာရှိက အမြဲတမ်းနေရပ်လိပ်စာ မေးမြန်းသည့်အခါ မက်ကန်းဒလက်စ်က မိဘများ၏ အဲန်နာဒေးလ်မြို့မှ နေအိမ်လိပ်စာ ပေးခဲ့သည်။ ဒဏ်ငွေပေးဆောင် ထားရခြင်းမရှိသေးသော အဆိုပါ ချလန်လက်မှတ်သည် သူ့မိဘများ၏ စာတိုက် သေတ္တာသို့ ဩဂုတ်လကုန်တွင် ရောက်ရှိလာခဲ့သည်။

ခရစ္စ ပျောက်ဆုံးမှုကြောင့် စိုးရိမ်ထိတ်လန့်နေသော ဝေါ့လ်တ်နှင့် ဘီလီတို့က ချလန်လက်မှတ်ရရချင်းပင် အဲန်နာဒေးလ်ရဲအဖွဲ့သို့ ဆက်သွယ်၍ သတင်းပေးပို့ခဲ့သော်လည်း ရဲအဖွဲ့က မည်သို့မျှ အကူအညီမပေးနိုင်ခဲ့ပေ။ ကယ်လီဖိုးနီးယားပြည်နယ်မှ ပေးပို့လိုက်သော ချလန်လက်မှတ်ရောက်ရှိလာ ချိန်တွင် မိဘနှစ်ဦးမှာ ထိတ်ထိတ်ပျာပျာဖြစ်ခဲ့ရသည်။ သူတို့၏ အိမ်နီးချင်းတစ် ဦးက အမေရိကန်ပြည်ထောင်စုကာကွယ်ရေးဌာန၏ ထောက်လှမ်းရေးအဖွဲ့မှ ဒါရိုက်တာတစ်ဦးဖြစ်သဖြင့် ဝေါ့လ်တ်က ထိုအိမ်နီးချင်းထံ ချဉ်းကပ်၍ အကူ အညီတောင်းခံခဲ့သည်။ ကြည်းတပ်ဗိုလ်ချုပ်ကြီးတစ်ဦးလည်းဖြစ်သော ထို အိမ်နီးချင်းက ပီတာကယ်လစ်ကာ(Peter Kalitka)အမည်ရ အလွတ်စုံထောက် တစ်ဦးနှင့် ဆက်သွယ်ဆောင်ရွက်ရန် အကြံပေးခဲ့သည်။ ကယ်လစ်ကာသည် ကာကွယ်ရေးဌာနထောက်လှမ်းရေးအဖွဲ့(Defence Intelligence Agency-DIA)နှင့်သာမက ဗဟိုထောက်လှမ်းရေးအဖွဲ့ (Central Intelligence Agency-CIA)နှင့်ပါ ကန်ထရိုက်အလုပ်များ လုပ်ကိုင်သူဖြစ်သည်။ ကယ်လစ် ကာသည် သာ အကောင်းဆုံးဆောင်ရွက်ပေးနိုင်မည့်သူဖြစ်ကြောင်း အိမ်နီးချင်း ဗိုလ်ချုပ် ကြီးက အခိုင်အမာပြောကြားခဲ့သည်။ ခရစ္စသာ ထိုနေရာတွင်ရှိနေ သေးသည်ဆို လျှင်

ကယ်လစ်ကာ တွေ့အောင်ရှာဖွေနိုင်မည်ဟု သူက ဆိုခဲ့သည်။

ဝီးလိုးခရိခ်မှ လာသော ချလန်လက်မှတ်ကို အစပြုခြေရာကောက် သော ကယ်လစ်ကာသည် ခရစ္စအား ပိုက်စိပ်တိုက်၍ ရှာဖွေမှု စတင်ဆောင် ရွက်သည်။ ရသမျှသော သဲလွန်စတို့ကို အခြေပြု၍ ဥရောပနှင့် တောင်အာဖရိကအထိပင် ရှာဖွေစုံစမ်းမှုပြုလုပ်သည်။ သူ၏ ကြိုးပမ်းမှုများကား ဒီဇင်ဘာလ မတိုင်မီအထိ ထူးခြားမှုမရှိခဲ့။ ဒီဇင်ဘာလတွင် အခွန်ထမ်းဆောင်မှု မှတ်တမ်း များကို စစ်ဆေးရာမှ ခရစ္စသည် သူ၏ ပညာရေးအသုံးစရိတ်လက်ကျန်ငွေ များကို OXFAM ခေါ် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးအဖွဲ့သို့ လှူဒါန်းခဲ့ကြောင်း သိရှိလာရသည်။

“ဒီသတင်းကြောင့် ကျွန်တော်တို့ တော်တော့်ကို အထိတ်တလန့်ဖြစ်ခဲ့ရ တယ်”။ ဝေါ့လ်တ်က ပြောပြလာခြင်းဖြစ်သည်။ “အဲဒီအချိန်မှာ ခရစ္စ ဘာဖြစ် မယ်ဆိုတာကို လုံးဝ သိသေးတာ မဟုတ်ပါဘူး။ ဒဏ်ငွေချလန်လက်မှတ်က ဘာအဓိပ္ပာယ်မှ ကောက်မရဘူး။ သူက သူ့ဒတ်ဆန်းကားကို အရမ်းကြိုက်တာ။ ဒီကားကို သူစွန့်ပစ်ပြီး လမ်းလျှောက်ခရီးထွက်တယ်ဆိုတာက ကျွန်တော့် အတွက် အံ့အားသင့်စရာသတင်းပါ။ ပြန်စဉ်းစားကြည့်တော့လည်း အံ့အားသင့် စရာတော့ မဟုတ်ဘူး။ ခရစ္စက လမ်းကို မြန်နိုင်သမျှ မြန်မြန်လျှောက်လို့ရ အောင် ကျောပိုးအိတ်ထဲမှာ တစ်နိုင်စာလောက်စာအုပ်ကိုပဲ ထည့်သယ်သွားလို့ ရတဲ့ ကျောင်းမျိုးကိုပဲ သဘောကျတတ်တာလေ”။

ကယ်လစ်ကာက ခရစ္စကို ကယ်လီဖိုးနီးယားဒေသဘက်တွင် သတင်းအနံ့ခံရန် ကြိုးစားနေစဉ် မက်ကန်းဒလက်စ်က အဝေးတစ်နေရာသို့ ရောက်နှင့်နေပြီ ဖြစ်သည်။ ကက်စ်ကိတ်ဒ်တောင်တန်း(Cascade Range)ကိုဖြတ် ကျော်၍ အရှေ့စူးစူးသို့ လမ်းလျှောက်ထွက်ခွာသွားပြီး ဒေစီပင်ချုံတောများကြား မှ ကုန်းမြင့်ဒေသကို ဖြတ်သည်။ ထိုမှတစ်ဆင့် ချော်ကျောက်ကြမ်းခင်းများရှိသည့် ကိုလမ်ဘီယာမြစ်ဝှမ်း(Columbia River Basin), အီဒါဟိုကုန်းမြှောင်ဒေသ (Idaho Panhandle)တို့ကို ဖြတ်သန်း၍ မွန်တားနားပြည်နယ်(Montana) သို့ ဝင်သည်။ မွန်တားနားပြည်နယ်အတွင်းရှိ ကတ်ဘဲန့်ခ်မြို့အပြင်ဘက်တစ်နေရာ တွင် ဝိန်းဝက်စတာဘာ့ဂ်နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ စက်တင်ဘာလကုန်ပိုင်း တွင် မက်ကန်းဒလက်စ်က ဝက်စတာဘာ့ဂ်အတွက် ကာသေ့ချ်မြို့၌ အလုပ်လုပ် ပေးခဲ့သည်။ ဝက်စတာဘာ့ဂ် ထောင်ဒဏ်ချမှတ်ခံရချိန်တွင် သူ၏ အလုပ်သည် လည်း တစ်စခန်းရပ်ခဲ့ရပြီး ဆောင်းရာသီလည်းဝင်လာနေပြီဖြစ်သဖြင့် မက် ကန်းဒလက်စ်က ရာသီဥတု ပူနွေးမည့်ဒေသဘက်သို့ ခရီးဦးလှည့်ခဲ့ခြင်းပင်။

အောက်တိုဘာလ ၂၈ ရက်နေ့တွင် သူက အငှားလိုက် ထရပ်ကား တစ်စီးဖြင့် လမ်းကြုံလိုက်စီးကာ ကယ်လီဖိုးနီးယားပြည်နယ် နီးဒဲလ်စ်(Needes) မြို့ သို့ ရောက်ရှိသည်။ “ကော်လိုရာဒိုမြစ်(Colorado River) ဆီကို ရောက်လာ တာ အတိုင်းမသိဝမ်းသာမိတယ်”ဟု မက်ကန်းဒလက်စ်က သူ၏ မှတ်စုတွင် ရေးမှတ်ခဲ့သည်။ ထို့နောက်တွင် သူက အဝေးပြေးလမ်းမကို စွန့်ခွာ၍ မြစ်ကမ်း

ပါးအတိုင်း လိုက်ကာ သဲကန္တာရကိုဖြတ်ပြီး တောင်ဘက်သို့ လမ်းလျှောက်သွားသည်။ ဆယ့်နှစ်မိုင်မျှ လမ်းလျှောက်ပြီးသော် အရီဇိုးနားပြည်နယ်ရှိ တိုးပေါ့ခ်(Topock)မြို့သို့ ရောက်ရှိသည်။ ကယ်လီဖိုးနီးယားပြည်နယ် နယ်နိမိတ်မျဉ်းနှင့် အမှတ် ၄၀ အင်တာစတိတ်(Interstate)ပြည်နယ်ချင်းဆက်လမ်းမကြီးတို့ ဆုံစည်းရာအနီး တည်ရှိပြီး လမ်းတစ်လျှောက် ဖုန်ထူလှသည်။ မြို့တွင်းသို့ရောက်စဉ် တစ်ပတ်ရစ် အလူမီနီယမ် ကနူးလှေတစ်စင်း ရောင်းရန်ရှိသည်ကို သူက သတိပြုမိခဲ့သည်။ ထိုလှေငယ်ကိုဝယ်ယူ၍ ကော်လိုရာဒိုမြစ်တစ်လျှောက် စုန်ဆင်းကာ ကယ်လီဖိုးနီးယားပင်လယ်ကွေ့သို့ သွားရောက်ရန် သူက မစဉ်းမစားပင် ဆုံးဖြတ်လိုက်သည်။ ထိုခရီးကား တောင်ဘက်သို့ မိုင်ပေါင်းလေးရာနီးပါးမျှအထိ ရှည်လျားပြီး မက္ကဆီကိုနိုင်ငံ နယ်နိမိတ်ကို ဖြတ်သန်းသွားရမည်ဖြစ်သည်။

ဟူးဗားဆည်(Hoover Dam)မှ ပင်လယ်ကွေ့အကြားရှိ ကော်လိုရာဒိုမြစ်အောက်ပိုင်းသည် တိုးပေါ့ခ်မြို့အထက် မြစ်ညာဘက် မိုင်ပေါင်း ၂၅၀ ခန့်အကွာရှိ ဂရဲန်းကဲန်ညွန်(Grand Canyon)တောင်ကြားမှ ဖြတ်သန်းစီးဆင်း သောရေစီးကြမ်းသည့်မြစ်ကြောင်းနှင့် အလားသဏ္ဍာန်တူညီသည်။ ရေကာ တာများနှင့် ရေလွှဲတူးမြောင်းများကြောင့် ရေစီးအားလျော့လာသော ကော်လို ရာဒိုမြစ်အောက်ပိုင်းသည် အမေရိကတိုက်၏ အပူပြင်းဆုံးနှင့် ပကတိဟင်းလင်းပြင်ဒေသအချို့ကို ပျင်းရိပျင်းတွဲဖြတ်သန်းကာ တဟဲဟဲမြည်သံပေး၍ စီးဆင်းနေသည်။ ခက်ထန်သောရေမြေရှုခင်းနှင့် ယင်း၏ ထူးကဲသောအလှတို့က မက် ကန်းဒလက်စ်၏ စိတ်အစဉ်ကို လှုပ်ရှားသွားစေခဲ့သည်။ သဲကန္တာရကြီး က သူ၏ ပြင်းပြသော တောင့်တစိတ်ကို ပို၍ပင် အလေးကဲစေသည်။ စိတ်ခံစား မှုတို့ကို အဆတိုးစေသည်။ သဲကန္တာရကား ခြောက်သယောင်းသော မြေအနေ အထားကို ပုံဆောင်ထားပြီး သန့်ရှင်းသောနေရောင်ခြည်က ဖြာကျနေသည်။

မက်ကန်းဒလက်စ်သည် တိုးပေါ့ခ်မြို့မှ တောင်ဘက်ရှိ ဟာဗာဆုရေကန်(Lake Havasu)သို့ ကနူးလှေငယ်ဖြင့် စုန်ဆင်းလာသည်။ အရောင်ချွတ်ထားသော အမိုးခုံးကြီးတစ်ခုပမာ ကြည်လင်လှပြီး ကြီးမားကျယ်ပြန့်သော ဟင်းလင်းပြင်ကောင်းကင်ကြီးအောက်တွင် စုန်ဆင်းခဲ့ရခြင်းဖြစ်သည်။ ကော်လိုရာဒိုမြစ် ၏ လက်တက်တစ်ခုဖြစ်သော ဘီလ်ဝီလျံစ်မြစ်(Bill Williams River) မြစ်ညာပိုင်း သို့ သူက လှေလှော်ခရီးတစ်ရပ်အဖြစ် ခေတ္တမျှ သွားရောက်ခဲ့သေးသည်။ ထိုမှတစ်ဆင့် ရေစုန်ဆက်လိုက်ကာ ကော်လိုရာဒိုမြစ်ဒေသခံ လူနီတို့၏ အထူးဒေသဖြစ်သော စီဘိုလာ(Cibola) အမျိုးသားသဘာဝဘေးမဲ့တောနှင့် အင်မ်ပီးရီးယဲလ်(Imperial) သဘာဝဘေးမဲ့တောတို့ဆီသို့ ရောက်ရှိခဲ့သည်။ စုန်ဆင်းရာလမ်းတစ်လျှောက်၌ ကြီးမားလှသော ရှားစောင်းလက်ပပ်ပင်များနှင့် အယ်လ်ကာလီဆားပွင့်များ ဖုံးအုပ်နေသော လွင်ပြင်တို့ကို ဖြတ်သန်းသွားခဲ့သည်။ ပရီကမ့်ဘရီးယန်း(Precambrian)ခေါ် ကမ္ဘာဦးခေတ်ကျောက်ဆောင်ကြီး၏ မြင့်

မားမတ်စောက်လှသော ကမ်းပါးယံများအောက်တွင် သူက စခန်းချခဲ့သည်။ အဝေးတစ်နေရာရှိ ညို့မှိုင်းမှိုင်းတောင်စွန်း၊ တောင်ထွတ်များက ထူးခြားဆန်းကြယ်လှသော တံလျှပ်ရေအိုင်များအထက်တွင် ပေါလောပေါ်နေသည်။ မြင်းရိုင်းတစ်အုပ် သွားရာလမ်းအတိုင်းလိုက်ရန် မြစ်ကြောင်းအနီးမှ တစ်ရက်ခန့်ခွဲထွက်ခဲ့ပြီးနောက် မက်ကန်းဒလက်စ်သည် အမေရိကန်စစ်တပ်၏ အထူးကန့် သတ်နယ်မြေဖြစ်သော ယူးမလက်နက်စမ်းသပ်နယ်မြေ(Yuma Proving Ground အတွင်းသို့ ဖြတ်သန်းဝင်ရောက်မိနေပြီဖြစ်ကြောင်း သတိပေးဆိုင်းဘုတ်ကို ဖြတ်ကျော်လာခဲ့သည်။ မက်ကန်းဒလက်စ်ကို မည်သည့်နည်းနှင့်မျှ ဟန့်တား၍မရပါ။

နိုဝင်ဘာလကုန်ပိုင်းတွင် မက်ကန်းဒလက်စ်သည် ယူးမဒေသကို ဖြတ်၍လှေဖြင့် စုန်ဆင်းသည်။ ယူးမမြို့တွင် ရိက္ခာပြန်လည်ဖြည့်တင်းရန် အတန်ကြာရပ်နားခဲ့သေးပြီး ဝက်စတာဘာ့ဂ်ထံ ပို့စ်ကတ်တစ်စောင် ပေးပို့ခဲ့ သည်။ ဆူးဖော့လ်ဖ်မြို့ ဂလိုရီနေအိမ်လိပ်စာသို့ လိပ်မူ၍ ပေးပို့ခဲ့ခြင်းဖြစ်သည်။ ပို့စ်ကတ်ပေါ်တွင်

"ဟေး... ဝိန်း"ဟု အစချီကာ အောက်ပါအတိုင်း ရေးသား ထားသည်။

အေးဆေးပဲ မဟုတ်လား။ ကျွန်တော်တို့ နောက်ဆုံးစကားပြော ဖြစ်ခဲ့ကြတဲ့ အချိန်ကထက်တော့ အခြေအနေပိုကောင်းလာမယ်လို့ မျှော်လင့်ပါတယ်။ အရီဇိုးနားပြည်နယ်ထဲမှာ ကျွန်တော် ခရီးကြမ်း ထွက်နေတာ တစ်လလောက်ရှိနေပြီ။ တော်တော်သာယာတဲ့ပြည် နယ်တစ်ခုပါပဲ။ စိတ်ကူးယဉ်ဆန်လှတဲ့ ရေမြေရှုခင်းတွေမျိုးစုံရှိသလို ရာသီဥတုကလည်း အရမ်းကောင်းတယ်လေ။ ဒါပေမဲ့ ဒီပို့စ်ကတ်လေးပို့လိုက်တာက အမှတ်တရအဖြစ်တင်မကဘဲ တကယ်တော့ ခင်ဗျားရဲ့ ဖော်ရွေမှုအတွက် ကျေးဇူးတင်ကြောင်း နောက်တစ်ခါ ထပ်ပြောချင်လို့ပါ။ ခင်ဗျားလို ရက်ရောပြီး သဘောထားကောင်း တဲ့သူမျိုး တွေ့ရခဲပါတယ်။ တစ်ခါတလေတော့လည်း ခင်ဗျားနဲ့ မတွေ့မိခဲ့ရင် အကောင်းသားလို့တောင် စဉ်းစားမိတယ်။ ငွေတွေကိုင် ပြီး လမ်းလျှောက်ခရီးကြမ်းထွက်ရတာ သိပ်ပြီးလွယ်လွန်းနေတာ လေ။ လက်ထဲမှာ ပိုက်ဆံတစ်ပြားမှမရှိတော့တဲ့အချိန်တွေမှာ ကျွန် တော့်ခရီးစဉ်ဟာ ပိုပြီးတော့ စိတ်လှုပ်ရှားစရာကောင်းလာမှာပါ။ အဲဒီအချိန်ကျရင် နောက်တစ်နပ်စားဖို့ရာအတွက် တောထဲမှာ အရှာ ထွက်ရမယ်လေ။ အခုဆိုရင် ငွေမပါဘဲနဲ့ အသက်မဆက်နိုင်သလို ဖြစ်နေတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါလေ၊ အခုလိုအချိန်မျိုးဆိုရင် သီးနှံတွေပေါ်တဲ့ရာသီပဲ မဟုတ်လား။ ကယ်ဗင်ကိုလည်း သူပေးလိုက်တဲ့ အဝတ်အစားတွေအတွက် ကျွန်တော်က ကျေးဇူးတင်ကြောင်း ပြောပေးပါဦး။ အဲဒီအဝတ်အစားတွေသာပါမလာရင် ကျွန်တော်တော့ သွေးခဲပြီး သေမှာပဲ။ ခင်ဗျားကိုပေးခဲ့တဲ့ စာအုပ်ကို သူလည်း ဖတ်ရမယ်လို့ ထင်ပါတယ်။ "စစ်နှင့်ငြိမ်းချမ်းရေး" ဆိုတဲ့ စာအုပ်ကို ခင်ဗျား တကယ်ဖတ်ဖို့ ကောင်းတယ် ဝိန်း။ ခင်ဗျားဟာ ကျွန်တော်ဆုံဖူးသမျှ လူတွေထဲမှာ စိတ်ထားအမြင့်မြတ်ဆုံးပဲလို့ ဆိုလိုချင်တာပါ။ ဒီစာအုပ်က တကယ့် ကိုခွန်အားရှိပြီး အဆင့်မြင့်တင်စားချက်တွေအပြည့်နဲ့ပါ။ စာအုပ်ထ မှာပါတဲ့

အကြောင်းအရာတွေကို ခင်ဗျားနားလည်နိုင်မယ်လို့ ထင်ပါ တယ်။ လူတော်တော်များများ နားမလည်နိုင်တဲ့ အကြောင်းအရာတွေ ပါ။ ကျွန်တော့်အတွက်ကတော့ အချိန်တစ်ခု ဆိုက်ရောက်လာတဲ့ အထိ ဒီဘဝမှာပဲ ရှင်သန်နေထိုင်သွားဖို့ရာ ဆုံးဖြတ်ထားပြီးသားပါ။ တောကြီးကန္တာရရဲ့ လွတ်လပ်မှုနဲ့ ရိုးရှင်းတဲ့ အလှတရားတွေက သိပ်ပြီး အားကောင်းလွန်းလို့ ထားပစ်ရက်စရာမရှိပါဘူး။ တစ်နေ့ ကျရင် ကျွန်တော်ပြန်လာပြီး ခင်ဗျားရဲ့ အကြင်နာတရားကျေးဇူး တွေကို ပေးဆပ်မှာပါ။ ဂျက်ဒန်နီယယ်လ်စ် ဝီစကီတစ်သေတ္တာ လောက်ဆိုရင် ဖြစ်မလား။ အဲဒီအချိန်ရောက်တဲ့အထိ ခင်ဗျားကို မိတ်ဆွေတစ်ယောက်အဖြစ် ကျွန်တော် အမြဲသတိရနေမှာပါ။ ဘုရားသခင် ကောင်းချီးပေးပါစေ။

အလက်ဇန္ဒား

ဒီဇင်ဘာလ ၂ ရက်နေ့တွင် မက္ကဆီကိုနယ်စပ်ရှိ မိုရေးလော့စ်ရေကာတာ(Morelos Dam)သို့ မက်ကန်းဒလက်စ် ရောက်ရှိသည်။ သူ့တွင် သက်သေအထောက်အထားတစ်စုံတစ်ရာ မပါရှိသဖြင့် တစ်ဖက်နိုင်ငံသို့ ဝင်ရောက်ခွင့်ငြင်းပယ်ခံရမည်စိုးရိမ်သော မက်ကန်းဒလက်စ်က ဖွင့်ထားသော ဆည်ရေလွှဲတံခါးများမှတစ်ဆင့် ဆည်ရေပြင်သို့ဆင်းကာ ရေပိုလွှဲလမ်းကြောင်းအတိုင်း မက္ကဆီကိုနိုင်ငံဘက်သို့ ကနူးလှေဖြင့် တရားမဝင် ဝင်ရောက်ခဲ့သည်။ “အဲ လက်စ်က ဒုက္ခပေးနိုင်မည့် အခြေအနေတစ်စုံတစ်ရာ ရှိမရှိ ဘေးပတ်ဝန်းကျင် လျှင်မြန်စွာ အကဲခတ်ကြည့်လိုက်သည်”ဟု သူ၏ ဂျာနယ်မှတ်စုတွင် မှတ်တမ်းတင်ရေးသားခဲ့သည်။ “သို့ရာတွင် သူ၏ မက္ကဆီကို အဝင်ခရီးကို မည်သူမျှ သတိမပြုမိကြ။ သို့တည်းမဟုတ် လျစ်လျူရှုထားကြသည်။ အလက်ဇန္ဒားကား အပျော်ကြီးပျော်နေပေပြီ”။

သူ၏ အပျော်ကြီးပျော်မှုမှာ ခဏတာမျှသာ။ မိုရေးလော့စ်ရေကာတာ အောက်ဘက်တွင် ကော်လိုရာဒိုမြစ်က ရေပေးဝေရေးတူးမြောင်းများ၊ စိမ့်မြေများ၊ တစ်ဖက်ပိတ်ရေလမ်းကြောင်းများ ဝက်ပါသဖွယ်ရှိနေရာ ယင်းတို့အကြား တွင် မက်ကန်းဒလက်စ်မှာ အကြိမ်ကြိမ်ပင် လမ်းပျောက်ခဲ့ရသည်။

တူးမြောင်းများက လားရာအများအပြားသို့ ခွဲဖြာသွယ်တန်းထား သည်။ အဲလက်စ်မှာ အံ့အားသင့်နေမိသည်။ အင်္ဂလိပ်စကားအနည်းအကျဉ်း ပြောတတ်သော တူးမြောင်းအရာရှိအချို့နှင့် တွေ့ဆုံခဲ့ပါသည်။ သူတို့၏ အဆို အရ အဲလက်စ်မှာ တောင်ပိုင်းသို့သွားနေခြင်းမဟုတ်ဘဲ အနောက်ဘက်သို့ သွားနေခြင်းဖြစ်ကာ ဘာဂျားကျွန်းဆွယ်(Baja Peninsula)သို့ ဦးတည်နေခြင်းဖြစ်ကြောင်း သိရှိရသည်။ အဲလက်စ်မှာ စိတ်လည်းပျက်၊ ရှက်လည်းရှက်နေမိသည်။ သို့ရာတွင် သူက ကယ်လီဖိုးနီးယားပင်လယ်ကွေ့သို့ ပေါက်သည့် ရေကြောင်းခရီး ရှိကိုရှိရမည်ဟု အခိုင်အမာပြောဆိုကာ လမ်းညွှန်ပေးရန် တောင်းပန်ခဲ့သည်။ သူတို့က အဲလက်စ်ကိုကြည့်ကာ အရူးတစ်ယောက်ဟု ထင်ကြဟန်ရှိသည်။ သို့ရာတွင် စိတ်ထက်သန်မှုအပြည့်ဖြင့် ပြောဆိုဆွေးနွေးပြီး နောက် သူတို့ထံမှ မြေပုံတစ်ချပ်နှင့် ခဲတံအများအပြားရရှိခဲ့သည်။ မြေပုံပေါ်တွင် ဆယ်မိနစ်ခန့်မျှ

ရှာဖွေကြည့်ရှုပြီးနောက် ပင်လယ်ဘက်သို့ ရောက်နိုင်မည်ဟု ယူဆရသော လမ်းကြောင်းတစ်ခုကို သူတို့က ရွေးချယ်ပေးလိုက်သည်။ အဲလက်စ်မှာ အပျော်ကြီးထပ်ပျော်ရပြန်ကာ မျှော်လင့်ချက်တို့သည်လည်း သူ၏ ရင်ထဲတွင် ပြန်လည်မွေးဖွားလာသည်။ မြေပုံလမ်းညွှန်အရ လာရာတူးမြောင်း လမ်းကြောင်းအတိုင်း ပြန်၍ ဆန်တက်သွားရာမှ ကန်နယ်လ်ဒီအင်ဒီပန်းဒင့်ကာ(Canal de Independentea)သို့ ရောက်သော် အရှေ့ဘက်သို့ ဦးလှည့်သည်။ မြေပုံအညွှန်းအရ ဤတူးမြောင်းသည် ဝယ်လ်တက်ကိုတူးမြောင်း(Welltecco Canal)ကို ထက်ပိုင်းဖြတ်ထားသည်ဟု သိရသည်။ ဝယ်လ်တက်ကိုတူးမြောင်းက တောင်ဘက်သို့ စီးဆင်းကာ ပင်လယ်ထွက်ပေါက်အထိ ရောက်သည်။ သို့ရာ တွင် တူးမြောင်းက သဲကန္တာရအလယ်တွင် လမ်းဆုံးသွားသည့်အခါ သူ၏ မျှော်လင့်ချက်များ တစ်စစီပြိုကွဲသွားရတော့သည်။ မည်သို့ပင်ဖြစ်စေ အဲလက်စ် သည် ယခုအခါ ရေခန်းခြောက်၍ မြစ်ကောတစ်စင်းဖြစ်နေပြီဖြစ်သော ကော်လိုရာဒို မြစ်ကြောင်းဘက်သို့ ရောက်ရှိခဲ့ပုံရကြောင်း စူးစမ်းလှေ့လာရေးခရီးက ဖော်ပြနေပေပြီ။ ရေခန်းနေသော ကော်လိုရာဒိုမြစ်၏ အခြားတစ်ဖက် မိုင်ဝက် ခန့်မျှ အကွာတွင် နောက်ထပ် တူးမြောင်းတစ်ခုကို သူက ရှာဖွေတွေ့ရှိခဲ့သည်။ သူက ထိုတူးမြောင်းဆီသို့ လှေကို ထမ်း၍ သွားရန် ဆုံးဖြတ်လိုက်သည်။

တူးမြောင်းသစ်ရှိရာသို့ ကနူးလှေနှင့် သူ၏ ဝန်စည်စလယ်များကို သယ်ပို့ရန် မက်ကန်းဒလက်စ်မှာ သုံးရက်မျှ အချိန်ယူခဲ့ရသည်။ သူ၏ ဂျာနယ်မှတ်စုအရ ဒီဇင်ဘာလ ၅ ရက်နေ့တွင် တူးမြောင်းသစ်သို့ ရောက်ရှိကြောင်း တွေ့ရှိရသည်။ နောက်ဆုံးတွင် ဝယ်လ်တက်ကိုတူးမြောင်းဟု ယူဆရသော တူးမြောင်းကို အဲလက်စ် ရှာဖွေတွေ့ရှိခဲ့ပြီး တောင်ဘက်သို့ ဦးတည်လှော်ခတ်သွား ခဲ့သည်။ တူးမြောင်းက ကျဉ်းသည်ထက်ကျဉ်းလာချိန်တွင် စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်လာရပြန်သည်။ သောင်ထွန်းနေသည့်တစ်နေရာတွင် ဒေသခံအချို့က သူ၏ လှေနှင့် ပစ္စည်းများကို ကူညီရွှေ့ပြောင်းပေးခဲ့ကြသည်။ မက္ကဆီကန်လူမျိုး များသည် နွေးထွေးဖော်ရွေတတ်သောလူမျိုးများ ဖြစ်သည်ကို အဲလက်စ် မြင် တွေ့ရသည်။ အမေရိကန်များထက်ပင် ညော့ဝတ်ကျေပွန်ကြပေသည်။

၁၂/၆။ အရွယ်အစားသေးငယ်သော်လည်း ရေဆင်းကြမ်းလှသည့် ရေတံခွန်ငယ်များက တူးမြောင်းအတွင်းသို့ ဆင်းသက်သည်။

၁၂/၉။ မျှော်လင့်ချက်များအားလုံး ပြိုလဲရပြီ။ တူးမြောင်းက ပင်လယ် သို့ မပေါက်။ ကျယ်ပြောသော ညွှန်တောတစ်ခုဆီသို့ တိုးဝင်ကာ အဆုံးသတ် သွားသည်။ အဲလက်စ်ကား ဒေါသအမျက်ခြောင်းခြောင်းထွက်ရပြန်သည်။ ပင်လယ်နှင့် နီးကပ်နေပြီဟု ဆုံးဖြတ်ပြီး ညွှန်တောမှတစ်ဆင့် ပင်လယ်သို့ သွားနိုင်မည့်လမ်းကြောင်းကို ရှာဖွေရွေးချယ်ရန် ကြိုးစားသည်။ သူ၏ ကနူးလှေ ကို ကျူပင်ကျူရိုးများကြားမှ ရွံ့မြေပြင်တစ်လျှောက် တွန်းနေရင်းမှပင် မည် သည့်အရပ်ဒေသဆီသို့ ဦးတည်တွန်းရွှေ့ရမည်ကိုပင် သူ မသိနိုင်တော့။ အရာရာ မှာ

မျှော်လင့်ချက်ကင်းမဲ့နေပေပြီ။ ညနေ နေဝင်ချိန်တွင် ခြောက်သယောင်းနေ သော နွံ့မြေပြင်တစ်နေရာကို တွေ့ရှိကာ စခန်းချသည်။ နောက်တစ်ရက် ၁၂/၁၀ ရက်နေ့တွင် အဲလက်စ်က ပင်လယ်သို့ ရောက်မည့်လမ်းကြောင်းကို လိုက်လံရှာဖွေပြန်သည်။ သို့ရာတွင် ပိုမို၍ ရှုပ်ထွေးလာခြင်းသာ အဖတ်တင်လေ သည်။ ပင်လယ်ထွက်ပေါက်ရှာရင်း ချာချာလည်နေပေပြီ။ စိတ်ဓာတ်ပြိုကွဲကာ ကြိုး စားမှုတို့ အချည်းနှီးဖြစ်ခဲ့ရပြီး နေစောင်းသည်တွင် ကနူးလှေထဲ ထိုင်ကာ ငိုကြွေးနေမိသည်။ သို့ရာတွင် ကံကြမ္မာက ဆန်းကြယ်သော အခွင့်အရေးတစ် ရပ်ကို ဖန်တီးပေးလာခဲ့သည်။

အင်္ဂလိပ်စကားအနည်းငယ်ပြောတတ်သော မက္ကဆီကန်လူမျိုး ရေဘဲလိုက် လမ်းပြများနှင့် ဆုံတွေ့ခဲ့ရခြင်းပင်။ သူက သူ့အကြောင်း ဇာတ်စုံခင်းပြပြီး ပင်လယ်သို့သွားရာလမ်း ရှာဖွေနေကြောင်းကိုပါ ပြောပြလိုက်သည်။ သည်ဒေသတွင် ပင်လယ်သို့ပေါက်သည့်လမ်းမရှိကြောင်း လမ်းပြများက ပြောပြလာသည်။ ထို့နောက်တွင် သူတို့ထဲမှတစ်ဦးက အဲလက်စ် နှင့် ကနူးလှေငယ်အား သူ၏ စက်တပ်လှေငယ်ဖြင့် အခြေစိုက်စခန်းဆွဲခေါ်သွားပေးမည်ဟု ဆိုလာသည်။ ထိုမှတစ်ဆင့် အဲလက်စ်နှင့် ကနူးလှေကို ထရပ်ကားပေါ်တင်ကာ ပင်လယ်ရှိရာအထိ မောင်းပို့ပေးမည် ဖြစ်သည်။ ထူးခြားဆန်းကြယ်လှသော ကံကြမ္မာပင်တည်း။

ရေဘဲလိုက်သမားများက သူ့ကို ကယ်လီဖိုးနီးယားပင်လယ်ကွေ့ရှိကံငါရွာလေးတစ်ရွာတွင် ချထားပေးခဲ့သည်။ ရွာအမည်မှာ အယ်လ်ဂေါ်လ်ဖို ဒီဆန်တာကလဲရား(El Golfo de Santa Clara)ရွာဖြစ်သည်။ ထိုမှတစ်ဆင့် ပင်လယ်ဆီသို့ သူက ခရီးဆက်သည်။ ပင်လယ်ကွေ့အရှေ့ဘက်ခြမ်းအစွန်းမှ တောင်ဘက်သို့ ဆင်းသွားခြင်းဖြစ်သည်။ သူသွားလိုသည့်ခရီးဆုံးသို့ ရောက် သော် မက်ကန်းဒလက်စ်က အရှိန်လျှော့ချလိုက်သည်။ သူ၏ စိတ်အစဉ်က လည်း ပို၍ တွေးတွေးဆဆဖြစ်လာသည်။ သူက တာရန်ကျူလာ(Tarantula) တောပင့်ကူတစ်ကောင်ကို ဓာတ်ပုံရိုက်ယူသည်။ ထို့နောက် လွမ်းဖွယ်ရာ နေဝင်ချိန်ရှုခင်း၊ လေတိုက်စားထားသော သဲခုံများ၊ ဝေ့ဝိုက်တည်ရှိနေသည့် ကမ်းရိုးတန်း၏ ဟင်းလင်းပြင်အလှတို့ကိုလည်း ဓာတ်ပုံရိုက်ယူသည်။

ဂျာနယ်မှတ်စုထဲတွင် စိတ်ဝင်တစားရေးမှတ်မထားဘဲ တိုတိုတုတ် တုတ်သာ ရေးမှတ်ထားသည်။ ထို့နောက်ပိုင်း တစ်လခန့်အတွင်း စာလုံးရေအား ဖြင့် တစ်ရာကျော်မျှသာ မှတ်စုရေးမှတ်ခဲ့သည်။

ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် လှေလှော်ရသည်မှာ ပင်ပန်းနေပြီဖြစ် သည့် မက်ကန်းဒလက်စ်က သူ၏ ကနူးလှေကို သောင်ပြင်ပေါ်တွင် ဆွဲတင် ထားလိုက်သည်။ ထို့နောက် သူက မတ်စောက်လှသော သဲကျောက်ကမ်းပါးယံ ကို တွယ်တက်ပြီး လူသူနေထိုင်ခြင်းမရှိသော ကုန်းပြင်မြင့်အစွန်းတစ်နေရာတွင် စခန်းချလိုက်သည်။ သူက ထိုကုန်းပြင်မြင့်ထက်တွင် ဆယ်ရက်ကြာနေထိုင်သွား

ခဲ့သည်။ ကုန်းပြင်မြင့်ထက်၌ လေတိုက်ခတ်နှုန်းမြင့်မားသည့်အတွက် သူက ကမ်းပါးယံသို့ တက်ရာလမ်းခုလတ်ရှိ ဂူတစ်ခုအတွင်း လေကွယ်ယူကာ ရွှေ့ပြောင်းစခန်းချပြန်သည်။ ထိုဂူအတွင်း၌ သူက နောက်ထပ် ဆယ်ရက်ကြာ နေထိုင်သွားခဲ့သည်။ ဂရန်းဒယ်ဆက်တို(Gran Desierto)ခေါ် သဲကန္တာရပြင်ကျယ်ကြီးအထက်သို့ ထိုးထွက်လာသော လပြည့်ဝန်းကို စောင့်ကြည့်ရင်းဖြင့် သူက နှစ်သစ်ကို ကြိုဆိုခဲ့သည်။ ဂရန်းဒယ်ဆက်တို သဲကန္တာရသည် စတုရန်း မိုင် ၁၇၀၀ ကျယ်ဝန်းကာ ရွှေ့လျားနေသော သဲခုံများအပြည့်ရှိသည်။ မြောက်အမေရိကဒေသ၏ အကျယ်ဝန်းဆုံးသော သဲကန္တာရလည်း ဖြစ်သည်။ နောက်တစ်ရက်တွင် သူက သီးပင်စားပင်ပေါက်ရောက်ခြင်းမရှိသော ကမ်းခြေမှ ကနူးလှေကို လှော်ခတ်၍ ထွက်ခွာသွားခဲ့သည်။

၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့ဟု ရေးမှတ်ထားသော သူ၏ ဂျာနယ်မှတ်စုတွင် ထိုနေ့ကို "ကြမ္မာငင်သောနေ့"အဖြစ် ရေးမှတ်ထား ခဲ့သည်။ တောင်ဘက်ပိုင်းသို့ ခရီးအတန်အသင့်ပေါက်ခဲ့ပြီးနောက် မက်ကန်း ဒလက်စ်က သူ၏ ကနူးလှေကို ကမ်းခြေနှင့် ခပ်လှမ်းလှမ်းတစ်နေရာရှိသဲသောင်ခုံတစ်ခုပေါ်တွင် ထိုးတင်ရပ်နားကာ အားကောင်းသော ပင်လယ်ဒီရေ ၏ ရွှေ့လျားမှုကို စောင့်ကြည့်လေ့လာသည်။ ထို့နောက် တစ်နာရီခန့်အကြာတွင် သဲကန္တာရဘက်မှ လေပြင်းတိုက်ခတ်မှု စတင်လာသည်။ လေပြင်းနှင့်အတူ ကြမ်းတမ်းစွာ လှုပ်ရှားလာသော ဒီရေရွှေ့လျားမှုတို့က သူ့ကို ပင်လယ်ပြင်ဘက် ဆီသို့ ဆွဲချသွားရန် ပူးပေါင်းလုပ်ကြံသကဲ့သို့ပင်။ လေပြင်းကြောင့် ယောက်ယက်ခတ်လှုပ်ရှားလာသော ပင်လယ်ရေမျက်နှာပြင်က လှိုင်းခေါင်းဖွေးဖွေးတို့ ကို ထ,လာစေကာ သူ၏ သေးငယ်သော ကနူးလှေကို ဆွဲမှောက်ပစ်ရန် အားထုတ်လာကြသည်။ လေပြင်းက မုန်တိုင်းအဆင့်အထိ အားကောင်းလာ သည်။ ရေမြှုပ်တဖွားဖွားရှိသော အဖြူရောင်လှိုင်းခေါင်းဖွေးဖွေးတို့က မြင့်မား လာပြီး ရိုက်ခတ်အားကောင်းသော လှိုင်းလုံးကြီးများ ဖြစ်လာကြသည်။ "လွန်စွာ စိတ်ပျက်ဖွယ်ကောင်းလှသည်"ဟု ဂျာနယ်မှတ်စုတွင် သူက ရေးမှတ်ထားခဲ့ သည်။

သူက ကြောက်လန့်တကြား အော်ဟစ်ရင်းဖြင့် ကနူးလှေကို လှော်တက်ဖြင့် ရိုက်နေမိသည်။ လှော်တက်ကျိုးသွားရသည်။ အဲလက်စ်တွင် လှော်တက်အပိုတစ်လက် ရှိသေးသည်။ သူက သူ့စိတ်ကို ပြန်၍ ထိန်းသည်။ ဒုတိယမြောက်လှော်တက် ထပ်ကျိုးပါက သေရုံသာကျန်ရှိတော့သည်။ တစ်ယောက်တည်း အပြင်းအထန်ကြိုးစားရုန်းကန် ဆဲဆိုရေရွတ်ရင်းဖြင့်ပင် သူက ကနူးလှေကို ကမ်းခြေသောင်ပြင်ပေါ်သို့ အရောက်ပို့ဆောင်နိုင်ခဲ့ပြီး လူမှာလည်း သဲသောင်ပြင်ထက်သို့ အရုပ်ကြိုးပြတ် ပြိုလဲကျသွားခဲ့ရသည်။ အချိန်ကား နေဝင်ချိန်ပင်တိုင်ခဲ့ပေပြီ။ ဤအဖြစ်အပျက်ကြောင့် အလက်ဇန္ဒားက သူ၏ ကနူးလှေကို စွန့်လွှတ်ကာ မြောက်ဘက်သို့ ပြန်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

ဇန်နဝါရီလ ၁၆ ရက်နေ့တွင် မက်ကန်းဒလက်စ်သည် သူ၏ သတ္တု သား

ကန္နးလှေငယ်ကို အယ်လ်ပေါ်လ်ဖို ဒီ ဆန်တာကလဲရားတံငါရွာလေး၏ အရှေ့တောင်ဘက်ရှိ သောင်ခုံတစ်ခုအထက်တွင် ပေါက်ရောက်နေသည့် မြက်ပင်ချုံပင်တို့ပေါ်၌ တင်ထားပစ်ခဲ့သည်။ ကမ်းခြေကို စွန့်ခွာကာ မြောက်ဘက်သို့ ဦးတည်၍ လမ်းလျှောက်သွားသည်။ သူ၏ လမ်းလျှောက်ခရီး ၃၆ ရက်အတွင်း မည်သူနှင့်မျှ တွေ့ဆုံခြင်း၊ စကားပြောဆိုခြင်းမရှိခဲ့။ ထိုခရီးစဉ်တစ်လျှောက်တွင် သူက ဆန်ငါးပေါင်နှင့် ပင်လယ်တွင်းမှ ဖမ်းယူရရှိခဲ့သော ပင်လယ်စာတို့မှ လွဲ၍ အခြားမည်သည့် စားရေရိက္ခာမျှ မပါရှိဘဲ အသက်ဆက်နေခဲ့သည်။ ထိုအတွေ့အကြုံက နောင်တွင် အလာစကာတောကြီးအတွင်း အလားတူ မည်ကာမတ္တရိက္ခာခွဲတမ်းဖြင့် ရှင်သန်နေထိုင်တတ်စေရန် အထောက်အကူဖြစ်စေခဲ့သည်။

သူသည် အမေရိကန်ပြည်တောင်စု နယ်စပ်ဆီသို့ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့သည်။ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံ အထောက်အထားတစ်စုံတစ်ရာမပါရှိဘဲ နိုင်ငံအတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းမှုဖြင့် လူဝင်မှုကြီးကြပ်ရေးဌာနက သူ့ကို ဖမ်းဆီးခဲ့သည်။ အချုပ်တစ်ညကျပြီးနောက် သူ၏ ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြကာ ထောင်ကျမည့်အရေးမှ လွတ်မြောက်ခဲ့သည်။ သူ၏ ဒသမသုံးရှစ် ကယ်လီဘာ ပြောင်းတိုသေနတ် အကြောင်းကိုမူ သူက ထည့်မပြောခဲ့ပါ။ ထိုပစ္စတိုသေနတ်သည် လှပသော ကိုလ်တ်ပိုင်သွန်(Colt Python)အမျိုးအစားဖြစ်ပြီး သူ အလွန်နှစ်သက်တွယ်တာသော ပစ္စည်းတစ်ခုလည်း ဖြစ်သည်။

မက်ကန်းဒလက်စ်သည် နောက်ထပ် သီတင်းခြောက်ပတ်လုံးလုံး အနောက်တောင်ဘက်သို့ ဦးတည်၍ ခရီးနှင်သည်။ ဟူစတန်(Houstan)မြို့မှ အရှေ့ဘက်စူးစူး ပစိဖိတ်ကမ်းရိုးတန်း၏ အနောက်ဘက်သို့ ရောက်နိုင်သမျှ ခရီးနှင်ခဲ့သည်။ ညအိပ်ရပ်နားရာ လမ်းမများနှင့် အဝေးပြေးခုံးကျော်တံတားတို့အောက်တွင် ကျက်စားသည့် လူဆိုးတို့၏ လုယက်ခြင်းမခံရစေရန် သူက မြို့တစ်မြို့သို့ မဝင်မီ သူပိုင်ငွေများကို မြေတွင်းတူး၍ ဝှက်ထားခဲ့လေ့ရှိသည်။ မြို့မှ ပြန်ထွက်ချိန်တွင် ဝှက်ထားသောငွေများကို ပြန်လည်တူးယူသည်။ သူ၏ ဂျာနယ်မှတ်စုအရ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် မက်ကန်းဒလက်စ်သည် လော့စ်အိန်ဂျလိစ်မြို့သို့ သွားရောက်ခဲ့ကြောင်း သိရှိရသည်။ “လော့စ်အိန်ဂျလိစ်တွင် သူ့အတွက် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံအထောက်အထားတစ်ရပ်ပြုလုပ်ရန်နှင့် အလုပ်တစ်ခုရှာဖွေရန် သွားရောက်ခြင်းပင်။ သို့ရာတွင် သူက လူ့ဘောင်အဖွဲ့အစည်းအတွင်း နေထိုင်ရသည်ကို အလွန်တရာမွန်းကျပ်ခံစားရသဖြင့် လမ်းပေါ်သို့သာ အမြန်ဆုံးပြန်ရန် ဖြစ်လာခဲ့ရသည်” ဟု ဂျာနယ်မှတ်စုတွင် ရေးသားဖော်ပြထားသည်။

ထို့နောက် ခြောက်ရက်အကြာ ဂရဲန်းကင်ညွှန်ကျောက်ဆောင်ကမ်းပါးအောက်တစ်နေရာတွင် ဂျာမန်စုံတွဲတစ်တွဲနှင့်အတူ သူက စခန်းချခဲ့သည်။

ထိုဂျာမန်စုံတွဲက သူ့ကို ကားကြုံစီးခွင့်ပြုခဲ့ခြင်းဖြစ်ပြီး သိုးမားစ်(Thomas)နှင့် ကာရင်း(Karin)ဟု မိတ်ဆက်ကြသည်။ "၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လက ခရီးစတင်ထွက်ခဲ့သော အဲလက်စ်နှင့် တူညီနိုင်ပါဦးမည်လော။ အာဟာရချို့တဲ့ခြင်း နှင့် လမ်းခရီးကြမ်းတမ်းပင်ပန်းမှုတို့က သူ့ခန္ဓာကိုယ်ကို ထုထောင်းနှိပ်စက်ခဲ့ကြ လေပြီ။ ကိုယ်အလေးချိန် ၂၅ ပေါင် ကျဆင်းခဲ့သည်။ သို့သော် သူ၏ စိတ် ဓာတ်ကားလေတွင် တလူလူလွင့်ကာ ခိုင်မတ်နေမြဲပင်" ဟု သူက ရေးသား ဖော်ပြခဲ့သည်။

ဒတ်ဆန်းကားကို စွန့်လွှတ်ထားခဲ့ပြီးနောက် ခုနစ်လခွဲအကြာ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် မက်ကန်းဒလက်စ်သည် ဒက်ထရိုင်တယ်လ်ဝေါ့ရှ်သို့ ပြန်လည်ရောက်ရှိလာသည်။ အမျိုးသားဥယျာဉ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ က သူ၏ ဒတ်ဆန်းမော်တော်ယာဉ်ကို သိမ်းယူသွားသည်မှာ ကြာမြင့်ပြီဖြစ် သော်လည်း မော်တော်ကား၏ ဗာဂျီးနီးယားပြည်နယ် မှတ်ပုံတင်၊ မော်တော်ယာဉ်နံပါတ်ပြား(SJF-421)ကိုမူ မြေတွင် ဝှက်ထားရာမှ ပြန်လည်တူးဖော်ရရှိခဲ့သည်။ အခြားသော ကိုယ်ပိုင်အသုံးအဆောင်ပစ္စည်းအချို့ကိုလည်း တစ်နေရာတည်းတွင်ပင် မြှုပ်နှံထားခဲ့ခြင်းဖြစ်သည်။ ထို့နောက် လာ့စ်ဗီးဂတ်စ် (Las Vegas)မြို့သို့ ခြေလျင်လျှောက်သွားကာ အီတလီစားသောက်ဆိုင်တစ်ဆိုင် ၌ အလုပ်ဝင်သည်။ "အလက်ဇန္ဒားသည် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် သူ၏ ကျောပိုးအိတ်ကို သဲကန္တာရတစ်နေရာ၌ မြှုပ်နှံသိုဝှက်ပြီး မည်သည့်သက်သေခံအထောက်အထားနှင့် ငွေကြေးတစ်ပြားတစ်ချပ်မျှမပါဘဲ လာ့စ်ဗီးဂတ်စ် မြို့သို့ဝင်သည်" ဟု သူ၏ ဂျာနယ်မှတ်စုများအရ သိရှိကြရသည်။

သူက အိမ်ခြေယာခြေမဲ့များ၊ ခြေသလုံးအိမ်တိုင်ခရီးသွားများ၊ အရက်သမားများနှင့်အတူ လမ်းမများထက်တွင် သီတင်းပတ်များစွာ နေထိုင်ခဲ့သည်။ မည်သို့ပင်ဆိုစေ ဗီးဂတ်စ်သည် သူ၏ ဇာတ်လမ်းအဆုံးသတ်ရမည့်နေရာမဟုတ် ပါ။ မေလ၁၀ ရက်နေ့တွင် သူ၏ ခြေဖဝါးများက ယားယံလာကြပြီး အဲလက်စ်က ဗီးဂတ်စ်ရှိ လုပ်လက်စအလုပ်မှ နုတ်ထွက်၊ ဝှက်ထားသော ကျောပိုးအိတ်ကို ပြန်လည်တူးယူကာ လမ်းမများထက်ဆီသို့ ပြန်တက်လာခဲ့ သည်။ ကင်မရာတစ်လုံးကို မြေအောက်တွင် မိုက်မဲစွာမြှုပ်နှံထားခြင်းဖြင့် နောင်တွင် ထိုကင်မရာဖြင့် ဓာတ်ပုံရိုက်ယူ၍ မရနိုင်မှန်းသိလျက်နှင့်ပင် သူက မြှုပ်နှံခဲ့ခြင်းဖြစ်သည်။ ဤသို့ဖြင့် ၁၉၁၁ ခုနှစ်၊ မေလ ၁၀ ရက်နှင့် ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့အကြားရှိ သူ၏ ခရီးစဉ်မှာ မှတ်တမ်းဓာတ်ပုံများ မပါရှိခဲ့တော့ပေ။ သို့ရာတွင် ထိုအချက်က သူ့အတွက် အရေးမကြီးပါ။ ခရီးစဉ်တစ်လျှောက် ရရှိခဲ့သော အတွေ့အကြုံများ၊ အမှတ်တရဖြစ်စဉ်များ၊ စစ်မှန်သော အဓိပ္ပာယ်တို့ ကိန်းဝပ်ခိုအောင်းရာဖြစ်သော အသက်ရှင်နေထိုင် ခြင်း၏ ကြီးကျယ်ခမ်းနားသည့် အောင်မြင်ပျော်ရွှင်ခံစားမှုတို့သည်သာ အရေးပါသောအရာများ ဖြစ်ကြသည်။ အို... အဖဘုရားသခင် အသက်ရှင်နေထိုင်ရခြင်းသည် ကြီးကျယ်ခမ်းနားလှပါတကား။ ဘုရားသခင်၏ အနန္တကျေးဇူး

တော်ပင်တည်း။

အခန်း (၅)
ဘူးလ်ဟက်ဒ်မြို့

ကမ္ဘာဦးခေတ်ကပင် တည်ရှိခဲ့သော သူတစ်ပါးအပေါ် လွှမ်းမိုးလို သည့် အရိုင်းစိတ်သည် စွတ်ဖားဆွဲခွေး ဘတ်ခ်(Buck)၏ ရင်ထဲတွင် အား ကောင်းစွာတည်ရှိနေပြီးဖြစ်သည်။ ထိုစိတ်က သူ၏ စွတ်ဖားလှည်းဆွဲဘဝတွင် တစ်စတစ်စ ကြီးထွားလာခဲ့သည်။ လူမသိ၊ သူမသိဖြင့် ကြီးထွားလာခြင်းမျိုးပင်။ သူ၏ ရင်တွင်း၌ အသစ်ပေါက်ဖွားလာသော ပရိယာယ်ကြွယ်ဝခြင်းက သူ့အား သူ၏ အရိုင်းစိတ်ကို အခြေမပျက် ထိန်းသိမ်းထားစေနိုင်ခဲ့သည်။

ဂျက်လန်ဒန်

The Call of the Wild

သူတစ်ပါးအပေါ် လွှမ်းမိုးလိုသော ကမ္ဘာဦးခေတ် အရိုင်းစိတ်ကို အားလုံး ဂုဏ်ပြုကြ။ ကက်ပတိန်အဟာ့ဘ်(Captain Ahab)ကိုပါ ဂုဏ်ပြုကြ။

အလက်စန္ဒားစူပါထရမ့်ပ်

မေလ၊ ၁၉၉၂ ခုနှစ်။

(စတမ့်ပိဒ်ထရေးလ်လမ်းပေါ်ရှိ စွန့်ပစ်ထားသော ဘတ်စ်ကားအတွင်း၌ ရေးထိုး ထားသောစာတန်း)

ကင်မရာ ပျက်စီးသွားသဖြင့် မှတ်တမ်းဓာတ်ပုံရိုက်ယူနိုင်ခြင်း မရှိတော့သော မက်ကန်းဒလက်စ်သည် ဂျာနယ်မှတ်စုတွင် မှတ်တမ်းရေးသားခြင်း ကိုလည်း ရပ်ဆိုင်းပစ်ခဲ့သည်မှာ နောက်တစ်နှစ်တွင် အလာစကာသို့ သွားခဲ့ သည့်တိုင်အောင်ပင် ဖြစ်သည်။ သို့ဖြစ်၍ ၁၉၉၁ ခုနှစ်၊ မေလတွင် လာ့စ်ဗီး ဂတ်စ်မြို့မှ ထွက်ခွာပြီးနောက်ပိုင်း သူ၏ ခရီးစဉ်များအကြောင်းကို များများစား စား သိရှိရခြင်းမရှိပေ။

ဂျန်ဘားရက်စ်ထံသို့ မက်ကန်းဒလက်စ် ပေးပို့ခဲ့သောစာအရ သူသည် ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း အော်ရီဂွန်(Oregon)ပြည်နယ် ကမ်းရိုးတန်း ဒေသတွင် ရှိနေခဲ့ကြောင်း သိရှိရသည်။ အက်စ်တိုးရီးယား(Astoria) ဆိပ်ကမ်း မြို့ အနီးဝန်းကျင်ဒေသများ ဖြစ်နိုင်ခြေရှိပါ သည်။ သူရောက်ရှိခဲ့သောနေရာသည် မြူနှင်းများနှင့် မိုးသည်းထန်ပုံမှာ သည်းမခံနိုင်လောက်စရာဖြစ်သည်” ဟု ရေးသားဖော်ပြခဲ့ခြင်းကြောင့် ထိုသို့ မှန်းဆရခြင်းဖြစ်သည်။ စက်တင်ဘာလတွင် ပြည်ထောင်စုအဝေးပြေးလမ်းမကြီး အမှတ် ၁၀၁ အတိုင်း ခြေလျင်လျှောက်ကာ ကယ်လီဖိုးနီးယားပြည်နယ်သို့ ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် အရှေ့ဘက်သို့ ဦးလှည့်ကာ သဲကန္တာရဆီသို့ ခရီးဆက်ပြန်သည်။ အောက်တိုဘာလ အစော ပိုင်းတွင် အရီဇိုးနားပြည်နယ် ဘူးလ်ဟက်ဒ်မြို့(Bullhead City)သို့ မက်ကန်း ဒလက်စ်

ရောက်ရှိခဲ့သည်။

ဘူးလ်ဟက်ဒ်မြို့သည် ၂၀ ရာစုနှစ်နှောင်းပိုင်းသုံး စကားအလင်္ကာ ဖြင့် ဆိုရပါက ဆန့်ကျင်ဘက်ဂုဏ်သတ္တိများ ထပ်တူပြုရာ လူမှုအသိုက်အဝန်း တစ်ရပ် ဖြစ်သည်။ မြို့လယ်ရပ်ကွက်ဟူ၍ ထင်ထင်ရှားရှား ပြသစရာ မရှိ။ စီစဉ်တကျနေရာချထား တည်ဆောက်ထားခြင်းမဟုတ်သော ဈေးဝယ်စင်တာ များကလည်း ကော်လိုရာဒိုမြစ်ကမ်းပါးတစ်လျှောက် ရှစ်မိုင်၊ ကိုးမိုင်ခန့်အထိအစီအရီတည်ရှိကြသည်။ ကော်လိုရာဒိုမြစ်တစ်ဖက်သို့ ကူးလိုက်ပါက အထပ် မြင့်ဟိုတယ်များနှင့် ကာစီနိုလောင်းကစားရုံများရှိရာ နီဗားဒါးပြည်နယ် လဗ် လင်(Laughlin)မြို့သို့ ရောက်သည်။ ဘူးလ်ဟက်ဒ်မြို့၏ ထင်ရှားသိသာရဆုံးဖြစ် သော မြို့ပြလက္ခဏာမှာ မိုဟာဗီးတောင်ကြားအဝေးပြေးလမ်း(Mohave Valley Highway)ပင် ဖြစ်သည်။

လေးလမ်းသွား ကတ္တရာခင်းအဝေးပြေးလမ်းမကြီး၏ ဝဲယာတစ်လျှောက်တွင် စက်သုံးဆီအရောင်းဆိုင်များ၊ အသင့်စား စားသောက် ဆိုင်များ၊ အရိုးအဆစ်ဝေဒနာကုဆေးခန်းများ၊ ဗီဒီယိုအခွေအရောင်းဆိုင်များ၊ မော်တော်ယာဉ်အပိုပစ္စည်းအရောင်းဆိုင်များနှင့် နိုင်ငံခြားခရီးသွား ဧည့်သည်တို့ကို ဆွဲဆောင်ဖမ်းစားနိုင်သောနေရာများစွာတို့ တည်ရှိသည်။ ထိုမျှလောက်သော အနေအထားဖြင့်ဆိုပါမူ ဘူးလ်ဟက်ဒ်မြို့သည် ဟင်နရီဒေးဗစ်သော်ရိုး(Henry David Thoreau) နှင့် လီယိုတော်လ်စတွိုင်း(Leo Tolstoy)တို့ကဲ့သို့သော အတွေးအခေါ်ပညာရှင်တို့ကို အားကျထောက်ခံသူတစ် ယောက်အား ဆွဲဆောင်နိုင်စွမ်းရှိသည့်နေရာတစ်နေရာ ဖြစ်မလာနိုင်ပါ။ သော်ရိုးနှင့် တော်လ်စတွိုင်းတို့ကား အမေရိက၏ သမားရိုးကျအတွေးအခေါ် များအတွင်းမှ အရှင်းရှင်ဘူဇဝါတို့၏ ထောက်ချောက်များကို ဖီဆန်အာခံကြရန် အတွင်တွင်ပြောကြားခဲ့သည့် အတွေးအခေါ်ပညာရှင်များ ဖြစ်ကြသည်။ မည်သို့ပင်ဖြစ်စေ မက်ကန်းဒလက်စ်က ဘူးလ်ဟက်ဒ်မြို့လေးကို နှစ်နှစ်ကာကာပင် သဘောကျသွားခဲ့သည်။ သူက တော်လှန်ရေးကို စိတ်မဝင်စားသော ဘူးလ်ဟက်ဒ်ဒေသခံတို့အပေါ် စွဲလမ်းသွားမိခြင်းကြောင့်လည်း ဖြစ်နိုင်ပေသည်။ ဘူးလ်ဟက်ဒ်ဒေသခံတို့သည် သူတို့၏ လူနေမှုအသိုက်အဝန်းအတွင်း နောက်တွဲ ယာဉ်ဖြင့် သယ်ဆောင်ရွှေ့ပြောင်းနိုင်သော ဥယျာဉ်ပန်းခြံများ၊ အပျော်ခရီး စခန်းချရပ်နားရာနေရာများ၊ အကြွေစေ့ထည့်ကာအသုံးပြုရသော အဝတ်လျှော် စက်များဖြင့် သူတို့၏လူနေမှုဘဝကို ကျေနပ်စွာနေထိုင်နေကြခြင်းဖြစ်သည်။ ထို့အပြင် ဘူးလ်ဟက်ဒ်မြို့အား ပတ်လည်ဝန်းရံထားသော သဲကန္တာရရှုခင်းအလှ ကို မက်ကန်းဒလက်စ်က သဘောကျသွားမိခြင်းလည်း ဖြစ်နိုင်ပေသည်။

မည်သည့်အကြောင်းရင်းခံနှင့်ပင်ဖြစ်စေ ဘူးလ်ဟက်ဒ်မြို့သို့ ရောက် ရှိလာခဲ့ပြီးနောက် မက်ကန်းဒလက်စ်က နှစ်လကျော်ခန့်ကြာမြင့်သည်အထိနေထိုင်သွားခဲ့သည်။ အတ္တလန်တာမှ

ထွက်လာပြီး အလာစကာမှတစ်ဆင့် စတမ့်ပိဒ်ထရေးလ်လမ်းပေါ်မှ စွန့်ပစ်ဘတ်စ်ကားသို့ ရောက်သည်အထိ ခရီးစဉ် တစ်လျှောက်လုံး၌ အရပ်ဒေသတစ်ခုတည်းတွင် နှစ်လကျော်နေထိုင်သွားခဲ့သည့် မှာ ဘူးလ်ဟက်ဒ်မြို့တစ်မြို့သာလျှင် ရှိသည်။ အောက်တိုဘာလအတွင်းတွင် ဝက်စတာဘာ့ဂ်ဆီသို့ ပေးပို့ခဲ့သော ပို့စ်ကတ်တစ်စောင်၌ မက်ကန်းဒလက်စ်က ဘူးလ်ဟက်ဒ်မြို့အကြောင်း ရေးသားဖော်ပြခဲ့သည်။

"ဒီနေရာက ဆောင်းခိုလို့ ကောင်းတဲ့နေရာလေးပါ။ ပြီးတော့ ကျွန်တော့်ရဲ့ တစ်ကိုယ်တော်ခရီးကြမ်း လမ်းလျှောက်ထွက်တဲ့အလုပ်ကို အပြီးတိုင် စွန့်လွှတ်ပြီးရင် အခြေချနေထိုင်ဖြစ် မယ့်မြို့လေးလည်း ဖြစ်ပါတယ်။ နွေဦးပေါက်ရောက်လာတဲ့အခါမှာ ဘာဖြစ်ဦး မလဲဆိုတာ ကြည့်ရဦးမှာပါ။ ဘာလို့လဲဆိုတော့ အဲဒီအချိန်ဆိုရင် ကျွန်တော့်ခြေ ဖဝါးတွေက လမ်းလျှောက်ချင်စိတ်နဲ့ ယားလာတတ်လို့လေ။"

အထက်ပါစာကို ရေးသားပေးပို့ချိန်တွင် မက်ကန်းဒလက်စ်က အမြဲတမ်းအလုပ်တစ်ခု ဝင်ရောက်လုပ်ကိုင်နေချိန်ဖြစ်သည်။ မြို့တွင်း ပင်မလမ်းတစ်နေရာရှိ မက်ဒေါ်နယ်လ်(Mc Donald)ဆိုင်ခွဲတစ်ခုတွင် ပေါင်တစ်စိတ်အလေးချိန်ရှိသည့် ကွာတာပေါင်ဒါ (Quarter Pounder) ခေါ် ဟမ်ဘာဂါ အသားညှပ် မုန့်များ ရောင်းချသည့်အလုပ်ဖြစ်သည်။ အလုပ်ရှိရာသို့ စက်ဘီးတစ်စီးဖြင့် သူက သွားလေ့ရှိသည်။ အပြင်ပန်း အမြင်အားဖြင့်ဆိုရပါမူ သူသည် အံ့အားသင့် စရာကောင်းလောက်အောင် သမားရိုးကျဆန်သော ရှင်သန်မှုဖြင့် နေထိုင်သွားခဲ့ သည်။ ဒေသတွင်းရှိ ဘဏ်တစ်ခု၌ ငွေစုစာရင်းတစ်ရပ် ဖွင့်လှစ်ထားခြင်းက ထိုအတွေးကို ပိုမိုခိုင်မာစေသည်။

စူးစမ်းဖွယ်ကောင်းသည့် နောက်ထပ်အချက်တစ်ခုက မက်ဒေါ်နယ်လ်ဆိုင်တွင် အလုပ်လျှောက်သည့်အခါ သူက ခရစ္စမက်ကန်းဒလက်စ် ဆိုသော အမည်ကို အသုံးပြုခဲ့ခြင်းပင်။ အဲလက်စ်အဖြစ်နှင့် အလုပ်လျှောက်ခဲ့ ခြင်း မဟုတ်ပါ။ ထို့အပြင် သူ၏ လူမှုဖူလုံရေးအမှတ်စဉ်ကိုလည်း အလုပ်ရှင်ထံ အမှန်အတိုင်းပင် ပေးအပ်ခဲ့သည်။ ထိုသို့ အမှန်အတိုင်းပေးအပ်ခြင်းက ဖုံးကွယ် ထားလိုသော သူ၏အကျင့်စရိုက်နှင့် ဆန့်ကျင်ဘက်ဖြစ်နေပေသည်။ သူ၏ အမည်လွှဲများအောက်တွင် ပုန်းခိုနေမှုကြောင့် သူရှိရာနေရာကို မိဘများက လိုက်လံစုံစမ်းသည့်တိုင် ရေလိုက်လွှဲကြရခြင်း ဖြစ်သည်။ သူက ပြုမူနေကျ အတိုင်းမဟုတ်ဘဲ အမည်ရင်းကို ထုတ်ဖော်ပြောပြခဲ့သော်လည်း ဝေါ့လ်တ်နှင့် ဘီလီတို့ ငှားရမ်းထားသည့် အလွတ်စုံထောက်က ထိုသဲလွန်စကို ခြေရာမခံနိုင် ခဲ့သဖြင့် မည်သည့်နောက်ဆက်တွဲ အကျိုးဆက်မှ ပေါ်ပေါက်မလာခဲ့ပေ။

ဘူးလ်ဟက်ဒ်မြို့တွင် ချွေးဒီးဒီးကျသည်အထိ အလုပ်လုပ်ခဲ့ရပြီး နှစ်နှစ်ခန့်အကြာတွင် မက်ဒေါ်နယ်လ်ဆိုင်မှ သူ၏ လုပ်ဖော်ကိုင်ဖက်များက ခရစ္စမက်ကန်းဒလက်စ်အကြောင်း များများစားစား မပြောဖြစ်ကြတော့ပေ။

“ကျွန်တော် မှတ်မိတာတစ်ခုက သူဟာ ခြေအိတ်တွေနဲ့ပတ်သက်ပြီး အမြင်တစ်မျိုးရှိတယ်ဆိုတာပဲ”။ လူက ၀,သလောက် စကားအလွန်ပြောသော ဂျော့ချ် ဒရီးစ်ဇန်(George Dreeszen)ဆိုသူ လက်ထောက်မန်နေဂျာက ပြောပြလာခြင်းဖြစ်သည်။ “သူက ရှူးဖိနပ်ကို အမြဲတမ်း ခြေအိတ်မပါဘဲ စီးတတ်တာ။ ဘာအကြောင်းအရင်းမှ မရှိဘဲကို ခြေအိတ်ကို မဝတ်တာ။ ဒါပေမဲ့ မက်ဒေါ်နယ်လ်ဆိုင်တွေမှာက အလုပ်သမားတိုင်းဟာ သင့်တော်တဲ့ဖိနပ်စီးထားရမယ် ဆိုတဲ့ စည်းကမ်းရှိတယ်လေ။ ရှူးဖိနပ်နဲ့ ခြေအိတ်ဝတ်ထားဖို့ပြောတာပါ။ ခရစ္စက စည်းကမ်းကိုတော့ လိုက်နာပါတယ်။ ဒါပေမဲ့ သူ့အလုပ်ချိန်ကုန်သွား တာနဲ့ တစ်ပြိုင်နက် သွားပေရော့ပဲ။ အလုပ်ချိန်ကုန်ရင် ပထမဆုံး သူလုပ်တဲ့ အလုပ်က ခြေအိတ်တွေကို ဆွဲချွတ်ပစ်လိုက်တာပဲလေ။ တကယ့်ကို တခြား ဘာမှ မလုပ်ခင် ခြေအိတ်တွေ ဆွဲချွတ်ပစ်တာ။ အလုပ်ချိန်အပြင်မှာ သူ့ကိုကျွန်တော်တို့ မပိုင်ဘူးလို့ ပြောနေသလိုမျိုးပဲ။ ဒါတော့ ကျွန်တော့်အထင်ပေါ့ လေ။ ဒါပေမဲ့ သူက သဘောထားကောင်းတဲ့လူငယ်တစ်ယောက်၊ အလုပ်ကြိုး စားတဲ့ အလုပ်သမားတစ်ယောက်ပါ။ တကယ်အားကိုးရပါပေတယ်”

ဒုတိယလက်ထောက်မန်နေဂျာအမျိုးသမီး လိုရီဇာဇာ(Lori Zarza)က မူကွဲပြားသောအမြင်တစ်ခု ဖော်ပြလာသည်။ “ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီဆိုင်မှာ သူအလုပ်ရတာကို ကျွန်မဖြင့် အံ့အားတောင်သင့်မိတယ်”။ သူက ဆက်ပြောပြသည်။ “သူက အလုပ်တော့လုပ်တတ်ပါတယ်။ နောက်ဖေး စားဖို ဆောင်မှာ ချက်ရပြုတ်ရတာလေ။ ဒါပေမဲ့ သူ့ကို ကြည့်လိုက်ရင် အလုပ်ကို အမြဲတမ်း ဖြည်းဖြည်းလေးပဲလုပ်တာ တွေ့ရတယ်။ ကမန်းကတန်းအချိန်လုစား ရတဲ့ နေ့လယ်စာစားချိန်မှာတောင် သူက ခပ်ဖြည်းဖြည်းပဲ။ သူ့ကို မြန်မြန်လုပ် ဖို့ရာ ဘယ်လောက်ပြောပြော ဒီအတိုင်းပဲ။ ဈေးဝယ်တွေက ကောင်တာမှာ ဆယ်ယောက်လောက်ထပ်ပြီး တန်းစီကုန်ကြရလိမ့်မယ်၊ သူလုပ်ပုံနဲ့။ သူ့အလုပ် ကို ကျွန်မက ဘာလို့ဝင်လုပ်ရတယ်ဆိုတာကိုလည်း နားလည်မယ့်ပုံမပေါ်ဘူး။ သူက သူများတွေနဲ့ အဆက်အသွယ်ပြတ်နေတာ။ သူက သူ့ကမ္ဘာထဲမှာပဲ သူရှိနေပြီး တခြားလူတွေနဲ့ အဆက်ပြတ်နေပုံပဲ။

“ဒါပေမဲ့ သူက စိတ်တော့ချရတယ်။ အလုပ်ကို မပျက်မကွက် နေ့တိုင်းလာနေတာဆိုတော့ သူတို့က ထုတ်လည်းထုတ်မပစ်ရဲ့ကြဘူးလေ။ လုပ်ခကျတော့လည်း သူတို့က တစ်နာရီမှ တစ်မတ်စေ့လေးစေ့လောက်ပဲ ပေးထားကြတာ။ မြစ်တစ်ဖက်ကမ်းကူးလိုက်ရင် အဲဒီက ကာစီနိုရုံတွေမှာဆို လူသစ်တစ်ယောက်ကို တစ်နာရီလုပ်ရင် တစ်မတ်စေ့ခြောက်စေ့ တန်းပေးတယ်လေ။ အလုပ်သမားတွေကို ထိန်းထားရတာကလည်း လွယ်တော့မလွယ်ပါဘူး။

“ပြီးတော့ သူက အလုပ်ပြီးတဲ့အချိန်တို့ဘာတို့မှာ တခြားအလုပ်သမားတွေနဲ့အတူ အလည်အပတ်သွားတာမျိုးလည်း ကျွန်မဖြင့် ရှိတယ်ကို မထင်ဘူး။ သူစကားပြောရင်လည်း သစ်ပင်တွေအကြောင်း၊ သဘာဝအကြောင်းနဲ့ တခြား

ကြောင်တောင်တောင်အကြောင်းအရာတွေပဲ ပြောတတ်တာ။ ကျွန်မတို့အားလုံး က သူ့ကို ခေါင်းထဲမှာ ဝက်အူတချို့ပြုတ်နေတာလို့ ထင်ကြတာပါ။

"နောက်ဆုံးမှာ ခရစ္စ အလုပ်ထွက်သွားတာက" ဇာဇာက ဆက်ပြောပြလာသည်။ "ကျွန်မကြောင့်လို့ပဲ ပြောရမယ်ထင်တယ်။ သူအလုပ်ဝင်စ, တုန်းက နေစရာအိမ်မရှိဘူး။ အလုပ်ကိုလာတဲ့အခါမှာ တစ်ကိုယ်လုံး နံစော်နေ တာ။ မက်ဒေါ်နယ်လ်ဆိုင်တွေရဲ့ စည်းကမ်းအရ အလုပ်ကို ဒီလို နံနံစော်စော် နဲ့ လာလို့မရဘူးလေ။ နောက်ဆုံးတော့ သူ့ကို ရေမျှားမျှားချိုးဖို့ ပြောပေးဖို့ သူတို့က ကျွန်မကို တာဝန်ပေးလိုက်ကြတယ်။ သူ့ကို ရေချိုးဖို့ကိစ္စ ပြောလိုက် တာနဲ့ ကျွန်မတို့ကြားမှာ စကားများရတော့တာပဲ။ သူ့ကို ဖျောင်းဖျဖို့ ကြိုးစားတဲ့ တခြားအလုပ်သမားတွေက ဆပ်ပြာတို့ဘာတို့ လိုလို့လား မေးလိုက်တဲ့အခါမှာ ခရစ္စတစ်ယောက် ရူးသွားတာပဲလို့လည်း ပြောနိုင်ပါတယ်။ ဒါပေမဲ့ သူက တခြားလူတွေကို လုံးလုံးကြီး အသိခံတာမဟုတ်ဘူး။ နောက်သီတင်းသုံးပတ် လောက်နေတော့ ဆိုင်တံခါးပေါက်ကနေ လစ်းလျှောက်ထွက်သွားပြီး တစ်ခါ တည်း အလုပ်ကနေ ထွက်သွားတော့တယ်"

မက်ကန်းဒလက်စ်က သူသည် ကျောပိုးအိတ်တစ်လုံးပိုး၍ ဦးတည်ရာ မရှိ ခြေလျင်လျှောက်သွားနေသူ တစ်ယောက်ဖြစ်ကြောင်း အခြားသူများ မသိစေ ရန် ကြိုးစားဖုံးကွယ်ထားခဲ့သည်။ မြစ်တစ်ဖက်ကမ်းရှိ လဖ်လင်မြို့တွင် နေထိုင်ကြောင်း လုပ်ဖော်ကိုင်ဖက်များကို ပြောထားခဲ့သည်။ အလုပ်ပြီးဆုံး၍ အိမ်ပြန်ချိန်ရောက်သည့်အခါ ကားကြုံလိုက်ရန် အပေါင်းအသင်းများက ခေါ်ကြသည့်အခါတိုင်း သူက သိမ်သိမ်မွေ့မွေ့ပင် ငြင်းဆိုလေ့ရှိသည်။ စင်စစ်တွင် ဘူးလ်ဟက်ဒ်မြို့၌ နေထိုင်ခဲ့သော အစောပိုင်းသီတင်းပတ်များအတွင်း မက်ကန်း ဒလက်စ်က မြို့အစွန်ဘက်ရှိ သဲကန္တာရထဲတွင် စခန်းချနေထိုင်ခဲ့ခြင်း ဖြစ် သည်။ နောက်ပိုင်းတွင် သူက လူမနေသည့် ရွေ့လျားနေအိမ်တစ်လုံး၌ တရား မဝင် ဝင်ရောက်နေထိုင်ခဲ့သည်။ ထိုသို့ တရားမဝင် ဝင်ရောက်နေထိုင်ဖြစ်ခဲ့ခြင်း နှင့်စပ်လျဉ်း၍ ဂျန်ဘားရက်စ်ထံ ရေးသားပေးပို့သော စာတစ်စောင်၌ "အခြေ အနေအရဖြစ်သွားရပါတယ်"ဟူ၍ သူက ရေးသားဖော်ပြခဲ့သည်။

တစ်မနက်ခင်း အိမ်သာခန်းထဲမှာ ကျွန်တော် မုတ်ဆိတ်ရိတ်နေ တုန်း အဘိုးကြီးတစ်ယောက် ဝင်လာတယ်။ သူက ကျွန်တော့်ကို သေသေချာချာကြည့်ပြီး "အပြင်မှာ အိပ်တာလား"လို့ မေးလာ တယ်။ ဟုတ်ပါတယ်လို့ ဖြေလိုက်တော့ သူက သူ့မှာ နောက်တွဲ ယာဉ်တစ်စီးရှိတယ်။ အဲဒီမှာ လာနေလို့ရတယ်။ ပိုက်ဆံပေးစရာ မလိုဘူးလို့ ပြောတယ်။ ဒါပေမဲ့ ပြဿနာက အဲဒီနောက်တွဲယာဉ် ဟာ သူပိုင်ပစ္စည်းမဟုတ်တာပဲ။ ဒီနေရာကို မလာနိုင်တဲ့ ပိုင်ရှင်တချို့ က သူတို့မြေပေါ်မှာ သူ့ကို နေခွင့်ပေးထားတာ။ သူက တခြား နောက်တွဲယာဉ်အငယ်တစ်ခုမှာ နေတယ်။ အဲဒီလိုဆိုတော့ ကျွန် တော်သွားနေမယ်ဆိုရင် သူများတွေမမြင်အောင် သိုသိုသိပ်သိပ်နေမှ ရမယ်။ ဒီနေရာမှာ လူပိုခေါ်ထားလို့ ရတာ မဟုတ်လို့ပါ။

တကယ် ကောင်းတဲ့အစီအစဉ်ပါပဲ။ နောက်တွဲယာဉ်က အတွင်းပိုင်းမှာ အပျံစားပဲ။ လူနေအိမ်နောက်တွဲယာဉ်ဖြစ်ပြီး ပစ္စည်းပစ္စယတွေ အပြည့် အစုံခင်းကျင်းထားတာ။ လျှပ်စစ်ဓာတ်အားသုံးဖို့ ပလတ်ပေါက်တွေ လည်းပါတယ်။ တချို့ ပလတ်ပေါက်တွေက သုံးလို့ရသေးတယ် လေ။ နေရာကလည်း အကျယ်ကြီးပဲ။ စိတ်ပျက်စရာဆိုလို့ အဲဒီ အဘိုးကြီးပဲ ရှိတယ်။ သူ့နာမည်က ချာလီ(Charlie)တဲ့။ သူက စိတ်သိပ်မနှံ့ပုံပဲ။ ပေါင်းရသင်းရတာ ခွတီးခွကျရယ်။

ချာလီသည် ယခုအချိန်ထိတိုင်အောင်ပင် ထိုနေရာ၌ နေထိုင်ဆဲ ဖြစ်သည်။ သူ၏ နောက်တွဲယာဉ်လူနေအိမ်က မျက်ရည်ပေါက်သဏ္ဍာန်ရှိသည်။ သံချေးအထပ်ထပ်တက်နေသော သံဖြူပြားဖြင့် နံရံကာထားသည့် နောက်တွဲ ယာဉ်လူနေအိမ်ဖြစ်ပြီး အပျော်ခရီးထွက်သူများ စခန်းချရာတွင် အသုံးပြုသည့် အမျိုးအစားဖြစ်သည်။ ရေပိုက်သွယ်တန်းထားခြင်းမရှိ၊ လျှပ်စစ်မီးလည်းမရှိ။ မက်ကန်းဒလက်စ် နေသွားခဲ့သော အဖြူနှင့် အခြားနှစ်ရောင်စပ် ရွှေ့လျားနေ အိမ်၏ နောက်ဘက်တွင် ထိုးထားသည်။ အနောက်ဘက်အရပ်တွင် ဟာလာ ဟင်းလင်းဖြစ်နေသော တောင်များကို မြင်နေရသည်။ နှစ်စီးတစ်ဆက်တည်း ပေါင်းစပ်ထားသော ရွှေ့လျားလူနေအိမ်တို့၏ အမိုးပေါ်သို့ တောင်များက အုပ်မိုးထားသည့်နှယ်ရှိသည်။ အပြာနုရောင် ဖို့ဒ်တိုရီနို(Ford Torino)ကားလေး တစ်စင်းက ဖရိုဖရဲဖြစ်နေသော ကွက်လပ်အတွင်း ရပ်ထားသည်။ အင်ဂျင်ခန်း အတွင်းမှ ချုံပင်၊ ပေါင်းပင်များက ထိုးထွက်လျက်ရှိသည်။ အနီးရှိ ပန်းချုံစည်း ရိုးတန်းဆီမှ လူသေးနံ့တို့က ထောင်းထောင်းထ,နေသည်။

ခရစ္စ ခရစ္စ”ချာလီက ရှေးဟောင်းနှောင်းဖြစ်များကို ပြန်လည် ဆန်းစစ်တွေးတောရင်း လေးလေးတွဲ့တွဲ့ ရေရွတ်လာခြင်းပင်။ “ဟုတ်တာပေါ့ ကွယ်၊ သူပဲ။ သူမှသူပါပဲ။ သူ့ကို ကောင်းကောင်းမှတ်မိတာပေါ့”။ ကာကီရောင် ဆွယ်တာအင်္ကျီနှင့် ကာကီရောင်အလုပ်ကြမ်းဝတ်ဘောင်းဘီ ဆင်မြန်းထား သော ချာလီက အားအင်ချည့်နဲ့နေဟန်ရှိပြီး မျက်လုံးများကမူ အရည်လဲ့နေကြ သည်။ မေးစေ့ထက်တွင် မုတ်ဆိတ်ငုတ်တိုများက ရိုးပြတ်များသဖွယ် ရှိသည်။ ချာလီ၏ ပြောကြားချက်အရ မက်ကန်းဒလက်စ်သည် နောက်တွဲလူနေအိမ်တွင် တစ်လ ခန့် နေထိုင်သွားခဲ့ကြောင်း သိရှိရသည်။

“လူကောင်းလေးပါကွယ်။ တကယ်သဘောထားကောင်းတဲ့လူပါ”။ ချာလီက ပြန်ပြောပြလာသည်။ “လူတွေအများကြီးကြားမှာ နေရတာ သူက မကြိုက်ဘူးလေ။ သူ့စိတ်က အတည်တကျရှိတာ မဟုတ်ဘူး။ သူက လူကောင်း ဖြစ်ချင်တာ။ ဒါပေမဲ့ သူ့မှာက ရှုပ်ထွေးနေတာတွေ အများကြီးပဲ။ ပြောတာနားလည်ပါတယ်နော်။ အလာစကာသား စာရေးဆရာ ဂျက်လန်ဒန်ရဲ့ စာအုပ် တွေကို သူက ကြိုက်တယ်။ သူ့စိတ်က ခန့်မှန်းလို့မရအောင် အပြောင်းအလဲ မြန်တယ်ဆိုပေမဲ့ ဒုက္ခတော့ မပေးတတ်ရှာပါဘူး။ တစ်ခုခုကို လိုက်ရှာနေတဲ့ လူငယ်တစ်ယောက်နဲ့ တူတယ်။ ဘာမှန်းမသိတဲ့ တစ်ခုခုကို ရှာနေတာလေ။

ဦးလေးကိုယ်တိုင်လည်း ဒါမျိုး တစ်ခါက ဖြစ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ နောက် ပိုင်းမှာ ကိုယ်ရှာနေတဲ့အရာက ဘာလဲဆိုတာကို ဦးလေး သိသွားခဲ့တယ်။ ငွေပေါ့ကွယ်၊ ငွေပဲပေါ့၊ ဟား.. ပေါ့။ ဟား.. ဟား မဟုတ်ဘူးလား။ အဲဒီငွေပဲ။

"ဒါပေမဲ့ အခုနကပြောသလိုပဲပေါ့။ အလာစကာ ဟုတ်တယ်၊ အလာစကာပဲ။ သူက အဲဒီကို သွားချင်တယ်လို့ ပြောတတ်တာ။ သူရှာနေတဲ့ တစ်ခုခုကိုများ အဲဒီမှာ တွေ့ရမလားလို့ သွားကြည့်ချင်တာနေမှာပေါ့။ လူကောင်းလေးတစ်ယောက်ပါကွယ်။ ဘယ်လိုပြောပြော သူက လူကောင်းလေးတစ်ယောက်ပါ။ တစ်ခါတလေမှာ စိတ်ရှုပ်ထွေးစရာတွေ အများကြီးကို သူတွေးနေတတ်တာ။ သူက အဲဒီလိုရှုပ်ထွေးတဲ့ အတွေးတွေကိုပဲ စွဲလမ်းနေတာလေ။ ဒီကနေ သူထွက်သွားတာက ခရစ္စမတ်ပွဲတော်ရက်ပိုင်းလောက်ဖြစ်မယ် ထင် တယ်။ သူက ဦးလေးကို ဒေါ်လာငါးဆယ်နဲ့ စီးကရက်တစ်ဘူး ပေးသွားတယ်။ သူ့ကို ဒီမှာ နေခွင့်ပေးခဲ့တာအတွက်ပေါ့။ ဒါက သူဟာ စိတ်ထားတကယ် ပြည့်ဝတဲ့လူဆိုတာ ပြတာပဲလေ"။

နိုဝင်ဘာလနှောင်းပိုင်းတွင် မက်ကန်းဒလက်စ်က ဂျန်ဘားရက်စ်ထံ ပို့စကတ်တစ်စောင် ပေးပို့ခဲ့သည်။ ကယ်လီဖိုးနီးယားပြည်နယ် အင်မ်ပီးရီးယဲလ် တောင်ကြားဒေသရှိ နီးလန်း(Niland)အမည်ရ မြို့ငယ်လေးတစ်မြို့၏ စာတိုက်မှ တစ်ဆင့် ပေးပို့လာခဲ့ခြင်းပင်။ "နီလန်းစာတိုက်ကနေ ရလာတဲ့ ပို့စ်ကတ်ဟာ သူ့ရဲ့လိပ်စာကို ဖော်ပြလာတဲ့ ပထမဆုံးစာပဲ"။ ဘားရက်စ်က မှတ်မှတ်ရရ ပြန်ပြောပြလာသည်။ "အဲဒါနဲ့ သူ့ဆီကို ချက်ချင်းပဲ စာပြန်လိုက်တယ်။ နောက်သီတင်းပတ်ကျရင် ဘူးလ်ဟက်ဒ်ကို လိုက်လာပြီး သူ့ဆီ လာလည်မယ်လို့ပါ။ ဘူးလ်ဟက်ဒ်က ကျွန်မတို့မြို့နဲ့ သိပ်ပြီး မဝေးဘူးလေ"။

ဂျန်ထံမှ ပေးပို့လာသောစာက မက်ကန်းဒလက်စ်၏ ရင်ကို လှုပ်ခတ်သွားစေခဲ့သည်။ "ခင်ဗျားတို့နှစ်ယောက်လုံး ကျန်းကျန်းမာမာနဲ့ ရှိနေတာသိရလို့ အရမ်းဝမ်းသာပါတယ်"။ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့စွဲတပ် ပေးစာ တွင် မက်ကန်းဒလက်စ်က ထိုသို့ဖော်ပြခဲ့သည်။

ခရစ္စမတ် အမှတ်တရကတ်ပြား ပေးပို့လာတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ တစ်နှစ်လုံးမှာ အဲဒီပွဲတော်အချိန်ကို တွေး ပြီး ပျော်ရတာ သိပ်ကောင်းပါတယ်။ ကျွန်တော့်ဆီကို လာလည် မယ်ဆိုတာသိရလို့ စိတ်တွေတောင်လှုပ်ရှားနေမိတယ်။ အချိန်မရွေး လာလည်နိုင်ပါတယ်လို့ ဖိတ်ခေါ်ပါရစေ။ တစ်နှစ်ခွဲလောက်ကြာပြီး မှ ကျွန်တော်တို့ချင်း ပြန်ဆုံကြရမယ်ဆိုတာကို တွေးမိလိုက်တိုင်း အရမ်းကို စိတ်ချမ်းသာပီတိဖြစ်ရပါတယ်။

သူက စာအဆုံးတွင် ဘူးလ်ဟက်ဒ်မြို့ ဘေ့စ်လိုင်းလမ်းမ(Baseline Road)၌ တည်ရှိသော သူနေထိုင်ရာ နောက်တွဲယာဉ်များဆီသို့ လာရန် လမ်းညွှန် မြေပုံအသေးစိတ်ကို ရေးဆွဲပေးလိုက်သည်။

မက်ကန်းဒလက်စ်ထံမှ ပြန်စာလက်ခံရရှိပြီး လေးရက်အကြာတွင် ဂျန်နှင့် သူ၏ချစ်သူ ဘော့ဘ်တို့က မက်ကန်းဒလက်စ်ထံ မော်တော်ကားဖြင့် သွားရောက်လည်ပတ်ကြရန် ပြင်ဆင်နေကြပြီဖြစ်သည်။ ထိုနေ့ညနေက စခန်းချ ရာဆီသို့ ဘားရက်စ်ပြန်ရောက်ချိန်တွင် သူတို့၏ ဗင်ကားကိုမှီ၍ ထောင်ထား သည့် အိတ်တစ်လုံးကို မြင်တွေ့လိုက်ရသည်။ "ကျောပိုးအိတ်ကြီးတစ်လုံးကို ကျွန်မတို့ ဗင်ကားဘေးမှာမှီပြီး ထောင်ထားတာတွေ့တယ်။ အဲဒါ အဲလက်စ်ရဲ့ ကျောပိုးအိတ်ဆိုတာ ကျွန်မ မှတ်မိတယ်။ ကျွန်မတို့ရဲ့ ခွေးမလေး ဆန်းနီ(Sunni) ကလည်း ကိုယ့်ထက်အရင်တောင် သူ့အနံ့ကို ရနေသေးတာ။ သူက အဲလက်စ်နဲ့ ခင်တယ်လေ။ ဒါပေမဲ့ အဲလက်စ်ကို သူမှတ်မိနေတာကိုတော့ အံ့သြမိတယ်။ ဆန်းနီက သူ့ကိုလည်းတွေ့ရော ပျာယာကိုခတ်နေတော့တာပဲ"။ မက်ကန်းဒ လက်စ်က ဘူးလ်ဟက်ဒ်မြို့ကို ငြီးငွေ့လာခဲ့ကြောင်း ဘားရက်စ်ကို ရှင်းပြခဲ့ သည်။ အချိန်မှတ်စက်တွင် အလုပ်တက်/ဆင်းကတ်ပြား အပေါက်ဖောက်ရ သည်ကိုလည်း ငြီးငွေ့၊ သူနှင့်အတူ အလုပ်လုပ်သည့် ခံစားချက်မရှိသော ပလတ်စတစ်နှလုံးသားနှင့် လူများကိုလည်း ငြီးငွေ့လာသဖြင့် ဘူးလ်ဟက်ဒ်မှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဘားရက်စ်အား ရှင်းပြလာခဲ့သည်။

ဂျန်နှင့် ဘော့ဘ်တို့က နီးလန်းမြို့လေးအပြင်ဘက် သုံးမိုင်ခန့်ဝေးသော နေရာတွင် နေထိုင်ကြသည်။ ဒေသခံတို့က ထိုနေရာကို ဆလာ့ဘ်စ်(Slabs)ဟု ခေါ်ဆိုကြသည်။ ရေတပ်ပိုင် လေဆိပ်စခန်းဟောင်းတစ်ခုဖြစ်ပြီး လုံးဝယိုယွင်း ပျက်စီးနေကာ ကွန်ကရစ်အုတ်မြစ်များပင် ဟိုတစ်စ၊ သည်တစ်စနှင့် သဲကန္တာ ရထဲတွင် ပျံ့ကျဲနေပြီဖြစ်သည်။ အသုံးပြုခြင်းမရှိဘဲ စွန့်ပစ်ထားသည့် စခန်း ဟောင်းတစ်ခုပင်။ နိုဝင်ဘာလဝင်သည်နှင့် ရာသီဥတုက နိုင်ငံတစ်ဝန်းလုံး အေးမြလာကာ ငါးထောင်ဝန်းကျင်ခန့်ရှိမည့် ဆောင်းခိုသူများ၊ ခြေသလုံးအိမ်တိုင် လှည့်လည်သွားလာနေကြသူများနှင့် အလုပ်အကိုင်မရှိ၊ အိမ်ခြေယာခြေမဲ့ အများအပြားတို့က အနွေးဓာတ်ကို သက်သက်သာသာရရှိနိုင်မည့် နေရာအဖြစ် လာရောက်နေထိုင်ကြရာနေရာလည်း ဖြစ်သည်။ ဆလာ့ဘ်စ်သည် ခရီးသွားတို့ ပြည့်နှက်နေသော ဆောင်းရာသီမြို့တော်အလား ရှိသည်။ အငြိမ်းစားများ၊ နယ်နှင်ခံထားရသူများ၊ ဆင်းရဲနွမ်းပါးသူများနှင့် အစဉ်အဆက်အလုပ်လက်မဲ့ သမားများ စသည်ဖြင့် လူအမျိုးမျိုးပါဝင်သော ခရီးသွားများ လာရောက်ကြ ခြင်းဖြစ်သည်။ ဤအရပ်ဒေသတွင် နေထိုင်ကြသူများမှာ အမျိုးသား၊ အမျိုးသမီး များနှင့် အရွယ်စုံကလေးငယ်များဖြစ်ကြပြီး အကြွေးတောင်းခံသည့်အဖွဲ့များကို ရှောင်တိမ်းနေသူများ၊ ဥပဒေ သို့မဟုတ် ပြည်တွင်းအခွန်ဌာနနှင့် အဆင်မပြေ ကြသူများ၊ အိုဟိုင်းယိုးပြည်နယ် ဆောင်းရာသီကို ရှောင်တိမ်းလိုကြသူများ၊ အလယ်အလတ်တန်းစား အလုပ်ကြမ်းသမားများ ပါဝင်ကြသည်။

ဆလာ့ဘ်စ်သို့ မက်ကန်းဒလက်စ်ရောက်ရှိချိန်တွင် သဲကန္တာရထဲ၌ ပစ္စည်းအဟောင်းရောင်းဝယ်ရာ ဈေးကြီးတစ်ခုဖြင့် စည်ကားနေချိန်ဖြစ်သည်။

ဈေးသည်တစ်ဦးလည်းဖြစ်သော ဘားရက်စ်က ခေါက်စားပွဲတစ်လုံးခင်းကာ ဈေးချိုသောပစ္စည်းများကို ခင်းကျင်းရောင်းချသည်။ အများစုက တစ်ပတ်ရစ် ပစ္စည်းများ ဖြစ်ကြသည်။ မက်ကန်းဒလက်စ်က ဘားရက်စ်၏ များပြားလှသော အဖုံးပျော့စာအုပ်ဟောင်းများကို ကူညီထိန်းသိမ်းကြီးကြပ်ပေးသည်။

“သူက ကျွန်မကို အများကြီးကူညီတယ်”။ ဘားရက်စ်က ပြန်ပြော လာသည်။

“ကျွန်မ အပြင်သွားရတဲ့အခါမျိုးမှာ သူက စားပွဲထိုင်စောင့်ကြည့်ပေး တယ်။ စာအုပ်တွေကို အမျိုးအစားလိုက်ခွဲထားပေးတယ်။ အများကြီးလည်း ရောင်းပေးတယ်။ သူ့ကြည့်ရတာ စာအုပ်တွေရောင်းရတာကို ပျော်နေပုံပဲ။ အဲလက်စ်က ဂန္ထဝင်စာအုပ်တွေတော်တော်ကြိုက်တာ။ ချားလ်စ်ဒစ်ကဲန်စ် (Charles Dickens),(H.G.Wells),(Mark Twain),ဂျက်လန်ဒန်(Jack London)တို့ရဲ့ စာအုပ်တွေကို သူက ကြိုက်တယ်။ ဂျက်လန် ဒန်ဆို သူ့အသည်းစွဲပဲလေ။ ဒီမှာ ဆောင်းခိုလာရင်း ဆိုင်ရှေ့ရောက်လာသူတိုင်း ကို ဂျက်လန်ဒန်ရဲ့ ကောလ်အော့ဖ်သည်ဝိုင်းလ်ဒ်(Call of the Wild) ဆိုတဲ့ စာအုပ် ဖတ်ဖြစ်အောင်ဖတ်ဖို့ရာ သူက တိုက်တွန်းလေ့ရှိတယ်”။

မက်ကန်းဒလက်စ်သည် ဂျက်လန်ဒန်ကို ငယ်စဉ်ဘဝကပင် အရူး အမူးစွဲလမ်းခဲ့သူဖြစ်သည်။ လန်ဒန်၏ အရင်းရှင်လူ့ဘောင်အဖွဲ့အစည်းကို ပြင်းထန်စွာ ရှုတ်ချခြင်း၊ ကမ္ဘာဦးခေတ်ကို ချီးမွမ်းထောမနာပြုခြင်း၊ သာမန် ပြည်သူလူထုဘက်မှ ရပ်တည်ခြင်း စသည်တို့သည် မက်ကန်းဒလက်စ်အား ကြေးမုံပြင်သဖွယ် ရောင်ပြန်ထင်ဟပ်ကာ သူ၏ ပြင်းပြသောတပ်မက်မှုများ ဖြစ်လာသည်။ လန်ဒန်၏အလာစကာနှင့် ယူကွန်း(Yukon)ဒေသများတွင် နေ ထိုင်ခဲ့သည့် ဘဝအား ဝေဝေဆာဆာပုံဖော်ရေးသားထားပုံတို့က မက်ကန်း ဒလက်စ်၏ စိတ်အာရုံကို ညှို့ငင်ဖမ်းစားခဲ့သည်။ မက်ကန်းဒလက်စ်က “သည်ကောလ်အော့ဖ်သည်ဝိုင်းလ်ဒ်” စာအုပ်ကို အထပ်ထပ် အပြန်ပြန်ဖတ် သည်။ ဝှိုက်တ်ဖဲန်း(White Fang), တူဘစ်လ်(ဒ)အေဖိုင်းယား(To Build a Fire), အဲန်အိုဒက်ဆီအော့ဖ်သည်နော့သ်(An Odyssey of the North), သည် ဝစ်တ်အော့ဖ်ပေါ်ပေါ်တွခ်(The Wit of Porpor tuk) စသည့် စာအုပ်များ၊ ဝတ္ထု တိုများကိုလည်း အကြိမ်ကြိမ်ဖတ်ရှုသည်။

သူက ထိုပုံပြင်ဇာတ်လမ်းများကို အလွန်တရာပင် စိတ်ဝင်စားသည်။ ယင်းပုံပြင်ဇာတ်လမ်းတို့သည် စိတ်ကူးယဉ် ပုံပြင်ဇာတ်လမ်းမျှသာဖြစ်သည်ကို မေ့လျော့သည်အထိပင် ထူးထူးကဲကဲ အာရုံ စိုက်စိတ်ဝင်စားသူ ဖြစ်သည်။ အာတိတ်တိုက်ခွဲဒေသ၏ တောကြီးမျက်မည်းထဲ တွင် အမှန်တကယ်ကြုံတွေ့ရမည့် လက်တွေ့ကျဘဝထက် လန်ဒန်၏ ကဗျာ ဆန်သော အာရုံခံစားမှုတို့ဖြင့် တည်ဆောက်ဖွဲ့စည်းထားသည့် ပုံပြင်ဇာတ်လမ်း များ ဖြစ်ကြသည်။ လန်ဒန်ကိုယ်တိုင်သည် မြောက်ပိုင်းဒေသတွင် ဆောင်း တွင်းတစ်ရာသီသာ

နေထိုင်ခဲ့ဖူးသူဖြစ်ကာ အသက် ၄၀ အရွယ်တွင် သူ၏ ကယ်လီဖိုးနီးယားနေအိမ်၌ ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားခဲ့သူ၊ အရက်စွဲနေသူ၊ အဝလွန်သူ၊ စာရေးစားပွဲတွင်ထိုင်၍ တွေးတောခံစားရာမှ ထွက်ပေါ်လာသည့် စိတ်ကူးထဲမှ စံပြဇာတ်ရုပ်တို့ကို ပုံနှိပ်စာအုပ်ထဲတွင် တစ်သဝေမတိမ်း ထည့်သွင်းရေးသားထားရှိသည့် သနားဖွယ်ရာ လူငယ်တစ်ယောက်ဖြစ်သည်ဆိုသည့် အဖြစ်မှန်ကို မက်ကန်းဒလက်စ် သတိမမူမိတော့သည်အထိ အရူးအမူး ဖြစ်ခဲ့ရသည်။

နီးလန်းမြို့ .ဆလာ့ဘ်အရပ်ရှိ ဒေသခံများတွင် ထရေစီ(Tracy)ဟု အမည်ရသည့် အသက် တစ်ဆယ့်ခုနစ်နှစ်အရွယ် မိန်းကလေးတစ်ဦးလည်း အပါအဝင် ဖြစ်သည်။ ထိုမိန်းကလေးက သီတင်းပတ်အတိုင်းအတာမျှ လာရောက်လည်ပတ်နေထိုင်သွားခဲ့သည့် မက်ကန်းဒလက်စ်ကို ချစ်မိခဲ့သည်။ "ကလေးမလေးက ချစ်စရာမိန်းမငယ်လေးပါ"။ ဘားရက်စ်က ပြန်ပြောပြ သည်။ "သူ့မိဘနှစ်ပါးကလည်း ကားတစ်စီးနဲ့ နယ်အနှံ့လျှောက်သွားနေတဲ့ လူတွေပဲလေ။ သူတို့ကားကို ကျွန်မတို့အိမ်ကနေ အောက်ဘက်မှာ ရပ်ထားတာ။ သနားစရာကောင်းတဲ့ ထရေစီလေးက အဲလက်စ်အပေါ် မျှော်လင့်ချက်မရှိဘဲနဲ့ ကျိတ်ပြီးချစ်နေတာ။ နီးလန်းမှာ အဲလက်စ်ရှိနေတဲ့ တစ်ချိန်လုံး ကလေးမက အိမ်လာလည်ပြီး ဖိတ်ခေါ်တဲ့အကြည့်နဲ့ လိုက်ကြည့်နေရှာတာ။ တာ။ သူနဲ့အတူ လမ်းလျှောက်ထွက်ဖို့ အဲလက်စ်ကိုကူပြောဖို့ရာလည်း ကျွန်မကို ပြောတတ်သေးတယ်။ အဲလက်စ်ကလည်း သူ့အပေါ် ကောင်းရှာပါတယ်။ ဒါပေမဲ့ ကလေးမ လေးက သူ့အတွက် ငယ်လွန်းနေတယ်လေ။ သူက ထရေစီသဘောထားကို တော့ အလေးအနက်မထားဘူး။ သူထွက်သွားချိန်မှာ ကလေးမကတော့ အနည်းဆုံး တစ်ပတ်လောက် အသည်းကွဲကျန်ရစ်လောက်တယ်"။

မက်ကန်းဒလက်စ်က ထရေစီ၏ ရေလာမြောင်းပေးပြုလုပ်မှုများကို ငြင်းပယ်ခဲ့သော်လည်း သူသည် အာသဝေါကုန်ခန်းနေသူတစ်ဦး မဟုတ်ကြောင်း ဘားရက်စ်က ရှင်းရှင်းလင်းလင်းပြောပြခဲ့သည်။ "သူက လူတွေအများကြီး အနားမှာရှိနေရင် ပျော်နေတတ်တာ။ တကယ်ကိုပျော်တာပါ။ ပစ္စည်းဟောင်းဈေးတန်းမှာဆိုလည်း စကားတွေပြောတာပြောတာ လာသမျှလူတွေအကုန်လုံးနဲ့ မလွတ်တမ်းပြောတာလေ။ နီးလန်းမှာ သူနဲ့ဆုံတွေ့ခဲ့ဖူးတဲ့လူ ခုနစ်ဆယ်၊ ရှစ်ဆယ်ကျော်လောက်ရှိမယ်၊ သူနဲ့တွေ့ဖူးတဲ့ လူတိုင်းအပေါ်မှာ ဖော်ဖော်ရွေရွေရှိတယ်။ တစ်ခါတလေမှာ သူ့ဘာသာတစ်ယောက်တည်း နေတတ်တယ်ဆိုပေမဲ့ သူက တောထွက်ရသေ့လိုမျိုးတော့ မဟုတ်ပါဘူး။ သူက လူမှုရေးအလုပ်တွေ လည်း အများကြီးလုပ်ပေးသွားခဲ့သေးတယ်။ တစ်ခါတလေဆို ကျွန်မ တွေးတောင်တွေးဖြစ်သေးတယ်။ သူက အနားမှာ လူတစ်ယောက်မှမရှိတဲ့အချိန်တွေ ရောက်လာဦးမယ်ဆိုတာသိနေလို့ အခုကတည်းက လူတကာနဲ့ အတိုးချပေါင်းနေသလား မှတ်ရတယ်လို့ပေါ့"။

မက်ကန်းဒလက်စ်က ဘားရက်စ်အပေါ်တွင် အထူးသဖြင့် ဂရုစိုက်တတ်သည်။ အခွင့်သာတိုင်းလည်း သူက ဘားရက်စ်ကို ကျီစယ်လေ့၊ ပျော်တော်ဆက်လေ့ရှိသည်။ "သူက ကျွန်မကို စ,တတ်နောက်တတ်တယ်။ စိတ်ဒုက္ခလည်းပေးတယ်လေ"။ ဘားရက်စ်က ပြန်ပြောပြသည်။ "နောက်တွဲယာဉ်နောက် ကကြိုးတန်းပေါ်မှာ အဝတ်သွားလှန်းပြီဆိုရင် သူက ကျွန်မကို အကျီညှပ်တဲ့ ညှပ်တွေနဲ့ တစ်ကိုယ်လုံးကို လိုက်ညှပ်တော့တာပဲ။ သူက ပျော်တတ်တယ်။ ကလေးတစ်ယောက်လိုပဲ။ ကျွန်မမှာ ခွေးလေးတွေ မွေးထားတာရှိတယ်။ သူက ခွေးလေးတွေကို အဝတ်ခြင်းတောင်းထဲထည့်ထားပြီး အထဲကနေ ခွေး လေးတွေ ခုန်တက်ကြ၊ ဟောင်ကြနဲ့လုပ်တာကို ထိုင်ကြည့်နေတတ်သေးတယ်။ သူ့ကို ကျွန်မ လှမ်းမအော်မချင်း အဲဒီလိုလုပ်တာကို မရပ်ဘူးလေ။ ဒါပေမဲ့ တကယ်တော့ သူက ခွေးလေးတွေအပေါ် တကယ်စိတ်ထားကောင်းသူပါ။ ခွေးလေးတွေကလည်း သူသွားလေရာကို နောက်က တကောက်ကောက်လိုက်တာပဲ။ သူ့နောက်ကနေ အသံပေးပြီးလိုက်ကြတာ။ သူနဲ့လည်း အတူတူအိပ်ချင် ကြတယ်။ အဲလက်စ်က တိရစ္ဆာန်တွေနဲ့ တည့်အောင်ပေါင်းတတ်သူပဲ"။

တစ်နေ့လယ်ခင်း အဟောင်းဈေးတန်း၌ မက်ကန်းဒလက်စ်က စာအုပ်အရောင်းဆိုင်တွင် ထိုင်ပေးနေစဉ် လူတစ်ယောက်က လျှပ်စစ်အော်ဂင်တစ်လုံး ရောင်းချပေးရန် ဘားရက်စ်ထံ အပ်နှံလာသည်။ "အဲလက်စ်က အဲဒီအော်ဂင်ကိုယူတီးပြီး တစ်နေ့လုံး လာသမျှလူတွေကို ဖျော်ဖြေတော့တာပဲ"။ ဘားရက်စ်က ဆက်ပြောပြလာသည်။ "သူ့အသံက တော်တော်ကောင်းတာပဲ။ ပရိသတ်တွေ ဝိုင်းအုံလာတဲ့အထိကို သူ့အသံက ဆွဲဆောင်နိုင်တာ။ အဲဒီမတိုင်ခင်အထိ သူ အဲဒီလို တီးတတ်၊ ဆိုတတ်တယ်ဆိုတာ ကျွန်မ မသိခဲ့ဘူး"။

မက်ကန်းဒလက်စ်က သူ၏ အလာစကာခရီးစဉ်စီမံကိန်းအကြောင်း ကို ဆလာ့ဘစ်ဒေသခံများအား မကြာခဏဆိုသလိုပင် ပြောပြလေ့ရှိသည်။ တောတွင်းအအေးဒဏ်ကြောင့် ဖျားနာမှုကိုခံနိုင်ရည်ရှိစေရန် မနက်ခင်းတိုင်း တွင် သူက ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်လေ့ရှိသည်။ လူနေကျဲပါးလှသော ကျေးလက်ဒေသအစွန်အဖျားတွင် အသက်ရှင်သန်နေထိုင်ရေးနည်းလမ်းများကိုလည်း ဘော့ဘ်နှင့် အချိန်ယူဆွေးနွေးလေ့ရှိသည်။ ဘော့ဘ်သည် တောတွင်း၌ ကိုယ်နည်းကိုယ့်ဟန်ဖြင့် ရှင်သန်နေထိုင်ရသည်ကို ဝါသနာထုံသူ တစ်ဦးဖြစ်သည်။

"ကျွန်မကတော့ ..."။ ဘားရက်စ်က ပြောပြလာပြန်သည်။ "အလာစကာခရီးကြမ်းကြီးလို့ သူ့ဘာသာ နာမည်ပေးထားတဲ့ ခရီးစဉ်အကြောင်း အဲလက်စ်ပြောပြီဆိုရင် သူ့အသိစိတ်ပျောက်သွားသလိုပဲလို့ ထင်မိတယ်လေ။ ဒါပေမဲ့ သူက အဲဒီခရီးစဉ်နဲ့ပတ်သက်ပြီး စိတ်လှုပ်ရှားတာပါ ။ အဲဒီအကြောင်း ပြောမိရင် မပြီးတော့ဘူး"။

ဘားရက်စ်က သူ့မိသားစုနှင့် ပတ်သက်သည်တို့ကို တစ်ခွန်းစ၊ နှစ်ခွန်းစ

မေးမြန်းစူးစမ်းကြည့်သည့်တိုင် မက်ကန်းဒလက်စ်က ထုတ်ဖော်ပြော ကြားလေ့မရှိပေ။ “သူ့ကို မေးကြည့်ဖူးတယ်”။ ဘားရက်စ်က ပြောပြလာသည်။ “မင်း ဘာလုပ်မယ်ဆိုတာ မင်းအိမ်ကလူတွေကို အသိပေးခဲ့ရဲ့လား၊ အလာ စကာကို သွားမယ်ဆိုတာရော မင်းအမေ သိရဲ့လားလို့ ကျွန်မ မေးခဲ့ဖူးတယ်။ ဒါပေမဲ့ သူက ဘယ်တော့မှ အဖြေမပေးဘူး။ မျက်လုံးလေးကလယ်ကလယ်နဲ့ ကျွန်မကိုကြည့်ရင်း ဒေါသတွေထွက်နေတတ်တယ်။ သူ့အပေါ် မအေတစ် ယောက်လို မဆက်ဆံဖို့ရာလည်း သူက ပြောလာတတ်တယ်။ အဲဒီအခါ ကျရင် ဘော့ဘ်က ကြားဝင်ပြီး “ထားလိုက်ပါကွယ်၊ သူလည်း အရွယ်ရောက်နေပြီပဲ” လို့ ပြောလာပေးတတ်ပါတယ်။ ကျွန်မကတော့ သူ စကားလမ်းကြောင်းမလွှဲ မချင်း မေးနေတာတတ်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မနဲ့ ကျွန်မသားကြား မှာလည်း ဒါမျိုးတွေဖြစ်ခဲ့ဖူးတာကြောင့်ပါ ။ သားက ကျွန်မဆီက ထွက်သွားပြီး တစ်နေရာရာရောက်နေမှာပေါ့။ အဲဒီတော့ ကျွန်မက သူ့အစား စောင့်ရှောက် ရမယ့် တစ်ယောက်ယောက်ရှိချင်တာလေ။ အဲလက်စ်ကို စောင့်ရှောက်ဖို့ ကြိုးစားတာ မျိုးပေါ့။”

နီးလန်းမှ မက်ကန်းဒလက်စ် မထွက်ခွာမီ တနင်္ဂနွေနေ့တစ်ရက်၌ ရုပ်/ မြင်သံကြားမှ ထုတ်လွှင့်ပြသနေသည့် အဲန်အက်ဖ်အယ်လ်(NFL)ဘောလုံး ပွဲကို အဲလက်စ်က ဘားရက်စ်၏ နောက်တွဲယာဉ်နေအိမ်တွင် ထိုင်၍ ကြည့်နေ သည်။ ထိုဘောလုံးပွဲတွင် ပါဝင်သည့် ဝါရှင်တန်ရက်ဒ်စကင်းနစ်(Washington Redskins)အသင်းအား အဲလက်စ်က စိတ်ပါလက်ပါအားပေးနေသည်ကို ဘား ရက်စ်က သတိပြုမိလိုက်သည်။ “အဲဒါနဲ့ မင်းက ဝါရှင်တန်ဒေသဘက်က လာတာလားလို့ ကျွန်မ မေးလိုက်တယ်”။ ဘားရက်စ်က ပြောပြလာသည်။ သူက “ဟုတ်တယ်၊ အမှန်တော့ ကျွန်တော်က ဝါရှင်တန်ဘက်က”လို့ ဖြေလာ တယ်။ သူ့နောက်ကြောင်းရာဇဝင်နဲ့ ပတ်သက်လို့ ဒီတစ်ခါပဲ ထုတ်ပြောဖူးတာ ရှိတယ်”။

ထိုသီတင်းပတ်၏ ဗုဒ္ဓဟူးနေ့တွင် အဲလက်စ်က ခရီးဆက်ရန် အချိန် ကျပြီဖြစ်ကြောင်း ထုတ်ပြောလာသည်။ နီးလန်းမှ မိုင်ငါးဆယ်ခန့်ကွာဝေးသော ဆယ်လ်တန်မြို့ စာတိုက်ရုံးသို့ သွားရမည်ဖြစ်ကြောင်းလည်း သူက ပြောလာခဲ့ သည်။ ဘူးလ်ဟက်ဒ် မက်ဒေါ်နယ်လ်ဆိုင်မှ သူ့အား ပေးရန်ရှိသည့် နောက်ဆုံး လစာရောက်ရှိခြင်း ရှိ,မရှိကို စာတိုက်မန်နေဂျာထံတွင် မေးမြန်းစုံစမ်းရန် ဖြစ်သည်။ ဘားရက်စ်က မော်တော်ကားဖြင့် လိုက်ပို့ပေးမည်ဟု ပြောလာသည် ကို သူက လက်ခံသော်လည်း စျေးကူရောင်းပေးခဲ့ခြင်းအတွက် အခကြေးငွေ အနည်းငယ်ပေးလာသည်ကိုမူ အဲလက်စ်က လက်မခံဘဲ ငြင်းဆန်ခဲ့ကြောင်း ဘားရက်စ်က ပြောပြသည်။ “သူက စော်ကားခံရတဲ့လူတစ်ယောက်ပုံစံ ဖြစ် သွားတယ်။ ကျွန်မပြောတာက “ကောင်လေး ဒီလောကကြီးမှာ အသက်ရှင် သန်နိုင်ဖို့ရာ မင်းမှာ ငွေရှိရမယ်လေ”လို့ပါ။ ဒါပေမဲ့ သူက မယူဘူး။ နောက်ဆုံး တော့ ကျွန်မပဲ လက်လျှော့ပြီး ငွေအစား ဆွစ်ဇာလန်စစ်တပ်သုံး ဓားတွေနဲ့

ခါးချပ်ခေါးတချို့ ဝယ်ပေးလိုက်ရတယ်။ အလာစကာလိုနေရာမှာ ဒီခေါးတွေက အသုံးတည့်မယ်လို့ သူ့ကို အယုံသွင်းပြီး ပြောခဲ့ရသေးတယ်။ ဒါမှမဟုတ်လည်း လမ်းမှာ သူလိုချင်တာတစ်ခုခုနဲ့ အလဲအဖယ်လုပ်လို့ ရကောင်းရမှာပေါ့"။

အငြင်းအခုံများ ထပ်မံဖြစ်ပွားပြီးနောက် ဘားရက်စ်က အလာစကာ ခရီးစဉ်အတွက် လိုအပ်မည်ထင်သည့် အောက်ခံဘောင်းဘီရှည်နှင့် အခြား ဆောင်းတွင်းဝတ်အထည်များ ဝယ်ပေးသည်ကို မက်ကန်းဒလက်စ်က လက်ခံခဲ့ သည်။ "နောက်ဆုံးတော့ ကျွန်မပါးစပ်ပိတ်သွားအောင် သူက လက်ခံခဲ့တာပါ"။ ဘားရက်စ်က ရယ်သည်။ "ဒါပေမဲ့ သူထွက်သွားပြီး နောက်တစ်နေ့မှာ အဲဒီအဝတ်အစားတွေ အများစုကို ဗင်ကားထဲမှာ သူရစ်ထားခဲ့တာ ကျွန်မ တွေ့တယ်။ သူက အထုပ်ထဲကနေ ဆွဲထုတ်ပြီး ကျွန်မတို့အလစ်မှာ ကားထိုင်ခုံ အောက် ထိုးထည့်သွားခဲ့တာ။ အဲလက်စ်ဟာ တကယ်တော်တဲ့ကောင်လေးတစ် ယောက်ပါ။ ဒါပေမဲ့ တစ်ခါတစ်ခါမှာ သူ့အတွက်ကြောင့်နဲ့ ကျွန်မ ရူးမတတ် ဖြစ်ရပါတယ်"

ဘားရက်စ်က မက်ကန်းဒလက်စ်အတွက် စိတ်ပူသော်လည်း ဘေး မသီရန်မခ ပြန်လာလိမ့်မည်ဟု သူ့စိတ်တွင် ထင်မှတ်ထားခဲ့သည်။ "အဆုံးမှာ သူအဆင်ပြေသွားမယ်လို့ပဲ ကျွန်မ ထင်ခဲ့တာ"။ ဘားရက်စ်က ဆက်ပြောပြ သည်။ "သူက လူတော်လေးပဲ။ မက္ကဆီကိုအထိရောက်အောင် လှေကို ဘယ် လိုလှော်ရမယ်ဆိုတာလည်း သူသိတယ်။ ကုန်ရထားတွဲတွေပေါ် ဘယ်လိုခုန် တက်ရမယ်ဆိုတာလည်း သူသိတယ်။ အင်းနားစီးတီးမစ်ရှင်(Inner City Mission)အဖွဲ့တွေဆီမှာ အိပ်ရာတစ်နေရာ ဘယ်လိုရအောင်လုပ်ရမယ်ဆိုတာ လည်း သူသိတယ်။ ဒါတွေအားလုံးကို သူ့ဘာသာတွေးပြီးလုပ်တာလေ။ အလာ စကာမှာ ဘယ်လိုအသက်ရှင်အောင်နေရမယ်ဆိုတာလည်း သူစဉ်းစားတတ် မယ်ဆိုတာ သေချာပါတယ်"။

အခန်း (၆)

အန်ဇာဘာရေးဂို

လူသည် သူ၏ ထူးကဲသော အသိဉာဏ်ပညာက လမ်းမှားသို့ စေစား သည့်တိုင် လိုက်ပါလေ့မရှိ။ ရလဒ်များက ရုပ်ပိုင်းဆိုင်ရာ အားနည်းချက်များ ဖြစ်သော်လည်း နောက်ဆက်တွဲသက်ရောက်မှုများသည် နောက်တရရန်ဖြစ် သည်ဟု မည်သူမျှ ပြောနိုင်ဟန်မရှိသေးပေ။ နေ့နှင့်ညသည် သင်ပျော်ရွှင်စွာ ကြိုဆိုသောအရာများ ဖြစ်သည်ဆိုပါက ဘဝသည် ပန်းရနံ့ကဲ့သို့ မွှေးပျံ့နေမည်။ နွယ်ကဲ့သို့ ချိုမြနေမည်။ အပြောင်းအလဲများကို ပို၍ ကြွံကြွံခိုင်နိုင်မည်။ ကြယ်တို့ ပို၍ စုံညီနေမည်။ ထာဝရရှင်သန်ခြင်းတို့ ပို၍ ခိုင်မြဲပေမည်။ ဤ သည်ပင် သင်၏အောင်မြင်မှုတည်း။ အလုံးစုံသောသဘာဝတရားတို့သည် သင့် အောင်မြင်မှုအတွက် ဂုဏ်ယူဝမ်းမြောက်မှုများပင်ဖြစ်သည်။ အခိုက်အတန့်အား ဖြင့် သင့်ကိုယ်သင် ကောင်းချီးပေးရမည်ဖြစ်သည်။ အခမ်းအနားဆုံးသော အကျိုးအမြတ်တို့နှင့် တန်ဖိုးများသည် အသိအမှတ်ပြု တန်ဖိုးထားခြင်းနှင့် အဝေးဆုံးတွင်ရှိသည်။ ယင်းတို့၏ တည်ရှိမှုကိုပင် မိမိတို့က လွယ်ကူစွာ သံသယဝင်ကြသည်။ ခဏချင်းမှာပင် ယင်းတို့ကို မေ့လျော့ပစ်လိုက်ကြသည်။ ယင်းတို့ကား အမြင့်မားဆုံးသော စစ်မှန်မှုများပင်။ ကျွန်ုပ်၏ နေ့စဉ်ဘဝအား စစ်မှန်သော ရိတ်သိမ်းစုစည်းမှုပြုခြင်းသည် နံနက်ခင်းနှင့် ညနေခင်းတို့၏ အရောင်အသွေး စုံလင်မှုကို ပုံဖော်ရေးဖွဲ့ရန်၊ ထိတွေ့ကိုင်တွယ်ရန် မစွမ်းသာ သည့်အရာမျိုး ဖြစ်သည်။ ယင်းသည် လက်ဝယ်ရရှိထားသော ကြယ်မှုန်အစုအဝေးတစ်ရပ်၊ ကျွန်ုပ် ဆုပ်ကိုင်ခဲ့ဖူးသော သက်တံရောင်စဉ်အစိတ်အပိုင်း တစ်ရပ်ပင် ဖြစ်သည်။

ဟင်နရီဒေးဗစ်သော်ရိုး

Walden, or Life in the Woods

(မက်ကန်းဒလက်စ်၏ ရုပ်အလောင်းတွေ့ရှိရာအနီးမှ စာအုပ်တစ်အုပ်တွင် အရောင်ခြယ်ဖော်ပြထားသော စာပိုဒ်တစ်ပိုဒ်)

ဤစာအုပ်ကို ရေးသားသူ စာရေးဆရာသည် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ထူးခြားသောစာတစ်စောင်ကို လက်ခံရရှိခဲ့သည်။ စာမှာ ရှေးဆန်သောလက်ရေးလက်သားဖြင့် တုန်တုန်ယင်ယင် ရေးသားထားပုံ ကို ထောက်ချင့်၍ ဤစာကို ရေးသားသူမှာ အသက်ကြီးပိုင်းတစ်ဦးဖြစ်သည်ဟု ခန့်မှန်းရသည်။ "သက်ဆိုင်သူသို့"ဟူ၍ စာကို အစချီထားသည်။

အလာစကာပြည်နယ်ထဲမှာ သေဆုံးသွားတဲ့ (အဲလက်စ်မက်ကန်း ဒလက်စ်အမည်ရ) လူငယ်တစ်ယောက်အကြောင်း ဖော်ပြထားတဲ့ မဂ္ဂဇင်းတစ် စောင်လောက် လိုချင်ပါတယ်။

အဲဒီလူငယ်ရဲ့အဖြစ်အပျက်ကို စုံစမ်းနေတဲ့သူ ဆီ စာတစ်စောင်ရေးချင်လို့ပါ။ သူ့ကို ၁၉၉၂ ခုနှစ်၊ မတ်လထဲမှာ ကယ်လီဖိုးနီး ယားပြည်နယ်၊ ဆယ်လ်တန်မြို့ကနေ ကော်လိုရာဒိုပြည်နယ် ဂရင်းဂျန်းရှင်း (Grand Junction) မြူနီစပယ်စီရင်စုအထိ ကားနဲ့ မောင်းပို့ပေးခဲ့ရပါတယ်။ သူက တောင်ဒါကိုတာပြည်နယ်ကို လမ်းလျှောက်ခရီးကြမ်းထွက်မယ်ဆိုလို့ အဲဒီမှာပဲ ထားခဲ့ပါတယ်။ အဆက်အသွယ်လုပ်မယ်လို့လည်း သူက ပြောခဲ့ပါ တယ်။ သူ့ဆီက နောက်ဆုံးသတင်းကြားရတာက ၁၉၉၂ ခုနှစ်၊ ဧပြီလ ပထမသီတင်းပတ်မှာ ရောက်လာတဲ့ သူရဲ့စာတစ်စောင်ပါပဲ။ သူနဲ့အတူ သွား တုန်းက ဓာတ်ပုံရိုက်ထားတာတွေရှိပါတယ်။ ကိုယ့်မှာပါလာတဲ့ ဗီဒီယိုကင်မရာနဲ့ရော၊ အဲလက်စ်ရဲ့ကင်မရာနဲ့ပါ ရိုက်ထားခဲ့ကြတာပါ။ အဲဒီမဂ္ဂဇင်းတစ်စောင်လောက်များ ရနိုင်ဦးမယ်ဆိုရင် ဘယ်လောက် ကျမလဲ လှမ်းပြောပေးပါဦး။

သူဒဏ်ရာရခဲ့တယ်လို့လည်း သိထားရပါတယ်။ အဲလိုဆိုရင် ဘယ်လို များ ဒဏ်ရာရခဲ့တာလဲလို့လည်း သိချင်ပါတယ်။ သူ့အိတ်မှာက ဆန်အလုံ အလောက်ပါတဲ့အပြင် ဆောင်းတွင်းဝတ် အဝတ်အစားတွေနဲ့ ပိုက်ဆံအတော် များများလည်း ပါပါတယ်။

ရိုးသားစွာဖြင့်

သူ ဘယ်လိုသေဆုံးခဲ့ရတယ်ဆိုတာ ကိုယ်တိုင် အသေအချာမသိရ မချင်း ဒီစာမှာပါတဲ့ အချက်အလက်တွေကို ဘယ်သူ့ကိုမှ ပြောမပြပါနဲ့ဦးလို့ မေတ္တာရပ်ခံပါတယ်။ သူက သာမန်ခြေသလုံးအိမ်တိုင်သမားတစ်ယောက် မဟုတ်လို့ပါ။ ကျေးဇူးပြုပြီး အခုလိုပြောတာကို ယုံကြည်ပေးပါ။

ဖရန့်ဇ်က သူ့ထံသို့ ပေးပို့ရန် တောင်းဆိုထားသည့် မဂ္ဂဇင်းမှာ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလထုတ် အောက်ဆိုဒ်(Outside) မဂ္ဂဇင်းဖြစ်သည်။ ထိုမဂ္ဂဇင်း၏ မျက်နှာဖုံးဇာတ်လမ်းမှာ ခရစ္စမက်ကန်းဒလက်စ် သေဆုံးမှု အကြောင်းဖြစ်သည်။ ဖရန့်ဇ်၏ စာက ချီကာဂိုမြို့ရှိ အောက်ဆိုက်ဒ်မဂ္ဂဇင်းရုံး ချုပ်သို့ လိပ်မူထားသည်။ မက်ကန်းဒလက်စ်အကြောင်း ဆောင်းပါးရေးသားသူ ထံ မဂ္ဂဇင်းတိုက်က ထပ်ဆင့်ပေးပို့လာခြင်း ဖြစ်သည်။

မက်ကန်းဒလက်စ်သည် သူ၏ ခရီးကြမ်းတစ်လျှောက် အများဆုံး သီတင်းတစ်ပတ်၊ နှစ်ပတ်ခန့်နှင့် အနည်းဆုံးအားဖြင့် ရက်ပိုင်းမျှ အဖော်ပြုခဲ့ သူတို့၏ ရင်ထဲတွင် စွဲထင်ကျန်ရစ်လောက်သည်အထိ ခင်မင်ဖွယ်ကောင်းသူ တစ်ဦး ဖြစ်ခဲ့သည်။ သို့ရာတွင် မက်ကန်းဒလက်စ်နှင့် ခဏတာတွေ့ဆုံမှုက ရော်နယ်လ်ဖရန့်ဇ်ကဲ့သို့ မည်သူမျှ လွှမ်းမိုးခံရခြင်းမရှိပေ။ ရော်နယ်လ်ဖရန့်ဇ် သည် အသက်ရှစ်ဆယ်အရွယ်ရှိ လူကြီးတစ်ဦးဖြစ်ပြီး ၁၉၉၂ ခုနှစ် ဇန်နဝါရီ လအတွင်း မက်ကန်းဒလက်စ်နှင့် ခရီးကြုံခဲ့ခြင်း ဖြစ်သည်။

ဆယ်လ်တန်မြို့ စာတိုက်ရုံးတွင် ဂျန်ဘားရက်စ်အား နှုတ်ဆက်ခဲ့ပြီး နောက် မက်ကန်းဒလက်စ်သည် သဲကန္တာရအတွင်းသို့ လမ်းလျှောက်ဝင်ကာ အန်ဇာဘာရေးဂို သဲကန္တာရ ပြည်နယ်ဥယျာဉ်(Anza Borrego Desert State Park)

အစွန်တစ်နေရာတွင် စခန်းချသည်။ အရှေ့ဘက်လှမ်းလှမ်းတွင် ဆယ်လ်တန် ပင်လယ်ရှိသည်။ ဆယ်လ်တန်ပင်လယ်ပြင်သည် တည်တည်ငြိမ်ငြိမ်ရှိပြီး သမုဒ္ဒရာအငယ်စားလေးတစ်ခုနှယ်ရှိသည်။ ယင်း၏ ရေမျက်နှာပြင်က ပင်လယ်ရေမျက်နှာပြင်အောက် ပေနှစ်ရာမက နိမ့်နေသေးသည်။ ဆောက်လုပ်ရေးအင်ဂျင်နီယာလုပ်ငန်းများ အခြေအနေရှုပ်ထွေးနေစဉ် ၁၉၀၅ ခုနှစ်အတွင်း က အမှတ်တရအထိမ်းအမှတ်အဖြစ် ဖောက်လုပ်ခဲ့သော ပင်လယ်ဖြစ်သည်။ အင်မ်ပီရီးယယ်လ်တောင်ကြားဒေသရှိ စိုက်ပျိုးမြေများအား ရေပေးဝေရန် ကော်လိုရာဒိုမြစ်မှ တူးမြောင်းတစ်ခု ဖောက်လုပ်သွယ်တန်းပြီးနောက်တွင် ဆယ်လ်တန်ပင်လယ်ကို ဖန်တီးခဲ့ကြခြင်းပင်။ ကော်လိုရာဒိုမြစ်ရေကြီးချိန်တွင် ကမ်းပါးများကို တိုက်စားရာမှ ရေလက်ကြားအသစ်တစ်ခု ဖြစ်ပေါ်လာခဲ့ပြီး အင်ပီးရီးယယ်လ်တောင်ကြား တူးမြောင်းအတွင်းသို့ အရှိန်အဟုန်ဖြင့် ထိုးဝင် သည်။ တူးမြောင်းရေတို့သည် ပြင်းထန်သောအရှိန်အဟုန်ဖြင့် ဦးတည်ရာမရှိစီးဆင်းကာ ကော်လိုရာဒိုမြစ်၏ များပြားလှသော ရေစီးကြောင်းများမှတစ်ဆင့် ကမ်းပါးများကို တိုက်စားရာမှ ရေလက်ကြားအသစ်တစ်ခု ဖြစ်ပေါ်လာခဲ့ပြီး အင်ပီးရီးယယ်လ်တောင်ကြား တူးမြောင်းအတွင်းသို့ အရှိန်အဟုန်ဖြင့် ထိုးဝင် သည်။ တူးမြောင်းရေတို့သည် ပြင်းထန်သောအရှိန်အဟုန်ဖြင့် ဦးတည်ရာမရှိစီးဆင်းကာ ကော်လိုရာဒိုမြစ်၏ များပြားလှသော ရေစီးကြောင်းများမှတစ်ဆင့် ဆယ်လ်တန်ချိုင့်ဝှမ်းသို့ ဝင်ရောက်သည်။ တစ်ချိန်က ခြောက်သွေ့ပူပြင်းသော ချိုင့်ဝှမ်းသည် ရေပြင်အတိဖြစ်ကာ စိုက်ပျိုးမြေများ၊ လူနေအိမ်များကိုပါ ရေလွှမ်းသွားခဲ့သည်။ အဆုံးတွင် စတုရန်းမိုင်လေးရာခန့်ရှိသော သဲကန္တာရမှာ ရေအောက်သို့ နစ်မြုပ်သွားကာ သမုဒ္ဒရာအသစ်တစ်စင်းကို မွေးဖွားပေးခဲ့သည်။

ပမ်းစပရင်းစ် (Palm Springs)မြို့၏ ဂေါက်ကွင်း တင်းနစ်ကလပ်နှင့် လေဆိပ်ခရီးသည်ကြိုပို့၊ လင်မာဇင်း(Limousine)မော်တော်ယာဉ်စခန်းတို့မှ မိုင်ငါးဆယ်ခန့်သာကွာဝေးသော အနောက်ဘက်ကမ်းခြေဒေသသည် တစ်ချိန် က အိမ်ယာမြေရောင်းနိုးမြှုပ်နှံမှု အကြီးအကျယ်ဖြစ်ထွန်းခဲ့သောဒေသ ဖြစ်သည်။ ဇိမ်ခံအပန်းဖြေစခန်းများတည်ဆောက်ရန် မြေနေရာရွေးချယ်ကာ ဆောက်လုပ်ရေးစီမံကိန်းများလည်း ရေးဆွဲခဲ့ကြသည်။ သို့ရာတွင် စီမံကိန်းများအနက်မှ အနည်းငယ်မျှသာ အကောင်အထည်ပေါ်ပေါက်ခဲ့ရသည်။ ယနေ့အချိန်တွင် မြေကွက်လွတ်များစွာ ကျန်ရှိနေသေးပြီး သဲကန္တာရကြီးက ထိုမြေလွတ်များကို ဖြည်းဖြည်းချင်း ဝါးမျိုလာနေပြီဖြစ်သည်။ အပူဒဏ်ကြောင့် ခြောက်သွေ့သေဆုံးကာ အမြစ်မှ ပြုတ်ထွက်ပြီး လေတိုက်ရာ လိမ့်ပါလာသော ချုံခြောက်ဘောလုံးများကလည်း ဆယ်တန်လ်မြို့၏ ပြုပြင်ထိန်းသိမ်းမှုမရှိသော လမ်းမကျယ်များကို ဖျက်ဆီးနေသည်သို့ ရှိသည်။ လမ်းဘေးပလက်ဖောင်းတစ်လျှောက်တွင် နေစားထားသဖြင့် အရောင်လွင့်ပျယ်နေပြီဖြစ်သော “ရောင်းရန်” ဆိုင်းဘုတ်များ က အစီအရီရှိနေသည်။ လူသူနေထိုင်ခြင်းမရှိသော အဆောက်အဦတို့ကလည်း

သုတ်ဆေးများပင် အလိပ်လိုက်ကွာကျလျက်ရှိသည်။ ဆယ်လ်တန်ပင်လယ် ဒေသ အိုးအိမ်ဖွံ့ဖြိုးရေး ကုမ္ပဏီ (Salton Sea Realty and Development Company)ရုံးခန်းအဆောက်အဦ၏ ပြတင်းမှန်တွင် ရုံးခန်းပိတ်သိမ်းပြီးဖြစ်ကြောင်း အင်္ဂလိပ်၊ စပိန် နှစ်ဘာသာဖြင့် ရေးထိုးထားသည့် ကြေညာချက်တစ်ရပ် ကပ်ထားသည်။ တစ္ဆေတစ်ကောင်နှယ်ရှိသော တိတ်ဆိတ်ငြိမ်သက်မှုကို လေတိုးသံတဖျပ်ဖျပ် ကသာ အနှောင့်အယှက်ပြုလျက်ရှိသည်။

ကမ်းခြေအဝေးတစ်နေရာတွင် မြေမျက်နှာပြင်သည် ခပ်ပြေပြေမြင့်တက်သွားကာ ရေခတ်ခန်းခြောက်ပြီး တစ္ဆေတစ်ကောင်ကဲ့သို့ရှိသော အန်ဇာဘရေးဂို ဖုန်းဆိုးမြေကို ရုတ်ခြည်းပင် ပေါ်ထွန်းစေသည်။ ဖုန်းဆိုးမြေအောက်ဘက်ရှိ ဘဂျာဒါ (Bajada) ခေါ် ကျယ်ပြန့်သောဆင်ခြေလျှောမှာ ရေတိုက်စားမှု ကြောင့် ဖြစ်ပေါ်လာသည့် မတ်စောက်သော ကမ်းပါးယံများဖြင့် ဟင်းလင်းပွင့် နေသည်။ အနိမ့်ပိုင်းတွင် နေလောင်ထားသော ကန္တာရဆူးပင်များ၊ မဲနယ်ရောင် ပန်းပွင့်များပွင့်သည့် အမော်ဖာ(Amorph။)ပင်ငယ်များ၊ အမြင့်ဆယ့်နှစ်ပေခန့် အထိရှိပြီး အနီရဲရဲရောင် ပန်းပွင့်များပွင့်သည့် အော့ကိုတီလို(Ocotillo)ပင်များ နေရာအနှံ့ တွေ့ရှိရသည်။ မက်ကန်းဒလက်စ်က ခရီယိုဆုတ်(Creosote) ခေါ် ကန္တာရပင် အကိုင်းတွင် ဆွဲချိတ်ထားသည့် တာပေါ်လင်စအရိပ်အောက် သဲမြေပြင်ပေါ်တွင် အိပ်စက်သွားခဲ့သည်။

ရိက္ခာဖြည့်တင်းရန်လိုအပ်သည့်အခါတွင် လေးမိုင်မျှဝေးသော မြို့ တွင်းသို့ သူက ခြေလျင်လျှောက်၍ သွားသည်။ မြို့ထဲရှိ စာတိုက်ရုံးတစ်ဖြစ်လဲ စတိုးဆိုင်တွင် ဆန်ဝယ်၊ ပလတ်စတစ်သောက်ရေဘူးကို ရေပြန်ဖြည့်သည်။ သဲမြေရောင်ပလာစတာကိုင်ထားသော စာတိုက်ရုံးအဆောက်အဦသည် ခမ်းနားသော ဆယ်လ်တန်မြို့၏ မြို့ပြယဉ်ကျေးမှုဇဟိုပြုရာလည်း ဖြစ်သည်။ ဇန်နဝါရီ လလယ်ပိုင်း၊ တစ်ခုသော ကြာသပတေးနေ့တွင် မြို့ထဲ၌ သောက်ရေဘူးရေဖြည့် ပြီး ဘဂျာဒါဆင်ခြေလျှောသို့ မက်ကန်းဒလက်စ် ပြန်လာစဉ် အဘိုးအို ရွှန် ဖရန့်ဇ်က သူ့ကို ကားကြုံတင်ခေါ်လာခဲ့ခြင်း ဖြစ်သည်။

"မင်းက ဘယ်မှာစခန်းချတာလဲ" ဖရန့်ဇ်က စူးစမ်းလိုက်သည်။

"အိုးမိုင်ဂေါ့ဒ်ရေပူစမ်း(Oh My God Hot Springs)ရဲ့ ဟိုတစ်ဖက်မှာ ပါ" မက်ကန်းဒလက်စ်က ပြန်ဖြေသည်။

"အဲဒီဘက်အပိုင်းတွေမှာ ဦးလေးက ခြောက်နှစ်လောက်နေခဲ့ဖူး တယ်။ ဒါပေမဲ့ ဒီလိုနာမည်မျိုးနဲ့ နေရာကိုတော့ တစ်ခါမှ မကြားဖူးဘူး။ အဲဒီနေရာကို ဘယ်လိုသွားရလဲ၊ လမ်းပြပါဦးကွယ်"

ဘရေးဂိုမှ ဆယ်လ်တန်ပင်လယ်သို့ သွားရာလမ်းအတိုင်း မိနစ်ပိုင်းမျှ မောင်းသွားပြီးနောက် ဘယ်ဘက်ကိုကွေ့ကာ သဲကန္တာရအတွင်းသို့ ဝင်ရန် မက်ကန်းဒလက်စ်က လမ်းညွှန်လာသည်။ လမ်းမှာ လေးဘီးယက်ကားများ သာ မောင်းနှင်နိုင်မည့် လမ်းကြမ်းတစ်ခုဖြစ်ပြီး ကျဉ်းမြောင်းသော ချောင်းတစ် စင်းနှင့်

လိမ်ယှက်နေသည့်လမ်းလည်း ဖြစ်သည်။ တစ်မိုင်မျှ မောင်းဝင်သွား မိသော် ပုံဆိုးပန်းဆိုးနိုင်လှသည့် ကမ်းပါးယံတစ်ခုဆီသို့ ရောက်သည်။ ထိုနေရာ သည် ဆောင်းရာသီ၌ လူနှစ်ရာခန့် မော်တော်ယာဉ်များဖြင့် ရောက်ရှိစုဝေးကြ လေ့ရှိသည့်နေရာ ဖြစ်သည်။ သူတို့၏ လူမှုအသိုက်အဝန်းက မြို့ပြအဆင်တန် ဆာတို့နှင့် အလှမ်းဝေးလှပြီး ကမ္ဘာပျက်ပြီးစ အမေရိကနှယ်ရှိသည်။ ဈေးပေါပေါနောက်တွဲယာဉ်တဲများနှင့် နေထိုင်သည့် မိသားစုများ၊ တောက်ပသောဆေး ရောင်များ ခြယ်ထားသည့် ဗင်ကားများတွင် နေထိုင်သည့် အသက်အရွယ်ကြီး ရင့်ပြီဖြစ်သော ဟစ်ပီများ၊ အမေရိကန်သမ္မတ အိုက်ဆင်ဟောင်ဝါလက်ထက်ကတည်းပင် စက်နှိုး၍မရတော့သော စတူဒါဘေကာ(Studebaker) ခေါ် သံချေးတက် ရှေးဟောင်းကားကြီးပေါ်တွင် ရာဇဝတ်ကောင် ချားလ်စ်မန်ဆင်၊((Charles Manson)၏ ဂိုက်မျိုးဖြင့် အိပ်နေကြသူများ စသဖြင့် အမျိုးစုံလင်လှသည်။ ငွေကြေးတစ်ပြားတစ်ချပ်မျှမပါဘဲ လမ်းလျှောက်လာရောက်ကြသူများကလည်း အများအပြားပင်။ စခန်းအလယ်ကောင်ရှိ ရေပူစမ်းရေတွင်းမှ ရေကို ပိုက်ဖြင့် သွယ်တန်းကာ ခပ်တိမ်တိမ်ရေနွေးကန်နှစ်ကန်သို့ ဖြည့်တင်းပေးထားသည်။ ရေနွေးငွေ့ထောင်းထောင်းထနေသော ရေကန်များကို ကျောက်တုံးကျောက်ခဲ များဖြင့် ဘောင်သတ်ထားပြီး အုန်းပင်ရိပ်များဖြင့် အုပ်မိုးထားသည်။ ဤသည် ကား “အိုးမိုင်ဂေါ့ဒ် ရေပူစမ်း”ပင် ဖြစ်တော့သည်။

မက်ကန်းဒလက်စ်က ရေပူစမ်းစခန်းတွင် နေထိုင်ခြင်းမပြုဘဲ ရေပူ စမ်းမှ မိုင်ဝက်ခန့်အကွာတွင်ရှိသည့် ဘဂျာဒါဆင်ခြေလျှော၌ စခန်းချသည်။ ဖရန့်ဇ်က အဲလက်စ်နေထိုင်ရာသို့ ရောက်သည်အထိ ကားဖြင့် လိုက်ပို့ပေးသည်။ အဲလက်စ်နှင့် ခဏမျှ စကားစမြည်ပြောပြီးနောက် ဖရန့်ဇ်က သူနေထိုင်ရာမြို့ သို့ ပြန်သွားသည်။ ဖရန့်ဇ်သည် မြို့တွင်းရှိ ပျက်စီးယိုယွင်းနေသော တိုက်ခန်းတွဲ တစ်လုံးတွင် အစောင့်သဘောမျိုးဖြင့် သူတစ်ဦးတည်း နေထိုင်ကာ တိုက်ခန်း ငှားရမ်းခပေးရခြင်းလည်း မရှိပေ။

ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်သူ ဖရန့်ဇ်သည် သူ၏ အရွယ် ရောက်ဘဝတစ်လျှောက်လုံးနီးပါးကို စစ်မှုထမ်းခြင်းဖြင့် ကုန်ဆုံးစေခဲ့သူဖြစ် သည်။ သူ၏ တပ်စခန်းအခြေစိုက်ရာ ရှန်ဟိုင်းနှင့် အိုကီနာဝါ ကျွန်းတို့တွင် အနေများခဲ့သည်။ ၁၉၅၇ ခုနှစ် နှစ်သစ်ကူးအကြိုညတွင် သူ၏ ဇနီးနှင့် တစ်ဦးတည်းသောသားဖြစ်သူမှာ အရက်သေစာသောက်စားထားသောယာဉ် မောင်းတစ်ဦးကြောင့် ယာဉ်တိုက်မှုဖြစ်ပွားကာ ကွယ်လွန်သွားခဲ့ရသည်။ ထို အချိန်ကာ ဖရန့်ဇ်မှာ ပြည်ပစစ်စခန်းတစ်နေရာတွင် ရောက်ရှိနေချိန်ဖြစ်သည်။ ဖရန့်ဇ်၏သားဖြစ်သူက နောက်နှစ် ဇွန်လတွင် ဆေးတက္ကသိုလ်မှ သင်တန်း ဆင်းဘွဲ့ယူရမည်ဖြစ်သော်လည်း ကံကြမ္မာက ခွင့်မပြုခဲ့ပေ။ ထိုမှစ၍ ဖရန့်ဇ်သည် ဝီစကီကို သဲကြီးမဲကြီးဖိသောက်တော့သည်။ ခြောက်လခန့်ကြာပြီးနောက် ဖရန့်ဇ်က

သူ့ကိုယ်သူ ပြန်လည်ပြုပြင် ကာ အရက်သောက်ခြင်းကို စွန့်လွှတ်လိုက်သည်။ အရက်စွဲပြတ်သွားသည်။

သို့သော် သူ၏ မိသားစုဆုံးရှုံးမှုအတွက်ကိုမူ ဖြေမဆည်နိုင်သေးချေ။ မိသားစု ဆုံးရှုံးခဲ့ရသည့် မော်တော်ယာဉ်မတော်တဆမှု ဖြစ်ပွားပြီးနောက်ပိုင်းနှစ်များ အတွင်း တစ်ကိုယ်တည်း အထီးကျန်ဖြစ်နေရခြင်းကို ကုစားရန်အတွက် အိုကီ နာဝါ ကျွန်းမှ ဆင်းရဲသား ယောကျ်ားလေး၊ မိန်းကလေးငယ်များကို သူက ခေါ်ယူမွေးစားခဲ့သည်။ တဖြည်းဖြည်း သူ၏ မွေးစားသားသမီးများမှာ ၁၄ ယောက်ခန့်အထိ ဖြစ်လာသည်။ အကြီးဆုံးကလေးကို ဖီလာဒဲလ်ဖီးယားပြည် နယ် ဆေးကျောင်းတွင် ပညာသင်ကြားစေပြီး နောက်တစ်ယောက်ကို ဂျပန် ဆေးကျောင်းတစ်ကျောင်းတွင် ပညာသင်ကြားစေသည်။

မက်ကန်းဒလက်စ်နှင့် တွေ့ဆုံချိန်တွင် ဖရန့်ဇ်၏ ကာလကြာမြင့်စွာ အိပ်ပျော်နေသော မိဘဖြစ်လိုစိတ်က တစ်ဖန်ပြည်လည်နိုးထလာခဲ့သည်။ ထိုလူ ငယ်ကို သူ၏စိတ်အတွင်းမှ ဖျောက်ဖျက်၍မရနိုင်ခဲ့။ လူငယ်က သူ၏ အမည် ကို အဲလက်စ်ဟူ၍ မိတ်ဆက်ခဲ့သည်။ သူက သူ၏မျိုးရိုးအမည်နာမကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပါ။ အနောက်ဗာဂျီးနီးယားဒေသဘက်မှ လာ သည်ဟု ဆိုသည်။ ထိုလူငယ်သည် ယဉ်ကျေးသိမ်မွေ့ကာ ဖော်ဖော်ရွေရွေရှိပြီး သပ်သပ်ရပ်ရပ်ဝတ်စားတတ်သူလည်း ဖြစ်သည်။

"သူက ဉာဏ်တော်တော်ကောင်းပုံရတယ်"။ ဖရန့်ဇ်က ထူးခြားသော ဒေသသံဝဲဝဲဖြင့် လေးလေးတွဲ့တွဲ့ပြောကြားလာသည်။ သူ၏စကားသံက စကော့လူမျိုး၊ ပင်ဆယ်လ်ဗေးနီးယားပြည်နယ်မှ ဒပ်ချ်လူမျိုးနှင့် ကယ်ရိုလိုင်း နားပြည်နယ်သားလေသံတို့ကို ရောစပ်ထားသကဲ့သို့ရှိသည်။ "ရေပူစမ်းဘေးမှာ နေ့,နေ ကြတဲ့ ကိုယ်လုံးတီးဝါဒီတွေနဲ့ အရက်မူးတွေ၊ ဆေးသမားတွေကြားမှာ နေဖို့ရာ ကောင်လေးနဲ့ မသင့်တော်ဘူးထင်တာပဲ"။ ထိုသီတင်းပတ် တနင်္ဂနွေနေ့ က ဘုရားကျောင်းသို့ တက်ရောက်ခဲ့ပြီးနောက် အဲလက်စ်နှင့် ဆွေးနွေးရန် ဖရန့်ဇ်က ဆုံးဖြတ်လိုက်သည်။ "သူ့ရဲ့ နေပုံထိုင်ပုံအကြောင်း ဆွေးနွေးဖို့ပါ။ သူ့ကို ပညာသင်ဖို့နဲ့ အလုပ်တစ်ခုလုပ်ပြီး သူ့ဘဝအတွက် တစ်ခုခုဖြစ်အောင် လုပ်ဖို့ရာ တစ်ယောက်ယောက်က သိမ်းသွင်းဖျောင်းဖျပေးဖို့ လိုတယ်"။

ဖရန့်ဇ်က မက်ကန်းဒလက်စ် စခန်းချထားရာသို့ ပြန်သွားပြီး ကိုယ် တိုင်နားချသော်လည်း မက်ကန်းဒလက်စ်က ခါးခါးသီးသီးငြင်းဆန်ခဲ့သည်။ "ဒီမှာ မစ္စတာဖရန့်ဇ်" မက်ကန်းဒလက်စ်က သူ့သဘောထားကို ထုတ်ပြောလာ သည်။ "ကျွန်တော့်အတွက် စိတ်ပူမနေပါနဲ့။ ကျွန်တော်က ကောလိပ်ဒီဂရီရထား ပြီးသားပါ။ စားရမဲ့၊ သောက်ရမဲ့ လူဆင်းရဲတစ်ယောက်လည်း မဟုတ်ဘူး။ ကျွန်တော် အခုလိုပုံစံနဲ့ နေ့,နေတာက ကျွန်တော့်ရဲ့ ရွေးချယ်မှုသက်သက်ပဲ"။

မက်ကန်းဒလက်စ်က အစောပိုင်းတွင် စိတ်လှုပ်ရှားသွားဟန်ဖြင့် တုံ့ပြန်ခဲ့သော် လည်း နောက်ပိုင်းတွင်မူ အဘိုးအိုဖရန့်ဇ်နှင့်

နွေးနွေးထွေးထွေးဆက်ဆံကာ အချိန်အတော်ကြာပင် စကားထိုင်ပြောနေဖြစ်ကြသည်။ နေမဝင်သေးမီတွင် ပမ်းစပရင်းမြို့သို့ ဖရန့်ဇ်၏ ထရပ်ကားဖြင့် နှစ်ယောက်သားထွက်ခွာလာခဲ့ကြ သည်။ စားသောက်ဆိုင်ကောင်းကောင်းတစ်ဆိုင်တွင် ညနေစာဝင်စားကြပြီး နောက် ဆန်ဂျာစင်တိုတောင်ထိပ်(San Jacinto Peak)သို့ တက်သည့် ရထား ဘူတာဆီသို့ မောင်းနှင်သွားကြသည်။ တောင်ခြေတစ်နေရာတွင် ပြီးခဲ့သည့်နှစ် က သူမြှုပ်နှံသိုဝှက်ထားခဲ့သော မက္ကဆီကန် ခြုံစောင်တစ်ထည်နှင့် အခြား ပစ္စည်းအချို့ကို မက်ကန်းဒလက်စ်က ပြန်လည် တူးဖော်ထုတ်ယူသည်။

ထို့နောက် သီတင်းပတ်အနည်းငယ် ကြာမြင့်သည့်အထိ မက်ကန်း ဒလက်စ်နှင့် ဖရန့်ဇ်တို့ တတွဲတွဲရှိခဲ့ကြသည်။ မက်ကန်းဒလက်စ်က ဖရန့်ဇ်၏ တိုက်ခန်းတွင် သူ၏ အဝတ်အစားများကို လျှော်ဖွပ်ရန်နှင့် အသားပြားကင်ရန် အတွက် ဆယ်တန်လ်မြို့တွင်းသို့ ပုံမှန်ပင် လမ်းလျှောက်လာလေ့ရှိသည်။ သူက နွေဦးပေါက်ရာသီဝင်သည်အထိ လက်ရှိနေရာတွင်ပင် နေသွားရန် ရည်ရွယ်ထားပြီး နွေဦးပေါက်ရာသီရောက်သည်နှင့် သူ၏ မူလရည်မှန်းချက် ဖြစ်သော အလာစကာစွန့်စားခန်းအစီအစဉ်ကို စတင်မည်ဖြစ်သည်။ ထို့နောက် တွင် သူက သူ၏ အဘိုးအရွယ်ခန့်ရှိသူ ဖရန့်ဇ်အား တစ်နေရာတည်းတွင် ကာလကြာရှည်စွာ အခြေချနေထိုင်ခြင်း၏ အားနည်းချက်၊ အားသာချက်များ အကြောင်း သင်ခန်းစာပို့ချဟောပြောခြင်းဖြင့် သူတို့နှစ်ဦးကြားမှ အခြေအနေကို ပြောင်းပြန်လှန်ပစ်ခဲ့သည်။ အသက်ရှစ်ဆယ်အရွယ် အဘိုးအိုဖရန့်စ်အား သူပိုင် ပစ္စည်းအားလုံးရောင်းချ၊ နေအိမ်တိုက်ခန်းကို စွန့်ခွာပြီး လမ်းပေါ်တွင် နေရန် သူက တိုက်တွန်းဟောပြောလာသည်။ အာပေါင်အာရင်းသန်သန်ပြောဟောနေ သော မက်ကန်းဒလက်စ်၏ ဩဝါဒများကို ဖရန့်ဇ်က နားထောင်ရုံမျှသာ နားထောင်ပြီး လိုက်ပါဆောင်ရွက်ရန် မရည်ရွယ်သည့်တိုင် အမှန်အတိုင်းဆိုရပါ မူ ထိုလူငယ်လေးနှင့် အဖော်ပြုနေရသည်ကိုပင် ဖရန့်ဇ်က ကြည်နူးနှစ်သိမ့်နေမိသည်။

သားရေထည်လုပ်ငန်းတွင် ကျွမ်းကျင်လုပ်သားတစ်ဦးဖြစ်သည့် ဖရန့်ဇ်က အဲလက်စ်အား သူ့ပညာရပ်၏ လျှို့ဝှက်ချက်များ သင်ပြပေးခဲ့သည်။ ဖရန့်ဇ်၏ သင်ကြားပြသမှုဖြင့် မက်ကန်းဒလက်စ်က သားရေခါးပတ်တစ် ချောင်း ကိုယ်တိုင်ဖန်တီးထုတ်လုပ်ခဲ့သည်။ ထိုခါးပတ်ပေါ်တွင် သူ၏ ခရီးသွား မှတ်တမ်းရုပ်ပုံများ လက်ရာမြောက်စွာ ရေးဆွဲပုံဖော်ခဲ့သည်။ ခါးပတ်၏ဘယ်ဘက်ထိပ်ဆုံးနေရာတွင် အင်္ဂလိပ်အက္ခရာများဖြင့် ALEX ဟု ရေးထိုးထား သည်။ ဦးခေါင်းခွံနှင့် လက်ဖျံရိုးကြက်ခြေခတ်ပုံကို C.J.M.ဟူသော အတို ကောက်အင်္ဂလိပ်အက္ခရာများဖြင့် ဘောင်ခတ်ထားသည်။ (C.J.Mဆိုသည်မှာ Christopher Johnson MeCandless အမည် အတိုကောက်ဖြစ်သည်။) နွားသား ရေဖြင့် ပြုလုပ်ထားသော ခါးပတ်ကို ကန့်လန့်ဖြတ်ရေးဆွဲထားသည့် "ဂ"ငယ် ကွေ့မကွေ့ရပုံ အဓိပ္ပာယ်ရသော ယာဉ်ကြောအချက်ပြပုံကိုလည်း တွေ့ရှိရ သည်။

လျှပ်စီးများပြိုးပြိုးပြက်ပြက်လက်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက်ရေကြီးရေလျှံမှုဖြစ်ကာ ကားတစ်စင်းကို ရေပတ်ချာလည်ဝိုင်းနေပုံလည်း ရေးဆွဲထားသည်။ ခရီးကြမ်းလမ်းလျှောက်သူတစ်ဦး၏ လက်မထောင်ထားပုံ၊ သိမ်းငှက်တစ်ကောင်ပုံ၊ ဆီယဲရားနီးဗားဒါးတောင်တန်းပုံ၊ ပစိဖိတ် သမုဒ္ဒရာရေပြင်တွင် ခုန်ပေါက်မြူးထူးနေသော ဆယ်လ်မွန်ငါးပုံ၊ အိုရီဂွန်ပြည် နယ်မှ ဝါရှင်တန်သို့သွားသည့် ပစိဖိတ်ကမ်းရိုးတန်း အဝေးပြေးလမ်းမပုံ၊ ရော့ကီးတောင်တန်းများပုံ၊ မွန်တားနားပြည်နယ်မှ ဂျုံခင်းများပုံ၊ တောင်ဒါကိုတာပြည်နယ်မှ မြွေခလောက်တစ်ကောင်ပုံ၊ ကာသေ့ချ်မြို့မှ ဝက်စတာဘာ့ဂ်နေအိမ်ပုံ၊ ကော်လိုရာဒိုမြစ်၊ ကယ်လီဖိုးနီးယားပင်လယ်ကွေ့အတွင်းမှ လေပြင်းတိုက်ခတ်ပုံ၊ တဲတစ်လုံးအနီး သောင်ပြင်ထက်တွင် ထိုးတင်ထားသည့် ကနူးလှေတစ်စင်းပုံ၊ လာ့စ်ဗီးဂတ်စ်မြို့ T.C.D အမည်အတိုကောက်စာလုံးများ၊ မော်ရိုးပင်လယ်အော်၊ အက်စတိုးရီးယားမြို့ စသည့် ပုံအမျိုးမျိုးရေးဆွဲထား သည်။ ခါးပတ်ခေါင်းအဆုံးတွင် အင်္ဂလိပ်အက္ခရာ “N”ကို ရေးထိုးထားသည်။ (N သည် မြောက်အရပ်ကို ရည်ညွှန်းခြင်းဖြစ်နိုင်သည်။) ပြောစမှတ်ပြုလောက် သော ကျွမ်းကျင်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ဖြင့် ပေါင်းစပ်ပြုလုပ်ထားသော ထို ခါးပတ်သည် ခရစ္စမက် ကန်းဒလက်စ် ချန်ထားရစ်သော လက်မှုပစ္စည်းများ အနက် အနုပညာလက်ရာ အမြောက်ဆုံးပစ္စည်းပင် ဖြစ်သည်။

ဖရန့်ဇ်က မက်ကန်းဒလက်စ်ကို သဘောကျသည်ထက် ကျလာခဲ့ သည်။ “ဘုရားသခင် သူက လူတော်လေးတစ်ယောက်ပါပဲ”။ အဘိုးအိုက ကြားသာရုံအသံသဲ့သဲ့ဖြင့် ခပ်ညည်းညည်းဆိုလာသည်။ သူက သူ့ခြေထောက်နှစ်ချောင်းကြားရှိ သဲမြေပြင်ကို စူးစူးစိုက်စိုက်ကြည့်ရင်း စကားပြောရပ်သွား သည်။ သူက သူ့ခါးကို တောင့်တောင့်ကြီးကိုင်းကာ ဘောင်းဘီခြေထောက်မှ မရှိသော ဖုန်တို့ကို ခါထုတ်နေသည်။ သူ၏ အရိုးအဆစ်များလှုပ်ရှားသံက ကိုးရိုးကားရားနိုင်လှသော တိတ်ဆိတ်မှုအတွင်း ကျယ်လောင်စွာ ထွက်ပေါ်လာ သည်။

တစ်မိနစ်ကျော်ကျော်ကြာမြင့်ပြီးခါမှ ဖရန့်ဇ်က စကားပြန်ဆက်လာ သည်။ သူက မိုးကောင်းကင်ကို ခေါင်းမော့စောင်းငဲ့ကြည့်ရင်း လူငယ်လေးနှင့် အတူ အဖော်ပြုနေခဲ့ရသော အချိန်များကို ပြန်ပြောင်းအမှတ်ရနေဟန်ရှိသည်။ အမြဲတစေမဟုတ်သော်လည်း ရံဖန်ရံခါတွင် မက်ကန်းဒလက်စ်၏ မျက်နှာ သည် ဒေါသကြောင့် မည်းပုပ်နေတတ်သည်ဟု ဖရန့်ဇ်က ပြန်ပြောပြလေသည်။ သူက သူ၏မိဘများ၊ နိုင်ငံရေးသမားများနှင့် အမေရိကန်လူနေမှုဘဝထဲတွင် ခလေ့စရိုက်တစ်ခုသဖွယ် မြင်တွေ့နေရသော အသိဉာဏ်နည်းလှပြီး မိုက်မဲ သည့် အပြုအမူအလေ့အထများကို ပြောင်ပြောင်ပင် ဆန့်ကျင်သူဖြစ်သည်။ လူငယ်လေးနှင့် အနေဝေးသွားမည်ကို စိုးရွံ့သော ဖရန့်ဇ်က အဲလက်စ်၏ ခံစားချက်များ ပြင်းထန်ပေါက်ကွဲနေချိန်တွင် ထွေထွေထူးထူးဝင်ရောက်ပြောဆို

ခြင်းမပြုဘဲ သူ့စိတ်တိုင်းကျ ပြောခွင့်ပြုထားလိုက်သည်။

ဖေဖော်ဝါရီလ အစောပိုင်းတစ်ရက်တွင် မက်ကန်းဒလက်စ်က သူ၏ အလာစကာခရီးစဉ်အတွက် ကုန်ကျမည့်ငွေရှာဖွေနိုင်ရန် ဆန်ဒီယေးဂိုးမြို့သို့ သွားရောက်မည်ဖြစ်ကြောင်း ပြောကြားလာသည်။

"ဆန်ဒီယေးဂိုးအထိ မင်းသွားဖို့ မလိုပါဘူး" ဖရန့်ဇ်က ကန့်ကွက်လာ သည်။ "မင်းငွေလိုရင် ငါပေးမှာပေါ့"။

"မဟုတ်သေးပါဘူး၊ ဒါကို ဦးလေး နားလည်မှာမဟုတ်ဘူး။ ကျွန်တော်က ဆန်ဒီယေးဂိုးကို သွားကိုသွားမှာ။ ဒီကနေ တနင်္လာနေ့ ထွက် မယ်"

"အိုကေလေ၊ ဒါဆိုလည်း ငါက ကားနဲ့ လိုက်ပို့ပေးမှာပေါ့"

"အဓိပ္ပာယ်မရှိတာတွေ မလုပ်စမ်းပါနဲ့" အဲလက်စ်က ခပ်လှောင်လှောင်ဆိုလာသည်။

"ငါလည်း သွားစရာရှိတာပဲ"။ ဖရန့်ဇ်က ညာပြောသည်။ "သားရေကုန်ကြမ်းတွေ သွားဝယ်ရဦးမယ်လေ"။

မက်ကန်းဒလက်စ် လေသံပျော့သွားသည်။ သူက စခန်းကို ပိတ်သိမ်း ပြီး သူ၏ပစ္စည်းအများစုကို ဖရန့်ဇ်၏ တိုက်ခန်းတွင် ထားရစ်ခဲ့သည်။ သူက သူ၏ ခရီးဆောင်အိပ်ရာအိတ်နှင့် ကျောပိုးအိတ်တို့ကို လွယ်၍ မြို့တွင်းသို့ မသွားလိုပါ။ ထို့နောက် အဘိုးအိုနှင့်အတူ ကားလိုက်စီးကာ တောင်များကို ဖြတ်ကျော်၍ ကမ်းရိုးတန်းဒေသဘက်ဆီသို့ ဦးတည်ထွက်ခွာခဲ့သည်။ ဆန်ဒီ ယေးဂိုးမြို့နှင့် တစ်ဆက်တည်းဖြစ်သော မြစ်အနီးတွင် မက်ကန်းဒလက်စ်ကို ထားရစ်ခဲ့စဉ်က မိုးများရွာနေသည်။ "သူ့ကို ဒီလိုထားခဲ့ရတာ တော်တော်ခက်ခဲတဲ့အလုပ်ပါ"။ ဖရန့်ဇ်က ပြောပြလာသည်။ "သူ့ကို ထားခဲ့ရတာ စိတ်ထဲ မကောင်းဘူး"။

ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် မက်ကန်းဒလက်စ်က ဖရန့်ဇ်ကို ဖုန်းဖြင့် ဆက်သွယ်လာသည်။ ဖရန့်ဇ်၏ ၈၁ နှစ်မြောက် မွေးနေ့အတွက် ဆုတောင်းစကားပြောလာခြင်းပင်။ ဖရန့်ဇ်၏ မွေးရက်က သူ၏ မွေးရက်ထက် ခုနစ်ရက်နောက်ကျသဖြင့် မက်ကန်းဒလက်စ်က မှတ်မှတ်ရရဖြစ်နေခဲ့သည်။ သူ၏ အသက်မှာ ဖေဖော်ဝါရီလ ၁၂ရက်နေ့က ၂၄ နှစ်ပြည့်ခဲ့ပေပြီ။ ဖရန့်ဇ် နှင့် ဖုန်းပြောစဉ် အလုပ်ရှာရခက်ခဲကြောင်း အဲလက်စ်အား ဝန်ခံပြောကြားသွား ခဲ့သည်။

ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အဲလက်စ်က ဂျန်ဘားရက်စ်ထံ ပို့စကတ်တစ်စောင်ကို စာတိုက်မှတစ်ဆင့် ပေးပို့လာသည်။ သူ၏ စာကို "ဟဲလို"ဟု အစချီရေးသားထားသည်။

ပြီးခဲ့တဲ့ သီတင်းတစ်ပတ်လုံး ဆန်ဒီယေးဂိုးလမ်းမတွေပေါ်မှာပဲ နေခဲ့ပါတယ်။ ဒီကိုရောက်တဲ့ ပထမဆုံးနေ့မှာ မိုးတွေက ရွာလိုက် တာ သဲကြီးမဲကြီးပဲ။ ဒီမှာရှိတဲ့ သာသနာပြုအဖွဲ့တွေကလည်း စိတ်ပျက်စရာပဲ။ တရားပဲဟောနေကြတာ။ လူ့ဖြင့် သေမတတ်ပဲ။ အလုပ်ကလည်း ဘာမှရေရေရာရာမရှိတာကြောင့် မနက်ဖြန်ခါ ကျရင် မြောက်ပိုင်းကို သွားတော့မယ်။

မေလ ၁ ရက်နေ့ထက် နောက်မကျဘဲ အလာစကာကို သွား ဖို့ရာ ကျွန်တော် ဆုံးဖြတ်ထားတယ်။ ဒါပေမဲ့ ကျွန်တော် အဝတ် အစားဝယ်ဖို့အတွက် ငွေနည်းနည်းရှာရဦးမယ်။ တောင်ဒါကိုတာ မှာရှိတဲ့ မိတ်ဆွေတစ်ယောက်ဆီ အလုပ်သွားလုပ်ဖြစ်ရင် လုပ်ဖြစ် မယ်။ သူက ကျွန်တော့်ကို သုံးလို့ရသေးတယ် ဆိုရင်ပေါ့လေ။ အခုတော့ ဘယ်ကိုသွားရမယ်ဆိုတာ မသိသေးဘူး။ ဒါပေမဲ့ ရောက်တဲ့နေရာကနေ ကျွန်တော် စာရေးလိုက်ပါမယ်။ ဂျွန်လည်း အစစအရာရာ အဆင်ပြေမယ်လို့ မျှော်လင့်ပါတယ်။ ကျန်းမာ ရေးဂရုစိုက်ပါ။

အဲလက်စ်

မတ်လ ၅ ရက်နေ့တွင် မက်ကန်းဒလက်စ်က နောက်ထပ် ပို့စ်ကတ် တစ်စောင်ကို ဘားရက်စ်ထံ ပေးပို့ခဲ့ပြီး ဖရန့်ဇ်ထံလည်း အလားတူပင် ပေးပို့ ခဲ့သည်။ ဘားရက်စ်ထံ ပေးပို့သောစာတွင် အောက်ပါအတိုင်း ရေးသားထားသည်။

ဆီယက်တဲလ်မြို့ကနေ နှုတ်ခွန်းဆက်လိုက်ပါတယ်။ အခုတော့ ကျွန်တော်က အိမ်ခြေယာခြေမဲ့တစ်ယောက် ဖြစ်နေပြီလေ။ ဒါအမှန်ပါပဲ။ အခုဆို ကျွန်တော်က ရထားတွေစီးသွားနေတာ။ ရထားတွေပေါ်ကနေ ခုန်ချတဲ့အလုပ် ကို စောစောကတည်းက လုပ်တတ်ခဲ့ဖို့ကောင်းတာ။ မီးရထားစီးရမှာလည်း စိတ်ပျက်စရာ ကောင်းတာတချို့ ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့။ ပထမအချက် က မီးရထားစီးတဲ့လူတစ်ယောက်ဟာ ညစ်ပတ်လာမယ်။ ဒုတိယ အချက်က အဲဒီအရှူးလိုရဲတွေနဲ့ ပေါင်းတတ်ရမယ်။ လော့စ်အိန်ဂျ လိစ်မှာတုန်းက တစ်ညသား ဆယ်နာရီအချိန်လောက် ရထားပေါ်မှာ ကိုယ့်တစ်ယောက်တည်း ခန့်ခန့်ကြီးထိုင်နေတုန်း လက်နှိပ်ဓာတ် မီးတဝင်းဝင်းနဲ့ တက်လာတဲ့ အရှူးလိုလိုရဲတစ်ယောက်က ကျွန်တော့် ကို မြင်သွားတယ်။ "မင်းကို ငါမသတ်မိခင် ထွက်သွားလိုက်စမ်း"လို့ သူက အော်ဟစ်ကြိမ်းမောင်းလာတယ်။ ကျွန်တော်ဆင်းမယ့်အလုပ် သူက ခြောက်လုံးပြူးသေနတ်တစ်လက် ဆွဲထုတ်လာတာ မြင်လိုက် တယ်။ သူက ကျွန်တော့်ကို သေနတ်နဲ့ချိန်ထားပြီး စစ်ဆေးနေသေး တယ်။ ပြီးတော့ ခြိမ်းခြောက်လာတာလေ။ "နောက်တစ်ခါ ဒီရထား ပေါ်မှာ မင်းကိုတွေ့လို့ကတော့ သေပြီသာမှတ်။ အခုချက်ချင်း ဆင်းသွား"တဲ့။ ဘယ်လောက်ရူးလိုက်တဲ့လူလဲ။ အဲဒီရထားကိုပဲ။ နောက်ငါးမိနစ်လောက်နေတော့ ထပ်တက်စီးသွားတာ။ အုတ် ကလန်း(Oakland)မြို့ရောက်တဲ့အထိပဲလေ။ အဲဒီတော့မှ ရယ်နိုင် တော့တာ။ ကျွန်တော် ထပ်ပြီး အဆက်အသွယ်လုပ်ပါဦးမယ်။

အဲလက်စ်

ထို့နောက် သီတင်းတစ်ပတ်အကြာတွင် ဖရန့်ဇ်၏တယ်လီဖုန်းက အသံမြည်လာသည်။ "ဖုန်းအော်ပရေတာက လှမ်းခေါ်တာ"။ ဖရန့်ဇ်က ပြန်ပြော လာသည်။ "အဲလက်စ်လို့ ပြောတဲ့လူတစ်ယောက်က ဖုန်းခေါ်လာတာ လက်ခံမှာ လားလို့ သူက မေးလာတာလေ။ သူ့အသံကလည်း ကြားလိုက်ရော တစ်လလောက် မိုးဆက်တိုက်ရွာအပြီး ထွက်လာနေတဲ့နေကို မြင်လိုက်ရ သလိုပဲ။ အရမ်းပျော်ရတာ"။

"ကျွန်တော့်ကို ပြန်လာကြိုပေးမလား" မက်ကန်းဒလက်စ်က

မေးလာခြင်းပင်။

“ကြိုမှာပေါ့၊ မင်းက အခု ဆီယက်တဲလ်မြို့ရဲ့ ဘယ်နားမှာလဲ”

“ရှန် ...”မက်ကန်းဒလက်စ်က ရယ်သည်။ “ကျွန်တော်က ဆီယက် တဲလ်မှာ မဟုတ်ဘူး။ ကယ်လီဖိုးနီးယားကိုရောက်နေပြီ။ ဆယ်လ်တန်မြို့ အထက်က လမ်းပေါ်မှာရှိတဲ့ ကိုချဲလား(Coachella)မြို့မှာပါ”။ မိုးကောင်းသော အနောက်မြောက်ဒေသတွင် အလုပ်အကိုင်ရှာ၍မရနိုင်သဖြင့် မက်ကန်းဒလက်စ် သည် ကုန်ရထားများကို တစ်စင်းပြီးတစ်စင်း ခုန်တက်လိုက်ပါစီးနင်းကာ သဲကန္တာရဒေသသို့ ပြန်လာခဲ့ခြင်းဖြစ်သည်။ ကယ်လီဖိုးနီးယားပြည်နယ် ကိုလ် တန်(Colton) မြို့တွင် ရထားခိုးစီးသည်ကို ရဲတစ်ဦးက မြင်တွေ့သွားခဲ့သဖြင့် အချုပ်ကျခဲ့ရသေးသည်။ အချုပ်မှလွတ်သည်နှင့် ကိုချဲလားမြို့သို့ လမ်းလျှောက် လာခဲ့သည်။ ကိုချဲလားမြို့သည် ပမ်းစပရင်းစ်မြို့၏ အရှေ့မြောက်ဘက် မလှမ်း မကမ်းတွင် ရှိသည်။ ထိုမြို့မှပင် သူက ဖရန့်ဇ်ထံ ဖုန်းဆက်ခဲ့ခြင်းဖြစ်သည်။ မက်ကန်းဒလက်စ်က ဖုန်းချလိုက်သည်နှင့် ဖရန့်ဇ်သည် အပြေးအလွှားပင် အကြိုခရီး ထွက်ခဲ့သည်။

“ကျွန်တော်တို့တွေ ဆစ်ဇယ်လာ(Sizzler)စားသောက်ဆိုင်ကို သွား တယ်။ အဲဒီမှာ သူ့ကို အသားကင်၊ ပုစွန်ကင်တွေကျွေးပြီး အားဖြည့်ပေးလိုက် ပါတယ်”။ ဖရန့်ဇ်က ပြန်ပြောလာခြင်းဖြစ်သည်။ “ပြီးတော့မှ ဆယ်လ်တန်မြို့ကို ပြန်မောင်းလာကြတယ်လေ”။

မက်ကန်းဒလက်စ်က သူ၏ အဝတ်များကို လျှော်ဖွပ်ရန်နှင့် ကျောပိုး အိတ်တွင် ရိက္ခာဖြည့်တင်းရန် တစ်ရက်မျှသာ ဆယ်လ်တန်တွင် နေထိုင်မည်ဖြစ် ကြောင်း ပြောလာသည်။ ကာသေ့ချ်မြို့ရှိ ကောက်ပဲသီးနှံသိုလှောင်ရုံတွင် သူ့အတွက် အလုပ်တစ်ခုရှိကြောင်း ဝိန်းဝက်စတာဘာ့ဂ်ထံမှ သူက သတင်း ကြားသိထားခြင်းကြောင့် ဖြစ်သည်။ သူကိုယ်တိုင်ကလည်း ကာသေ့ချ်သို့ သွားလိုစိတ်ထက်သန်နေသည်။ ထိုနေ့ကား မတ်လ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ ဖြစ်ပါသည်။ ဖရန့်ဇ်က မက်ကန်းဒလက်စ်ကို ကော်လိုရာဒိုပြည်နယ် ဂရင်းဂျန်း ရှင်းအထိ လိုက်ပို့ပေးမည်ဟု ပြောခဲ့သည်။ လာမည့် တနင်္လာနေ့တွင် တွေ့ဆုံရန် ချိန်းဆိုထားသည့်ကိစ္စတစ်ခုအတွက် ဆယ်လ်တန်သို့ အချိန်မီပြန်ရောက်ရန် လိုအပ်သဖြင့် ဤမျှသော ခရီးအထိသာ ဖရန့်ဇ်က လိုက်ပို့ပေးနိုင်မည်ဖြစ်သည်။ မက်ကန်းဒလက်စ်က မည်သို့မျှ အငြင်းအခုံမပြုဘဲ ရှောရှောရှူရှူလက်ခံခဲ့ သဖြင့် ဖရန့်ဇ်မှာ အံ့အားပင် သင့်ခဲ့ရာက စိတ်လည်း သက်သာသွားခဲ့ရသည်။

ခရီးမထွက်မီတွင် ဖရန့်ဇ်က မက်ကန်းဒလက်စ်အား တောရှင်းဓား တစ်လက်၊ တိရစ္ဆာန်အရေခွံဖြင့် ချုပ်ထားသော ခေါင်းဆောင်းပါ အာတိတ်အနွေးထည်ဝတ်ရုံတစ်ထည်၊ ခေါက်သိမ်း၍ရသော ငါးမျှားတံတစ်ချောင်းနှင့် အလာစကာခရီးစဉ်အတွက် လိုအပ်နိုင်သောပစ္စည်းပစ္စယအချို့ကို လက်ဆောင် ပေးသည်။ ကြာသပတေးနေ့

နေထွက်ချိန်မှစ၍ ဖရန့်ဇ်၏ ထရပ်ကားဖြင့် နှစ်ယောက်သား ထွက်လာခဲ့ကြသည်။ ဘူးလ်ဟက်ဒ်မြို့တွင် မက်ကန်းဒလက်စ် ၏ ဘဏ်ငွေစာရင်းကိုပိတ်ရန် ခေတ္တမျှရပ်နားခဲ့ကြပြီး ချာလီ၏ နောက်တွဲယာဉ် နေအိမ်သို့လည်း သွားရောက်လည်ပတ်ခဲ့သည်။ ထိုနေရာတွင် မက်ကန်း ဒလက်စ်က စာအုပ်အချို့နှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ဝှက်ထားခဲ့ ရာ ကော်လိုရာဒိုမြစ်ကြောင်းတစ်လျှောက် ကနူးလှေဖြင့် စုန်ဆင်းခဲ့သည့် ခရီးစဉ်အမှတ်တရ ဓာတ်ပုံအယ်လ်ဘမ်လည်း အပါအဝင်ဖြစ်သည်။ ထို့နောက် တွင် မြစ်တစ်ဖက်ကမ်းမှ လဗ်လင်မြို့ရှိ ဂိုးလ်ဒင်းနတ်ဂက်ကာစီနိုရုံ(Golden Nugget Casino)၌ မက်ကန်းဒလက်စ်က ဖရန့်ဇ်အား အတင်းပင် နေ့လယ်စာ ဝယ်ကျွေးသည်။ နတ်ဂက်စားသောက်ဆိုင်မှ စားပွဲထိုးမလေးတစ်ဦးက မက်ကန်းဒလက်စ်ကို မှတ်မိနေပြီး နှုတ်ဆက်လာသည်။ "အဲလက်စ်... အဲလက်စ် ဟုတ်ပါတယ်နော်၊ ရှင် ပြန်လာပြီပဲ"။

ဖရန့်ဇ်က ခရီးမထွက်မီ ဗီဒီယိုကင်မရာတစ်လုံး ဝယ်ယူခဲ့သည်။ ဗီဒီယိုကင်မရာဖြင့် ခရီးစဉ်တစ်လျှောက်လုံးကို မှတ်တမ်းတင်ရိုက်ကူးလိုက်၊ ခေတ္တမျှ ရပ်ထားလိုက်လုပ်လာသည်။ ဖရန့်ဇ်က ကင်မရာကို သူ့ဘက်သို့ လှည့်လာသည့်အခါတိုင်း မက်ကန်းဒလက်စ်က ကင်မရာမြင်ကွင်းတွင် မပါ ဝင်စေရန် ရှောင်တိမ်းနေတတ်သော်လည်း အချို့သောရိုက်ချက်များ၌ နှင်းများ ဖုံးလွှမ်းနေသော ဘရိုက်စ်ကင်—(Bryce Canyon)တောင်ကမ်းပါးယံထက်တွင် စိတ်မရှည်စွာ မတ်တတ်ရပ်နေသည့် သူ၏ပုံအချို့ပါဝင်လေသည်။ "အိုကေ၊ သွားကြစို့"။ ခဏမျှကြာသော် သူက ဗီဒီယိုအရိုက်ရပ်ပြီး ရှေ့ခရီးဆက်ရန် လောဆော်လာသည်။ "ရှေ့မှာ ရိုက်စရာတွေအများကြီးရှိသေးတယ် ရွှန်"။ ဂျင်းဘောင်းဘီနှင့် သိုးမွေးဆွယ်တာဝတ်ဆင်ထားသော မက်ကန်းဒလက်စ်ကို ကြည့်ရသည်မှာ နေလောင်ထားသောအသားအရေနှင့် ကျန်းမာကြံ့ခိုင်ဟန် အပြည့်ရှိပေသည်။

ထိုခရီးစဉ်မှာ တက်သုတ်ရိုက်သွားခဲ့ရသည့်ခရီးဖြစ်သည့်တိုင် ကျေနပ် အားရဖွယ်ကောင်းလှသည်ဟု ဖရန့်ဇ်က ပြောပြလာခဲ့သည်။ "တစ်ခါတလေဆို တစ်ယောက်နဲ့တစ်ယောက် စကားတစ်လုံးမှမပြောဖြစ်ဘဲ နာရီပေါက်မောင်း သွားခဲ့ကြရတာ"။ ဇရန့်ဇ်က စကားဆက်သည်။ "သူအိပ်ပျော်နေတာတောင်မှ အနားမှာရှိနေတယ်ဆိုတဲ့ အသိနဲ့ စိတ်ထဲမှာ ပျော်ရွှင်နေခဲ့ရတယ်"။ တစ်နေရာတွင် ဖရန့်ဇ်က မက်ကန်းဒလက်စ်အား အရဲစွန့်၍ တောင်းဆိုမှုတစ်ခုပြုလုပ် ခဲ့သည်။ အမေက သူ့မိသားစုမှာ တစ်ဦးတည်းသောရင်သွေးလေ" ဖရန့်စ်က ရှင်းပြလာသည်။ "အဖေကလည်း အမေ့လိုပဲ တစ်ဦးတည်းသောသားပေါ့။ ဒီလိုနဲ့ ကိုယ်လည်းပဲ သူတို့နှစ်ဦးရဲ့ တစ်ဦးတည်းသောသား ဖြစ်လာခဲ့ရတယ်။ အခုဆို ကိုယ့်ရဲ့တစ်ဦးတည်းသောသားကလည်း ဆုံးသွားခဲ့ပြီ။ ကိုယ်တိုင်လည်း နောက်ဆုံးခရီးက နီးနေပြီလေ။ ကိုယ်သာမရှိတော့ဘူးဆိုရင် မိသားစုမျိုးဆက်

လည်း ပြတ်ပြီပေါ့။ တစ်ခါတည်း အပြီးပြတ်သွားမှာ။ အဲဒါကြောင့် အဲလက်စ် ကို မေးကြည့်တာ။ သူ့ကို မွေးစားခွင့်ပြုမလားလို့ပါ။ သူလက်ခံရင် ကိုယ့်ရဲ့မြေးဖြစ်လာမှာ”။ ဖရန့်ဇ်၏ တောင်းဆိုမှုကြောင့် စိတ်မသက်မသာဖြစ်သွားဟန်ရှိသည့် မက်ကန်းဒလက်စ်က ဖရန့်ဇ်၏အမေးကို ရှောင်လွှဲလိုက်သည်။ “အလာစကာ ပြန်ရောက်တော့မှပဲ အဲဒီအကြောင်း ပြောကြတာပေါ့ ရွှန်”။

မတ်လ ၁၄ ရက်နေ့တွင် ဖရန့်ဇ်က မက်ကန်းဒလက်စ်ကို ဂရင်းဂျန်း ရှင်းအပြင်ဘက် ပြည်နယ်ချင်းဆက်အဝေးပြေးလမ်းမ အမှတ် ၇၀ ၏ ဘေးတစ် နေရာတွင် ချထားခဲ့ပြီး ကယ်လီဖိုးနီးယားတောင်ပိုင်းသို့ ပြန်လည်မောင်းနှင်သွား သည်။ မက်ကန်းဒလက်စ်က သူ၏ မြောက်ပိုင်းခရီးစဉ်အတွက် ရင်ခုန်ခံစား နေမိသကဲ့သို့ လူတို့၏ အချင်းချင်းရင်းနှီးကျွမ်းဝင်မှု၊ အဆွေခင်ပွန်းဖြစ်တည်မှု နှင့် ယင်းတို့ဆောင်ကြဉ်းလာမည့် ရှုပ်ထွေးသော စိတ်ခံစားမှုများ၏ ခြိမ်း ခြောက်အကျပ်ကိုင်ခြင်းများ ကျရောက်မလာမီ နောက်တစ်ကြိမ် ထပ်မံ ရှောင် တိမ်းလွတ်မြောက်နိုင်ခဲ့ပြီဆိုသောအသိဖြင့် စိတ်ချမ်းသာမှုကိုလည်း ရရှိခဲ့သည်။ သူသည် စိတ်နေကျဉ်းကျုတ်ပြီး မွန်းကျပ်မှုများကို ကြောက်ရွံ့စိတ်ကြောင့် သူ၏မိသားစုထံမှ ဝေးရာသို့ ပြေးထွက်ခဲ့ခြင်းဖြစ်သည်။ သူက ဂျန်ဘားရက်စ် နှင့် ဝိန်းဝက်စတာဘာ့ဂ်တို့ကို သူ့ထံမှ တစ်စုံတစ်ရာ မမျှော်လင့်မီကပင် သူ တို့၏ ဘဝများထဲမှ လျင်မြန်သွက်လက်စွာ ထွက်ခွာကာ ရင်းနှီးမှုလက်တစ် ကမ်းအကွာတွင် အောင်မြင်စွာထားနိုင်ခဲ့သည်။ ယခုအခါတွင်လည်း ရွှန်ဖရန့်ဇ် ၏ ဘဝထဲမှ သက်သောင့်သက်သာပင် ရုန်းထွက်ခဲ့ပြန်ပြီဖြစ်သည်။

သက်သောင့်သက်သာ ရုန်းထွက်နိုင်ခဲ့သည်ဆိုသည်မှာ မက်ကန်း ဒလက်စ်၏ ရှုထောင့်မှ တွေးမြင်မှုသာဖြစ်သည်။ အဘိုးအိုဖရန့်ဇ်၏ဘက်မှ တွေးမြင်ကြည့်ခြင်းမဟုတ်ပါ။ ဖရန့်ဇ်က မက်ကန်းဒလက်စ်အပေါ် မည်သည့် အတွက်ကြောင့် ဤမျှ လျင်မြန်စွာ တွယ်တာသွားခဲ့ရသနည်းဟု မေးခွန်းထုတ် ဖွယ်ရာဖြစ်သော်လည်း သူ၏ မေတ္တာတရားမှာ စစ်မှန်၍ အလွန်တရာကြီးမားလှသည့်အပြင် မည်သည့်မျှော်ကိုးမှုမျှ ရောစွက်ပါဝင်ခြင်းမရှိပါ။ ဖရန့်ဇ်သည် တစ်ဦးတည်း အထီးကျန်ဘဝဖြင့် နှစ်ပေါင်းများစွာ ဖြတ်သန်းရှင်သန်လာခဲ့ရသူ ဖြစ်သည်။ သူ့တွင် မိသားစုမရှိ၊ မိတ်ဆွေအချို့သာရှိသည်။ စည်းကမ်းကြီးပြီး ကိုယ်ထူကိုယ်ထစိတ်ရှိသောသူတစ်ယောက်ဖြစ်ကာ အသက်အရွယ်ကြီးရင့်မှု နှင့် အထီးကျန်မှုများ ရှိနေသည့်တိုင် ဆိုစမှတ်ပြုလောက်အောင်ပင် ရှင်သန် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။ သူ၏ ဘဝအတွင်းသို့ မက်ကန်းဒလက်စ်ဝင်ရောက် လာသည့်အခါ ထိုလူငယ်လေးက အဘိုးအို၏ အထူးဂရုတစိုက်တည်ဆောက် ထားသော ခံစစ်ကြောင်းများကို အခြေမှ ဖြိုလှဲပစ်လိုက်တော့သည်။ မက်ကန်း ဒလက်စ်နှင့် အတူရှိနေရလျှင် ဖရန့်ဇ် ဝမ်းမြောက်ပျော်ရွှင်၍မဆုံးတော့။ သို့ရာ တွင်

ယင်းတို့နှစ်ဦးအကြားမှ လျှင်မြန်စွာ ပေါက်ဖွားစပြုလာသည့် အဆွေခင်ပွန်းဖြစ်တည်မှုက သူမည်မျှအထီးကျန်ဆန်ခဲ့ရသည်ကို သတိပေးနေသည်သို့ရှိသည်။ ဖရန့်ဇ်၏ ဘဝအတွင်းမှ ဟင်းလင်းဖြစ်နေသောကွက်လပ်ကို ထိုလူငယ် လေးက မျက်နှာဖုံးကွာကျစေခဲ့သည်။ ထိုကွက်လပ်ကို သူကပင် ဖြည့်ဆည်း ပေးခဲ့သည်။ မက်ကန်းဒလက်စ်က ခရီးရောက်မဆိုက် ပြန်လည်ထွက်ခွာသွား ချိန်တွင် ဖရန့်ဇ်မှာ မမျှော်မှန်းနိုင်လောက်အောင်ပင် နက်ရှိုင်းစွာ စိတ်ထိခိုက် ခံစားရသည်။

ဧပြီလ အစောပိုင်းတွင် ဖရန့်ဇ်၏ စာသေတ္တာအတွင်းသို့ စာရှည်တစ်စောင်ရောက်ရှိလာသည်။ စာအိတ်ပေါ်တွင် တောင်ဒါကိုတာပြည်နယ် စာတိုက်ဆံဆိပ်ခတ်နှိပ်ထားသည်။ “ဟဲလို ရွှန်”ဟု အစချီကာ အောက်ပါအတိုင်း ရေးသားပေးပို့ခဲ့သည်။

အဲလက်စ်ပါ။ တောင်ဒါကိုတာပြည်နယ်ထဲက ကာသေ့ချ်မြို့ကို ရောက်ပြီး အလုပ်ဝင်လုပ်နေတာ နှစ်ပတ်နီးနီးရှိပါပြီ။ ဂရင်းဂျွန်းရှင်း ကနေ ထွက်လာတာ သုံးရက်လောက်နေပြီးမှ ဒီကို ရောက်ပါတယ်။ ရွှန်လည်း ဆယ်လ်တန်ကို ချောချောမောမောပြန်ရောက်မယ်လို့ မျှော်လင့်ပါတယ်။ ဒီမှာ အလုပ်လုပ်ရတာ ပျော်စရာကောင်းပါ တယ်။ အားလုံးလည်း အဆင်ပြေတယ်။ ရာသီဥတုကလည်း သိပ်မဆိုးလှဘူး။ နေ့တော်တော်များများမှာ အံ့အားသင့်စရာကောင်း လောက်အောင် ခပ်ပျော့ပျော့ပဲအေးပါတယ်။ စိုက်ပျိုးရေးသမား တွေတချို့ဆို စိုက်ခင်းတွေထဲတောင် ပြန်ဆင်းနေကြပြီလေ။ တောင် ကယ်လီဖိုးနီးယားမှာတော့ အခုအချိန်လောက်ဆိုရင် ပူနေရောပေါ့။ ရေပူစမ်းမှာလုပ်တဲ့ မတ် ၂၀ ရက်နေ့ သက်တံ့ဆုံစည်းပွဲကို လူတွေဘယ်လောက်တောင်အရောက်လာကြတယ်ဆိုတာ တစ်ခါလောက် ရွှန်လာကြည့်ဖို့ အခွင့်အရေးရမယ်ဆိုရင် သိပ်ကောင်းမှာပဲ။ ဒီဆုံ စည်းပွဲက အရမ်းကိုပျော်စရာကောင်းတာ။ ဒါပေမဲ့ အဲဒီလို လာကြ တဲ့လူတွေကို ရွှန် တကယ်နားလည်နိုင်မယ်လို့တော့ မထင်မိဘူး။

တောင်ဒါကိုတာပြည်နယ်ထဲမှာလည်း ကျွန်တော် ကြာကြာနေ မယ်တော့ မဟုတ်ပါဘူး။ ကျွန်တော့်မိတ်ဆွေ ဝိန်းက ကောက်ပဲ သီးနှံသိုလှောင်ရုံမှာ မေလလောက်အထိ အလုပ်လုပ်ပေးစေချင်နေ တာ။ ပြီးရင် နွေရာသီတစ်လျှောက်လုံး သူနဲ့အတူလာနေဖို့ရော ပေါ့။ ဒါပေမဲ့ ကျွန်တော်က အလာစကာခရီးကြမ်းတစ်ခုလုံးကို ကျွန်တော့်ရဲ့ အသက်ဝိညာဉ်နဲ့ တည်ဆောက်ထားတာ မဟုတ်လား။ ဧပြီလ ၁၅ ရက်ထက်နောက်မကျဘဲ ခရီးထွက်ဖို့ရာ မျှော်လင့်ထား တာပါ။ ဆိုလိုချင်တာက ဒီကနေ သိပ်မကြာခင် ထွက်သွားတော့ မယ်ဆိုတာပါ။ အဲဒါကြောင့် ဆယ်လ်တန်လိပ်စာနဲ့ ကျွန်တော့် အတွက် စာတွေထပ်ရောက်လာတာရှိရင် ဒီစာအောက်ဆုံးမှာ စာပြန် ဖို့ ရေးပေးထားတဲ့လိပ်စာအတိုင်း ပို့ပေးပါလား။

ရွှန်. . . ကျွန်တော့်အတွက် ရွှန်ပေးခဲ့တဲ့ အကူအညီတွေနဲ့ ရွှန်နဲ့ အတူရှိနေခဲ့တဲ့ အချိန်တွေအတွက် တကယ်ကိုပျော်စရာဖြစ်ခဲ့ရပါ တယ်။ အခုလို လမ်းခွဲလိုက်ကြရတဲ့အတွက် ရွှန့်အနေနဲ့ အရမ်းကြီး စိတ်ဓာတ်ကျနေမှာ မဟုတ်ဘူးလို့လည်း ကျွန်တော်မျှော်လင့်ပါ တယ်။ ကျွန်တော်တို့ချင်း တစ်ယောက်ကိုတစ်ယောက် ပြန်တွေ့ကြ ဖို့ အရမ်းကြာချင်လည်း ကြာသွားနိုင်ပါတယ်။ ဒါပေမဲ့ ဟောဒီ အလာစကာခရီးကြမ်းကြီးကနေ ဘေးမသီရန်မခဘဲ

ပြန်ထွက်လာ နိုင်မယ့်တစ်နေ့မှာ ကျွန်တော့်ဆီက သတင်းစကားကို ရွှန်ကြား ရမယ်ဆိုတာ အသေအချာပြောနိုင်ပါတယ်။ ရွှန့်ကို ကျွန်တော်ပေး ခဲ့တဲ့အကြံကို ထပ်ပြီး ပြောချင်ပါသေးတယ်။ အဲဒီလိုသာလုပ်နိုင် မယ်ဆိုရင် ရွှန့်ရဲ့ လူနေမှုဘဝပုံစံကို အခြေခံကျကျပြောင်းလဲပစ် နိုင်မှာဖြစ်ပြီး အရင်တုန်းက စိတ်ကူးနဲ့တောင် မလုပ်ခဲ့ဖူးတဲ့အရာ တွေ၊ ဒါမှမဟုတ် ကြိုးစားလုပ်ကြည့်ဖို့ရာ အရမ်းကို တုံ့ဆိုင်းနေခဲ့တဲ့ အရာတွေကို ရဲရဲရင့်ရင့် လုပ်နိုင်လာပါလိမ့်မယ်။ လူအတော်များ များက သူတို့တွေ မပျော်ပိုက်တဲ့အခြေအနေတွေမှာ ကြိတ်မှိတ်နေ နေကြပြီး အဲဒီအခြေအနေတွေကို စ,ပြောင်းလဲလိုက်ဖို့ရာ မလုပ်ကြဘူး။ သူတို့တွေက လုံလုံခြုံခြုံ သက်သက်သာသာနဲ့ အဟောင်းတွေ ကို ဖက်တွယ်ပြီး နေနေရတဲ့ဘဝနဲ့ ကျင့်သားကျနေကြတာကြောင့် ပါ။ အဲဒီလိုနေနေရတာက စိတ်မှာ ငြိမ်းချမ်းတယ်လို့ ထင်ရပေမဲ့ လက်တွေ့ ကျကျပြောကြကြေးဆိုရင်တော့ အဲဒီလို လုံခြုံစိတ်ချရတဲ့ အနာဂတ် လောက် လူတစ်ယောက်ရဲ့ စွန့်စွန့်စားစား သွားလာလုပ် ကိုင်ချင်စိတ်ကို ဖျက်ဆီးနိုင်တာ ဘာမှမရှိပါဘူး။ ဘဝရဲ့ ပျော်ရွှင်မှု ဆိုတာက ကျွန်တော်တို့တွေရဲ့ အတွေ့အကြုံသစ်တွေနဲ့ ရင်ဆိုင်ရာက ပေါက်ဖွားတာပါ။ အဲဒီလိုဆိုတော့ နေ့တိုင်းနေ့တိုင်း သစ်လွင်ပြီး မတူညီတဲ့ နေမင်းကြီးအောက်မှာ နေ့သစ်တွေကို ကြိုဆိုရင်း ဟိုး ကောင်းကင်ထက်က မိုးကုပ်စက်ဝိုင်းကြီးကို အဆုံးမရှိပြောင်းလဲရ တာလောက် ပျော်စရာကောင်းတာ ဘာမှမရှိဘူးဆိုတာ တွေ့လာမှာ ပါ။ ကိုယ့်ဘဝရဲ့ အပြင်ဘက်မှာ ဒီထက်ပိုပြီး ရယူစရာတွေရှိတယ် ဆိုရင် ရွှန်ရဲ့ ငြီးငွေ့စရာကောင်းလောက်အောင် လုံခြုံတဲ့ဘဝအပေါ် ဖက်တွယ်နေတာကို စွန့်လွှတ်လိုက်ရမယ်။ ကစဉ့်ကလျားနိုင်တဲ့ လူနေမှုဘဝပုံစံကို လက်ခံကျင့်သုံးရမယ်။ ဒီလိုလုပ်တာက အစပိုင်း မှာတော့ ကိုယ့်ဘာသာ ရူးကြောင်ကြောင်နိုင်ကောင်းနိုင်ပါလိမ့် မယ်။ ဒါပေမဲ့ အဲဒီလူနေမှုပုံစံနဲ့ ကျင့်သားရသွားတဲ့အခါ ကျရင် သူ့ရဲ့ပြည့်ဝလှတဲ့ အဓိပ္ပာယ်နဲ့ မယုံနိုင်စရာကောင်းတဲ့ အလှတရားကို ရွှန် မြင်တွေ့ရပါလိမ့်မယ်။ တိုတိုပြောရရင်တော့ ရွှန်ရေ... ဆယ်လ် တန်မြို့ကို စွန့်ခွာပြီး လမ်းမတွေပေါ်တက်လိုက်ပါတော့။ အဲဒီလို လုပ်လိုက်တဲ့အတွက် ရွှန် ပျော်ရွှင်ရလိမ့်မယ်ဆိုတာ ကျွန်တော် အာမခံပါတယ်။ ဒါပေမဲ့ ကျွန်တော်ပေးတဲ့ အကြံဉာဏ်ကို ရွှန်က လျစ်လျူရှုမှာကိုတော့ စိတ်ပူမိတယ်။ ကျွန်တော်က ခေါင်းမာတယ် လို့ ရွှန် ထင်တယ်မဟုတ်လား။ ဒါပေမဲ့ ရွှန်ကမှ ကျွန်တော့်ထက် ပိုပြီး ခေါင်းမာပါသေးတယ်။ ရွှန်ရဲ့ အပြန်ခရီးမှာ အမေရိကန်သား တိုင်း တစ်သက်မှာ တစ်ခါလောက်တော့ ရောက်ဖူးသင့်တဲ့ ဂရင်း ကင် ညွှန်ကို ဝင်ဖို့ရာ အခွင့်အရေးတစ်ခုရခဲ့ပါလျက်နဲ့ ကျွန်တော် နားလည်ပေးလို့ မရတဲ့ အကြောင်းပြချက်တချို့ကြောင့် ရွှန်က အိမ်ကို တတ်နိုင်သမျှ အမြန်ဆုံးပြန်ရောက်ချင်နေတာပဲ သိခဲ့တာလေ။ မနက် လင်းတိုင်း ကိုယ်အမြဲတွေ့နေရမယ့် ပတ်ဝန်းကျင်အခြေအနေဆီကို သာ အရောက်ပြန်ချင်နေခဲ့တာပဲ။ ရှေ့လျှောက်လည်း အဲဒီလိုလုပ်နေဦးမှာကိုပဲ ကျွန်တော်တွေးပူနေမိတယ်။ ဒီလိုနည်းနဲ့သာဆိုရင် ဘုရား သခင်က ကျွန်တော်တို့တွေ ရှာဖွေတွေ့ရှိနိုင်အောင် အနီးဝန်းကျင်မှာ တင် နေရာချထားပေးခဲ့တဲ့ ထူးခြားအံ့ဖွယ်ရာတွေကို ရှာတွေ့နိုင်တော့ မှာ မဟုတ်ဘူး။ တစ်နေရာတည်းမှာထိုင်ပြီး အခြေချမနေပါနဲ့။ နေရာရွှေ့စမ်းပါ။ လှည့်လည်သွားလာနေလိုက်စမ်းပါ။ နေ့တိုင်း နေ့တိုင်းမှာ

မိုးကုပ်စက်ဝိုင်းအသစ်တစ်ခုရှိပါစေ။ ရှန်က အသက် ရှည်ရှည်နေရဦးမှာပါ။ ရှန်ရဲ့ လက်ရှိဘဝကို တော်လှန်ပစ်ပြီး လုံးဝဆန်းသစ်တဲ့ အတွေ့အကြုံသစ်တွေဆီ ရွေ့လျားသွားလာနိုင်တဲ့ အခွင့်အရေးတစ်ရပ်ကို လက်လွှတ်လိုက်မယ်ဆိုရင် ရှက်စရာ ကောင်းလှပါတယ် ရှန်။

ပျော်ရွှင်မှုဆိုတာ လူသားချင်းပေါင်းသင်းဆက်ဆံမှုတွေကနေပဲ ဆင်းသက်ပေါက်ဖွားလာတာလို့ ထင်ရင် ရှန် အများကြီးမှားသွား ပါလိမ့်မယ်။ ဘုရားသခင်က အဲဒီပျော်ရွှင်မှုတွေကို ကျွန်တော်တို့ ပတ်ဝန်းကျင်ထဲမှာတင် ထားပေးခဲ့တာပါ။ ကျွန်တော်တို့တွေက ကျွန်တော်တို့ရဲ့ အရိုးစွဲ၊ ခေါက်ရိုးကျိုးနေပြီဖြစ်တဲ့ လူနေမှုဘဝပုံစံကို သတ္တိရှိရှိ တွန်းလှန်ပစ်ပြီး သမားရိုးကျမဟုတ်တဲ့ ရှင်သန်နေထိုင်နည်း နဲ့ ရှင်သန်နေထိုင်သွားရဲကြဖို့ပဲ လိုတာပါ။

ကျွန်တော်ပြောချင်တာက ရှန်ရဲ့ ဘဝထဲကို ဒီလိုအလင်းရောင် သစ်မျိုး ဆောင်ကြဉ်းလာဖို့အတွက် ကျွန်တော်ရှိနေဖို့ မလိုအပ်သလို တခြားဘယ်သူမှလည်း ရှိနေဖို့ရာ မလိုအပ်ပါဘူး။ လက်ရှိဘဝရဲ့ အပြင်ဘက်မှာ အသင့်စောင့်ဆိုင်းနေတဲ့ အလင်းရောင်သစ်ကို လွယ် လွယ်လေးဖမ်းယူဆုပ်ကိုင်လိုက်ရုံပါပဲ။ ရှန်လုပ်ရမှာက အဲဒီအလင်း ရောင်သစ်ရှိရာကို အရောက်သွားဖို့ပါ။ အဲဒီအတွက် ရှန် ဆန့်ကျင် တွန်းလှန်ရမယ့်သူက ရှန်ကိုယ်တိုင်နဲ့ အခြေအနေသစ်တွေဆီ တိုးဝင် ဖို့ရာ ငြင်းဆန်နေတဲ့ ရှန်ရဲ့ ခေါင်းမာမှုပဲဖြစ်ပါတယ်။

ဆယ်လ်တန်မြို့ကနေ ရှန် တတ်နိုင်သမျှ အမြန်ဆုံးထွက်ခွာလာ လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ ရှန်ရဲ့ ထရပ်ကားပေါ်မှာ အပျော်ခရီးထွက်ရင်သုံးတဲ့ တဲယယ်တစ်လုံးတင်ပြီး ထွက်လာခဲ့ လိုက်ပါ။ အမေရိကန်နောက်ပိုင်းဒေသတွေမှာ ဘုရားသခင် ချပေး ထားခဲ့တဲ့ ကြီးကျယ်ခမ်းနားတဲ့ လက်ရာတချို့ကို စပြီးတော့ လက် တွေ့ခံစားကြည့်လိုက်ပါ။ မမြင်ဖူးသေးတာတွေမြင်ရပြီး မတွေ့ဖူးသေးတဲ့လူတွေနဲ့ ဆုံတွေ့လို့ သူတို့တွေဆီက လေ့လာသင်ယူစရာတွေ အများကြီးရှိနေပါတယ်။ အဲဒီလိုလုပ်ရာမှာ ငွေကုန်ကြေးကျသက် သာတဲ့နည်းလမ်းနဲ့တော့ လုပ်ရမယ်။ တည်းခိုခန်းတွေမှာ မတည်းပါ နဲ့။ ကိုယ်တိုင်ချက်ပြုတ်စားပါ။ ငွေကိုဖြစ်နိုင်သမျှ ချွေတာသုံးဖို့က ယေဘုယျစည်းကမ်းတစ်ခုပါ။ လက်တွေ့လုပ်ကြည့်ရင် အရမ်း သဘောကျသွားပါလိမ့်မယ်။ နောက်တစ်ကြိမ် ရှန်နဲ့ ပြန်ဆုံတွေ့ခဲ့ အခါမှာ ရှန်က စွန့်စားခန်းအသစ်တွေ၊ အတွေ့အကြုံအသစ်တွေ အများကြီး အစီအရီရှိနေပြီဖြစ်တဲ့ဘဝကို ပိုင်ဆိုင်သူ လူသစ်တစ် ယောက် ဖြစ်နေလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်မိပါတယ်။ တွေဝေ တုံ့ဆိုင်းမနေပါနဲ့တော့။ ကိုယ့်ကိုယ်ကို ခွင့်လွှတ်ဖို့ လုပ်မနေပါနဲ့ တော့။ လက်ရှိဘဝက ရုန်းထွက်ပြီး ကျွန်တော်ပြောသလို လုပ်ကြည့် လိုက်ပါ။ ကိုယ်လုပ်တဲ့အလုပ်အတွက် အရမ်းကို ရှန် ပျော်ရွှင်ရမှာ ပါ။

ကျန်းမာရေးဂရုစိုက်ပါ ရှန်
အဲလက်စ်
ဒီလိပ်စာအတိုင်း စာပြန်လို့ ရပါတယ်။
အဲလက်စ်မက်ကန်းဒလက်စ်
မက်ဒီဆင်မြို့၊ အက်စ်ဒီ ၅၇၀၄၂။

အံ့အားသင့်စရာကောင်းသည်မှာ အသက် ၈၁ နှစ်အရွယ်ရှိ အဘိုးအို က ရဲတင်းလှသော အသက် ၂၄ နှစ်အရွယ် ခြေသလုံးအိမ်တိုင်လူငယ်တစ်ဦး၏ အကြံကို အသည်းတွင်စွဲအောင်နာယူခဲ့ခြင်းပင်။ ဖရန့်ဇ်က သူ၏ အိမ်ထောင် ပရိဘောဂများနှင့် အခြားသော သူပိုင်ပစ္စည်းအများစုကို ပစ္စည်းထိန်းသိမ်းရေး ဌာနတစ်ခုတွင် အပ်နှံလိုက်ပြီး ဂျီအမ်စီဂျူရာဗင်(GMC Duravan)ကားတစ်စီး ဝယ်ယူသည်။ ကွပ်ပျစ်တစ်လုံးနှင့် စခန်းချရာတွင် အသုံးပြုသည့် လိုအပ်သော ပစ္စည်းကိရိယာများကို ကားပေါ်တင်သည်။ ထို့နောက် သူ၏ တိုက်ခန်းမှ ထွက်ခွာကာ ဘဂျာဒါတွင် စခန်းချနေထိုင်တော့သည်။

ဖရန့်ဇ်က မက်ကန်းဒလက်စ်၏ စခန်းဟောင်းနေရာကို ယူလိုက် သည်။ ရေပူစမ်းအလွန်လေးတွင် တည်ရှိသည့်နေရာဖြစ်သည်။ သူက ကျောက် တုံးအချို့ကို စီကာ ဗင်ကားရပ်နားရန် နေရာဖန်တီးထားသည်။ သစ်တော်သီးနှင့် ဆင်တူသော စားကောင်းသည့်အသီးသီးသည့် ကန္တာရဆူးပင်နှင့် အင်ဒီးဂိုးချုံပင်များကို မျက်စိပသာဒဖြစ်ဖွယ်ရာ စိုက်ပျိုးထားသည်။ ထို့နောက်တွင် ကန္တာရ ထဲ၌ ထိုင်ကာ သူ၏ မိတ်ဆွေလူငယ်လေးပြန်အလာကို တစ်ရက်ပြီးတစ်ရက် စောင့်မျှော်နေလေတော့သည်။ (ရော်နယ်လ်ဖရန့်ဇ်ဆိုသည့်အမည်မှာ သူ၏အမည်ရင်း မဟုတ်ပါ။

သူ၏ မေတ္တာရပ်ခံချက်အရ စာရေးသူက အမည်လွှဲတစ်ခု အသုံးပြုထားခြင်း ဖြစ်ပါသည်။) လူ့သက်တမ်းအားဖြင့် ဆယ်စုနှစ်ကိုးခုအတွင်း ချင်းနင်းဝင် ရောက်နေပြီဖြစ်သည့်အပြင် နှလုံးရောဂါအပြင်းအထန်ဖြစ်ပွားမှု နှစ်ကြိမ်တိုင် တိုင် ခံစားခဲ့ရသည့်လူတစ်ယောက်အနေဖြင့် မလိုက်ဖက်စွာပင် ဖရန့်ဇ်က ကြံ့ခိုင်သန်မာလှသည်။ အရပ်က ခြောက်ပေနီးပါးမျှမြင့်ပြီး တုတ်ခိုင်သောလက် မောင်းလက်ဖျံ၊ ကျယ်ပြန့်သောရင်အုပ်တို့ဖြင့် ခါးမတ်မတ်ရပ်နေသည့် ဖရန့်ဇ်၏ ပခုံးတို့က မတ်ထောင်နေသည်။ ခန္ဓာကိုယ်အခြားအစိတ်အပိုင်းများနှင့် နှိုင်းစာ လျှင် သူ၏နားရွက်တို့က ကြီးမားနေသည်။ တုတ်ခိုင်သည့်လက်များက ဖုထစ်ရှုံ့ တွနေသည်။ သဲကန္တာရအတွင်းရှိ သူ၏ စခန်းဆီသို့ စာရေးသူလမ်းလျှောက်ဝင် ရောက်ကာ ကိုယ့်ကိုယ်ကို မိတ်ဆက်လိုက်သည်။ သူက ဂျင်းဘောင်းဘီ အဟောင်းနှင့် သန့်ရှင်းစင်ကြယ်သော အဖြူရောင်တီရှပ်အင်္ကျီ ဝတ်ဆင်ထား သည်။ သူကိုယ်တိုင် အလှအပခြယ်မှုန်းရေးဆွဲထားသည့် သားရေခါးပတ်တစ် ချောင်း ပတ်ထားသည်။ ခြေအိတ်အဖြူရောင်စွပ်ထားပြီး အနက်ရောင်ရှေ့ထိုး ရှူးဖိနပ်တစ်ရန် စီးထားသည်။ မျက်လုံးအိမ်တစ်ဝိုက်ရှိ တွန့်ခေါက်နေသော အရေးအကြောင်းများသာ မမြင်တွေ့ရပါက သူ၏အသက်ကို ရှစ်ဆယ်ကျော်ပြီ ဟု ထင်စရာမရှိ။ အဝကျယ်ကျယ်နှာခေါင်းပေါက်ရှိသော နှာတံအထက်တွင် ခရမ်းရောင်သန်းနေသည့် သွေးကြောများက လက်ရာပြောင်မြောက်သည့် တက်တူးတစ်ခုနှယ်ရှိသည်။ မက်ကန်းဒလက်စ် သေဆုံးပြီး တစ်နှစ်စွန်းစွန်းရှိပြီ ဖြစ်သည့်အခိုက်တွင် သူက အပြာရောင်မျက်လုံးများဖြင့် လောကကြီးအား

သတိကြီးစွာ အာရုံစိုက်ကြည့်ရှုနေဆဲ ဖြစ်သည်။

ဖရန့်ဇ်၏ သံသယများအား ပြေပျောက်စေရန်အတွက် စာရေးသူက ပြီးခဲ့သည့်နွေရာသီကာလအတွင်း သွားရောက်ခဲ့သည့် အလာစကာခရီးစဉ်တွင် ရိုက်ကူးရယူခဲ့သော ဓာတ်ပုံအမျိုးမျိုးကို သူ့အား လက်ကမ်းပေးလိုက်သည်။ အဆိုပါခရီးစဉ်အတွင်း မက်ကန်းဒလက်စ်၏ စတမ့်ပိဒ်ထရေးလ်လမ်းတစ် လျှောက်ခရီးသွားခဲ့ပုံကို စာရေးသူက ခြေရာခံကြည့်ခဲ့ခြင်းဖြစ်သည်။ အထပ် လိုက်ရှိသော ဓာတ်ပုံများအနက် အပေါ်ပိုင်းရှိ ပုံများမှာ ရေမြေတောတောင် ရှုခင်းဓာတ်ပုံများသာဖြစ်သည်။ ပတ်ဝန်းကျင်ရှိ ချုံပင်များ၊ စတမ့်ပိဒ်ထရေးလ်လမ်း၊ အဝေးမှ တောင်တန်းများ၊ ဆူရှားနားမြစ် စသည်တို့ကို ရိုက်ကူးထား သည့်ဓာတ်ပုံများဖြစ်သည်။ ဖရန့်ဇ်က စကားတစ်ခွန်းမျှ မဆိုဘဲ ဓာတ်ပုံများကို သေချာစွာကြည့်ရှုသည်။ ဓာတ်ပုံပါ အကြောင်းအရာတို့ကို စာရေးသူက ရှင်းပြသည့်အခါ သူက ရံဖန်ရံခါ ခေါင်းတညိတ်ညိတ်ရှိသည်။ ထိုဓာတ်ပုံများ ကို မြင်တွေ့ရသည့်အတွက် သူက ကျေးဇူးတင်ဟန်လည်း ရှိသည်။

သူ၏ လူငယ်လေး သေဆုံးခဲ့ရာနေရာဖြစ်သည့် စွန့်ပစ်ဘတ်စ်ကား ဓာတ်ပုံများကို မြင်တွေ့ရသည့်အခါ သူ၏ခန္ဓာကိုယ်အကြောအခြင်များ ရုတ်ခြည်းတောင့်တင်းသွားဟန်ရှိသည်။ စွန့်ပစ်ထားသောဘတ်စ်ကားအတွင်းရှိ မက်ကန်းဒလက်စ်၏ အသုံးအဆောင်ပစ္စည်းများကို ရိုက်ကူးပြသထားသည့် ဓာတ်ပုံအများအပြားလည်း ပါဝင်သည်။ ထိုဓာတ်ပုံများကို မြင်လျှင်မြင်ချင်းမှာပင် ဖရန့်ဇ်၏မျက်ဝန်းများက မျက်ရည်တို့ဖြင့် စွတ်စိုလာသည်။ သူက ကျန်သည့်ဓာတ်ပုံများကို ဆက်မကြည့်တော့ဘဲ လက်ထဲမှ ဓာတ်ပုံများကို စာရေးသူထံ အတင်းထိုးပေးလာသည်။ ထို့နောက် အဘိုးအိုက သူ၏စိတ်ကို ထိန်းသည့်အနေ ဖြင့် နေရာမှ ထ,ထွက်သွားကာ စာရေးသူမှာလည်း မသဲကွဲသောတောင်းပန် စကားကို အထစ် အထစ်ဖြင့် မြည်တမ်းကျန်ရစ်လေသည်။

ဖရန့်ဇ်က မက်ကန်းဒလက်စ်၏ နေရာဟောင်းတွင် ဆက်လက်နေထိုင်ခြင်းမရှိပါ။ ရုတ်တရက် လျှံတက်လာသော ရေလွှမ်းမိုးမှုကြောင့် အဖြစ်ဖောက်လုပ်ထားသောလမ်းမှာလည်း ပျက်စီးသွားခဲ့ရပြီဖြစ်သည်။ ထို့ကြောင့် သူက လက်ရှိနေရာဟောင်းမှ မိုင်နှစ်ဆယ်ခန့်ကွာဝေးသည့် အန်ဇာဘာရေးကို ဖုန်းဆိုးမြေဘက်တွင် ရွှေ့ပြောင်းနေထိုင်ခဲ့ခြင်းဖြစ်သည်။ လဲမှို့ပင်တန်းများ ထီးထီးချည်းပေါက်ရောက်နေရာ နံဘေးတွင် သူက စခန်းချသည်။ အိုးမိုင်ဂေါ့ဒ် ရေပူစမ်းသည်လည်း မရှိတော့။ အင်မ်ပီးရီးယယ်လ်တောင်ကြားဒေသ ကျန်းမာရေးကော်မရှင်၏ ညွှန်ကြားချက်အရ ရေပူစမ်းကို မြေထိုးစက်ဖြင့် ဖြိုကာ ကွန်ကရစ်ခင်းထားလိုက်ပြီ ဖြစ်သည်။ ရေပူကန်မှ အဆိပ်ပြင်းထန်သော မိုက်ခရုပ်ဘ်ပိုးမွှားများက ရေဆင်းချိုးသူတို့အား ရောဂါ ကျရောက်စေနိုင်သဖြင့် ရေပူစမ်းကို ပိတ်သိမ်းလိုက်ရခြင်းဖြစ်သည်ဟု ခရိုင်အရာရှိတို့က ဆိုကြသည်။

"ဒါလည်း ဟုတ်ရင်ဟုတ်မှာပါ"။ ဆယ်လ်တန်မြို့ရှိ စတိုးဆိုင်တစ် ဆိုင်မှ

အရောင်းစာရေးတစ်ဦးက မှတ်ချက်ပေးလာခြင်းဖြစ်သည်။ “ဒါပေမဲ့ လူအများစုအထင်ကတော့ ရေပူစမ်းက ဟစ်ပီတွေ၊ ခြေသလုံးအိမ်တိုင်သမား တွေ၊ ဆင်းရဲသားတွေ အများကြီးရောက်လာအောင် ဆွဲဆောင်အားကောင်းလာ လို့ မြေထိုးစက်နဲ့ ဖျက်ပစ်လိုက်တာလို့ပဲ ထင်ကြတာလေ။ ဒုက္ခပေးမှာစိုးလို့ရှင်းလိုက်တာပါ”။

မက်ကန်းဒလက်စ်နှင့် လမ်းခွဲနှုတ်ဆက်စကားဆိုခဲ့ပြီး နောက်ထပ် ရှစ်လကျော်ကြာမြင့်သည်အထိ ဖရန့်ဇ်က သူ၏စခန်းနေရာတွင်ပင် ရှိနေခဲ့သည်။ ဖရန့်စ်သည် အထုပ်ကြီးတစ်ထုပ်ထမ်းလာသော လူငယ်တစ်ယောက်ကို လမ်းမ ထက်တွင် တွေ့ရနိုးစောင့်ကြည့်ရင်း အဲလက်စ်ပြန်အလာကို စိတ်ရှည်စွာစောင့် စားနေသည်။ ၁၉၉၂ ခုနှစ်၏ နောက်ဆုံးသီတင်းပတ် ခရစ္စမတ်ပွဲတော်ရက် အပြီး နောက်တစ်ရက်တွင် ဆယ်လ်တန်မြို့၌ သူ၏ စာသေတ္တာကို သွားရောက် စစ်ဆေးပြီး စခန်းသို့ပြန်လာရာ လမ်းခုလပ်၌ ဖရန့်ဇ်က လမ်းလျှောက်ခရီးကြမ်း ထွက်သူနှစ်ဦးကို ကားကြုံတင်ခေါ်လာခဲ့သည်။

“တစ်ယောက်က မစ္စစ္စပီဘက်ကလို့ ထင်တယ်။ နောက်တစ်ယောက် ကတော့ ဌာနေတိုင်းရင်းသားတစ်ယောက်ပဲ”။ ဖရန့်ဇ်က မှတ်မိနေသေးသည်။ “ရေပူစမ်းဘက်အသွား လမ်းမှာ သူတို့ကို အဲလက်စ်ရဲ့ အလာစကာစွန့်စားခန်း ခရီးစဉ်အကြောင်း ပြောပြဖြစ်တယ်”။

အင်ဒီးယန်းလူငယ်က ဖရန့်ဇ် စကားပြောနေစဉ်မှာပင် ရုတ်တရက် ဖြတ်ပြောလာသည်။ “သူ့နာမည်က အဲလက်စ်မက်ကန်းဒလက်စ် မဟုတ်လား”။

“ဟုတ်တယ်၊ အဲဒီနာမည်ပဲ။ မင်းတို့နဲ့ တွေ့ခဲ့ဖူးလို့လား။ ပြောပြပါဦး”

“ပြောရမှာတော့ စိတ်မကောင်းပါဘူး ခင်ဗျာ။ ဒါပေမဲ့ ခင်ဗျားမိတ် ဆွေက ဆုံးသွားပြီ။ ရာသီဥတုဆိုးဝါးတဲ့ လွင်ပြင်တစ်နေရာမှာ သေွးခဲပြီးဆုံး သွားရှာတာ။ အဲဒီအကြောင်း အောက်ဒေါ(Outdoor)မဂ္ဂဇင်းမှာ ဖတ်လိုက်ရ တယ်လေ”

ရုတ်တရက် ထိတ်လန့်သွားသော ဖရန့်ဇ်က သူတို့ကို မေးခွန်းအများ ကြီး မေးနေမိသည်။ အသေးစိတ်သတင်းအချက်အလက်များက အမှန်အကန် ပင်။ တစ်စုံတစ်ခုကမူ အကြီးအကျယ်မှားယွင်းနေပေပြီ။ မက်ကန်းဒလက်စ် ကား မည်သည့်အခါမျှ ပြန်လာတော့မည်မဟုတ်။

“အလာစကာကို အဲလက်စ်ထွက်သွားတော့...” ဖရန့်ဇ်က မှတ်မှတ် ရရ ပြောပြလာသည်။ “ဘုရားသခင်ဆီမှာ ဆုတောင်းခဲ့တယ်။ ဒီလူငယ်လေး အပေါ် ဘုရားသခင် စောင့်ရှောက်မှုပေးတော်မူပါလို့ တောင်းဆုပန်ခဲ့တာ။ ဒီကလေးက လူကောင်းလေးပါလို့လည်း ဘုရားသခင်ကို လျှောက်ထားခဲ့ တယ်။ ဒါပေမဲ့ ဘုရားသခင်က အဲလက်စ်ကို သေဆုံးခွင့်ပြုခဲ့တယ်။ ဒါနဲ့ပဲ အဲဒီသတင်းကြားရတဲ့ ဒီဇင်ဘာလ ၂၆ ရက်နေ့ကစပြီး ကိုယ်တော့်အပေါ် ယုံကြည်မှုကို စွန့်လွှတ်ခဲ့တယ်။ ဘုရားကျောင်းအသင်းဝင်အဖြစ်ကနေလည်း နုတ်ထွက်လိုက်တယ်။ ဘာသာမဲ့တစ်ယောက်ဖြစ်လာတာပေါ့။ အဲလက်စ်လို

လူငယ်လေးတစ်ယောက်အပေါ် ဆိုးရွားတဲ့အဖြစ်မျိုးကျရောက်စေခဲ့တဲ့ ဘုရားသခင်ကို မယုံကြည်နိုင်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။

"ကားကြုံလိုက်လာတဲ့ ခရီးကြမ်းသမားနှစ်ယောက်ကို ချထားပေးခဲ့ပြီးတဲ့နောက်…"။ ဖရန့်ဇ်က ဆက်ပြောလာသည်။ "ကားကို မြို့ထဲဘက် ပြန်ကွေ့၊ စတိုးဆိုင်ဆီမောင်းသွားပြီး ဝီစကီတစ်လုံး ဝယ်လိုက်တယ်။ ပြီးတော့ သဲကန္တာရထဲ ပြန်သွားပြီး ထိုင်သောက်ပစ်လိုက်တယ်။ အရက်က သောက်လေ့သောက်ထမရှိတော့ ဒေါင်ချာစိုင်းအောင်မူးတာ။ လူလည်း တော်တော်လေးခံလိုက်ရတယ်။ သေသွားစမ်းပါစေလို့တောင် မျှော်လင့်နေမိသေးတာ။ ဒါပေမဲ့ အရမ်းအရမ်းကို စိတ်ထိခိုက်ရတာပဲ ရှိတယ်"။

အခန်း (၇)

ကာသေ့ချ်မြို့

စာအုပ်အချို့ရှိသည်...။ ယင်းတို့အနက်မှ တစ်အုပ်က မိသားစုကို စွန့်လွှတ်သွားသော လူတစ်ယောက် အကြောင်းရေးဖွဲ့ထားသော ပစ်လ်ဂရင်းမ်စ် ပရောဂရက်စ်(Pilgrim's Progress)ဟု အမည်ရသည့် စာအုပ် ဖြစ်သည်။ စွန့်လွှတ်ခဲ့ရသည့်အကြောင်းရင်းကိုမူ ရေးသားဖော်ပြထားခြင်းမရှိပါ။ ထိုစာအုပ် ကို မကြာခဏဆိုသလိုပင် ဖတ်ဖြစ်သည်။ စာအုပ်ပါဖော်ပြချက်များမှာ စိတ်ဝင်စားဖွယ်ကောင်းသလောက် မာကျောအားကောင်းလှသည်။

မာ့ခ်တဝိန်း

(Mark Twain)

The Adventures of Huckleberry Finn

တီထွင်ဖန်တီးတတ်သောဉာဉ်ရှိသူ အများအပြားသည် တည်ငြိမ်ရင့်ကျက်သော ပုဂ္ဂိုလ်ရေး ပေါင်းသင်းဆက်ဆံမှုဘက်တွင် အောင်မြင်လေ့မရှိကြ ဆိုသည့်စကားမှာ အမှန်ပင်ဖြစ်သည်။ အချို့က အစွန်းရောက်အောင်ပင် အထီးကျန်နိုင်ကြသည်။ အချို့သော ဥပမာဖြစ်ရပ်များ၌ အချိန်မတိုင်မီ ခွဲခွာရ ခြင်း၊ သို့တည်းမဟုတ် လက်လွှတ်ဆုံးရှုံးရခြင်းဆိုသည့် ပုံသဏ္ဌာန်မျိုးဖြင့် ဝင်ရောက်လာသော စိတ်ဒဏ်ရာက တီထွင်ဆန်းသစ်ဖန်တီးသည့်ဉာဉ် ဖြစ်ပေါ် ရန် အလားအလာရှိသောသူတစ်ဦးအတွက် ယင်း၏ နှိုင်းရအထီးကျန်မှုအားဖြည့်ဆည်းပေးနိုင်မည့်အရာကို ရှာဖွေတွေ့ရှိစေမည့် သူ၏ ကိုယ်ရည်ကိုယ်သွေး ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလက္ခဏာဆီသို့ ဦးတည်ထိန်းကျောင်းသည်ဟု ဆိုခြင်း သည်လည်း အမှန်ပင်ဖြစ်သည်။ သို့ရာတွင် တီထွင်ဆန်းသစ်မှုနောက်သို့ အထီး ကျန်စွာဖြင့် လိုက်ခြင်းတို့သည် ယင်းတို့ကိုယ်တိုင်က အဓိပ္ပာယ်ကင်းမဲ့နေသည် ဟု မဆိုလိုပေ။

တားမြစ်ပိတ်ပင်ထားသော အပြုအမူ၊ အလေ့အထတစ်ရပ်သည် မွေးကင်းစကလေးများအား အမူအကျင့်ပိုင်းဆိုင်ရာ ဖရိုဖရဲဖြစ်ခြင်းမှ ကာကွယ်ရန် ဦးတည်ပုံစံပြုထားသည့် တုံ့ပြန်မှုတစ်ရပ်ပင် ဖြစ်သည်။ အကယ်၍ ထိုအယူ အဆကို လူကြီးဘဝအတွင်းသို့ လွှဲပြောင်းပေးအပ်မည်ဆိုပါက တားမြစ်ခံ ကလေးငယ်သည် ပုဂ္ဂိုလ်ရေးအရ ပတ်သက်ဆက်နွယ်မှုများအပေါ် လုံးဝ သို့တည်းမဟုတ် အဓိကအားဖြင့် မှီခိုခြင်းမပြုသော သူ၏ ဘဝအတွင်းမှ အဓိပ္ပာယ်နှင့် အစီအရင်အချို့တို့ကို အဓိကထား ရှာဖွေလိုသူအဖြစ် ကောင်းစွာ ဖွံ့ဖြိုးကြီးပြင်းလာမည်ကို ကျွန်ုပ်တို့ မြင်တွေ့ကြရမည်ဖြစ်သည်။

အန်သော်နီစတော

(Anthonny Storr)

Solitude: A Return to the Self

ရိတ်သိမ်းလက်စ တောင်ဒါကိုတာပြည်နယ် စိုက်ခင်းများဝန်းရံထားသောနေရာတို့ကို ရှည်လျားစွာဖြတ်သန်း၍ စွေစောင်းစောင်းကျလာသော ညနေခင်းနေရောင်အောက်တွင် ကြီးမားသော ဂျွန်ဒီးယား ၈၀၂၀ အမျိုးအစား လယ်ထွန်စက်ကြီးသည် အသက်အသံမပြုဘဲ ငုတ်တုတ်ထိုင်လျက်ရှိနေသည်။ ဝက်စတာဘာ့ဂ်၏ ရွှံ့များပေကျံနေသည့် ရှူးဖိနပ်က ရိတ်သိမ်းစက်၏ အပေါက်ဝတွင် ရှိနေသည်ဖြစ်ရာ သတ္တုဖြင့် ပြုလုပ်သော ကြီးမားလှသည့် တွားသွားသတ္တဝါတစ်ကောင်က သူ၏ သားကောင်ကို အစာခြေဖျက်သကဲ့သို့ ထိုရိတ်သိမ်းစက်ကလည်း ဝက်စတာဘာ့ဂ်၏ တစ်ကိုယ်လုံးကို ဝါးမျိုပစ်မည့်နှယ်ရှိသည်။ "ငါ့ကို အဲဒီခွ ပေးစမ်း"။ ဒေါသထွက်နေသောအသံက စက်၏အတွင်းပိုင်းမှ ခပ်အုပ်အုပ်ထွက်ပေါ်လာသည်။ "မင်းတို့ကောင်တွေ ဘာမှအသုံးမကျတဲ့ ဘောင်းဘီအိတ်ထဲလက်ထည့်ပြီး မတ်တတ်ရပ်နေတာနဲ့ပဲ အလုပ်များနေကြတာလား"။ စက်က ရက်ပိုင်းအတွင်း သုံးကြိမ်မြောက်ပျက်ခြင်းပင်။ ဝက်စတာဘာ့ဂ်က လက်လှမ်း၍ ကောင်းကောင်းမမီသည့်နေရာရှိ ဘုရင်တစ်လုံးအား ညမမှောင်မီ လဲလှယ်တပ်ဆင်ပြီးနိုင်ရန် ကြိုးပမ်းနေခြင်း ဖြစ်သည်။

တစ်နာရီခန့်မျှ ကြိုးစားပမ်းစားဆောင်ရွက်ပြီးနောက် သူက စက်ဆီ များပေရေနေသော ဘုရင်အဟောင်းတစ်လုံးကိုကိုင်ကာ ခေါင်းပြန်ထောင်လာ သည်။ ပစ္စည်းအသစ် လဲလှယ်တပ်ဆင်ပြီးပေပြီ။ "အခုနက အော်မိတာ စိတ်မကောင်းပါဘူး"။ ဝက်စတာဘာ့ဂ်က တောင်းပန်စကားဆိုလာသည်။ "ငါတို့တွေ တစ်ရက်ကို ၁၈ နာရီလောက် မနားတမ်းလုပ်ခဲ့ရတဲ့ရက်တွေ များလှပြီ။ ငါလည်း နည်းနည်းစိတ်တိုသွားမိတယ်ထင်တယ်။ ဒီနှစ်ရာသီချိန်မှာ ငါတို့ လူအင်အားနည်းရတဲ့အထဲ လုပ်ရတာလည်း နောက်ကျနေတာကြောင့်ပါ။ အဲလက်စ်ပြန်လာမယ့်ရက်ကိုပဲ ရေတွက်ရင်း စောင့်နေကြရတော့မှာပဲ"။ ထိုအချိန်က အလာစကာဒေသအတွင်းရှိ စတမ့်ပိဒ်ထရေးလ်လမ်းတစ်နေရာ၌ မက်ကန်းဒလက်စ်၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့သည်မှာ ရက်ပေါင်း ငါးဆယ်ခန့်မျှရှိပြီ ဖြစ်သည်။

ထိုအဖြစ်အပျက်မတိုင်မီ ခုနစ်ခန့်အရင်က ချမ်းအေးလှသော မတ် လ နေ့လယ်ခင်းတစ်ခု၌ မက်ကန်းဒလက်စ်က ကာသေ့ချ်မြို့ရှိ ကောက်ပဲသီးနှံ သိုလှောင်ရုံ၏ ရုံးခန်းအတွင်းသို့ လျှောက်လှမ်းဝင်ရောက်လာကာ အလုပ်ပြန်ဝင် ရန် အဆင်သင့်ဖြစ်ပြီဖြစ်ကြောင်း ပြောကြားလာသည်။ "ကျွန်တော်တို့တွေက မနက်ခင်းပိုင်းကိစ္စတွေနဲ့ အလုပ်ရှုပ်နေကြတဲ့အချိန်ပေါ့"။ ဝက်စတာဘာ့ဂ်က မှတ်မှတ်ရရရှိနေသေးသည်။ "လမ်းလျှောက်ဝင်လာတဲ့ အဲလက်စ်ရဲ့ ပခုံးပေါ်မှာ အိတ်အကြီးကြီးတစ်လုံး လွယ်ထားတယ်"။ အဲလက်စ်က ဧပြီလ ၁၅ ရက်နေ့ အထိ နေဖြစ်မည်ဖြစ်ကြောင်း ပြောလာသည်။ သူ့အတွက် လိုအပ်သောငွေ

ကြေးအတိုင်းအတာရရှိရန် လုံလောက်သောရက်ပိုင်းသာ နေထိုင်မည်ဟု စီစဉ် လာခြင်းပင်။ သူက ပစ္စည်းကိရိယာအသစ်များ ထပ်မံဝယ်ယူရန်လိုအပ်သည်ဟု ဆိုသည်။ အလာစကာခရီးစဉ်အတွက် လိုအပ်သောပစ္စည်းများဖြစ်ကြောင်း လည်း သူက ရှင်းပြလာသည်။ မက်ကန်းဒလက်စ်က ဆောင်းဦးရာသီ ကောက် ပဲသီးနှံရိတ်သိမ်းချိန်အမီ တောင်ဒါကိုတာသို့ အရောက်ပြန်လာကာ ကူညီလုပ် ကိုင်ပေးမည်ဖြစ်ကြောင်း ကတိပြုသွားခဲ့သော်လည်း ထိုသို့ ပြန်မလာမီ မြောက် ပိုင်းဒေသများ၌ အချိန်ရနိုင်သမျှ နေလိုက်မည်ဟု စဉ်းစားမိခဲ့သဖြင့် ဖဲဘန့်ခ်မြို့ တွင် ဧပြီလကုန်အထိ နေလိုခဲ့ခြင်းဖြစ်သည်။

ကာသေ့ချ်မြို့တွင် နေနေသည့် သီတင်းလေးပတ်တာကာလအတွင်း မက်ကန်းဒလက်စ်က အလုပ်ကို ကြိုးစား၍ လုပ်သည်။ မည်သူမျှ မလုပ်လိုကြ သော ညစ်ပတ်ပေရေသည့်အလုပ်များ၊ ပျင်းရိငြီးငွေ့ဖွယ်အလုပ်များအားလုံးကို သူက သိမ်းကျုံး၍လုပ်သည်။ သိုလှောင်ရုံအတွင်း တိရစ္ဆာန်အညစ်အကြေးများ သုတ်သင်ရှင်းလင်းခြင်း၊ ကောက်ပဲသီးနှံဖျက်ပိုးမွှားများအား ဖယ်ရှားရှင်း လင်းသုတ်သင်ခြင်း၊ ဆေးသုတ်ခြင်း၊ ပေါင်းပင်မြက်ပင်များ ရှင်းလင်းခြင်း စသည့် အောက်ခြေသိမ်းအလုပ်များအားလုံးကို သူက ဒိုင်ခံလုပ်လေသည်။ တစ်ခါသော် မက်ကန်းဒလက်စ်အား ဆုလာဘ်ပေးသည့်သဘောဖြင့် ကျွမ်း ကျင်မှုအနည်းငယ်လိုအပ်သော အလုပ်တစ်ခုကို ဝက်စတာဘာ့ဂ်က ပေးလုပ်ခဲ့ သည်။ ဝက်စတာဘာ့ဂ်က သူ့ကို လုပ်ဒါ (Loader)ခေါ် ကောက်ပဲသီးနှံတင်ပေး သည့်စက်အား မောင်းနှင်တတ်စေရန် သင်ကြားပေးသည်။ “အဲလက်စ်က စက်ပစ္စည်းတွေ သဘောသဘာဝနဲ့ သိပ်ပြီးမနီးစပ်ဘူး”။ ဝက်စတာဘာ့ဂ်က ခေါင်းယမ်းရင်း ပြောပြလာသည်။ “စက်ရဲ့ ကလပ်ချ်တွေ၊ လီဗာမောင်းနှင်တံ တွေကို သူကိုင်တွယ်ဖို့ ကြိုးစားနေပုံကို ကြည့်ရတာက အရမ်းကိုရယ်စရာ ကောင်းနေတာ။ ခင်ဗျားတို့ပြောတဲ့ စက်ပိုင်းဆိုင်ရာ နားလည်လွယ်တဲ့စိတ်မျိုး သူ့မှာ မရှိဘူး”။

မက်ကန်းဒလက်စ်တွင် စက်ပိုင်းဆိုင်ရာ နားလည်လွယ်စိတ်မရှိရုံသာ မက အများသူငါနည်းတူ သာမန်အသိဉာဏ်ဖြင့် တွေးမြင်တတ်ခြင်းလည်း များများစားစား မရှိလှ။ သူနှင့် သိကျွမ်းသူအများအပြားက သူ့ကို ခေါ်ယူခိုင်း စေလိုခြင်းမရှိကြဘဲ အဲလက်စ်သည် သစ်ပင်များကိုပင်လျှင် ယေဘုယျအားဖြင့် သစ်တောအဖြစ် ရှုမြင်ရန် များစွာ ခက်ခဲနေလေ့ရှိသူ ဖြစ်သည်ဟု မှတ်ချက်ပြု ကြသည်။ “အဲလက်စ်က လက်တွေ့ကျမှုနဲ့ ကင်းကွာနေတဲ့လူတော့ မဟုတ်ဘူး”။ ဝက်စတာဘာ့ဂ်က ပြောပြလာသည်။ “ကျွန်တော့်ကို ဘာအမှားမှ မဖြစ်စေခဲ့ ဘူး။ ဒါပေမဲ့ သူ့အတွေးအခေါ်တွေထဲမှာ ကွက်လပ်တွေရှိနေတယ်။ မှတ်မိပါ သေးတယ်။ တစ်ရက်မှာ ကျွန်တော် အိမ်ပြန်လာပြီး မီးဖိုခန်းထဲဝင်တော့ တော်တော်ဆိုးရွားတဲ့အနံ့ထွက်နေတာ သတိပြုမိတယ်။ ထောင်းထောင်းထ အောင် နံစော်နေတာ။ မိုက်ခရိုဝေ့ဗ်မီးဖိုတံခါးကို ဆွဲဖွင့်လိုက်တော့ အတွင်းခန်း ကြမ်းပြင်မှာ အနံ့ဆိုးထွက်နေတဲ့ အဆီတွေနဲ့ ပြည့်နေတာ တွေ့တယ်။ အဲ လက်စ်က

ကြွက်သားဟင်းချက်ရင် မိုက်ခရိုဝေ့ဗ်သုံးနေကျလေ။ အဲဒီလို ကြွက်ဆီတွေ တစ်နေရာရာကို စီးထွက်လာတာမျိုး အရင်က သူ တစ်ခါမှ မဖြစ်ဖူးပါဘူး။ ဒါကလည်း သန့်ရှင်းရေးလုပ်ရမှာ ပျင်းလို့တော့ မဟုတ်ဘူး။ သူက ဘာမဆို သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းလုပ်ပေးလေ့ရှိတဲ့လူလေ။ ဒီအဆီတွေ ထွက်ကျလာတာကို သူ သတိမထားမိလိုက်တာနေမှာပါ”။

ထိုနှစ် နွေဦးရာသီတွင် ကာသေ့ချ်မြို့သို့ မက်ကန်းဒလက်စ် ပြန်ရောက်လာပြီး မကြာမီမှာပင် ဝက်စတာဘာ့ဂ်က သူ၏ ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်ဖြင့် နှစ်ကာလကြာရှည်စွာ လက်တွဲလာသောချစ်သူ ဂေးလ်ဘိုရာ(Gail Borah)နှင့် အဲလက်စ်အား မိတ်ဆက်ပေးလာခဲ့သည်။ ဂေးလ်ဘိုရာက အရပ်ပုပု၊ ဝမ်းနည်းနေသောမျက်လုံးများရှိပြီး ဗျိုင်းဖြူတစ်ကောင်ကဲ့သို့ လူလုံးလူဖန်သေးကွေးသည်။ လှပသောအရည်အချင်းများ ပိုင်ဆိုင်ပြီး ဆံပင်က ရွှေရောင်ဖြစ် သည်။ အသက် ၃၅ နှစ်၊ အိမ်ထောင်တစ်ဆက်ပျက်ထားဖူးသူဖြစ်ကာ ဆယ်ကျော်သက်အရွယ် ရင်သွေးနှစ်ဦးရှိသည်။ ဂေးလ်ဘိုရာက မက်ကန်းဒလက်စ် နှင့် လျင်မြန်စွာပင် ရင်းနှီးသွားခဲ့သည်။ “သူက အစတော့ ရှက်တက်တက်ဖြစ်နေသေးတာ”။ ဘိုရာက ပြောပြလာသည်။ “သူက လူတွေနားမှာ နေရတာကို ခက်ခဲပင်ပန်းနေသလိုဖြစ်နေတာ။ သူ့ဘာသာတစ်ယောက်တည်း နေရတဲ့အချိန်တွေများလို့ အဲဒီလိုဖြစ်နေတာ ထင်တာပဲ။

“အဲလက်စ်ကို အိမ်မှာ ညလယ်စာလာစားဖို့ အမြဲလိုပဲ ကျွန်မက ခေါ်ပါတယ်”။ ဘိုရာက ဆက်ပြောလာသည်။ “သူက အစားတော့ကြီးတယ်။ သူ့ပန်းကန်ထဲ ရှိသမျှအားလုံးကုန်အောင် စားပစ်တာ။ ဘယ်တော့မှ ဘာမှ မကျန်ရစ်စေရဘူး။ သူက အချက်အပြုတ်လည်းကောင်းတယ်။ တစ်ခါတလေ ဆို သူက ကျွန်မကို ဝိန်းနေတဲ့ဆီ ခေါ်သွားပြီး အားလုံးအတွက် ညစာချက်ကျွေးတတ်တယ်။ ထမင်းတွေ အများကြီးချက်ပေးတယ်။ ဒီလို လုပ်ပေးရတာ ကို သူက ငြီးငွေ့မယ်လို့ ရှင်တို့ ထင်ရင်ထင်မှာပဲ။ ဒါပေမဲ့ သူက ဘယ်တော့မှ မငြီးငွေ့ဘူး။ သူက ဆန် ၂၅ ပေါင်လောက်ကလွဲပြီး ဘာမှ တခြားစားစရာ မပါဘဲ တစ်လလောက် သူ နေနိုင်တယ်လို့ ပြောတာပဲ။

“ကျွန်မတို့ အတူရှိနေချိန်မှာဆို အဲလက်စ်က စကားတွေအများကြီး ပြောတာ”။ ဘိုရာက ပြန်ပြောပြလာသည်။ “တကယ်လေးနက်တဲ့စကားတွေ ပြောတာ သူက။ သူ့ရဲ့ ဝိညာဉ်ကို ထုတ်ပြတယ်ဆိုတဲ့ စကားမျိုးတွေပေါ့။ သူက တခြားလူတွေကို ပြောပြလို့မရတဲ့ အကြောင်းအရာတွေကို ကျွန်မနဲ့ ပြောလို့ရတယ်လို့လည်း ပြောသေးတယ်။ သူ့ကိုကြည့်လိုက်ရင် တစ်စုံတစ်ခုက သူ့ကို ဖိစီးဝါးမျိုနေတယ်လို့လည်း ရှင်တို့ မြင်နိုင်မှာပဲ။ သူ့မိသားစုနဲ့ အတူတူ နေလို့ မဖြစ်ဘူးဆိုတာလည်း အသေအချာပဲ။ သူ့ညီမလေး ကယ်ရင်းအကြောင်း ကလွဲလို့ တခြားလူတွေအကြောင်း သူက များများစားစားပြောလေ့မရှိဘူးလေ။ ကယ်ရင်းနဲ့ သူနဲ့က အရမ်းချစ်တာလို့ သူက ပြောတယ်။ သူ့ညီမလေးက ချောလိုက်ပုံများ

လမ်းပေါ်လျှောက်သွားရင် ကောင်လေးတွေ လှည့်ပြန်ငေးယူရ တယ်လို့ သူက ဆိုသေးတာ”။

ဝက်စတာဘာ့ဂ်အနေဖြင့်မူ မက်ကန်းဒလက်စ်မိသားစုအကြောင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ခြင်း လုံးဝမရှိပေ။ “ဘာအကြောင်းကြောင့်ပဲ မိသားစုအပေါ် စိတ်ဆိုးရတယ်လို့ သူက ပြောပြော အဲဒီအကြောင်းရင်းက အကြောင်းပြချက်ကောင်းတစ်ခုဖြစ်မှာပဲလို့ ကျွန်တော်က တွေးထားတာပါ။ အခုတော့ သူသေသွားပြီဖြစ်လို့ ဘာမှထပ်မသိနိုင်တော့ဘူးလေ။ အဲလက်စ်သာ ဒီနားမှာ အခုရှိမယ်ဆိုရင် ကျွန်တော် သူ့ကို ကောင်းကောင်းဆူပူနေမိမှာ။ “မင်း ဘာတွေ လျှောက်တွေးနေတာလဲ”လို့ပေါ့။ “မိသားစုနဲ့ အဆက်အဆံမလုပ်ဘူး။ သူတို့ကို အညစ်အကြေးလို သဘောထားတာလား”လို့ မေးလိုက်ချင်တယ်။ ကျွန်တော့် အလုပ်သမားတစ်ယောက်ကတော့ အဲလက်စ်က မိဘမရှိဘူးသာပြောတာ သူ့ဆီ က ဆဲဆိုသံတစ်ခါမှ မကြားရဘူးလို့ ပြောတယ်။ အဲလက်စ်ရဲ့ မိသားစုနဲ့ ဆက်ဆံရေးက ဘယ်လိုပဲဖြစ်နေပါစေ ကျွန်တော့်ဘဝမှာ ဒီထက်ဆိုးတာတွေ အများကြီး ကြုံခဲ့ဖူးတယ်လို့ ပြောရပါတယ်။ အဲလက်စ်အကြောင်း သိနေတဲ့ လူတစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင် သူနဲ့ သူ့အဖေကြားမှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုခုကို သူ့စိတ်ထဲက မေ့ပစ်လို့ မရအောင် စွဲနေတာကြောင့်ပဲ ဖြစ်မယ်လို့ ကျွန်တော်မြင်မိပါတယ်”။

ခရစ္စနှင့် သူ့ဖခင် ဝေါ့လ်တ်မက်ကန်းဒလက်စ်တို့အကြားမှ ဆက်ဆံရေးအပေါ် ဝက်စတာဘာ့ဂ် မှန်းဆဆန်းစစ်ချက်က အတော်အသင့်မှန်ကန်ပေသည်။ သားအဖနှစ်ဦးစလုံးက ခေါင်းမာသူများဖြစ်ကြပြီး ခံစားလွယ်တတ်ကြသည်။ ဝေါ့လ်တ်က အုပ်ထိန်းနိုင်ရန် ကြိုးစားသကဲ့သို့ ခရစ္စကလည်း အလွန်အကျွံပင် အမှီအခိုကင်းလိုသည့်သဘောရှိသည်။ သူတို့နှစ်ဦးအကြား ယုံကြည်ကွဲလွဲ မှုက တားဆီး၍မရနိုင်ခဲ့။ ခရစ္စက ဝေါ့လ်တ်၏ အလိုအတိုင်း အထက်တန်းကျောင်းမှသည် ကောလိပ်ကျောင်းအထိ တက်ရင်း ဒီဂရီတစ်ရပ် ကိုပင် အံ့အားသင့်ဖွယ်ရယူခဲ့သည်။ သို့ရာတွင် သူ၏ အတွင်းစိတ်၌မူ တစ်ချိန် လုံးပင် ဒေါသစိတ်တို့ ပြည့်နှက်နေသည်။ သူက ဖခင်ဖြစ်သူ၏ ကိုယ်ကျင့်တရားချို့တဲ့မှု၊ သူ့မိဘတို့၏ သူတော်ကောင်းယောင်ဆောင်ထားသော လူနေမှုဘဝပုံစံ၊ သူတို့၏ အပေါ်ယံမေတ္တာတရားတို့အကြောင်းကို နက်နက်နဲနဲ တွေးတောစဉ်းစားကာ နားလည်လာခဲ့သည်။ အဆုံးတွင် ခရစ္စက မိဘများကို ပုန်ကန်တော့သည်။ ဤသို့ဖြင့် သူ၏ နောက်ဆုံးလုပ်ဆောင်ချက်မှာ အစွန်းရောက်လုပ်ဆောင်ချက်ဖြစ်သွားခဲ့ရသည်။

ခရစ္စ ပျောက်ကွယ်မသွားမီလေးတွင် သူ့မိဘများ၏ အပြုအမူနှင့် ပတ်သက်၍ ညီမဖြစ်သူ ကယ်ရင်းအား တိုင်တည်ပြောကြားသွားခဲ့သေးသည်။ သူတို့၏ အပြုအမူမှာ လွန်စွာပင် ကြောင်းကျိုးမကျသည့်အပြင် ဖိနှိပ်တတ်သော၊ လေးစားသမှုမရှိသော၊ စော်ကားမော်ကားနိုင်သော သဘာဝရှိသဖြင့် အဆုံးတွင်

သူ၏ သည်းခံနိုင်စွမ်းအဆင့်ကို ကျော်လွန်သွားပြီဖြစ်ကြောင်း ကယ်ရင်းထံ ပေးစာတွင် သူက ရေးသားဖော်ပြခဲ့သည်။ သူ၏စာတွင် အောက် ပါအတိုင်း ဆက်လက်ဖော်ပြထားသေးသည်။

သူတို့ကမှ ကိုယ့်ကို အလေးမထားကြတာဆိုတော့ ဘွဲ့ယူပြီး လပိုင်းလောက်အကြာမှာ သူတို့ကိုယ်သူတို့ မှန်တယ်လို့ပဲ ပေးထင် လိုက်တော့မယ် တွေးမိတယ်။ သူတို့ဘက်က အမြင်တွေကို လက်ခံ ကြည့်ပေးတော့မယ်လို့ သူတို့ကို အထင်ရောက်စေခဲ့တယ်။ ကိုယ် တွေရဲ့ ဆက်ဆံရေးကို ခိုင်မြဲစေမယ်ပေါ့။ အဲဒီနောက် အချိန်ကျ လာတော့မှ သူတို့တွေကို ကိုယ့်ဘဝထဲကနေ တစ်ချက်တည်းနဲ့ အပြီးနှင်ထုတ်လိုက်မှာ။ သူတို့တွေကို တစ်ချိန်က မိဘတွေအဖြစ်က နေ အပြီးအပြတ် ပြတ်စဲပစ်လိုက်မယ်။ ကိုယ့်အသက်ရှင်သန်နေသမျှ အဲဒီလို လူမိုက်တွေနဲ့ ဘယ်တော့မှ စကားမပြောတော့ဘူး။ သူတို့ တွေနဲ့ တစ်ခါတည်း အပြတ်ဖြတ်လိုက်တော့မယ်။ ထာဝရပဲ။

ခရစ္စနှင့် သူ့မိဘများကြားက စိတ်မချမ်းမြေ့စရာ ဆက်ဆံရေးကို ခံစားမိခဲ့သည့် ဝက်စတာဘာ့ဂ်က ကာသေ့ချ်မြို့တွင် မက်ကန်းဒလက်စ်ရှိနေစဉ် သူ့အပေါ်တွင် နွေးထွေးသောဆက်ဆံရေးကို ပြသပေးခဲ့သည်။ စိတ်ကောင်းဝင် နေသည့်အချိန်ဆိုလျှင် သူက ဖော်ဖော်ရွေရွေရှိပြီး ကိုယ်ဟန်အမူအရာလည်း သိမ်မွေ့ပြေပြစ်သူပင်။ လူအများကိုလည်း ပျော်ရွှင်စေတတ်သူဖြစ်သည်။ တောင်ဒါကိုတာသို့ သူပြန်ရောက်လာစဉ် သူ့အတွက် ရောက်နေသောစာများက အသင့်ရှိနေသည်။ ခရီးသွားရာလမ်းတစ်လျှောက် ဆုံတွေ့ခဲ့ဖူးသောသူများထံမှ စာရေးသားဆက်သွယ်လာခြင်း ဖြစ်သည်။ သူ့အပေါ် တိတ်တခိုးချစ်နေမိသူ မိန်းကလေးတစ်ယောက်ဆီမှ စာများလည်း အပါအဝင်ဖြစ်သည်ကို ဝက်စတာ ဘာ့ဂ်က အမှတ်ရနေသေးသည်။ “တင်မ်ဘပ်ခ်တုဒေသ(Timbuktu)ဘက်မှာ တွေ့ခဲ့တဲ့ တစ်ယောက်ယောက်ဖြစ်မယ် ထင်တယ်”ဟု ဝက်စတာဘာ့ဂ်က ဆိုသည်။ သို့ရာတွင် မက်ကန်းဒလက်စ်က သူ၏အချစ်ရေးကိစ္စများအကြောင်း ဝက်စတာဘာ့ဂ်နှင့် ဘိုရာတို့အား မည်သည့်အခါမျှ ဖွင့်ဟပြောကြားခဲ့ခြင်းမရှိပါ။

“သူ့ရည်းစားတွေအကြောင်း အဲလက်စ်ပြောဖူးတယ်လို့ကို မမှတ်မိဘူး”။ ဝက်စတာဘာ့ဂ်က ပြောပြလာသည်။ တစ်နေ့နေ့တွင် အိမ်ထောင်ပြု၍ မိသားစုတစ်စုရှိလိုသည်ဟု တစ်ကြိမ်၊ နှစ်ကြိမ် ပြောဖူးသည်မှအပ သူ၏အချစ်ရေးကိစ္စများအကြောင်း လုံးဝမပြောခဲ့ပေ။ သူက အချစ်ရေးကို ပေါ့ပေါ့ တွေးတတ်သူ မဟုတ်ဟု ဆိုနိုင်ပါသည်။ မိန်းကလေးများနှင့် အပြင်ထွက်လည်၊ ကာမဂုဏ်ဆက်ဆံရုံမျှသာ ပေါ့ပေါ့ပါးပါးတွေးတတ်သူမျိုး မဟုတ်ပါ။

မက်ကန်းဒလက်စ်က ဘားဆိုင်များသို့ သွား၍ မိန်းကလေးအဖော် ရှာလေ့မရှိသည်ကိုလည်း ဘိုရာက ကောင်းစွာ သိထားသည်။ “တစ်ညမှာ ကျွန်မတို့ အုပ်စုလိုက်ကြီး မက်ဒီဆင်မြို့က ဘားဆိုင်တစ်ဆိုင်ကို သွားကြ တယ်”။ ဘိုရာက ပြောပြလာသည်။ “သူ့ကို ကပွဲကြမ်းပြင်ပေါ်ထွက်ကဖို့ တော်တော်ခက်ခက်ခဲခဲ ခေါ်ယူရတယ်။ ဒါပေမဲ့ ကလည်းကဖြစ်ရော သူက ပြန်ကိုမထိုင်တော့တာ။

ကျွန်မတို့တွေ အရမ်းကိုပျော်ခဲ့ရပါတယ်။ အဲလက်စ် ဆုံးပြီး နောက်မှ ကယ်ရင်းက သူသိသလောက်ပြောပြလာတာ၊ ကျွန်မက သူ့အစ်ကို ဘဝမှာ တွဲက,သွားတဲ့ တစ်ဦးတည်းသော မိန်းကလေးပါပဲတဲ့”။

အထက်တန်းကျောင်းသားဘဝတွင် မက်ကန်းဒလက်စ်က မိန်းကလေးနှစ်ယောက်၊ သုံးယောက်ခန့်နှင့် ရင်းနှီးသောဆက်ဆံရေးရှိခဲ့သည်။ တစ်ညတွင် မက်ကန်းဒလက်စ်က အရက်မူးကာ မိန်းကလေးတစ်ဦးကို သူ၏ အိပ်ခန်းဆီသို့ ခေါ်လာရန် ကြိုးပမ်းခဲ့ဖူးကြောင်း ကယ်ရင်းက ပြန်ပြောပြသည်။

နှစ်ယောက်သား အပေါ်ထပ်အခန်းတွင် ဆူဆူညံညံရှိနေသဖြင့် ဘီလီက အိပ်ရာမှ နိုးလာကာ မိန်းကလေးကို အိမ်ပြန်ပို့လိုက်ရသည်။) သို့ရာတွင် မက်ကန်းဒလက်စ်သည် ဆယ်ကျော်သက်လူငယ်တစ်ယောက်အနေဖြင့် လိင်စိတ်ထက်သန်မှုရှိကြောင်း ပြနိုင်သည့်အထောက်အထားမှာ လွန်စွာနည်းပါးလှသည်။ အထက်တန်းကျောင်းသားဘဝ ပြီးဆုံးသည့်နောက်ပိုင်းတွင်ပင် မိန်းကလေးများနှင့် အိပ်စက်ခြင်းရှိခဲ့သည်ဟု ပြောနိုင်ခြင်းမရှိပေ။ (ထို့နည်းတူပင် လိင်ကိစ္စနှင့်ပတ်သက်၍ မည်သည့်အမျိုးသားနှင့်မျှ ဆက်ဆံခဲ့ဖူးသည့် အထောက်အထားမတွေ့ရပေ။) မက်ကန်းဒလက်စ်သည် မိန်းကလေးများကို စိတ်ဝင်စားသော်လည်း ကာမဂုဏ်ကို ရှောင်ကြဉ်အပ်သော အကျင့်သီလစင်ကြယ်သည့် သူတော်စင်တစ်ပါးအလား အိမ်ထောင်သားမွေးမှုကို လုံးလုံးလျား လျား ရှောင်ကြည်ခဲ့ဟန်ရှိပေသည်။

ကာမဂုဏ်ကို ရှောင်ကြဉ်ခြင်းနှင့် ကိုယ်ကျင့်တရားသန့်ရှင်းခြင်းတို့ သည် မက်ကန်းဒလက်စ်က အမြဲလိုပင် အလေးအနက်ထား စဉ်းစားလေ့ရှိသည့် ကိုယ်ရည်ကိုယ်သွေးများပင် ဖြစ်သည်။ စင်စစ်တွင် မက်ကန်းဒလက်စ် ၏ရုပ်အလောင်း တွေ့ရှိရသည့် ဘတ်စ်ကားအတွင်း သိမ်းဆည်းရရှိသည့် စာအုပ်များအနက် ရုရှားစာရေးဆရာ လီယိုတော်စတွိုင်းလ် ရေးသားသော သည်ခရွိုက်ဆာဆိုနားတာ(The Kreuzer Sonata) အမည်ရ စာအုပ်တစ်အုပ် လည်း အပါအဝင်ဖြစ်သည်။ ထိုစာအုပ်သည် လူကုံထံတစ်ဦးဘဝမှ ခြိုးခြံချွေ တာသူတစ်ဦးဖြစ်လာသူက အသွေးအသား၏ တောင်းဆိုမှုကို ရှုတ်ချပုံ ရေးဖွဲ့ ထားခြင်းဖြစ်သည်။ စာအုပ်ပါ စာပိုဒ်အများအပြားကို ကြယ်ပွင့်အမှတ်အသား ပြသထားကာ ဖတ်ပါများသဖြင့် အနားများပင် တွန့်ခေါက်နေသော စာမျက်နှာ ပေါ်မှ အရောင်ခြယ်မှတ်သားထားသည့် စာပိုဒ်များ၊ ဘေးသားမာဂျင်အတွင်း မက်ကန်းဒလက်စ်၏ ထူးခြားသောလက်ရေးဖြင့် ရေးမှတ်ထားသည့် အဓိပ္ပာယ် မသဲကွဲသော မှတ်စုများကိုလည်း တွေ့ရှိရသည်။ သော်ရိုး ရေးသားသော ဝေါလ်ဒင်(Walden)အမည်ရ စာအုပ်၏ ဟိုင်းယားလော်စ် (Higher Laws)ခေါင်း စဉ်တပ် အခန်း၌ “အိမ်ထောင်သားမွေးအမှုကို ရှောင်ကြဉ်ခြင်းသည် လူသားဖွံ့ ဖြိုးတိုးတက်မှုအတွက် အကောင်းဆုံးသောအဆင့်ပင် ဖြစ်သည်။ ပါရမီရှင်၊ သူရဲကောင်းဝါဒ၊ မြင့်မြတ်စင်ကြယ်မှုဟု ခေါ်ဆိုသည်တို့နှင့် အခြားအလားတူ

တို့သည် ယင်းအဆင့်မှ သီးပွင့်လာသည့် အမျိုးအမည်အားဖြင့် များပြားလှသော အသီးအပွင့်များဖြစ်သည်”ဟု ဖော်ပြထားသည့်စာပိုဒ်ကို မက်ကန်းဒလက်စ်က ခဲတံဖြင့် ဝိုင်း၍ မှတ်သားထားသည်။ ဝေါဒင်အမည်ရ ထိုစာအုပ်ကို မက်ကန်း ဒလက်စ်၏ ရုပ်အလောင်းတွေ့ရှိရာ ဘတ်စ်ကားအတွင်းမှာပင် ရရှိခဲ့ခြင်းဖြစ် သည်။

အမေရိကန်တို့သည် လိင်အားဖြင့် ရာဂစိတ်နှိုးဆွမှုခံကြရပြီး ယင်းကို ပင် စွဲမက်နေကြသည်။ ရာဂစိတ်၏ ခြောက်လှန့်မှုကို ခံနေကြရသည်။ ကျန်းမာ သန်စွမ်းဟန်ရှိသူတစ်ယောက် အထူးသဖြင့် ကျန်းမာသန်စွမ်းသည့် အမျိုးသား လူငယ်တစ်ယောက်သည် အသွေးအသား၏ သွေးဆောင်ဖြားယောင်းမှုကို ရှောင်ကြဉ်ရန် ရွေးခြယ်ခြင်းက လူတို့ကို တုန်လှုပ်စေပြီး စိတ်မချမ်းမြေ့စွာ ကြည့်လာတတ်ကြသည်။ သံသယများလည်း ပွားကြသည်။

မက်ကန်းဒလက်စ်၏ လိင်မှုဆိုင်ရာ အပြစ်ကင်းစင်မှုမှာ လူ့ယဉ်ကျေး မှုက ချီးမွမ်းလက်ခံပြီးဖြစ်သော ကိုယ်ရည်ကိုယ်သွေးပုံစံမှ ထပ်ဆင့်ပေါ်ထွက် လာခြင်းဖြစ်သည်။ လိင်ကိစ္စနှင့် စပ်လျဉ်း၍ မက်ကန်းဒလက်စ်၏ ဝန်လေးတွန့် ဆုတ်မှုသည် တောကြီးကန္တာအား တစ်ခုတည်းသော တပ်မက်စိတ်ဖြင့် ထွေးပွေ့ ခဲ့ကြသည့်(တစ်သက်တာလုံး လူပျိုရည်ထိန်းသိမ်းသွားသော) သော်ရိုးနှင့် အကျော်ကြားဆုံးသော သဘာဝတ္တပညာရှင် ဂျွန်မျူယာ(John Muir)တို့ထံမှ ပဲ့တင်ရိုက်ခတ်လာခြင်းဖြစ်ပြီး မရေမတွက်နိုင်အောင် များပြားလှသော လူသိနည်းသည့် ဘာသာရေးအခြေပြုခရီးသွားများ၊ ဇဟုသုတရှာမှီးသူများ၊ လူသာမန်တို့နှင့်မတူသော အမူအကျင့်ရှိသူများ၊ စွန့်စားသွားလာသူများနှင့် ပတ်သက်ပါ က ဆိုဖွယ်ရန်ပင် မရှိပေ။ ယင်းတို့အနက်မှ မနည်းလှသော သူတို့သည် တောကြီးကန္တာ၏ ညို့ငင်ခြင်းကိုခံကြရသကဲ့သို့ မက်ကန်းဒလက်စ်သည်လည်း လိင်တပ်မက်မှုအာသာဆန္ဒနေရာတွင် အစားထိုးနေရာယူထားကြသည့် အမျိုးစုံ သော တပ်မက်မှုတို့၏ ထိန်းကျောင်းမောင်းနှင်မှုကို ခံယူခဲ့ရဟန်ရှိပေသည်။ သူ၏ တောင့်တမှုတို့သည် လူသားအထိအတွေ့ဖြင့် တင်းတိမ်ပြေငြိမ်း၍ မရနိုင် သည်အထိ အားကြီးလှသည်။ မက်ကန်းဒလက်စ်သည် အမျိုးသမီးတို့၏ ကြိုး စားကမ်းလှမ်းမှုများနှင့် ကြုံတွေ့ခဲ့ဖူးမည်ဖြစ်သော်လည်း ယင်းတို့သည် သူ့ အတွက် တောကြီးကန္တာနှင့် ထိတွေ့ရခြင်းကဲ့သို့ စွဲမက်ဖွယ်မရှိဟု သူက တွေးခဲ့ခြင်းဖြစ်သည်။ ဤသို့ဖြင့် သူက မြောက်ပိုင်းဒေသ၏ ဆွဲဆောင်မှုနောက် လိုက်ကာ အလာစကာသို့ ထွက်ခွာသွားခဲ့ခြင်းပင်။

မက်ကန်းဒလက်စ်က သူ၏ မြောက်ပိုင်းခရီးစဉ်ပြီးဆုံးလျှင် တောင် ဒါကိုတာသို့ ပြန်လာမည်ဟု ဝက်စတာဘာ့ဂ်နှင့် ဘိုရာတို့ကို အခိုင်အမာပြော ကြားသွားခဲ့သည်။ နောက်အကျဆုံးအားဖြင့် နှစ်ကုန်ပိုင်းထက်မပိုဘဲ ပြန်ရောက် လာမည်ဟု ဆိုသည်။ ထို့နောက်တွင်မူ အခြေအနေအရ ဆုံးဖြတ်သွားမည်ဟု လည်း ဆိုသည်။

“မိုက်ရူးရဲဆန်တဲ့ အလာစကာခရီးကြမ်းဟာ သူ့ရဲ့

နောက်ဆုံးစွန့်စားခန်းကြီးပဲဖြစ်မယ်လို့ ထင်ခဲ့တာပါ”။ ဝက်စတာဘာ့ဂ်က ပြောပြလာသည်။ သူက အဲဒီမှာ နည်းနည်းလောက်ကြာအောင် အခြေချနေချင်သေးတာလေ။ သူ့ရဲ့ခရီးစဉ်တွေအကြောင်း စာအုပ်တစ်အုပ်ရေးမယ်လို့လည်း သူက ပြောသေး တယ်။ သူက ကာသေ့ချ်မြို့ကို သဘောကျတယ်။ သူ့ပညာအရည်အချင်းနဲ့ဆို သူဟာ သူ့ရဲ့လက်ကျန်ဘဝတစ်လျှောက်လုံးကို အသုံးမကျတဲ့ ကောက်ပဲသီးနှံ သိုလှောင်ရုံမှာပဲ မြှုပ်နှံသွားတော့မယ်လို့ ဘယ်သူကမှ မထင်ကြဘူးလေ။ ဒါပေမဲ့ သူက ဒီကို ခဏတစ်ဖြုတ်ပြန်လာဖို့ တကယ်ရည်ရွယ်ချက်ရှိခဲ့တာပါ။ သိုလှောင်ရုံမှာ အလုပ်ကူလုပ်ပေးရင်း နောက်ဘာဆက်လုပ်ရမယ်ဆိုတာကို စဉ်းစားသွားမှာပေါ့”။

ထိုနှစ် နွေဦးပေါက်ရာသီတွင် မက်ကန်းဒလက်စ်က အလာစကာ ခရီးစဉ်အပေါ်၌သာ မျက်နှာမလွှဲစတမ်း အာရုံအပြည့်စူးစိုက်ထားခဲ့သည်။ အခွင့်အရေးကြုံတိုင်းလည်း သူ၏ ခရီးစဉ်အကြောင်းကို ပြောလေ့ရှိသည်။ သူက မြို့အနီးဝန်းကျင်ရှိ အတွေ့အကြုံရင့် မုဆိုးများအား ရှာဖွေချဉ်းကပ်ကာ အမဲလိုက်ပုံ၊ သားကောင်ကို အရေဆုတ်ပုံ၊ အသားစိမ်းကို တာရှည်အထားခံအောင်ပြုလုပ်ပုံ စသည်တို့ကို မေးမြန်းလေ့လာသည်။ ဘိုရာက သူ့ကို ခရိုင်ရုံး စိုက်ရာ မစ်ရှဲလ်(Mitchell)မြို့ရှိ ကေမတ်(Kmart) စတိုးဆိုင်သို့ ကားဖြင့် လိုက်ပို့ကာ လိုအပ်နေသေးသော ပစ္စည်းပစ္စယအချို့ကို ဝယ်ယူပေးခဲ့သည်။ ဧပြီလလယ်တွင် ဝက်စတာဘာ့ဂ်က အလုပ်သမားအင်အား လျော့ နည်းနေသည့်အပြင် အလုပ်များသည့်အချိန်လည်း ဖြစ်နေသဖြင့် မက်ကန်း ဒလက်စ်အား သူ၏ခရီးစဉ်ကို သီတင်းတစ်ပတ်၊ နှစ်ပတ်ခန့် ဆိုင်းငံ့ပေးထားရန် တောင်းဆိုခဲ့သည်။

မက်ကန်းဒလက်စ်က ဝက်စတာဘာ့ဂ်၏စကားကို စဉ်းစား ပေးခဲ့ခြင်းပင်မရှိ။ “အဲလက်စ်က တစ်ခုခုကို ဆုံးဖြတ်ပြီးပြီဆိုရင် ဘယ်တော့မှ မပြောင်းတတ်ဘူး”။ ဝက်စတာဘာ့ဂ်က သတိတရပြောပြလာသည်။ “သူ့ကို ဖဲဘန့်ခ်မြို့သွားဖို့ လေယာဉ်လက်မှတ် ဝယ်ပေးပါ့မယ်လို့တောင် ပြောခဲ့သေး တာ။ အလုပ်ကို နောက်ထပ်ဆယ်ရက်လောက် ဆက်လုပ်ပေးပြီး ဧပြီလကုန် လောက်မှ အလာစကာကို သွားလည်းရတယ်လေ။ ဒါပေမဲ့ အဲလက်စ်က “မဖြစ်ဘူး။ ကျွန်တော်က မြောက်ပိုင်းကို လမ်းလျှောက်သွားချင်တာ။ လေယာဉ် ပျံစီးပြီး သွားတာက လိမ်တာပဲ။ ကျွန်တော့်ခရီးစဉ်တစ်ခုလုံး ပျက်စီးသွားလိမ့် မယ်”လို့ ပြန်ပြောခဲ့တယ်”။

မြောက်ပိုင်းဒေသသို့ ခရီးထွက်ရန် အဲလက်စ် စီစဉ်ထားသည့်ရက် မတိုင်မီ နှစ်ညခန့်အလိုတွင် ဝိန်း၏မိခင်ဖြစ်သူ မေရီဝက်စတာဘာ့ဂ်(Mary Westerberg) က မက်ကန်းဒလက်စ်အား သူ့အိမ်သို့ ညနေစာစားရန် ဖိတ်ခေါ်ခဲ့ သည်။ “ကျွန်တော့်အမေက လူငှားတွေ ကူလုပ်ပေးတာကို သိပ်သဘောကျတာ မဟုတ်ဘူးလေ”။ ဝက်စတာဘာ့ဂ်က ပြောပြလာသည်။ “မက်ကန်းဒလက်စ်နဲ့ တွေ့ဖို့ရာလည်း အမေက စိတ်သိပ်ပါလှတာ မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော်က

အမေ့ကို ကြိုပြောထားတာ၊ ဒီကောင်လေးကိုတော့ တွေ့လိုက်ပါလို့ပေါ့။ ဒါနဲ့ပဲ သူက နောက်ဆုံးမှာ မက်ကန်းဒလက်စ်ကို ညစာစားဖို့ ဖိတ်ခဲ့ပါတယ်။ တွေ့တွေ့ချင်းပဲ နှစ်ယောက်သားရင်းနှီးသွားလိုက်ကြတာ ငါးနာရီလောက်ကြာ အောင်ကို စကားတွေ တရစပ်ပြောကြတော့တယ်”။

“သူ့မှာ ချစ်စရာကောင်းတာလေးတစ်ခုရှိတယ်”။ မစ္စစ်ဝက်စတာ ဘာ့ဂ်က သစ်ကြားပင်အသားဖြင့် ပြုလုပ်ထားသော ဝင်းလက်တောက်ပြောင် နေသည့် စားပွဲဝိုင်းတွင် ထိုင်ရင်း ပြောလာသည်။ ထိုစားပွဲဝိုင်းတွင် ထိုနေ့ညက မက်ကန်းဒလက်စ် ထိုင်ခဲ့သည်။ “အဲလက်စ်က အသက် ၂၄ နှစ်အရွယ်နဲ့ မလိုက်အောင် လူကြီးဆန်လွန်းတယ်။ ကိုယ်ပြောသမျှ အကြောင်းအရာတွေကို သူက ထပ်ထပ်ပြီး သိချင်နေတတ်တယ်။ ဘယ်ဟာကို ဘယ်လိုတွေးတယ်ဆိုတာက အစပေါ့။ သူက အရာရာကို သင်ယူလေ့လာဖို့ ဆာလောင်နေတဲ့သူပဲ။ တို့တွေ အများစုနဲ့တော့ မတူဘူးပေါ့။ သူက သူ့ရဲ့ယုံကြည်ချက်တွေအပေါ်မှာ ပဲ ရပ်တည်ရှင်သန်ချင်တဲ့လူမျိုးပဲ”။

“စာအုပ်တွေအကြောင်းလည်း အများကြီးပြောဖြစ်ကြတယ်။ ကာ သေ့ချ်မြို့မှာက စာအုပ်စာပေအကြောင်း ပြောချင်တဲ့လူ များများစားစားရှိတာ မဟုတ်ဘူးလေ။ သူက စာရေးဆရာ မာ့ခ်တဝိန်းအကြောင်းတွေ အများကြီး ပြောတယ်။ သူက ဒီအိမ်ကို အလည်လာရတာ ပျော်နေတယ်။ အဲဒီညကို ကုန်တောင်ကုန်မသွားစေချင်မိခဲ့တာပါ။ သူ့ကို ဒီနှစ်ကုန်ပိုင်းလောက်တော့ ပြန်တွေ့နိုင်မယ်လို့ အများကြီး မျှော်လင့်ထားတာ။ ကိုယ့်အတွေးထဲကနေ သူ့ကို ဖျောက်ဖျက်လို့မရနိုင်ဘူး။ သူ့မျက်နှာကို ဓာတ်ပုံရိုက်ထားသလို မှတ်မိနေ တာ။ အခု ရှင်တို့ထိုင်နေတဲ့ ထိုင်ခုံမှာပဲ သူထိုင်သွားတာလေ။ အဲလက်စ်နဲ့ နာရီပိုင်းလောက်လေးပဲ အဖော်ပြုနေလိုက်ရတာဖြစ်ပေမဲ့ သူကွယ်လွန်သွားပြီဆို တဲ့သတင်းကြောင့် ဘယ်လောက်စိတ်ထိခိုက်ခံစားရတယ်ဆိုတာ တွေးရင်း အံ့သြနေမိတယ်”။

ကာသေ့ချ်မြို့တွင် မက်ကန်းဒလက်စ် နေခဲ့သည့် နောက်ဆုံးညက ဝက်စတာဘာ့ဂ်၏ အလုပ်သမားအဖွဲ့နှင့်အတူ ကက်ဘရေ(Cabret)ကပွဲရုံတွင် မက်ကန်းဒလက်စ်က ဧည့်ခံပွဲပေးခဲ့သည်။ ဂျက်ဒန်နီယယ်ဝီစကီများ အတော မသတ်အောင် စီးဆင်းခဲ့သည့်ည။ အံ့အားသင့်ခဲ့ရသည်တစ်ခုက စန္ဒရားထိုင်ခုံ တွင် မက်ကန်းဒလက်စ် ဝင်ထိုင်လိုက်ခြင်းပင်။ မက်ကန်းဒလက်စ်က စန္ဒရား တီးခတ်တတ်သည်ကို မည်သည့်အခါကမျှ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသဖြင့် အားလုံးအံ့သြခဲ့ကြရခြင်းဖြစ်သည်။ သူက ဘားဆိုင်များတွင် တီးခတ်နေကျ ကျေးလက်ဂီတသီချင်းများကို တီးခတ်သည်။ ထို့နောက် ရက်ဂ်တိုင်းမ်(Ragtime) ခေါ် လူမည်းဂီတသီချင်းများကို တီးခတ်ပြသည်။ ထို့နောက် အဆိုတော်ကြီး တိုနီဘဲန်းနက်(Tony Bennett)၏ သီချင်းများကို တီးခတ်ပြပြန်သည်။ သူက အခန်းထဲမှ ထ,မပြေးနိုင်ဘဲ ပိတ်မိနေသည့် ပရိသတ်များအား မူးမူးဖြင့်

လက်စွမ်းပြတီးခတ်နိုင်စက်နေသူ မဟုတ်ပေ။ "အဲလက်စ်က..."။ ဂေးလ်ဘိုရာ က ပြောပြသည်။ "စန္ဒရားကို တကယ်ကျွမ်းကျွမ်းကျင်ကျင် တီးတတ်တာ။ စန္ဒရားအတီးကောင်းတဲ့အထဲ ပါတယ်။ ကျွန်မတို့အားလုံး သူ့လက်သံမှာ မျောပါသွားခဲ့ကြရတာ"။

ဧပြီလ ၁၅ ရက်နေ့ နံနက်ခင်း၌ မက်ကန်းဒလက်စ်ကို နှုတ်ဆက်ရန် အတွက် ကောက်ပဲသီးနှံသိုလှောင်ရုံတွင် မိတ်ဆွေအားလုံး စုဝေးကြသည်။

သူ၏ ကျောပိုးအိတ်က လေးလံလှသည်။ ဒေါ်လာတစ်ထောင်နီးပါးမျှ ရှိမည့် ငွေကို သူ၏ ဘွတ်ဖိနပ်တွင် ထိုးထည့်ထားသည်။ သူ၏ ဂျာနယ်မှတ်စုနှင့် ဓာတ်ပုံအယ်လ်ဘမ်တို့ကို လုံခြုံစွာ သိမ်းဆည်းပေးထားရန် ဝက်စတာဘာ့ဂ်ထံ တွင် အပ်နှံခဲ့ပြီး သဲကန္တာရအတွင်း နေထိုင်စဉ် သူပြုလုပ်ခဲ့သော သားရေ ခါးပတ်ကို ဝက်စတာဘာ့ဂ်အား လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။

"အဲလက်စ်က ကက်ဘရေ ကပွဲရုံထဲက ဘားဆိုင်မှာ ထိုင်လေ့ရှိတယ်။ အဲဒီမှာထိုင်ပြီး သူ့ခါးပတ်ပေါ်က ဟာတွေကို နာရီပေါက်ကြာအောင် ကြည့်နေတတ်တယ်လေ"။ ဝက်စတာဘာ့ဂ်က ပြောပြခြင်း ဖြစ်သည်။ "ခါးပတ် ပေါ်က အရုပ်စာတွေကို ကျွန်တော်တို့ နားလည်အောင် ဘာသာပြန်ဖတ်ပြပေး နေသလိုပဲ။ သားရေခါးပတ်ပေါ်မှာ သူရေးထွင်းထားတဲ့ ပုံတစ်ပုံချင်းစီမှာ ဇာတ် လမ်းအရှည်ကြီးတစ်ပုဒ်စီရှိတယ်"။

မက်ကန်းဒလက်စ်က ဘိုရာကို ဖက်၍ နှုတ်ဆက်ချိန်တွင် သူငိုကြွေး နေသည်ကို သတိပြုမိခဲ့ကြောင်း ဘိုရာက ပြောပြလာသည်။ "သူငိုနေတာ သတိထားလိုက်မိတော့ ကျွန်မလည်း လန့်သွားခဲ့ရတယ်။ သူက သိပ်အကြာကြီး ခရီးသွားဖို့ စီစဉ်ထားတာမှ မဟုတ်တာ။ လမ်းခရီးမှာ အန္တရာယ်များတဲ့ စွန့်စားခန်းတွေလုပ်မှာဖြစ်လို့ သူပြန်လာချင်မှ ပြန်လာနိုင်မယ်ဆိုတာ တွေးပြီး ငိုနေတာနေမှာလို့ပဲ ကျွန်မက ထင်ခဲ့တာပါ။ အဲဒီအချိန်မှာ အဲလက်စ်ကို တို့ တွေ နောက်တစ်ကြိမ်ထပ်တွေ့ရဖို့ မရှိတော့ဘူးဆိုတဲ့ ခံစားချက်က စပြီး ဝင်လာခဲ့တော့တာပဲ"။

နောက်တွဲယာဉ်တပ် လယ်ထွန်စက်တစ်စီးက ရှေ့တွင် စက်နှိုးထားပြီး အသင့်စောင့်နေသည်။ ဝက်စတာဘာ့ဂ်၏ အလုပ်သမားတစ်ဦးဖြစ်သည့် ရော့ဒ် ဝုလ်ဖ်(Rod Wolf) ဆိုသူက မြောက်ဒါကိုတာပြည်နယ် အန်ဒါလင်း(Enderlin)မြို့ သို့ နေကြာစေ့များ သွားရောက်ပို့ဆောင်ရမည်ဖြစ်ရာ သူက မက်ကန်းဒလက်စ် အား ပြည်နယ်ချင်းဆက် အဝေးပြေးလမ်းမအမှတ် ၉၄ အထိ လိုက်ပို့ပေး မည်ဖြစ်သည်။

"လယ်ထွန်စက်ပေါ်က သူဆင်းသွားတော့ သူ့ပခုံးမှာ တောရှင်းဓား ကြီးတစ်လက် လွယ်ထားတယ်"။ ဝုလ်ဖ်က ပြောပြသည်။ "ဒီဓားကြီးကိုမြင်ရင် ဘယ်သူက သူ့ကို ကားကြုံပေးစီးပါ့မလဲလို့တောင် ကျွန်တော် တွေးနေမိခဲ့တာ။ ဒါပေမဲ့ သူ့ကိုတော့ အဲဒီအကြောင်း မပြောလိုက်ပါဘူး။ သူ့ကို လက်ဆွဲနှုတ် ဆက်ပြီး ကံကောင်းပါစေလို့ ဆုတောင်းပေးလိုက်တယ်။ စာရေးဖို့လည်း

ပြောလိုက်ပါသေးတယ်”။

မက်ကန်းဒလက်စ်က စာရေးပေးပို့ခဲ့ပါသည်။ မက်ကန်းဒလက်စ် ထွက်ခွာသွားပြီး သီတင်းတစ်ပတ်အကြာတွင် မွန်တားနားပြည်နယ် စာတိုက် တံဆိပ်အမှတ်အသားပါသော လိုရင်းတိုရှင်းရေးသားထားသည့် ကတ်ပြားတစ် စောင်ကို ဝက်စတာဘာ့ဂ် လက်ခံရရှိခဲ့သည်။

ဧပြီလ ၁၈ ရက် ကုန်ရထားစီးပြီး ဝှိုက်ဖစ်ရှ်(Whitefish)မြို့သို့ ယနေ့မနက် ရောက်ရှိ။ ပျော်စရာကောင်း။ နယ်စပ်ကို ယနေ့ဖြတ်ပြီး မြောက်ပိုင်းအလာစကာသို့ သွားမည်။ အားလုံးကို နှုတ်ဆက်လိုက် ပါသည်။

ကျန်းမာရေးဂရုစိုက်ပါ။

အဲလက်စ်

ထို့နောက် မေလအစောပိုင်းတွင် နောက်ထပ်ပို့စ်ကတ်တစ်စောင်ကို ဝက်စတာဘာ့ဂ် ထပ်မံရရှိသည်။ ထိုပို့စကတ်က အလာစကာပြည်နယ်အတွင်းမှ ပေးပို့လာခြင်းဖြစ်ပြီး ပို့စ်ကတ်ပေါ်တွင် ဝင်ရိုးစွန်းဝက်ဝံတစ်ကောင်ပုံ ပါရှိသည်။ စာတိုက်တံဆိပ်တုံးတွင် ၁၉၉၂ ခုနှစ် ဧပြီလ ၂၇ ရက်ဟု ဖော်ပြထားသည်။ “ဖဲဘန့်ခ်(စ)ကနေ နှုတ်ခွန်းဆက်သလိုက်ပါတယ်”ဟု အစချီရေးထားသော စာကို အောက်ပါအတိုင်း တွေ့ရှိရသည်။

ဒီစာဟာ ကျွန်တော့်ဆီက နောက်ဆုံးလာတဲ့စာပဲ ဖြစ်လိမ့်မယ် ဝိန်း။ လွန်ခဲ့တဲ့နှစ်ရက်က ဒီကိုရောက်ပါတယ်။ ယူကွန်းဒေသဘက် ကို ကားကြုံလိုက်စီးခွင့်ရဖို့က တော်တော်ခက်ပါတယ်။ ဒါပေမဲ့ နောက်ဆုံးတော့ ဒီနေရာကို ရောက်ခဲ့ပါပြီ။

ကျွန်တော့်ဆီ ဝင်ထားတဲ့ စာတွေအားလုံးကို ရေးပို့လာတဲ့သူ တွေဆီပဲ ပြန်ပို့ပေးလိုက်ပါ။ တောင်ပိုင်းကို တော်တော်နဲ့ ကျွန်တော် ပြန်မရောက်နိုင်လောက်ဘူး။ ဒီစွန့်စားခန်းခရီးစဉ်က အသက် အန္တရာယ်ဖြစ်စေနိုင်တယ်ဆိုတာ တကယ်ဟုတ်နေပြီ။ ကျွန်တော့်ဆီ က ဘာသတင်းမှ မကြားရနိုင်တော့ဘူးဆိုရင် ကျွန်တော် အသိပေး ခဲ့ချင်တာက ခင်ဗျားဟာ တကယ့်လူတော်လူကောင်းတစ်ယောက် ဖြစ်တယ်ဆိုတာပါပဲ။ ကျွန်တော် အခုပဲ တောကြီးထဲကို လမ်း လျှောက်ဝင်သွားတော့မယ်။

အဲလက်စ်

ထိုနေ့မှာပင် မက်ကန်းဒလက်စ်က ဂျန်ဘားရက်စ်နှင့် ဘော့ဘ်ထံသို့ လည်း အလားတူ မှာကြားထားသော ပို့စ်ကတ်တစ်စောင် ပေးပို့ခဲ့သည်။

ဟိုင်း...

ဒီစာက ကျွန်တော့်ဆီက လာတဲ့ နောက်ဆုံးအဆက်အသွယ်ပဲ ဖြစ်ပါလိမ့်မယ်။ ကျွန်တော် အခုပဲ တောကြီးထဲမှာ နေဖို့ရာ လမ်း လျှောက်သွားတော့မှာ။ ကျန်းမာရေးဂရုစိုက်ကြပါ။ သိကျွမ်းခဲ့ရ တာ ဝမ်းသာမိပါတယ်။

အလက်ဇန္ဒား

အခန်း (၈)

အလာစကာ

ဤသည်မှာ အဆုံး၌ ကြောင်းကျိုးဆီလျော်မှုကင်းမဲ့သော အစွန်း ရောက်မှုများတွင် ယင်းတို့၏ တီထွင်ဆန်းသစ်တတ်သော ပင်ကိုအရည်အချင်း တို့ကို အရင်းအနှီးပြုကြသည့် လူတို့၏ မကောင်းသော အလေ့အကျင့်ပင်ဖြစ် နိုင်ပြီး ယင်းသို့ အဓိပ္ပာယ်မဲ့သော အစွန်းရောက်မှုများက ထူးခြားပြောင်မြောက် သော ထိုးထွင်းသိမြင်မှုတို့ကို ဖြစ်ပေါ်စေသော်လည်း မိမိတို့၏ စိတ်ဒဏ်ရာများ ကို အနုပညာ သို့တည်းမဟုတ် အတွေးအမြင်များအဖြစ် သိသာထင်ရှားစွာ အသွင်ပြောင်းလဲခြင်းမပြုနိုင်သည့်သူတို့အတွက် ဘဝသက်တမ်းရှည်စေမည့် နည်းလမ်း မဟုတ်ပေ။

သီယိုဒိုရော့စ်ဇာက်ခ်

(Theodore Roszak)

In Search of the Miraculous

ကျွန်ုပ်တို့၏ အမေရိကတွင် နှလုံးသားနှစ်ခုနှင့်မြစ်ရော (The Big Tow -Hearted River)ဟု ခေါ်ဆိုသည့် ဓလေ့တစ်ရပ်ရှိသည်။ မိမိ၏ စိတ်ဒဏ်ရာ များကို ကုစားရန်၊ အသွင်ပြောင်းရန်၊ အနားယူရန် သို့မဟုတ် အခြားမည်သည့် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ တောကြီးကန္တာအတွင်းသို့ သွားရောက်နေထိုင်သည့် ဓလေ့ဖြစ်သည်။ စာရေးဆရာ အားနက်စ်ဟဲမင်းဝေး (Ernest Hemingway)၏ The Big two-Hearted River ဝတ္ထုတိုမှာကဲ့သို့ သင်၏ ဒဏ်ရာများက လွန်စွာ ပြင်းထန်ခြင်းမရှိပါက ဤဓလေ့ဖြင့် ကုစားနိုင်မည်ဖြစ်သည်။ သို့ရာတွင် ဤနေရာသည် (ဟဲမင်းဝေး၏ ဝတ္ထုတိုမှာကဲ့သို့) မီချီဂန်ပြည်နယ် မဟုတ်ပါ။ (စာရေးဆရာ ဝီလျံဖော့ခ်နာ၏ Big Woods ဝတ္ထုမှာကဲ့သို့ မစ္စစ္စပီပြည်နယ်လည်း မဟုတ်ပါ။) ဤနေရာသည် အလာစကာပြည်နယ် ဖြစ်သည်။

အက်ဒ်ဝပ်ဟုတ်ဂ်လန်း

(Edward Hoogland)

Up the Black to Chalkyitsuk

အလာစကာပြည်နယ်အတွင်း မက်ကန်းဒလက်စ် သေဆုံးခဲ့ပြီး သူ၏ ရုပ်အလောင်းတွေ့ရှိခဲ့ရသည့် အခြေအနေများကို သတင်းမီဒီယာတို့တွင် ပဟေဠိဆန်စွာ ဖော်ပြလာကြသောအခါ များစွာသောသူတို့က ထိုလူငယ်သည် စိတ်ကျန်းမာရေးကောင်းမွန်သူမဟုတ်ဟု ကောက်ချက်ချကြသည်။ အောက်ဆိုဒ် မဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့သော မက်ကန်းဒလက်စ်အကြောင်း သတင်းဆောင်း ပါးကို အကြောင်းပြု၍ မဂ္ဂဇင်းတိုက်သို့ ပရိသတ်ထံမှ ပေးစာအမြောက်အမြား ရောက်ရှိခဲ့သည်။ မက်ကန်းဒလက်စ်၏ ရက်ဖွယ်အပြုအမူအဖြစ် ပြင်းထန်စွာ ပြစ်တင်ဝေဖန်သောစာတို့ကလည်း မနည်းလှပါ။ မိုက်မဲပြီး အကျိုးမရှိသော

သေဆုံးမှုအဖြစ် လူအချို့က ယူဆကြသည်။ မက်ကန်းဒလက်စ်၏ ဇာတ်လမ်း ကို တခမ်းတနားဂုဏ်ပြုဖွဲ့နွဲ့ရေးသားခဲ့သည့် စာရေးသူကို ပြင်းထန်စွာ ပြစ်တင်ဝေဖန်သည့်စာများလည်း အပါအဝင်ဖြစ်သည်။

အပြုသဘောမဆောင်သည့် စာအများစုမှာ အလာစကာဒေသခံများ ထံမှ ပေးပို့လာခြင်းပင်။ "အဲလက်စ်က ကျုပ်စာအုပ်ထဲမှာ ကြောင်တောင် တောင် ငနဲတစ်ယောက်ပဲ။ စတမ့်ပိဒ်ထရေးလ်လမ်း၏ အထက်ဘက် ရှိဟီလီ(Healy) အမည်ရ ကျေးရွာတစ်ရွာမှ ဒေသခံတစ်ဦးက ရေးသားဖော်ပြ လာခြင်းဖြစ်သည်။ "မပြောပလောက်တဲ့ ပိုင်ဆိုင်မှုတွေကို လှူဒါန်းပြီး မိသားစု ကို ကျောခိုင်း၊ သူ့ရဲ့ကား၊ နာရီနဲ့ မြေပုံကို စွန့်ပစ်၊ နောက်ဆုံးလက်ကျန်ငွေ စက္ကူတွေကို မီးပုံရှို့ပြီး ဟီလီအနောက်ဘက်က တောကြီးထဲကို လမ်းလျှောက် ဝင်သွားတဲ့ လူတစ်ယောက်အကြောင်း စာရေးဆရာက ရေးဖွဲ့ထားတာ။

"ကျုပ်အမြင်အရပြောရင် ခရစ္စမက်ကန်းဒလက်စ်ရဲ့ လူနေမှုပုံစံ ဒါမှမဟုတ် တောကြီးကန္တာမှုဝါဒနဲ့ ပတ်သက်သမျှအရာအားလုံးအပေါ် အကောင်းမြင်စရာ တစ်ကွက်မှမရှိဘူး"။ အခြား စာတစ်စောင်ရေးသားပေးပို့သူတစ်ဦးကလည်း ထိုနည်းနှင်နှင်ပင် ပြစ်တင်ဝေဖန်သည်။ "ရည်ရွယ်ချက်ရှိရှိနဲ့ကို လုံလောက်တဲ့ပြင်ဆင်မှုမလုပ်ဘဲ တောထဲဝင်သွားပြီး သေဘေးကျလောက် တဲ့ အဖြစ်အပျက်တွေကနေ အသက်ရှင်သန်နိုင်ခဲ့တယ်ဆိုတာက လူတစ် ယောက်ကို ပိုပြီးကောင်းလာစေနိုင်မှာမှ မဟုတ်တာ။ မသေခဲ့ရင်တောင် ကံကောင်းတာသက်သက်ပဲဖြစ်မယ်"။

အောက်ဆိုဒ်မဂ္ဂဇင်းပါ ဆောင်းပါးကို ဖတ်ရှုခဲ့ရသူတစ်ဦးကလည်း အံ့အားသင့်စွာ ရေးသားပေးပို့လာသည်။ "တောကြီးမျက်မည်းထဲမှာ လပိုင်း လောက်သွားနေမယ်လို့ ကြံရွယ်ထားတဲ့ ဘယ်လိုလူပဲဖြစ်ဖြစ် ကင်းထောက်လူ ငယ်အဖွဲ့ရဲ့ ကြိုတင်ပြင်ဆင်ထားပါဆိုတဲ့ စည်းကမ်းချက်အမှတ်စဉ် ၁ ကို ဘာဖြစ်လို့ မေ့ထားရမှာလဲ။ ဘယ်လိုသားမျိုးက သူ့မိဘနဲ့ မိသားစုတွေကို အခုလို ဘာမှန်းမသိတဲ့ နာကျင်ခံစားရတာမျိုး အမြဲတမ်းခံစားစေရတာလဲ"။

"ခရစ္စအလက်ဇန္ဒားစူပါထရမ့်ပ် မက်ကန်းဒလက်စ်ကို အူကြောင် ကြောင်လူတစ်ယောက်လို့ စာရေးဆရာက မထင်ဘူးဆိုရင် အဲဒီစာရေးဆရာ ခရက်ကောင်ဝါကိုယ်တိုင်လည်း အူကြောင်ကြောင်ငနဲပဲ"။ အလာစကာပြည် နယ် နော့သ်ပိုးလ်ဒေသခံတစ်ဦးက သူ၏ ထင်မြင်ချက်ကို ရေးသားပေးပို့လာ ခြင်းပင်။ "မက်ကန်းဒလက်စ်ဟာ အစွန်းဟိုဘက်ကို ရောက်သွားပြီး အလာစ ကာထဲမှာ ကြမ်းခင်းနဲ့ ဝင်ဆောင့်မိတာပဲ"။

အပြင်းထန်ဆုံး ထိုးနှက်ထားသည့် စာမျက်နှာများစွာပါရှိသော ဝေဖန် စာမှာ အာတိတ်စက်ဝိုင်းဒေသမြောက်ပိုင်း ကိုးဘွတ်ခ်မြစ်(Kobuk River)အနီးရှိအင်နူးပီယက်စ်(Inupiaz)ဒေသခံတိုင်းရင်းသားတို့ နေထိုင်ရာ ရွာငယ်လေးတစ် ရွာမှ ပေးပို့လာသောစာ ဖြစ်သည်။ စာရေးသူက

လူဖြူတစ်ဦးဖြစ်ပြီး ယခင်က ဝါရှင်တန်ဒီစီမြို့တော်တွင် နေထိုင်သည့် ကျောင်းဆရာ နစ်ခ်ဂျန်စ်(Nick Jans)ဆို သူ ဖြစ်သည်။ စာကိုရေးသည့်အချိန်မှာ နံနက် တစ်နာရီရှိပြီဖြစ်ပြီး ဆီးဂရမ် (Seagram)ဝီစကီတစ်ပုလင်းနှင့် အရှိန်ရနေချိန်ဖြစ်ကြောင်း အသိပေးဖော်ပြထား သည်။ ဂျန်စ်က အောက်ပါအတိုင်း ရေးသားပေးပို့ခဲ့သည်။

ပြီးခဲ့တဲ့ ဆယ့်ငါးနှစ်အတွင်း မက်ကန်းဒလက်စ်လို လူစား တွေကို ဒီနယ်ဘက်မှာ ကျုပ် တော်တော်များများ တွေ့ခဲ့ဖူးတယ်။ ဇာတ်လမ်းကတော့ အတူတူပဲ။ အရွယ်ကောင်းကောင်း၊ ခွန်အား ကောင်းသလောက် စိတ်ကူးယဉ်တတ်ပြီး ကိုယ့်ကိုယ်ကို အထင်ကြီး တတ်ကြတဲ့ လူငယ်တွေဟာ တောနယ်ဒေသကို လျှော့တွက်ကြ တယ်။ နောက်ဆုံးတော့ ဒုက္ခတွေနဲ့ ဇာတ်သိမ်းကြရတာပဲ။ မက်ကန်းဒလက်စ်လည်း ဘာမှမထူးပါဘူး။ ဒီပြည်နယ်ထဲမှာ အဲဒီလိုလူ တွေ များများစားစားမရှိဘူး။ သူတို့အားလုံး ပုံစံတစ်ခုတည်းနီးပါး ပါပဲ။ ကွဲပြားတာဆိုလို့ မက်ကန်းဒလက်စ်က သေသွားတာပဲရှိတယ်။ သူ့ရဲ့ဦးနောက်မရှိ မိုက်မဲတဲ့လုပ်ရပ်က မီဒီယာတွေပေါ်မှာ ပျံ့နှံ့သွားတာပဲ ပိုတာ။ To Build A Fire ဆိုတဲ့ စာအုပ်ထဲမှာ ဂျက်လန် ဒန်က အဖြေအတိအကျ ရေးပေးပြီးသား။ မက်ကန်းဒလက်စ်ဟာ နောက်ဆုံးမှာ စာရေးဆရာ ဂျက်လန်ဒန်ရဲ့ ကိုယ့်ကိုယ်ကို အထင် ကြီးလွန်းပြီး သူတစ်ပါး အကြံဉာဏ်ပေးတာကို လစ်လျူရှုခဲ့လို့ သေခွဲသွားခဲ့ရတဲ့ အဓိကဇာတ်ကောင်ကို တုပချဲ့ထွင်ရေးသားထား တဲ့ ၂၀ ရာစုနှစ်ရဲ့ အရေးမပါတဲ့ ရသမြောက်လက်ရာတစ်ပုဒ်သာ ဖြစ်တယ်။

အမေရိကန်ပြည်ထောင်စု ဘူမိဗေဒစစ်တမ်းအဖွဲ့(USGS)က သုံးလတစ်ကြိမ် ထုတ်ပြန်တဲ့ အစီရင်ခံစာတွေနဲ့ ကင်းထောက်လူငယ် စည်းကမ်းတွေကို လျစ်လျူရှုခဲ့တာက သူ့ကို သတ်လိုက်တာပဲ ဖြစ်တယ်။ ကျုပ်က သူ့မိဘတွေနေရာက ခံစားကြည့်တာတောင် သူ့ကို မသနားဘူး။ ဒီလိုမျိုး သူ့ရဲ့သနားမိပေမဲ့ သူ့ကိုတော့ မသနားဘူး။ သူကိုယ်တိုင်က စိတ်လိုလက်ရနဲ့ လျစ်လျူရှုခဲ့တာ တွေဟာ ဒီဒေသကို မလေးစားရာကျတယ်။ ကိုယ့်ကိုယ်ကို ဟုတ်လှ ပြီ အထင်နဲ့ ဂုဏ်မောက်ခဲ့လို့ ပင်လယ်ပြင်မှာ ရေနံစိမ်းတွေ ယိုဖိတ် ခဲ့ရတဲ့ ရေနံတင်သင်္ဘော အက်ဇွန်ဗားလ်ဒက်စ်(Exxon Valdez)ရဲ့ ဇာတ်လမ်းမျိုးနဲ့ တစ်ထပ်တည်းတူတဲ့ ဇာတ်လမ်းကို အဆီအငေါ်မတည့် ရေးသားထားတာပဲ ဖြစ်တယ်။ ပြည့်စုံလုံလောက်တဲ့ ကြို တင်ပြင်ဆင်မှုမရှိ၊ ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းတဲ့လူတွေဟာ ဒီဒေသမှာ လာပြီး ဖရိုဖရဲနဲ့ ပရမ်းပတာတွေ တလွဲအလုပ်တွေ လျှောက်လုပ်ကြတဲ့ နောက်ထပ် ဇာတ်လမ်းတစ်ပုဒ်သက်သက်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာ ကိုယ့်ကိုယ်ကို နှိမ့်ချတတ်တဲ့စိတ်မှ မရှိတာ။ အတိုင်းအဆလေး ကွာတာပဲရှိတယ်။

မက်ကန်းဒလက်စ်ရဲ့ အတင်းအဓမ္မဖန်တီးထားတဲ့ မိမိကိုယ်ကို ငြင်းပယ်ခြင်းအယူဝါဒနဲ့ တကယ်မှန်တာ မဟုတ်ဘဲ မှန်သယောင် တွေ တွေးမြင်ထားတဲ့ အတွေးအမြင်ရှုထောင့်တွေက အမှားတွေကို လျှော့ချရမယ့်အစား သူတို့ချင်း ပေါင်းစည်းရောနှောနေကြတယ်…။ မက်ကန်းဒလက်စ်ရဲ့ ပို့စကတ်တွေ၊ မှတ်စုတွေ၊ ဂျာနယ်မှတ် တမ်းတွေကလည်း အခုနကပြောခဲ့တာနဲ့ ပျမ်းမျှကြိတ်နှုန်းအထက် တောင်

ရောက်နေသေးတယ်။ ပြဇာတ်ဆန်တဲ့ အထက်တန်းကျောင်း သား လေးလိုဟာမျိုးပဲ။ ဒါမှမဟုတ် ကျုပ်ကပဲ တစ်ခုခု လွဲနေတာ များလား။

လက်ရှိ သိထားကြသည့် အလာစကာပုံပြင်ကမူ မက်ကန်းဒလက်စ် သည် သူ၏ ပြဿနာများကို အဖြေရှာတွေ့ရန် ရည်မှန်းချက်ဖြင့် တောကြီး ကန္တာအတွင်းသို့ ဝင်ရောက်သွားခဲ့သော်လည်း မျှော်လင့်ထားသည့်အဖြေများ အစား ခြင်များနှင့် တစ်ကိုယ်တော်သေဆုံးခြင်းတို့ကိုသာ ရှာဖွေတွေ့ရှိသွားခဲ့ သည့် အတွေ့အကြုံကောင်းစွာ မရင့်ကျက်သေးသော စိတ်ကူးယဉ်ကန္တာရ ခရီးသည် နောက်ထပ်တစ်ဦးမျှသာလျှင် ဖြစ်သည်ဟု ဆိုသည်။ နှစ်ပေါင်းများ စွာအတွင်း အလာစကာတောနက်ကြီးထဲသို့ အရေးမပါသော ခရီးသွား ဒါဇင် နှင့်ချီ၍ ဝင်ရောက်သွားခဲ့ကြဖူးပြီး တောတွင်းမှ ပြန်လည်ထွက်ပေါ်လာနိုင်သူ မရှိခဲ့ပေ။ အလာစကာပြည်နယ်၏ အမှတ်တရဖြစ်စဉ်များတွင် ယင်းတို့ အနက်မှ အချို့သာ ခိုင်မြဲစွာ နေရာရယူနိုင်ခဲ့ကြသည်။

၁၉၇၀ ပြည့်နှစ်များ၏ အစောပိုင်းနှစ်များအတွင်း တာနာနာ(Tanana) ရွာသို့ အတွေးအမြင်ပဓာနဝါဒီတစ်ဦး ဖြတ်သန်းသွားခဲ့ဖူးသည်။ လက်ရှိလူနေ မှုစနစ်ကို ဆန့်ကျင်ပြောင်းလဲလိုသော ထိုသူက သူ့ဘဝလက်ကျန်အချိန်များကို သဘာဝတရားနှင့်သာ ပျော်မွေ့သွားတော့မည်ဟု ကြွေးကြော်ခဲ့သူဖြစ်သည်။ ထိုနှစ် ဆောင်းရာသီအလယ်ခန့်တွင် ဇီဝဗေဒပညာရှင်တစ်ဦးက ထိုသူ၏ ပိုင်ဆိုင်ပစ္စည်းများဖြစ်သည့် ရိုင်ဖယ်သေနတ်နှစ်လက်၊ တဲထိုးသည့်ပစ္စည်း ကိရိယာများ၊ အမှန်တရားနှင့် လှပခြင်းအကြောင်း ရှုပ်ထွေးသော ရေးသား ချက်များနှင့် ခက်ခဲသိမ်မွေ့သော သက်ရှိနှင့် ပတ်ဝန်းကျင်ဆက်စပ်မှုဂေဟာစနစ် ပညာရပ်အကြောင်း ရေးသားချက်များ အပြည့်ပါဝင်သည့် နေ့စဉ်မှတ်တမ်း စာအုပ်တစ်အုပ်တို့ကို တော့ဖ်တီ(Totty)မြို့အနီး တစ်နေရာရှိ လူမနေသောတဲ ငယ်တစ်လုံးအတွင်း၌ တွေ့ရှိခဲ့သည်။ တဲငယ်အတွင်း၌ လေဖြင့်လွင့်ပါလာသော နှင်းများအပြည့်ဖုံးလွှမ်းနေပြီး ထိုလူငယ်၏ ခြေရာအစအနကိုမျှပင် ရှာမတွေ့ခဲ့ ရပေ။

ထို့နောက် နှစ်အနည်းငယ်ခန့်အကြာတွင် ဗီယက်နမ်စစ်ပြန်တစ်ဦးက လူအများနှင့်ဝေးရာတွင် နေလိုသည်ဟု ဆိုကာ ချော့ကီယစ်ဆစ်(Chalkyitsik) အမည်ရ၊ သန်းခေါင်စာရင်းဝင် အိမ်ခြေစုငယ်တစ်ခု၏ အရှေ့ဘက် ဘလက်ရေးဗားမြစ်(Black River)မြစ်ကမ်းနံဘေးတွင် တဲငယ်တစ်လုံးထိုး၍ နေထိုင်ခဲ့ သည်။ ဖေဖော်ဝါရီလတွင် သူ ပါလာသော ရိက္ခာများ ပြတ်လပ်ကာ အစာရေ စာ ပြတ်တော်ခဲ့ရသည်။ မြစ်ဝအောက်ဘက် သုံးမိုင်ခန့် အကွာတွင် အသား ရိက္ခာရှိသည့် တဲငယ်တစ်လုံး ရှိသော်လည်း ထိုဗီယက်နမ်စစ်ပြန်က သူ့အသက် ကို သူကိုယ်တိုင်ကယ်တင်ရန် ကြိုးစားခဲ့ခြင်းရှိပုံမရပေ။ ထိုဗီယက်နမ် စစ်ပြန် သေဆုံးမှုအကြောင်း ရေးသားခဲ့သော အက်ဒ်ဝပ်ဟုတ်ဂ်လန်း (Edward Hoagland)ဆိုသူက အလာစကာသည် ကမ္ဘာပေါ်တွင် တောထွက်၍ တရားရှာ

မိုးရန် အကောင်းဆုံး နေရာမဟုတ်သကဲ့သို့ ငြိမ်းချမ်းရေးနှင့် မေတ္တာတရား အကြောင်း စင်တင်ကပြရ မည့်နေရာလည်း မဟုတ်ကြောင်း ရေးသားဖော်ပြခဲ့ သည်။

ထို့နောက် ၁၉၈၁ ခုနှစ်တွင် ပရင့်စ်ဝီလျံရေလက်ကြား၌ အမှတ်မထင် ဆုံတွေ့ခဲ့ရသော တစ်ဖွတ်ထိုးနိုင်သည့် ပါရမီရှင်တစ်ဦးလည်း ရှိပါသေးသည်။ ထိုစဉ်က စာရေးသူသည် အလာစကာပြည်နယ် ကော်ဒိုဗာ(Cordova)မြို့ အပြင်ရှိ သစ်တောအုပ်တွင် စခန်းချနေထိုင်နေချိန်ဖြစ်သည်။ ဆယ်လ်မွန်ငါးများ အား စီးပွားဖြစ်ဖမ်းခွင့်ပြုသည့်ရာသီ စတင်ပြီဖြစ်ကြောင်း ငါးဖမ်းနှင့် အမဲလိုက် ဦးစီးဌာန (Department of Fish and Game)က တရားဝင်မကြေညာမီ ထိုဒေသ တွင် နေထိုင်ကာ လှေတစ်စင်းနှင့် ဝိုင်းပိုက်ချ၍ ငါးဖမ်းသည့် ငါးလှေသားတစ် ဦးအဖြစ် လုပ်ကိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ မိုးရွာနေသည့်တစ်နေ့ နေ့လယ် ခင်းတွင် မြို့တွင်းဘက်သို့ လမ်းလျှောက်ထွက်လာရင်း လမ်းခုလတ်၌ အသက် လေးဆယ်ဝန်းကျင်ခန့်ရှိမည် ထင်ရပြီး ဖရိုဖရဲပုံသဏ္ဌာန်ဖြင့် စိတ်ပျက်နေဟန် ရှိသော လူတစ်ဦးနှင့် ဆုံမိသည်။ သူက ချုံပုတ်တစ်ခုကဲ့သို့သော မုတ်ဆိတ်ဘုတ် သိုက်နှင့် ဆံပင်ကလည်း ပခုံးထောက်သည်အထိ ရှည်လျားသည်။ ညစ်ပေနေ သော နိုင်လွန်ကြိုးဖြင့် ကျစ်ထားသည့် ခေါင်းစည်းကြိုး တပ်ဆင်ထားသည်။ သူက စာရေးသူထံ တန်းတန်းမတ်မတ် ဦးတည်၍ သွက်သွက်ပက် လျှောက် လှမ်းလာသည်။ ပခုံးတစ်ဖက်ထက်၌ ခြောက်ပေခန့်ရှိပြီး အလေးချိန် အတန် အသင့်ရှိပုံရသည့် သစ်လုံးတစ်လုံးကို ဟန်ချက်ညီညီ ထမ်းလာသည်။

အနီးသို့ သူရောက်လာသည်နှင့် စာရေးသူက “ဟဲလို”ဟု နှုတ်ဆက် လိုက်သည်။ သူက မသဲမကွဲအသံတစ်ခုဖြင့် တုံ့ပြန်နှုတ်ဆက်လာပြီးနောက် နှစ်ဦးသား လမ်းလျှောက်ရာမှ ခဏရပ်နားကာ မိုးဖွဲဖွဲအောက်တွင် စကားစမြည် ပြောဖြစ်ကြသည်။ သစ်လုံးများ ပေါများလှသော သစ်တောတွင်းသို့ သွားနေ ခြင်းဖြစ်သော်လည်း ရေဝ,နေသည့် သစ်လုံးတစ်လုံးကို မည်သည့်အတွက် အလေးခံ သယ်ပိုးလာရသည်ကိုမူ စာရေးသူ မမေးမိပါ။ စိတ်ဝင်စားဖွယ် မဟုတ်သော အကြောင်းအရာအချို့ကို စိတ်ထက်သန်စွာဖြင့် မိနစ်အနည်းငယ် ခန့် အပြန်အလှန် ပြောကြားပြီးနောက် လမ်းခွဲထွက်ခွာခဲ့ကြသည်။

ထိုသူနှင့် ပြောစကားများကို ကောက်ချက်ပြန်ချကြည့်သည့်အခါ ဒေသခံတို့က ဟစ်ပီပင်လယ်ကွေ့မြို့တော်ဝန်(Mayor of Hippie Cove)ဟု ခေါ် ဆိုကြသော အူကြောင်ကြောင်လူတစ်ယောက်နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်ဟု မှတ်ယူမိသည်။ မြို့၏ မြောက်ဘက်ရှိ ပင်လယ်ကမ်းခြေမှာ ကုန်းတွင်းသို့ ဟိုက်ဝင်နေပြီး ဒီရေတက်ချိန်တွင် ပင်လယ်ရေဝင်ရောက်သဖြင့် ပင်လယ်ကွေ့ အငယ်စားလေးသဖွယ်ရှိကာ ဆံရှည်ဟစ်ပီများ လာရောက်နေထိုင်ကြလေ့ရှိရာ နေရာကို ရည်ညွှန်း၍ ဟစ်ပီပင်လယ်ကွေ့ဟု ခေါ်ဆိုခြင်းဖြစ်သည်။ ထိုဟစ်ပီ ပင်လယ်ကွေ့အနီးတွင် မြို့တော်ဝန်နေထိုင်လာခဲ့သည်မှာ နှစ်ပေါင်းရှည်ကြာလှ ပြီ

ဖြစ်သည်။ ဟစ်ပီပင်လယ်ကွေ့တွင် လာရောက်နေထိုင်ကြသူအများစုမှာ စာရေးသူကဲ့သို့ပင် နွေရာသီကာလအတွင်း ကော်ဒိုဗာဒေသ၌ လုပ်ခကောင်းကောင်းပေးသော ငါးလှေသားအလုပ်လုပ်ရန်နှင့် အလုပ်မရပါက ဆယ်လ်မွန်ငါးသေတ္တာစက်ရုံတွင် အလုပ်ရှာဖွေရန် ရောက်ရှိလာကြသူများဖြစ်သည်။ သို့ရာတွင် မြို့တော်ဝန်ကမူ ထိုသူတို့နှင့် ရည်ရွယ်ချက်ချင်း မတူညီပါ။

သူ၏အမည်ရင်းမှာ ဂျီးန်ရိုဇယ်လ်လင်နီ(Gene Rosellini) ဖြစ်သည်။ သူသည် ဆီယက်တဲလ်မြို့မှ စားသောက်ဆိုင်လုပ်ငန်းရှင် လူကုံထံတစ်ဦးဖြစ်သူ ဗစ်တာရိုဇယ်လ်လင်နီ(Victor Rosellini)၏ မယားပါ သားအကြီးဆုံးဖြစ်သည်။ အယ်လ်ဘတ်ရိုဇယ်လ်လင်နီ(Albert Rosellini)နှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်သည်။ အယ်လ်ဘတ်သည် ဝါရှင်တန်ပြည်နယ်၏ အုပ်ချုပ်ရေးမှူးအဖြစ် ၁၉၅၇ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော နာမည်ကျော် ကြားလူကြိုက်များသည့် ပုဂ္ဂိုလ်ဖြစ်သည်။ ဂျီးန်သည် လူငယ်ဘဝတွင် အားကစားသမားကောင်းတစ်ယောက် ဖြစ်သည့်အပြင် ပညာရေးထူးချွန်သည့် ကျောင်းသားတစ်ဦးလည်း ဖြစ်သည်။ သူက ယောဂကျင့်စဉ်နှင့် ပတ်သက်သည့်စာအုပ်များကို စွဲမြဲစွာဖတ်ရှု၍ လက်တွေ့လည်း ကျင့်ကြံအားထုတ်သည်။ ကိုယ်ခံပညာရပ်ဘက်တွင်လည်း ကျွမ်းကျင်သူတစ်ဦး ဖြစ်ပါသည်။ သူသည် အထက်တန်းကျောင်းတွင်သာမက ကောလိပ်တွင်ပါ ပျမ်းမျှကြိတ်နှုန်းရမှတ် အဆင့် ၄ ကို မကျစေရန် ထိန်းထားနိုင်ခဲ့သည်။ ဝါရှင်တန်တက္ကသိုလ်နှင့် နောက်ပိုင်းတွင် ဆက်လက်တက်ရောက်သော ဆီယက်တဲလ်တက္ကသိုလ်တို့တွင် ဂျီးန်က မနုဿဗေဒ၊ သမိုင်း၊ ဒဿနဗေဒနှင့် ဘာသာရပ်စကားဆိုင်ရာသင်တန်းများကို ဒီဂရီရယူခြင်းမရှိဘဲ နာရီပေါင်း ရာနှင့်ချီ၍ စိတ်ရောကိုယ်ပါ မြှုပ်နှံလေ့လာခဲ့သည်။ ပညာဗဟုသုတရှာမှီးရာ၌ ဒီဂရီရရှိရန် လိုအပ်သည်ဟု သူက မထင်မြင်ခဲ့။ သူရှာမှီးထိန်းသိမ်းထားသော ပညာဗဟုသုတတို့သည် ယင်း၏ လုပ်ပိုင်ခွင့်နယ်ပယ်အတွင်း အဖိုးထိုက်တန်သောအရာဖြစ်ကာ ပြင်ပမှ တန်ဖိုးဖြတ်မှုခံယူရန် မလိုအပ်ဟု သူက ယူဆသည်။

အဆုံးတွင် ရိုဇယ်လ်လင်နီသည် ပညာသင်ယူမှုကို စွန့်လွှတ်လိုက် သည်။ ဆီယက်တယ်လ်မြို့မှလည်း ထွက်ခွာခဲ့သည်။ ဗြိတိသျှကိုလံဘီယာ (British Columbia)ဒေသနှင့် အလာစကာကုန်းမြောင်ဒေသတို့ကိုဖြတ်၍ ကမ်းရိုးတန်းအတိုင်း မြောက်ဘက်သို့ ဖြည်းဖြည်းချင်းသွားရောက်သည်။ ၁၉၇၇ ခုနှစ်တွင် ကော်ဒိုဗာသို့ ရောက်ရှိလာသည်။ မြို့အစွန်ဘက်ရှိ တောအုပ်အတွင်း နေထိုင်ကာ သူ၏ လက်ကျန်ဘဝတစ်လျှောက် မနုဿဗေဒဆိုင်ရာ စမ်းသပ်မှု များကို ပြုလုပ်သွားရန် ရည်မှန်းချက်ကြီးစွာဖြင့် ဆုံးဖြတ်ချက်ချခဲ့သည်။

"ခေတ်ပေါ်နည်းပညာတွေနဲ့ အမှီအခိုကင်းအောင် နေနိုင်မလားဆိုတာ ကို ကျုပ်က စိတ်ဝင်စားတာ"။ ကော်ဒိုဗာသို့ ရောက်ရှိခဲ့ပြီး ဆယ်စုနှစ်တစ်ခုခန့် အကြာတွင် ရိုဇယ်လ်လင်နီက အန်ခါးရေ့ချ်ဒေးလီး(Anchorage Daily)သတင်း

စာတိုက်မှ သတင်းထောက် ဒက်ဘရာမက်ကင်းနေး(Debra McKinney)နှင့် တွေ့ဆုံစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ သူက လူသားတို့သည် ယင်းတို့၏ ဘိုးဘေးအစဉ်အဆက်ကကဲ့သို့ နေထိုင်နိုင်မည်လားဆိုသည်ကို စိတ်ဝင်စားခြင်း ဖြစ်သည်။ အမွေးထူ ကမ္ဘာဦးဆင်ကြီးများ၊ အစွယ်ရှည်ကျားကြီးများ မြေပြင် ပေါ်တွင် လှည့်လည်သွားလာနေကြသည့် ခေတ်မျိုးတွင် ယနေ့ခေတ် လူသားတို့ ရှင်သန်နေထိုင်နိုင်ခြင်း ရှိ,မရှိ သူက စိတ်ဝင်စားခြင်းပင်။ တစ်နည်းဆိုရသော် လူသားမျိုးစိတ်သည် မူလအရင်းအမြစ်မှ များစွာဝေးကွာနေပြီဖြစ်ရာ ယမ်းမှုန့်၊ သံမဏိနှင့် အခြားသော မြို့ပြယဉ်ကျေးမှု ခေတ်အသုံးအဆောင်ပစ္စည်းများ မပါရှိဘဲ ယနေ့ခေတ် လူသားတို့ အသက်ရှင်သန်မည်လောဆိုသည်ကို သူက စိတ်ဝင်စားခြင်းဖြစ်သည်။ တစ်ဖွတ်ထိုးပါရမီရှင်ဟုပင် သူ၏ အကျင့်စရိုက်ကို ပုံဖော်ခေါ်ဆိုရသည်အထိ အသေးစိတ်ကျလွန်းသော အာရုံစူးစိုက်စွဲလမ်းမှုများ နှင့်အတူ ရိုဇယ်လ်လင်နီသည် သူ၏ဘဝအတွက် အခြေခံအကျဆုံးလိုအပ်သည့် အရာများကိုသာ ချန်လှပ်ကာ ကျန်အရာအားလုံးကို စွန့်လွှတ်လိုက်သည်။ ချန်လှပ်ထားသော ပစ္စည်းပစ္စယတို့မှာလည်း သဘာဝအလျောက်ရရှိသော ပစ္စည်းများကို အသုံးပြု၍ သူကိုယ်တိုင် လက်ဖြင့် ဖန်တီးထားသောအရာများ သာ ဖြစ်သည်။

“လူသားတွေက အဆင့်နိမ့်လူသားတွေအဖြစ် ဖြည်းဖြည်းချင်း ဖြစ်လာ နေတယ်လို့ သူက ထင်လာတာ”။ မက်ကင်းနေးက ရှင်းပြသည်။ “သဘာဝ အခြေအနေဆီကို ပြန်သွားဖို့ရာက သူ့ရဲ့ မျှော်မှန်းချက်ပဲ။ သူက မတူညီတဲ့ခေတ် တွေနဲ့ အမြဲတမ်း စမ်းသပ်မှုတွေလုပ်နေခဲ့တာလေ။ ရောမခေတ်၊ သံခေတ်၊ ကြေးခေတ် စတဲ့ ခေတ်တွေပေါ့။ နောက်ဆုံးမှာ သူ့ရဲ့ လူနေမှုပုံစံက နီယိုလစ် သစ်(Neolithic)လို့ ခေါ်တဲ့ ကျောက်ခေတ်နှောင်းပိုင်း အခြေခံသဘောတရား တွေ ဖြစ်လာတယ်”။

သူက သစ်မြစ်များ၊ ဘယ်ရီသီးများ၊ ကျောက်ပွင့်များကို စားသုံး သည်။ အမဲလိုက်လျှင် ကျော့ကွင်းနှင့် လုံတံတို့ကိုသာ သုံးသည်။ အဝတ်စုတ် များကိုသာ ဝတ်ဆင်သည်။ အသည်းခိုက်သည်အထိ အေးမြလှသော ဆောင်း ရာသီကို ကြံ့ကြံ့ခံရင်ဆိုင်သည်။ ဆင်းရဲဒုက္ခကြုံတွေ့ရသည်ကို ပျော်ပိုက်နေဟန် ရှိ သည်။ ဟစ်ပီပင်လယ်ကွေ့အထက်ဘက်ရှိ သူနေထိုင်ရာနေရာမှာ ပြတင်း ပေါက်မပါသော တင်းကုပ်တစ်ခုမျှသာဖြစ်သည်။ ထိုတင်းကုပ်ကို လွှနှင့် ပုဆိန်တို့ အသုံးမပြုဘဲ ကိုယ်တိုင်တည်ဆောက်ထားခြင်း ဖြစ်သည်။ “ရက် အတော်ကြာအောင် သူဆောက်ယူရတယ်”။ မက်ကင်းနေးက ဆက်ပြောပြလာ သည်။ “အသွားထက်တဲ့ကျောက်တုံးနဲ့ သစ်လုံးတွေကို လှီးတာ၊ ဖြတ်တာ လုပ်တယ်”။

သူကိုယ်တိုင် ပြဋ္ဌာန်းထားသော စည်းကမ်းနည်းလမ်းများနှင့် စား သောက်နေထိုင်ခြင်းမှာ သူ့အတွက် များစွာအားထုတ်ကြိုးပမ်းရပုံ မရှိ။ ရိုဇယ်လ် လင်နီက စားရေရိက္ခာအရှာထွက်ရန် မလိုအပ်သောနေ့များတွင် ကာယ

လေ့ကျင့်ခန်းကို စိတ်ဝင်တစား လုပ်လေ့ရှိသည်။ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ၊ အလေးမခြင်း၊ အပြေးလေ့ကျင့်ခြင်း၊ ရံဖန်ရံခါ ကျောထက်တွင် လေးလံသောကျောက်တုံးများတင်၍ အပြေးကျင့်ခြင်း စသည်တို့ဖြင့် သူ၏ အားလပ်ရက်များကို ကုန်ဆုံးစေသည်။ နွေရာသီကာလတွင်ပင် တစ်နေ့ လျှင် ပျမ်းမျှအားဖြင့် တစ်ဆယ့်ရှစ်မိုင်ခန့် အပြေးကျင့်ကြောင်း သူက ပြောပြခဲ့ဖူး သည်။

ရိုဇယ်လ်လင်နီ၏ စမ်းသပ်မှုများက ဆယ်စုနှစ်တစ်ခုကျော် ကြာမြင့်ခဲ့သည်။ သို့ရာတွင် နောက်ဆုံး၌ ထိုစမ်းသပ်မှုများဖြစ်ပေါ်စေရန် လှုံ့ဆော်ခဲ့ သော မေးခွန်းမှာ အဖြေရှိပြီးသားဖြစ်သည်ဟု သူက ခံစားမိလာခဲ့သည်။ ထိုအကြောင်းကို သူက မိတ်ဆွေတစ်ယောက်ထံ ပေးစာတွင် ရေးသားဖော်ပြ ခဲ့သည်။

ကျောက်ခေတ်လူသားဘဝနဲ့ နေထိုင်ရှင်သန်လို့ရနိုင်မယ်ဆိုတဲ့ အယူအဆနဲ့ ကိုယ့်ရဲ့လူလားမြောက်တဲ့ လူတစ်ယောက်ဘဝကို စတင်ခဲ့တယ်။ နှစ်ပေါင်းသုံးဆယ်လောက်ကြာအောင် အဲဒီအယူ အဆအတိုင်း အစီအစဉ်တွေချပြီး ကျင့်သားကျအောင်နေခဲ့တယ်။ နောက်ဆုံး ဘယ်နှစ်လောက်အတွင်းမှာ ကျောက်ခေတ်ရဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်းနဲ့ စိတ်ခံစားမှုအပိုင်းတွေကို အစစ်အမှန်အတိုင်း လက်တွေ့ ကျကျ ကြုံတွေ့ခဲ့ရတယ်လို့ ကိုယ်ပြောနိုင်ပါပြီ။ ဒါပေမဲ့ ဗုဒ္ဓရဲ့အဆုံး အမတစ်ခုအတိုင်း ပြောရမယ်ဆိုရင် နောက်ဆုံးမှာ ပကတိ စစ်မှန် မှုကို မျက်နှာချင်းဆိုင်ကြုံခဲ့ရပြီ ဆိုပါတော့။ လူသားတွေဟာ ကိုယ်တွေ သိထားသလို အမဲလိုက်ကြ၊ စိုက်ကြပျိုးကြဆိုတာ လောက်နဲ့ ကမ္ဘာမြေပြင်ပေါ်မှာ ရှင်သန်နေထိုင်သွားဖို့ရာ မဖြစ် နိုင်ဘူးဆိုတာ ကိုယ်သိခဲ့ရပြီ။

ရိုဇယ်လ်လင်နီက သူ၏ အယူအဆလွဲမှားခဲ့ပုံကို အေးဆေးတည်ငြိမ် စွာ လက်ခံခဲ့ဟန်ရှိသည်။ အသက် ၄၉ နှစ်အရွယ်တွင် သူ၏ ဘဝရည်မှန်းချက် အသစ်များကို ပြန်လည်တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း သူက ထုတ်ပြန်ကြေညာ ကာ "ကျောပိုးအိတ်တစ်လုံးပိုးပြီး ကမ္ဘာပတ် လမ်းလျှောက်မယ်။ တစ်နေ့ကို ၁၈ မိုင်ကနေ ၂၇ မိုင်အထိ သီတင်းပတ်တိုင်း၊ နှစ်တိုင်း နားရက်မရှိလျှောက် သွားမယ်"ဟူ၍ ကြွေးကြော်ခဲ့ပြန်သည်။

သူ၏ ကမ္ဘာပတ်မည့်ခရီးစဉ်မှာ စ,ပင် မစ,လိုက်ရပါ။ ၁၉၉၁ ခုနှစ် နိုဝင်ဘာလ၌ သူ၏တဲငယ်အတွင်း ရင်ဝတွင် ဓားတန်းလန်းစိုက်ကာ မှောက်လျက်လဲနေသော ရိုဇယ်လ်လင်နီကို တွေ့ခဲ့ကြရသည်။ သေမှုသေခင်း စစ်ဆေးရေးအရာရှိက ရိုဇယ်လ်လင်နီသည် သူ့ကိုယ်သူ သေလောက်သော ဒဏ်ရာ ရရှိစေခဲ့ခြင်းဖြစ်ကြောင်း ဆုံးဖြတ်ပေးခဲ့သည်။ ကိုယ့်ကိုယ်ကို သတ်သေ သူတို့ ထားရစ်ခဲ့လေ့ရှိသော မည်သည့်မှတ်စုမှတ်တမ်းမျှ မတွေ့ရှိခဲ့ကြရပါ။ ရိုဇယ်လ်လင်နီက သူ၏ဘဝကို ဤနည်းဖြင့် အဆုံးသတ်ရန် မည်သည့်အတွက် ကြောင့် ဆုံးဖြတ်ခဲ့သည်ဆိုခြင်းကို ခြေရာခံနိုင်မည့် သဲလွန်စအရိပ်အမြွက်မျှပင် ချန်မထား ရစ်ခဲ့ပါ။ မည်သည့် ဖြစ်နိုင်ခြေရှုထောင့်မှ ကြည့်သည်ဖြစ်စေ၊ မည်သူမျှ သိနိုင်မည် မဟုတ်ပါ။

ရိုဇယ်လ်လင်နီ သေဆုံးခြင်းနှင့် သူ၏ ထူးဆန်းသော အသက်ရှင်သန် ရပ်

တည်မှုဇာတ်လမ်းတို့မှာ အနံ့ခါးရှေ့ချိဒေးလီးသတင်းစာ၏ မျက်နှာဖုံး သတင်း ဖြစ်လာခဲ့သည်။ သို့သော်လည်း ဂျွန်မယ်လွန်ဝေါတားမဲန်း(John MallonWaterman)၏ ဒုက္ခခံကြိုးပမ်းအားထုတ်မှုတို့ကိုမူ လူအများက အာရုံသိပ်မရခဲ့ ကြပေ။ ဝေါတားမဲန်းကို ၁၉၅၂ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ခရစ္စမက်ကန်းဒလက်စ် ၏ဘဝအား ပုံဖော်ထုဆစ်ပေးခဲ့သည့် ဝါရှင်တန်ဆင်ခြေဖုံးရပ်ကွက်များတွင်ပင် နေထိုင်ကြီးပြင်းလာခဲ့သည်။ ဖခင်ဖြစ်သူ ဂိုင်းဝေါတားမဲန်း(Guy Waterman)သည် ဂီတသမားတစ်ဦးဖြစ်သည့်အပြင် အလွတ်တန်းစာရေးဆရာတစ်ဦးလည်း ဖြစ် သည်။ သူက သမ္မတများ၊ သမ္မတဟောင်းများနှင့် အခြားထင်ရှားကျော်ကြား သော ဝါရှင်တန် နိုင်ငံရေးသမားတို့၏ မိန့်ခွန်းများကို ရေးသားပေးသူလည်း ဖြစ်သည်။ ကျွမ်းကျင်သော တောင်တက်သမားတစ်ဦးလည်းဖြစ်သည်။ ဖခင် ကြီး ဝေါတားမဲန်းက သူ၏ သားသုံးယောက်အား ငယ်စဉ်ကတည်းကပင် တောင်တက်တတ်စေရန် သင်ကြားပေးခဲ့သည်။ သားလတ်ဖြစ်သူ ဂျွန်(John) သည် အသက်တစ်ဆယ့်သုံး နှစ်အရွယ်ကတည်းကပင် ကျောက်တောင် စ, တက်နိုင်ခဲ့ပြီ ဖြစ်သည်။

ဂျွန်က တောင်တက်ရာတွင် ပင်ကိုအရည်အချင်းရှိသူဖြစ်သည်။ သူက အခွင့်အရေးရသည့်အခါတိုင်း ကျောက်ကမ်းပါးယံများရှိရာသို့ သွားလေ့ရှိပြီး တောင်တက်ရန် အခြေအနေမကြုံကြိုက်သည့်အခါများတွင်လည်း တောင်တက် လေ့ကျင့်ခန်းများကို စိတ်ပါဝင်စားစွာ ပြုလုပ်နေလေ့ရှိသူဖြစ်သည်။ သူက တစ်နေ့လျှင် လက်ထောက်မှောက်တွန်းတင်ကာယလေ့ကျင့်ခန်းကို အကြိမ်ရေ လေးရာအထိ ပြုလုပ်သည့်အပြင် ခရီးနှစ်မိုင်ခွဲဝေးသော စာသင်ကျောင်းသို့လည်း နေ့စဉ် လမ်းလျှောက်သွားသည်။ နေ့ခင်းဘက်တွင် အိမ်သို့ လမ်းလျှောက်၍ တစ်ခေါက်ပြန်လာပြီး အိမ်ရှေ့တံခါးကို ထိမိသည်နှင့် ကျောင်းဘက်သို့ ဦးပြန် လှည့်ကာ ဒုတိယအကျော့ အသွားအပြန်ခရီးကို လျှောက်သည်။

၁၉၆၉ ခုနှစ်တွင် အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်ရှိပြီဖြစ်သော ဂျွန်သည် မက်ကင်းလေးတောင်(Mt-McKinley)သို့ တက်ရောက်ခဲ့သည်။ (ထို တောင်ကို ဂျွန်က အခြားသော အလာစကာဒေသသားများနည်းတူပင် ဒဲန်နာလီ (Denali)ဟု ခေါ်သည်။ ဒေသခံ လူနီအင်ဒီးယန်းတိုင်းရင်းသားတို့၏ အက်သာ ပါးစကန်(Athapaskan)ဘာသာစကားဖြင့် ခေါ်ဆိုသောနာမည်ရင်းကို ပို၍ သဘောကျနှစ်သက်သဖြင့် ဒဲန်နာလီ ဟု ခေါ်ဆိုခြင်း ဖြစ်သည်။) ဂျွန်သည် အမေရိကတိုက်၏ အမြင့်ဆုံးတောင်ဖြစ်သော မက်ကင်းလေးတောင်ထိပ် အရောက် တက်ရောက်နိုင်ခဲ့သည့် တတိယမြောက် အသက်အငယ်ဆုံး တောင် တက်သမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ ထို့နောက် နှစ်အနည်းငယ် အတွင်းတွင် ဂျွန်သည် အလာစကာ၊ ကနေဒါနှင့် ဥရောပဒေသတစ်ခွင် တောင်တက်အောင်မြင်မှုမှတ်တမ်းများစွာ ပိုင်ဆိုင်ခဲ့သည်။ ၁၉၇၃ ခုနှစ်အတွင်း

ဖဲဘန့်ခ်(စ)မြို့ရှိ အလာစကာတက္ကသိုလ် တက်ရောက်ချိန်တွင် ဂျွန်သည် မြောက်အမေရိကဒေသတစ်လွှား၌ ထူးချွန်အောင်မြင်ဆုံးသော လူငယ်တောင် တက်သမားတစ်ဦး ဖြစ်နေပေပြီ။

ဝေါတားမဲန်းသည် လူလုံးလူဖန်သေးပြီး အရပ်ငါးပေ သုံးလက်မသာ ရှိသည်။ နတ်သူငယ်တစ်ယောက်ကဲ့သို့ သေးကွေးသောမျက်နှာရှိပြီး တောင့် တင်းသန်မာသော ကြွက်သားများ ပိုင်ဆိုင်သူဖြစ်ကာ ကျွမ်းဘားသမားတစ်ဦး ကဲ့သို့ မမောတမ်းမပန်းတမ်း လှုပ်ရှားနိုင်သော ရုပ်ပိုင်းဆိုင်ရာလည်း ရှိသူ ဖြစ်သည်။ သိကျွမ်းသူတို့အဆိုအရ ပေါင်းသင်းရခက်သော ကလေးလူကြီးတစ် ဦးဖြစ်ကာ ဟာသဓာတ်ခံကလည်း နည်းပါးလှပြီး ရှဉ့်တစ်ကောင်ကဲ့သို့ ခန့်မှန်း ရခက်သည့် အပြုအမူရှိသူလည်း ဖြစ်သည်။ စိတ်ကျန်းမာရေး ပုံမှန်မရှိသည့် ရုပ်ရည်မျိုးဖြစ်သည်။

"ဂျွန်နဲ့ ပထမဆုံး စတွေ့တော့..."။ ကောလိပ်ကျောင်းနေဖက်၊ တောင်တက်ဖက်ဖြစ်သူ ဂျိမ်းစ်ဘရက်ဒီ(James Brady)က ပြောပြလာသည်။ "သူက ကျောင်းဝင်းထဲမှာ အရေးတကြီးဟန်နဲ့ လမ်းလျှောက်လာနေတာ။ ကိုယ်ပေါ်မှာ အနက်ရောင် အပေါ်ရုံဝတ်ရုံရှည်ကြီး ဝတ်ထားတယ်။ မျက်နှာ ပေါ်မှာက အဆိုတော် အယ်လ်တန်ဂျွန် တပ်တဲ့ မျက်မှန်ပုံစံ အပြာရောင်ကိုင်း မျက်မှန် တပ်ထားတယ်။ မှန်နှစ်ချပ်ကြားမှာ ကြယ်ပွင့်တစ်ပွင့် တပ်ထားသေး တယ်။ ဈေးပေါပေါဂစ်တာတစ်လက်ရယ်၊ ဆေးသုတ်ရင်သုံးတဲ့ စက္ကူတိပ်ခွေ တစ်ခွေရယ်ကို လက်ထဲကိုင်ထားတာ။ သူ့ရဲ့ စွန့်စားခန်းတွေအကြောင်း၊ ကီးမဝင်တဲ့အသံနဲ့ ဆိုပြတာကို အကြာကြီးနားထောင်ပေးမယ့်သူတွေကို ဖျော် ဖြေပေးမယ့်ပုံပဲ။ ဖဲဘန့်ခ်(စ)မှာ ဒီလိုမျိုး ကိုးရိုးကားရားပုံစံနဲ့လူတွေ အများကြီး ရှိတာပါပဲ။ ဒါပေမဲ့ သူက ဖဲဘန့်ခ်(စ)ရဲ့ စံနှုန်းနဲ့ကြည့်မယ်ဆိုရင်တောင် ရယ်စရာကောင်းနေတော့တာလေ။ ဟုတ်တယ်၊ ဂျွန်က ဘယ်သူနဲ့မှ မတူ အောင် တစ်မူထူးတဲ့လူပဲ။ လူတော်တော်များများက သူနဲ့ ဘယ်လိုဆက်ဆံရမယ် ဆိုတာ မသိကြဘူးလေ"။

ဝေါတားမဲန်း၏စိတ်အား အစိုးမရဖြစ်စေသည့် အကြောင်းရင်းများကို စဉ်းစားကြည့်ရန် မခဲယဉ်းပါ။ သူ၏မိဘများဖြစ်သည့် ဂိုင်းနှင့် အမ်မလီဝေါ တားမဲန် (Emily Waterman)တို့သည် ဂျွန့်အသက် ဆယ်ကျော်သက်ဘဝအရွယ် ကပင် ကွာရှင်းပြတ်စဲခဲ့ကြသည်။ မိသားစုနှင့် ရင်းနှီးသူတစ်ဦး၏ အဆိုအရ "ဂိုင်းက အိမ်ထောင်ကွာရှင်းပြီးနောက်မှာ ကလေးတွေကို စွန့်ပစ်ခဲ့တယ်။

ကလေးတွေအတွက် သူထပ်လုပ်ပေးနိုင်တာ ဘာမှမရှိတော့ဘူးလေ။ အဲဒီလို စွန့်ပစ်ခံရတာကြောင့် ဂျွန်က တော်တော့်ကိုစိတ်ထိခိုက်သွားခဲ့တာ။ သူတို့မိဘ တွေ ကွာရှင်းပြီး သိပ်မကြာခင်မှာ ဂျွန်နဲ့ သူ့ရဲ့အစ်ကို ဘီလ်(Bill)က သူတို့အဖေ အိမ်ကို သွားလည်ကြတယ်။ ဒါပေမဲ့ ဂိုင်းက သူတို့ကို အတွေ့မခံဘူးလေ။ အဲဒီနောက် သိပ်မကြာခင်မှာပဲ ဂျွန်နဲ့ ဘီလ်က

ဖဲဘာန့်ခ်(စ)မြို့မှာနေတဲ့ ဦးလေး တစ်ယောက်ဆီမှာ အတူသွားနေကြတယ်။ တစ်ရက် သူတို့တွေ ဖဲဘာန့်ခ်(စ)မှာ ရှိနေတုန်း သူတို့အဖေက အလာစကာမှာ တောင်လာတက်မယ့်သတင်းကြားရ လို့ ဂျွန်က စိတ်တွေတအားလှုပ်ရှားနေခဲ့တယ်။ ဒါပေမဲ့ အလာစကာကို ဂိုင်း ရောက်လာချိန်မှာ သူက သားတွေဆီကို ဒုက္ခခံပြီး လာမတွေ့ဘူး။ အလည်လေး တစ်ခေါက်တောင် မလာဘဲ ပြန်သွားတယ်။ အဲဒီမှာ ဂျွန် အသည်းကွဲတာပဲ"။

ဂျွန်နှင့် အလွန်ရင်းနှီးသောဆက်ဆံရေးရှိသည့် အစ်ကိုဖြစ်သူ ဘီလ်မှာ ဆယ်ကျော်သက်ဘဝကပင် ကုန်ရထားပေါ်သို့ ခုန်တက်ရန်ကြိုးစားရင်း ခြေထောက်တစ်ဖက် ဆုံးရှုံးထားရသူဖြစ်သည်။ ၁၉၇၃ ခုနှစ်တွင် ဘီလ်က ခရီးထွက်မည်ဖြစ်ကြောင်း မရေမရာ အသိပေးထားသည့် စာတစ်စောင်ရေး သားပေးပို့ခဲ့ပြီးနောက် စုပ်စမြုပ်စရာမရအောင်ပင် ပျောက်ဆုံးသွားခဲ့ရသည်။ ဘီလ်ဘာဖြစ်သွားသည်ကို ယနေ့အထိ မည်သူမျှတပ်အပ်မပြောနိုင်ပေ။ တောင် တက်ပညာကို ဂျွန် လေ့လာဆည်းပူးပြီးချိန်တွင် သူ၏ရင်းနှီးသောမိတ်ဆွေများ နှင့် တောင်တက်ဖော်များထဲမှ ရှစ်ယောက်မှာ မတော်တဆမှု သို့မဟုတ် ကိုယ့်ကိုယ်ကို သတ်သေမှုများကြောင့် သေဆုံးခဲ့ကြရပြီး ဖြစ်သည်။ ဝေါတား မဲန်း၏ နုနယ်သေးသောစိတ်အပေါ် ပရမ်းပတာနိုင်လှသော ကြမ္မာဆိုးများက အပြင်းအထန် ရိုက်ခတ်ခဲ့ပုံကို စာဖွဲ့၍ ပြောရန်လိုမည် မဟုတ်ပါ။

၁၉၇၈ ခုနှစ်၊ မတ်လတွင် ဝေါတားမဲန်းက သူ၏ အံ့အားသင့်ဖွယ် အကောင်းဆုံးသော ခရီးစဉ်ကို စတင်ခဲ့သည်။ ဟန်းတားတောင် (Mi.Hunter) ထိပ်သို့ အရှေ့တောင်ဘက် တောင်စွယ်မှ တစ်ကိုယ်တော်တက်ရောက်မည့် ခရီးစဉ်ဖြစ်သည်။ အဆိုပါ လမ်းကြောင်းမှတစ်ဆင့် တောင်ထိပ်သို့ တက် ရောက်ဖူးသူ မရှိသေးဘဲ သူ့အရင် ကြိုးစားတက်ရောက်ခဲ့သည့် လက်ရွေးစင် တောင်တက်အဖွဲ့သုံးဖွဲ့မှာလည်း အောင်မြင်မှုမရခဲ့ပါ။ ကလိုင်းမ်ဘင်း(Climbing) အမည်ရ မဂ္ဂဇင်းတွင် ဆောင်းပါးရှင် ဂလဲန်းရန်းဒေါလ်(Glenn Randall)က ဂျွန်၏ အောင်မြင်မှုအကြောင်း ရေးသားဖော်ပြရာ၌ ဝေါတားမဲန်းက လေ၊ ဆီးနှင်းနှင့် သေခြင်းတရားတို့သည် သူ၏ အဖော်များဖြစ်ကြသည်ဟု ဖော်ပြခဲ့ ကြောင်း ထည့်သွင်းရေးသားခဲ့သည်။

ကိတ်မုန့်တစ်လုံးအထက်မှ သကြားရည်အချွန်အတက်များ ဖြူလွလွအဆင်းရှိ ဆီးနှင်းအစွယ်များက တစ်မိုင်ခန့်နက်သော ဟင်း လင်းပြင်အထက်မှ ရှေ့သို့ ငေါထွက်နေပြီး လေကလည်း တဟူးဟူး တိုက်ခတ်နေသည်။ ထောင်မတ်နေသည့် ရေခဲပြင်နံရံများက ပုံး တစ်ပုံးအတွင်းမှ တစ်ဝက်တစ်ပျက် ပျော်ကျလိုက်၊ တစ်ဖန် ပြန်၍ အေးခဲလိုက်နှင့်ရှိသော ရေခဲတုံးငယ်လေးများသဖွယ် အလွယ်တကူ ပင် တစ်စစီပြိုကွဲကျတော့မည့်နှယ်။ ယင်းတို့က ကုန်းတန်းတစ် လျှောက်ကို ကျဉ်းမြောင်းသွားစေသည့်အပြင် နံရံတစ်ဖက်တစ်ချက် မှာလည်း မတ်စောက်လှသည်ဖြစ်ရာ ခြေကားရားခွ၍ သွားနည်း သည်သာ အကောင်းဆုံးဖြစ်ပေမည်။ နာကျင်မှုနှင့်အတူ အထီးကျန် ဖြစ်ခြင်းတို့၏ လွှမ်းမိုးဖိစီးမှုအောက်တွင် သူသည်

စိတ်ဓာတ်ပြိုကွဲ ကာ အော်ဟစ်ငိုကြွေးရသည်ကလည်း အကြိမ်ကြိမ်ပင်။

လွန်စွာ အန္တရာယ်ကြီးလှသော တောင်တက်ခရီးကို ရှစ်ဆယ့်တစ်ရက်တိုင်တိုင် ပင်ပန်းနွမ်းနယ်စွာဖြတ်သန်းပြီးနောက် အမြင့်ပေ ၁၄,၅၇၃ ပေရှိသော ဟန်းတားတောင်ထိပ်သို့ ဝေါတားမဲန်း ရောက်ရှိခဲ့သည်။ ဟန်းတား တောင်သည် ဒဲန်နာလီတောင်၏ တောင်ဘက် ကပ်လျက် အလာစကာတောင် တန်းများတွင် တည်ရှိသည်။ အတက်ခရီးနှင့် အနည်းငယ်မျှသာ သက်သာသည့် အဆင်းခရီးစဉ်အတွက် နောက်ထပ် သီတင်းကိုးပတ် ထပ်မံကြာမြင့်ခဲ့ရသည်။ ဝေါတားမဲန်းသည် တောင်ပေါ်တွင် စုစုပေါင်း ၁၄၅ ရက်တိတိ တစ်ကိုယ်တော် နေထိုင်ခဲ့သည်။ လူနေဒေသသို့ ပြန်လည်ရောက်ရှိချိန်တွင် သူသည် အရုပ်ကြိုး ပြတ်ပုံကျသွားကာ သူ့အား အလာစကာတောင်တန်းများကြားမှ လေယာဉ်ငယ်တစ်စင်းဖြင့် ပြန်လည်ခေါ်ထုတ်ပေးသည့် လေယာဉ်မှူး ကလစ်ဖ်ဟာ့ဒ်ဆင် (Cliff Hudsan)ထံမှ ဒေါ်လာနှစ်ဆယ်ချေးယူ၍ ပြန်ခဲ့ရသည်။ ဖဲဘန့်ခ်(စ)ရှိနေအိမ်သို့ ပြန်ရောက်ချိန်တွင် သူ့အတွက် ရရှိနိုင်မည့် တစ်ခုတည်းသောအလုပ် က ပန်းကန်ဆေးအလုပ်ပင် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဖဲဘန့်ခ်(စ)ရှိ တောင်တက်သမားအသိုင်းအဝိုင်း ကြားတွင် ဝေါတားမဲန်းသည် သူရဲကောင်းတစ်ယောက်ဖြစ်လာခဲ့သည်။ သူက ဟန်းတားတောင်ထိပ်တွင် ရိုက်ကူးလာသည့် ရှုခင်းဓာတ်ပုံများကို အများကြည့် ရှုနိုင်ရန် ဆလိုက်ဒ်ကားချပ်များဖြင့် ပြသပေးသည်။ ဟန်းတားတောင်ထိပ်ကို ဆလိုက်ဒ်ကားချပ်မြင်ကွင်းတွင် မြင်တွေ့ခဲ့ရသည့် ဘရက်ဒီက ဤသို့ ပြန်ပြော ပြသည်။ “တစ်သက်လုံး မမေ့နိုင်စရာပါပဲ။ မယုံကြည်နိုင်လောက်အောင် စွမ်းဆောင်မှုဖြစ်သလို လုံးဝကို ရှင်းရှင်းလင်းလင်းကြီး ဖွင့်ပြလိုက်တာပါ။ သူ့ရဲ့အတွေးတွေ၊ သူ့ရဲ့ခံစားချက်တွေ၊ ရှုံးနိမ့်မှာကို စိုးရွံ့နေတဲ့စိတ်တွေ၊ သေမှာ ကိုကြောက်နေတဲ့စိတ်တွေ ဒါတွေအားလုံးကို အိတ်သွန်ဖာမှောက် အကုန်ထုတ် ပြလိုက်တာပါပဲ။ ဆလိုက်ဒ်ကားချပ်တွေကို ကြည့်ရတာဟာ တောင်ပေါ်ကို သူနဲ့အတူ လိုက်တက်သွားရသလိုပဲ”။ ထို့နောက်ပိုင်းလများတွင် ဝေါတားမဲန်း ၏ မော်ကွန်းထိုးလောက်သော အောင်မြင်မှုအကြောင်း ပြောမဆုံးဖြစ်နေသော် လည်း သူက သူ၏ တောင်တက်လိုသည့်စိတ်ရိုင်းကို အနားပေးထားရမည့် အစား ယင်းစိတ်ရိုင်းတို့အား အောင်မြင်မှုအရှိန်အဟုန်က သွေးထိုးလှုံ့ဆော်ပေး လာခဲ့သည်ကို တွေ့ရှိခဲ့ရသည်။

ဝေါတားမဲန်း၏စိတ်က အဖြေတွေ့စပြုလာပေပြီ။ “ဂျွန်က ကိုယ့်ကိုယ် ကို ဝေဖန်တတ်တဲ့လူ၊ သူ့ကိုယ်သူ အမြဲတမ်းဆန်းစစ်နေတတ်သူပါ”။ ဘရက်ဒီ က ပြောပြလာသည်။ “ပြီးတော့ သူက အမြဲတမ်းအာသာဆန္ဒပြင်းပြနေတဲ့ လူမျိုးပဲ။ သူက ကလစ်ဘုတ်တွေ၊ မှတ်စုရေးစရာတွေ အမြဲသယ်သွားတတ် တယ်။ မှတ်စုတွေအများကြီးရေးမယ်။ သူ့ခရီးစဉ်တစ်ရက်ချင်းအတွက် အသေး စိတ်လုပ်ဆောင်ချက်တွေကို မှတ်တမ်းတင်မယ်။ ဖဲဘန့်ခ်(စ)မြို့ထဲမှာ သူနဲ့

တစ်ခါဆုံမိတာကို မှတ်မိသေးတယ်။ ကျွန်တော်က လမ်းလျှောက်နေတာ။ သူက ကလစ်ဘုတ်တစ်ချပ် ဆွဲထုတ်လာပြီး ကျွန်တော်နဲ့ တွေ့တဲ့အချိန်ကို စာရင်းသွင်းတယ်။ စကားပြောတဲ့အကြောင်းအရာကို မှတ်တမ်းတင်တယ်။ စကားပြောတာက သိပ်အများကြီးပြောဖြစ်တာ မဟုတ်ဘူး။ ကျွန်တော်နဲ့ ဆုံတဲ့အကြောင်း သူ့မှတ်စုထဲမှာ ရေးသားထားတာက စာမျက်နှာ သုံး၊ လေး မျက်နှာလောက်ရှိတယ်။ အဲဒီနေ့က ကျွန်တော်နဲ့မတွေ့ခင် သူရေးမှတ်ထားတာ တွေလည်း ရှိသေးတယ်နော်။ သူ့ရဲ့ မှတ်စုတွေကို တစ်နေရာရာမှာ အထပ်လိုက် အပုံလိုက် ထားထားတာဖြစ်မယ်။ အဲဒီမှတ်စုတွေက ဂျွန်တစ်ယောက်ကလွဲပြီး တခြားဘယ်သူ့အတွက်မှ အသုံးဝင်မှာ မဟုတ်တာသေချာတယ်”။

ထို့နောက် များမကြာမီတွင် ဂျွန်က ဒေသခံကျောင်းတစ်ကျောင်း၏ အုပ်ချုပ်ရေးဘုတ်အဖွဲ့ဝင်တစ်နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ စာသင်သားများကို ကျား၊ မ ခွဲခြား၊ ကန့်သတ်မှုမပြုလုပ်ရေးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများကို တရားဝင်သုံးစွဲခွင့်ပြုရေး မြှင့်တင်ဆောင်ရွက်မည် ဆိုသည့် ကြွေးကြော်သံဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။ ကျောင်းရွေး ကောက်ပွဲတွင် သူရှုံးနိမ့်ခဲ့သည်။ သို့ရာတွင် ချက်ချင်းဆိုသကဲ့သို့ပင် နောက်ထပ် နိုင်ငံရေး မဲဆွယ်မှုတစ်ရပ် စတင်ခဲ့သည်။ သည်တစ်ကြိမ်က အမေရိကန်ပြည်ထောင်စုသမ္မတနေရာအတွက် ဖြစ်သည်။ ဗီးဒ်သည်စတားဗင်းပါတီ(Feed the Starving Party)မှ ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သည်။ ထိုပါတီ၏ အဓိကဦးစားပေးဆောင်ရွက်ရန် ရည်ရွယ်ချက်မှာ ကမ္ဘာပေါ်တွင် မည်သူမျှ အစာရေစာပြတ်လပ်သေဆုံးခြင်းမရှိစေရေး ဖြစ်သည်။

လူထုမဲဆွယ်ပွဲပြုလုပ်ရန်အတွက် သူက အစီအစဉ်ချမှတ်ရာ၌ ဒဲန် နာလီတောင်၏ အမတ်စောက်ဆုံးသောမျက်နှာစာဖြစ်သည့် တောင်ဘက် မျက်နှာစာမှတစ်ဆင့် တောင်ထိပ်သို့ တစ်ကိုယ်တော်တက်ရောက်ရန် ထည့် သွင်းရေးဆွဲခဲ့သည်။ ခရီးစဉ်ကို ဆောင်းရာသီအတွင်း စတင်မည်ဖြစ်ပြီး အစာ ရေစာကို အနည်းဆုံးသာ ယူဆောင်သွားမည်ဖြစ်သည်။ သူက အစားအသောက် လေလွင့်ခြင်းနှင့် အကျင့်ပျက်နေသော အမေရိကန်စားသောက်မှုစံနှုန်း အကြောင်း လူထုအား အလေးပေးဖော်ပြလိုခြင်း ဖြစ်သည်။ တောင်တက်ခရီး စဉ်အတွက် အစားအစာချွေတာမှုနှင့် နည်းစနစ်လေ့ကျင့်ခန်း တစ်စိတ်တစ်ဒေသ အဖြစ် ရေခဲတုံးများအပြည့်ထည့်ထားသော ရေချိုးကန်အတွင်း သူက တစ်ကိုယ် လုံးနှစ်၍ နေပြခဲ့သည်။

၁၉၇၉ ခုနှစ် ဒီဇင်ဘာလတွင် ဝေါတားမဲန်းသည် ကာဟစ်လ်တနာ ရေခဲတောင် (Kahiltna Glacier)သို့ လေယာဉ်ဖြင့် သွားရောက်ခဲ့သည်။ တောင် ပေါ်တက်ပြီး တစ်ဆယ့်လေးရက်အကြာတွင် သူ၏ တောင်တက်ခရီးစဉ်ကို ဖျက်သိမ်းလိုက်ရသည်။ “အိမ်ပြန်ပို့ပေးပါ”။ သူက လေယာဉ်မှူးထံ သတင်းပို့ခဲ့

သည်။ "ကျုပ် မသေချင်ဘူး"ဟု ဆိုသည်။ ထို့နောက် နှစ်လအကြာတွင် သူ က ဒုတိယအကြိမ်မြောက် ထပ်မံကြိုးစားသည်။ သို့ရာတွင် အလာစကာတောင် တန်းများသို့ လာရောက်ကြသည့် တောင်တက်အဖွဲ့များ အများဆုံး စတည်းချ လေ့ရှိသည့် ဒဲန်နာလီတောင်၏ တောင်ဘက်ရှိ တယ်လ်ကီတနာ(Talkeetna) အမည်ရ ကျေးရွာတစ်ရွာ၌ နေရာချဆောက်လုပ်ထားသော သူ၏ တဲငယ်မှာ မီးသင့်လောင်ကာ သူ၏ ပစ္စည်းကိရိယာများ၊ များပြားလှသော မှတ်စုများ၊ ကဗျာများ၊ ကိုယ်တိုင်ရေး ဂျာနယ်မှတ်စုများ စသည့် သူ၏ဘဝနှင့်ရင်း၍ လုပ်ကိုင်ထားသည့်အရာအားလုံး မီးသင့်ပျက်စီးသွားခဲ့ရသည်။

ဝေါ်တားမဲန်းမှာ သူ၏ ဆုံးရှုံးမှုများအတွက် ဆောက်တည်ရာမရဖြစ် ခဲ့ရသည်။ မီးလောင်မှုဖြစ်ပွားပြီး နောက်တစ်ရက်တွင် အန်ခါးရေ့ချ်မြို့ စိတ် ရောဂါ အထူးကုဌာနသို့ သူ့ဆန္ဒအလျောက် သွားရောက်ပြသခဲ့သည်။ သီတင်း နှစ်ပတ်မျှအကြာတွင် စိတ်ရောဂါကုဌာန၌ ကုသမှုခံယူနေရာမှ ပြန်ဆင်းလာခဲ့ ပြီး သူ့အား အပြီးအပြတ်ရှင်းထုတ်ရန် တိတ်တဆိတ်ပူးပေါင်းကြံစည်မှုတစ်ရပ် ရှိသည်ဟု သူက ထင်မြင်ယူဆလာခဲ့သည်။ ထို့နောက် ၁၉၈၁ ခုနှစ် ဆောင်း ရာသီတွင် ဒဲန်နာလီတောင်ကို တစ်ကိုယ်တော်တက်ရောက်ရန် ထပ်မံကြိုးစား လာပြန်သည်။

ဆောင်းရာသီကာလအတွင်း တစ်ကိုယ်တော် တောင်တက်ခြင်းက သူ့အတွက် လုံလောက်သော စိန်ခေါ်မှုတစ်ရပ် မဟုတ်သည့်အလား ဝေါ်တားမဲန်း က သူ၏ခရီးစဉ်ကို မြေပြင်ခရီးကြမ်း မိုင် ၁၆၀ ခန့်ဖြင့် အစပြုကာ သူ၏ လောင်းကြေးကို ထပ်မံမြှင့်တင်ရန် ဆုံးဖြတ်လိုက်သည်။ ကွတ်ခ်ရေလက်ကြား (Cook Inlet)မှ တောင်ခြေအထိ သာမန်ထက်ပိုမိုရှည်လျား ခက်ခဲသောလမ်း ကြမ်းအတိုင်း လမ်းလျှောက်သွားရောက်ကာ တောင်ပေါ်သို့ တစ်ကိုယ်တော် တက်ရန် ဆုံးဖြတ်ခဲ့ခြင်းပင်။ ကွတ်ခ်ရေလက်ကြားမှ ဖေဖော်ဝါရီလတွင် စတင်၍ ထွက်ခွာလာခဲ့သည်။ သို့ရာတွင် ရုသ်ရေခဲတောင် (Ruth Glacier)၏ အောက်ဖျားဒေသဘက်သို့အရောက်၌ သူ၏ စိတ်အားထက်သန်မှုက အား ပျော့ပျက်ပြယ်သွားသည်။ မူလရည်မှန်းချက်နှင့် မိုင်သုံးဆယ်ခန့်အကွာတွင် ခရီးစဉ်ကို ပယ်ဖျက်ပြီး တာယ်လ်ကီတနာ(Talkeetna)အမည်ရ သန်းခေါင် စာရင်းဝင် ရွာငယ်သို့ ပြန်လှည့်လာခဲ့ရသည်။ တစ်ဖန်၊ မတ်လအတွင်း၌ သူ က တစ်ကျော့ပြန် ပြင်ဆင်ကာ တစ်ကိုယ်တော်ခရီးကြမ်းကို ပြန်လည်စတင် လာသည်။ မြို့မှ မထွက်ခွာမီတွင် သူက သူငယ်ချင်းတစ်ယောက်ပမာ ရင်းနှီး နေပြီဖြစ်သည့် လေယာဉ်မှူး ကလစ်ဖ်ဟာ့ဒ်ဆင်အား "မင်းကို ငါ နောက်တစ် ခါ တွေ့ရတော့မှာ မဟုတ်ဘူး"ဟု ပြောသွားခဲ့သည်။

အလာစကာတောင်တန်းဒေသ၏ မတ်လ ရာသီဥတုက အခြားလ များထက် ထူးကဲစွာ အအေးပိုလှသည်။ မတ်လနောက်ပိုင်းတွင် မတ်ဂ်(စ) စတမ့်ပ်(Mugs Stump)က ဝေါ်တားမဲန်းနှင့်အတူ ရုသ်ရေခဲတောင်အထက်တစ် ကြောမှ

လမ်းများပေါ်တွင် အတူထွက်လာခဲ့သည်။ စတမ့်ပ်သည် ၁၉၈၂ ခုနှစ်တွင် ဒဲန်နာလီတောင်၌ သေဆုံးခဲ့သည့် နာမည်ကျော်တောင်တက်သမား တစ်ဦးဖြစ်သည်။ သူက ဒဲန်နာလီအနီးရှိ မူးဆက်စ်တွတ်သ်(Mooses Tooth) တောင်သို့ ခက်ခက်ခဲခဲ တက်ရောက်ရသည့်လမ်းကြောင်းသစ်တစ်ခုမှ အောင် မြင်စွာ တက်ရောက်ထားနိုင်ခါစ ဖြစ်သည်။ ဝေါတားမဲန်းနှင့် ခရီးကြမ်းအတူ ထွက်ခဲ့ပြီး များမကြာမီမှာပင် စတမ့်ပ်က ဆီယက်တဲလ်မြို့ရှိ စာရေးသူနှင့် တွေ့ဆုံဖြစ်ခဲ့ပြီး ဝေါတားမဲန်းအကြောင်း မှတ်ချက်ပေးခဲ့သည်။ “ဂျွန့်ကိုကြည့်ရ တာ စိတ်နဲ့ကိုယ်နဲ့ မကပ်သလိုပဲ။ ပတ်ဝန်းကျင်ကို သတိလက်လွတ်နဲ့ ဘာတွေ မှန်းမသိတာတွေ တတွတ်တွတ် ပြောနေတာ။ ဒဲန်နာလီတောင်ကို ဆောင်းတွင်းကြီးထဲမှာ တက်မယ်လည်းဆိုသေးတယ်၊ သူ့မှာ ပြည့်စုံလုံလောက်တဲ့ ပစ္စည်း ကိရိယာ တစ်ခုမှ မရှိဘူး။ အပေါ်စား နှင်းကာဝတ်စုံတစ်စုံ ဝတ်ထားပြီး ခရီးဆောင်အိပ်ရာအိတ်တောင် သယ်မလာဘူး။ လမ်းတစ်လျှောက်လုံး စားစရာ ဆိုလို့ ဂျုံမှုန့်တစ်ထုပ်၊ သကြားနည်းနည်း၊ ဟင်းရွက်ဆီနဲ့လုပ်တဲ့ ခရစ္စကို(Crisco) ထောပတ်ဘူးတစ်ဘူးရယ်ပဲ ပါတာ”။

ဓာတ်ပုံဆရာ ဂလဲန်းရန်ဒေါလ်(Glenn Randall)ရေးသားသော ဘရိတ် ကင်းပွိုင့် (Breaking Point)အမည်ရ စာအုပ်တွင် အောက်ပါအတိုင်း ရေးသား ဖော်ပြခဲ့သည်။

ဝေါတားမဲန်းသည် ရှဲလ်ဒန်းမောင်တိန်းဟောက်စ်(Sheldon Mountain House)ခေါ်တောင်တက်သမားများ တည်းခိုရာစခန်းတွင် သီတင်းပတ်များစွာ နေထိုင်ခဲ့သည်။ သူနေထိုင်ရာ တဲငယ်က အလာ စကာတောင်တန်းအလယ်ရှိ ရှယ်ရေခဲတောင်၏ မျက်နှာစာတစ် ဖက်တွင်ရှိသည်။ ထိုအချိန်က ယင်းဒေသအတွင်း တောင်တက်ခရီး ထွက်လာသူ ကိတ်ဘူးလ်(Kate Bull)က ဝေါတားမဲန်းသည် စိတ် ဓာတ်ပြိုကွဲနေဟန်ရှိကာ အရာရာကို အခါတိုင်းထက်ပို၍ သတိကြီး စွာထားနေဟန်ရှိကြောင်း ပြောပြခဲ့သည်။ ကိတ်ဘူးလ်သည် ဝေါ တားမဲန်း၏ မိတ်ဆွေတစ်ဦးလည်း ဖြစ်သည်။ ဝေါတားမဲန်းက ကလစ်ဖ်ဟာ့ဒ်ဆင်ထံမှ ငှားရမ်းလာခဲ့သော ရေဒီယိုဖြင့် အဆက် အသွယ်ပြုလုပ်ကာ ရိက္ခာထပ်ပို့ပေးရန် ကလစ်ဖ်အား မှာကြားခဲ့ သည်။ ထို့နောက် ငှားရမ်းလာသော ရေဒီယိုကို သူက ပြန်ပေးခဲ့ သည်။

“ရှေ့လျှောက် ဒီရေဒီယိုကို လိုတော့မှာ မဟုတ်ဘူးလေ”ဟု သူက ဆိုခဲ့သည်။ ရေဒီယိုဆိုသည်က အကူအညီတောင်းခံခြင်းကို သူက ဆိုလိုခြင်းဖြစ်သည်။

ဝေါတားမဲန်းသည် ရှယ်ရေခဲတောင်ကြောပေါ်ရှိ နော့သ်ဝက်စ်ဖော့ခ် (Northwest Fork)ရေခဲတောင်တွင် ဧပြီလ ၁ ရက်နေ့က နောက်ဆုံး စခန်းချ သွားခဲ့သည်။ သူ၏ လမ်းကြောင်းက ဒဲန်နာလီတောင်၏ အရှေ့ဘက်တောင် ကြောဆီသို့ ဦးတည်သည်။ လမ်းခရီးတစ်လျှောက်တွင် ဝက်ပါ သဖွယ် အသွယ် သွယ်ရှိပြီး ကြီးမားနက်ရှိုင်းလှသော ရေခဲပြင်ပပ်ကြားအက်များကို ဖြတ်သန်း သွားသည်။ အန္တရာယ်များပြားလှသော လမ်းခရီးတစ်လျှောက် ဘေးရန်ကင်း ဝေးစွာ သွားရောက်နိုင်ခဲ့သည့် သက်သေအထောက်အထားတစ်စုံတစ်ရာ မတွေ့ကြရပါ။

သူ့ကို မည်သူမျှ ထပ်မံမြင်တွေ့ရခြင်း မရှိတော့။ ပါးလွှာသော ရေခဲပြင်ထက် လျှောက်သွားရင်း ရေခဲပြင်ကျိုးကျကာ ကျဉ်းမြောင်းနက်ရှိုင်း သော ရေခဲပြင်ပပ်ကြားအက်တစ်ခုကြားသို့ ကျရောက်ပြီး အသက်ဆုံးရှုံးခဲ့သည် ဟု ယူဆရသည်။ ဝေါတားမဲန်း ထွက်ခွာသွားပြီး သီတင်းတစ်ပတ်အကြာတွင် အမျိုးသားဥယျာဉ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က လေကြောင်းမှ လိုက်လံ ရှာဖွေခဲ့သော်လည်း သူ၏ အရိပ်အယောင်မျှကိုပင် မြင်တွေ့ခဲ့ရခြင်း မရှိပေ။ နောက်ပိုင်းတွင် တောင်တက်သမားအချို့က ရှဲလ်ဒန်းမောင်းတိန်းဟောက်စ် နားနေစခန်းရှိ ဝေါတားမဲန်းနေထိုင်ခဲ့ရာ တဲငယ်အတွင်း သူ၏ ပစ္စည်းကိရိယာ များ ထည့်သည့်သေတ္တာပေါ် တင်ထားသော မှတ်စုစာရွက်တစ်ရွက်ကို တွေ့ရှိခဲ့ ကြရသည်။ မှတ်စုပေါ်၌ ‘၃.၁၃.၈၁” ဟူ၍ နေ့စွဲရေးထိုးထားပြီး “ကျွန်ုပ်၏ နောက်ဆုံးအနမ်း၊ မွန်းလွဲ ၁း၄၂ နာရီ” ဟု ရေးသားထားသည်။

ဂျွန်ဝေါတားမဲန်းနှင့် ခရစ္စမက်ကန်းဒလက်စ်တို့အကြား ဖြစ်ပျက်ပုံ ချင်း အလားတူဖြစ်သည်ဟု နှိုင်းယှဉ်ကောက်ချက်ဆွဲနိုင်ပါသည်။ အလားတူပင် မက်ကန်းဒလက်စ်၏ဖြစ်ရပ်ကို သဘောကောင်းဖော်ရွေသလောက် စိတ်မှတ် ကင်းမဲ့လှသော တက္ကဆက်ပြည်နယ်သား ကားလ်မက်ကန်း(Carl McCunn)၏ အဖြစ်နှင့်လည်း နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ မက်ကန်းသည် ၁၉၇၀ ပြည့်နှစ် များအတွင်း ရေနံတူးဖော်ရေးလုပ်ငန်းများ အရှိန်အဟုန်ကောင်းစဉ် အလာစကာ ပြည်နယ်ဖြတ် ရေနံပိုက်လိုင်း သွယ်တန်းရေးစီမံကိန်း(Trans-Alaska Pipeline Construction Project)အလုပ်မှ ဝင်ငွေအမြောက်အမြားရရှိပြီး ဖဲဘဲန့်ခ်(စ)မြို့သို့ ပြောင်းရွှေ့အခြေချလာသူ ဖြစ်သည်။ ၁၉၈၁ ခုနှစ် မတ်လအစောပိုင်းတွင် ဝေါတားမဲန်းက အလာစကာတောင်တန်းဒေသအတွင်း သူ၏ နောက်ဆုံးခရီး ကြမ်းထွက်ခွာရန် ပြင်ဆင်နေစဉ် မက်ကန်းက နယ်စွန်နယ်ဖျားဒေသများသို့ ပျံသန်းပို့ဆောင်ပေးသည့် လေယာဉ်မှူးတစ်ဦး ငှားရမ်းကာ ကိုလင်းမြစ်(Coleen River)အနီးရှိ ဝေးလံသီခေါင်သော ရေကန်တစ်ကန်အနီး ချထားပေးစေခဲ့သည်။ ထိုဒေသသည် ဘရွတ်ခ်(စ)တောင်တန်း(Brooks Range)ဒေသ၏ တောင်ဘက် နယ်နိမိတ်မျဉ်းပေါ်ရှိ ဖို့တ်ယူကွန်းမြို့ (Fort Yukon) အရှေ့မြောက်ဘက် ၇၅ မိုင်အကွာတွင် တည်ရှိသည်။

အသက် ၃၅ နှစ်အရွယ်ရှိ အပျော်တမ်းဓာတ်ပုံဆရာ မက်ကန်းက သူ့ခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ တောတွင်းတိရစ္ဆာန်များကို ဓာတ်ပုံရိုက် ရန်ဖြစ်သည်ဟု သူ၏ မိတ်ဆွေများကို ပြောကြားခဲ့သည်။ သူက ခရီးစဉ်အတွင်း အသုံးပြုရန် ဖလင်အလိပ်ငါးရာ၊ ဒသမ နှစ်နှစ်၊ ဒသမ သုံးသုည၊ သုံးဆယ်ကယ်လီဗာရိုင်ဖယ်သေနတ်များ၊ စရိတ်ကျည်သုံး ပြောင်းချောသေနတ်တစ် လက်၊ ရိက္ခာပေါင်ချိန် ၁၄၀၀ တို့ကို သယ်ဆောင်သွားသည်။ တောတွင်း၌ ဩဂုတ်လအထိ နေထိုင်သွားရန် သူက ရည်ရွယ်ခဲ့သည်။ သို့ရာတွင် သူက နွေရာသီကုန်ဆုံးချိန်၌ သူ့အား ပြန်လာခေါ်ရန် လေယာဉ်မှူးအား မှာကြားခဲ့ခြင်း

မရှိ။ ထိုအချက်ကပင် သူ၏ အသက်ကို ဆုံးရှုံးစေခဲ့ခြင်းဖြစ်သည်။

မက်ကန်း၏ အံ့အားသင့်ဖွယ် သတိလစ်ဟင်းမှုမှာ ဖဲဘဲန့်ခ်(စ)မြို့ ခံလူငယ်တစ်ဦးဖြစ်သူ မာ့က်စတော့ပယ်လ် (Mark Stoppel)အတွက် အထူး တလည်အံ့အားသင့်စရာ မဟုတ်ခဲ့ပါ။ စတော့ပယ်လ်သည် ဘရွတ်ခ်(စ)တောင် တန်းဒေသဘက်သို့ မက်ကန်း မသွားသေးမီ ရေနံပိုက်လိုင်းဆောက်လုပ်ရေးလုပ် ငန်းတွင် ကိုးလကြာ အလုပ်အတူလုပ်ရင်း သိကျွမ်းရင်းနှီးလာသူ ဖြစ်သည်။ ပိန်ပိန်ပါးပါး၊ အရပ်ရှည်ရှည်ရှိသော တက္ကဆတ်ပြည်နယ်သား မက်ကန်း အကြောင်း စတော့ပယ်လ်က ပြောပြခဲ့သည်။

"သူက ဖော်ရွေတယ်။ လူသိတော်တော်များတယ်။ ပွင့်ပွင့်လင်းလင်း နဲ့ တောဆန်တဲ့လူမျိုးပဲ။ လူကတော့ လူတော်တစ်ယောက်ပဲ။ ဒါပေမဲ့ နည်းနည်း တော့ စိတ်ကူးယဉ်ဆန်တတ်တယ်။ လက်တွေ့နဲ့ ကင်းကွာသွားတာလေးတွေ နည်းနည်းပါးပါးရှိတယ်ဆိုပါတော့။ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိပြီး လူတွေကို ဆွဲဆောင်နိုင်တယ်။ ပါတီပွဲတွေဘာတွေ ကြိုက်တယ်။ တာဝန်သိပ်သိတတ်ပေမဲ့ တစ်ခါတစ်ခါကျရင် ကြိုတင်ပြင်ဆင်မှုမရှိဘဲ လက်တန်းလုပ်ချလိုက်တဲ့လူ။ စိတ်လိုက်မာန်ပါ လုပ်တတ်သူပေါ့။ ဟိတ်နဲ့ဟန်နဲ့ လူစွမ်းကောင်းလုပ်ပြချင်စိတ်ရှိတဲ့သူမျိုးပဲ။ အံ့တော့မအံ့ဩဘူး။ အဲဒီတောကြီးထဲကို သူထွက်သွားပြီး ပြန်လာ ကြိုဖို့ရာ မေ့ပြီး မစီစဉ်ခဲ့တာက ကျွန်တော့်အတွက်တော့ အံ့အားသင့်စရာမဟုတ် ပါဘူး။ ကျွန်တော်က ရေနစ်သေခဲ့တဲ့ သူငယ်ချင်းတွေ၊ အသတ်ခံရတဲ့သူငယ် ချင်းတွေ၊ အထူးအဆန်းမတော်တဆမှုတွေနဲ့ သေကြရတဲ့သူငယ်ချင်းတွေ အများ ကြီး ကြုံခဲ့ရပြီးသားဆိုတော့ တော်ရုံတန်ရုံတော့ မတုန်လှုပ်တတ်ဘူးလေ။ အလာစကာမှာကတော့ ဒီလိုထူးဆန်းတဲ့ အဖြစ်အပျက်မျိုးတွေ အမြဲဖြစ်နေကျ ဖြစ်လို့ ကျင့်သားရနေပြီ"

ဩဂုတ်လနှောင်းပိုင်းတွင် နေ့တာတိုလာပြီး လေက ပို၍အေးမြလာ သည်။ ဘရွတ်ခ်(စ)တောင်တန်းဒေသတွင် ဆောင်းဦးပေါက်ရာသီဝင်ချိန်ဖြစ် သည်။ သူ့ကို လာခေါ်မည့်သူ မရှိသဖြင့် မက်ကန်း စိုးရိမ်ပူပန်စ,ပြုလာသည်။ "ကျွန်တော် ခရီးမထွက်ခင်မှာကတည်းက ဒီ့ထက်ပိုပြီး အမြော်အမြင်ရှိရှိနဲ့ စီစဉ်မိခဲ့ဖို့ကောင်းတယ်" ဟု သူ၏ နေ့စဉ်မှတ်တမ်းတွင် မက်ကန်းက ဝန်ခံရေးသားခဲ့သည်။ မက်ကန်း၏ နေ့စဉ်မှတ်တမ်းမှ အရေးပါသော မှတ်စုအချို့ကို သူသေဆုံးပြီးနောက်မှ ထုတ်ဝေသော ဖဲဘန့်ခ်(စ)ဒေးလီးနယူးစ်မိုင်းနား (Fairbanks Daily News-Miner)စာစောင်တွင် ခရစ္စကက်ပ်(စ) Kris Capps): သားသော အပိုင်းငါးပိုင်းပါ ဆောင်းပါး၌ ထည့်သွင်းဖော်ပြခဲ့သည်။ "မကြာခင် ကျွန်တော်တွေ့ရတော့မယ်" ဟုလည်း မက်ကန်းက ရေးသွားခဲ့သည်။

တစ်ပတ်ထက်တစ်ပတ် အအေးပိုလာသောဆောင်းရာသီဒဏ်ကို မက်ကန်း ခံစားလာရပေပြီ။ ရိက္ခာမလုံမလောက်ဖြစ်လာချိန်တွင် ပြောင်းချော သေနတ်ကျည်ဆန်တစ်ဒါဇင်ခန့်မှအပ ကျန်သည့်ကျည်ဆန်အားလုံးကို ရေကန်

အတွင်းသို့ လွှင့်ပစ်ခဲ့မိခြင်းအတွက် နောင်တရလာခဲ့ရသည်။ "ပြီးခဲ့တဲ့ နှစ်လ လောက်အရင်က စရိုက်ကျည်ဆန်တွေ လွှင့်ပစ်ခဲ့မိတာကိုပဲ ပြန်သတိရနေ တယ်"။ မက်ကန်းက ရေးသားခဲ့သောမှတ်စုဖြစ်သည်။"စရိုက်ကျည်ဆန် ငါး ဘူးယူလာခဲ့တာ။ ကျည်ဘူးတွေကြည့်ရင်းကြည့်ရင်း ငါဘာဖြစ်လို့ ဒီလောက် အမိုက်ခံပြီး အများကြီးသယ်လာရတာလဲလို့ တွေးမိပြီး လွှင့်ပစ်ခဲ့တာ။ ကိုယ့် ကိုယ်ကို အပစ်အခတ်ဝါသနာထုံတဲ့ လူတစ်ယောက်လို့ မြင်သွားမိခဲ့တာပါ။ အငတ်ဘေး မဆိုက်အောင် ဒီကျည်ဆန်တွေကို သိမ်းထားရမယ်လို့ ဘယ်သူက သိမှာတဲ့လဲ"။

အေးမြလန်းဆန်းသော စက်တင်ဘာလ တစ်မနက်ခင်း၌ သူ့အတွက် လွတ်မြောက်ရေးလမ်းစ ပေါ်ထွက်လာခဲ့သည်။ လက်ကျန်စရိုက်ကျည်ဆန်များ ဖြင့် ရေဘဲပစ်ရန်လိုက်နေစဉ် တောင်၏ တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သော လေယာဉ်ပျံပန်ကာသံကို မက်ကန်း ကြားလိုက်ရပြီး မကြာမီမှာပင် လေယာဉ် က သူ၏ ဦးခေါင်းအထက်တွင် ဝဲပျံထွက်ပေါ်လာသည်။ လေယာဉ်မှူးက မက်ကန်းနေထိုင်ရာစခန်းကို မြင်တွေ့သွားပြီး အနိမ့်ပျံချဉ်းကပ်ကာ နှစ်ပတ် တိုင်တိုင် ပျံဝဲကြည့်ရှုစစ်ဆေးသည်။ မက်ကန်းက ခရီးဆောင်အိပ်ရာအိတ်ထည့် သည့် လိမ္မော်ရောင်တောက်တောက်အစတစ်စဖြင့် သွေးရူးသွေးတန်းဝှေ့ယမ်းပြ သည်။ လေယာဉ်ပျံက ဘီးတပ်လေယာဉ်ဖြစ်ပြီး ရေပြင်တွင် ဆင်းသက်နိုင် သည့် ရှပ်ပြေးခြေထောက်တပ်ဆင်ထားခြင်း မရှိသဖြင့် ဆင်းသက်ခြင်းမပြုနိုင် ပေ။ သို့ရာတွင် မက်ကန်းက လေယာဉ်သည် သူ့အတွက် ရေပြင်ပေါ်ဆင်းသက် နိုင်သည့် ရှပ်ပြေးခြေထောက်တပ် လေယာဉ်တစ်စင်းကို ခေါ်ယူပေးလိမ့်မည် ဟု သေချာပေါက် ယုံကြည်သည်။ ထိုသို့ ယုံကြည်ခဲ့ပုံကို သူက သူ၏ နေ့စဉ် မှတ်တမ်းအတွင်း ထည့်သွင်းရေးသားခဲ့သည်။ "ပထမတစ်ပတ် ဝဲပျံကြည့်ပြီး သွားချိန်မှာ ကျွန်တော် အချက်ပြနေတာကို ရပ်လိုက်တယ်။ ပြီးတော့ ပစ္စည်းတွေထုပ်ပိုးပြီး စခန်းသိမ်းဖို့ အဆင်သင့်လုပ်ထားလိုက်တယ်"။

သို့ရာတွင် ထိုနေ့က မည်သည့်လေယာဉ်မျှ ထပ်မံရောက်ရှိလာခြင်း မရှိ။ နောက်နေ့တွင်လည်းမရှိ။ နောက်နေ့၊ နောက်နေ့များတွင်လည်း အလားတူ ပင်။ နောက်ဆုံးတွင် သူ၏ အမဲလိုက်လိုင်စင်နောက်ကျောဘက်သို့ လှန်ကြည့် ရာမှ လေယာဉ်မလာသည့်အကြောင်းရင်းကို မက်ကန်းက သိရှိသွားခဲ့ရသည်။ လိုင်စင်စာရွက်၏ နောက်ကျောဘက်နေရာလွတ်၌ မြေပြင်မှ လေယာဉ်သို့ ဆက်သွယ်ရာတွင် အသုံးပြုသည့် လက်အချက်ပြသင်္ကေတများကို ပုံနှိပ်ဖော်ပြ ထားသည်။ လေယာဉ်က ဒုတိယအကြိမ် ပတ်လာတဲ့အချိန်မှာ ကျွန်တော်က ညာလက်ကိုမြှောက်ပြီး လက်သီးဆုပ်ယမ်းပြမိခဲ့တာ"။ မက်ကန်းက သူ၏ နေ့စဉ်မှတ်တမ်းတွင်ရေးသားခဲ့ခြင်းဖြစ်သည်။ "ပျော်လို့ပြလိုက်တာပဲ။ ဒါပေမဲ့ ကိုယ့်အသင်းဂိုးရလို့ အောင်ပွဲခံသလို ဖြစ်သွားတယ်"။ လက်တစ်ဖက်တည်းကို မြှောက်ပြခြင်းသည် "အားလုံးအဆင်ပြေ၊ အကူအညီမလို"ဟု အဓိပ္ပာယ်ရသော

ကမ္ဘာသုံးလက်အချက်ပြသင်္ကေတတစ်ရပ်ဖြစ်ကြောင်းအခါ နှောင်းမှပင် မက် ကန်း သိရှိသွားခဲ့ရသည်။ လက်နှစ်ဖက်လုံးကို မြှောက်ပြမှသာ "အက်စ်အို အက်စ်၊ အရေးပေါ်။ အကူအညီ ချက်ချင်းလွှတ်ပေးရန်"ဟု အဓိပ္ပာယ်ရသော လက်အချက်ပြသင်္ကေတဖြစ်သည်။

"အဲဒါကြောင့် ပထမတစ်ပတ် ဝဲကြည့်ရာကနေ အဝေးကိုရောက် သွားပြီးမှ နောက်တစ်ပတ်ထပ်ပတ်ကြည့်တာနေမှာ။ အဲဒီတစ်ပတ်မှာ ကျွန်တော် က အချက်မပြလိုက်မိဘူး။ (အမှန်တော့ လေယာဉ်ဖြတ်ပျံသွားချိန်မှာ ကျွန် တော်က ကျောပေးထားခဲ့တာ။)"။ မက်ကန်းက သူ့အတွေးဖြင့်သူ ငေးကျန်ရစ် သည်။ "သူတို့က ကျွန်တော့်ကို ငကြောင်တစ်ယောက်ပဲဆိုပြီး မတွေ့တော့တာ နေမယ်"။

စက်တင်ဘာလကုန်ပိုင်းတွင် နှင်းတို့က ဒေသတစ်ခုလုံးကို လွှမ်းခြုံ ထားပြီး ရေကန်မှ ရေများပင် အေးခဲနေပြီဖြစ်သည်။ သယ်လာခဲ့သော ရိက္ခာ များ ကုန်ခန်းသည်တွင် မက်ကန်းက အလေ့ကျပေါက်သော နှင်းဆီသီးများ ရှာဖွေစားသောက်ခြင်း၊ ယုန်ထောင်ဖမ်းခြင်း စသဖြင့် ရိက္ခာမပြတ်ရန် ကြိုးပမ်း လာရသည်။ တစ်ကြိမ်တွင်မူ ရေကန်အနီး ကျက်စားပြီး ရောဂါဖြင့် သေဆုံးနေ သည့် သမင်တစ်ကောင်ကိုတွေ့ရှိကာ သမင်အသေသားကို ရယူနိုင်ခဲ့သည်။ သို့ရာတွင် အောက်တိုဘာလအတွင်း၌မူ မက်ကန်းမှာ ခန္ဓာကိုယ်တွင်ရှိသမျှ အဆီအသားတို့ ခန်းခြောက်ကာ အေးစက်ရှည်လျားလှသော အလာစကာ ဆောင်းညများတွင် နွေးနွေးထွေးထွေးနေနိုင်ရန် ခဲယဉ်းလာသည်။ "အခုအချိန်အထိ ကျွန်တော် မြို့ကို ပြန်မရောက်လာသေးတာ တစ်ခုခုတော့မှားနေပြီလို့ တစ်ယောက်ယောက်က တွေးမိမှာပါ" ဟု မက်ကန်းက ရေးသားခဲ့သည်။ သို့ရာတွင် မည်သည့်လေယာဉ်မျှ ရောက်ရှိမလာသေး။

"သူ့ကိုကယ်တင်မယ့် လူတစ်ယောက်ယောက်တော့ မှော်ဆန်ဆန် ပေါ်လာလိမ့်မယ်လို့ ကားလ်က ယူဆခဲ့ပုံရတယ်"။ စတော့ပယ်လ်က ပြောပြ လာသည်။ "သူက အရင်တုန်းက ကုန်ကားမောင်းတဲ့လူတစ်ယောက်ပဲ။ ထရပ် ကားတစ်စင်း မောင်းရတယ်။ အဲဒါကြောင့် သူ့အလုပ်မှာ စိတ်ဓာတ်ကျစရာ အခက်အခဲမျိုးစုံ ခဏခဏကြုံဖူးတယ်။ ကားထဲမှာထိုင်ပြီး နေ့ခင်းအိပ်မက်တွေ မက်ရင်း အဲဒီအခက်အခဲတွေကို သူက ဖြတ်ကျော်ခဲ့ဖူးတာလေ။ ဘရွတ်ခ်(စ) တောင်တန်းခရီးစဉ်ကိုလည်း သူက အဲဒီလိုအတွေးနဲ့ လာခဲ့တာပဲ။ ဒီခရီးစဉ် က သူ့အတွက် အရေးပါတယ်။ ဒီခရီးစဉ်အတွက် နှစ်ဝက်ကျော်ကျော်အချိန် ပေးပြီး အစီအစဉ်တွေဆွဲ၊ စိတ်တွေကူးထားတာ။ အလုပ်က အနားရတဲ့ အချိန်ဆိုလည်း သူ့ခရီးစဉ်မှာ ယူသွားမယ့်ပစ္စည်းတွေအကြောင်း အမြဲပြောပြနေ တာ။ တစ်ချိန်လုံး ဒီခရီးစဉ်အကြောင်းပဲ သူက တွေးနေခဲ့တယ်။ အစီအစဉ် အသေးစိတ်ကို သူက ဂရုတစိုက်ရေးဆွဲထားတယ်ဆိုပေမဲ့ ရေမြေတောတောင် တွေရဲ့ သာယာလှပမှုကို သူက ပျော်ရွှင်ခံစားတတ်သူပါ"။

"ဥပမာပြောရရင်......" စတော့ပယ်လ်က စကားဆက်သည်။ "သူက

တောထဲကို လေယာဉ်နဲ့ တစ်ယောက်တည်းသွားချင်တာ မဟုတ်ဘူး။ သူ့ရဲ့ နဂိုစိတ်ကူးက မိန်းမလှလေးတစ်ယောက်နဲ့အတူ တောထဲမှာ သွားနေဖို့ပဲ။ ကျွန်တော်တို့ အလုပ်ထဲက ကောင်မလေးနှစ်ယောက်လောက်နဲ့ သူက အဆင်ပြေနေတာ။ ဆူး(Sue)နဲ့ ဘာဘရာ(Barbara)လို့ခေါ်တဲ့ ကလေးမနှစ်ယောက်ထဲ က သူ့ကို အဖော်ပြုပေးမယ့် ဘယ်တစ်ယောက်နဲ့ပဲဖြစ်ဖြစ် တောထဲသွားဖို့ရာ သူက ကြိုးစားသိမ်းသွင်းခဲ့တာ။ ဒါပေမဲ့ ဘယ်သူမှမလိုက်ကြဘူး။ ကျွန်တော် ဆိုလိုချင်တာက ကျွန်တော်တို့ အလုပ်လုပ်ရတဲ့ ရေနံတွင်းပို့စခန်းအမှတ် ၇ မှာ မိန်းကလေးတစ်ယောက်ဆိုရင် ယောကျ်ားလေးက အယောက် ၄၀ လောက်ရှိမယ်ထင်တယ်။ ဒါပေမဲ့ ကားလ်က စိတ်ကူးယဉ်သမားလေ။ ဘရွတ်ခ်(စ)တောင်တန်းဒေသဘက်ကို လေယာဉ်နဲ့ထွက်သွားတဲ့ အချိန်အထိဟိုကောင်မလေးနှစ်ယောက်ထဲက တစ်ယောက်ယောက်တော့ စိတ်ပြောင်းပြီး သူနဲ့အတူလိုက်တန်ကောင်းရဲ့လို့ သူက မျှော်လင့်ပြီးရင်း မျှော်လင့်နေခဲ့တာပဲ”။

စတေ့ပယ်လ်က ဆက်ပြောလာသည်။ “အဲဒီလိုပဲ ကားလ်က သူဒုက္ခရောက်နေပြီဆိုတာကို တစ်ယောက်ယောက်က တွေးမိပြီး ကယ်ဖို့ရောက်လာလိမ့်မယ်ဆိုတဲ့ လက်တွေ့မကျတဲ့ မျှော်လင့်ချက်တွေကို လက်ကိုင်ထားတတ်တဲ့ လူတစ်ယောက်ဖြစ်တယ်။ ရိက္ခာပြတ်ပြီး အငတ်ဘေးဆိုက်နေတာတောင်မှ သူ့ရဲ့မိန်းကလေး ဆူးက နောက်ဆုံးအခိုက်အတန့်မှာ အစားအသောက်တွေ စင်းလုံးပြည့်တင်ထားတဲ့ လေယာဉ်နဲ့လိုက်လာပြီး တောထဲမှာ သူနဲ့အတူလိုက်နေ မှာလို့ တွေးနေတုန်းပဲ။ ဒါပေမဲ့ သူ့ရဲ့စိတ်ကူးယဉ်မှု ကမ္ဘာက အလှမ်းကွာဝေး လွန်းလို့ ဘယ်သူမှ အဆက်အသွယ်လုပ်လို့မရနိုင်ခဲ့ဘူး။ ကားလ်ဟာ တစ်နေ့ တခြား ငတ်မွတ်မှုဒဏ်ကို ခံသထက်ပိုခံလာရတယ်။ သူ့ကို ကယ်ဆယ်မယ့်သူ ဘယ်သူမှရောက်မလာတော့ဘူးဆိုတာကို သူနားလည်လက်ခံသွားတဲ့အချိန်မှာ သူဟာ အသားအရေတွေ ခြောက်ခန်းတွန့်လိပ်နေပြီး ဘာမှလုပ်လို့မရအောင် အသိနောက်ကျသွားခဲ့ရတယ်”။

မက်ကန်းက ရိက္ခာများ တစ်စတစ်စ လျော့နည်းပြတ်လပ်သွားချိန် တွင် သူ၏မှတ်တမ်း၌ ဤသို့ရေးသားဖော်ပြခဲ့သည်။ “ကျွန်တော့်စိတ်တွေ အရမ်းပူနေရပြီ။ ရိုးရိုးသားသားပြောရမယ်ဆိုရင် ကျွန်တော် ကြောက်လည်း ကြောက်လာပြီ”။ အပူချိန်တိုင်း သာမိုမီတာက အနုတ်ငါးဒီဂရီဖာရင်ဟိုက်အထိကျဆင်းသွားသည်။ နှင်းကိုက်ထားသည့် အရည်ကြည်ဘုများက သူ၏လက် ချောင်းများ၊ ခြေချောင်းများတွင် ဖီးထနေပြီး ပြည်ဝင်လာသဖြင့် နာကျင်ကိုက်ခဲ လာသည်။

နိုဝင်ဘာလတွင် သူ၏ လက်ကျန်ရိက္ခာခွဲတမ်း လုံးဝကုန်ဆုံးသွား သည်။ သူသည် အားအင်ချည့်နဲ့ကာ မူးဝေနေပေပြီ။ အအေးဒဏ်က သူ၏ ကြံ့လှီသော

ခန္ဓာကိုယ်ကို အတိုးချနှိပ်စက်လာသည်။ နေ့စဉ်မှတ်တမ်းတွင် သူက ဤသို့ ရေးသားခဲ့သည်။ "လက်တွေနဲ့ နှာခေါင်းကလည်း ခြေထောက် တွေလိုပဲ နှင်းကိုက်တဲ့ဒဏ်ရာတွေ အခြေအနေပိုဆိုးလာနေတယ်။ နှာသီးဖျား လေးက အရမ်းရောင်ကိုင်းပြီး အရည်ကြည်အိတ်တွေထ၊ ယားနာတွေစွဲလာ တယ်။ လူကိုဖြည်းဖြည်းချင်းညှဉ်းပြီး သေစေမယ့်ပုံပဲ"။ မက်ကန်းက ဘေးကင်း လုံခြုံသည့် စခန်းချနေရာမှ ထွက်ကာ ဖို့တ်ယူကွန်းမြို့သို့ လမ်းလျှောက်သွားရန် ကိုလည်း စဉ်းစားခဲ့သေးသည်။ သို့ရာတွင် သူ့မှာ လမ်းလျှောက်နိုင်လောက်သည့် ခွန်အားကမရှိ။ ဇွတ်အတင်းလျှောက်ပြန်လျှင်လည်း ပင်ပန်းမှုဒဏ်ကြောင့် မြို့မရောက်မီ လမ်းခုလတ်တွင်ပင် အသက်ဆုံးရှုံးရဖွယ်ရှိသည်ဟုသာ သူက သုံးသပ်မိသည်။

"ကားလ်ရောက်နေတဲ့ အတွင်းပိုင်းဒေသက တောနက်လွန်းပြီး အလာ စကာမှာ ဘာမှကို အဆက်အသွယ်လုပ်စရာမရှိတဲ့ ဝေးလံသီခေါင်ဒေသဖြစ်တယ်"။ စတော့ပယ်လ်က ပြောပြလာသည်။ "ဆောင်းတွင်းဆို အေးလိုက် သမှ ငရဲကျတာထက်ဆိုးတယ်။ လူတချို့ကတော့ မက်ကန်းရင်ဆိုင်ရတဲ့ အခြေအနေမျိုးမှာ လမ်းလျှောက်ထွက်သွားဖို့ စဉ်းစားရင်စဉ်းစား၊ ဒါမှမဟုတ် ဆောင်းရာသီကုန်တဲ့အထိ စောင့်နိုင်အောင် ထိုင်စောင့်ရုံပေါ့။ ဒါပေမဲ့ အဲဒီလို လုပ်ဖို့ရာအတွက် လူက ကြံ့ရည်ဖန်ရည်တော်တော်ရှိမှဖြစ်မှာ။ ဘာကိုမဆို ရင်ဆိုင်နိုင်ဖို့ရာ အသင့်ပြင်ထားနိုင်ရမယ်။ ကျားတစ်ကောင်လို ရဲရင့်ရမယ်၊ သတ်ရဲဖြတ်ရဲရမယ်။ တိရစ္ဆာန်တစ်ကောင်လို ကျင့်ကြံနိုင်ရမယ်။ ဒါပေမဲ့ ကားလ်က အေးအေးဆေးဆေးနေတတ်သူ။ အပျော်ကြိုက်တဲ့လူလေ"။

"ဒီပုံနဲ့ ဆက်သွားဖို့က မဖြစ်နိုင်တော့ဘူး"။ မက်ကန်းက နိုဝင်ဘာ နှောင်းပိုင်း၌ သူ၏ ကုန်ဆုံးလုနီး နေ့စဉ်မှတ်တမ်းတွင် ရေးသားခဲ့ခြင်းဖြစ်သည်။ မက်ကန်းက အပြာရောင်မျဉ်းချထားသော မှတ်စုစာရွက်တစ်ရာခန့် အပြည့် ရေးသားခဲ့ပြီး ယခုအခါ ယင်းတို့ကို စာအုပ်အဖြစ် ချုပ်လုပ်ထားသည်။ "ကောင်းကင်ဘုံက အဖဘုရားသခင်။ ကျေးဇူးပြုပြီး ကျွန်တော်မျိုးရဲ့ အမှားတွေ၊ အပြစ်တွေကို ခွင့်လွှတ်ပေးတော်မူပါ။ ကျေးဇူးပြုပြီး ကျွန်တော် မျိုးရဲ့ မိသားစုကို စောင့်ရှောက်ပေးတော်မူပါ"။ မက်ကန်းက ထိုသို့ရေးသားပြီး နောက် တဲနံရံကိုမှီ၍ ခြေဆင်းထိုင်ပြီး ဒသမသုံးသုည၊ သုံးဆယ်ကယ်လီဗာ ရိုင်ဖယ်ပြောင်းကို သူ၏ ဦးခေါင်းနှင့်တေ့ကာ သေနတ်မောင်းခလုတ်ကို လက်မဖြင့် ဖိချလိုက်တော့သည်။ ထို့နောက် နှစ်လအကြာ ၁၉၈၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အလာစကာပြည်နယ် တပ်ဖွဲ့ဝင်များက သူ၏ စခန်းရှိရာသို့ ဆိုက်ရောက်လာကြသည်။ တဲအတွင်းသို့ ဝင်ကြည့်သည်တွင် အစာရေစာပြတ်လပ်မှုကြောင့် အရိုးစုတစ်မျှ ပိန်ချုံးကြုံလှီနေပြီး ကျောက်တုံး တစ်တုံးပမာ အေးခဲတောင့်တင်းနေသည့် မက်ကန်း၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ ကြသည်။

ရိုဇယ်လ်လင်နီ၊ ဝေါတားမဲန်း၊ မက်ကန်းနှင့် မက်ကန်းဒလက်စ်တို့ အကြားတွင် တူညီမှုများရှိသည်။ မက်ကန်းဒလက်စ်သည် ရိုဇယ်လ်လင်နီနှင့် ဝေါတားမဲန်းတို့ကဲ့သို့ပင် ရှာဖွေသူတစ်ဦးဖြစ်ပြီး သဘာဝတရား၏ ရက်စက်ကြမ်းကြုတ်သော မျက်နှာစာတွင် လက်တွေ့မကျသော စိတ်ကူးယဉ်ဆန်သူဖြစ်သည်။ ဝေါတားမဲန်းနှင့် မက်ကန်းတို့ကဲ့သို့ပင် သူက အံ့သြဖွယ်နည်းပါးလှ သည့် သာမန်အသိဉာဏ်ကို ပြသသွားခဲ့သည်။ သို့ရာတွင် ဝေါတားမဲန်းနှင့် မတူသည်မှာ မက်ကန်းဒလက်စ်က စိတ်ကျန်းမာရေးမကောင်းသူ မဟုတ်။ မက်ကန်းကဲ့သို့လည်း တောနက်ကြီးအတွင်း တစ်ဦးတည်း အတိဒုက္ခရောက်ကာ ဝမ်းနည်းပူဆွေးနေချိန်တွင် ကယ်တင်ရှင်တစ်ဦး အလိုအလျောက်ပေါ်လာ မည်ဟု မျှော်လင့်စောင့်စားနေသူလည်း မဟုတ်ပေ။

မက်ကန်းဒလက်စ်သည် တောနက်ကြီးအတွင်း သေဆုံးရမည့် လူစားမျိုးမဟုတ်။ မစဉ်းမစားလုပ်တတ်ပြီး လူသူအရောက်အပေါက်မရှိသည့် တောတွင်းဒေသများအကြောင်း လေ့ကျင့်သင်ကြားထားခြင်းလည်း မရှိ။ ဆင်ကန်းတောတိုး မိုက်ရူးရဲဆန်ဆန် ပြုလုပ်တတ်သူတစ်ဦးဖြစ်သည့်တိုင် သူက အရည်အချင်းမရှိသူတစ်ဦး မဟုတ်ပေ။ သူသာ အရည်အချင်းမရှိသူဆိုပါက အလာစကာတောတွင်း၌ ၁၁၃ ရက်တိုင်တိုင် ရှင်သန်နေထိုင်နိုင်ခဲ့မည် မဟုတ်ပါ။ ထို့အပြင် သူက မိုက်မဲ၍ အဆင်အခြင်နည်းသူလည်း မဟုတ်။ ကိုယ်ရည်ကိုယ်သွေးပုံမှန်မရှိသူလည်း မဟုတ်။ လူမှုအဖွဲ့အစည်းက အပယ်ခံထားရသည့်လူတစ်ယောက်လည်း မဟုတ်ပါ။ မက်ကန်းဒလက်စ်က အတိအကျပြောရန်ခက်သော်လည်း သာမန်နှင့်မတူ၊ တစ်မူထူးခြားသောသူဖြစ်သည်။ ယုံကြည်ချက်ခရီးသည်တစ်ယောက်ဟု ဆိုကောင်းဆိုနိုင်မည်ဖြစ်သည်။

မက်ကန်းဒလက်စ်၏ ကြေကွဲဖွယ်ရာဇာတ်လမ်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာအချို့မှာ သူနှင့်ဖြစ်စဉ် တစ်ထပ်တည်းကျပြီး သူ့ထက်အရင်ကျသောသူတို့အကြောင်း လေ့လာခြင်းအားဖြင့် နားလည်သိရှိနိုင်မည်ဖြစ်သည်။ ထိုသို့လေ့လာနိုင်ရန်အတွက် အလာစကာပြည်နယ်ကိုကျော်၍ ယူတား(Utah) ပြည်နယ်ရှိ ကျောက်ကမ်းပါးယံများဆီအထိ ရှုမျှော်ကြည့်ရမည်ဖြစ်သည်။ ယူတားပြည်နယ်တွင် ၁၉၃၄ ခုနှစ်က သာမန်ထက်ထူးခြားသော အသက်နှစ်ဆယ်အရွယ်ရှိ လူငယ်တစ်ယောက်သည် သဲကန္တာရအတွင်းသို့ လမ်းလျှောက်သွားခဲ့ရာမှ ပြန်လည်ရောက်ရှိလာခဲ့ခြင်းမရှိပါ။ ထိုလူငယ်၏ အမည်မှာ အက်ဗရက်ရူးစ်(Everett Ruess) ဖြစ်သည်။

အခန်း (၉)

ဒေးဗစ်ဂါ့လ်ချ်

မြို့ပြယဉ်ကျေးမှုအဝန်းအဝိုင်းဆီ တစ်ခေါက်တစ်ခါ အလည် ပတ်ပြန်ရောက်ဖို့ကတော့ အချိန်တိုအတွင်း ဖြစ်လာမှာမဟုတ်ဘူးလို့ ထင်တာပါပဲ။ တောတောင်ကန္တာရထဲမှာ လှည့်လည်သွားလာနေရ တာကို မငြီးငွေ့နိုင်သေးဘဲ အဲဒီအလှတရားနဲ့ ကိုယ်ကိုယ်တိုင် ဦးဆောင်သွားလာနေရတဲ့ ခြေသလုံးအိမ်တိုင်ဘဝကို အရင်အချိန် အားလုံးထက်ပိုပြီး စိတ်အားထက်သန်မှုအပြည့်နဲ့ ရင်ခုန်ခံစားနေမိတယ်။ ကိုယ်ဆိုတဲ့လူက မော်တော်ယာဉ်တစ်စင်းထက် မြင်းကုန်းနှီး တစ်ခုကို ပိုပြီး နှစ်သက်သူ။ အိမ်ခေါင်မိုးတစ်ခုထက် ကြယ်ပွင့် လေးတွေ မှိတ်တုတ်မှိတ်တုတ်လင်းလက်နေတဲ့ မိုးကောင်းကင်ကို ပိုပြီး သဘောကျသူ။ လူတွေဖန်တီးဖောက်လုပ်ထားတဲ့ အဝေးပြေး လမ်းမကြီးတွေထက် သေချာရေရာမှုမရှိတဲ့အပြင် ဘယ်ဆီကိုရောက် မယ်ပေါက်မယ်မသိရတဲ့ တောလမ်းခရီးကို ပိုပြီးစိတ်ဝင်စားသူ။ စိတ်မကျေနပ်မှုတွေ ပေါက်ဖွားရာမြို့ကြီးပြကြီးတွေထက် တောကြီး ကန္တာရရဲ့ နက်ရှိုင်းလှတဲ့ ငြိမ်းချမ်းမှုကို ခုံမင်တပ်မက်တဲ့သူလေ။ ကိုယ့်အတွက် နေရာမှန်လို့ စိတ်ထဲမှာ ခံစားနေရတဲ့နေရာ၊ ကိုယ့် အတွက် ပျော်ရွှင်မှုတွေဝန်းရံနေတဲ့နေရာမှာ နေ,နေတဲ့အတွက် မင်း က ငါ့ကို အပြစ်တင်မှာလား။ ဗဟုသုတနဲ့ ကျွမ်းကျင်မှုပြည့်စုံတဲ့ မိတ်ဆွေတွေရှိတဲ့အဖြစ်ကို သတိရမိတာမှန်ပေမဲ့ ကိုယ်ကိုယ်တိုင် ရှာဖွေလေ့လာဆည်းပူးထားပြီး ကိုယ့်အတွက် သိပ်ကိုအရေးပါတဲ့ အရာတွေ၊ အကြောင်းတွေကို ကိုယ်က မျှဝေပေးလို့ရနိုင်မယ့်လူ ရယ်လို့ များများစားစားမရှိလှဘူး။ တောကြီးကန္တာရရဲ့ အလှတရား တွေနဲ့ ဝန်းရံထားရုံနဲ့တင် ကိုယ့်အတွက် လုံလောက်နေပါပြီလေ။ မင်းဆီက နည်းနည်းပါးပါးပြောသံကြားရတာနဲ့တင် ဖိအား တွေအောက်မှာ မင်းသွားနေရတဲ့ ဘဝရဲ့ငြီးငွေ့စရာတွေ၊ ခေါက်ရိုး ကျိုးနေတဲ့ ပုံမှန်လှုပ်ရှားမှုတွေကို ငါက သည်းမခံနိုင်ဘူးဖြစ်နေ တယ်။ ကိုယ့်ကိုယ်ကိုတော့ ဘယ်တော့မှ အခြေတကျဖြစ်မယ် မထင်ဘူး။ လူ့ဘဝရဲ့ နက်နဲတဲ့အကြောင်းအရာတွေကို ငါသိထား တာ သိပ်များနေပြီလေ။ အဖျားရှူးသွားတဲ့ စိတ်ပျက်စရာ အဆုံး သတ် တစ်ခုနဲ့စာရင် ဘယ်လိုအရာကိုပဲဖြစ်ဖြစ် ငါက ပိုပြီး ကြိုက် ပါတယ်။

အက်ဗရက်ရူးစ်ထံမှ
အစ်ကိုဖြစ်သူ ဝေါလ်ဒို(Waldo)ထံ
နောက်ဆုံးပေးပို့ခဲ့သည့်
၁၉၃၄ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့
နေ့စွဲတပ် ပေးစာ

အက်ဗရက်ရူးစ် လိုက်လံရှာဖွေခဲ့သည်က အလှတရားပင် ဖြစ်သည်။ သူက အလှတရားကို လှပ၍ ကဗျာဆန်သော အရေးအဖွဲ့များဖြင့် ပုံဖော်ဖန်တီး ခဲ့သည်။

ထိုအလှတရားတစ်ခုတည်းတွင်သာ မြှုပ်နှံထားသောသူ၏ စိတ်အစဉ်တွင် ကြောက်စရာကောင်းလောက်အောင် လှပလွန်းသော အရာတစ်ခုသာ ရှိမနေခဲ့ပါလျှင် သူ၏ အလှတရားကိုးကွယ်ယုံကြည်မှုအပေါ် မိမိတို့ ပြက်ရယ် မပြုကောင်းပေ။ အလှတရား၏ရသကို အရောင်းဆိုင်တင်ဟန်ဆောင်မှုတစ်ရပ် အဖြစ် ရှုမြင်ခြင်းသည် ကျိုးကြောင်းမဆီလျော်သည့်အပြင် ကိုယ်ကျင့်တရား ကောင်းများနှင့်လည်း ဆန့်ကျင်သည်။ အလှတရား၏ ရသသည် ရုံဖန်ရုံခါတွင် ဂုဏ်သိက္ခာကို ဆောင်ကြဉ်းပေးသည့် ဘဝနေထိုင်ရှင်သန်နည်းတစ်ရပ်ပင်ဖြစ် သည်။ အက်ဗရက်ရှူးစ်ကို မိမိတို့ ပြက်ရယ်ပြုမည်ဆိုပါက ဂျွန်မျူယာ (John Muir)ကိုလည်း ပြက်ရယ်ပြုကြမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သူတို့ နှစ်ဦးအကြားတွင် ခေတ်ကာလအပိုင်းအခြား ကွာခြားသည်မှလွဲ၍ ကွဲပြားခြားနားမှု အနည်းငယ်မျှသာ ရှိသောကြောင့် ဖြစ်သည်။

ဝေါ လေ့စ်စတက်ဂ်နာ

Mormon Country

ဒေးဗစ္စချောင်း (Davis Creek)သည် တစ်နှစ်ပတ်လုံးနီးပါးလိုလိုပင် ရေစီးကြောင်းတစ်ခုမျှသာရှိတတ်ပြီး ရုံဖန်ရုံခါတွင် ရေစီးကြောင်းတစ်ခုမျှပင် မရှိတတ်ချေ။ မိုင်ငါးဆယ်စခန်း(Fifty Mile Point)ဟု သိရှိကြသော မြင့်မားလှသည့် သူရဲခိုကျောက်တောင်ကြီး၏ အောက်ခြေမှ အစပြု၍ စီးဆင်းလာသော ဒေးဗစ္စစမ်းချောင်းငယ်သည် ယူထားပြည်နယ်တောင်ပိုင်းမှ ပန်းရောင်သဲကျောက်ဖျာများကို လေးမိုင်မျှ ဖြတ်သန်းစီးဆင်းပြီးနောက် ဂလဲန်းကင်ညွန်ရေကာတာ(Glen Canyon Dam)၏ အထက်ဘက်ရှိ ရေမရေလှောင်ကန်ကြီး ဖြစ်သည့် ပါဝဲလ်ရေကန်(Lake Powell)သို့ စီးဝင်သည်။ ဒေးဗစ္စဂေါ့လ်ချ်သည် မည်သည့်နည်းနှင့်ပင်ဖြစ်စေ ရေစီးကြောင်းငယ်တစ်ခုမျှသာဖြစ်သော်လည်း သာယာလှပသည့် ရေမြေရှုခင်းရှိခြင်းကြောင့် ရာသီဥတုပူပြင်းလှသည့် ဤအရပ်ဒေသအတွင်း ရာစုနှစ်ပေါင်းများစွာ အရင်ကပင် ဖြတ်သန်းသွားလာခဲ့ကြ သည့် ခရီးသွားများအတွက် ရေဆင်းမြောင်းသဖွယ် ကျဉ်းမြောင်းသော တောင်ကြားလမ်းများအောက်ခြေမှ အိုအေစစ်တစ်ခုပမာ အားထားရသောနေရာလည်း ဖြစ်သည်။ သက်တမ်း နှစ်ပေါင်းကိုးရာခန့်ရှိ ထူးဆန်းသော ရှေးခေတ်ဟောင်း ကျောက်ထွင်းရုပ်ပုံများနှင့် အရုပ်စာများက မတ်စောက်သော ကျောက်ဆောင်နံရံများကို အလှဆင်ထားသည်သို့ ရှိသည်။ ကာလကြာမြင့်စွာကပင် ပျောက်ဆုံးခဲ့ပြီးဖြစ်သော ကျောက်ထွင်းအနုပညာဖန်တီးရှင် ကာယင်တာအနတ်စ်ဆာဇီ (Kayenta Anasazi) ရှေးဟောင်းမျိုးနွယ်စုတို့နေထိုင်ရာ၊ ကျောက်တုံးများဖြင့် ဆောက်လုပ်ထားသည့် အဆောက်အဦများက ကျဉ်းမြောင်းသည့် ကျောက်ဆောင်နံရံများအကြား၌ အကာအကွယ်ကောင်းစွာ တည်ရှိသည်။ ရှေးဟောင်း အနတ်စ်ဆာဇီမျိုးနွယ်စုတို့၏ အသုံးအဆောင်ပစ္စည်း အကျိုးအပဲ့များက တောင်ကြားဒေသအတွင်းသို့ မွေးမြူရေးတိရစ္ဆာန်များအား မြက်ကျွေး၊ ရေတိုက်ရန် ရောက်ရှိလာတတ်ကြသည့် သည်ဘက်ခေတ်ရာစုနှစ်ဆီမှ ကျွဲကျောင်း၊ နွား

ကျောင်း၊ မြင်းကျောင်းသူတို့ စွန့်ပစ်ထားရစ်ခဲ့သော သံချေးတက်
သံဖြူဘူးခွံများနှင့်အတူ သဲပြင်ထက်တွင် ရောနှောပြန့်ကျဲနေသည်။
ဒေးဗစ္စဂါ့လ်ချ်ချောင်းငယ်၏ တိုတောင်းသောအလျားတစ်လျှောက်
အများစုသောနေရာတို့မှာ ရာသီဥတုတိုက်စားမှုဒဏ်ကြောင့် ချောမွတ်နေသည့်
ကျောက်သားမျက်နှာပြင်အထက်မှ နက်ရှိုင်းသောပြတ်ရှဒဏ်ရာတစ်ခုပမာ ရှိပြီး
ကွေ့ကာကောက်ကာ စီးဆင်းနေသည်။ အချို့နေရာများတွင် ကမ်းတစ်
ဖက်နှင့်တစ်ဖက်အကြား တံတွေးလှမ်းထွေး၍
ရောက်နိုင်လောက်သည်အထိကျဉ်းမြောင်းသည်။ နက်ရှိုင်းသောကျောက်ဆောင်၏
အောက်ခြေကြမ်းပြင်သို့ ဆင်းသက်မရစေရန် ကာဆီးထားသည့်နှယ်ဖြစ်သော
သဲကျောက်နံရံတို့က တစ်ဖက်တစ်ချက်တွင် အပေါ်စီးမှ စီးမိုးထားသည်။
အနိမ့်ပိုင်းတစ်နေရာတွင် ဒေးဗစ္စဂါလ်ချ်ဆီသို့ ပေါက်လာသော
လမ်းကြောင်းတစ်ခုက ပုန်းလျှိုးကွယ် လျှိုး တည်ရှိနေသည်။ ပါဝဲလ်ရေကန်သို့
ဒေးဗစ္စချောင်းရေ စီးဝင်သွားသည့် နေရာ၏ အထက်နားတွင် ကျောက်ဆောင် နံရံ၏
အနောက်ဘက် နှုတ်ခမ်းဆီမှ ဆင်းသက်လာသော သဘာဝအလျောက်
ဖြစ်ပေါ်နေသည့် ဆင်ခြေလျှောတစ်ခု က ဘယ်ညာလွန်းထိုးတည်ရှိသည်။ ထို
ဆင်ခြေလျှောက ချောင်း၏ အထက် ဘက် မလှမ်းမကမ်းတစ်နေရာတွင်
အဆုံးသတ်သည်။ ထို ဆင်ခြေလျှောအဆုံး သတ်နေရာတွင် လွန်ခဲ့သော
ရာစုနှစ်တစ်ခုနီးပါးခန့်က မော်မင်(Mormon)လူမျိုး နွားမွေးမြူရေးသမားတို့
ထွင်းထားခဲ့သည့် အကြမ်းထည် သဲကျောက်နံရံ လှေကားတစ်စင်း ရှိသည်။

ဒေးဗစ္စဂါ့လ်ချ်၏ အနီးဝန်းကျင်ဒေသသည် ကျောက်တောင်ကတုံး များနှင့်
အုတ်ခဲရောင် နီစွေးစွေးသဲများသာ ရှိသည့် ခြောက်သွေ့လှသော
ပတ်ဝန်းကျင်ဖြစ်သည်။ ပေါက်ရောက်သည့် သစ်ပင်တို့မှာလည်း ကြံ့လှီလှ သည်။
ပူပြင်းလှသောနေရောင်မှ အကာအကွယ်ပေးနိုင်မည့် နားခိုစရာအရိပ်
အာဝါသဟူ၍မရှိ။ နက်ရှိုင်းသော ကျောက်တောင်ချောက်ကမ်းပါးများအတွင်း သို့
ဆင်းသက်ခြင်းသည် အခြားကမ္ဘာတစ်ခုသို့ ရောက်ရှိသွားသည့်နှယ်ပင် ဖြစ်သည်။
ပန်းများပွင့်နေသည့် ကန္တာရ ရှားစောင်းပင်တို့၏ အထက်တွင် ကြံ့လှီသော
ပေါ့ပလာပင်တို့က လှပစွာပေါက်ရောက်နေသည်။ ပေကိုးဆယ်ခန့် မျှရှိမည့်
ကျောက်သားခုံးပေါက်တစ်ခု၏ အခြေတွင် သက်တမ်းတစ်ရက်သာ ခံသည့်
ခေါင်းလောင်းပန်းတို့က ချောင်းကြည့်နေသည်သို့ ရှိသည်။ ကျောက်
ဆောင်များအကြားတွင် အသိုက်ဖွဲ့နေထိုင်သည့် ကင်ညံ့ရဲန်း(Canyon Wren)
တေးဆိုငှက်ငယ်လေးများက ဝက်သစ်ချတောဘက်ဆီမှ တစ်ကောင်နှင့်တစ် ကောင်
အပြန်အလှန် ဆွေးဆွေးမြည့်မြည့် အော်ဟစ်မြည်ကြွေးနေကြသည်။
ဒေးဗစ္စဂါ့လ်ချ်၏ အထက်ဘက် ကျောက်ဆောင်မျက်နှာပြင်တစ်နေရာ၌ စိမ့်ရေ တို့
စီးထွက်ရာမှ စမ်းရေအိုင်တစ်ခု ဖြစ်ပေါ်နေပြီး ထိုစမ်းရေတို့က ကျောက်
ဆောင်များထက်တွင် စိမ်းစိမ်းစိုစိုနှင့် တွယ်ကပ်နေသော ရေညှိပင်ချပ်များနှင့်

အပွင့်မပွင့်သည့် ဒရင်ကောက်ပင်တို့ ရှင်သန်ရေးအတွက် ရေသွင်းပေးနေသည့် သဖွယ်ရှိသည်။

ဒေးဗစ္စချောင်း၏အောက်ဘက် တစ်မိုင်ခန့်အကွာ မော်မင်လူမျိုးစုတို့ ထွင်းခဲ့သောလှေကားထစ်များနှင့် ကျောက်ဆောင်လျှိုစောက်၏ ကြမ်းခင်းတို့ ဆုံတွေ့သောနေရာမှာ တစ်ကိုယ်တည်းသမားများအတွက် ခိုအောင်းနေထိုင်ချင် စရာကောင်းလောက်အောင် ကြည်နူးချမ်းမြေ့ဖွယ်ကောင်းသည့်နေရာတစ်နေရာ ဖြစ်ပြီး အသက်နှစ်ဆယ်အရွယ်ရှိ အက်ဗရက်ရူးစ်က ထိုနေရာရှိ ကျောက် ဆောင်နံရံပေါ်မှ အနတ်စ်ဆာဇီလူမျိုးတို့၏ အရုပ်စာများအောက်တွင် သူ၏ ကလောင်အမည်ကို လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်အလွန်က ရေးထွင်း သွားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ကောက်ပဲသီးနှံသိုလှောင်ရန်အတွက် အနတ်စ် ဆာဇီလူမျိုးစုတို့က ကျောက်တုံးများဖြင့် တည်ဆောက်ခဲ့သည့် အဆောက်အဦ ငယ်တစ်ခု၏ အပေါက်ဝတွင်လည်း အက်ဗရက်ရူးစ်က သူ၏ ကလောင် အမည်ကို ထပ်မံ ရေးထွင်းခဲ့သည်။ အက်ဗရက်ရူးစ်က ကျောက်ဆောင်နံရံ ထက်၌ NEMO 1934”ဟု ရေးထွင်းထားခြင်းနှင့် ခရစ္စမက်ကန်းဒလက်စ်က ဆူရှားနားမြစ်ကမ်းနံဘေးမှ ဘတ်စ်ကားကိုယ်ထည်နံရံပေါ်တွင် “Alexander Supertramp May 1992”ဟု ရေးသားခဲ့ခြင်းတို့မှာ တူညီသော စိတ်ဆန္ဒ၏ လှုံ့ဆော်မှုကြောင့်ဖြစ်သည်ကို သံသယပွားရန်မရှိပေ။ ထိုနည်းတူစွာပင် ယနေ့ ခေတ်၌ အဓိပ္ပာယ်ပြန်ဆို၍မရသော အနတ်စ်ဆာဇီလူမျိုးစုတို့၏ ကိုယ်ပိုင် သင်္ကေတများကို ကျောက်ဆောင်နံရံများထက် ထွင်းထုအလှဆင်ခဲ့ခြင်းသည် လည်း အထက်တွင် ဆိုခဲ့သည့် စိတ်ဆန္ဒ၏ လှုံ့ဆော်မှုကြောင့်ပင် ဖြစ်ပေလိမ့် မည်။ မည်သို့ဖြစ်စေ ရူးစ်သည် သဲကျောက်နံရံထက်တွင် သူ၏အမည်ကို အမှတ်အသားအဖြစ် ရေးထွင်းပြီးနောက် မကြာခင်မှာပင် ဒေးဗစ္စဂါ့လ်ချ်မှ ထွက်ခွာကာ ဆန်းကြယ်စွာ ပျောက်ဆုံးသွားခဲ့ရသည်။ ရူးစ်ကို ပြန်လည်တွေ့ရှိရေးအတွက် ကျယ်ပြန့်စွာရှာဖွေခဲ့သော်လည်း အရိပ်အယောင်မျှပင် မတွေ့ရှိခဲ့ ကြရပေ။ သူသည် ကန္တာရကြီး၏ စုပ်ယူဝါးမျိုမှုအောက်တွင် ရိုးရိုးလေးပင် ပျောက်ဆုံးသွားခဲ့ရခြင်းဖြစ်သည်။ သူ၏ ကံကြမ္မာကို နောက်ထပ်နှစ်ပေါင်း ခြောက်ဆယ် ကြာမြင့်သည်အထိ မည်သူမျှ မသိရှိခဲ့ကြရပါ။

အက်ဗရက်ရူးစ်ကို ၁၉၁၄ ခုနှစ်တွင် ကယ်လီဖိုးနီးယားပြည်နယ် အုတ်ကလဲန်းမြို့ (Oakland)တွင် ဖွားမြင်သည်။ ဖခင် ခရစ္စတိုဖာရူးစ်(Christopher Ruess)နှင့် မိခင် စတယ်လာရူးစ်(Stella Ruess)တို့၏ သားနှစ်ယောက်အနက် သားအငယ်ဆုံးဖြစ်သည်။ ဟားဗတ်ဒစ်ဗင်နတီကျောင်း(Harvard DivinitySchool)မှ ဘွဲ့ရတစ်ဦးဖြစ်သူ ခရစ္စတိုဖာရူးစ်သည် ကဗျာဆရာတစ်ဦးလည်းဖြစ်၊ အတွေးအခေါ်ပညာရှင်တစ်ဦးလည်းဖြစ်သကဲ့သို့ တစ်ဆူတည်းသော ဘုရား သခင်ကိုသာ ယုံကြည်သည့် အယူဝါဒဝင်တစ်ဦးဖြစ်သော်လည်း ကယ်လီဖိုးနီး ယားပြည်နယ်

ရာဇဝတ်မှုထိန်းသိမ်းရေးနယ်ပယ်တွင် ဗျူရိုကရက်အရာရှိတစ် ယောက်အဖြစ် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်သည်။ ဘိုဟီးမီးယန်းသွေးပါ သော ဇနီးသည် စတယ်လာသည် တစ်ဇွတ်ထိုးလုပ်တတ်သည့် ခေါင်းမာသူ တစ်ဦးလည်းဖြစ်ပြီး အနုပညာအလုပ်များကိုလည်း စိတ်ဝင်စားသူဖြစ်သည်။ စတယ်လာက သူကိုယ်တိုင်နှင့် သူ၏ ဆွေမျိုးသားချင်းများအတွက် ရူးစ် ကော်တက် (Ruess Quartette)အမည်ရ စာပေရေးရာဂျာနယ်တစ်စောင်ဂ ကိုယ်တိုင်ထုတ်ဝေသည်။ ဂျာနယ်မျက်နှာဖုံးတွင် ရူးစ်မိသားစု၏ ဆောင်ပုဒ် ဖြစ်သည့် "အချိန်ကို ဂုဏ်ပြုချီးမြှောက်ကြ" ဆိုသည့် စကားရပ်အား ထည့်သွင်း ဖော်ပြထားသည်။ တက်ညီလက်ညီရှိကြသော ရူးစ်မိသားစုသည် နေရပ်ဒေသ တစ်ခုတည်းတွင် အခြေတကျနေထိုင်လေ့မရှိကြဘဲ အုတ်ကလဲန်းမြို့မှ ဖရက်စ်နို (Fresno)မြို့၊ ထိုမှတစ်ဆင့် လော့စ်အိန်ဂျလိစ်၊ ဘော့စတွန်၊ ဘရွတ်ကလင်းမြို့ များသို့လည်းကောင်း၊ နယူးဂျာဆီပြည်နယ်နှင့် အင်ဒီးယားနားပြည်နယ်ရှိမြို့များသို့လည်းကောင်း ရွှေ့ပြောင်းလှည့်လည်နေထိုင်ခဲ့ရာမှ ကယ်လီဖိုးနီးယား ပြည်နယ်တောင်ပိုင်းတွင် နောက်ဆုံး အခြေချနေထိုင်ချိန်၌ ရူးစ်မှာ အသက် ၁၄ နှစ်အရွယ်သို့ပင် ရောက်ခဲ့ပြီဖြစ်သည်။

လော့စ်အိန်ဂျလိစ်မြို့တွင် နေထိုင်စဉ် အက်ဗရက်က အိုးတစ္စအနု ပညာသင်တန်းကျောင်း(Otis Art School)နှင့် ဟောလိဝုဒ်အထက်တန်းကျောင်း တွင် ပညာသင်ယူသည်။ အသက် ၁၆ နှစ်အရွယ်တွင် သူ၏ ပထမဆုံးသော တစ်ကိုယ်တော်ခရီးရှည် စ,ထွက်ခဲ့သည်။ ပထမဆုံးတစ်ကိုယ်တော်ခရီးရှည်ကို ၁၉၃၀ ပြည့်နှစ်၊ နွေရာသီကာလအတွင်း စတင်ခဲ့ခြင်းဖြစ်ပြီး ယိုဆမ်မတီ (Yosemite) အမျိုးသားဥယျာဉ်နှင့် ကယ်လီဖိုးနီးယားကမ်းရိုးတန်း အလယ်ပိုင်း ရှိ ဘစ်ဂ်ဆာ(Big Sur)ဒေသများကို ခြေလျင်တောင်တက်ခရီးကြမ်းများဖြင့် ဖြတ်သန်းကာ ကယ်လီဖိုးနီးယားကမ်းခြေမြို့တစ်မြို့ဖြစ်သော ကာမဲလ်မြို့ (Carmel)တွင် ခရီးဆုံးသည်။ ကာမဲလ်သို့ရောက်ရှိပြီး နှစ်ရက်အကြာတွင် အက်ဗရက်က ၂၀ ရာစုနှစ်၏ အကျော်ကြားဆုံးအမေရိကန်ဓာတ်ပုံပညာရှင် အက်ဒ်ဝါဒ်ဝက်စတန်(Edward Westan)၏ အိမ်တံခါးကို ရဲရဲတင်းတင်းပင် ခေါက်ကာ သွားရောက်တွေ့ဆုံခြင်းဖြင့် အံ့သြဝမ်းသာဖြစ်စေခဲ့သည်။ ထို့နောက် နှစ်လတာကာလအတွင်း နာမည်ကျော်ဓာတ်ပုံဆရာကြီးက လူငယ်လေး အက်ဗရက်၏ ကျိုးကြောင်းမကျသော်လည်း အောင်မြင်နိုင်ခြေရှိသည့် ပန်းချီရေးဆွဲ ခြင်းနှင့် ဘလောက်တုံးပုံနှိပ်ခြင်းအလုပ်လုပ်ရန် ကြိုးပမ်းမှုများကို အားပေးခဲ့ သည်။ ဝက်စ်တန်က သူ၏ သားနှစ်ဦးဖြစ်သည့် နေးလ်(Neil)နှင့် ကိုးလ်(Cole) တို့နှင့်အတူ ရူးစ်ကိုပါ သူ၏ အလုပ်ရုံဆီသို့ လာရောက်ခွင့်ပြုခဲ့သည်။

နွေရာသီကုန်ဆုံးချိန်တွင် အက်ဗရက်က အိမ်သို့ ပြန်လာခဲ့သည်။ အထက်တန်းကျောင်း ဒီပလိုမာလက်မှတ်ရယူရုံအတွက်သာ ပြန်လာခြင်းဖြစ်ပြီး

၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလတွင် ဒီပလိုမာလက်မှတ်ရရှိခဲ့သည်။ ထို့နောက် တစ်လမပြည့်မီအချိန်မှာပင် သူက လမ်းပေါ်သို့ ထွက်ခဲ့ပြန်သည်။ ယူထားပြည် နယ်၊ အရီဇိုးနားပြည်နယ်နှင့် နယူးမက္ကဆီကိုပြည်နယ်တောင်ကြားဒေသများကို ဖြတ်သန်း၍ တစ်ကိုယ်တော်ခရီးနှင်သည်။ ထိုစဉ်က နယူးမက္ကဆီကိုပြည်နယ် သည် လူဦးရေထူထပ်ခြင်းမရှိဘဲ ယနေ့ခေတ် အလာစကာပြည်နယ်ကဲ့သို့ ဆန်းကြယ်မှုများ ပြည့်နှက်နေသောဒေသ ဖြစ်သည်။ (ဖခင်ဖြစ်သူ၏ ပူပန်မှု ကြောင့် လော့စ်အိန်ဂျလိစ်မြို့ရှိ ကယ်လီဖိုးနီးယားပြည်နယ်တက္ကသိုလ်တွင် ပထမနှစ်ဝက်မျှသာ တက်ရောက်ကာ နုတ်ထွက်ခဲ့သည်။) ပျော်ရွှင်စရာမရှိသော တက္ကသိုလ်ပညာသင်ကာလ မိဘများနှင့်အတူ သွားခဲ့သည့် အလည်အပတ်ခရီး စဉ်နှစ်ကြိမ် (နာမည်ကျော်ဓာတ်ပုံဆရာ၊ ဆရာမများဖြစ်ကြသည့် အန်ဆဲလ်အာဒမ်စ် (Ansel Adams), ဒေါ်ရော်သီလန်းဂ် (Dorothea Lange) တို့၏ ကုမ္ပဏီနှင့် အမေရိကန်ပန်းချီကျော် မေးနာ့ဒ်ဒစ်ဆင် (Maynard Dixon)တို့ထံတွင် အလုပ်ဝင်ရောက်လုပ်ကိုင်ခဲ့ရာ) ဆန်ဖရန်စစ္စကိုမြို့တွင် နေထိုင်ခဲ့သည့် ဆောင်းတွင်းတစ်တွင်း တို့မှအပ ရူးစ်သည် ဥက္ကာပျံတစ်ခုပမာ လျင်မြန်စွာရွေ့လျားနေသော သူ့ဘဝ၏ လက်ကျန်အချိန်ကာလများကို ငွေစအနည်းငယ်နှင့် ကျောပိုးအိတ် တစ်လုံး လွယ်ပိုးကာ ကြုံသလိုအိပ်၊ ဖြစ်သလိုစား၊ ငတ်တစ်လှည့်ပြတ်တစ် လှည့်ဖြင့် ရှင်သန်နေထိုင် လှည့်လည်သွားလာရင်းသာ ကုန်ဆုံးစေလိုသည်။

စာရေးဆရာ ဝေါလေ့စ်တက်ဂနာ၏ စကားဖြင့် ဆိုရပါမူ ရူးစ်သည် “အတွေ့အကြုံမရှိ၊ အရွယ်ရောက်ရင့်ကျက်ခြင်းမရှိသေးသော စိတ်ကူးယဉ် ဆန်သည့် လူငယ်တစ်ယောက်၊ အလှတရားကို ခံစားတတ်သည့် ဆယ်ကျော် သက်တစ်ဦး၊ မျိုးရိုးအစဉ်အလာဆက်ခံပြီး ဖုန်းဆိုးမြေများတွင် ခရီးလှည့်လည် သွားလာသူ”ဖြစ်သည်။

အသက် ၁၈ နှစ်အရွယ်တွင် တောကြီးမျက်မည်းအတွင်း၌ အားစိုက် ရုန်းကန်သွားလာရပုံ၊ ကျောက်ဆောင်အစွန်းအဖျားများကို တွဲခို၍ တက်ရပုံ၊ ကမ္ဘာလောကကြီး၏ စိတ်ကူးယဉ်ဆန်လှသော နေရာဒေသများတွင် လှည့်လည်သွားလာရပုံတို့ကို သူက အိပ်မက်မြင်မက်ခဲ့သည်။ လူငယ်ဘဝ၏ မည်သို့သော ပျော်ရွှင်ဖွယ်ရာတို့ကမျှ သူ၏ အိပ်မက်ကို မေ့ပျောက်ပစ်စေရန် မစွမ်းဆောင် နိုင်ခဲ့ပါ။ အက်ဗရက်ရူးစ်၏ ထူးခြားသောအချက်မှာ သူမြင်မက်ခဲ့သည့် အိပ် မက်များအတိုင်း သူက ဆောင်ရွက်ခြင်းဖြစ်သည်။ သူမြင်မက်ခဲ့သည်တို့က မြို့ပြယဉ်ကျေးမှုအောက်မှ အံ့အားသင့်ဖွယ်ပြုပြင်စီရင်ထားသည့် နေရာဒေသ များဆီသို့ ရက်သတ္တပတ်နှစ်ပတ်ခန့် ခရီးထွက်ခြင်းမျိုး မဟုတ်ဘဲ ပကတိအံ့အား သင့်စရာများ ပြည့်နှက်နေသည့်နေရာသို့ လနှင့် နှစ်တို့ ချီ၍ ခရီးသွားခြင်း ဖြစ်သည်။

သူက သူ့ခန္ဓာကိုယ်ကို ရည်ရွယ်ချက်ရှိရှိဖြင့် ညှဉ်းပန်းခဲ့သည်။ သူ၏ ခံနိုင်ရည်ကို အားစိုက်ဆွဲဆန့်ခဲ့သည်။ ခက်ခဲသောအလုပ်များကို အား ထုတ်ကြိုးပမ်းဆောင်ရွက်နိုင်သည့် သူ၏ လုပ်ဆောင်နိုင်စွမ်းကို စမ်းသပ်စစ်

ဆေးခဲ့သည်။ ဒေသခံ အင်ဒီးယန်းလူမျိုးတို့နှင့် ရှေးလူကြီးတို့က သတိပေးတား မြစ်ထားသော တောလမ်းများကို သူက တမင်တကာပင် ရွေးချယ်အသုံးပြုခဲ့ သည်။ ကျောက်ဆောင်နှုတ်ခမ်းများနှင့် ကျောက်တောင်ခြေရင်းမှ ကျောက် တုံးအကျိုးအပဲ့များအကြား တွဲလွဲခိုနေခဲ့ရသည့်အဖြစ်မျိုး တစ်ကြိမ်မက ကြုံ တွေ့စေခဲ့သည်။ ကျောက်တောင်များကို အောင်နိုင်ရမည်ဟူသော ယတိပြတ် စိတ်ပိုင်းဖြတ်မှုမျိုးနှင့် ရင်ဆိုင်အနိုင်ယူခဲ့သည်။ သူက စခန်းချရာ ရေကန်အနီးမှ ဖြစ်စေ၊ တောင်ကြားဒေသမှဖြစ်စေ၊ နဗာဂျိုတောင်တန်း၏ မညီညာသော တောင်ကုန်းတောင်ထွတ်များပေါ်မှဖြစ်စေ သူ၏ မိသားစုဝင်များနှင့် မိတ်ဆွေ သူငယ်ချင်းများထံသို့ စာရှည်ကြီးများ စိတ်အားထက်သန်စွာ ရေးလေ့ရှိသည်။ ထိုစာများတွင် သူက ပုံသေကားကျနည်းလမ်းများဖြင့် ရှင်သန်လှုပ်ရှားနေထိုင် ကြသော မြို့ပြယဉ်ကျေးမှုကို ရှုတ်ချတတ်ပြီး ကမ္ဘာလောကကြီးနှင့် ရင်ဆိုင်ဆန့် ကျင်ကာ အရိုင်းဆန်သောလူငယ်တစ်ဦး၏ ဟာစ်ကြွေးသံကို ဟာစ်အော်ကြွေး ကြော်လိုသူ ဖြစ်သည်။

အဆိုပါ စာမျိုးကို ရူးစ်က အမြောက်အမြား ရေးသားပေးပို့ခဲ့သည်။ စာအိတ်ပေါ်တွင် ရိုက်နှိပ်ထားသော စာတိုက်တံဆိပ်များမှာ သူဖြတ်သန်းသွားခဲ့ ရာ ဝေးလံသီခေါင်ဒေသများမှ စာတိုက်တံဆိပ်များဖြစ်သည်။ ကာရင်တာ (Kayenta)မြူနီစပါယ်စီရင်စု၊ ချိုင်းလီ(Chinle), လူကာချူကိုင်း(Lukachukai), ဇိုင်ယွန်ကင်—(Zion Canyon), ဂရဲန်းကင်ညွံ့(Grand Canyon), မေဆာဗယ်ရ်ဒီ (Mesa Verde), အက်စ်ကလန်းထေး(Esclante), ရိန်းဘိုးဘရစ်ချ်(Rainbow Bridge), ကင်ညွံ့ဒီရှေးလ်(Canyon de Chelly) စသည့်ဒေသများမှ ပေးပို့လာခြင်းဖြစ်သည်။ (အလှတရားရှာပုံတော်ခရီးသွား အက်ဗရက်ရူးစ်ဟု အမိပ္ပာယ်ရသော Everett Ruess: A Vagabond for Beauty အမည်ရ အတ္ထုပ္ပတ္တိ စာအုပ်ကို ရေးသားပြုစုသူ W.L Rusho က ဂရုတစိုက် ရှာဖွေစုဆောင်းထားသော) ရူးစ်၏ ပေးစာများကို ဖတ်ရှုကြည့်လျှင် သဘာဝလောကကြီးနှင့် အဆက်အသွယ်ပြုလို သည့် ရူးစ်၏ ပြင်းပြထက်သန်သောစိတ်ဆန္ဒနှင့် သူဖြတ်သန်းလမ်းလျှောက်သွား ခဲ့ရာများအား အလျှံတညီးညီးတောက်လောင်လုနီးနီးဖြစ်သော သူ၏ အရူးအမူး တပ်မက်စွဲလမ်းခြင်းတို့ကို အံ့အားသင့်ဖွယ် တွေ့ရှိရမည်ဖြစ်သည်။ “မင်းဆီကို နောက်ဆုံးတစ်ကြိမ် စာရေးပို့ခဲ့ပြီးနောက် တောကြီးကန္တာရထဲမှာ အင်မတန် အံ့သြစရာကောင်းတဲ့ အတွေ့အကြုံတချို့ကို ငါ ရခဲ့တယ်။ ဘယ်လိုမှ မငြင်းနိုင် လောက်အောင် အရာရာကို လွှမ်းမိုးနိုင်တဲ့ အတွေ့အကြုံတွေပဲ”။ ရူးစ်က သူငယ်ချင်း ကော်နဲလ်တဲန်ဂယ်လ်(Cornel Tengel)ထံ ရေးသားပေးပို့သော စာတွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။ “ဒါပေမဲ့ အဲဒီနောက်မှာ ငါဟာ အမြဲတမ်းပဲ အလွှမ်းမိုးခံနေရတယ်။ ဘဝကို ရေရှည်တည်တံ့နိုင်ဖို့ ငါလိုအပ်တယ်”။

အက်ဗရက်ရူးစ်၏ ပေးစာများက သူနှင့် ခရစ္စမက်ကန်းဒလက်စ်တို့

အကြားမှ ဆန်းကြယ်သော မျဉ်းပြိုင်ဖြစ်တည်မှုများကို ပြဆိုသည်။ ရှူးစ်၏ ပေးစာများအနက်မှ အပိုဒ်သုံးပိုဒ်ကို အောက်တွင် ထုတ်နုတ်ဖော်ပြထားပါ သည်။

ကျွန်တော်ဟာ ကိုယ့်ကိုယ်ကို ကန္တာရတောကြီးထဲမှာ တစ် ယောက်တည်း အမြဲတမ်းလှည့်လည်သွားလာနေသူတစ်ယောက် ဖြစ်ရမယ်ဆိုတဲ့ အတွေးကိုပဲ တွေးပြီးရင်း တွေးနေမိလာတယ်။ ဘုရားသခင်...၊ ကန္တာရတောလမ်းက ကျွန်တော့်ကို ဘယ်လောက် တောင် ဖမ်းစားဆွဲဆောင်လိုက်တာပါလဲ။ ကျွန်တော့်အတွက်တော့ ကန္တာရတောကြီးရဲ့ ငြင်းပယ်နိုင်စရာမရှိတဲ့ ညှို့ငင်ဆွဲဆောင်မှုပဲ ဆိုတာကို ဘယ်သူမှ နားလည်နိုင်မှာ မဟုတ်ပါဘူး။ အားလုံးထဲမှာ တောလမ်းခရီးကို တစ်ကိုယ်တော်လျှောက်သွားရတာက အကောင်း ဆုံးပါ။ အဲဒီလို လှည့်လည်သွားလာရတာကို ကျွန်တော် ဘယ်တော့ မှ ရပ်တန့်ပစ်မှာ မဟုတ်ပါဘူး။ ပြီးတော့ သေဆုံးရမယ့်အချိန်ကို ရောက်လာပြီဆိုတဲ့အခါမှာ အရိုင်းအဆန်ဆုံး၊ အထီးအကျန်ဆုံး၊ လူသူအရောက်အပေါက်မရှိဆုံး ဆိုတဲ့ နေရာတစ်နေရာကို ကျွန်တော် ရှာပြီးနေမယ်။

ဟောဒီ တောတောင်ဒေသရဲ့ အလှတရားဟာ ကျွန်တော့်ရဲ့အစိတ်အပိုင်းတစ်ရပ် ဖြစ်လာနေတယ်။ စိတ်ထဲမှာ ကိုယ့်ရဲ့ဘဝနဲ့ ကင်းကွာသွားသလို ခံစားရတယ်။ ဘာကြောင့်မှန်းမသိပေမဲ့ အရင် ထက်ပိုပြီး နူးညံ့သိမ်မွေ့လာတယ်။ ကျွန်တော့်မှာ သူငယ်ချင်း ကောင်းတချို့ရှိပေမဲ့ ကျွန်တော် ဘာကြောင့် ဒီနေရာကိုရောက်နေ တယ်၊ ဘာတွေလုပ်နေတယ်ဆိုတာကို တကယ်နားလည်တဲ့သူ မရှိပါဘူး။ ကျွန်တော့်အပေါ်မှာ တစ်စိတ်တစ်ပိုင်းလေးထက် ပိုပြီး နားလည်ပေးနိုင်မယ့်သူ ဘယ်သူမှမရှိဘူး။ ကျွန်တော်ဟာ တကယ့် ကို အဖော်မပါတဲ့ တစ်ယောက်တည်းသမားကြီးလုံးလုံး ဖြစ်ခဲ့ရပါ တယ်။

ကျွန်တော်က လူအများစု ရှင်သန်နေထိုင်နေကြတဲ့ ဘဝပုံစံကို အမြဲပဲ စိတ်ထဲမှာ အားမရနိုင်ဘူး။ ဒီထက်အများကြီး ကျယ်ကျယ် ပြန့်ပြန့်နဲ့ ပြည့်ပြည့်ဝဝ ရှင်သန်နေထိုင်သွားချင်စိတ်က အမြဲပဲရှိနေတာ။

ဒီနှစ်အတွင်း ကျွန်တော့်ရဲ့ တစ်ကိုယ်တော်ခရီးတွေမှာ တော တွင်းစွန့်စားခန်းတွေကို အရင်ကထက် ပိုပြီး ကြုံတွေ့ခဲ့ရသလို အခွင့်အရေးတွေလည်း ပိုပြီး အရယူနိုင်ခဲ့တယ်။ ကျွန်တော် မြင်တွေ့ ခဲ့ရတဲ့ တောတောင်ရေမြေရှုခင်းအလှတွေက ဘယ်လောက်လှပ လိုက်ပါသလဲ။ လူသူအရောက်အပေါက်မရှိတဲ့ တောကြီးမျက်မည်း၊ မှားပြားလှတဲ့ ဖုန်းဆိုးမြေကြောတွေ၊ လူတွေမသိတဲ့ မတ်စောက်တဲ့ တောင်ကုန်းတွေ၊ ဟင်္သပဒါးရောင်ပြေးနေတဲ့ ကန္တာရသဲပြင်ကနေ အထက်ကို မြင့်တက်သွားတဲ့ အပြာရောင်တောင်ကြီးတွေ။ ခြေလှမ်း တစ်ရာလောက် နက်ရှိုင်းပြီး အောက်ခြေမှာ အကျယ်ငါးပေလောက် ပဲရှိတဲ့ တောင်ကြားတွေ၊ နာမည်မပေးရသေးတဲ့ တောင်ကြားဒေသ တွေပေါ်ကို ထစ်ချုန်းသံပေးပြီး ရုတ်တရက်ဆိုသလို သဲကြီးမဲကြီး ရွာချလာတတ်တဲ့ မိုးတွေ၊ နှစ်တစ်ထောင်လောက်အရင်က ကျောက် တောင်တက်သမားတွေ ထားရစ်ခဲ့တဲ့ ခိုလှုံစရာနေရာတွေ ရာနဲ့ချီပြီး ရှိနေတာတွေရယ်ပေါ့။

ထို့နောက် ရာစုနှစ်ဝက်ခန့်အကြာတွင် မက်ကန်းဒလက်စ်က ဝိန်း ဝက်စတာဘာ့ဂ်ထံ ပေးပို့ခဲ့သော ပို့စ်ကတ်၌ ရှူးစ်၏ လေသံနှင့် အံ့ဖွယ်ကောင်း

လောက်အောင်ပင် တစ်ထေရာတည်းတူညီစွာ ရေးသားဖော်ပြခဲ့သည်။ “ကျွန်တော့်အတွက်တော့ အချိန်တစ်ခုဆိုက်ရောက်လာတဲ့အထိ ဒီဘဝမှာပဲ ရှင်သန်နေထိုင်သွားဖို့ရာ ဆုံးဖြတ်ထားပြီးသားပါ။ တောကြီးကန္တာရဲ့ လွတ်လပ်မှုနဲ့ ရိုးရှင်းတဲ့ အလှတရားတွေက သိပ်ပြီးအားကောင်းလွန်းလို့ ထားပစ်ရက်စရာ မရှိပါဘူး”ဟု ရေးသားဖော်ပြခဲ့ခြင်းပင်။ ထို့နည်းတူပင် ရော်နယ်လ်ဖရန့်ဇ်ထံ နောက်ဆုံးပေးပို့ခဲ့သော စာ၌လည်း မက်ကန်းဒလက်စ်က ရူးစ်၏လေသံကို ပဲ့တင်ထပ်ရေးသားဖော်ပြခဲ့သည်။ (အခန်း ၆၊ စာမျက်နှာ-၁၀၀)။

ရူးစ်သည် မက်ကန်းဒလက်စ်ကဲ့သို့ပင် စိတ်ကူးယဉ်ဆန်သူဖြစ်ရုံ သာမက တစ်ကိုယ်ရေ ဘေးရန်ကင်းရှင်းမှုကို ပမာမထားရာတွင်လည်း မက်ကန်းဒလက်စ်ထက် မသာသည့်တိုင် လျော့နည်းခြင်းမရှိသူ ဖြစ်သည်။ အနတ်စ်ဆာဇီလူမျိုးတို့၏ ကျောက်တောင်များပေါ်မှ ခိုလှုံနေထိုင်ရာနေရာများကို ၁၉၃၄ ခုနှစ်အတွင်း ရှာဖွေဖော်ထုတ်စဉ် ရူးစ်ကို ထမင်းချက်တစ်ဦးအဖြစ် အလုပ်ပေးခန့်အပ်ခဲ့ဖူးသည့် ရှေးဟောင်းသုတေသနပညာရှင် ကလေးဘွန်းလော့ကက် (Clayborn Lockett)က အန္တရာယ်များပြားလှသည့် ကျောက်တောင်များအကြား အဆင်အခြင်ကင်းမဲ့စွာ သွားလာခဲ့သည့် အက်ဗရက်၏ အပြုအမူများကြောင့် သူ့အနေဖြင့် စိုးရိမ်ထိတ်လန့်ခဲ့ရကြောင်း အက်ဗရက်၏ အတ္ထုပ္ပတ္တိစာအုပ်ရေးသားသူ စာရေးဆရာ ရပ်ရှို(Rusho)အား ပြောပြခဲ့သည်။

စင်စစ်တွင် ရူးစ်ကိုယ်တိုင်သည်ပင်လျှင် သူ၏ ပေးစာတစ်စောင်၌ “အချိန်မရွေးကျိုးပဲ့ကျနိုင်တဲ့ သဲကျောက်တွေနဲ့ ထောင့်မတ်ကျလုနီးပါး ကျောက်ဆောင်အစွန်အဖျားတွေထက်မှာ ရေရှာဖို့ ဒါမှမဟုတ် နေစရာရှာဖို့အတွက် အသက်နဲ့ရင်းခဲ့ရတဲ့ အကြိမ်တွေက အခါ တစ်ရာမကပါပဲ။ နွားရိုင်းအဖွဲ့ခံရလို့ နှစ်ကြိမ်လောက် သေလုမြောပါးဒဏ်ရာရ၊ သွေးထွက်သံယိုဖြစ်ခဲ့ဖူးတယ်။ ဒါပေမဲ့ အမြဲလိုပဲ ဘေးမသီရန်မခနဲ့ လွတ်မြောက်လာပြီး နောက်ထပ်စွန့်စားခန်းတစ်ခုဆီကို ချီတက်ရပြန်တာပဲ” ဟု ဂုဏ်ယူရေးသားခဲ့သည်။ ရူးစ်၏ နောက်ဆုံးပေးစာတွင်မူ သူ၏ အစ်ကိုဖြစ်သူထံ အေးဆေးတည်ငြိမ်စွာဖြင့် ဝန်ခံဖော်ပြသွားခဲ့သည်။

ကျိုးပဲ့ကျနိုင်တဲ့ ကျောက်ဆောင်တွေ၊ အဆိပ်ပြင်းမြွေတွေ ဘေးရန်ကနေ သီသီလေးလွတ်ခဲ့ရတာမျိုးတွေ အနည်းအကျဉ်း ရှိခဲ့ဖူးတယ်။ နောက်ဆုံးအကြိမ်မတော်တဆဖြစ်ခဲ့တာက တောကြီး ပျားအုံကို ချိုကိုလက်ထရို(Chocolatero)က ဝင်တိုးမိတာပဲ (ချိုကို လက်ထရိုမှာ သူ၏ ဝန်တင်မြည်း ဖြစ်သည်။)။ ဒီ့ထက်သာ နည်း နည်း ပိုတုပ်ခံရရင်တော့ ခံနိုင်ရည်မရှိလောက်ဘူး။ အခုတောင်မှ မျက်လုံးပြန်ဖွင့်နိုင်ဖို့နဲ့ လက်တွေပြန်လှုပ်နိုင်ဖို့ရာ သုံး၊ လေးရက်လောက်ကြာသွားတာ။

မက်ကန်းဒလက်စ်ကဲ့သို့ပင် ရူးစ်သည်လည်း ကာယိကဒုက္ခများကို မမှုတတ်သူဖြစ်သည့်အပြင် အချို့သော အခြေအနေများ၌ ထိုဒုက္ခမျိုးကို သူက ပင်

ကြိုဆိုလက်ကမ်းသယောင်ရှိသည်။ "အဆိပ်ရှိတဲ့ နွယ်ပင်တစ်မျိုးက ပေးတဲ့ ဝေဒနာကို ခြောက်ရက်လောက် ခံလိုက်ရသေးတယ်လေ။ ခံစားရတာ တွေကတော့ မဆုံးနိုင်အောင်ပါပဲ" ဟု သူငယ်ချင်းတစ်ဦးဖြစ်သူ ဘီလ်ဂျက် ကော့ဘ်(စ)(Bill Jacobs)ထံ ရေးသားပေးပို့သည့် စာတစ်စောင်တွင် သူက ဖော်ပြခဲ့သည်။ ထိုအကြောင်းများကို သူ၏စာတွင် ဆက်လက်၍ ဖော်ပြခဲ့သည်။

ကိုယ့်ကိုယ်ကို သေမှန်း၊ ရှင်မှန်းမသိ ဖြစ်နေတာ နှစ်ရက် လောက်အထိပဲ။ အပူဒဏ်အောက်မှာ တွန့်လိမ်လူးလိုမ့်နေရတယ်။ ပုရွက်ဆိတ်အုပ်တွေနဲ့ ယင်ကောင်တွေက ကိုယ်ပေါ်မှာ တရွရွ တက်နေတယ်။ အဆိပ်က တစိမ့်စိမ့်နဲ့ ပျံ့ပြီး မျက်နှာနဲ့ လက်တွေ ကျောပြင်ပေါ်တွေမှာ ချပ်ခဲကြီးလိုဖြစ်လာတာ။ ဘာမှလည်း မစား နိုင်ဘူး။ ဘာမှလည်း လုပ်လို့မရဘူး။ ဝေဒနာကို စိတ်အတွေးနဲ့ ကြိတ်မှိတ် ခံစားနေရုံပဲရှိတာ။

ဒီလိုမျိုး တွေ့ကြုံရတဲ့အခါတိုင်း ဒီတစ်ကြိမ် အဆုံးသတ်မှာ ရယ်မောနိုင်သလိုမျိုး နောက်တစ်ကြိမ်ကျရင် အခုလိုရယ်မောနိုင် ပါ့မလားလို့ အမြဲတွေးမိပေမဲ့ ဒီတောကြီးထဲကနေ ထွက်သွားဖို့ရာကို ငြင်းဆန်နေမိတယ်လေ။

ရှုးစ်သည် မက်ကန်းဒလက်စ်ကဲ့သို့ပင် သူ၏ တစ်ကိုယ်တော် ခရီး ရှည်ကြီး စတင်သည်နှင့် နာမည်အသစ်တစ်ခုကို ခံယူခဲ့သည်။ နာမည်အသစ် တသီတသန်းကြီး ခံယူသွားခဲ့သည်ဟု ဆိုမှသာ ပို၍ မှန်ကန်ပေမည်။ ၁၉၃၁ ခုနှစ်၊ မတ်လ ၁ ရက်နေ့စွဲတပ် ပေးစာ၌ သူ၏ အမည်ကို လန်ရမ်မိုး(Lan Rameau)ဟု ပြောင်းလဲခေါ်ဆိုရန် မိသားစုထံ အကြောင်းကြားခဲ့သည်။ "ကျေးဇူး ပြုပြီး ကျွန်တော့်ရဲ့ ချစ်စနိုးပေးထားတဲ့ နာမည်သစ်အပေါ် လေးစားသမှုထား ပေးကြပါ။ အဲဒါကို ပြင်သစ်လို ဘယ်လိုပြောရသလဲ။ နော်မားဒီဗဟို့ဆား (Nomme de Broushe)လို့ ပြောသလား။ ဒါမှမဟုတ် ဘယ်လိုပြောမလဲ" ဟု သူက ရေးသားဖော်ပြခဲ့သည်။ ထို့နောက် နှစ်လအကြာတွင် ပေးပို့သော စာ တစ်စောင်၌ နာမည်အသစ်တစ်ခု ထပ်ပြောင်းရပုံကို ရေးသားရှင်းပြခဲ့ပြန်သည်။ "ကျွန်တော့်နာမည်ကို အဲဗာ့တ်ရူလန်(Evert Rulan)လို့ ထပ်ပြောင်းလိုက်ပါတယ်။ ကျွန်တော်နဲ့ အရင်ကတည်းက သိကျွမ်းခဲ့တဲ့ မိတ်ဆွေတွေက အရင်နာမည်ဟာမှည့်ရိုးမှည့်စဉ်နာမည်မဟုတ်ဘဲ ပြင်သစ်ဆန်နေတယ်လို့ ဆိုကြလို့လေ"။ ထိုနှစ် ဩဂုတ်လအရောက်တွင် သူက မည်သည့်ရှင်းလင်းချက်မျှ မပေးတော့ဘဲ သူ၏အမည်ကို အက်ဗရက်ရှုးစ်ဟုသာ ပြန်လည်ခေါ်ဆိုစေခဲ့သည်။ ထိုအမည်ကို နောက်ထပ်သုံးနှစ်အထိ ဆက်လက်အသုံးပြုသွားခဲ့သည်။ ဒေးဗစ္စဂါ့လ်ချ်သို့ သွားရောက်ခဲ့သည်အထိ အသုံးပြုသွားခဲ့ခြင်းပင်။ ဒေးဗစ္စဂါ့လ်ချ်၌ ရှိစဉ် "ဖိုးသုည"ဟု အဓိပ္ပာယ်ရသော လက်တင်ဘာသာစကားဖြင့် မှည့်ခေါ်သည့် Nemo ဆိုသောအမည်ကို နဗာဂျိုတောင်၏ သဲကျောက်နံရံများပေါ်တွင် နှစ်ကြိမ် တိုင်တိုင် ရေးထွင်းသွားခဲ့သည်။ ထိုသို့ ရေးထွင်းရသည့်အကြောင်းအရင်းကိုမူ မသိရှိရပေ။ ထို့နောက်တွင် သူသည် ပျောက်ဆုံးသွားခဲ့ရသည်။ ပျောက်ဆုံးသွား

ချိန်တွင် ရူးစ်၏အသက်မှာ နှစ်ဆယ်မျှသာ ရှိသေးသည်။

ရူးစ်ထံမှ နောက်ဆုံးပေးစာများကို လက်ခံရရှိကြသူတိုင်းသည် ဒေးဗစ္စဂါ့လ်ချ်၏ မြောက်ဘက် ၅၇ မိုင်အကွာရှိ အက်စ်ကလန်ထေးမြို့ (Escalante), မော်မင်အိမ်ရာစခန်း(Mormon Settlement)မှ ၁၉၃၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့စွဲတပ် ပေးစာများကိုရရှိခဲ့ကြခြင်း ဖြစ်သည်။ သူ၏မိဘများနှင့် အစ်ကိုဖြစ်သူထံ လိပ်မူပေးပို့ခဲ့သောစာများ၌ တစ်လ သို့မဟုတ် နှစ်လခန့် အဆက်အသွယ်ပြုလုပ်နိုင်ဦးမည်မဟုတ်ကြောင်း ရေးသားဖော်ပြခဲ့သည်။ ထိုစာများကို ပေးပို့ခဲ့ပြီး ရှစ်ရက်အကြာ၌ ရူးစ်သည် ဒေးဗစ္စဂါ့လ်ချ်မှ တစ်မိုင်ခန့် သာကွာ ဝေးသောနေရာတွင် သိုးကျောင်းသားနှစ်ဦးနှင့် ဆုံတွေ့ခဲ့ပြီး ယင်းတို့၏ စခန်းတွင် နှစ်ညကြာ နေထိုင်သွားခဲ့သည်။ ထိုသိုးကျောင်းသားနှစ်ဦးမှာ ရူးစ်ကို အသက်ရှင်လျက်နှင့် နောက်ဆုံးမြင်တွေ့လိုက်ရသူများပင်။

အက်စ်ကလန်ထေးမြို့မှ ရူးစ်ထွက်ခွာသွားပြီး သုံးလအကြာတွင် အရီဇိုးနားပြည်နယ် မာဘယ်လ်ကင်ညွှံ(Marble Canyon)တောင်ကြားဒေသမှ စာတိုက်မှူးက ပေးပို့လိုက်သော ဖွင့်ဖောက်ဖတ်ရှုခြင်းမပြုရသေးသည့် ပေးစာများပါဝင်သည့် အထုပ်တစ်ထုပ်ကို ရူးစ်မိဘများက လက်ခံရရှိခဲ့သည်။ မာဘယ်လ်ကင်ညွှံတောင်ကြားဒေသသည် ရူးစ်က အချိန်ကြာရှည်နေထိုင်မည် ဟု မျှော်မှန်းခဲ့သောဒေသဖြစ်သည်။ စိုးရိမ်ပူပန်စိတ်ဝင်လာသော မိဘနှစ်ပါးဖြစ် သည့် ခရစ္စတိုဖာနှင့် စတယ်လာတို့က အက်စ်ကလန်ထေးမြို့ရှိ အုပ်ချုပ်ရေး အာဏာပိုင်များထံ ဆက်သွယ်အကြောင်းကြားခဲ့ရာမှ အာဏာပိုင်တို့က ၁၉၃၅ ခုနှစ်၊ မတ်လ အစောပိုင်းတွင် ရှာဖွေကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေး ခဲ့သည်။ ရူးစ်အား အသက်ရှင်လျက်နှင့် နောက်ဆုံးတွေ့ရှိခဲ့ကြရသည့် သိုးကျောင်းသားစခန်းမှ စတင်ကာ အနီးပတ်ဝန်းကျင်ဒေသကို ပိုက်စိပ်တိုက်ရှာဖွေခဲ့သည်။ ရှာဖွေရေးစတင်ပြီး မကြာမီမှာပင် ဒေးဗစ္စဂါ့ လ်ချ်တောင်ကြား၏ အောက်ခြေတွင် ရရာသစ်ကိုင်းများ၊ ချုံပင်များဖြင့် လက်ဖြစ်ပြုလုပ်ထားသော ခြံဃယ်တစ်ခုအတွင်း၌ အပြိုင်အဆိုင် မြက်စားနေကြသည့် မြည်းနှစ်ကောင်ကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ အက်ဗရက်၏ ဝန်တင်မြည်းများပင် ဖြစ်သည်။

မြည်းနှစ်ကောင်ကို အထက်တောင်ကြားဘက်တွင် ခြံခတ်ထားခဲ့ခြင်း ဖြစ်ပြီး ထိုနေရာမှာ မော်မင်လူမျိုးစုတို့ ထွင်းထားသော လှေကားနှင့် လျှိုစောက်ကြမ်းခင်းတို့ဆုံရာနေရာမှ အထက်ဘက်တွင် ရှိသည်။ ထိုနေရာမှ အောက်ဘက် သို့ ရေစုန်အတိုင်း အနည်းငယ်သွားလိုက်ရုံမျှနှင့်ပင် မှားယွင်းစရာမရှိသော ရူးစ်၏ နားခိုရာစခန်းကို သက်သေအထောက်အထားအဖြစ် ရှာဖွေရေးသမား များက တွေ့ရှိခဲ့ကြရသည်။ ထိုမှတစ်ဆင့် သဘာဝအလျောက်ဖြစ်ပေါ်နေသော ကျောက်ဆောင်ခုံးပေါက်အောက်ဘက်တွင် အနတ်စ်အာဇီလူမျိုးတို့၏ ကောက်ပဲသီးနှံ သိုလှောင်ရာနေရာကို ဆက်လက်တွေ့ရှိကြသည်။ NEMO 1934 ဟု

ရေးထွင်းထားသော ကျောက်သားနံရံရှိရာနေရာကို ဖြတ်သန်းဝင်ရောက်သွားခဲ့ကြခြင်းပင်။ အနတ်စ်အာဇီလူမျိုးစုတို့၏ ကောက်ပဲသီးနှံထည့်သော အိုးလေးလုံးကို ကျောက်တုံးတစ်တုံးထက်တွင် စနစ်တကျနေရာချထားသည်ကို တွေ့ကြရသည်။ ထိုနောက် သုံးလအကြာတွင် ရှာဖွေရေးသမားများက နောက် ထပ် NEMO စာတန်းတစ်ခုကို ထပ်မံတွေ့ရှိခဲ့ကြသည်။ ပထမတွေ့ရှိသောနေရာ မှ အတန်ငယ်လှမ်းသော လှိုဏ်ခေါင်းအောက်ဘက်ပိုင်းတစ်နေရာတွင် တွေ့ရှိရခြင်းဖြစ်သည်(ဂလန်းကင်ညံ့ရေကာတာသို့ ရေသွင်းပေးသော ပါဝဲလ်ရေကန်မှ ၁၉၆၃ ခုနှစ်အတွင်း ရေတိုးချိန်၌ လှိုဏ်ခေါင်းအတွင်းသို့ ရောက်ရှိလာသောရေ တို့ တိုက်စားမှုကြောင့် NEMO စာတန်းနှစ်ခုလုံးမှာ ပျောက်ကွယ်သွားပြီဖြစ် သည်။)။ သို့ရာတွင် ခြံခတ်၊ သပ်ရိုက်၊ ကြိုးချည်ထားခဲ့သော ဝန်တင်မြည်းနှစ် ကောင်မှအပ ရှူးစ်၏ စခန်းဆောက်လုပ်ရေးပစ္စည်းပစ္စယများ၊ ဂျာနယ်မှတ် တမ်းများနှင့် ပန်းချီများကိုမူ တွေ့ရှိခဲ့ကြရခြင်းမရှိပေ။

ရှူးစ်သည် တောင်ကြားနံရံတစ်ခု သို့မဟုတ် တစ်ခုထက်တွင် လှည့် လည်သွားလာရင်း အသက်အန္တရာယ်ကျရောက်ခဲ့သည်ဟုသာ လက်ခံယုံကြည် ကြရပေသည်။ ဤဒေသရှိ မြေမျက်နှာသွင်ပြင်၏ ဖောက်ပြန်တတ်သော သဘာဝ(ဤဒေသ၏ ပဟေဠိတစ်ရပ်ဖြစ်သော ကျောက်ကမ်းပါး၊ ကျောက် ဆောင်တို့မှာ နဗာဂျိုသဲကျောက်များဖြင့် ဖွဲ့စည်းထားကာ ကျိုးပဲ့လွယ်သည့် ကျောက်ချပ်လွှာများက ရေတိုက်စားမှုကြောင့် ချောမွေ့ပွရောင်းနေသည့် ချောက်ကမ်းပါးများဖြစ်လာသည်။)နှင့် ရှူးစ်၏ အန္တရာယ်ပြွမ်းသောတောင်တက်ခရီးကို ခုံမင်မှုတို့ကိုသာ ယိုးမယ်ဖွဲ့ရမည်ဖြစ်သည်။ ကျောက်ဆောင်၊ ကျောက်ကမ်းပါးများအနီးတစ်ဝိုက်တွင်သာမက အခြားနေရာများတွင်ပါ အသေးစိတ်ဂရုတစိုက် ရှာဖွေကြသော်လည်း ရှူးစ်၏ ကြွင်းကျန်သော ရုပ် အလောင်းကို ရှာဖွေတွေ့ရှိခဲ့ခြင်းမရှိပေ။

ရှူးစ်က ဝန်တင်မြည်းများကို ထားရစ်ကာ လေးလံလှသည့် ဝန်ထုပ်ဝန် ပိုးများကို ထမ်းပိုး၍ လှိုဏ်ခေါင်းအတွင်းမှ ထွက်ခွာခဲ့ပုံမှာလည်း တွေးဆစဉ်းစား စရာတစ်ခုပင် ဖြစ်သည်။ ထိုသို့ရှုပ်ထွေးသောအခြေအနေများကို အကြောင်းပြု ၍ အချို့သော စုံစမ်းစစ်ဆေးသူတို့က ရှူးစ်သည် နွားခိုးဂိုဏ်းတစ်ခု၏ သတ် ဖြတ်မှုကို ခံခဲ့ရခြင်းဖြစ်နိုင်ကြောင်း ကောက်ချက်ဆွဲလာကြသည်။ နွားခိုးဂိုဏ်း သားတို့က ရှူးစ်၏ ပစ္စည်းများကိုယူကာ လူကိုသတ်ဖြတ်ပြီး မြေမြှုပ်လိုက်ခြင်း သို့မဟုတ် ကော်လိုရာဒိုမြစ်ထဲသို့ ပစ်ချအစဖျောက်ခဲ့ခြင်းဖြစ်နိုင်သည်ဟု ဆို သည်။ အဆိုပါ အယူအဆသည်လည်း ဟုတ်မှန်နိုင်ခြေရှိသော်လည်း သက်သေ ပြရန် ခိုင်လုံသည့် အထောက်အထားတစ်စုံတစ်ရာ မရှိပါ။

အက်ဗရက်ပျောက်ဆုံးသွားပြီး မကြာမီမှာပင် သူ၏ဖခင်က သားဖြစ် သူသည် စာရေးဆရာ ယူးလ်စ်ဗန်း(Jules Verne)ရေးသားသည့် Twenty Thousand Leagues under the Sea အမည်ရဝတ္ထုကို အကြိမ်ကြိမ်ဖတ်လေ့ရှိပြီး ထိုဝတ္ထုထဲမှ

နှလုံးသားဖြူစင်လှသည့် အဓိကဇာတ်ကောင် နီမို(Nemo)၏ လွှမ်းမိုးမှုခံရ ခြင်းဖြစ်နိုင်ကြောင်း ပြောကြားလာခဲ့သည်။ ဇာတ်ကောင် ကက် ပတိန်နီမိုသည် မြို့ပြယဉ်ကျေးမှုကို စွန့်ခွာထွက်ပြေးကာ ကမ္ဘာလောကနှင့် ပတ်သက်သမျှတို့ကို အဆက်အဆံဖြတ်ခဲ့သူဖြစ်သည်။ အက်ဗရက်၏ အတ္ထုပ္ပတ္တိရေးသားသူ ရပ်ရိုက ခရစ္စတိုဖာရူးစ်၏ အကဲဖြတ်ချက်ကို သဘောတူ လက်ခံခဲ့ပြီး အက်ဗရက်၏ လူမှုအဖွဲ့အစည်းအသိုင်းအဝိုင်းမှ ထွက်ခွာခြင်း၊ လောကီသာယာမှုများကို အထင်သေးစက်ဆုပ်ခြင်း၊ ဒေးဗစ္စဂါ့လ်ချ်အတွင်း၌ သူ၏ ထိုးမြဲလက်မှတ် ကို နီမို(NEMO)ဟု ရေးထိုးခြင်းတို့သည် သူ့ကိုယ်သူ ယူးလ်စ်ဗန်း၏ ဇာတ်ကောင်သဖွယ် အနီးစပ်ဆုံးပြုမူနေခြင်းဖြစ်ကြောင်း ထင်ရှားသည်ဟု ဆိုလာသည်။

ရူးစ်၏ ကက်ပတိန်နီမိုအသွင် စိတ်ကူးယဉ်ခြင်းက သူ့အကြောင်းကို ဒဏ္ဍာရီတစ်ပုဒ်သဖွယ် ရေးသားကြသည့် အချို့သော စာရေးဆရာများအကြား တွင် ထင်မြင်မှန်းဆချက်အများအပြား ထွက်ပေါ်စေခဲ့သည်။ အက်ဗရက်ရူးစ် သည် ဒေးဗစ္စဂါ့လ်ချ်မှ ထွက်ခွာခဲ့ပြီးနောက် အသက်ရှင်သန်နေဆဲဖြစ်ကာ တစ်နေရာတွင် ဇာတ်မြှုပ်နေထိုင်လျက်ရှိသည်ဟု ဆိုသူတို့က ဆိုကြသည်။

လွန်ခဲ့သောနှစ်က အရီဇိုးနားပြည်နယ် ကင်းမဲန်းမြို့(Kingman)သို့ စာရေးသူ ရောက်ရှိစဉ် စက်သုံးဆီဆိုင်တစ်ဆိုင်၌ ထရပ်ကားအတွက် ဆီဖြည့်ရင်း သက် လတ်ပိုင်းအရွယ်ရှိ ဆီပန့်ကိုင်သမားတစ်ဦးနှင့် စကားပြောဖြစ်ခဲ့သည်။ သူက လူကောင်သေးသေး၊ ဆန္ဒစောတတ်ဟန်ရှိပြီး နှုတ်ခမ်းထောင့်တွင် စကိုးလ် (Skoal)ဆေးရွက်ကြီး စွန်းထင်းနေသော အစက်အပြောက်များရှိသည်။ သူက ၁၉၆၀ ပြည့်နှစ်များ၏ နောက်ပိုင်းနှစ်များအတွင်း နဗာဂျိုဒေသခံ အင်ဒီးယန်း တို့ နေထိုင်ရာ အထူးဒေသရှိ ဝေးလံသီခေါင်သောနေရာတစ်နေရာမှ သစ်လုံး အိမ်တစ်လုံးတွင် ရူးစ်နှင့် ရုပ်ရည်တထေရာတည်း တူညီသောသူတစ်ယောက် အား တွေ့ဆုံသိကျွမ်းခဲ့ကြောင်း စာရေးသူ ယုံကြည်လောက်အောင် ကျိန်တွယ် ပြောဆိုခဲ့သည်။ ထိုဆီပန့်ကိုင်သမား၏ မိတ်ဆွေတစ်ဦးအဆိုအရ ရူးစ်သည် နဗာဂျိုလူမျိုး အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ရက်သားကျကာ ရင်သွေးတစ်ဦး အနည်းဆုံးရှိ မည်ဖြစ်သည်ဟု သိရှိရသည်။ ထိုသူ ပြောပြသော ဇာတ်လမ်းနှင့် တကွ ရူးစ်ကို မကြာသေးမီကပင် မြင်တွေ့လိုက်ရသည်ဟုဆိုသော အခြား သတင်းစကားများအတွက် တိကျမှန်ကန်မှုမှာ သံသယဖြစ်ဖွယ်ရှိပုံကိုမူ ပြောပြ ရန်ပင် လိုမည် မဟုတ်ပေ။

အက်ဗရက်ရူးစ်၏ ပုစ္ဆာကို အခြားသောသူများကဲ့သို့ပင် အချိန်အကုန် ခံဖော်ထုတ်စုံစမ်းနေသူ ကင်ဆလေး(Ken Sleight)ကလည်း ရူးစ်သည် ၁၉၃၄ ခုနှစ်၊ သို့မဟုတ် ၁၉၃၅ ခုနှစ်ဆန်းပိုင်းခန့်တွင် ကွယ်လွန်ခဲ့သည်ဟု ယုံကြည် ကြပြီး ရူးစ်၏ ဘဝဇာတ်သိမ်းခဲ့ရပုံကို သူက သိရှိထားသည်ဟုလည်း ယုံကြည်သူဖြစ်သည်။ အသက် ၆၅ နှစ်အရွယ်ရှိ ဆလေးသည် ကျွမ်းကျင်သော ရေကြောင်းလမ်းညွှန်တစ်ယောက်ဖြစ်သည့်အပြင် မော်မင်လူမျိုးစုဒေသတွင်

ကြီးပြင်းခဲ့သူပီပီ ကန္တာရအတွင်း၌ ကျင်လည်စွာသွားလာတတ်သူလည်းဖြစ် သည်။ သူသည် အပြောအဆိုကြမ်းတမ်းသူတစ်ဦးအဖြစ်လည်း ကျော်ကြား သည်။ စာရေးဆရာ အက်ဒ်ဝပ်ဒ်အက်ဘေး(Edward Abbey)က တောင်ကြား ဒေသ သဘာဝဝန်းကျင်အား ဖျက်လိုဖျက်ဆီးပြုမူသည့် အကြမ်းဖက်မှုများ အကြောင်းကို The Monkey Wrench အမည်ဖြင့် စိတ်ကူးယဉ်ဝတ္ထုတစ်ပုဒ် ရေးသားရာ၌ ကင်ဆလေး၏ အကျင့်စရိုက်များကို မှီငြမ်းကာ သူ၏ဇာတ် ကောင် ဆဲလ်ဒမ်းဆီးန်စမစ်သ် (Seldom Seen Smith)အား ဖန်တီးခဲ့သည်ဟု အဆိုရှိသည်။ ဆလေးသည် တောင်ကြားဒေသအတွင်း နှစ်ပေါင်းလေးဆယ်ခန့် နေထိုင်ခဲ့သူဖြစ်ကာ ရူးစ်ရောက်ရှိခဲ့သည့်နေရာများသို့ ကိုယ်တိုင်သွားရောက်ခဲ့ သည့်အပြင် ရူးစ်နှင့်အတူ လမ်းခရီးတွင် ဆုံတွေ့ခဲ့ဖူးသူများကိုလည်း တွေ့ဆုံမေးမြန်းခဲ့သည်။ ရူးစ်၏အစ်ကိုဖြစ်သူ ဝေါလ်ဒိုကိုလည်း ညီဖြစ်သူ အက်ဗရက် ရူးစ်ပျောက်ဆုံးခဲ့သည့် ဒေးဗစ္စဂါ့လ်ချ်သို့ ခေါ်ဆောင်သွားခဲ့သူဖြစ်သည်။ “ဝေါလ်ဒိုကတော့ အက်ဗရက် အသတ်ခံရတာလို့ ထင်တယ်”။

ဆလေးက ပြောပြလာခြင်းဖြစ်သည်။ “ဒါပေမဲ့ ကိုယ်က အဲဒီလိုမထင်ဘူး။ အက်စ်ကလန်းထေးမှာ ကိုယ်က နှစ်နှစ်လောက်နေခဲ့ဖူးတာ။ သူ့ကို သတ်ခဲ့ တယ်လို့ . အစွပ်စွဲခံရတဲ့ ဒေသခံတွေနဲ့လည်း စကားပြောကြည့်ဖြစ်တယ်။ သူတို့သတ်တာလို့ ကိုယ်တော့ မထင်ဘူး။ ဒါပေမဲ့ ဘယ်သူသိနိုင်မလဲ။ လူတစ် ယောက်က လူမသိ၊ သူမသိလုပ်ထားတဲ့အလုပ်ကို ဘယ်တော့မှ ဖွင့်ပြောမှာ မဟုတ်ဘူးလေ။ တခြားဒေသခံတွေကလည်း အက်ဗရက်ဟာ ကျောက်ဆောင် ပေါ်က လိမ့်ကျတာပဲလို့ ယုံကြည်ကြတယ်။ ဟုတ်ပြီလေ၊ အဲဒီလိုပဲဖြစ်ခဲ့တယ် လို့။ ဒါမျိုးက ဒီဒေသမှာ လွယ်လွယ်လေးဖြစ်တတ်တာမျိုးပဲ မဟုတ်လား။ ဒါပေမဲ့ ကိုယ်ကတော့ အဲဒီလိုဖြစ်ခဲ့တာလို့လည်း မထင်ဘူး”။

“ကိုယ့်အထင်ပြောရင် သူက ရေနစ်သေတာဖြစ်မယ်”

ဆလေးသည် ဒေးဗစ္စဂါ့လ်ချ်၏ အရှေ့ဘက် ၄၅ မိုင်ခန့်အကွာရှိဆန်ဂွမ်မြစ်(San Juan)မြစ်အတွင်းသို့ စီးဝင်သည့် ဂရဲန်းဂါ့လ်ချ်(Grand Gulch) ချောင်းတစ်လျှောက် လွန်ခဲ့သောနှစ်များစွာက ခရီးကြမ်းထွက်စဉ် အနတ်စ်ဆာ ဇီလူမျိုးစုတို့၏ သီးနှံသိုလှောင်ရာ အဆောက်အဦတစ်ခုအတွင်းရှိ ရွှံ့ဖြင့်ပြုလုပ် ထားသော မောင်းထောင်းဆုံတစ်ခု၏ မျက်နှာပြင်တွင် NEMOဟု ရေးထွင်း ထားသည်ကို ရှာဖွေတွေ့ရှိခဲ့သည်။ ရူးစ်သည် ဒေးဗစ္စဂါ့လ်ချ်မှ ထွက်ခွာလာပြီး မကြာမြင့်မီအချိန်အတွင်း ထိုမောင်းဆုံပေါ်တွင် NEMO ဆိုသည့် အမည်ကို ရေးထွင်းသွားခြင်းဖြစ်မည်ဟု ဆလေးက မှန်းချက်ထုတ်သည်။

“ဒေးဗစ္စဂါ့လ်ချ်မှာ သူ့မြည်းတွေကို ခြံခတ်ထားပြီးနောက်...” ဆလေးက ဆက်ပြောလာသည်။ “ရူးစ်က သူပိုင်ပစ္စည်းတွေအားလုံးကို တစ် နေရာရာက ဂူတစ်ခုထဲမှာ ဝှက်ထားခဲ့ပြီး သူ့ကိုယ်သူ ကက်ပတိန်နီမိုအဖြစ်နဲ့

တွက်သွားခဲ့တာဖြစ်မယ်။ နဗာဂျိုအထူးဒေသမှာ သူ့ရဲ့ ဒေသခံ အင်ဒီးယန်း မိတ်ဆွေတွေရှိတယ်လေ။ အဲဒီဘက်ကို ဦးတည်ပြီး သူထွက်သွားခဲ့တာလို့ ကိုယ်ထင်တာပဲ"။ ရူးစ်သည် နဗာဂျိုဒေသသို့ သွားရာလမ်းအတိုင်း လိုက်ကာ ဟိုးလ်အင်သည်ရော့ခ်(Hole-in-the-Rock)ဟု ခေါ်သည့် ကျောက်ပပ်ကြားအက်မှ တစ်ဆင့် ကော်လိုရာဒိုမြစ်ကို ဖြတ်သည်။ ထိုမှတစ်ဆင့် ၁၈၈၀ ပြည့်နှစ်ခန့် အတွင်းကပင် ဝီလ်ဆင်မက်ဆာ(Wilson Mesa)တောင်ကုန်းနှင့် ကလေးဟီးလ်စ် (Clay Hils) တောင်ကုန်းများကိုဖြတ်ကျော်ကာ အခြေချနေထိုင်ရန် ဝင်ရောက်လာသည့် မော်မင်လူမျိုးစုတို့ အသုံးပြုခဲ့သော တောလမ်းအတိုင်း သွားခဲ့ဟန် ရှိသည်။ နောက်ဆုံးတွင် ဆန်ဂွမ်မြစ်အနီးရှိ ဂရဲန်းဂါလ်ချ်သို့ ရောက်ရှိသည်။ ဆမ်ဂွမ်မြစ်ကိုဖြတ်လျှင် နဗာဂျိုအထူးဒေသ ရောက်ရှိပြီဖြစ်သည်။

"အက်ဗရက် က သူ့ရဲ့ နီမိုစာတမ်းကို ဂရဲန်းဂါ့လ်ချ်ရဲ့ အပျက်အစီးတွေပေါ်မှာ ရေးထွင်းခဲ့ တယ်။ ဂရဲန်းဂါ့လ်ချ်က ကောလင်းစ်ချောင်း(Collins Creek) စီးဝင်တဲ့နေရာရဲ့ အောက်ဘက် တစ်မိုင်လောက်မှာရှိတာ။ အဲဒီကနေ ဆမ်ဂွမ်မြစ်အတိုင်း ဆက် ဆင်းမယ်။ ပြီးတော့ မြစ်ကို ရေကူးပြီးဖြတ်ဖို့ သူကြိုးစားခဲ့တာဖြစ်မယ်။ အဲဒီမှာ သူ ရေနစ်တာပဲ။ ဒါက ကိုယ့်အထင်ပါ"။

အကယ်၍သာ ရူးစ်က မြစ်တစ်ဖက်ကမ်းသို့ အသက်မသေဘဲ ဖြတ်ကူးနိုင်ကာ နဗာဂျိုအထူးဒေသသို့ ရောက်ရှိခဲ့သည်ဆိုပါက သူအသက်ရှင် လျက်ရှိနေသည်ကို ဖုံးကွယ်ထားရန်မဖြစ်နိုင်ကြောင်း ဆလေးက ယုံကြည် သည်။

"သူ့ကိုယ်သူ နီမိုအဖြစ်နဲ့ ဆက်ပြီးသွားနေရင်တောင်မှ ဖုံးကွယ်ထားဖို့ ရာ မဖြစ်နိုင်ဘူး။ အက်ဗရက်က တစ်ကိုယ်တော်သမား၊ ဒါပေမဲ့ သူက လူ တွေကို အရမ်းသဘောကျပြီး သူ့လက်ကျန်ဘဝတစ်လျှောက်လုံး အဲဒီဒေသမှာ ပဲ ဇာတ်မြှုပ်နေထိုင်သွားတာ။ လူတော်တော်များများက အဲဒီလိုပဲ။ ကိုယ်လည်း အဲဒီလိုပဲလေ။ အက်ဒ်အက်ဘေးလည်း ဒီလိုပဲ။ မက်ကန်းဒလက်စ်ဆိုတဲ့ ကောင် လေးကလည်း ဒါမျိုးပဲဖြစ်မယ်။ ကိုယ်တို့တွေက အဖော်အပေါင်းနဲ့နေရတာကို ခုံမင်တယ်။ ကြည့်လေ၊ ဒါပေမဲ့ လူတွေအနားမှာ ကိုယ်တို့က အကြာကြီးမနေ နိုင်ကြဘူး။ အဲဒီတော့ ကိုယ့်ရဲ့ဇာတိရုပ်ကို ကိုယ်တိုင်ပဲ သွားပြီးတော့ ဖျောက် ပစ်ကြတယ်။ ပြီးတော့ ခဏ ပြန်လာတယ်။ နောက်ပြီးရင် နောက်တစ်ခေါက် ထပ်ထွက်သွားပြန်ရော။ ဒါဟာ အက်ဗရက် လုပ်သွားခဲ့တဲ့အရာပဲ"။

"အက်ဗရက်က ထူးဆန်းတယ်" ဆလေးက ဝန်ခံပြောကြားလာ သည်။

"သူက တစ်မျိုးတော့တစ်မျိုးပဲ။ ဒါပေမဲ့ သူရော၊ မက်ကန်းဒလက်စ်ပါ အနည်းဆုံးတော့ သူတို့အိပ်မက်နောက်ကို သူတို့လိုက်ကြတာပဲလေ။ အဲဒီအချက် က သူတို့ကို ကြီးကျယ်ခမ်းနားစေတာပဲ။ သူတို့တွေက ကြိုးစားခဲ့ကြတာလေ။ လူတော်တော်များများက သူတို့လို ကြိုးစားကြတာ မဟုတ်ဘူး"။

အက်ဗရက်ရူးစ်နှင့် ခရစ္စမက်ကန်းဒလက်စ်တို့အကြောင်းကို နား လည်ရန်ကြိုးစားရာ၌ သူတို့၏ အပြုအမူများကို ကျယ်ပြန့်စွာထည့်သွင်းစဉ်းစား

တတ်ရန် လိုအပ်မည်ဖြစ်သည်။ သူတို့နှစ်ဦးအား နှိုင်းယှဉ်ကြည့်ရာ၌ နေရာဌာန ကွာဝေးခြင်း၊ အချိန်အားဖြင့် ရာစုနှစ်တစ်စုခန့် ကွာဝေးနေခြင်းတို့ကို ဘေးဖယ် ထားခြင်းက အထောက်အကူဖြစ်စေပါလိမ့်မည်။

အိုက်စလန်းနိုင်ငံ၏ အရှေ့တောင်ဘက် ကမ်းရိုးတန်းရေပြင်တွင် ပါးပါ့စ်(Papos)အမည်ရ သဲခုံကျွန်းတစ်ကျွန်းရှိသည်။ သစ်ပင်ပေါက်ရောက် ခြင်းမရှိ၊ ကျောက်ဆောင်ပေါများပြီး မြောက်အတ္တလန်တစ်မှလာသော လေပြင်း များကလည်း အမြဲလိုပင် တိုက်ခတ်နေလေ့ရှိသည်။ ကျွန်း၏အမည်မှာ ယခု အခါ ပျောက်ကွယ်သွားပြီဖြစ်သော ကနဦး အခြေချနေထိုင်သူများဖြစ်သည့် ပါးပါး (Parpar)ခေါ် အိုင်းရစ်ရှ်လူမျိုး ဘုန်းတော်ကြီးများကို အစွဲပြုခေါ်ဆိုခြင်း တစ်ခုသောနွေရာသီ နေ့လယ်ခင်းအချိန်၌ အဖုအထစ်များနှင့် ဖြစ်သည်။ တ ကြမ်းတမ်းလှသောကမ်းခြေတွင် စာရေးသူ လမ်းလျှောက်နေစဉ် အာတိတ်ဒေသ ၏ စိမ့်မြေပြင်၌ မြုပ်ဝင်နေသည့် ထောင့်မှန်စတုဂံပုံစံ ဖွဲ့စည်းထားသော အရောင်ဖျော့ဖျော့ကျောက်တုံးများ ခင်းထားသည့်အထက်တွင် မမြင်မစမ်း ရွေ့လျားနေမိသည်။ ဒေးဗစ္စဂါ့လ်ချ်ရှိ အနတ်စ်ဆာဇီလူမျိုးတို့၏ နေအိမ်များ ထက်ပင် ပို၍ ရှေးကျသည်။ သက်တမ်းအားဖြင့် နှစ်ပေါင်း ရာနှင့်ချီနေပြီဖြစ် သော အိုင်းရစ်ရှ်ဘုန်းတော်ကြီးတို့ ခိုလှုံနေထိုင်ရာနေအိမ်များမှ အကြွင်းအကျန် များပင် ဖြစ်သည်။

အိုင်းရစ်ရှ်ဘုန်းတော်ကြီးတို့သည် အေဒီငါးရာစု၊ ခြောက်ရာစုခန့် ကပင် အိုင်ယာလန်နိုင်ငံ၏ အနောက်ဘက် ကမ်းရိုးတန်းဒေသမှ ရွက်တိုက် လှော်ခတ်ကာ ဤဒေသသို့ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်သည်။ ပေါ့ပါးသော မိုးမခပင်သား ကိုယ်ထည်ပေါ်တွင် နွားသားရေဖြင့် အုပ်၍ ချုပ်ထားသည့် ကာရတ်ဂ်(Curragh)ခေါ် လှေငယ်များဖြင့် ပင်လယ်တွင်းသို့ထွက်ကာ ဤကမ္ဘာ လောကကြီး၌ မာယာများလှသော ပင်လယ်ပြင်၏ တစ်ဖက်တွင် မည်သို့ သောအရာရှိမည်ကို မသိရှိဘဲ ရှာဖွေရန် စွန့်စားခဲ့ကြခြင်းဖြစ်သည်။

အိုင်းရစ်ရှ်ဘုန်းတော်ကြီးတို့သည် သူတို့၏ အသက်များနှင့်ရင်း၍ စွန့်စားခဲ့ကြရခြင်းဖြစ်ပြီး ရေပြင်ထက်တွင် လူမသိသူမသိဖြင့် အသက်ဆုံးရှုံးခဲ့ရ ခြင်းများရှိသော်လည်း ယင်းတို့သည် ချမ်းသာကြွယ်ဝမှုနောက်သို့ လိုက်ခြင်း မဟုတ်သကဲ့သို့ ပုဂ္ဂိုလ်ရေးထင်ပေါ်ကျော်ကြားမှုအတွက်လည်း မဟုတ်။ အုပ် ချုပ်သူအာဏာရှင်ဖြစ်ရန်ရည်ရွယ်ချက်ဖြင့် နယ်မြေသစ်ရှာဖွေခဲ့ကြခြင်းလည်း မဟုတ်ပေ။ အာတိတ်ဒေသ စူးစမ်းလေ့လာရေးသမားတစ်ဦးဖြစ်သည့် နိုဘယ်လ်ဆုရှင် နော်ဝေးလူမျိုး ဖရစ်ဒ်ဂျော့ဖ်နန်ဆင်(Fridijof Nansen)က “အိုင်း ရစ်ရှ်ဘုန်းတော်ကြီးတို့၏ စွန့်စားခန်းခရီးကြမ်းများသည် ကေစာကျင့်လိုသည့် သူတော်စင်များအနေဖြင့် လောကီလူ့ရွာ၏ အရှုပ်အထွေးများ၊ သွေးဆောင်ဖြား ယောင်းမှုများ၏ နှောင့်ယှက်ခြင်းမှ ကင်းဝေးပြီး တစ်ကိုယ်တည်းငြိမ်းချမ်းစွာနေထိုင်နိုင်မည့်နေရာကို ရှာဖွေလိုသည့်

စိတ်ဆန္ဒအားဖြင့် ဖြစ်ပေါ်လာခဲ့ရခြင်း ဖြစ်သည်”ဟု ထောက်ပြခဲ့သည်။ အေဒီကိုးရာစုနှစ်တွင် အိုက်စလန်းကမ်းခြေသို့ လက်တစ်ဆုပ်စာအရေအတွက်မျှသာရှိသော နော်ဝေးနိုင်ငံသားတို့ ပထမဆုံး အကြိမ်ရောက်ရှိလာချိန်၌ ပါးပါတို့က ဤဒေသတစ်ဝန်းလုံး လူသူနေထိုင်ခြင်း မရှိသေးသည့်တိုင် လူနေထူထပ်လှပြီဟု ဆုံးဖြတ်ခဲ့ကြသည်။ ပါးပါတို့က ယင်းတို့၏ ကာရတ်ခ်လှေငယ်များပေါ်သို့ ပြန်တက်ကာ ဂရင်းန်လဲန်း(Green Land)ကျွန်းဆီသို့ ဦးတည်လှော်ခတ်ထွက်ခွာခြင်းဖြင့်သာ တုံ့ပြန်ခဲ့ကြသည်။ သူတို့သည် မုန်တိုင်းထန်သော ပင်လယ်ပြင်ကို အန်တု ဖြတ်သန်း၍ ထိုစဉ်က လူတို့သိရှိထားသည့် အနောက်ဘက်အစွန်းဆုံးဒေသကို ကျော်လွန်သွားခဲ့ကြ သည်မှာ ခေတ်ပေါ် စိတ်ကူးအတွေးများကို နည်းပါးလျော့ကျစေသည့် ထူးထူး ခြားခြားပြင်းပြသော တောင့်တစိတ်ကြောင့်မှတစ်ပါး အခြားမရှိပါ။

ထိုဘုန်းတော်ကြီးတို့အကြောင်း ဖတ်ရှုရသူတစ်ဦးသည် ယင်းတို့၏ ရဲစွမ်းသတ္တိ၊ မည်သည့်အရာကိုမျှ အမှုမထားသော အပြစ်ကင်းစင်မှုနှင့် စိတ်ဆန္ဒအတိုင်း အလျင်အမြန်ဆောင်ရွက်ရန် အလွန်အကျွံအလေးထားမှုတို့ အတွက် စိတ်လှုပ်ရှားခံစားရမည်ဖြစ်သည်။ ထိုဘုန်းတော်ကြီးတို့၏ ဇာတ်လမ်း ကိုဖတ်ရှုမိပါက အက်ဗရက်ရှူးစ်နှင့် ခရစ္စမက်ကန်းဒလက်စ်တို့အကြောင်းကို လည်း မတွေးတောဘဲ နေနိုင်မည် မဟုတ်ပေ။

အခန်း (၁၀)

ဖဲဘာန့်ခ်စ်မြို့

တောနက်ကြီးအတွင်း သေအံ့ဆဲဆဲခရီးကြမ်းသမားတစ်ဦး၏ စိတ်ထိခိုက်ဖွယ်ရာ နေ့စဉ်မှတ်တမ်း

အန်ခါးရေ့ချ်မြို့၊ စက်တင်ဘာလ ၁၂ ရက်(အေပီသတင်းဌာန)၊ ပြီးခဲ့သည့် တနင်္ဂနွေနေ့က အလာစကာပြည်နယ်အတွင်းပိုင်း ဝေးလံသီခေါင် သောစခန်းတစ်ခု၌ ဒဏ်ရာရရှိ သေဆုံးနေသော ခရီးကြမ်းထွက်သူ လူငယ်တစ်ဦး၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ကြရသည်။ သေဆုံးသူသည် မည်သူမည်ဝါဖြစ်ကြောင်း ပြောကြားနိုင်သူ မရှိသေးပါ။ သို့ရာတွင် စခန်းအတွင်း၌ တွေ့ရှိရသည့် သူ၏ နေ့စဉ်မှတ်တမ်းနှင့် မှတ်စုနှစ်ခုတွင် အသက်ရှင်သန်နိုင်ရေးအတွက် တောင့်တခြင်းကြီးစွာဖြင့် ဖြည်းဖြည်းမှန်မှန် ကြိုးပမ်းအားထုတ်ခဲ့သော်လည်း အချည်းနှီးဖြစ်ခဲ့ရသည့် စိတ်ထိခိုက်ဖွယ်ရာ ဇာတ်လမ်းတစ်ပုဒ်အား မှတ်တမ်းတင်ရေးသားသွားခဲ့သည်ကို တွေ့ရှိရသည်။

နေ့စဉ်မှတ်တမ်းပါ ရေးသားချက်များအရ သေဆုံးသူသည် အသက် အားဖြင့် နှစ်ဆယ်နှောင်းပိုင်း၊ သုံးဆယ်စွန်းစွန်းခန့်ရှိမည်ဟု ယုံကြည်ရပြီး အမြင့်တစ်ခုမှ လိမ့်ကျ၊ ဒဏ်ရာရခဲ့ကာ နေထိုင်ရာစခန်းတွင် သုံးလကျော်မျှ အထိ မလှုပ်မရှားနိုင်ဘဲ လဲလျောင်းနေခဲ့ရကြောင်း သိရှိရသည်။ အမဲလိုက်ခြင်း၊ တောတွင်းသီးပင်စားပင်များ စားသုံးခြင်းဖြင့် အသက်ဆက်နေထိုင်ရန် ကြိုးပမ်းခဲ့သော်လည်း တစ်နေ့တခြား အားအင်ဆုတ်ယုတ်လာခဲ့ပုံကိုလည်း နေ့စဉ်မှတ်တမ်းတွင် ရေးသားဖော်ပြထားသည်။

မှတ်စုစာရွက်နှစ်ရွက်အနက် တစ်ရွက်မှာ အကူအညီတောင်းခံထားသောမှတ်စုဖြစ်ပြီး ရိက္ခာရှာဖွေရန် စခန်းမှ သူထွက်ခွာသွားသည့်အချိန်တွင် စခန်းသို့ ရောက်ရှိကောင်း ရောက်ရှိလာနိုင်မည်ဖြစ်သော အခြားသူများဖတ်ရှုရန် ရေးသားထားခြင်းဖြစ်၍ မည်သူတစ်ဦးတစ်ယောက်ထံသို့မျှ လိပ်မူရေးသား ထားခြင်းမဟုတ်ပေ။ ဒုတိယမှတ်စုမှာ ကမ္ဘာကြီးအား နှုတ်ဆက်ကြောင်းရေး သားထားခြင်း ဖြစ်သည်။

ဖဲဘာန့်ခ်မြို့ရှိ သေမှုသေခင်းစစ်ဆေးရေးဆိုင်ရာ ပြည်နယ်အရာရှိရုံးက ထုတ်ပြန်သော သေမှုသေခင်းအစီရင်ခံစာအရ ထိုသူသည် ဇူလိုင်လနှောင်းပိုင်းခန့်အတွင်း အစာရေစာပြတ်လပ်မှုကြောင့် သေဆုံးခြင်းဖြစ်နိုင်သည်ဟု သိရှိရ သည်။ သေဆုံးသူပိုင်ဆိုင်သည့်ပစ္စည်းများတွင် သေဆုံးသူ၏အမည်ဟု ယူဆရ သည့် အမည်တစ်ခု ဖော်ပြထားသည်ကို အာဏာပိုင်တို့က ရှာဖွေတွေ့ရှိရသည်။ သို့ရာတွင် ထိုသေဆုံးသူနှင့် ပတ်သက်သည့်အကြောင်းအရာများကို အာဏာပိုင် တို့

ဖော်ထုတ်နိုင်ခြင်းမရှိသေးဘဲ ထိုသို့ဖော်ထုတ်နိုင်မည့်အချိန်အထိ သေဆုံးသူ ၏ အမည်ကို ဖော်ပြခြင်းပြုမည် မဟုတ်ပေ။

နယူးယောက်တိုင်းမ်စ်သတင်းစာ

၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ၊ ၁၃ ရက်။

နယူးယောက်တိုင်းမ်စ်သတင်းစာက အထက်ပါသတင်းကို ဖော်ပြပြီး နောက် အလာစကာပြည်နယ်ရဲတပ်ဖွဲ့ဝင်များက သေဆုံးသူ ခရီးကြမ်းသွား လူငယ်အကြောင်း သိရှိနိုင်ရန် ရက်သတ္တတစ်ပတ်ခန့် ကြိုးစားစုံစမ်းခဲ့ကြသည်။ သေဆုံးချိန်တွင် မက်ကန်းဒလက်စ်သည် ဆန်တာဘာဘရာမြို့မှ ကားဆွဲယူရေး လုပ်ငန်းကုမ္ပဏီတစ်ခု၏ အမှတ်တံဆိပ်ရေးထိုးထားသော အပြာရောင် ဆွယ်တာအကျႌတစ်ထည်ဝတ်ဆင်ထားသည်။ ထိုကုမ္ပဏီသို့ ဆက်သွယ်မေးမြန်းသည့် အခါ မည်သည့်သတင်းအချက်အလက်မျှမရသည့်အပြင် ထိုအကျႌကို သေသူ က မည်သို့ရရှိခဲ့သည်ကိုလည်း မသိရှိရပေ။ ရုပ်အလောင်းနှင့်အတူ တွေ့ရှိရ သော ပဟောဠိဆန်သည့် နေ့စဉ်မှတ်တမ်းတွင် ရေးသွင်းထားချက်အများအပြား မှာလည်း တောတွင်းတိရစ္ဆာန်မျိုးစိတ်များနှင့် ပန်းပင်များအကြောင်းလေ့လာ ချက်အကျဉ်းများသာဖြစ်သဖြင့် မက်ကန်းဒလက်စ်သည် ကွင်းဆင်းလေ့လာသူ ဇီဝဗေဒပညာရှင်တစ်ဦးဖြစ်သည်ဆိုသော မှန်းဆပြောကြားချက်များကို အားကောင်းစေခဲ့သည်။ သို့ရာတွင် ထိုမှန်းဆချက်အရ လိုက်လံစုံစမ်းရှာဖွေမှုတို့သည်လည်း အရာထင်ခဲ့ခြင်း မရှိပေ။

နယူးယောက်တိုင်းမ်စ်သတင်းစာတွင် သေဆုံးသူ ခရီးကြမ်းသမား အကြောင်း ဖော်ပြခြင်းမပြုမီ သုံးရက်အလို စက်တင်ဘာလ ၁၀ ရက်နေ့တွင် အဆိုပါသတင်းကို အန်ခါးရေ့ချ်နေ့စဉ်သတင်းစာက မျက်နှာဖုံးသတင်းအဖြစ် ရေးသားဖော်ပြခဲ့သည်။ ဟီလီမြို့အနောက်ဘက် ၂၅ မိုင်အကွာရှိ စတမ့်ပ်ပိဒ် ထရေးလ်တောလမ်းပေါ်တွင် ရုပ်အလောင်းတွေ့ရှိရကြောင်း မြေပုံနှင့်တကွ ဖော်ပြထားသည့် သတင်းခေါင်းစဉ်ကို ဂျင်မ်ဂယ်လီယန် ဖတ်ရှုလိုက်သည့်အခါ သူ၏ဆံပင်မွေးများ ထောင်ထသွားခဲ့ရသည်။ သေသူသည် အဲလက်စ်ပင် ဖြစ်မည်ကို သူက သိလိုက်သည်။ ပုံမှန်ထက် နံပါတ်နှစ်ခုမျှ ကြီးနေသည့် ဖိနပ်ကြီးကိုစီးကာ အလာစကာတောကြီးကန္တာအတွင်းသို့ လမ်းလျှောက်ဝင် ရောက်သွားသည့် နှစ်လိုဖွယ်ရာ ထူးဆန်းသောလူငယ်၏ ရုပ်သွင်မှာ ဂယ်လီ ယန်၏ စိတ်အစဉ်တွင် စွဲမြဲစွာထင်ဟပ်နေဆဲဖြစ်သည်။ သူ စီးသွားသည့် ဖိနပ်က ဂယ်လီယန်၏ ဖိနပ်ဖြစ်ပြီး ချော့ချော့မော့မော့နှင့် ပေးလိုက်ရသည့် အက်စ်ထရာတပ်ဖ်(Xtratufs)အမှတ်တံဆိပ် အညိုရောင်ဖိနပ်ဟောင်းတစ်ရန် ဖြစ်သည်။ “သတင်းစာထဲမှာပါတဲ့ သတင်းက ပြည့်ပြည့်စုံစုံမဟုတ်ပေမဲ့ သူပဲ ဖြစ်မယ့်ပုံရှိတယ်”။ ဂယ်လီယန်က ပြန်ပြောပြခဲ့သည်။ “ဒါနဲ့ ကျွန်တော်က ပြည်နယ်ရဲတပ်ဖွဲ့ကို အကြောင်းကြားလိုက်တယ်။ ဒီလူက ကျွန်တော့်ကားကို လမ်းကြုံစီးသွားတဲ့လူဖြစ်မယ် ထင်တယ်”လို့ ပေါ့။

"ကောင်းပြီ သေချာရဲ့လား"။ ဖုန်းလက်ခံသူ ပြည်နယ်ရဲတပ်ဖွဲ့ဝင် ရော်ဂျာအဲလစ္စ (Roger Ellis)က တစ်ဖက်မှ ပြန်ကြားလာသည်။ "ဘာဖြစ်လို့ အဲဒီလူလို့ ထင်တာလဲ။ နောက်ဆုံးတစ်နာရီအချိန်အတွင်းမှာ ဒီလူကို သိတယ်လို့ ဖုန်းဆက်ပြောကြသူတွေထဲမှာ ခင်ဗျားက ခြောက်ယောက်မြောက်ပဲ"။ သို့ရာ တွင် ဂယ်လီယန်က မရမနေဆက်ပြောသည်။ ထိုသို့ဆက်ပြောဖြစ်ရာမှ အဲလစ္စ ၏ သံသယများ ပြေလျော့လာရသည်။ ဂယ်လီယန်က သတင်းစာပါ သတင်း တွင် ဖော်ပြထားခြင်းမရှိသည့် သေဆုံးသူ၏ ပစ္စည်းအသုံးအဆောင်များစွာတို့ကို ထုတ်ဖော်ပြောကြားခဲ့ရာ သေဆုံးသူ၏ ရုပ်အလောင်းအနီးတွင် တွေ့ရှိရသည့် ပစ္စည်းများနှင့် ကိုက်ညီနေသည်ကို တွေ့ရသည်။ ထို့အပြင် သေဆုံးသူ၏ အဓိပ္ပာယ်သဲကွဲခြင်းမရှိသော ဂျာနယ်မှတ်တမ်း၌ "ဖဲဘန့်ခ်စ်မှ ထွက်။ ဂယ်လီ ယန်နှင့်အတူထိုင်။ ကံကောင်းပါစေ"ဟု ရေးသားဖော်ပြထားသည်ကို အဲလစ္စက သတိပြုမိလိုက်သည်။

ပြည်နယ်ရဲတပ်ဖွဲ့က သေဆုံးသူ၏ မီနော်လ်တာ(Minolta)ကင်မရာမှ ဖလင်လိပ်များကို ပုံကူးကြည့်ကြရာတွင် သူ့ကိုယ်သူ ရိုက်ကူးထားသော ဓာတ်ပုံအများအပြားကို တွေ့ရှိကြရသည်။ သည်။ "ကျွန်တော်အလုပ်လုပ်နေတဲ့ နေရာ ဆီကို သူတို့က ဓာတ်ပုံတွေ ယူလာပြကြတော့..."။ ဂယ်လီယန်က ပြောပြလာ သည်။ "ဘာမှကို စဉ်းစားနေစရာမလိုတော့ဘူး။ ဓာတ်ပုံထဲကလူဟာ အဲလက်စ် ပဲ။

မက်ကန်းဒလက်စ်က ဒါကိုတာပြည်နယ်တောင်ပိုင်းမှ လာခြင်းဖြစ် ပြောပြထားခဲ့သည်ဖြစ်၍ ကြောင်း ဂယ်လီယန်အား ပြောပြထားခဲ့သည်ဖြစ်၍ ပြည်နယ်ရဲတပ်ဖွဲ့က ယင်းတို့၏ ရှာဖွေရေးလုပ်ကွက်ကို ချက်ချင်းပင်ပြောင်းရွှေ့ကာ သေဆုံးသူ၏ ဆွေမျိုးသားချင်းများကို ရှာဖွေခဲ့သည်။ တောင်ဒါကိုတာပြည်နယ် အရှေ့ဘက် ခြမ်းဒေသမှ မက်ကန်းဒလက်စ်အမည်ဖြင့် လူပျောက်ကြော်ငြာတစ်စောင်သည် လည်း ဝိန်းဝက်စတာဘာ့ဂ်နေထိုင်ရာ ကာသေ့ချ်မြို့မှ မိုင်နှစ်ဆယ်ခန့်အကွာရှိမြို့ငယ်တစ်မြို့တွင် တိုက်ဆိုင်စွာပေါ်ထွက်လာခဲ့ပြန်ရာ ပြည်နယ်ရဲတပ်ဖွဲ့က ယင်းတို့ရှာဖွေနေသူဖြစ်မည်ဟု ထင်မှတ်မိခဲ့ကြသေးသည်။ သို့ရာတွင် ထိုသဲ လွန်စသည်လည်း ရေလိုက်လွဲစေခဲ့ပြန်သည်။

ဝက်စတာဘာ့ဂ်သည် အဲလက်စ်မက်ကန်းဒလက်စ်ဟု သူသိရှိထား သော မိတ်ဆွေဖြစ်သူက ပြီးခဲ့သည့် နွေရာသီတွင် ဖဲဘန့်ခ်စ်မြို့မှ ပေးပို့ခဲ့သည့် ပို့စ်ကတ်တစ်စောင် လက်ခံရရှိခဲ့သည့်နောက်ပိုင်း မည်သည့်သတင်းအဆက် အသွယ်မျှ ထပ်မံရရှိခြင်း မရှိတော့ပေ။ မွန်တားနားပြည်နယ်တွင် ကောက်ပဲ သီးနှံ သွားရောက်ရိတ်သိမ်းပေးခဲ့သည့် သူ၏အလုပ်သမားအဖွဲ့ကို စက်တင် ဘာလ ၁၃ ရက်နေ့က ကာသေ့ချ်မြို့ဆီသို့ ပြန်လည်ခေါ်ဆောင်လာစဉ် မြောက် ဒါကိုတာပြည်နယ်၊ ဂျိမ်းစ်တောင်းမြို့(James Town)အပြင်ဘက် ကတ္တရာလမ်းမ ထက်၌ မော်တော်ယာဉ်မောင်းနှင်နေသည့် ဝက်စတာဘာ့ဂ်သည် ကားတွင်တပ်

ဆင်ထားသည့် ဗီအိပ်ချ်အက်ဖ်(VHF)ရေဒီယိုမှ အသံထွက်ပေါ်လာသည်ကို သတိပြုမိလိုက်သည်။ “ဝိန်း...” စိုးရိမ်သံစွက်နေသည့် အက်ကွဲကွဲရေဒီယိုအသံ က အလုပ်သမားအဖွဲ့လိုက်ပါ လာသည့် အခြားထရပ်ကားတစ်စင်းဆီမှ ခေါ်ဆို လာခြင်းပင်ဖြစ်သည်။ “ဘော့ဘ်ပါ၊ မင်း ရေဒီယိုဖွင့်ထားတာလား”။

“ဖွင့်ထားတယ် ဘော်ဘီ။ ဝိန်းပြောနေပါတယ်၊ ဘာထူးလို့လဲ”

“မင်းရေဒီယိုကို အေအမ်(AM)လိုင်းပြောင်းပြီး ပေါလ်ဟာဗေး(Paul Harvey) သတင်းပြောနေတာကို ချက်ချင်းနားထောင်လိုက်။ သူက အလာစကာ တောထဲမှာ အစာရေစာပြတ်ပြီး သေသွားတဲ့ကောင်လေးတစ်ယောက် အကြောင်း ပြောနေတာ။ ရဲအဖွဲ့က သူ့ကို ဘယ်သူမှန်းမသိဘူး။ ကြားရသလောက်ကတော့ အဲလက်စ်ပဲ ဖြစ်ဖို့များတယ်”

ရေဒီယိုလိုင်းကို အလျင်အမြန် ပြောင်းရွှေ့နားထောင်လိုက်သည်တွင် ပေါလ်ဟာဗေး၏ သတင်းအဆုံးသတ်ပိုင်းကို ဝက်စတာဘာ့ဂ် နားထောင်လိုက် ရသည်။ အမည်မသိသေဆုံးသူ ခရီးကြမ်းသမားအကြောင်း ရနိုင်သမျှ သတင်း အချက်အလက်တို့ဖြင့် အသေးစိတ်ဖော်ပြချက်အချို့မှာ သူ၏မိတ်ဆွေနှင့် ကိုက် ညီနေသည်ဖြစ်ရာ သေဆုံးသူမှာ အဲလက်စ်ပင်ဖြစ်သည်ကို ဝက်စတာဘာ့ဂ်သည် ကြိတ်မှိတ်၍ လက်ခံလိုက်ရတော့သည်။

ကာသေ့ချ်မြို့သို့ ပြန်ရောက်သည်နှင့် စိတ်ခတ်ကျဆင်းနေသော ဝက်စတာဘာ့ဂ်က အလာစကာပြည်နယ်ရဲတပ်ဖွဲ့ထံ ဖုန်းဆက်သွယ်ကာ မက် ကန်းဒလက်စ်အကြောင်း သူသိသမျှတို့ကို ပြောပြသည်။ ထိုအချိန်က သေ ဆုံးသူ ခရီးကြမ်းသမား၏ နေ့စဉ်မှတ်တမ်းပါအကြောင်းအရာများမှ ကောက် နုတ်ချက်များ အပါအဝင် အခြားအကြောင်းအရာ အများအပြားမှာ နိုင်ငံတစ် ဝန်းရှိ သတင်းစာများတွင် ထင်ပေါ်ကျော်ကြားသည့် သတင်းတစ်ပုဒ်အဖြစ် ဖော်ပြပါရှိနေချိန်ဖြစ်သည်။ အကျိုးဆက်အားဖြင့် သေဆုံးသူ ခရီးကြမ်းသမား ကို သိရှိသည်ဟု သတင်းပေးပို့လာသည့် များစွာသောဖုန်းခေါ်ဆိုမှုများကို ပြည်နယ်ရဲတပ်ဖွဲ့က လက်ခံဖြေကြားပေးနေရသည်။ သို့ဖြစ်၍ ဝက်စတာဘာ့ဂ် က ဖုန်းဆက်သတင်းပေးပြောကြားလာသည့်အခါ ပြည်နယ်ရဲတပ်ဖွဲ့က ဂယ်လီ-ယန် ဆက်သွယ်စဉ်ကလောက်ပင် ဖော်ရွေစွာ ကြိုဆိုလက်ခံလိုခြင်း မရှိကြ ပေ။

“အဲလက်စ်က သူတို့ရဲ့သား၊ သူတို့ရဲ့မိတ်ဆွေ၊ သူတို့ရဲ့ညီပါဆိုပြီး ဖုန်းဆက် ပြောလာတဲ့လူတွေ တစ်ရာ့ငါးဆယ်ကျော်လောက်ရှိတယ်လို့ ရဲတွေက ကျွန် တော့်ကို ပြောပြကြတယ်”။ ဝက်စတာဘာ့ဂ်က ပြန်ပြောပြလာခြင်းဖြစ်သည်။

“ကျွန်တော်လည်း ဒေါသဖြစ်ဖြစ်နဲ့ ပြောပစ်လိုက်တယ်။ “မှတ်ထား၊ ကျုပ်က အားအားလျားလျားဆက်နေတဲ့ ဖုန်းသရဲမဟုတ်ဘူး။ သူဘယ်သူလဲဆိုတာ ကျုပ် သိတယ်။ ကျုပ်ဆီမှာ အလုပ်လုပ်ခဲ့တာ။ သူ့ရဲ့ လူမှုဖူလုံရေးနံပါတ်တောင် တစ်နေရာရာမှာ ရှိမယ်လို့ ကျုပ်ထင်တယ်”လို့ ပြောလိုက်တာ”။

ဝက်စတာဘာ့ဂ်က ကောက်ပဲသီးနှံသိုလှောင်ရုံရှိ ဖိုင်တွဲများကို လှန်

လှော့ရှာဖွေရာတွင် မက်ကန်းဒလက်စ်ဖြည့်စွက်ထားသော အခွန်ပေးသွင်းရန် လျှောက်လွှာ W-4 ပုံစံများကို ရှာဖွေတွေ့ရှိခဲ့သည်။ ကာသေ့ချ်မြို့သို့ မက်ကန်း ဒလက်စ် စတင်ရောက်ရှိခဲ့သည့် နေ့စွဲရေးထိုးထားသော ပထမတွေ့ရှိရသည့် W-4 ပုံစံစာရွက်ထိပ်စည်းနေရာတွင် သူက "ကင်းလွတ်၊ ကင်းလွတ်၊ ကင်း လွတ်"ဟု ရေးသားထားပြီး သူ၏ အမည်ကိုလည်း အိုင်းရစ္စဖူကျူ(Iris Fucyu)ဟုရေးသွင်းဖော်ပြခဲ့သည်။ လိပ်စာနေရာတွင် "ခင်ဗျား အလုပ်မဟုတ်"ဟူ၍ ဖြည့်စွက်ကာ လူမှုဖူလုံရေးအမှတ်စဉ်နေရာတွင် "မေ့သွားပြီ"ဟု ဖြည့်စွက်ထား သည်။

အလာစကာပြည်နယ်သို့ မထွက်ခွာမီ သီတင်းနှစ်ပတ်အရင်ဖြစ်သည့် ၁၉၉၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ နေ့စွဲတပ် ဒုတိယမြောက် တွေ့ရှိရသည့် ပုံစံစာရွက်တွင်မူ မက်ကန်းဒလက်စ်က ခရစ္စ၊ ဂျေ၊ မက်ကန်းဒလက်စ်(Chris J. McCandless)ဟူသော အမည်ဖြင့် လက်မှတ်ရေးထိုးထားသည်။ လူမှုဖူလုံရေး အမှတ်စဉ်ဖြည့်စွက်ရန် ကွက်လပ်တွင် သူက ၂၂၈-၃၁-၆၇၀၄ ဟူ၍ ဖြည့်စွက် ထားသည်။ ဝက်စတာဘာ့ဂ်က အလာစကာပြည်နယ်ရဲတပ်ဖွဲ့ထံသို့ ဆက်သွယ် ပြန်သည်။ သည်တစ်ကြိမ်တွင်မူ ရဲအဖွဲ့က ဝက်စတာဘာ့ဂ်၏ သတင်းပေးပို့မှုကို အလေးထားလာခဲ့သည်။

ပုံစံစာရွက်ပေါ်တွင် တွေ့ရှိရသော လူမှုဖူလုံရေးအမှတ်စဉ်မှာ အစစ် အမှန်ဖြစ်ကာ မက်ကန်းဒလက်စ်၏ အမြဲတမ်းနေရပ်မှာ ဗာဂျီးနီးယားပြည်နယ် ဖြစ်ကြောင်း သိရှိရသည်။ အလာစကာအာဏာပိုင်တို့က ဗာဂျီးနီးယားပြည်နယ် ဥပဒေထိန်းကျောင်းရေးအဖွဲ့အစည်းများထံ ဆက်သွယ်အကြောင်းကြားသည်။ ဗာဂျီနီးယားပြည်နယ်မှ အဖွဲ့အစည်းများကလည်း တယ်လီဖုန်းလမ်းညွှန်များမှ တစ်ဆင့် မက်ကန်းဒလက်စ်အမည်ရှင်များကို ရှာဖွေစုံစမ်းသည်။ ဝေါ့လ်တ်နှင့် ဘီလီမက်ကန်းဒလက်စ်တို့က မေရီလဲန်း(Maryland)ပြည်နယ်သို့ ပြောင်းရွှေ့နေ ထိုင်နေပြီဖြစ်၍ ယင်းတို့တွင် ဗာဂျီးနီးယားပြည်နယ် ဖုန်းနံပါတ်များမရှိတော့ချေ။ သို့ရာတွင် ဝေါ့လ်တ်၏ ယခင်အိမ်ထောင်နှင့် ရရှိသည့် အကြီးဆုံးသားသည် ဗာဂျီးနီးယားပြည်နယ် အဲန်နာဒေးလ်(Annadale)ဒေသတွင် နေထိုင်နေသည်ဖြစ် ရာ သူ၏အမည်မှာ တယ်လီဖုန်းလမ်းညွှန်စာအုပ်တွင် ပါဝင်နေဆဲဖြစ်သည်။ စက်တင်ဘာလ ၁၇ ရက်နေ့ ညနေခင်းဘက်တွင် ဆမ်မက်ကန်းဒလက်စ် (Sam McCandles)ထံသို့ ဖဲဖက်စ်ခရိုင်(Fairfax County) လူသတ်မှုစုံစမ်းထောက် လှမ်းရေးဌာနမှ တယ်လီဖုန်းဖြင့် ဆက်သွယ်လာသည်။

ခရစ္စထက် အသက်ကိုးနှစ်မျှကြီးသော ဆမ်သည် ပြီးခဲ့သည့်ရက်ပိုင်း အရင်ကပင်လျှင် ဝါရှင်တန်ပို့စ်(The Washington Post)သတင်းစာက ရေးသား ဖော်ပြခဲ့သည့် တောတွင်းခရီးကြမ်းသွား လူတစ်ဦးအကြောင်း ဆောင်းပါးတို တစ်ပုဒ်ကို ဖတ်ရှုထားပြီးဖြစ်သည့်တိုင် အဖြစ်မှန်ကို မရိပ်စားမိခဲ့ပေ။ "အဲဒီ ဆောင်းပါး ဖတ်ရပေမဲ့ ခရီးကြမ်းသမားက ခရစ္စဖြစ်မယ်လို့ မထင်ခဲ့ဘူး။ စိတ်ထဲမှာ

တစ်ချက်လေးတောင်မှ သံသယမဝင်ခဲ့တာ။ ဆောင်းပါးဖတ်မိချိန်မှာ "ဘုရား သခင် ဘယ်လောက်တောင် စိတ်မကောင်းစရာကောင်းလိုက်သလဲ၊ ဒီလူရဲ့ မိသားစုက ဘယ်သူတွေပဲဖြစ်ဖြစ် သူတို့တွေအတွက် တော်တော်စိတ် မကောင်းဖြစ်ရတယ်။ ဘယ်လောက်တောင် ဝမ်းနည်းစရာကောင်းလိုက်သလဲ လို့တောင် ပြောနေမိခဲ့သေးတာ။ အထင်နဲ့ အမြင်ကတော့ တခြားစီပဲ"။

ဆမ်သည် သူ့မိခင်၏ မိသားစုရှိရာ ကယ်လီဖိုးနီးယားနှင့် ကော်လိုရာ ဒိုပြည်နယ်တို့တွင် ကြီးပြင်းလာသူဖြစ်သည်။ ၁၉၈၇ ခုနှစ်အထိ ဗာဂျီးနီးယား ပြည်နယ်သို့ ပြောင်းရွှေ့နေထိုင်ခြင်းမရှိသေးပေ။ ခရစ္စက အတ္တလန်တာတွင် ကောလိပ်ကျောင်းတက်ရန် ဗာဂျီးနီးယားမှ ထွက်ခွာသွားပြီး နောက်ပိုင်းမှသာ ဆမ်က ဗာဂျီးနီးယားသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သဖြင့် ဆမ်က သူ၏ အဖေတူ အမေကွဲ ညီဖြစ်သူကို ကောင်းစွာသိကျွမ်းခြင်းမရှိပေ။ သို့ရာတွင် လူသတ်မှု ဖော်ထုတ်ရေးစုံထောက်က သေဆုံးသူခရီးကြမ်းသမား၏ သွင်ပြင်ကို သူသိသမျှလူများနှင့် တိုက်ဆိုင်စဉ်းစားကြည့်ရန် မေးမြန်းသည့်အခါတွင် ဆမ်က အဖြေထွက်လာခဲ့သည်။ "သေချာတယ်၊ အဲဒါ ခရစ္စပဲ။ အလာစကာကို သွား တာတွေ၊ တစ်ကိုယ်တော်ခရီးထွက်တာတွေက နောက်ထပ်ဖြစ်တာတွေပါ"။

စုံထောက်ဖြစ်သူ၏ မေတ္တာရပ်ခံချက်အရ ဆမ်က ဖဲဖက်စ်ခရိုင် ရဲဌာနသို့ လိုက်သွားရာ ဖဲဘန့်ခ်စ်မြို့မှ ဖက်စ်ဖြင့် ပေးပို့ထားသည့် သေဆုံးသူ ခရီးကြမ်းသမား၏ ဓာတ်ပုံကို ရဲအရာရှိတစ်ဦးက ဆမ်အား ပြသခဲ့သည်။ "ဓာတ်ပုံက ရှစ်လက်မ၊ လေးလက်မအရွယ် ချဲ့ထားတယ်"။ ဆမ်က ပြန်ပြောပြ သည်။ "ခေါင်းပိုင်းကိုပဲ ရိုက်ထားတာ။ သူ့ဆံပင်တွေက ရှည်နေပြီး မုတ်ဆိတ် လည်းရှိတယ်။ ခရစ္စက အမြဲလိုလို ဆံပင်တိုတိုနဲ့ မုတ်ဆိတ်ကျင်စွယ်တွေ သန့်သန့်ရှင်းရှင်း ရိတ်ပယ်ထားတတ်တာ။ ဓာတ်ပုံထဲမှာ မြင်ရတဲ့မျက်နှာက လည်း တော်တော့်ကို ညှိုးချုံးပြီး ချောင်ကျနေတယ်။ ဒါပေမဲ့ ကျွန်တော် ချက်ချင်းပဲ မှတ်မိလိုက်တယ်။ ဘာမှသံသယပွားနေစရာမရှိဘူး။ သူက ခရစ္စ ပဲ။ ကျွန်တော်လည်း အိမ်ပြန်၊ ဇနီးသည် မစ်ချဲလ်(Michelle)ကိုခေါ်ပြီး ဖေဖေနဲ့ ဘီလီကို အကြောင်းကြားဖို့ မေရီလဲန်းကို ကားနဲ့ ထွက်သွားလိုက်တယ်။ ကျွန်တော် ဘယ်လိုပြောရမယ်လို့တော့ မသိဘူး။ လူတစ်ယောက်ဆီသွားပြီး သူတို့ရဲ့ ကလေးတစ်ယောက်ဆုံးပြီဆိုတာကို ခင်ဗျားဆိုရင်ရော ဘယ်လိုပြော ထွက်မလဲ"။

အခန်း (၁၁)

ချက်ဆာပိမ်ကမ်းခြေ

အရာရာက ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ အသံ၊ စိတ်နေစိတ်ထား အားလုံးပင်။ ဘာကိုစဉ်းစားရမည်၊ ဘယ်သူ့စကားနားထောင်ရမည်ကို သင် မသိခဲ့။ သင့်ဘဝတစ်ခုလုံးသည် ကလေးငယ်တစ်ဦးကဲ့သို့သော လက်ဖြင့် ဦးဆောင်မှုခံယူနေရာမှ ကိုယ်ကိုယ်တိုင် ဦးဆောင်ရမည့်အခြေအနေသို့ ရုတ်ခြည်းပြောင်းလဲသွားသည့်နှယ်။ လမ်းကို မည်သို့လျှောက်ရမည်ဆိုသည်ကို သင်ကိုယ်တိုင် ကြိုးစားလေ့လာသင်ယူခဲ့ရသည်။ အနီးဝန်းကျင်တွင် တစ်စုံတစ်ဦးမျှမရှိ။ ဆုံးဖြတ်ချက်များပေးမည့် သင်လေးစားရသော မိသားစုလည်းမရှိ၊ အခြားသူများလည်းမရှိ။ ထိုသို့သောအချိန်မျိုး၌ လူတို့ဖန်တီးပြုလုပ်သော အစွန့်ပစ်ခံစည်းမျဉ်းဥပဒေများနေရာတွင် ဝင်ရောက်အုပ်စိုးမှုပြုနေသော အသက်ရှင်နေထိုင်ခြင်း၊ သို့မဟုတ် အမှန်တရား၊ သို့မဟုတ် အလှတရားဆိုသည့် ပကတိအရာတစ်ခုအပေါ် သင်ကိုယ်တိုင် အပြစ်ကျူးလွန်ရန် လိုအပ်သည်ဟု ခံစားမိခဲ့ ပေမည်။ သင့်အနေဖြင့် သင်၏ အဆုံးစွန်သော ရည်မှန်းချက်ကို အပြီးတိုင် ချုပ်ငြိမ်းပျောက်ကွယ်သွားပြီဖြစ်သော ဘဝဟောင်း၏ ငြိမ်းချမ်းသောနေ့များ တွင် သင်၏ လုပ်ရိုးလုပ်စဉ်ထက် ပိုလွန်၍ လုံးလုံးလျားလျားနှင့် ပြည့်ဝပွင့်လင်း စွာ စွန့်လွှတ်လိုက်ရန် လိုအပ်ခဲ့သည်။

ဘောရစ်ပတ်စတာနက်ခ်

Doctor Zhivagho

(မက်ကန်းဒလက်စ်၏ ရုပ်အလောင်းအနီးမှ တွေ့ရှိရသည့် စာအုပ်များအနက် တစ်အုပ်တွင် အရောင်ခြယ်ဖော်ပြထားသည့် စာပိုဒ်တစ်ပိုဒ်။ ထိုစာပိုဒ်၏အထက် ဘေးသားနေရာလွတ်၌ "ရည်မှန်းချက်တစ်ရပ် ထားရှိရန်လိုအပ်ခြင်း" ဟု မက်ကန်းဒလက်စ်၏ လက်ရေးဖြင့် ရေးသားထားသည်ကို တွေ့ရှိရသည်။)

ဆမ်မြူရယ်ဝေါလ်တာ မက်ကန်းဒလက်စ်ဂျူနီယာ(Samuel Walter McCandless,Jr.)သည် အသက် ၅၆ နှစ်အရွယ်ရှိပြီဖြစ်ပြီး စကားနည်းသူတစ်ဦး ဖြစ်သည်။ မုတ်ဆိတ်မွေးထားထားပြီး အဖြူရောင်စွက်နေပြီဖြစ်သော ဆံပင် များကို နောက်သို့ တည့်တည့်လှန်၍ ဖြီးသင်ထားသဖြင့် နဖူးပြင်ကျယ်မှာ ပေါ်လွင်နေသည်။ အရပ်မြင့်မြင့်၊ ခန္ဓာကိုယ်အချိုးအစားကျသူတစ်ဦး ဖြစ်သည်။ သူက ကော်ကိုင်းမျက်မှန်တပ်ဆင်ထားသဖြင့် ပါမောက္ခတစ်ယောက်အသွင် ရှိသည်။ ခရစ္စအတွက် ဘီလီကိုယ်တိုင် အိတ်တစ်လုံးကိုဖျက်၍ ခရီးဆောင်အိပ် ရာအိတ်အဖြစ် ချုပ်လုပ်ပေးလိုက်သော အပြာရောင်အိတ်ဖြင့် ထုပ်ပိုးထားသည့် သားဖြစ်သူ၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ရပြီး သီတင်းခုနစ်ပတ်ကြာမြင့်ချိန်၌

ဝေါ့လ်တ်က ရေပြင်တွင် လေအဟုန်ဖြင့် လျင်မြန်စွာပြေးလွှားရွေ့လျားနေသည့် ရွက်လှေတစ်စီးကို သူ၏ ရေဆိပ်မျက်နှာပြု နယ်မြို့နေအိမ်ပြတင်းပေါက်မှ တစ်ဆင့် ကြည့်ရှုလေ့လာနေသည်။ "ဘယ်လိုများဖြစ်ရတာလဲ"။ သူက ချက်ဆာပိခ်ပင်လယ်အော်ရေပြင်သို့ အသိစိတ်ကင်းမဲ့စွာ ငေးမောကြည့်ရင်း သူ၏ အံ့အားသင့်မှုကို အသံထုတ်ဖော်ပြလာသည်။ "ကရုဏာတရားကြီးမားတဲ့ ဒီလို ကလေးတစ်ယောက်က သူ့မိဘတွေကို ဘာဖြစ်လို့ ဒီလောက်တောင် နာကျင် ခံစားစေရတာလဲ"။

မေရီလဲန်းပြည်နယ် ချက်ဆာပိခ်ကမ်းခြေရှိ မက်ကန်းဒလက်စ်မိသား စုပိုင် နေအိမ်ကို မွမ်းမံပြင်ဆင်ထားပုံမှာ အလွန်တရာပင် စက္ကူပသာဒရှိပြီး အပြစ်ဆိုဖွယ်ရာမရှိ။ အမှိုက်တစ်စမျှပင် မမြင်ရသည်အထိ သန့်ရှင်းသပ်ရပ်လှပ လှသည်။ ကြမ်းပြင်မှ မျက်နှာကြက်အထိတိုင် မြင့်မားသော ပြတင်းပေါက်များ များက မှိုင်းဝေနေသော ပင်လယ်အော်၏ မြင်ကွင်းကျယ်ကို မြင်တွေ့စေသည်။ အလုံးအထည်ကြီးမားလှသော ရှက်ဗီဆူဘာဘင်(Chevy Suburban)ကားကြီး တစ်စင်းနှင့် အဖြူရောင်ကက်ဒီလက်(Cadillac)ကားတစ်စင်းတို့ကို အိမ်ရှေ့မျက်နှာစာတွင် ရပ်ထားသည်။ အပတ်တကုတ် ပြန်လည်ပြင်ဆင်မွမ်းမံထားဟန် ရှိသော ၁၉၆၉ ခုနှစ်ထုတ် ရှက်ဗရိုလေးကော်ဗက်(Chevrolet Corvette)မော် တော်ယာဉ်တစ်စီးကိုလည်း ကားဂိုဒေါင်အတွင်း သိမ်းဆည်းထားသည်။ အလျား ပေသုံးဆယ်ရှိသော နှစ်ဝမ်းတွဲ ရွက်လှေတစ်စင်းကိုလည်း ရေဆိပ်တွင် ဆိုက်ကပ်ထားသည်။ ခရစ္စ၏ တိုတောင်းလှသော ဘဝသက်တမ်းတစ်လျှောက် အမှတ်တရရိုက်ကူးခဲ့သော ဓာတ်ပုံများကပ်ထားသည့် အရွယ်အစားကြီးမား သော လေးထောင့်စပ်စပ် ပိုစတာဘုတ်ပြားလေးချပ်က ထမင်းစားခန်း စားပွဲ ထက်တွင် ယခုတိုင် နေရာယူထားသည်မှာ ရက်ပေါင်းအတန်ကြာနေပေပြီ။

ဓာတ်ပုံများ ခင်းကျင်းထားရာအနီး စဉ်းစားခန်းဝင်ရင်း ဖြည်းညှင်းစွာ လမ်းလျှောက်နေသည့် ဘီလီက ကလေးကစားစရာ သစ်သားမြင်းခေါင်းတပ် တုတ်တံတစ်ချောင်းထက် ကားရားခွရပ်နေသည့် ခရစ္စ၏ ငယ်ဘဝဓာတ်ပုံတစ်ပုံ ကို ပြသလာသည်။ အဝါရောင်မိုးကာအင်္ကျီဝတ်ဆင်ထားသော အသက်ရှစ်နှစ် အရွယ်ရှိ ခရစ္စသည် သူ၏ ပထမဆုံးသော အပျော်သွားခရီးစဉ်အတွက် စိတ်ကျေနပ်မှုအပြည့်ရှိနေသည်။ အထက်တန်းကျောင်းသို့ စတင်တက်ရောက်စ ကာလတွင် သွားရမည့်ခရီးစဉ်လည်း ဖြစ်သည်။ "စိတ်အထိခိုက်ရဆုံးက တော့. . ."။ မိသားစုခရီးစဉ်အတွင်း ပျော်ပွဲဖွဲ့နေသည့် သားဖြစ်သူ၏ ဓာတ်ပုံ တစ်ပုံကို ငေးစိုက်ကြည့်နေသည့် ဝေါ့လ်တ်က ပြောလာခြင်းဖြစ်သည်။ "အနား မှာ သူ ဘယ်တော့မှ မရှိတော့ဘူးဆိုတာပါပဲ။ ကျွန်တော်က ခရစ္စနဲ့ အတူနေတဲ့ အချိန်များတယ်။ တခြားကလေးတွေထက်စာရင် သူနဲ့ ပိုပြီး အနေနီးတယ်လို့ တောင် ပြောနိုင်ပါတယ်။ သူ့ကြောင့် ကျွန်တော်တို့ မကြာခဏဆိုသလို

စိတ်အနှောင့်အယှက်ဖြစ်စရာတွေ ကြုံရပေမဲ့ သူ့ကို အဖော်ပြုရတာ ကျွန်တော် တော်တော်ကျေနပ်မိပါတယ်”။

ဝေါ့လ်တ်က မီးခိုးရောင် ပွရောင်းရောင်းအားကစားဘောင်းဘီရှည် ဝတ်ဆင်ထားပြီး အားကစားဖိနပ်တစ်ရန် စီးထားသည်။ ဂျက်ပရိုပါးလ်ရှင်း လက်ဘော်ရေထရီ(Jet Propulsion Laboratory)ခေါတ်ခွဲခန်းအမှတ်တံဆိပ် ထိုးနှံ ထားသည့် ဘေ့စ်ဘော့လ်ဂျက်ကက်အင်္ကျီကို ဝတ်ဆင်ထားသည်။ အဝတ် အစားကို သာမန်မျှသာဝတ်ဆင်ထားသော်လည်း သူ၏အသံက ဩဇာသံပါ သည်။ ဝေါ့လ်တ်သည် အဆင့်မြင့် အပါချာရေဒါနည်းပညာ(Synthetic Aperture Radar-SAR)နယ်ပယ်တွင် အောင်မြင်ကျော်ကြားသူဖြစ်သည်။ ယင်း နည်းပညာကို ဆား(SAR)ဟူ၍လည်း အတိုကောက်အားဖြင့် ခေါ်ဆိုကြပြီး လျှို့ဝှက်အဆင့်ဖြင့် သတ်မှတ်လုပ်ကိုင်ကြရသည့် နည်းပညာလည်း ဖြစ်သည်။

ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ဆားနည်းပညာသုံးကိရိယာများ တပ်ဆင် ထားသည့် ဆီးဆက်(Seasat)အမည် ပထမဆုံးဂြိုဟ်တုတစ်လုံးကို လွှတ်တင်ခဲ့ သော ၁၉၇၈ ခုနှစ်မှ စတင်ကာ ဆားနည်းပညာသည် အာကာသခရီးစဉ်များ၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ် ဖြစ်လာခဲ့သည်။ ဆီးဆက်ဂြိုဟ်တုကို စွန့်ဦးတီထွင်၍ အာကာသအတွင်းသို့ လွှတ်တင်ခဲ့သော အမေရိကန်ပြည်ထောင်စု၊ အမျိုးသားလေကြောင်းနှင့် အာကာသသိပ္ပံဌာန (The National Aeronautics and Space Administration-NASA)၏ စီမံကိန်း မန်နေဂျာမှာ ဝေါ့လ်တ်မက်ကန်းဒလက်စ်ပင် ဖြစ်သည်။

ဝေါ့လ်တ်၏ ကိုယ်ရေးအကျဉ်း အချက်အလက်များ ဖော်ပြရာ၌ ပထမဆုံးစာကြောင်းမှာ “ရှင်းလင်းအတည်ပြုချက်- အမေရိကန်ပြည်ထောင်စု ကာကွယ်ရေးဝန်ကြီးဌာန၏ လက်ရှိ ထိပ်တန်းလျှို့ဝှက်ချက်”ဟု ရေးသားဖော် ပြထားသည်။ အောက်ဘက်တွင် သူ၏ ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအတွေ့ အကြုံများကို စတင်ဖော်ပြထားသည်။ “အဝေးထိန်းဆင်ဆာ၊ ဂြိုဟ်တုစနစ်ဒီဇိုင်း ပုံစံ၊ ဆစ်ဂနယ်လှိုင်းများ အလုပ်လုပ်ခြင်းနှင့် အခြားဆက်စပ်မှုများ၊ သတင်း အချက်အလက်များ အကျဉ်းချုပ်နှင့် ထုတ်ယူခြင်းအလုပ်များ စသည်တို့နှင့် စပ်လျဉ်း၍ ပုဂ္ဂလိက အကြံပေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်”ဟု ရေးသားဖော်ပြထားသည်။ လုပ်ဖော်ကိုင်ဖက်များကလည်း သူ့ကို လူတော်တစ် ယောက်အဖြစ် ရည်ညွှန်းကြသည်။

ဝေါ့လ်တ်သည် သူတစ်ပါးအပေါ် ဩဇာပေးခြင်းနှင့် ကျင့်သားကျ နေသူဖြစ်သည်။ တစ်ပါးသူအား ထိန်းချုပ်မှုရယူခြင်းကို သူ၏ မသိစိတ်က အလိုအလျောက်လုပ်ဆောင်သွားလေ့ရှိသည်။ သူက အမေရိကန်အနောက်ပိုင်း သားတို့၏ အလျင်စလိုမရှိလှသော လေယူလေသိမ်းဖြင့် သိမ်မွေ့နူးညံ့စွာ စကားပြောလေ့ရှိသော်လည်း ခေါသွားကဲ့သို့ ထက်မြက်သောအသံနှင့် မေးရိုး အစုံတို့က စကားသံ၏နောက်ကွယ်မှ စွမ်းအင်တစ်ရပ်ကို လှစ်ဟဖော်ပြနေ သည်။

သူ၏ ဗို့အားပြင်းသောအသံက အခန်းအတွင်း၌ပင် ဖြတ်စီးလာလေ့ရှိသည်။ ခရစ္စ၏ စိတ်ခံတတ်ခွန်အားပြင်းပြမှုမှာ ဝေါ့လ်တ်ဆီမှ အမှားအယွင်းမရှိဆင်းသက်လာခြင်းပင်။

ဝေါ့လ်တ်စကားပြောပြီဆိုလျှင် လူအများက နားထောင်ကြရသည်။ တစ်စုံတစ်ခု သို့မဟုတ် တစ်စုံတစ်ယောက်အား မကျေနပ်ပါက သူ၏ မျက်ပေါက်များက မှေးစင်းသွားပြီး သံတိုသံပြတ်ဖြင့် စကားပြောလာတတ် သည်။ သူ့မိသားစုဝင်များ၏ အဆိုအရ ဝေါ့လ်တ်သည် ရှင်ရှင်ပျပျမရှိဘဲ အပြောင်းအလဲမြန်သူတစ်ဦးဖြစ်သော်လည်း မကြာသေးမီနှစ်များအတွင်းမှစတင် ကာ အများသိထားကြသော သူ၏ စိတ်နေစိတ်ထားများ ပျောက်ဆုံးလာခဲ့ရ ကြောင်း သိရှိရသည်။ ၁၉၉၀ ပြည့်နှစ်တွင် ခရစ္စက ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေများအားလုံးထံသို့ ပေးစာများရေးသားပေးပို့ပြီးနောက် တစ်စုံတစ်ခု သောအရာက ဝေါ့လ်တ်ကို ပြောင်းလဲသွားစေခဲ့သည်။ သူ၏ သားဖြစ်သူ ပျောက်ဆုံးမှုက သူ့ကို ထိတ်လန့်ကြောက်ရွံ့စေခဲ့သည့်အပြင် သူ့စိတ်ခံတတ်ခွန် အားကိုပင် ဦးကျိုးစေခဲ့သည်။ ဝေါ့လ်တ်သည် ယခင်ထက်ပို၍ သိမ်မွေ့နူးညံ့ပြီး သည်းခံတတ်လာသည်။

ဝေါ့လ်တ်သည် ကော်လိုရာဒိုပြည်နယ် ကုန်းမြေမြင့်ဒေသမှ စိုက်ပျိုး ရေးမြို့ငယ်လေးဖြစ်သည့် ဂရီလီမြို့လေးတွင် ဆင်းရဲပင်ပန်းစွာ ကြီးပြင်းလာခဲ့ သူဖြစ်သည်။ ဂရီလီမြို့လေးသည် ဝိုင်းယိုမင်း(Wyoming)ပြည်နယ် နယ်နိမိတ်မျဉ်းအနီး တည်ရှိသည်။ သူ၏မိသားစုသည် လက်လုပ်လက်စား အလုပ်သမားလူတန်းစားမိသားစုဖြစ်ကြောင်း ဝေါ့လ်တ်က အမှန်အတိုင်းပင် ပြောပြသည်။ ဉာဏ်ပညာထက်မြက်ပြီး မိသားစုအခြေအနေအရ ကြိုးစားရုန်း ကန်အားကောင်းသူ ဖြစ်သည့်အလျောက် ဖို့တ်ကောလင်းစ်(Fort Collins)မြို့ရှိကော်လိုရာဒိုပြည်နယ်တက္ကသိုလ်တွင် တက်ရောက်ရန် ပညာရည်ချွန်ဆု ဆွတ် ခူးရရှိခဲ့သည်။ စားဝတ်နေရေးဖူလုံရန်အတွက် ကောလိပ်ကျောင်းတက်ရင်းမှပင် တစ်ဖက်တွင် ရင်ခွဲရုံအလုပ် အပါအဝင် အချိန်ပိုင်းအလုပ်မျိုးစုံကို ဝင်ရောက်လုပ် ကိုင်ရသည်။ သို့ရာတွင် သူ၏ ပုံမှန်ဝင်ငွေမှာ ထိုစဉ်က နာမည်ကျော် ဂျဇ် ဂီတအဖွဲ့ခေါင်းဆောင် ချာလီနိုးဗက်(Charlie Novak)၏ ဂီတအဖွဲ့တွင် ဝင် ရောက်တီးခတ်ခြင်းမှ ရရှိသည်။ နိုးဗက်၏ လေးယောက်တွဲအဖွဲ့တွင် ဝေါ့လ်တ် က စန္ဒရားတီးခတ်သည်။ ဝေါ့လ်တ်သည် ကော်လိုရာဒိုပြည်နယ်၏ ဖရန့်ရိန့်ချ် (Front Range)တောင်တန်းဒေသတစ်လျှောက် ဒေသတွင်းဖျော်ဖြေပွဲများနှင့် ဘားဆိုင်များတွင် နိုးဗက်အဖွဲ့နှင့်အတူ လိုက်ပါကာ အကသီချင်းများ၊ ခေတ် ဟောင်းဂန္ထဝင်သီချင်းများကို တီးခတ်ဖျော်ဖြေပေးခဲ့သည်။ ပင်ကိုအရည်အချင်း ရှိသော ဂီတသမားတစ်ယောက်ဖြစ်သည့် ဝေါ့လ်တ်သည် ယခုတိုင်အောင်ပင် စန္ဒရားကို ကျင်လည်စွာတီးခတ်နိုင်စွမ်းရှိဆဲ ဖြစ်သည်။

၁၉၅၇ ခုနှစ်တွင် ဆိုဗီယက်တို့က စပွတ်တနစ်ဂြိုဟ်တုအမှတ် ၁ (Sputnik I)ကို အာကာသအတွင်းသို့ လွှတ်တင်ကြသည့်အခါ အမေရိကန်ပြည်ထောင်စုတစ်လွှား စိုးရိမ်သောကပွားခဲ့ကြရသည်။ တစ်တိုင်းပြည်လုံး ထိတ်လန့်ချောက်ချားသွားခဲ့ရသည့် အကျိုးဆက်အနေဖြင့် ကွန်ဂရက်က ကယ်လီဖိုးနီးယားပြည်နယ်အခြေစိုက် အာကာသသိပ္ပံလုပ်ငန်းတွင် ဒေါ်လာသန်းပေါင်းများ စွာ တိုးချဲ့ရင်းနှီးမြှုပ်နှံပေးခဲ့ရာမှ အမေရိကန်တို့၏ အာကာသသိပ္ပံနည်းပညာလုပ် ငန်း ဖွံ့ဖြိုးလာခဲ့ရသည်။ ကောလိပ်ကျောင်းဆင်းစ,လူငယ်လေး ဝေါ့လ်တ်မက် ကန်းဒလက်စ်သည် အိမ်ထောင်ရက်သားကျပြီး ဇနီးသည်က သားဦးလေးကိုယ် ဝန်ဆောင်ထားချိန်တွင် စပွတ်တနစ်ဂြိုဟ်တုက သူ့အတွက် အလုပ်အကိုင်အခွင့် အလမ်းများ ဖွင့်လှစ်ပေးလာခြင်းဖြစ်သည်။ ကောလိပ်ကျောင်း ဒီပလိုမာအောင်လက်မှတ်ရရှိပြီးနောက် ဝေါ့လ်တ်သည် ဟပ်ဂျက်စ်လေယာဉ်ကုမ္ပဏီ(Hughes Aircraft)တွင် အလုပ်ရရှိခဲ့ပြီး အရီဇိုးနားပြည်နယ် တုခ်ဆန်(Tucson)မြို့တွင် သုံးနှစ်ကြာ သွားရောက်လုပ်ကိုင်ခဲ့ရာမှ အရီဇိုးနားတက္ကသိုလ်တွင် အဲန်တင်နာသီအိုရီ(Antenna Theory)အထူးပြု မဟာဘွဲ့တစ်ခု ရယူနိုင်ခဲ့သည်။ An Analysis of Conical Helices အမည်ရ သူ၏ မဟာဘွဲ့စာတမ်းကို ပြုစုပြီးသည်နှင့် ဝေါ့လ်တ်သည် ဟပ်ဂျက်စ်ကုမ္ပဏီ၏ ကယ်လီဖိုးနီးယားအခြေစိုက် လုပ်ငန်းကြီး ရှိရာသို့ ပြောင်းရွှေ့ခဲ့ရသည်။ ထိုလုပ်ငန်းခွင်သည် ပြိုင်ဆိုင်မှုအားကြီးသော လုပ်ငန်းခွင်တစ်ရပ်ဖြစ်ကာ အာကာသသိပ္ပံပညာရပ်နယ်ပယ်၌ အမည်တစ်လုံးတွင်ကျန်ရစ်လိုစိတ်က ဝေါ့လ်တ်၏ရင်ထဲတွင် ကိန်းအောင်းလာသည်။

ဝေါ့လ်တ်က တောရဲန့်စ်မြို့(Torrance)တွင် ဘန်ဂလိုအိမ်တစ်လုံး ဝယ်ယူလိုက်ပြီး အလုပ်ကို ကြိုးစားလုပ်ကိုင်ရာမှ လျှင်မြန်စွာပင် အောင်မြင်လာသည်။ သားကြီးဖြစ်သူ ဆမ်ကို ၁၉၅၉ ခုနှစ်တွင် မွေးဖွားခဲ့ပြီး စတေစီ (Stacy), ရှော်နာ(Shawna), ရှယ်လီ(Shelly), ရှန်နွန်(Shannon)စသည့် ရင်သွေး လေးဦးကိုလည်း ဆက်တိုက်ဆိုသလိုပင် ဖွားမြင်ခဲ့သည်။ လကမ္ဘာမျက်နှာပေါ်၌ ပထမဆုံး အာကာသယာဉ်တစ်စင်း ညင်သာစွာ ဆင်းသက်နိုင်ရေး တာဝန် အပ်နှင်းထားသော ဆာဗေးယာဝမ်း(Surveyor 1)အဖွဲ့၏ အစမ်းခန့် ဒါရိုက်တာ အဖြစ် ဝေါ့လ်တ်ကို ခန့်အပ်လာခဲ့ကြသည်။ သူ၏ အောင်မြင်မှုကြယ်ပွင့်ကား လင်းလက် ထိုးထွက်လာပေပြီ။

သို့ရာတွင် ၁၉၆၅ ခုနှစ်အတွင်း၌ ဝေါ့လ်တ်သည် အိမ်ထောင်ရေး ပြဿနာနှင့် ကြုံတွေ့ခဲ့ရသည်။ ဝေါ့လ်တ်နှင့် ဇနီးသည် မာရှာ(Marcia)တို့ ကွာရှင်းပြတ်စဲခဲ့ကြသည်။ ဝေါ့လ်တ်က ဟပ်ဂျက်စ်ကုမ္ပဏီမှ ဝီလ်ဟမ်မီနာ ဂျွန်ဆင်(Wilhelmina Johnson)ဆိုသူ အတွင်းရေးမှူး အမျိုးသမီးတစ်ဦးနှင့် စတင်ဆုံတွေ့ခဲ့သည်။ ဝီလ်ဟမ်မီနာဂျွန်ဆင်ကို လုပ်ဖော်ကိုင်ဖက်များက ဘီလီ (Billie)ဟုပင် ခေါ်ဆိုကြသည်။ ဘီလီက အသက်နှစ်ဆယ့်တစ်နှစ်အရွယ်၊

စူးရှည်ပြုမှောင်သော မျက်ဝန်းတစ်စုံကို ပိုင်ဆိုင်သူဖြစ်သည်။ နှစ်ဦးသား ချစ်ကြိုးသွယ်ခဲ့ကြပြီး အတူသွားအတူလာရှိခဲ့ကြသည်။ ဤသို့ဖြင့် ဘီလီမှာ ကိုယ်ဝန် ဆောင်ခဲ့ရသည်။ ကိုယ်လုံးကိုယ်ပေါက် သေးသွယ်ကျစ်လျစ်လှသော ဘီလီ သည် သားဦးလေးကိုယ်ဝန် ကိုးလရောက်သည်အထိ ကိုယ်အလေးချိန် ရှစ် ပေါင်သာ တိုးခဲ့ကာ ကိုယ်ဝန်ဆောင်အင်္ကျီပင် ဝတ်ရသည်မရှိပေ။ ၁၉၈၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဘီလီက သားယောကျ်ားလေးတစ် ယောက် ဖွားမြင်သည်။ ကလေးက ကိုယ်အလေးချိန် မပြည့်သော်လည်း ကျန်းမာသန်စွမ်းပြီး လှုပ်လှုပ်ရှားရှားရှိသည်။ ဝေါ့လ်တ်က ဘီလီအတွက် ဂျန်နီးနီဂစ်တာ(Gianini Guitar)တစ်လက် ဝယ်ပေးသည်။ ဘီလီက မွေးကင်းစ ကလေးငယ်ကို ဂစ်တာတီးခတ်ပြကာ ကလေးချော့တေးသီချင်းများဖြင့် ချော့ သိပ်သည်။ ယင်းနောက် နှစ်ဆယ့်နှစ်နှစ်ကြာမြင့်ချိန်တွင် အမျိုးသားဥယျာဉ် ထိန်းသိမ်းရေးဌာနမှ သစ်တောဝန်ထမ်းများက မီးဒ်ရေကန်(Lake Mead)ကမ်း ခြေအနီး၌ စွန့်ပစ်ထားသော အဝါရောင်ဒတ်ဆန်း မော်တော်ယာဉ်တစ်စင်း၏ နောက်ထိုင်ခုံတွင် ထိုဂစ်တာကို တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

မျိုးရိုးဗီဇလိုက်စေသည့် ခရိုမိုဆုန်း(Chromosone)ကြောင့်လား၊ မိဘ နှင့် သားသမီးအကြားမှ ဆက်ဆံရေးကြောင့်လား၊ နက္ခတ်တာရာတို့ ကြုံကြိုက် မှုကြောင့်ပေလား အတပ်မသိနိုင်သော်လည်း ခရစ္စတိုဖာလျှန်ဆင်မက်ကန်း ဒလက်စ်သည် တစ်မူထူးခြားသော မွေးရာပါ လက်ဆောင်များနှင့် မည်သည့် အကြောင်းကြောင့်မျှ ယိမ်းယိုင်သွေဖည်သွားခြင်းမရှိသော ပြင်းပြသည့် စိတ်တို့ နှင့်အတူ လူ့လောကကြီးထဲသို့ ရောက်ရှိလာသူဖြစ်သည်။ အသက် နှစ်နှစ် အရွယ်တွင် သူက ညတစ်ရေးနိုးချိန်၌ မိဘများကိုမနှိုးဘဲ အိမ်ပြင်သို့ ထွက် ကာ လမ်းတွင်းမှ အိမ်နီးချင်း အိမ်တစ်အိမ်၏ အံဆွဲအတွင်းရှိ သကြားလုံးများ ကို သွားရောက် နှိုက်ယူတတ်ပြီဖြစ်သည်။

တတိယတန်း၌ ပညာသင်ကြားစဉ် စာမေးပွဲအောင်မှတ်ကောင်း သဖြင့် ထူးချွန်ကလေးငယ်များအား မြေတောင်မြှောက်ပေးသည့် အစီအစဉ် တွင် ခရစ္စပါဝင်ခွင့်ရခဲ့သည်။ "သူက အဲဒါကို မပျော်ဘူးလေ"။ ဘီလီက မှတ်မှတ်ရရ ပြန်ပြောပြသည်။ "ကျောင်းစာတွေ ပိုလုပ်ရမှာမို့လို့တဲ့။ ဒါနဲ့ပဲ သူက အဲဒီလို အရွေးခံရတဲ့အထဲ မလိုက်ရအောင် ကြိုးစားတဲ့အနေနဲ့ တစ်ပတ် လောက် အချိန်ဖြုန်းလိုက်တယ်။ ဒီကလေးလေးက စာမေးပွဲရလဒ်တွေက အမှားတွေ၊ တကယ်အောင်မှတ်ကောင်းတွေရတာ မဟုတ်ဘူးလို့ ကျောင်းအုပ်နဲ့ ဆရာဆရာမတွေ၊ သူပြောတာ နားထောင်တဲ့သူတွေမှန်သမျှကို အယုံသွင်းနိုင် လိုက်တယ်။ ဒီအကြောင်းကို မိဘဆရာအသင်း အစည်းအဝေးကျမှ ကိုယ်တွေက ပထမဆုံး သိရတာလေ။ သူ့ဆရာမက ကျွန်မတို့ကို အစည်းအဝေးပွဲကနေ အပြင်ခေါ်ထုတ်ပြီး "ခရစ္စကတော့ အဆန်းထွင်နေပြန်ပြီလို့ ခေါင်းတယမ်းယမ်းနဲ့ ပြောလာတယ်"။

"ကျွန်မတို့တွေ ငယ်ငယ်လေးတုန်းကတည်းက" ခရစ္စထက် သုံးနှစ်ငယ်သော ညီမ ကယ်ရင်း(Carine)က ပြောပြလာခြင်းဖြစ်သည်။ "သူက သူ့ ကိုယ်သူ တော်တော်ခင်တွယ်တာ။ လူမှုရေးမကောင်းတာတော့လည်း မဟုတ် ဘူး။ သူ့မှာ အပေါင်းအသင်းတွေ အမြဲပဲရှိပါတယ်။ အားလုံးကလည်း သူ့ကို ချစ်ကြပါတယ်။ ဒါပေမဲ့ သူက တစ်ယောက်တည်း ထွက်သွားပြီး သူ့တစ် ကိုယ်တည်း နာရီပေါက် နေ,နေတတ်တာ။ သူ့အတွက် ကစားစရာတွေ၊ သူငယ်ချင်းတွေ လိုတဲ့ပုံမရှိဘူး။ သူက အထီးကျန်မှုကိုပဲ အဖော်ပြုနေတတ်တဲ့ သူပါပဲ"။

ခရစ္စ အသက်ခြောက်နှစ်အရွယ်တွင် ဝေါ့လ်တ်က နာဆာ(NASA) အမျိုးသား အာကာသိပ္ပံ၌ တာဝန်ထမ်းဆောင်ရန် ဖြစ်လာပြီး အမေရိကန် ပြည်ထောင်စု၏ မြို့တော်ဆီသို့ အလျင်အမြန် ပြောင်းရွှေ့လာစေလိုကြသည်။ သူတို့က အဲန်နာဒေးလ်မြို့ ဆင်ခြေဖုံး ဝီးလက်ဒရိုက်ဗ်(Willet Drive)ရပ်ကွက် တွင် အိမ်တစ်ဆောင် ဝယ်ယူလိုက်သည်။ ထိုအိမ်တွင် အစိမ်းရောင် တရုတ် ကပ်များနှင့် အိမ်နံရံအပြင်ဘက်သို့ အစွန်းထွက်ဖောက်လုပ်ထားသော ပြတင်း ပေါက်တစ်ပေါက် ပါရှိသည်။ ကွက်လပ်တစ်ခုလည်း ပါသည်။ ဗာဂျီးနီးယား ပြည်နယ်သို့ ရောက်ရှိပြီး လေးနှစ်အကြာတွင် ဝေါ့လ်တ်က အကြံပေးလုပ်ငန်း တစ်ရပ် ထူထောင်ရန်အတွက် နာဆာမှ နုတ်ထွက်သည်။ User Systems, Incorporated အမည်ဖြင့် ထူထောင်သော အကြံပေးအဖွဲ့လုပ်ငန်းကို ဝေါ့လ်တ် နှင့် ဘီလီတို့က သူတို့၏ နေအိမ်မှာပင် လည်ပတ်လုပ်ကိုင်ကြသည်။

ငွေကြေးလည်ပတ်မှုက ကျပ်တည်းလာသည်။ ငွေကြေးအကျပ် အတည်းအပြင် ပုံမှန်ဝင်ငွေရရှိရေးအတွက် အလုပ်ကို ကိုယ်တိုင်လုပ်ကြရခြင်း၊ ကွာရှင်းထားသော ပထမအိမ်ထောင်အတွက် အပါအဝင် မိသားစုနှစ်စုစာ ငွေကြေးထောက်ပံ့ရခြင်း စသည်တို့က ဝေါ့လ်တ်နှင့် ဘီလီတို့၏ မျှော်လင့် မထားသော အခြေအနေ အပြောင်းအလဲများ ကြုံတွေ့စေခဲ့သည်။ ထိုအခက် အခဲ အခြေအနေများကို အောင်မြင်ကျော်လွှားနိုင်ရန်အတွက် "ဖေဖေနဲ့ မေမေက အလုပ်တွေ တအား လုပ်လာရတယ်"ဟု ကယ်ရင်းက ပြောပြလာသည်။ "ခရစ္စနဲ့ကျွန်မ အိပ်ရာထ၊ ကျောင်းသွားရမယ့် အချိန်မှာ သူတို့က ရုံးခန်းထဲ မှာ အလုပ်လုပ်နေတုန်း။ နေ့လယ်ခင်း ကျောင်းက ပြန်လာတော့လည်း သူတို့ကရုံးခန်းထဲမှာပဲ။ ညဘက် အိပ်ရာဝင်ကြပြီဆိုတော့လည်း သူတို့က ရုံးခန်းထဲမှာ အလုပ်လုပ်နေတုန်းပဲလေ။ သူတို့နှစ်ယောက် တက်ညီလက်ညီ ကြိုးစားလိုက် ကြတာ လုပ်ငန်းအရှိန်ရလာပြီး နောက်ဆုံးမှာ ဝင်ငွေကောင်းကောင်းလည်း ရလာတယ်။ ဒါပေမဲ့ သူတို့က အလုပ်ကို တစ်ချိန်လုံး လုပ်နေတုန်းပဲ"။

လုပ်ငန်းဝင်ငွေကောင်းသလောက် စိတ်ဖိစီးမှုများကလည်း များပြား လှသည်။ ဝေါ့လ်တ်နှင့် ဘီလီတို့ နှစ်ဦးစလုံးမှာ စိတ်ဖိစီးမှုဒဏ်ကြောင့် အကဲဆတ်လာကြပြီး စိတ်လှုပ်ရှားမှုလွယ်ကာ အရာရာကို ဘဝင်မကျဖြစ်လာ

ကြသည်။ မကြာခဏဆိုသလိုပင် စကားများ ရန်ဖြစ်တတ်လာသည်။ ဒေါသဖြစ်နေချိန်တွင် တစ်ဦးမဟုတ်တစ်ဦးက အိမ်ထောင်ကွာရှင်းမည်ဟု ခြိမ်းခြောက်ပြောဆိုသည်အထိ ဖြစ်လာသည်။ ခါးသီးသော အမုန်းတရားက မီးထက်ပင် ပို၍ ပူလောင်သည်ဟု ကယ်ရင်းက ဆိုသည်။ "ဒါပေမဲ့ မိဘတွေ အဲဒီလိုဖြစ်နေကြတာကိုက ခရစ္စနဲ့ကျွန်မကို ပိုပြီး နွေးထွေးနီးကပ်စေခဲ့တဲ့ အကြောင်းရင်းတွေထဲက တစ်ခုဖြစ်မယ်ထင်တယ်။ သူတို့နှစ်ယောက် အတူ ရှိမနေချိန်မှာ ကျွန်မတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အလေးထားရမယ်ဆိုတာ သိလာခဲ့ရတယ်"။

သို့ရာတွင် သူတို့အတွက် ပျော်ရွှင်ရသော အချိန်များလည်း ရှိခဲ့ပါ သည်။ သီတင်းပတ်ကုန်ရက်များနှင့် အခြား ကျောင်းပိတ်ရက်များတွင် သူတို့ မိသားစုက အပျော်ခရီးထွက်ကြလေ့ရှိသည်။ ဗာဂျီးနီးယားကမ်းခြေ၊ ကယ်လီဖိုးနီးယားကမ်းခြေတို့မှသည် ဝေါ့လ်တ်၏ ပထမအိမ်ထောင်မှ သားသမီးများရှိရာ ကော်လိုရာဒိုပြည်နယ်၊ ထိုမှတစ်ဆင့် ဂရိတ်လိတ်ခ်(စ)(Great Lakes) ရေကန်များနှင့် ဘလူးရစ်ချ်တောင်များ(Blue Ridge Mountain)ဆီသို့ မိသားစုလိုက် အလည်အပတ်ထွက်တတ်ကြသည်။ "ရှက်ဗီဆူဘာဘင် ထရပ်ကားနောက်ခန်းမှာပဲ စခန်းချ ညအိပ်ကြတာလေ"။ ဝေါ့လ်တ်ကလည်း ပြောပြလာ သည်။ "နောက်ပိုင်းမှာတော့ အဲစထရီးမ်(Airstream) ခရီးသွားနောက်တွဲယာဉ် ဝယ်ပြီး အဲဒီပေါ်မှာ အိပ်ကြတယ်။ ခရစ္စက အဲဒီလို ခရီးသွားရတာတွေကို သဘောကျတယ်။ ဝေးဝေးသွားရလေ သူက ပိုကြိုက်လေပဲ။ မိသားစုထဲမှာက ခရီးသွားခုံမင်တဲ့စိတ်ကလေး နည်းနည်းရှိတယ်။ ဒါကို ခရစ္စက အမွေရခဲ့တာ အတော်စောစောကတည်းကပါပဲ"။

ထိုသို့ ခရီးသွားဖြစ်သည့်အခါ ဝေါ့လ်တ်တို့ မိသားစုက မီချီဂန်ပြည် နယ်ရှိ အိုင်းရင်းမောင်းတိန်းမြို့(Iron Mountain)သို့ သွားရောက်ကြလေ့ရှိသည်။ ထိုမြို့လေးသည် မီချီဂန်ပြည်နယ်၊ အထက်ကျွန်းဆွယ်ဒေသရှိ သစ်တောအုပ်အတွင်းမှ သတ္တုတွင်းမြို့လေးဖြစ်ပြီး ဘီလီငယ်စဉ်က နေထိုင်ခဲ့ရာမြို့လေးလည်း ဖြစ်သည်။ ဘီလီသည် ထရပ်ကားယာဉ်မောင်းဖခင်ဖြစ်သူ လော်ရန်ဂျွန်ဆင် (Loren Johnson)၏ သားသမီးခြောက်ဦးအနက်မှ တစ်ဦးဖြစ်သည်။ "ဒါပေမဲ့ သူက ဘယ်အလုပ်မှ ကြာကြာလုပ်တာမဟုတ်ဘူး"ဟု ဘီလီက ဆိုသည်။

"ဘီလီအဖေက လူတွေနဲ့ ပေါင်းသင်းဆက်ဆံရေး သိပ်အဆင်မပြေ ဘူး"။ ဝေါ့လ်တ်က ရှင်းပြသည်။ "ခရစ္စက နေရာတော်တော်များများမှာ သူနဲ့တော်တော်တူတာ"။

လော်ရန်ဂျွန်ဆင်သည် မာနကြီးပြီး ခေါင်းမာကာ စိတ်ကူးယဉ်တတ်သူဖြစ်သည်။ သစ်တောအုပ်အတွင်း ကျင်လည်စွာ နေထိုင်လုပ်ကိုင်နိုင်သူဖြစ်သည့်အပြင် ကိုယ်တိုင် လေ့လာသင်ယူမှုဖြင့် တတ်ကျွမ်းလာသော ဂီတသမား

တစ်ဦး၊ ကဗျာဆရာတစ်ဦးလည်း ဖြစ်သည်။ အိုင်းရင်းမောင်းတိန်းမြို့တစ်ခွင် ၌ တောတွင်းသတ္တဝါများနှင့် လော်ရန်တို့အကြား အပြန်အလှန် နားလည်ခင်မင်မှုအကြောင်းမှာ ဒဏ္ဍာရီတစ်ပုဒ်အလားပင်။ "သူက သဘာဝဘေးမဲ့တောကို အမြဲပျိုးထောင်ပေးနေတာ"။ ဘီလီက ပြောပြသည်။ "ထောင်ချောက်မိနေတဲ့ တိရစ္ဆာန်တချို့ကို တွေ့ရင် အိမ်ကိုသယ်လာပြီး ဒဏ်ရာရသွားတဲ့ ခြေထောက် ကို ဖြတ်ပေးတာတို့၊ ဒဏ်ရာကျက်အောင် လုပ်ပေးတာတို့တွေ သူက လုပ်ပေးတတ်တယ်။ တစ်ကြိမ်မှာ ကျွန်မအဖေက သမင်မကြီးတစ်ကောင်ကို ထရပ် ကားနဲ့ တိုက်မိလို့ သမင်ပေါက်လေးတွေမှာ မိဘမဲ့ဖြစ်ကုန်တယ်။ သူတော်တော် စိတ်မကောင်းဖြစ်သွားပြီး သမင်ပေါက်လေးတွေကို အိမ်အထိ ခေါ်လာပြီး မွေးထားလိုက်တယ်။ ထင်းမီးနဲ့ အပူပေးတဲ့ မီးဖိုကြီးနောက်မှာ ထားတယ်။ သမင်လေးတွေကို သူ့ရဲ့ ကလေးအရင်းအချာတွေလိုပဲ သူက ဂရုစိုက်တယ် လေ။

မိသားစုကို အထောက်အကူပြုရန်အတွက် လော်ရန်က စီးပွားရေး လုပ်ငန်းအချို့ လုပ်ကိုင်ခဲ့သေးသော်လည်း အောင်မြင်ခြင်းမရှိပေ။ သူက ကြက်မွေးမြူရေးလုပ်ငန်းလုပ်သည်။ ထို့နောက် အဖိုးတန် သားမွေးထွက်သည့် မြွေပါ ကတိုးများ မွေးပြန်သည်။ တစ်ဖန် တောင်အမေရိက ရှဥ့်များ မွေးသည်။ မည်သည့်လုပ်ငန်းမျှ အောင်မြင်ခြင်းမရှိ။ ထို့နောက်တွင် မြင်းဇောင်းတစ်ခုဖွင့်လှစ်ကာ နိုင်ငံခြားခရီးသွားများအတွက် မြင်းအငှားစီးလုပ်ငန်းကို လုပ်ကိုင်ပြန်သည်။ သူကိုယ်တိုင်က တိရစ္ဆာန်များအား သတ်ဖြတ်ရသည်ကို စိတ်မချမ်းမြေ့ဖြစ်တတ်သော်လည်း အိမ်၏ ထမင်းဝိုင်းမှ အစားအစာ အများစုမှာ အမဲလိုက် ရာမှ ရရှိခြင်းသာဖြစ်သည်။ "သမင်တစ်ကောင်ကို ပစ်ပြီးရင် အဖေကမျက်ရည်ကျတတ်တယ်"။ ဘီလီက ပြောပြလာသည်။ "ဒါပေမဲ့ ကျွန်မတို့တွေ လည်း စားစရာရှိမှ ဖြစ်မှာဆိုတော့ အဖေက မလွှဲသာဘဲ ပစ်ရတော့တာပေါ့"။

သူက အမဲလိုက်လမ်းညွှန်အလုပ်ကိုလည်း လုပ်သည်။ ထိုအလုပ်က သူ၏စိတ်ကို ပို၍ပင် နာကျင်စေသည်။ "မြို့ပေါ်ကလူတွေက သူတို့ရဲ့ ကက်ဒီး လက်ကားကြီးတွေမောင်းပြီး လာမယ်။ ကျွန်မအဖေက သူတို့ကို သူ့ရဲ့ အမဲလိုက်စခန်းဆီ တစ်ပတ်လောက် ခေါ်သွားပေးရတာ။ ဆုတံဆိပ်တွေရကြ အောင်လို့လေ။ အမဲပစ်မထွက်ကြခင်မှာ သမင်ဖိုတစ်ကောင်လောက်တော့ ရစေရမယ်လို့ အဖေက အာမခံပေးထားတာ။ ဒါပေမဲ့ သူတို့တွေ အများစုက သေနတ်ပစ်ကလည်းညံ့၊ အရက်တွေလည်း တအားသောက်ထားကြတာဆိုတော့ မှန်အောင်မပစ်နိုင်ကြဘူး။ အဲဒီတော့ အဖေကပဲ သူတို့အတွက် ပစ်ပေးလိုက်ရ နေကျပါ။ ဘုရားသခင်… သူက အဲဒီအလုပ်ကို တကယ်မုန်းရှာတာပါ"။

ခရစ္စက လော်ရန်ကို ပျော်ရွှင်မှုပေးနိုင်ခဲ့သည်မှာမူ အံ့အားသင့်ဖွယ်ရာ မရှိပါ။ ခရစ္စက သူ၏ ဘိုးအေဖြစ်သူကို ချစ်ခင်မြတ်နိုးသူဖြစ်သည်။ ဘိုးအေ ဖြစ်သူ၏ သစ်ပင်သစ်တောများအကြောင်း နှံ့နှံ့စပ်စပ် သိရှိနားလည်မှု၊ တော

တောင်သဘာဝကို မြတ်နိုးမှုတို့က ခရစ္စ၏ ရင်ထဲတွင် နက်နက်ရှိုင်းရှိုင်းစွဲထင်နေပေသည်။

ခရစ္စ အသက်ရှစ်နှစ်အရွယ်တွင် ဝေါ့လ်တ်က သူ့ကို တောတွင်းခရီး ကြမ်းထွက်ရာသို့ ပထမဆုံးအကြိမ်အဖြစ် ခေါ်ဆောင်သွားခဲ့သည်။ ရှန်နန်ဒိုအာ(Shenandoah) တောင်ကြားဒေသရှိ အိုးလ်ဒ်ရက်ဂ်တောင်(Old Rag)တောင်ပေါ်သို့ တက်ရောက်မည့် သုံးရက်တာခရီးစဉ်ဖြစ်သည်။ ခရစ္စက တောင်တက်ခရီးတစ်လျှောက်လုံး သူ၏ ကျောပိုးအိတ်ကို ကိုယ်တိုင်သယ်ပိုးကာ ဖခင်နှင့် အတူ တောင်ထိပ်အရောက် တက်ရောက်နိုင်ခဲ့သည်။ ထိုမှစ၍ သားအဖနှစ်ဦး အကြား တောင်တက်ခရီးထွက်သည့် အစဉ်အလာတစ်ရပ် ရရှိခဲ့ကာ နောက်နှစ်တိုင်းလိုလိုပင် အိုးလ်ဒ်ရက်ဂ်တောင်သို့ တက်ရောက်ဖြစ်ခဲ့ကြသည်။

ခရစ္စ အနည်းငယ် အရွယ်ရောက်လာသည့်အခါ ဝေါ့လ်တ်က သူ၏ အိမ်ထောင်နှစ်ဆက်လုံးမှ သားသမီးများနှင့်အတူ ဘီလီပါခေါ်ကာ ကော်လိုရာဒိုပြည်နယ်မှာ အမြင့်ပေ ၁၄,၂၅၆ ပေရှိ လောင်းစ်ပိခ်(Longs Peak)တောင်သို့ ခရီးထွက်ခဲ့ကြသည်။ လောင်းစ်ပိခ်ကောင်မှာ ရော့ခ်ကီးမောင်းတိန်း အမျိုးသား ဥယျာဉ်(Rocky Mountain National Park) နယ်မြေအတွင်း အမြင့်ဆုံးသော တောင်ဖြစ်သည်။ ဝေါ့လ်တ်၊ ခရစ္စနှင့် ဝေါ့လ်တ်၏ ပထမအိမ်ထောင်မှ အငယ်ဆုံးသားဖြစ်သူတို့က အမြင့်ပေ ၁၃,၀၀၀ အထိ အရောက်တက်ခဲ့ကြသည်။ ထိုအမြင့်ပေ၌ ကီးဟိုးလ်(Key Hole)ဟု ခေါ်ဆိုကြသော ကျောက်ကြားလှ သည့် လမ်းကျဉ်းတစ်ခုရှိသည်။ ဝေါ့လ်တ်က ထိုနေရာမှပင် လှည့်ပြန်ရန် ဆုံးဖြတ်လိုက်သည်။ ဝေါ့လ်တ်မှာ ပင်ပန်းနွမ်းနယ်နေပြီဖြစ်ပြီး ရောက်ရှိနေ သောနေရာ၏ မြင့်မားမှုဒဏ်ကိုလည်း ခံစားရစပြုနေပြီဖြစ်သည်။ ရှေ့ဆက် တက်ရောက်ရမည့် လမ်းကြောင်းက ကျောက်သားပြင်ဆန်ပြီး အန္တရာယ်ထူ ပြောသောလမ်း ဖြစ်သည်။ "ကျွန်တော်က တော်လောက်ပြီလို့ ထင်တယ်"။ ဝေါ့လ်တ်က ပြန်ပြောပြခြင်းဖြစ်သည်။ "ဒါပေမဲ့ ခရစ္စက တောင်ထိပ်ရောက် တဲ့အထိ ဆက်တက်ချင်သေးတာ။ မဖြစ်နိုင်ဘူးလို့ ကျွန်တော်က သူ့ကိုပြောပြ လိုက်တယ်။ အဲဒီတုန်းက သူ့အသက် ဆယ့်နှစ်နှစ်ပဲ ရှိသေးတာလေ။ သူက မကျေမနပ်နဲ့ ပြောရုံပဲ တတ်နိုင်တာပေါ့။ တကယ်လို့သာ သူ့အသက် ဆယ့် လေး,ငါးနှစ်လောက် အရွယ်ဆိုရင် ကျွန်တော်မပါဘဲ သူ ဆက်တက်သွားမှာ သေချာတယ်"။

ဝေါ့လ်တ်က အဝေးတစ်နေရာသို့ သိစိတ်ကင်းမဲ့စွာ ငေးစိုက်ရင်း တွေးငေးငေးဖြစ်နေသည်။ အချိန်အတော်ကြာမှပင် "ခရစ္စဟာ ငယ်ငယ်လေး ကတည်းက အကြောက်အလန့်ရှိတာ မဟုတ်ဘူး။"ဟု စကားဆက်လာသည်။ "ဒုက္ခအခက်အခဲတွေက သူ့အတွက်လို့ သူက မထင်ဘူး။ သူ့ကို အဲဒီလို ဒုက္ခတွေထဲကနေ ဆွဲထုတ်ဖို့ ကျွန်တော်တို့ အမြဲ ကြိုးစားနေခဲ့တာလေ"။

ခရစ္စက သူ့စိတ်နှင့် တွေ့သမျှ အရာအားလုံးနီးပါးကို အောင်မြင်သည် အထိ ဆောင်ကြဉ်းနိုင်သူဖြစ်သည်။ ပညာရေးဘက်တွင်လည်း ကြီးကြီးမားမား

အားထုတ်ကြိုးပမ်းမှုမပြုဘဲနှင့် "အေ"အဆင့် အောင်မှတ်ကောင်းများ ရလာလေ့ရှိသည်။ "ဘီ"အဆင့်ထက် အဆင့်နိမ့်သော "အက်ဖ်"အဆင့်ကို ရူပဗေဒဘာသာရပ်တွင် တစ်ကြိမ်သာ ရရှိခဲ့ဖူးသည်။ ခရစ္စ၏ ပညာအရည်အချင်း တိုးတက်မှုအစီရင်ခံစာကို မြင်သည်နှင့် ဝေါ့လ်တ်က ခရစ္စ၏ ရူပဗေဒဆရာနှင့် သွား ရောက်တွေ့ဆုံကာ ရမှတ်နည်းရသည့်အကြောင်းရင်းကို မေးမြန်းဆွေးနွေးခဲ့ သည်။ "ဆရာက အငြိမ်းစား လေတပ်ကာနယ်လ်ကြီးတစ်ယောက်ပဲ"။ ဝေါ့လ်တ်က မှတ်မှတ်ရရပင် ပြောပြလာသည်။ "အသက်ကြီးကြီး သမားရိုးကျ သမား၊ အရမ်းကို စည်းစနစ်တကျသူပုံစံပဲ။ သူက ပညာသင်နှစ် အစပိုင်းကနေ စပြီး ရှင်းပြတယ်။ သူ့မှာ ကျောင်းသားနှစ်ရာလောက် ရှိတယ်လို့ ဆိုတယ်။ ဒီတော့ လက်တွေ့ခန်း အစီရင်ခံစာတွေက ထုတ်ပြန်ပေးထားတဲ့ ပုံစံအတိုင်း တစ်သမတ်တည်းရေးပေးကြမှ အဖြေလွှာတွေကို စစ်ဆေးအမှတ်ပေးရတာ အဆင်ပြေမယ်။ ခရစ္စက ဒါကို အဓိပ္ပာယ်မရှိတဲ့စည်းကမ်းလို့ တွေးပြီးလျစ်လျူရှုဖို့ရာ ဆုံးဖြတ်ခဲ့တာ။ သူက လက်တွေ့ခန်းအစီရင်ခံစာတော့ ရေးတင် တယ်။ ဒါပေမဲ့ ထုတ်ပေးထားတဲ့ ပုံစံအတိုင်း မဟုတ်ဘူး။ အဲဒီတော့ ဆရာ လုပ်သူက သူ့ကို "အက်ဖ်"အဆင့်ပဲ ပေးတော့တာပေါ့။ သူ့ဆရာနဲ့ ဆွေးနွေး ပြောဆိုပြီးတဲ့နောက် အိမ်ပြန်ရောက်တော့ ခရစ္စကို ကျွန်တော်ပြောပြလိုက်ပါ တယ်။ သူနဲ့တန်တဲ့ အဆင့်ကို ရတာပဲလို့ပေါ့"။

ခရစ္စနှင့် ကယ်ရင်းတို့ နှစ်ဦးလုံးက ဝေါ့လ်တ်၏ ဂီတပါရမီရင့်သန်မှု ကို မျှဝေခံစားကြသူများဖြစ်သည်။ ခရစ္စက ဂစ်တာ၊ စန္ဒရားနှင့် ဖရန့်ချ်ဟွန်း ခေါ် လေမှုတ်တူရိယာတို့ကို ကျွမ်းကျင်စွာ တီးမှုတ်နိုင်သူဖြစ်သည်။ "သူ့အသက် အရွယ်လေးနဲ့ ဒီလိုတီးနိုင်၊ မှုတ်နိုင်တာ ထူးတော့ ထူးဆန်းတယ်"။ ဝေါ့လ်တ် က ပြောပြသည်။ "ဒါပေမဲ့ သူက အမေရိကန်အဆိုတော်ကြီး တိုနီဘဲန်းနက် (Tony Bennett)ကို သဘောကျတာ။ Tender Is the Night လိုမျိုး သီချင်းတွေကို ကျွန်တော့်စန္ဒရားနောက်ခံ အတီးနဲ့ သူက ဆိုပြတတ်တယ်။ သူက ပါရမီရှိတယ်"။ စင်စစ်တွင် ကောလိပ်ကျောင်းတက်စဉ် အပျော်တမ်းရိုက်ကူးထားသော ဗီဒီယိုဖိုင်တစ်ခု၌ ခရစ္စက ထိုသီချင်းပါ စာသားများဖြစ်သည့် "ပင်လယ်ကမ်း နံဘေးက လွမ်းဖွယ်နွေရာသီတွေနဲ့၊ ကက်ပရီကျွန်းက ရွက်လှေလေးတွေဟာ တို့တွေရဲ့ ကိုယ်ပိုင်အမှတ်တရလေးဖြစ်လာခဲ့"ဆိုသော စာသားများကို ပီဘိကြေးစားအဆိုပညာရှင်တစ်ယောက်အလား ဆွေးဆွေးမြည့်မြည့် ဆွဲငင်သီဆို ထားသည်ကို မြင်ကြရပေသည်။

ဖရဲန့်ချ်ဟွန်း(French Horn) လေမှုတ်တူရိယာကို ပါရမီရှင်တစ် ယောက်အလား ကျွမ်းကျင်နိုင်နင်းသူ ခရစ္စသည် ဆယ်ကျော်သက်အရွယ်မှာ ပင် အမေရိကန်တက္ကသိုလ် ဆင်ဖိုနီ သံစုံတီးဝိုင်းအဖွဲ့ဝင်တစ်ယောက် ဖြစ်လာ ခဲ့သော်လည်း အထက်တန်းကျောင်း တီးဝိုင်းအဖွဲ့ခေါင်းဆောင်က ထုတ်ပြန် သော စည်းကမ်းစည်းမျဉ်းများကို ကန့်ကွက်ပြောဆိုမှုများ ဖြစ်ပွားပြီးနောက် တီးဝိုင်းအဖွဲ့မှ နုတ်ထွက်ခဲ့ကြောင်း ဝေါ့လ်တ်က ပြောပြသည်။ ကယ်ရင်းကမူ တီးဝိုင်းအဖွဲ့မှ

နုတ်ထွက်ရုံမျှ မကကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။ "သူက သူ့ကို ဟိုလိုလုပ်၊ ဒီလိုလုပ်ပြောတာကို မကြိုက်တာရော ကျွန်မကြောင့် ရော တီးတဲ့ခတ်တဲ့ အလုပ်တချို့ကို ရပ်ပစ်ခဲ့တာ။ ကျွန်မက ခရစ္စကို အားကျခဲ့ တာလေ။ ဒါနဲ့ ကျွန်မလည်း ဖရဲနို့ချိုဟွန်းမှုတ်တာကို စ,ကျင့်တယ်။ နောက် တော့ ကျွန်မက သူ့ထက်ပိုပြီး ကျွမ်းကျင်လာတယ်။ တီးဝိုင်းမှာ သူက ဝါရင့်၊ ကျွန်မက လူသစ်ဖြစ်လာတော့ အကြီးတန်းတီးဝိုင်းရဲ့ ရှေ့ဆုံးခုံမှာ ကျွန်မက ထိုင်ရတယ်။ သူက သူ့ညီမနောက်ကနေ ထိုင်ရတာပဲ၊ ဘာမှမတတ်နိုင်ဘူးလေ။

သို့သော်လည်း သူတို့နှစ်ဦးအကြားမှ ဂီတနှင့်ပတ်သက်သည့် ပြိုင်ဆိုင် မှုက မောင်နှမနှစ်ဦး၏ ဆက်ဆံရေးအနေအထားကို ပျက်ယွင်းစေခဲ့ပုံမရပေ။ သူတို့နှစ်ဦးသည် ငယ်စဉ်တောင်ကျေး ဘဝကပင် အဲန်နာဒေးလ်မြို့ နေအိမ် ဧည့်ခန်းအတွင်း ထိုင်ခုံကူရှင်များ၊ စောင်များဖြင့် ရဲတိုက်ဆောက်တမ်း ကစား ကာ အချိန်နာရီများစွာ ဖြတ်ကျော်ခဲ့ကြသည့် သွေးသားရင်းချာ မောင်နှမနှစ်ဦး ဖြစ်သည်။ "သူက ကျွန်မအပေါ် အမြဲပဲ ကောင်းပါတယ်"။ ကယ်ရင်းက ပြောပြလာသည်။ "ပြီးတော့ တစ်ခုခုဆို အရမ်းလည်း အကာအကွယ်ပေး တတ်တယ်။ လမ်းလျှောက်သွားရင် ကျွန်မလက်ကို ဆွဲထားပေးတတ်တယ်။ သူက အလယ်တန်း၊ ကျွန်မက မူလတန်းတက်နေတုန်းကဆိုရင် ကျွန်မထက် အရင်စောပြီး သူ့အတန်းက ဆင်းတာဖြစ်ပေမဲ့ သူ့သူငယ်ချင်း ပါ့စ်ကိုဝစ်တ်(စ) (Paskowitz)ရဲ့ အိမ်ကနေ သူက စောင့်နေပြီး အိမ်ကို အတူတူ ပြန်ကြတာလေ"။

ခရစ္စသည် ဘီလီ၏ အပြစ်ကင်းစင်၍ ချစ်ဖွယ်ရာကောင်းသော အသွင်အပြင်တို့ကိုလည်း အမွေဆက်ခံထားသူဖြစ်သည်။ အထူးသဖြင့် ဘီလီ၏ မျက်ဝန်းများကို သူ့တွင် တွေ့ရခြင်းပင်။ နက်မှောင်သော မျက်ဝန်းများက စိတ်တွင်းခံစားမှုများကို ပေါ်လွင်နေစေသည်။ လူလုံးလူဖန်သေးပြီး အတန်းဖော် များထဲတွင် အရပ်အပုဆုံးဖြစ်သဖြင့် အတန်းလိုက် အမှတ်တရဓာတ်ပုံရိုက်ရာ ၌ ရှေ့ဆုံးတန်းမှ အမြဲပါရသူဖြစ်သော်လည်း ခရစ္စက သူ၏ခန္ဓာကိုယ်အရွယ် အစားနှင့် မလိုက်အောင်ပင် ကျန်းမာသန်စွမ်းသူဖြစ်သည်။ အားကစားနည်း မျိုးစုံတွင် ဝင်ရောက်လက်တည့်စမ်းခဲ့ဖူးသော်လည်း စိတ်ရှည်ရှည်ဖြင့် သင်ယူ လေ့လာလိုမှုမရှိခြင်းကြောင့် မည်သည့်ဘက်တွင်မျှ ထူးချွန်မှုမရှိပေ။ ကော်လို ရာဒိုပြည်နယ်သို့ မိသားစုအပန်းဖြေခရီးထွက်စဉ် နှင်းလျှောစီးရာ၌ သူက တစ်ဖက်သို့ ကွေ့ရန် စိုးရိမ်နေခဲ့သည်။ သူက ဟန်ချက်ညီညီနှင့် တည်ငြိမ်မှု ရစေရန်အတွက် ခြေထောက်နှစ်ဖက်ကို ချဲကာ မျောက်ဝံတစ်ကောင်ပမာ ကုန်းကွကွလုပ်ပြီး နှင်းလျှောစီးဘုတ်ပြားကို တောင်ကုန်းအောက်တည့်တည့် သို့ စိုက်ဆင်းစေခဲ့သည်။ ဝေါ့လ်တ်က ခရစ္စကို ဂေါက်သီးရိုက်သင်ကြားခဲ့ပုံ ပြန်ပြောပြလာသည်။ "သူ့ကို ဂေါက်ရိုက်သင်ပေးဖို့လုပ်တော့ သူက ဂေါက်သီး အားကစားမှာ အရာရာဟာ ပုံစံတကျဖြစ်ဖို့ လိုတယ်ဆိုတာကို လက်ခံဖို့ရာ ငြင်းတယ်။ ခရစ္စက ဂေါက်တံကို လွှဲရိုက်တိုင်း တစ်ခါမှ မကြုံဖူးလောက် အောင်

အဝေးကြီးလွဲရိုက်တယ်။ တစ်ခါတလေမှာ ဘောလုံးကိုထိရင် ကိုက်သုံး ရာလောက်အထိတော့ ရောက်ပါရဲ့။ ဒါပေမဲ့ တီခုံနဲ့ မြက်ခင်းပြင်ကြားထဲကမြက်တိုတိုညှပ်ထားတဲ့ ဖဲဝေး(Fairway)ထဲကိုပဲ ဘောလုံးကျတာက များများ ရယ်"။

"ခရစ္စက ပင်ကို အရည်အချင်း တော်တော်ရှိတာ"။ ဝေါ့လ်တ်က ဆက်ပြောလာသည်။ "ဒါပေမဲ့ သူ့ကို နည်းပေးလမ်းပြလုပ်ဖို့၊ သူ့ကျွမ်းကျင်မှု ကို တိုးတက်တောင်ပြောင်လာဖို့ လိုအပ်နေတဲ့ ဆယ်ရာခိုင်နှုန်းလောက်ကို ညှစ်ထုတ်နိုင်ဖို့အတွက် သွားကြိုးစားလိုက်မိလို့ကတော့ အဟန့်အတားဖြစ်ပြီသာ မှတ်ပေရော့ပဲ။ သူက ဘယ်လို ညွှန်ကြားချက်မျိုးကိုမှ လက်သင့်မခံတတ်တဲ့ သူလေ။ ကျွန်တော်က အလုံခန်းထဲမှာ တင်းနစ်ဘောလုံးကို ရိုက်တံနဲ့ ရိုက်ရတဲ့ ရက်ကက်ဘောလ်(Racquetball) ကစားသမားတစ်ယောက်လည်း ဖြစ်တယ်။ ခရစ္စအသက် ဆယ့်တစ်နှစ်လောက်မှာ ဒီကစားနည်း သင်ပေးခဲ့တယ်။ သူ့ အသက် ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်လောက်မှာ သူ့ကို ကျွန်တော်နိုင်အောင် မကစားနိုင်တော့ဘူးလေ။ သူက အရမ်းကို မြင်လွယ်၊ တတ်လွယ်ပြီး ခွန်အား လည်း ရှိတယ်။ ဒါပေမဲ့ သူကစားရာမှာ လိုအပ်နေတာလေးတွေကို ကျွန်တော် က အကြံပေးပြောပြတော့ သူက နားမထောင်ဘူး။ တစ်ခါတော့ ပြိုင်ပွဲတစ်ခုမှာ အသက် ၄၅ နှစ်အရွယ်လောက်ရှိမယ့် ဝါရင့်ပြိုင်ဘက်တစ် ယောက်နဲ့ သူ ကစားရတယ်။ ခရစ္စက ပွဲစ,တာနဲ့ အမှတ်တွေအများကြီးရအောင် ကစား နိုင်တယ်။ ဒါပေမဲ့ ဟိုလူက သူ့ရဲ့ အားနည်းချက်ကို သိရအောင်လို့ နည်းစနစ် တကျ စမ်းသပ်နေတာလေ။ ဘယ်လိုရိုက်ချက်က ခရစ္စကို ဒုက္ခပေးနိုင်တယ်ဆို တာလည်း သိသွားရော အဲဒီအတိုင်းပဲ တောက်လျှောက် ရိုက်သွားတော့တာကို ခရစ္စ မြင်လိုက်ရတယ်။ တစ်ခါတည်း ပွဲသိမ်းသွားတဲ့ အထိပဲ"။

နည်းစနစ်အခြေခံထက် ကျော်လွန်သော ဗျူဟာများ၊ မဆိုစလောက် ကွဲပြားသော ဒီဂရီများအကြောင်း ခရစ္စကို ပြောပြခြင်းက အချည်းနှီးပင်။ သူအလေးထားသည့် တစ်ခုတည်းသော အနိုင်ရရှိရေးနည်းလမ်းက သူ၏ ထူးခြားသော စွမ်းအင်ကို သုံးစွဲကာ ရင်ဆိုင်အနိုင်ယူရေး နည်းလမ်းပင်ဖြစ် သည်။ အကျိုးဆက်အားဖြင့် အချည်းနှီးဖြစ်ခြင်းကိုသာ ရရှိလေ့ရှိသည်။ ပရိယာယ်ကြွယ်ဝခြင်း သို့မဟုတ် ဉာဏ်များခြင်းထက် ဆန္ဒပြင်းပြမှုနှင့် စိတ်ပိုင်း ဖြတ်မှုတို့အပေါ် အခြေပြုသည့် အပြေးပြိုင်ခြင်း အားကစားကို ကိုယ်တိုင်ဝင် ရောက် ယှဉ်ပြိုင်သည်အထိ ထိုအချက်ကို ခရစ္စ မသိခဲ့ပေ။ ပရိယာယ်ကြွယ်ဝ ခြင်းနှင့် ဉာဏ်များခြင်းတို့ကို သူက သူ၏ အားကစားအသိဖြင့် စေ့ဆော်မှုဟု ဆိုသည်။ ခရစ္စသည် အသက်ဆယ်နှစ်အရွယ်တွင် သူ၏ ပထမဆုံးသော အပြေးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ လမ်းမထက်တွင် တစ်ဆယ်ကီလိုမီတာ အပြိုင် ပြေးရမည့်ပွဲပင်။

ခရစ္စက အဆင့် ၆၉ ချိတ်ပြီး သူ၏နောက် ၌ အရွယ်ရောက် ပြိုင်ပွဲဝင်လူကြီး

တစ်ထောင်ကျော်ကို ကျော်ဖြတ်ကာ ပန်းဝင်နိုင်ခဲ့သည်။ ဆယ်ကျော်သက်ဘဝ ရောက်သည့်တွင် ဒေသအတွင်း၌ ထိပ်တန်း တာဝေးအပြေးသမားတစ်ဦး ဖြစ်လာခဲ့သည်။

ခရစ္စအသက် ဆယ့်နှစ်နှစ်အရွယ်၌ ဝေါ့လ်တ်နှင့် ဘီလီတို့က ကယ်ရင်းအတွက် ခွေးပေါက်လေးတစ်ကောင် ဝယ်ပေးခဲ့သည်။ ရှက်လန်း (Shetland)မျိုးရိုး သိုးကျောင်းခွေးဖြစ်ပြီး ဘတ်ကလေ(Buckley)ဟု အမည်ပေး ထားသည်။ ခရစ္စက ဘတ်ကလေကို နေ့စဉ် အပြေးကျင့်ရာသို့ သူနှင့်အတူ ခေါ်သွားလေ့ရှိသည်။ "ဘတ်ကလေက ကျွန်မရဲ့ ခွေးလေးဖြစ်ရမှာပါ"။ ကယ် ရင်းက ပြောပြလာသည်။ "ဒါပေမဲ့ သူနဲ့ခရစ္စက ခွဲမရအောင်ဖြစ်လာတာ။ ဘာ့က်က အပြေးမြန်တယ်လေ။ အိမ်ကိုပြေးပြီး ပြန်လာတိုင်း ဘာ့က်က ခရစ္စထက် အမြဲပဲ အရင်ရောက်တယ်။ ခရစ္စကို နိုင်နေကျပဲ။ ကျွန်မ မှတ်မိနေ သေးတယ်။ တစ်ရက်တော့ ခရစ္စက ဘာ့က်ထက် အရင်ရောက်အောင် အပြေး ပြန်လာနိုင်ခဲ့တယ်။ သူ့မှာ ဝမ်းသာလွန်းလို့ မျက်ရည်တွေတောင်ကျပြီး "ဘာ့က် ကို နိုင်ပြီ၊ ဘာ့က်ကိုနိုင်ပြီ"လို့ တစ်အိမ်လုံးပတ် အော်နေတော့တာ"။

ဗာဂျီးနီးယားပြည်နယ်၊ ဖဲဖက်စ်မြို့ရှိ ဒဗလျူတီ ဝုဒ်ဆင် အထက် တန်းကျောင်း(W.T.Woodson Hight School)သည် ပြည်နယ်အတွင်း၌ စာပေ အရာတွင်သာမက ထူးချွန်သည့် အားကစားအသင်းအဖွဲ့များပါ ထွက်ပေါ်ရာ အထက်တန်းကျောင်းတစ်ကျောင်းဖြစ်ပြီး ခရစ္စက ထိုကျောင်း၏ ပြည်နယ် ဖြတ်ကျော် အပြေးအဖွဲ့ခေါင်းဆောင်ဖြစ်သည်။ ခရစ္စက အသင်းခေါင်းဆောင် တစ်ယောက်အဖြစ် တာဝန်ယူရခြင်းကို နှစ်သက်ပြီး အသင်းအတွက် ပြင်းထန် လှသော ကာယလေ့ကျင့်ခန်းများနှင့် အစားအသောက်ကို စနစ်ဇယားနှင့် စားသောက်ရန်ပါ အစီအစဉ်ရေးဆွဲပေးခဲ့ခြင်းအား သူ၏ အသင်းဖော်များက ကောင်းစွာ အမှတ်ရနေကြပေသေးသည်။

"သူက သူ့ကိုယ်သူလည်း တော်တော်လေး တွန်းအားပေးတတ်တာ"။ အပြေးအဖွဲ့ဝင်များအနက်မှ အသက်ငယ်ရွယ်သည့် အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂေါ်ဒီကူကာလ်လူ(Gordy Cucullu)က ပြောပြလာခြင်းဖြစ်သည်။ "သူက လမ်းမထက်မှ အောင်စစ်သည်များ(Road Warriors)လို့ အမည်ပေးထားတဲ့ လေ့ကျင့်ရေး အစီအစဉ်တစ်ခုကိုလည်း ထွင်ခဲ့သေးတယ်။ သူကိုယ်တိုင် ဦးဆောင်ပြီး ခရီးရှည်ကြီး အပြေးကျင့်ရတဲ့ အစီအစဉ်လေ။ စိုက်ခင်းတွေ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ ကျွန်တော်တို့ တစ်ခါမှ မရောက်ဖူးတဲ့ နေရာတွေကို ဖြတ်သန်းပြီး သေလုအောင် ပြေးကြရတာ။ ပြေးရင်းနဲ့ ကျန်ရစ်တဲ့လူက မျက်ခြည်ပြတ်ပြီး လမ်းပျောက်သွားအောင် ရည်ရွယ်ချက်နဲ့ ဆွဲထားတဲ့ လေ့ကျင့် ရေးအစီအစဉ်ပါ။ နောက်မှာ မကျန်ရစ်ရအောင်လို့ ပြေးနိုင်သမျှ မြန်မြန်နဲ့ ရောက်နိုင်သမျှရောက်အောင် ပြေးကြရတယ်။ ကိုယ်မသိတဲ့လမ်းတွေ၊ သစ် တောအုပ်တွေပါ ဖြတ်ပြီး ပြေးကြရတာပေါ့။ ဒီအစီအစဉ်ရဲ့ စိတ်ကူးကတော့

ကိုယ်မသိတဲ့ နယ်မြေအစိမ်းသက်သက်ထဲမှာ ကိုယ်ဘယ်ရောက်လို့ ရောက်နေမှန်းမသိတာအောင် ကိုယ့်ကိုယ်ကို တွန်းအားပေးနိုင်အောင် အဓိက ရည်ရွယ်ထားတာပါပဲ။ ပြီးရင် အရှိန်နည်းနည်း လျှော့ပြေးပြီး ကိုယ်သိတဲ့လမ်းဆီ ရောက်တော့မှ အိမ်ကို အမြန်ဆုံးနှုန်းနဲ့ အပြေးပြန်ရတာ။ ဒါက ခရစ္စရဲ့ ဘဝတစ်လျှောက်လုံးမှာ နေထိုင်သွားတဲ့ သဘာဝပါပဲ"။

မက်ကန်းဒလက်စ်က အပြေးပြိုင်ခြင်း အားကစားနည်းကို စိတ်ခွန်အား လေ့ကျင့်ခန်းအဖြစ် ခံယူထားသည်။ သူ့အတွေးက တရားသဘောဆန်သည်။ "ခရစ္စက ကျွန်တော်တို့တွေကို ကြိုးစားချင်စိတ် ဖြစ်လာအောင် လှုံ့ဆော်ရာမှာ စိတ်ခွန်ရေးရာပိုင်းတွေ အသုံးပြုတယ်"။ အပြေးအဖွဲ့ဝင်တစ်ဦးဖြစ်သူ အဲရစ်ဟက်သ်သဝေး(Eric Hathaway)က ပြောပြလာသည်။ "ကမ္ဘာပေါ်မှာရှိတဲ့ မကောင်းဆိုးဝါးတွေ၊ မုန်းတီးရသူတွေ အားလုံးကို တွေးကြည့်ထားလို့ သူက ကျွန်တော်တို့ကို ပြောတတ်တယ်။ ပြီးရင် ကိုယ့်ကိုယ်ကို အမိုက်တိုက်အင်အား စုဘေးရန်ကနေ လွတ်အောင်ပြေးနေရတာလို့ ခေါင်းထဲမှာ တွေးနိုင်တယ်။ မကောင်းဆိုးဝါး အစုအဝေးကြီးက ကိုယ့်ကို အကောင်းဆုံး မပြေးနိုင်အောင် ဟန့်တားထားတဲ့ နံရံကြီးပဲလို့ သူက ဆိုတယ်။ ရတတ်သမျှ စွမ်းအင်ကို ရိုးရိုးလေးထိန်းကျောင်းနိုင်တဲ့ စိတ်စွမ်းအင်ကသာ အရာရာကို အကောင်းဆုံး ဖန်တီးပေးနိုင်တယ်လို့ သူက ယုံကြည်တယ်လေ။ ကိုယ့်ထက်သာသူကို အားကျတတ်တဲ့ အထက်တန်းကျောင်းသားအရွယ်တွေဆိုတော့လည်း ခရစ္စရဲ့ အဲဒီလို အပြောတွေအပေါ်မှာ မျောပါသွားခဲ့ကြတာပေါ့။

သို့ရာတွင် အပြေးပြိုင်ခြင်းဆိုသည်မှာ စိတ်ခွန်ရေးရာတစ်ခုတည်း ဖြင့်ပြီးသည်မဟုတ်ချေ။ ယှဉ်ပြိုင်ခြင်းကိုလည်း တာဝန်ခံဆောင်ရွက်ရမည့် ကိစ္စဖြစ်သည်။ မက်ကန်းဒလက်စ်က ပြေးပွဲဝင်ပြီဆိုလျှင် အနိုင်ရအောင်ပြေးသူ ဖြစ်သည်။ "ခရစ္စက အပြေးပြိုင်တာကို တော်တော်လေး အလေးအနက်ထားတယ်"။ ဝုဒ်ဆင်အထက်တန်းကျောင်းမှ ကျောင်းနေဖက်များအနက် ခရစ္စနှင့် အရင်းနှီးဆုံးလည်း ဖြစ်သည်ဟု ဆိုနိုင်သလို မိန်းကလေး အပြေးအဖွဲ့ဝင်တစ်ဦး လည်းဖြစ်သည့် ခရစ္စမက်ဆီဂီလ်မာ(Kris Maxie Gilmer)က ပြောပြလာခြင်းဖြစ်သည်။ "ပန်းဝင်စည်းထိပ်ကနေ ရပ်စောင့်ပြီး သူပြေးလာတာကို ကြည့်ရင်း သူဘယ်လောက် အကောင်းဆုံး လုပ်ပြချင်စိတ်ရှိနေတယ်ဆိုတာကိုရော၊ မျှော် လင့်ထားသလောက် လုပ်မပြနိုင်ခဲ့ရင် ဘယ်လောက်အထိ စိတ်ပျက်ခံစားတတ်တယ်ဆိုတာပါ သိနေမြင်နေခဲ့ရတာကို ကျွန်မ အမှတ်ရနေပါသေးတယ်။ ပြိုင်ပွဲတစ်ခုမှာ ရလဒ်မကောင်းတာပဲဖြစ်ဖြစ်၊ အစမ်းလေ့ကျင့်ရာမှာ ထင်သလောက် မဖြစ်တာပဲဖြစ်ဖြစ် အဲဒီလိုမျိုး ကြုံရတဲ့အခါမှာ သူ့ကိုယ်သူ အပြစ်တင်လို့မဆုံးဘူး။ အဲဒီလို အကြောင်းတွေကိုလည်း ဘယ်သူနဲ့မှ ပြောလေ့မရှိဘူး။ သူ့ကို နှစ်သိမ့်ဖို့ ကျွန်မက ကြိုးစားရင်လည်း သူက ဒေါသတကြီး နဲ့ ကျွန်မကို မောင်းထုတ်တတ်သေးတယ်။ သူက သူ့ရဲ့ စိတ်ခွန်ကျဆင်းတာ ကို

ရင်ထဲမှာ ကျိတ်ပြီး ခံတာလေ။ သူ့ဘာသာ တစ်ယောက်တည်း တစ်နေရာ ရာ ထွက်သွားပြီး ကိုယ့်ကိုယ်ကို ညှဉ်းဆဲနေတာပဲ”။

“ခရစ္စက အပြေးပြိုင်တာသက်သက်ကို အလေးထားတာမျိုးမဟုတ် ဘူး”။ ဂီလ်မာက ဆက်၍ ပြောပြသည်။ “သူက အရာရာမှာ အဲဒီအတိုင်းချည်း ပဲ။ အထက်တန်းကျောင်းသား ဘဝဆိုတာက သိပ်ပြီးတော့ လေးလေးပင်ပင် ကြီးတွေ တွေးတောနေရမယ့် ဘဝမျိုး မဟုတ်ဘူးလေ။ ဒါပေမဲ့ ကျွန်မလည်း အဲဒါမျိုးတွေ တွေးတယ်၊ သူလည်း တွေးတယ်။ အဲဒါကြောင့် ကျွန်မတို့တွေ ရေလိုက်လွဲခဲ့ကြတာပဲ။ မုန့်စားဆင်းချိန်ဆိုရင် သူ့အခန်းမှာ ထိုင်ပြီး ဘဝ အကြောင်း၊ လောကကြီးအကြောင်းနဲ့ တခြား လေးလေးနက်နက်အကြောင်း အရာတွေကို ကျွန်မတို့ ပြောဖြစ်ကြတယ်။ ကျွန်မက လူမည်းတစ်ယောက် ပါ။ လူတွေက လူမျိုးရေးနဲ့ ပတ်သက်ပြီး ဘာဖြစ်လို့ ဒီလောက်တောင် ရေးကြီးခွင့်ကျယ်လုပ် ပြောနေကြတယ်ဆိုတာ ကျွန်မ စဉ်းစားလို့ မရဘူး။ ဒီလိုအကြောင်းမျိုးတွေကို ခရစ္စက ကျွန်မသိအောင် ပြောပြတတ်တယ်။ သူက နားလည်တယ်လေ။ သူကလည်း အလားတူ မေးခွန်းတွေ အမြဲပဲ မေးတတ်တဲ့ လူ။ သူ့ကို ကျွန်မ သဘောကျတယ်။ သူက တကယ့်လူကောင်းတစ်ယောက် ပါ။

မက်ကန်းဒလက်စ်က လူ့ဘဝကြီး၏ တရားမျှတမှု ကင်းမဲ့ခြင်းကို နှလုံးသားထဲတွင် စွဲထင်မှတ်ယူထားသူဖြစ်သည်။ ဝုဒ်ဆင်အထက်တန်းကျောင်း တွင် နှစ်ကြီးတန်းတက်နေစဉ်က ခရစ္စသည် တောင်အာဖရိကနိုင်ငံမှ လူမျိုးရေး ခွဲခြားဖိနှိပ်မှုများကို သူ့စိတ်အစဉ်တွင် စွဲထင်နေသည်။ သူက တောင်အာဖရိက နိုင်ငံ၌ အသားအရောင်ခွဲခြားမှု တိုက်ဖျက်ရေး ဆန္ဒကျင်လှုပ်ရှားမှုများသို့ ဝင်ရောက်ပါဝင်ရန်နှင့် ယင်းနိုင်ငံအတွင်းသို့ လက်နက်များ တရားမဝင်တင်သွင်းရန်တို့ကို သူ၏ သူငယ်ချင်းများနှင့် အလေးအနက်ပြောကြားလေ့ရှိသည်။ “အဲဒီအကြောင်း တစ်ခါတလေ အငြင်းအခုံဖြစ်ရတတ်တယ်”။ ဟက်သ် သဝေးက ပြန်ပြောင်းပြောပြလာသည်။

“ခရစ္စက ရှိပြီးသားလမ်းကြောင်းတွေ၊ စည်းစနစ်တွေထဲကနေ သွားရတာမျိုး မကြိုက်ဘူး။ သူ့အလှည့်ရောက်အောင် ထိုင်မစောင့်ချင်တဲ့လူ။ “လာဟေ့- အဲရစ်၊ ငါတို့ ရန်ပုံငွေကောက်ပြီး တောင်အာဖရိကကို အခုပဲ ကိုယ့်ဘာသာ သွားလိုက်ကြစို့၊ ဆုံးဖြတ်နိုင်ဖို့ပဲ လိုတာပါ” ဆိုတာမျိုး သူက ပြောတာ။ “တို့တွေက အရွယ်မရောက်သေးတဲ့ ကလေးနှစ် ယောက်အရွယ်ပဲ ရှိသေးတာ။ ငါတို့အားနဲ့ ဘာမှ ထူးခြားအောင် လုပ်နိုင်မှာ မဟုတ်ဘူး”လို့ ကျွန်တော်က ပြန်ပြောရတယ်။ ဒါပေမဲ့ သူ့ကိုပြိုင်ပြီး စကားနိုင် လုလို့ကတော့ မနိုင်ပါဘူး။ “ဩော်... ဒါဆို မင်းက အမှန် အမှားဆိုတာကို အရေးမလုပ် တတ်တဲ့ လူလို့ပဲ ငါက ယူဆရတော့မှာပေါ့”ဆိုတဲ့ စကားမျိုးနဲ့ တုံ့ပြန်လာ တတ်တယ်လေ”

ရက်သတ္တပတ်ကုန် အားလပ်ရက်များ၌ သူ၏ ကျောင်းနေဖက် သူငယ်ချင်းများက ဘီယာတိုက်သည့် ပါတီပွဲများတက်ကြ၊ ဂျော့ချ်တောင်းမြို့ တွင်းရှိ

ဘားဆိုင်များသို့ ခိုးဝင်ရန် ကြိုးစားတတ်ကြသော်လည်း မက်ကန်း ဒလက်စ်ကမူ ဝါရှင်တန်မြို့၏ ဆင်းရဲသားရပ်ကွက်များအတွင်း လှည့်လည် သွားလာနေတတ်သည်။ ထိုရပ်ကွက်များရှိ ပြည့်တန်ဆာများ၊ အိမ်ခြေယာခြေ မဲ့များနှင့် စကားစမြည် ပြောဆို၊ အစားအသောက် ဝယ်ယူကျွေးမွေးလေ့ရှိသည့်အပြင် ယင်းတို့၏ဘဝတိုးတက်ရေးအတွက် အကြံဉာဏ်များလည်း သူက ပေးတတ်သေးသည်။

"လူတွေ ဘာဖြစ်လို့ အစာရေစာ ငတ်ကြရတာလဲ ဆိုတာကို ခရစ္စက နားမလည်နိုင်ဘူး။ အထူးသဖြင့် ဒီတိုင်းပြည်မှာ ဖြစ်ရတာကိုပေါ့"။ ဘီလီက ပြောပြလာသည်။ "သူက အဲဒီလိုအကြောင်းတွေကို နာရီပေါက်ကြာအောင် စိတ်အားထက်ထက်သန်သန်နဲ့ ပြောနိုင်တယ်လေ"။

တစ်ကြိမ်တွင်မူ ခရစ္စက ဒီစီမြို့လမ်းမများပေါ်မှ အိမ်ခြေယာခြေမဲ့ တစ်ယောက်ကို အဲန်နာဒေးလ်မြို့နေအိမ်သို့ ခေါ်လာသည်။ ကားဂိုဒေါင်အတွင်း ရပ်ထားသည့် အဲစထရီးမ်နောက်တွဲယာဉ်ပေါ်၌ ထိုသူကို နေရာပေးထားကာ မိဘများကို သူက အသိမပေးခဲ့ချေ။ ဝေါ့လ်တ်နှင့် ဘီလီတို့မှာ အလုပ်အကိုင် မရှိ၊ အိမ်ခြေယာခြေမရှိသော လူတစ်ယောက်ကို လက်ခံထားရမှန်း လုံးဝမသိခဲ့ကြ။

အခြား တစ်ကြိမ်တွင်မူ ခရစ္စက ဟက်သ်သဝေးအိမ်သို့ ကားဖြင့်သွား ကာ မြို့တွင်းသို့ သွားရောက်လည်ပတ်မည်ဟု ဆိုခဲ့သည်။ ခရစ္စ၏ အပြောကို သဘောကျသွားခဲ့ပုံအား ဟက်သ်သဝေးက မှတ်မှတ်ရရပင် ပြန်ပြောပြလာ သည်။

"အဲဒီညက သောကြာနေ့ညပေါ့။ ဂျော့ချ်တောင်းမြို့ထဲသွားပြီး ပါတီ တွေ ဘာတွေတက်ရမယ်မှတ်တာ ကျွန်တော်က။ ဒါပေမဲ့ ကိုယ်ထင်တဲ့နေရာ မသွားဘဲ ခရစ္စက ၁၄ လမ်းထဲမှာ ကားရပ်လိုက်တယ်။ အဲဒီတုန်းက ၁၄ လမ်းဟာ နည်းနည်း အခြေအနေဆိုးတဲ့လမ်းပဲ။ ခရစ္စက ပြောလာတယ်။ "အဲရစ်ရေ၊ မင်းသိတဲ့အတိုင်းပဲ ဒီလိုနေရာမျိုးအကြောင်း စာထဲမှာ ဖတ်လို့ရနိုင် ပေမဲ့ ကိုယ်တိုင် နေမကြည့်ဖူးဘဲနဲ့ မင်းနားလည်နိုင်မှာ မဟုတ်ဘူး။ ဒီညတော့ ငါတို့နှစ်ယောက် ဒါကို လုပ်ကြမယ်"လို့ ဆိုလာတာ။ ဒါနဲ့ပဲ နောက်ထပ် နာရီအတော်ကြာတဲ့အထိ ကြောက်စရာကောင်းတဲ့ နေရာတွေမှာ ပြည့်တန်ဆာ ခေါင်းတွေ၊ ပြည့်တန်ဆာတွေနဲ့ အောက်ခြေလူတန်းစားဘဝက လူတွေနဲ့ပါ စကားစမြည်ပြောပြီး အချိန်ဖြုန်းခဲ့ကြရတယ်။ ကျွန်တော်ကတော့ ကြောက် နေတာပေါ့။

"ညဥ့်နက်ပိုင်းရောက်တော့ ခရစ္စက ကျွန်တော့်မှာ ပိုက်ဆံဘယ် လောက်ပါလဲလို့ မေးလာတယ်။ ကျွန်တော့်မှာ ငါးဒေါ်လာ၊ သူ့မှာက ဆယ်ဒေါ် လာပါတယ်"။ "ကောင်းပြီ မင်းပိုက်ဆံနဲ့ ဓာတ်ဆီဝယ်ထည့်ရအောင်"လို့ သူက ပြောလာတယ်။ "ငါက စားစရာတွေ သွားဝယ်လိုက်မယ်"လို့လည်း ပြောတယ်။ သူ့မှာပါတဲ့ ဆယ်ဒေါ်လာလုံးကို ဟမ်ဘာဂါ အသားညှပ်ပေါင်မုန့် တွေ တစ်ပွေ့တစ်ပိုက်ကြီး ဝယ်ချလာတယ်။ ပြီးတော့ ရပ်ကွက်ထဲ ကားနဲ့ပတ် မောင်းပြီး လမ်းဘေးအိပ်နေတဲ့ ညစ်ညစ်ပတ်ပတ်၊ နံနံစော်စော် လူတွေအားလုံး ကို

မုန့်တွေလိုက်ဝေပေးလိုက်တယ်။ အဲဒီညဟာ ကျွန်တော့်ဘဝမှာ အထူးဆန်း ဆုံးည ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ခရစ္စကတော့ အဲဒါမျိုးတွေကို အများကြီးလုပ် ပေးခဲ့ဖူးသူပါ”။

ဝုဒ်ဆင်အထက်တန်းကျောင်း၌ အတန်းကြီးတက်နေစဉ်မှာပင် ခရစ္စ က ကောလိပ်တက်ရန် ရည်ရွယ်ချက်မရှိကြောင်း သူ့မိတ်မျာအား ဖွင့်ပြောခဲ့ သည်။ လုပ်ငန်းခွင်ဝင်ရောက်ရန်အတွက် ကောလိပ်ဒီဂရီတစ်ရပ် လိုအပ် ကြောင်း မိတ်မျာက ပြောလာသည့်အခါ ခရစ္စက ထိုသို့သော အလုပ်များ သည် နှစ်ဆယ်ရာစုနှစ်၏ တီထွင်ဖန်တီးမှုများကို ဂုဏ်သိက္ခာကျဆင်းစေ ကြောင်း အဖြေပေးခဲ့သည်။ ကောလိပ်ဒီဂရီသည် အဖိုးတန် အရည်အချင်းတစ်ရပ်အသွင်ထက် တာဝန်တစ်ရပ်အသွင်ဆောင်နေကြောင်း၊ ကောလိပ် ဒီဂရီ မရှိပါဘဲလျက်နှင့်လည်း အဆင်ပြေပါကြောင်း၊ အကြံဉာဏ်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း မိတ်မျာအား သူက ဖြေကြားခဲ့သည်။

“သူ ဒီလိုပြောလိုက်တာကြောင့် ကျွန်တော်တို့ တုန်လှုပ်သွားခဲ့ရ တယ်”။ ဝေါ့လ်တ်က ဝန်ခံပြောကြားလာသည်။ ဘီလီနဲ့ ကျွန်တော်တို့က အလုပ်သမား လူတန်းစားကနေ ဆင်းသက်လာကြသူတွေချည်းပဲလေ။ ကော လိပ်ဒီဂရီဆိုတာ ကျွန်တော်တို့တွေ ပေါ့ပေါ့ပါးပါး ယူခဲ့ရတာမျိုး မဟုတ်ဘူး။ ကလေးတွေကို ကျောင်းကောင်းကောင်းမှာ ထားနိုင်ဖို့အတွက် ကျွန်တော်တို့ နှစ်ယောက် အလုပ်ကို ကြိုးကြိုးစားစားလုပ်ခဲ့ရတာ။ ဒီတော့ ဘီလီက သူ့ကို ထိုင်ခိုင်းပြီး ပြောပြတယ်။ “ခရစ္စ၊ မင်းက လောကကြီးမှာ ထူးထူးခြားခြား တစ်ခုခု လုပ်ပြ ချင်တယ်ဆိုရင်၊ ကံမကောင်းတဲ့လူတွေကို ကူညီပေးချင်တယ် ဆိုရင် ကိုယ်တိုင်က ကန်အားတစ်ခု အရင်ရအောင် ယူထားဖို့လို့တယ်။ ကောလိပ်တက်ပါ၊ ဥပဒေဘွဲ့တစ်ခုယူပါ။ အဲဒါမှ တကယ်ထိထိရောက်ရောက် ဖြစ်အောင် လုပ်ပြနိုင်လာမှာ”။

“ခရစ္စက အောင်မှတ်ကောင်းကောင်းတွေ ရအောင်ယူပေးခဲ့တယ်”။ ဟက်သ်ဝေးက ပြောပြလာသည်။ “သူ့အတွက် ဘာအခက်အခဲမှ မရှိဘူး။ သူက အဆင့်မြင့် စွမ်းဆောင်ရှင်တစ်ယောက်ပဲ။ သူလုပ်ရမယ်ဆိုတဲ့ အလုပ်ကို ရအောင် လုပ်သွားတာ။ သူ့မိတ်တွေလည်း ဘာမှ ထပ်ပြီး စောဒက မတက်နိုင် ဘူး။ ဒါပေမဲ့ သူ ကောလိပ်တက်ရမယ့် ကိစ္စမှာ ဝင်ပြီး စီမံခန့်ခွဲလာတယ်။ သူ့ကို ဘာပဲ ပြောထားပြောထား ဖြစ်ရမယ်ဆိုတာမျိုးပေါ့။ နောက်ဆုံးမှာ ခရစ္စက အမ်မိုရီတက္ကသိုလ် သွားတက်လိုက်ရတယ်။ တက္ကသိုလ်တက်တာက အဓိပ္ပာယ်မရှိ။ အချိန်ကုန်၊ ငွေကုန်ရုံသက်သက်ပဲလို့ သူက တွေးထင်ခဲ့ပေမဲ့ သွားတော့ တက်လိုက်ရတယ်လေ”။

များစွာသော အကြောင်းအရာတို့တွင် မိတ်တို့စကားကို နားထောင် လေ့မရှိသည့် ခရစ္စက ကောလိပ်ကျောင်းတက်သည့်ကိစ္စတွင် ဝေါ့လ်တ်နှင့် ဘီလီတို့၏ ဖိအားပေး ပြောကြားမှုကို လက်ခံခဲ့သည်မှာ အတိုင်းအတာတစ်ရပ် အားဖြင့် အံ့အားသင့်ဖွယ်ပင်ဖြစ်သည်။ သို့ရာတွင် ခရစ္စနှင့် သူ့မိတ်များအကြား

ဆက်ဆံရေးအတွင်း ဆန့်ကျင်တိုးတိုက်မှုများက လျော့ပါးသွားသည်ဟူ၍ မရှိပါ။ ခရစ္စဂီလ်မာနှင့်အတူ အလည်အပတ်ထွက်သည့်အခါများတွင် ခရစ္စက ဝေါ့တ်လ်နှင့် ဘီလီတို့ကို အာဏာရှင်များသဖွယ် ပုံဖော်ပြောပြလေ့ရှိသည်။ အခြားသော ယောက်ျားလေး သူငယ်ချင်းများဖြစ်ကြသည့် ဟက်သ်သဝေး၊ကုကာလ်လူ၊ အဲန်ဒီဟော်ရိုဝစ်ဇ်တို့ကိုမူ မိဘများအကြောင်း ခရစ္စက ပြောကြား လေ့မရှိပေ။ "ကျွန်တော့်အထင်တော့ သူ့မိဘတွေက အရမ်းသဘောကောင်းတဲ့ သူတွေပါ"။ ဟက်သ်သဝေးက ပြောပြလာသည်။ "သူတို့က ကျွန်တော့်မိဘ တွေ၊ တခြား သူငယ်ချင်းတွေရဲ့ မိဘတွေနဲ့ အတူတူပါပဲ။ ဘာမှ မထူးပါဘူး။ ခရစ္စက သူ့ကို ဘယ်လိုလုပ်ရမယ်လို့ ပြောတာမျိုးကို မကြိုက်ဘူး။ သူ့ကြည့်ရ တာ ဘယ်လိုမိဘမျိုးနဲ့မှ နေပျော်မယ့်ပုံ မဟုတ်ဘူး ထင်တာပဲ။ မိဘတွေနဲ့ ပတ်သက်တဲ့ သူ့ရဲ့အတွေးအခေါ်တစ်ရပ်လုံးက သူ့အတွက် ဒုက္ခရောက်စေတာ ဖြစ်တယ်"။

မက်ကန်းဒလက်စ်၏ ကိုယ်ရည်ကိုယ်သွေးမှာ ခက်ခဲရှုပ်ထွေးမှုများ နှင့် ပဟေဠိဆန်လှသည်။ သူက သူ့တစ်ဦးတည်း သီးသီးသန့်သန့် နေထိုင်တတ် သူ ဖြစ်သော်လည်း လူအများနှင့်ရောနှော၍ ပျော်ပျော်ရွှင်ရွှင် နေထိုင်ရာတွင် လည်း အခက်အခဲမရှိ နေတတ်သူဖြစ်သည်။ လူမှုရေးရာနှင့် ပတ်သက်၍ ခရစ္စ၏ အမှားအမှန်ခွဲခြား သိမြင်မှုက အလွန်ပင် တိုးတက်သည်ဖြစ်သော် လည်း ပျော်ရွှင်ဖွယ်ရာများကို ရှုတ်ချရှုမြင်တတ်သည့် လူ့ဘောင်ကောင်းကျိုး သယ်ပိုးသူများကဲ့သို့ နှုတ်ဆိတ် စကားနည်းလေ့ မရှိပါ။ ဆန့်ကျင်ဘက်အား ဖြင့် သူက အရက်ခွက်မြှောက်၍ ခွက်တိုက်ရသည်ကို ခုံမင်သည့် မပြောင်းလဲ နိုင်သော အလေ့အထရှိသူဖြစ်သည်။

ငွေကြေးနှင့် ပတ်သက်သည့် သူ၏ ခံစားမှုက အကြီးမားဆုံးသော အခိပ္ပာယ်ကင်းမဲ့မှုပင် ဖြစ်နိုင်ပါသည်။ ဝေါ့လ်တ်နှင့် ဘီလီတို့သည် ငယ်ရွယ် စဉ်ကပင် ဆင်းရဲမွဲတေမှုအကြောင်း ကောင်းစွာ သိရှိခဲ့ကြပြီးသူများ ဖြစ်ကြ သည်။ ထိုဆင်းရဲတွင်းမှ လွတ်မြောက်ရန် ရုန်းကန်လှုပ်ရှားခဲ့ကြရပြီးနောက် ယင်းတို့ အားထုတ်ကြိုးပမ်းမှုများ၏ အသီးအပွင့်များကို ခံစားရယူကြရာ၌ လည်း မည်သည့်အမှားအယွင်း တစ်စုံတစ်ရာကိုမျှ သူတို့က မမြင်တွေ့ခဲ့ကြပါ။ "ကျွန်မတို့တွေ အလုပ်ကို အရမ်း အရမ်းကို ကြိုးစားပြီး လုပ်ခဲ့ကြရတာ"။ ဘီလီက အလေးအနက် ရှင်းပြလာသည်။ "ကလေးတွေ အရွယ်ငယ်တုန်းမှာ ကျွန်မတို့ လက်ဗလာနဲ့ ကြိုးစားခဲ့ကြရတယ်။ ရသမျှကို စုဆောင်း၊ အနာဂတ် အတွက် ရင်းနှီးမြှုပ်နှံမှုတွေ လုပ်တယ်"။ အဆုံးတွင် သူတို့ မျှော်မှန်းထားသော အနာဂတ်သို့ ဆိုက်ရောက်လာသည့်တိုင် သူတို့၏ အတန်အသင့် ကြွယ်ဝမှု အတွက် ဟိတ်ဟန်ထုတ်၊ ကြွားဝါခြင်းမရှိခဲ့ကြ။ သို့ရာတွင် အဝတ်အစား ကောင်းများ၊ ဘီလီအတွက် လက်ဝတ်ရတနာအချို့နှင့် ကက်ဒီလက်ကားတစ် စင်း ဝယ်ယူကြသည်။ နောက်ဆုံးတွင် သူတို့က ပင်လယ်အော်ဒေသ၌ အိမ်တစ်ဆောင်နှင့် ရွက်လှေတစ်စင်းတို့ကိုပါ ဝယ်ယူခဲ့သည်။ ကလေးများကို

ဥရောပသို့ အလည်အပတ် ခေါ်သွားသည်။ ဘရက်ကင်ရစ်ချ်(Breckenridge) နှင်းလျှောစီး အပန်းဖြေစခန်းတွင် နှင်းလျှောစီးကြသည်။ ကယ်ရီဘီယန်ဒေသ သို့ အပျော်စီးသင်္ဘောဖြင့် ခရီးထွက်ကြသည်။ "ခရစ္စက အဲဒီလို လည်ပတ် သွားလာ ဝယ်ခြမ်းတာတွေကို ရှက်နေပုံရတယ်"။ ဘီလီက ပြောပြလာခြင်း ဖြစ်သည်။

ရှုရှားစာရေးဆရာ လီယိုတော်လ်စတွိုင်းလ်၏ အတွေးအခေါ် အယူအဆများကို နှစ်သက်သည့် သားဖြစ်သူ ခရစ္စက ဥစ္စာပစ္စည်း ကြွယ်ဝမှုကို ရှက်ဖွယ်ရာဖြစ်သည်ဟု ယုံကြည်သည်။ ဥစ္စာဓနသည် အကျင့်စာရိတ္တပျက် ပြားမှုသို့ ဦးတည်ပြီး ယုတ်ညံ့သော စိတ်ထား၏ သရုပ်လက္ခဏာဖြစ်သည်ဟု လည်း ယူဆသည်။ ထိုအယူအဆမှာ ငွေကြေးရှာဖွေခြင်းအတတ်၌ အထူး တလည် ကျင်လည်သည့် ခရစ္စကဲ့သို့သော သဘာဝအလျောက် မွေးဖွားလာ သည့် အရင်းရှင်ဝါဒီတစ်ဦးအတွက် အလွန်ပင် ခွတီးခွကျနိုင်သော အယူအဆ ဖြစ်သည်။ "ခရစ္စက စီးပွားရေးလုပ်တဲ့အခါမှာ စွန့်စွန့်စားစား လုပ်တတ်တဲ့ လူလေ"။ ဘီလီက ပြုံး၍ ဆိုလာသည်။ "အမြဲပဲ စွန့်စားပြီး လုပ်တတ်တာ"။

ခရစ္စ အသက်ရှစ်နှစ်အရွယ်တွင် အဲန်နာဒေးလ်မြို့ရှိ နေအိမ်နောက် ဘက်၌ ဟင်းသီးဟင်းရွက် စိုက်ခင်းတစ်ခု စိုက်ပျိုးပြီး ခူးဆွတ်ရသမျှကို ပတ်ဝန်းကျင် နေအိမ်များဆီသို့ တစ်အိမ်တက်တစ်အိမ်ဆင်း လိုက်လံရောင်းချ သည်။ "လတ်ဆတ်တဲ့ပဲသီးတွေ၊ ခရမ်းချဉ်သီးတွေ၊ ငရုတ်သီးပွတွေကို ချစ်စရာ ကောင်းတဲ့ ကောင်လေးတစ်ယောက်က လှည်းနဲ့ အပြည့်တင်ပြီး ဆွဲလာတာ လေ"။ ကယ်ရင်းက ပြန်ပြောပြလာသည်။ "ဘယ်သူက မဝယ်ဘူးလို့ ငြင်းရက် မှာလဲ။ ခရစ္စကလည်း အဲဒါကိုသိထားတာ။ သူ့မျက်နှာပေးကိုက "ချစ်စရာ ကောင်းတဲ့ ကောင်လေးဆီက ပဲသီးတွေ ဝယ်ကြပါဦးလား"လို့ ပြောနေသလိုပဲ။ အိမ်ပြန်ရောက်လာရင် လှည်းထဲမှာ ပါသမျှ အကုန်ပြောင်လာတာပဲ။ လက်ထဲ မှာ ပိုက်ဆံတွေအများကြီး ပါလာတာပေါ့"။

ခရစ္စ အသက်ဆယ့်နှစ်နှစ်အရွယ်တွင် သူက မိတ္တူကူးသည့်လုပ်ငန်း ကို လုပ်ကိုင်လာသည်။ လက်ကမ်းကြော်ငြာများရိုက်၍ သူ့လုပ်ငန်းကို အနီး ပတ်ဝန်းကျင်တစ်ဝိုက် ကြော်ငြာသည်။ ခရစ္စ၏ မိတ္တူအမြန်လုပ်ငန်းက အိမ် တိုင်ရာရောက် လာယူပြီး အခမဲ့ ပြန်ပို့ပေးသည်။ ဝေါ့လ်တ်နှင့် ဘီလီတို့၏ ရုံးခန်းမှ မိတ္တူကူးစက်ကို အသုံးပြုသည့်အတွက် သူ့မိဘများအား မိတ္တူတစ် ရွက်ကူးတိုင်း အခကြေးငွေ အနည်းငယ်ပေးသည်။ လမ်းထောင့် စတိုးဆိုင်မှဈေးနှုန်းထက် နှစ်ဆင့်မျှ ဈေးလျှော့တောင်းခံခြင်းဖြင့် အမြတ်ငွေကို ရှင်းရှင်း လင်းလင်း ရယူသည်။

ဝုဒ်ဆင်အထက်တန်းကျောင်း၌ အငယ်တန်းပြီးဆုံးပြီးနောက်နှစ်ဖြစ် သည့် ၁၉၈၅ ခုနှစ်တွင် ဒေသခံ အဆောက်အအုံ ကန်ထရိုက်တာလုပ်ငန်းရှင် တစ်ဦးက အနီးဝန်းကျင် ရပ်ကွက်များ၌ နေထိုင်သူများအား တိုက်ခန်းရောင်း ရန်၊ ပြတင်းပေါက်နေကာအမိုးများ တပ်ဆင်ရန်၊ မီးဖိုဆောင်အခန်းဖွဲ့စည်းပုံ ပြန်လည်ပြင်ဆင်ရန် စသည့်အလုပ်များ ဆက်သွယ်လုပ်ကိုင်ရန်အတွက် ခရစ္စ ကို

ငှားရမ်းခဲ့သည်။ ခရစ္စက မည်သူ့အကူအညီမျှပင် မပါဘဲနှင့် အောင်မြင် သော အရောင်းသမားတစ်ဦး ဖြစ်လာခဲ့သည်။ ထို့နောက် လအနည်းငယ် အတွင်းတွင် အခြားကျောင်းသား ခြောက်ဦးခန့်က ခရစ္စ၏ လက်အောက်တွင် ဝင်ရောက်လုပ်ကိုင်လာကြသည်။ ထိုလုပ်ငန်းမှ ရငွေဖြင့် သူ၏ ဘဏ်စာရင်း တွင် ဒေါ်လာ ခုနစ်ထောင် ထည့်သွင်းနိုင်ခဲ့သည်။ သူပိုင်ငွေအချို့ကို ထုတ်ယူ ၍ ဘီ-၂၁၀ မော်ဒယ်လ်၊ အဝါ ရောင်တစ်ပတ်ရစ် မော်တော်ကားတစ်စင်းကို သူက ဝယ်ယူထားခဲ့သည်။

ခရစ္စသည် ရောင်းရေးဝယ်တာကိစ္စရပ်များတွင် ထိုသို့ ထူးထူးခြားခြား ကျွမ်းကျင်သူဖြစ်သည်။ ခရစ္စ၏ အထက်တန်းကျောင်း အောင်လက်မှတ်အပ် နှင်းပွဲ အခမ်းအနား ကျင်းပရန် နီးကပ်လာပြီဖြစ်သည့် ၁၉၈၆ ခုနှစ်၊ နွေဦး. ရာသီကာလတွင် ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင်က ဝေါ့လ်တ်ထံ ဖုန်းဆက်ကာ ခရစ္စအား အလုပ်မှ နုတ်ထွက်၍ အမ်မိုရီတက္ကသိုလ်သို့ သွားမည့်အစား အဲန်နာဒေးလ်မြို့တွင်ပင် ဆက်လက် နေထိုင်ကာ ကျောင်းတက်ရင်း အလုပ် ဆက်လုပ်စေရန် စည်းရုံးပြောဆိုပေးမည်ဆိုပါက ခရစ္စ၏ ကောလိပ်ကျောင်း ပညာရေးစရိတ်ကို ကျခံပေးမည်ဖြစ်ကြောင်း ပြောကြားလာသည်။

"ဒီအကြောင်း ခရစ္စကို ပြောပြတော့ သူက စဉ်းတောင်မစဉ်းစားဘူး"။ ဝေါ့လ်တ်က ပြန်ပြောပြလာခြင်းပင်။ "သူ့မှာ တခြား အစီအစဉ်တွေရှိနေတယ် လို့ သူ့အလုပ်ရှင်ကို သူက ပြောလိုက်တာ"။ အထက်တန်းကျောင်းပညာရေး ပြီးဆုံးသည်နှင့် တစ်ပြိုင်နက် ခရစ္စက သူ၏ ဒတ်ဆန်းမော်တော်ကားဖြင့် နိုင်ငံအနှံ့သို့ နွေရာသီကာလတစ်လျှောက်လုံး လှည့်လည်သွားလာမည်ဖြစ် ကြောင်း ထုတ်ပြောလာသည်။ ထိုခရီးစဉ်သည် နောင်တွင် ပေါ်ပေါက်လာမည့် များစွာသော ခရီးရှည်စွန့်စားခန်းများ၏ အဦးအစပင်ဖြစ်ကြောင်း မည်သူမျှ မသိရှိခဲ့ကြပေ။ ဤကနဦး ခရီးစဉ်အတွင်း ရှာဖွေတွေ့ရှိခဲ့သော အခွင့်အလမ်း တစ်ရပ်က နောက်ဆုံးတွင် ခရစ္စအား သူ၏ စွန့်စားခန်းခရီးစဉ်များဆီသို့တွန်းပို့ကာ သူနှင့် သူ့အပေါ် ချစ်ကြ၊ ခင်ကြသူတို့ကို ရှုပ်ထွေးခက်ခဲသော အခြေအနေတစ်ရပ်ရှိ ဒေါသအမျက် နားလည်နိုင်စွမ်းကင်းမဲ့ခြင်းနှင့် ဝမ်းနည်း ကြေကွဲဖွယ်ရာများဆီသို့ ဆွဲခေါ်သွားခြင်းပင်ဖြစ်ကြောင်း သူ၏ မည်သည့် မိသားစုဝင် တစ်ဦးတစ်ယောက်ကမျှ ကြိုတင်သိမြင်နိုင်ခြင်းလည်း မရှိခဲ့ပေ။

အခန်း (၁၂)

အဲန်နာဒေးလ်မြို့

မေတ္တာတရား၊ ငွေကြေးနှင့် အောင်မြင်ကျော်ကြားမှုတို့ထက် အမှန်တရားကိုသာ ကျွန်ုပ်အား ပေးပါ။ ကျွန်ုပ်သည် ဆီဦးထောပတ် စားသောက်ဖွယ်ရာများနှင့် ဝိုင်အရက်ကို အလျှံပယ်တည်ခင်းထားသည့် စားပွဲတစ်လုံး တွင် ရှိသေကျိုးနွံစွာ ထိုင်နေသော်လည်း ရိုးသားဖြောင့်မတ်မှုနှင့် အမှန်တရား တို့က ရှိမနေပါ။ ကျွန်ုပ်သည် စားသောက်ဖွယ်ရာတို့ တည်ခင်းထားသော် လည်း ဖော်ရွေပျူငှာခြင်း မရှိသည့် စားပွဲမှ ဝေးရာသို့ ဆာလောင်မွတ်သိပ် စွာဖြင့် ထွက်ခွာလာခဲ့သည်။ ဖော်ရွေပျူငှာခြင်းကား ရေခဲတုံးများအလား အေးစက်လှသည်။

ဟင်နရီဒေးဗစ်သော်ရိုး

Walden or Life in the Woods

(ခရစ္စမက်ကန်းဒလက်စ်၏ ရုပ်အလောင်းအနီး တွေ့ရှိရသည့် စာအုပ်တစ်အုပ်တွင် အရောင်ခြယ်ဖော်ပြထားသော စာပိုဒ်တစ်ပိုဒ်။ စာမျက်နှာထိပ်ဘက် နေရာလပ်တွင် အမှန်တရားဆိုသည့် စကားလုံးကို အင်္ဂလိပ်အက္ခရာကြီးများဖြင့် မက်ကန်းဒလက်စ်က ရေးထားသည်။)

ကျွန်ုပ်တို့ အများစုက ကောက်ကျစ်စဉ်းလဲပြီး သနားကြင်နာမှုကို သဘာဝအလျောက် ပိုမိုနှစ်သက်နေကြချိန်တွင် ကလေးသူငယ်များက အပြစ်ကင်းစင်ကာ အမှန်တရားကို ချစ်မြတ်နိုးကြသည်။

ဂျီ၊ ကေ၊ ချက်စတာတန်

၁၉၈၆ ခုနှစ်၏ အလွန်တရာ ပူအိုက်သော နွေဦးပေါက်ရာသီ၊ သီတင်းပတ်ကုန်ရက်တစ်ရက်တွင် ခရစ္စက ဝုဒ်ဆင်အထက်တန်းကျောင်းမှ ချီးမြှင့်သည့် အတန်းဆုံး အောင်လက်မှတ်ကို လက်ခံရယူခဲ့ပြီး ဝေါ့လ်တ်နှင့် ဘီလီတို့က သူ့အတွက် ညှော်ခံပွဲတစ်ရပ် ဂုဏ်ပြုကျင်းပခဲ့သည်။ ဝေါ့လ်တ်၏ မွေးနေ့မှာ ဇွန်လ ၁၀ ရက်နေ့တွင် ကျရောက်မည်ဖြစ်၍ ရက်အတန်ငယ်ဝေးကွာနေသေးသော်လည်း ညှော်ခံပါတီပွဲတွင် ခရစ္စက သူ့ဖခင်အား တန်ဖိုးကြီးမားလှသည့် ကွက်စတား(Questar) အမှတ်တံဆိပ် အဝေးကြည့်မှန်ပြောင်းတစ်လက်ကို မွေးနေ့လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။

"ဖေဖေ့ကို တယ်လီစကုပ် လက်ဆောင်ပေးတုန်းက ဒီနေရာမှာ ထိုင်နေတာ မှတ်မိသေးတယ်"။ ကယ်ရင်းက ပြောပြလာသည်။ "ခရစ္စက အဲဒီညမှာ အရက်နည်းနည်းပါးပါး သောက်တယ်။ အရက်ကို ခပ်သွက်သွက် ပဲ မော့ပစ်ပြီး တအားကို ပျော်နေတာလေ၊ သူက စိတ်တွေလည်း လှုပ်ရှားနေ တာ။ မငိုမိအောင် မနည်းထိန်းထားရတဲ့ ခရစ္စက သူနဲ့ ဖေဖေ့ကြားမှာ ဒီနှစ်ပိုင်း တွေအတွင်း

သဘောထားမတိုက်ဆိုင်တာတွေ ရှိခဲ့ပေမဲ့ သူ့အတွက် ဖေဖေ လုပ်ကိုင်ပေးခဲ့တာတွေကို ကျေးဇူးတင်ကြောင်း ဖေဖေ့ကို ပြောပြလာတယ်။ လက်ဗလာနဲ့ စတင်ရုန်းကန်ခဲ့ပြီး ကောလိပ်ကျောင်းကို ရအောင်တက်၊ သား သမီးရှစ်ယောက်ကို ထောက်ပံ့နိုင်ဖို့အတွက် ခါးချိုးရုန်းကန်ခဲ့ရတဲ့ ဖေဖေ့ကို သူဘယ်လောက်အထိ လေးစားတယ်ဆိုတာကိုလည်း ခရစ္စက ပြောပြတယ်။ သူပြောသွားတာတွေက တကယ်ကို စိတ်ထဲ နင့်နေအောင် ခံစားရပါတယ်။ ညှော်ခံပွဲလာတက်တဲ့ မိတ်ဆွေအပေါင်းအသင်းတွေ အားလုံးလည်း ဘာမှမပြော နိုင်အောင် ခံစားကြရတယ်။ အဲဒီနောက်မှာ သူက ခရီးထွက်သွားခဲ့တော့တာပဲ"။

ဝေါ့လ်တ်နှင့် ဘီလီတို့က ခရစ္စကို ခရီးမထွက်ရန် တားမြစ်ခြင်းမရှိသော်လည်း ဝေါ့လ်တ်၏ တက်ဆာကို အကြွေးဝယ်ယူခွင့်ကတ်ပြား(Texaco Credit Card)ကို ယူသွားရန် ခရစ္စအား ဖျောင်းဖျခဲ့ကြသည်။ အရေးပေါ်ကိစ္စ ရပ်များတွင် အသုံးပြုနိုင်ရန် ပေးအပ်ခြင်းဖြစ်ပြီး သုံးရက်တစ်ကြိမ် အိမ်သို့ ဖုန်းဖြင့် အဆက်အသွယ်ပြုလုပ်ရန်လည်း ခရစ္စထံမှ ကတိတောင်းခဲ့ကြသည်။ "သူ ခရီးသွားနေတဲ့ တစ်ချိန်လုံးမှာ ကျွန်တော်တို့တွေ အရမ်းကို စိုးရိမ်သောက ရောက်နေခဲ့ကြရတယ်"။ ဝေါ့လ်တ်က ပြောပြလာသည်။ "ဒါပေမဲ့ သူ့ကိုဘယ်နည်းနဲ့မှ တားလို့မရဘူးလေ"။

ဗာဂျီးနီးယားပြည်မှ ထွက်ခွာလာပြီးနောက် ခရစ္စက တောင်ဘက် အရပ်သို့ ဦးတည်မောင်းနှင်သွားခဲ့သည်။ ထို့နောက်တွင် အနောက်ဘက်သို့ ဦးလှည့်ကာ တက္ကဆတ်လွင်ပြင်ကို ဖြတ်သန်းသည်။ နယူးမက္ကဆီကိုနှင့် အရီဇိုးနားပြည်နယ်တို့၏ ပူပြင်းသော အပူရှိန်အောက်တွင် ဖြတ်သန်းမောင်းနှင် ရင်း ပစိဖိတ်ကမ်းရိုးတန်းဒေသသို့ ရောက်ရှိခဲ့သည်။ အစောပိုင်းတွင် သူကတိပြုခဲ့သည့်အတိုင်း အိမ်သို့ အချိန်မှန် ဖုန်းဆက်သွယ်ခဲ့သော်လည်း နေ့ရက်များ ရှည်လျားလာသည်နှင့်အမျှ တယ်လီဖုန်းခေါ်ဆိုမှုက ကျဲလာခဲ့သည်။ အမ်မိုရီ တက္ကသိုလ်တက်ရမည့်ရက်မတိုင်မီ နှစ်ရက်အလိုအထိ ခရစ္စက အိမ်သို့ ပြန် မလာခဲ့။ အဲန်နာဒေးလ်မြို့ နေအိမ်သို့ ခရစ္စပြန်လည်ရောက်ရှိလာချိန်တွင် မုတ်ဆိတ်မွေးဗရပျစ်၊ ဆံပင်ကရှည်ရှည်နှင့် ရုပ်ထွေးပွေလိမ်နေသေးသည်။ မူလကပင် ပိန်ပိန်ပါးပါးရှိသော ခန္ဓာကိုယ်မှာ ကိုယ်အလေးချိန် ပေါင်သုံး ဆယ်ခန့် လျော့ကျသွားခဲ့ရသည်။

"သူ အိမ်ပြန်ရောက်ပြီလို့ ကြားကြားချင်းမှာ…" ကယ်ရင်းက ပြောပြလာသည်။ "စကားတွေ ပြောရအောင်လို့ သူ့အခန်းထဲကို ကျွန်မ အပြေး ဝင်သွားတယ်။ သူက ခုတင်ပေါ်မှာ အိပ်ပျော်နေတာ။ အရမ်းလည်း ပိန်သွား တယ်လေ။ သူ့ကြည့်ရတာ လက်ဝါးကပ်တိုင်ပေါ်က ခရစ်တော်ပုံဆွဲထားတဲ့ ပန်းချီကားတွေကအတိုင်းပဲ။ ခရစ္စရဲ့ ကိုယ်အလေးချိန် ဘယ်လောက်အထိလျော့သွားတယ်ဆိုတာ သိလိုက်ရချိန်မှာ မေမေက တော်တော်

အထိတ်တလန့် ဖြစ်သွားခဲ့ရတယ်။ သူ့သားကို အသားပြန်တိုးအောင်လို့ အသားဟင်းတွေကို အရူးတစ်ယောက်လို ချက်တော့တာပဲ”။

သူ၏ ခရီးစဉ်ပြီးဆုံးခါနီးတွင် ခရစ္စသည် မိုဟာဗီး သဲကန္တာရအတွင်း လမ်းပျောက်ကာ ရေငတ်သေဆုံးလုနီး ဖြစ်ခဲ့ရသည်။ ထိုအကြောင်းကို ကြားသိကြရသည့်အခါ မိဘများက သဘာဝဘေးအန္တရာယ်ကို ဂရုစိုက်ရန်လိုအပ် ကြောင်း အထိတ်တလန့်ဖြင့် သတိထားမိကြသော်လည်း ရှေ့လျှောက် ပို၍ ဂရုတစိုက်သွားလာရန် ခရစ္စအား မည်သို့ သိမ်းသွင်းပြောဆိုရမည်မှန်း မသိခဲ့ကြ ပေ။

“ခရစ္စက သူကြိုးစားပမ်းစားလုပ်သမျှ အရာတိုင်းလိုလိုမှာ အောင်မြင်လေ့ ရှိတယ်”။ ဝေါ့လ်တ်က ပြန်ပြောပြလာသည်။ “အဲဒီအချက်က သူ့ကိုယ်သူ ယုံကြည်မှုလွန်ကဲစေဖို့ ဖြစ်လာတာပါပဲ။ တကယ်လို့ သူ့ကို တစ်ခုခုများ အတိုက်အခံလုပ် ပြောမယ်ဆိုရင် သူက ယဉ်ယဉ်ကျေးကျေးပဲ ခေါင်းတညိတ် ညိတ်နဲ့ နားထောင်နေမှာ။ ပြီးတော့လည်း သူလုပ်ချင်တဲ့အတိုင်းပဲ လုပ်တတ်တာလေ။

“အဲဒီတော့ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ပတ်သက်ပြီး ကျွန်တော် က သူ့ကို ချက်ချင်း မပြောသေးဘူး။ ခရစ္စနဲ့အတူ တင်းနစ်ရိုက်ကြပြီး တခြားအကြောင်းတွေကို စ,ပြောတယ်။ နောက်တော့မှ သူနဲ့အတူ အေးအေး ဆေးဆေး ထိုင်တယ်။ သူလုပ်နေတာတွေက အန္တရာယ်များတဲ့အကြောင်း ပြောဖို့ပေါ့။ တိုက်ရိုက်ချဉ်းကပ်တာမျိုးဟာ ခရစ္စနဲ့ အလုပ်မဖြစ်ဘူးဆိုတာ အရင်ကတည်းက ကျွန်တော် သိထားပြီးသားလေ။ နောက်ထပ် ဘယ်တော့မှ ဒီလိုစတန့်မျိုး သွားမထွင်နဲ့လို့ မှတ်မှတ်ရရကို သိထားခဲ့တာပါ။ အဲဒီလို တိုက်ရိုက်ချဉ်းကပ်မယ့်အစား သူခရီးသွားတာတွေကို ကျွန်တော်တို့ မကန့် ကွက်ဘူးဆိုတာကို စ,ရှင်းပြတယ်။ သွားရာလာရာမှာ နည်းနည်းလောက် ဂရုစိုက်ဖို့နဲ့ ဘယ်ရောက်နေပြီဆိုတာ အိမ်ကို အမြဲ အဆက်အသွယ်လုပ်၊ အသိပေးဖို့ ပြောရတယ်”။

ဝေါ့လ်တ်၏ စိုးရိမ်တကြီး အကြံပေးချက်က ခရစ္စကို ကြက်သီးမွေး ညှင်းများပင် ထ,သွားစေခဲ့သည်။ ထိုအကြံပေးချက်၏ အကျိုးသက်ရောက်မှု ကြောင့် ခရစ္စက သူ၏ ခရီးစဉ် အစီအစဉ်များကို မိဘများအား အသိပေးထား ရန် လိုက်လျောမှုပြုခဲ့သည်။

“ခရစ္စက......၊” ဘီလီက ဝင်ပြောလာသည်။ “သူ့အတွက် စိုးရိမ်နေ ကြတဲ့ ကျွန်မတို့တွေကို ဦးနှောက်မရှိတဲ့လူတွေလို့ ထင်နေတာလေ”။

ခရစ္စက ခရီးသွားသည့်အခါ တောရှင်းဓားတစ်လက်နှင့် ဒသမ ၃၀-၀၆ ရိုင်ဖယ်တစ်လက်ကိုပါ ယူဆောင်သွားလေ့ရှိသည်။ အတ္တလန်တာရှိကောလိပ်ကျောင်းတွင် ကျောင်းအပ်နှံရန်အတွက် ဝေါ့လ်တ်နှင့် ဘီလီက မော်တော်ကားဖြင့် လိုက်ပါပို့ဆောင်ချိန်တွင်လည်း ခရစ္စက သူ၏ တောရှင်းဓား နှင့် ရိုင်ဖယ်သေနတ်ကို ယူသွားမည်ဟု မလျှော့တမ်း

ပြောကြားခဲ့သည်။ "ခရစ္စကို သူ့ရဲ့ ကောလိပ်ကျောင်းအဆောင်က အခန်းအထိ ကျွန်တော်တို့ လိုက်ပို့ကြတော့..."။ ဝေါ့လ်တ်က ရယ်မောရင်း ပြောပြလာသည်။ "သူ့အခန်း ဖော် ကောင်လေးရဲ့ မိဘတွေမှာ တစ်ထိုင်တည်းနဲ့များ နှလုံးခုန်ရပ်သွားမလား မှတ်ရတယ်။ သူ့အခန်းဖော်ကောင်လေးက ကော်နက်တီကပ်ပြည်နယ်က လာ တာ။ ကြေးရတတ် ကျောင်းထွက်ပုံပေါက်တယ်။ ဂျိုးကောလိပ်(Joe College) ဝတ်စုံမျိုး ဝတ်ထားတယ်။ ခရစ္စက ပိန်ပိန်ကိုင်းကိုင်း၊ မုတ်ဆိတ်မွေးတွေနဲ့။ အဝတ်အစားကလည်း ဟောင်းနွမ်းလို့ပေါ့။ မင်းသား ရော့ဘတ်ရက်ဖို့ဒ်ရဲ့ ဂျဲရမီးယားဂျွန်ဆင် (Jeremiah Johnson) ဇာတ်ရုပ်ကျနေတာပဲ။ ထုပ်ပိုးထားတဲ့ တော ရှင်းဓားတစ်ချောင်းနဲ့ အမဲလိုက်သေနတ်တစ်လက်ကလည်း လက်ထဲ ပါလာသေးတာလေ။ ဒါပေမဲ့လည်း သိတဲ့အတိုင်းပဲ။ ရက်ပေါင်း ကိုးဆယ် လောက်အတွင်းမှာ ခရစ္စက ပညာရည်ထူးချွန်တဲ့ ကျောင်းသားစာရင်းထဲ ပါလာတော့ သူ့ရဲ့အခန်းဖော် ကောင်လေးက ကျောင်းကနေ ထွက်သွားတော့ တာပဲ"။

ခရစ္စက သူ့မိဘများ မျှော်လင့်မထားသော စိတ်ချမ်းမြေ့မှုရရှိစေရန် အတွက် အမ်မိုရီတက္ကသိုလ် တက်နေစဉ်အတွင်း စိတ်လှုပ်ရှားစရာများ လုပ်ပြခဲ့ သည်။ သူက မုတ်ဆိတ်ကျင်စွယ်များကို ရိတ်ပယ်ကာ ဆံပင်ရှည်ကြီးကို လည်း ညှပ်လိုက်သည်။ အထက်တန်းကျောင်း တက်စဉ်ကကဲ့သို့ သပ်ရပ်သန့် ရှင်းသော ဆံပင်ပုံစံကို ပြန်ထားသည်။ သူ၏ စာမေးပွဲရလဒ် အမှတ်များက အမြင့်ဆုံးအမှတ်နား ကပ်နေသည်။ ကျောင်းသတင်းစာတွင် စတင်၍ ပါဝင်ရေး သားသည်။ အမ်မိုရီမှ ဆင်းပြီးလျှင် ဥပဒေဘွဲ့တစ်ရပ် ရယူနိုင်မည်ဖြစ်ကြောင်း ကိုလည်း စိတ်အားထက်သန်စွာ ပြောတတ်လာသည်။ တစ်ချိန်တွင်မူ ခရစ္စက ဖခင်ဖြစ်သူ ဝေါ့လ်တ်အား ကြွားလုံးထုတ်လာသည်။ "ကျွန်တော့်အမှတ်တွေက ဟားဗတ်ဥပဒေကျောင်း တက်လို့ရလောက်အောင် ကောင်းတယ်လို့ ထင်တယ်" ဟု သူက ပြောခဲ့ခြင်းဖြစ်သည်။

ကောလိပ်ကျောင်း ပထမနှစ်ပြီးဆုံးချိန် နွေရာသီကာလတွင် ခရစ္စက အဲန်နာဒေးလ်မြို့ နေအိမ်ဆီသို့ ပြန်လာသည်။ မိဘများ၏ ကုမ္ပဏီတွင် ကွန်ပျူ တာဆော့ဖ်ဝဲ ရေးသားသည့်အလုပ်ကို ဝင်ရောက်လုပ်ကိုင်သည်။ "အဲဒီနွေက ကျွန်တော်တို့ကို သူရေးပေးသွားတဲ့ ပရိုဂရမ်ဟာ ဘာမှကို အပြစ်ပြောစရာ မရှိဘူး"။ ဝေါ့လ်တ်က ပြောပြလာသည်။ "အဲဒီပရိုဂရမ်ကို ကျွန်တော်တို့ ဒီနေ့အထိ သုံးနေတုန်းပဲရှိသေးတဲ့အပြင် အလုပ်လာအပ်တဲ့သူတွေ တော်တော် များများဆီလည်း ရောင်းရတယ်လေ။ ဒါပေမဲ့ ဒါကို သူဘယ်လိုရေးသလဲဆို တဲ့ ရေးပုံရေးနည်း ရှင်းပြပေးဖို့နဲ့ အဆင်ပြေပြေသုံးလို့ရတဲ့ အကြောင်းရင်း ပြောပြပေးဖို့ ကျွန်တော်က မေးတော့ သူက ငြင်းတယ်၊ မဖြေဘူး။ "အလုပ် လုပ်ပုံ သိရင်ပြီးတာပဲ မဟုတ်လား"လို့ သူက ပြန်ပြောတယ်။ "ဘယ်လိုရေး တယ်၊ ဘာကြောင့် အဆင်ပြေတယ်ဆိုတာတွေ ဖေဖေ သိစရာမလိုဘူးလေ' လို့လည်း သူက ပြောတာ။

ခရစ္စကတော့ ခရစ္စပဲ။ ဒါပေမဲ့ သူ့စကားကြောင့် ကျွန်တော် ဒေါသဖြစ်ရတယ်။ သူက စီအိုင်အေအေးဂျင့်များ ဖြစ်နေပြီလားလို့ တောင် ကျွန်တော် အလေးအနက် တွေးမိလာတယ်။ စီအိုင်အေအတွက် အလုပ်လုပ်ပေးတဲ့လူတွေကို ကျွန်တော် သိတယ်လေ။ ကျွန်တော်တို့ သိဖို့ကောင်းတယ်လို့ သူထင်တဲ့အကြောင်းအရာကလွဲပြီး တခြားဘာမှပြောတာ မဟုတ်ဘူး”။

ခရစ္စ၏ ကိုယ်ရည်ကိုယ်သွေး လက္ခဏာ အများအပြားအပေါ် သူ၏ မိဘများမှာ နားလည်ဝေခွဲ၍ မရနိုင်အောင်ဖြစ်ခဲ့ရသည်။ သူက အပေးအကမ်း ရက်ရောပြီး အသေးအမွှားကအစ ဂရုစိုက်တတ်သူဖြစ်သော်လည်း တစ်စုံတစ်ခု အပေါ်တွင် တမ်းတမ်းစွဲပြုမူတတ်ခြင်း၊ စိတ်မရှည်ခြင်း၊ ကိုယ့်ကိုယ်ကိုသာ စိတ်ဝင်စားသည့် မယိမ်းမယိုင်သော စိတ်ဓာတ်ရှိခြင်း စသည့် စိတ်နေစိတ်ထား များလည်း ရှိသူဖြစ်သည်။ ထိုသို့သော ကိုယ်ရည်ကိုယ်သွေး လက္ခဏာများမှာ ကောလိပ်ကျောင်းတက်နေစဉ် ပို၍ ပြင်းထန်လာခဲ့သည်။

“အမ်မိုရီမှာ သူ့ရဲ့ ဒုတိယနှစ်အပြီး ပါတီပွဲတစ်ခုမှာ သူနဲ့ဆုံဖြစ်ခဲ့ တယ်”။ ဟက်သ်သဝေးက ပြောပြလာသည်။ “သူပြောင်းလဲသွားတာ အသေ အချာပါပဲ။ သူက တစ်ယောက်တည်း ဘာသိဘာသာ နေတတ်လာတယ်။ “တွေ့ရတာ ဝမ်းသာတယ် ခရစ္စ”လို့ ကျွန်တော်က နှုတ်ဆက်လိုက်တော့ သူက “အေး၊ ဒါက လူတိုင်း ပြောနေကျပဲ”လို့ ဖြေတယ်။ သူ့အဖြေက လူ တွေကိုပဲ မယုံသလိုမျိုး။ သူ့ဆီက ပွင့်ပွင့်လင်းလင်းပြောတာ ကြားရခဲတယ်။ စကားပြောရင်လည်း သူလေ့လာသင်ယူနေတဲ့အကြောင်းတွေကိုပဲ စိတ်ဝင် တစား ပြောတတ်တယ်။ အမ်မိုရီတက္ကသိုလ်ရဲ့ လူနေမှုဘဝက အမျိုးသား အသင်း၊ အမျိုးသမီးအသင်းတွေနဲ့ လည်ပတ်နေတာလေ။ ခရစ္စက မပတ်သက် ချင်တဲ့အရာမျိုးပေါ့။ လူတိုင်းက ဂရိဘာသာကို စ,ပြီး ကျက်ကြပြီဆိုရင် သူက သူငယ်ချင်းတွေနဲ့ ခွဲပြီး သူ့ဘာသာတစ်ယောက်တည်း သဲကြီးမဲကြီး ကျက်တော့တာပဲ”။

သူ၏ တက္ကသိုလ်အငယ်တန်းနှစ်နှင့် ဒုတိယနှစ်အကြား နွေရာသီ ကာလတွင်း ခရစ္စက အဲန်နာဒေးလ်မြို့သို့ ပြန်ရောက်လာပြီး ဒိုမီနိုဆိုင်တွင် ပီဇာမုန့်လိုက်ပို့သည့်အလုပ် ဝင်လုပ်သည်။ “ဒီအလုပ်က အလုပ်ကောင်းတစ် ခု မဟုတ်ဘူးဆိုတာကို သူက ဂရုမစိုက်ဘူး”။ ကယ်ရင်းက ပြောပြလာသည်။ “သူက ပိုက်ဆံတွေ တစ်ထပ်ကြီးရလာတာ။ ညတိုင်းညတိုင်း အိမ်ပြန်ရောက် ရင် မီးဖိုဆောင်က စားပွဲမှာ ထိုင်ပြီး သူ့ငွေတွေ တွက်ချက်၊ စာရင်းလုပ်နေ တတ်တာ။ ကျွန်မ မှတ်မိနေသေးတယ်။ အလုပ်ပင်ပန်းတာကို သူက မပူဘူး။ ဒီနေ့ မိုင်ဘယ်လောက် ကားမောင်းခဲ့ရတယ်၊ ဒိုမီနိုဆိုင်က သူ့အတွက် ဆီဖိုး ဘယ်လောက်ပေးတယ်၊ ဆီတကယ်ကုန်တာက ဘယ်လောက်၊ အမြတ်ကျန် တာက ဘယ်လောက်၊ အရင်သီတင်းပတ်နဲ့စာရင် ဘယ်လိုနေလဲ နှိုင်းယှဉ်ကြည့်မယ် ဆိုတာတွေပဲ။ သူက အမြဲ တွက်ချက်လေ့လာနေတတ်တာ။ သူက အရာရာတိုင်းကို မျက်ခြည်မပြတ်တမ်း မှတ်မှတ်သားသားရှိပြီး ကျွန်မကိုလည်း

ဘယ်လိုလုပ်ရမယ်ဆိုတာ ပြောပြတယ်။ စီးပွားရေးလုပ်ငန်းတစ်ခုကို ဘယ်လို လုပ်ရတယ်ဆိုတာလည်း သူက ပြောပြတယ်။ သူက ဝင်ငွေအရှာကောင်းတဲ့သူ ဆိုတော့ ငွေကြေးနဲ့ပတ်သက်ပြီး စိတ်ဝင်တစား သိပ်မရှိလှဘူး။ ဒါက ကစားပွဲ တစ်ခုလိုပဲလေ။ ငွေက ကိုယ့်အတွက် ရမှတ်ပေါ့"။

အထက်တန်းကျောင်းပြီးဆုံးစဉ်ကတည်းက ထူးထူးခြားခြား ယဉ် ကျေးပျူငှာလှသည့် ခရစ္စနှင့် မိဘများအကြားမှ ဆက်ဆံရေးမှာလည်း ထို နွေရာသီကာလမှ စတင်ကာ သိသိသာသာပင် ယိုယွင်းလာသည်။ ဝေါ့လ်တ်နှင့် ဘီလီတို့မှာ ထိုသို့ဖြစ်ရသည့် အကြောင်းရင်းကို ရိပ်စားမိခဲ့ခြင်းမရှိ။ "သူက ကျွန်မတို့နဲ့ဆိုရင် အလိုလို စိတ်မရှည်ဖြစ်လာတဲ့ပုံပေါက်နေတယ်။ ပြီးတော့ နှုတ်ပိုဆိတ်လာတယ်။ မဟုတ်သေးဘူး ဒီစကားလုံးက။ ခရစ္စဟာ ဘယ်တော့ မှ နှုတ်နည်းတတ်သူ မဟုတ်ဘူးလေ။ ဒါပေမဲ့ သူ့စိတ်ထဲမှာရှိတာတွေ ကျွန်မတို့ ကို ပြောမပြတော့ဘဲ သူ့တစ်ယောက်တည်း ဘာသိဘာသာနေတဲ့အချိန်တွေ ပိုပြီး များလာတယ်"ဟု ဘီလီက ပြောပြလာသည်။

ခရစ္စ၏ တမြည့်မြည့် လောင်ကျွမ်းနေသောဒေါသမှာ လွန်ခဲ့သည့် နွေရာသီ နှစ်နှစ် မတိုင်မီအလျင်က နိုင်ငံအနှံ့ ခရီးထွက်စဉ် ရရှိခဲ့သည့် ရှာဖွေ တွေ့ရှိချက်တစ်ရပ်ကို အကြောင်းခံကာ ပိုမို အားကောင်းလာခဲ့သည်။ ကယ်လီဖိုး နီးယားသို့ ရောက်ရှိခဲ့စဉ် သူ၏ ငယ်ဘဝတွင် ခြောက်နှစ်တာမျှ နေထိုင်ခဲ့ဖူးသော အယ်လ်ဆီဂွန်ဒိုမြို့ (El Segundo)ဆီသို့ ဝင်ရောက်လည်ပတ်ခဲ့ သည်။ သက်ရှိထင်ရှားရှိနေကြဆဲဖြစ်သော တစ်ချိန်က မိသားစု မိတ်ဆွေအများ အပြားထံ သွားရောက်ဖြစ်ခဲ့ပြီး သူ၏ အမေးများအပေါ် မိတ်ဆွေများ၏ ဖြေဆိုပြန်ကြားချက်များကို ခရစ္စက စုစည်းကြည့်ရာတွင် ဖခင်ဖြစ်သူ၏ ယခင် အိမ်ထောင်ရေးနှင့် နောက်ပိုင်း ကွာရှင်းပြတ်စဲမှုဖြစ်သည်အထိ အကြောင်း အရာ အချက်အလက်များက ရုပ်လုံးပေါ်လာခဲ့သည်။ ထိုအကြောင်းအရာများ မှာ ယခင်က သူ့အား အသိပေးထားခြင်းမရှိသည့် အကြောင်းအရာများပင် ဖြစ်သည်။

ပထမဇနီးသည် မာစီယာနှင့် ဝေါ့လ်တ်၏ အိမ်ထောင်ကွာရှင်းမှုမှာ ရှင်းရှင်းလင်းလင်း ပြေပြေလည်လည် မရှိခဲ့သော ကွာရှင်းပြတ်စဲမှုဖြစ်သည်။ ဘီလီနှင့် ချစ်ကြိုးသွယ်ခဲ့ကာ ခရစ္စကို မွေးဖွားပြီး အချိန်အတန်ကြာမြင့်သည် အထိ ဝေါ့လ်တ်က မာစီယာနှင့် တိတ်တဆိတ် အဆက်အသွယ်ရှိနေမြဲဖြစ်သည်။ အိမ်ထောင်နှစ်ခု၊ မိသားစုနှစ်စုကြားတွင် သူ၏အချိန်ကို မျှဝေပိုင်းခြား ထားခြင်းဖြစ်သည်။ ဝေါ့လ်တ်သည် အလိမ်အညာစကားများ ဆိုတတ်လာပြီး ထိုအလိမ်များပေါ်သွားသည့်အခါ လိမ်ပြီးရင်း ထပ်၍သာ လိမ်ရတော့သည်။ ခရစ္စကို မွေးဖွားပြီး နှစ်နှစ်အကြာတွင် ဝေါ့လ်တ်က မာစီယာနှင့် သားတစ်ဦး ထပ်မံထွန်းကားသည်။ ကွင်းမက်ကန်းဒလက်စ်(Quinn Mc Candless)ဟု အမည် ပေးသည်။ ဝေါ့လ်တ်၏ နှစ်ကိုယ်ခွဲဘဝ ဘူးပေါ်သကဲ့သို့ ပေါ်လာသည့်အခါ ပတ်သက် ဆက်နွယ်သူအားလုံး ကြီးမားနက်ရှိုင်းလှသော စိတ်ဒဏ်ရာများ

ရရှိခဲ့ကြရသည်။

နောက်ဆုံးတွင် ဝေါ့လ်တ်၊ ဘီလီ၊ ခရစ္စနှင့် ကယ်ရင်းတို့သည် အရှေ့ဘက်ကမ်းရိုးတန်းဒေသဆီသို့ ရွှေ့ပြောင်းခဲ့ကြသည်။ မာစီယာနှင့် ပြတ်စဲ ခွင့် လျှောက်ထားမှုမှာ အချိန်အတန်ကြာခဲ့ပြီး အဆုံးတွင် ကွာရှင်းပြတ်စဲမှု အတည်ဖြစ်ခဲ့သည်။ ထို့နောက် ဝေါ့လ်တ်နှင့် ဘီလီတို့ တရားဝင် ထိမ်းမြား လက်ထပ်ခွင့် ရရှိခဲ့ကြသည်။ အိမ်ထောင်ရေး မုန်တိုင်းထန်ခဲ့သော ကာလ များကို အတတ်နိုင်ဆုံး မေ့ပျောက်ထားကာ သူတို့၏ ဘဝခရီးကို ရှေ့ဆက်ခဲ့ ကြသည်။ ဤသို့ဖြင့် ဆယ်စုနှစ်နှစ်ခုမျှသော အချိန်တို့ကို ဖြတ်သန်းလာနိုင်ခဲ့ သည်။ အသိတရားတို့သည်လည်း တိုးပွားရင့်ကျက်လာခဲ့ပေပြီ။ အပြစ်ဖွဲ့ခြင်း၊ ထိခိုက်နစ်နာခြင်းနှင့် မလိုမုန်းထားမှုကြောင့် ဖြစ်ပေါ်ရသော ဒေါသအမျက်တို့ ကို အတိတ်တွင် ဝေးကွာစွာ ချန်ထားရစ်ခဲ့ပြီးဖြစ်သည်။ မုန်တိုင်းဒဏ်ကို ခံနိုင်ရည်ရှိပုံပေါ်ခဲ့ပေပြီ။ ထို့နောက် ၁၉၈၆ ခုနှစ်တွင် ခရစ္စက အယ်လ်ဆီဂွန် ဒိုမြို့သို့ ကားတစ်စင်းဖြင့် ရောက်ရှိလာကာ အိမ်နီးနားချင်း မိတ်ဟောင်းဆွေ ဟောင်းများနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့ရာမှ ဝေါ့လ်တ်၏ ဇာတ်လမ်းအသေးစိတ် ကို သိရှိလာခဲ့ရခြင်းဖြစ်သည်။

"ခရစ္စက စိတ်မချမ်းမြေ့စရာတွေဆို တမြည့်မြည့် တွေးပြီး နေတတ်တဲ့ လူ"။ ကယ်ရင်းက ပြောပြလာသည်။ "သူ့အတွက် စိတ်အနှောင့်အယှက် ဖြစ်စရာတစ်ခုခု ပေါ်လာရင် သူက ထုတ်ပြောတာမျိုး မဟုတ်ဘဲ သူ့ဘာသာသူ ကျိတ်ခံတတ်တာ။ နာကြည်းတာတွေကို ရင်ထဲမှာ အောင်းထားတော့ စိတ် မချမ်းမြေ့စရာတွေက ထပ်ထပ်ပြီး ဖြစ်လာတော့တာပေါ့"။ အယ်လ်ဆီဂွန်ဒိုမြို့ တွင် သူ့မိသားစုနောက်ကြောင်း အစုံအလင် သိရှိခဲ့ရပြီး နောက်ပိုင်း၌ ခရစ္စ သည် ကယ်ရင်းပြောသည့်အတိုင်း ဖြစ်လာခဲ့ဟန်ရှိပေသည်။

ကလေးသူငယ်များသည် ယင်းတို့၏ မိဘများနှင့် ပတ်သက်လာလျှင် သက်ညှာမှုပေးရန် ဖင့်လေးတတ်ကြသည့် ဆုံးဖြတ်ချက်ပြင်းထန်သော တရားသူကြီးများ ဖြစ်ကြသည်။ အဆိုပါစကားမှာ ခရစ္စ၏ ကိစ္စတွင် အထူးပင် မှန်ကန်သည်ဟု ဆိုရမည်ပင်။ ခရစ္စသည် ဆယ်ကျော်သက် လူငယ်အများစု ထက် ပို၍ အဖြူအမည်း၊ အဆိုးအကောင်း ကွဲပြားစွာ ကြည့်တတ်၊ မြင်တတ် သူဖြစ်သည်။ သူက သူကိုယ်တိုင်နှင့် သူ၏ အနီးပတ်ဝန်းကျင်ရှိ သူများအား မဖြစ်နိုင်လောက်အောင် တင်းကျပ်လွန်းသော ကိုယ်ကျင့်တရား အဆုံးအမတို့ ဖြင့် အကဲဖြတ်သည်။

စိတ်ဝင်စားစရာ ကောင်းသည်မှာ ခရစ္စက မည်သူ့ကိုမျှ တစ်သမတ် တည်း တူညီသော စံကိုက်နှုန်းများဖြင့် အကဲဖြတ်မှု မရှိခြင်းပင်။ လွန်ခဲ့သော နှစ်နှစ်ခန့်က သူ့ဘဝတွင် အထူးတလည် ကြည်ညိုလေးစားဖွယ်အကောင်းဆုံး သူများအဖြစ် ထုတ်ဖော်ပြောကြားခဲ့သူများအနက်မှ တစ်ဦးမှာ အရက်အလွန် အကျွံ သောက်တတ်သည်။ ပွဲပြင်၍မရသော မြာပွေသူတစ်ဦးဖြစ်ကာ ထိုသူက သူ၏ချစ်သူ

မိန်းကလေးများကို အမြဲပင် ရိုက်နှက်တတ်လေ့ရှိသူလည်း ဖြစ်သည်။ ထိုသူ၏ မှားယွင်းသောလုပ်ရပ်များကို သိမြင်သည့်တိုင် ခရစ္စက ခွင့်လွှတ်ပေးနိုင်ခဲ့သည်။ သူက စာပေသူရဲကောင်းများအပေါ်တွင် ခွင့်လွှတ်နိုင် သူ၊ ယင်းတို့၏ ချို့ယွင်းချက်များကို ဗွေမယူဘဲ နေနိုင်သူလည်း ဖြစ်သည်။ ခရစ္စ ကြည်ညိုလှသည့် စာရေးဆရာ ဂျက်လန်ဒန်မှာ အရက်သေစာသောက် စားရာတွင် အမည်ဆိုးဖြင့် ကျော်ကြားသူဖြစ်သည်။ လီယိုတော်လ် စတွိုင်းလ် သည်သည်း အိမ်ထောင်သားမွေးမှုနှင့် ကာမဂုဏ်လိုက်စားမှု ရှောင်ကြဉ်ရေး ရေးသားဆောင်ရွက်ပြသူပင် ဖြစ်သည့်တိုင် သူကိုယ်တိုင်ကမူ လူငယ်တစ် ယောက်အဖြစ် ကာမဂုဏ်လိုက်စားခြင်းအမှုတွင် စိတ်ထက်သန်သူဖြစ်သည့် အပြင် အနည်းဆုံး ကလေးဆယ့်သုံးယောက်ခန့်၏ ဖခင်လည်း ဖြစ်သည်။ ထိုကလေးများအနက် အချို့မှာ ကာမဂုဏ်စိတ်ရိုင်းကို တားမြစ်သင့်ကြောင်း ပုံနှိပ်စာအုပ်များ ရေးသားထုတ်ဝေချိန်နှင့် တစ်ပြိုင်နက်တည်းသော အချိန်တွင် သန္ဓေတည်ခဲ့ကြသူများဖြစ်သည်။

အခြားသောသူများကဲ့သို့ပင် ခရစ္စက သူ၏ ရင်းနှီးသော မိတ်ဆွေ များ၊ အနုပညာသည်များအား ယင်းတို့၏ ဘဝတွင် အခြေမပြုဘဲ လုပ်ဆောင် ချက်များအပေါ်တွင်သာ အခြေပြုကာ အကဲဖြတ်ခဲ့ဟန်ရှိသည်။ သို့တိုင်အောင် ပင် ခရစ္စက သူ၏ သနားကြင်နာတတ်သည့် စိတ်နေသဘောထားကို သူ့ဖခင် အတွက် ကျင့်သုံးခဲ့ခြင်းမရှိ။ ဖခင်ဖြစ်သူ ဝေါ့လ်တ်မက်ကန်းဒလက်စ်က ခရစ္စ၊ ကယ်ရင်းနှင့် သူတို့၏ အဖေတူ မအေကွဲ မောင်နှမများအား သူ၏ ပင်ကိုဟန်အတိုင်း မရယ်မပြုံးဖြင့် တစ်စုံတစ်ရာ သတိပေးပြောကြားမှုပြုသည့်အခါများတွင် ခရစ္စက အကောင်းဆုံးသော အပြုအမူ အလေ့အထတို့ထက် နိမ့်ကျခဲ့သော ဖခင်ဖြစ်သူ၏ နှစ်ပေါင်းများစွာ အရင်က အပြုအမူများကိုသာ သူ့စိတ်အစဉ်တွင် စွဲထင်နေလေ့ရှိပြီး ဖခင်ဖြစ်သူအား သန့်စင်မွန်မြတ်ခြင်းမရှိသည့် ကြောင်သူတော်တစ်ယောက်အလား ရှုတ်ချနေမိသည်။ ခရစ္စက ထို အချက်ကို ရင်ဝယ်ပိုက်ထားခဲ့သည်။ အချိန်ကြာမြင့်လာသည်နှင့်အမျှ ဆက် လက်၍ သည်းခံမျိုသိပ်ထားရန် မဖြစ်နိုင်လောက်အောင် မခံမရပ်နိုင်ဖြစ်လာ သည့် ဖြူစင်သော ဒေါသအမျက်အဖြစ် သူကိုယ်တိုင်ပင် ပြောင်းလဲစေခဲ့ခြင်း ဖြစ်သည်။

ဝေါ့လ်တ်၏ ပထမအိမ်ထောင်နှင့် ကွာရှင်းပြတ်စဲမှုအကြောင်းများ ကို ဖော်ထုတ်သိရှိခဲ့ပြီးနောက် နှစ်နှစ်အကြာ၌ သူ၏ အမျက်ဒေါသတို့က တစိမ့်စိမ့် ထွက်ပေါ်လာခဲ့သည်။ ဖခင်ဖြစ်သူ ငယ်ရွယ်စဉ်က ကျူးလွန်ခဲ့သည့် အမှားများအတွက် သူက ခွင့်မလွှတ်နိုင်ခဲ့။ ထိုမျှသာမက အတိတ်မှ အမှားများ ကို ဖုံးကွယ်ရန် ကြိုးစားခဲ့ခြင်းအတွက် သာ၍ပင် ခွင့်လွှတ်နိုင်စွမ်းမရှိခဲ့ပေ။ နောက်ပိုင်းတွင် သူက ဝေါ့လ်တ်နှင့် ဘီလီတို့ ကျူးလွန်ခဲ့သော လိမ်ညာလှည့်ဖြား မှုသည် သူ၏ ငယ်စဉ်ဘဝတစ်ခုလုံးကို စိတ်ကူးယဉ်ဇာတ်လမ်းတစ်ပုဒ်ပမာ ဖြစ်စေခဲ့ကြောင်း ကယ်ရင်းနှင့် အခြားသူများအား ထုတ်ဖော်ပြောကြားခဲ့သည်။

သို့ရာတွင် သူက သူသိရှိထားသော အကြောင်းအရာများဖြင့် မိဘများအား ထိပ်တိုက်ရင်ဆိုင်ခြင်းမျိုး ယခင်ကလည်း မလုပ်ခဲ့၊ မည်သည့်အခါမျှလည်း လုပ်မည်မဟုတ်ပေ။ ယင်းအစား သူ၏ရှာဖွေသိရှိမှုကို လျှို့ဝှက်ချက်အဖြစ် သိမ်းဆည်းထားရန် ရွေးချယ်ခဲ့ပြီး သူ၏ အမျက်ဒေါသတို့ကို ဆိတ်ဆိတ်နေ ခြင်း၊ ရှုသိုးသိုးပြုကာ နှုတ်ဆိတ်နေခြင်းတို့ဖြင့် သွယ်ဝိုက်၍ ဖော်ပြလာခဲ့သည်။

၁၉၈၈ ခုနှစ်အတွင်း၌ မိဘများအပေါ် သူ၏ နာကြည်းစိတ်က ပိုမိုတင်းမာလာသည်နှင့်အမျှ လောကကြီး၏ တရားမျှတမှုကင်းမဲ့ခြင်းအပေါ် အမျက်ဒေါသမှာလည်း ကြီးမား၍လာသည်။ “အဲဒီနှစ် နွေရာသီမှာ…”။ ဘီလီက မှတ်မှတ်ရရ ပြန်ပြောပြလာသည်။ “ခရစ္စက အမ်မိုရီတက္ကသိုလ်မှာ တက်နေတဲ့ လူချမ်းသာ သားသမီးတွေအကြောင်း စောဒက စ,တက်လာ တယ်”။ သူတက်ရောက်သင်ယူရသည့် သင်ခန်းစာများတွင်လည်း လူမျိုးရေး ခွဲခြားမှု၊ ကမ္ဘာ့အငတ်ဘေးနှင့် ဆင်းရဲချမ်းသာမညီမျှမှု အကြောင်းများ ပါဝင် လာသည်။ သို့ရာတွင် သူ၏ ငွေကြေးခုံမင်တပ်မက်မှုမရှိခြင်း၊ အသုံးအစွဲ လက်ဖွာခြင်းတို့မှအပ သူ၏ နိုင်ငံရေးသဘောတရားကို လစ်ဘရယ် အလယ် အလတ်လမ်းစဉ်ဟု ဖော်ပြနိုင်မည် မဟုတ်ပေ။

စင်စစ်တွင် ခရစ္စသည် ဒီမိုကရက်တစ်ပါတီ၏ မူဝါဒများကို ပြက် ရယ်ပြုရန် သဘောတွေ့သူဖြစ်ပြီး ရော်နယ်လ်ရေဂင် (Ronald Reagan)ကို အထူး ပင် နှစ်သက်သူဖြစ်သည်။ အမ်မိုရီတက္ကသိုလ်တွင် ကောလိပ်ရီပတ်ဗလစ်ကန် ကလပ်(College Republican Club)တစ်ခုကို သူက ပူးတွဲထူထောင်ခဲ့သေးသည်။ ခရစ္စ၏ စံလွဲဟန်ရှိသော နိုင်ငံရေးအယူအဆများမှာ မတရားသော အမိန့်၊ အာဏာမှန်သမျှကို ငြိမ်းချမ်းစွာ ဆန့်ကျင်ဖီဆန်ကြရန် ရည်ရွယ်သည့် သော်ရိုး ၏ Civil Disobedience ခေါ် လူထုဆန္ဒဖော်ထုတ်မှု ကြေညာစာတမ်းအား အခြေပြုသည်။ ထိုကြေညာချက်တွင် “ချုပ်ကိုင်မှု အနည်းဆုံးသော အစိုးရသည် အကောင်းဆုံးသော အစိုးရ ဖြစ်သည် ဆိုသည့် ဆောင်ပုဒ်ကို ကျွန်ုပ်လှိုက်လှဲ စွာ လက်ခံသဘောတူသည်”ဟု ဖော်ပြပါရှိသည်။ သူ၏ အမြင်များကို ထို့ထက် ပို၍ အလွယ်တကူ ဖော်ထုတ်ပြသနိုင်ခြင်းမရှိပါ။

သည်အမ်မိုရီဝှီးလ်(The Emory Wheel)အမည်ရ တက္ကသိုလ်သတင်း စဉ်၏ ခေါင်းကြီးပိုင်းကဏ္ဍ၊ လက်ထောက်အယ်ဒီတာဖြစ်သည့် ခရစ္စက သူ၏ သဘောတရားရေးရာ အယူအဆများကို အများအပြား ရေးသားဖော်ပြ ခဲ့သည်။ သူ၏လက်ရာများကို ဆယ်စုနှစ်ဝက်ခန့်အကြာတွင် ဖတ်ရှုမိပါက မက်ကန်းဒလက်စ်၏ အသက်အားဖြင့် ငယ်ရွယ်သေးပုံနှင့် ပြင်းပြသည့် စိတ်ရှိပုံတို့ကို သတိပြုမိမည်ပင်။ ပုံနှိပ်ဖော်ပြခဲ့သော သူ၏ သဘောတရား ထင်မြင် ယူဆချက်တို့သည် သူ၏ တစ်မူထူးခြားသော ယုတ္တိဗေဒအလိုအားဖြင့် ရေး သားထားခြင်းဖြစ်ပြီး နိုင်ငံတစ်ဝန်း ပျံ့နှံ့သွားခဲ့သည်။ သူက ဂျင်မီကာတာနှင့် ဂျိုးဘိုင်ဒင်တို့ကို လူသိရှင်ကြား ဝေဖန်သည်။ ရှေ့နေချုပ် အက်ဒ်ဝင်မီးစ် (Edwin

Messe)ကို နုတ်ထွက်ပေးရန် တောင်းဆိုခဲ့သည်။ သမ္မာကျမ်းစာကို အသုံးချ၍ အခြားသူတို့ကို တိုက်ခိုက်ပုတ်ခတ်၊ အသရေဖျက်သည့် ရှေးရိုးစွဲ ခရစ်ယာန်တို့ကို ပြင်းထန်စွာ ဝေဖန်ထိုးနှက်သည်။ ဆိုဗီယက်တို့၏ ခြိမ်းခြောက် မှုကို သတိကြီးစွာ စောင့်ကြည့်ရန် တိုက်တွန်းသည်။ ဝေလငါးများကို ဖမ်း ဆီးသတ်ဖြတ်သည့် ဂျပန်လူမျိုးတို့ကိုလည်း အထူးတလည် ပြစ်တင်ဝေဖန် သည်။ ဂျက်ဆီဂျက်ဆင်(Jessee Jackson)ကို သမ္မတလောင်းအဖြစ် ဝင်ရောက် ယှဉ်ပြိုင် အောင်ပွဲခံနိုင်မည့်သူအဖြစ် ကာကွယ်ရေးသားပေးသည်။ ၁၉၈၈ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နေ့စွဲဖြင့် ဖော်ပြခဲ့သည့် မက်ကန်းဒလက်စ်၏ ထုံးစံအတိုင်း လွန်လွန်ကဲကဲ ရေးသားထားသော ခေါင်းကြီးပိုင်း၌ ယခုအခါ ၁၉၈၈ ခုနှစ်၏ တတိယမြောက်လကို ကျွန်ုပ်တို့ အစပြုခဲ့ကြပေပြီ။ ဤလသည် ခေတ်သစ်ရာဇဝင်၌ နိုင်ငံရေးအကျင့်ပျက်မှု အများဆုံးနှင့် ဂုဏ်သိက္ခာ အကင်းမဲ့ဆုံးသောလများအနက်မှ လတစ်လအဖြစ် ပုံဖော်ထုဆစ်နေပြီး ဖြစ်သည်”ဟု ဖော်ပြပါရှိခဲ့သည်။ အမ်မိုရီသတင်းစဉ်၏ အယ်ဒီတာဖြစ်သူ ခရစ္စမောရစ္စ(Chris Morris)က မက်ကန်းဒလက်စ်ကို ပြင်းထန်သော ထင်မြင် ချက်များရှိသူတစ် ယောက်အဖြစ် အမှတ်ရနေခဲ့သည်။

လုပ်ငန်းခွင်အတွင်း မိတ်ဆွေအပေါင်းအသင်းများ ဖြည်းဖြည်းချင်း လျော့ကျလာသော မက်ကန်းဒလက်စ်သည် တစ်လထက်တစ်လ ပိုမိုပြင်းထန် သော အယူအဆများ တိုးပွားလာဟန်ရှိသည်။ ၁၉၈၉ ခုနှစ် နွေဦးရာသီတွင် စာသင်တန်းများပြီးဆုံးသည်နှင့် တစ်ပြိုင်နက် မက်ကန်းဒလက်စ်က သူ၏ ဒတ်ဆန်းကားလေးဖြင့် သူ၏ ဦးတည်ချက်မရှိသော ကာလရှည် မော်တော် ယာဉ်ခရီးတစ်ခု ထပ်မံထွက်လာခဲ့သည်။ “နွေရာသီတစ်လျှောက်လုံးမှာ သူ့ဆီ က ပို့စ်ကဒ်နှစ်စောင်ပဲ ရခဲ့တယ်”။ ဝေါ့လ်တ်က ပြောပြလာသည်။ “ပထမပို့တဲ့ ပို့စ်ကဒ်မှာ “ဂွာတေမာလာမြို့သို့ ဦးတည်ထွက်ခွာ”လို့ ရေးထားတယ်။ အဲဒီ ပို့စ်ကဒ်ကို ဖတ်မိတော့ “ဒုက္ခပါပဲ၊ သူက သူပုန်ထဲဝင်ဖို့ သွားတာနေမှာ။ အုတ်နံရံရှေ့ တန်းစီရပ်ခိုင်းပြီး ပစ်သတ်ခံရတဲ့အထဲ ပါတော့မှာပါ”လို့တောင် ကျွန်တော် တွေးလိုက်မိတယ်။ အဲဒီနောက် နွေရာသီအကုန်ပိုင်းလောက်မှာ ဒုတိယမြောက် ပို့စ်ကဒ် ထပ်ရောက်လာတယ်။ “ဖဲဘန့်ခ်စ်မြို့ကနေ မနက်ဖြန် ထွက်မယ်။ နှစ်ပတ်လောက်နေရင် အိမ်ပြန်ရောက်မယ်”လို့ ရေးထားတယ်။ ကြည့်ရတာ သူ့စိတ်ကူးပြောင်းပြီး တောင်ဘက်သို့ မဆင်းဘဲ အလာစကာ ဘက်ကို မောင်းသွားတာဖြစ်မယ်”။

လမ်းကြမ်း၍ ဖုန်ထူသော အလာစကာ အဝေးပြေးလမ်းမထက်၌ ခရစ္စ၏ ပထမဆုံးသော အလာစကာ မြောက်ဖျားဒေသခရီးစဉ် စတင်ခဲ့သည်။ စာသင်နှစ် ဒုတိယပိုင်းအမီ အိမ်ပြန်ရောက်စေရန် အချိန်လု၍ သွားရသော ခရီးစဉ်ဖြစ်သဖြင့် ဖဲဘန့်ခ်စ်မြို့တွင် ခဏတစ်ဖြုတ်မျှသာ ဝင်လည်ကာ ထိုမှတစ် ဆင့် တောင်ဘက်သို့ဆင်း၍ အင်္ကာလန်တာမြို့ဆီသို့ ဦးတည်ထွက်ခွာခဲ့သည်။ သို့ရာတွင်

ခရစ္စသည် ကျယ်ပြောသောမြေပြင်၊ ဆန်းကြယ်လှပသော ရေခဲ တောင်တို့၏ အရောင်အဆင်းနှင့် အာတိတ်စက်ဝိုင်း တောင်ပိုင်းဒေသမှ ကြည် လင်သော မိုးကောင်းကင်တို့၏ ညှို့ငင်ဖမ်းစားမှုအောက်တွင် နစ်မျောခဲ့ရပေပြီ။ အိမ်ပြန်မည့်အကြောင်း မေးခွန်းထုတ်ရန် မရှိတော့ချေ။

အမ်မိုရီတက္ကသိုလ်တွင် အကြီးတန်းတက်ရောက်နေသည့် စာသင်နှစ် ကာလတစ်လျှောက်တွင် မက်ကန်းဒလက်စ်သည် နွားနို့ပုလင်းထည့်သည့် သေတ္တာအခွံများနှင့် ကြမ်းပြင်ပေါ်ခင်းထားသည့် မွေ့ရာတစ်ချပ်တို့သာ ခင်းကျင်းထားသည့် သူ၏ တက္ကသိုလ်အဆောင် အခန်းကျဉ်းလေးတွင် နေထိုင်ခဲ့ သည်။ အနည်းငယ်မျှသာရှိသော သူငယ်ချင်းတို့သည် စာသင်ခန်းပြင်ပတွင် သူ့ကို တွေ့မြင်ရခဲသည်။ ပါမောက္ခတစ်ဦးက သူ့အား စာကြည့်တိုက်သို့ အချိန်မရွေး ဝင်ရောက်နိုင်ရန်အတွက် သော့ပိုတစ်ချောင်း ပေးထားသည်။ သူက အားလပ်သည့်အခါတိုင်း စာကြည့်တိုက်ထဲတွင်သာ အချိန်ဖြုန်းလေ့ရှိသည်။ တက္ကသိုလ်ဘွဲ့နှင်းသဘင်မတိုင်မီ တစ်မနက်ခင်းတွင် စာကြည့်တိုက်ရှိစာအုပ်စင်များအကြား၌ အိပ်ပျော်နေသော ခရစ္စကို သူ၏ အထက်တန်းကျောင်း နေဖက်လည်းဖြစ်၊ နိုင်ငံတစ်လွှား ခရီးကြမ်းအတူထွက်ခဲ့သည့် အသင်းဖော် တစ်ယောက်လည်း ဖြစ်သူ အဲန်ဒီဟော်ရိုဝစ်ဇ်က ခလုတ်တိုက်မိမှပင် ခရစ္စက အိပ်ရာမှ နိုးခဲ့သည်။ ဟော်ရိုဝစ်ဇ်နှင့် ခရစ္စတို့သည် အမ်မိုရီတက္ကသိုလ်တွင် အတန်းဖော်များဖြစ်ကြသော်လည်း သူတို့ချင်း မဆုံဖြစ်သည်မှာ နှစ်နှစ်မျှပင် ရှိချေပြီ။ နှစ်ယောက်သား မိနစ်အနည်းငယ်ခန့် ရောက်တတ်ရာရာ စကားစ မြည်ပြောဆိုကြပြီးနောက် ခရစ္စက ကိုယ်တစ်ပိုင်း အကာအရံတပ်ဆင်ထားသော စာဖတ်ခုံများနောက်သို့ ဝင်ရောက် ပျောက်ကွယ်သွားခဲ့ပြန်သည်။

ခရစ္စသည် ထိုနှစ်အတွင်းက မိဘများထံ ရံဖန်ရံခါ အဆက်အသွယ် ပြုသည်။ သူ့တွင် တယ်လီဖုန်းမရှိသဖြင့် မိဘများက လှမ်း၍ ဆက်သွယ်ရန် မလွယ်ကူပေ။ ဝေါ့လ်တ်နှင့် ဘီလီတို့က အဝေးရောက်သားအား လွမ်းဆွတ် သတိရမှုနှင့်အတူ စိုးရိမ်စိတ်များလည်း တိုးလာခဲ့သည်။ ခရစ္စထံသို့ ရေးသား ပေးပို့သော စာတစ်စောင်၌ ဘီလီက “သားဟာ သားကိုချစ်တဲ့၊ ဂရုစိုက်တဲ့ လူတွေအားလုံးကို လုံးလုံးချည်း ပစ်ထားရစ်တာပဲ။ သားက ဘယ်သူနဲ့ပဲ အတူရှိနေနေ ဘာပဲဖြစ်ဖြစ် ဒီလိုလုပ်တာဟာ မှန်တယ်ထင်သလား”ဟု ရေးသား ခဲ့သည်။ ခရစ္စက ထိုစာကို သူ့အပေါ်ဝင်ရောက်စွက်ဖက်မှုအဖြစ် မှတ်ယူကာ အသိဉာဏ်နုန့်နဲ့သော ပေးစာတစ်စောင်ဖြစ်ကြောင်း ညီမဖြစ်သူ ကယ်ရင်း အား ပြောကြားသွားခဲ့သည်။

“ဘယ်သူနဲ့ပဲအတူရှိနေနေ ဆိုတဲ့ စကားက ဘာကို သူ ပြောချင်တာ လဲ”။ ခရစ္စက သူ၏ မကျေနပ်မှုများကို ကယ်ရင်းထံ ဖွင့်ဟခဲ့သည်။ “သူက အသုံးမကျတဲ့ အရူးတစ်ယောက်ပဲ။ သူတို့က ငါ့ကို အခြောက်(မိန်းမလျာ) တစ်ယောက်လို ထင်နေကြတာ၊ လောင်းတောင်လောင်းရဲသေးတယ်။ ဒီလို စိတ်ကူးမျိုး သူတို့မို့လို့

ရတတ်တယ်၊ အသုံးမကျတဲ့လူတွေ”။

၁၉၉၀ ပြည့်နှစ်၊ နွေရာသီတွင် ဝေါ့လ်တ်၊ ဘီလီနှင့် ကယ်ရင်းတို့က ခရစ္စ၏ ဘွဲ့နှင်းသဘင် အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ ခရစ္စပျော်ရွှင်နေသည်ဟု သူတို့ ထင်မှတ်ခဲ့ကြသည်။ ဘွဲ့နှင်းသဘင်စင်မြင့်ထက်တွင် လျှောက်လှမ်းကာ ဒီပလိုမာအောင်လက်မှတ် လက်ခံရယူနေချိန်တွင် ခရစ္စ၏ နှုတ်ခမ်းများက နားရွက်တစ်ဖက်တစ်ချက်သို့ တက်ချိတ်တော့မည့်အလား အစွမ်းကုန် ပြုံးနေသည်။ သူက ခရီးစဉ်သစ်တစ်ရပ် ထပ်မံထွက်ဦးမည်ဟု ပြောကြားခဲ့ပြီး ခရီးမထွက်မီ အဲန်နာဒေးလ်မြို့ နေအိမ်သို့ လာရောက်ဦးမည် ဖြစ်ကြောင်း၊ သူ၏ အစီအစဉ်များကို အသိပေးပြောပြခဲ့သည်။ ထို့နောက် မကြာမီမှာပင် သူ၏ ဘဏ်စာရင်းမှ ငွေလက်ကျန်များကို OXFAM လူမှုရေး အဖွဲ့သို့ လှူဒါန်းလိုက်သည်။ ကားကို ဝန်စည်စလယ် အပြည့်တင်ပြီးနောက် မိသားစုဝင်တို့၏ ဘဝထဲမှ ပျောက်ကွယ်သွားခဲ့တော့သည်။ ထိုအချိန်မှစ၍ မိဘများထံသို့သာမက သူအလွန်တရာ ဂရုစိုက်သော ညီမဖြစ်သူ ကယ်ရင်းထံ သို့ပါ တမင်တကာပင် အဆက်အသွယ်မပြုဘဲနေသည်။

“သူ့ဆီက ဘာသတင်းမှမကြားရတော့ ကျွန်မတို့အားလုံး စိတ်ပူကြရတာပေါ့”။ ကယ်ရင်းက ပြောပြလာသည်။ “မိဘတွေကတော့ စိတ်ပူတဲ့အပြင် စိတ်ထိခိုက်ရတာနဲ့၊ ဒေါသဖြစ်တာပါ ရောနေမယ်ထင်ပါတယ်။ ဒါပေမဲ့ ကျွန်မကတော့ သူ့ဆီက စာရေးမလာတာကို စိတ်မကောင်းဖြစ်မနေမိဘူး။ သူက သူလုပ်ချင်တာတွေလုပ်ရပြီး ပျော်ရွှင်နေမယ်ဆိုတာ ကျွန်မ သိနေတယ်။ သူ့ကိုယ်သူ ဘယ်လောက် လွတ်လွတ်လပ်လပ် နေနိုင်သလဲဆိုတာကို သိရတာ ဟာ သူ့အတွက် အရေးပါတယ်ဆိုတာကို ကျွန်မ နားလည်ထားတာလေ။ တကယ်လို့ ကျွန်မဆီကို သူက ဖုန်းဆက်မယ်၊ စာရေးဆက်သွယ်မယ်ဆိုရင် မေမေနဲ့ ဖေဖေက သူဘယ်မှာရှိတယ်ဆိုတာ တွေ့အောင်ရှာပြီး သူ့ကို အိမ်ပြန် ခေါ်ကြလိမ့်မယ်ဆိုတာ သူက သိနေပြီးသားပဲ”။

ထိုအချက်ကို ဝေါ့လ်တ်က မငြင်းခဲ့ပါ။ “ဒီကိစ္စကတော့ မေးနေစရာ ကို မရှိဘူး”။ ဝေါ့လ်တ်က ပြောပြလာသည်။ “ဘယ်နေရာကို သွားရှာရမယ် ဆိုတာသာ သိလို့ကတော့ ချက်ချင်း လိုက်သွားရှာပြီး သူ့ကို အိမ်ပြန်ခေါ်ခဲ့ မှာပါ။

ခရစ္စထံမှ သတင်းအဆက်အသွယ် မရခဲ့သည်မှာ လနှင့်ချီလာခဲ့ရာမှ နှစ်ပင် ပေါက်လာခဲ့ရပြီး စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့ရသည်။ ဘီလီက အပြင်ထွက်သည့်အခါတိုင်း ခရစ္စအတွက် စာတစ်စောင်ကို အိမ်တံခါးတွင် ကပ်ထားခဲ့လေ့ရှိသည်။ “အပြင်ကို ကားနဲ့ သွားလို့ တစ်နေရာရာမှာ ခရီးကြမ်း လမ်းလျှောက်တဲ့လူတစ်ယောက် တွေ့တဲ့အခါတိုင်း အဲဒီလူက ခရစ္စနဲ့တူပုံရ တယ်ဆိုရင် ကားပြန်လှည့်ပြီး ကြည့်ရတာ အမောပါပဲ”။ ဘီလီက ပြောပြလာသည်။ “အဲဒီအချိန်တွေဟာ ကျွန်မအတွက် စိတ်ချောက်ချားစရာ အချိန်တွေပါ ပဲ။ ညဆို ပိုဆိုးသေးတယ်။ အထူးသဖြင့် ရာသီဥတုက အေးပြီး လေပြင်းတွေ

တိုက်တဲ့အခါမျိုးမှာပေါ့။ သူဘယ်မှာလဲ၊ နွေးနွေးထွေးထွေးရှိရဲ့လား၊ အထိအခိုက်များ ရှိလို့လား၊ သူတစ်ယောက်တည်းပဲလား၊ အဆင်ပြေရဲ့လား စတဲ့ အတွေးတွေထဲမှာ ချာချာလည်ခဲ့ရတာပါ”။

အတ္တလန်တာမှ ခရစ္စထွက်ခွာသွားပြီး နှစ်နှစ်အကြာ ၁၉၉၂ ခုနှစ်၊ ဇူလိုင်လအတွင်း ချက်ဆာပိခ်ကမ်းခြေရှိ နေအိမ်တွင် ဘီလီ အိပ်ပျော်နေရာမှ ညဥ့်လယ်ခေါင်အချိန်၌ ရုတ်တရက် လန့်နိုးကာ ငုတ်တုတ်ထထိုင်ပြီး ဝေါ့လ်တ် ကို အိပ်ရာမှ နှိုး၍ ပြောလာသည်။ “ခရစ္စ လှမ်းခေါ်နေတဲ့ အသံကို ကျွန်မ သေသေချာချာ ကြားလိုက်ရတယ်”။ ဘီလီက မျက်ရည်တွေတွေ စီးကျရင်း အခိုင်အမာပြောလာသည်။ “သူ့ကို သတိရတဲ့စိတ်က ဘယ်တော့မှ ပြေမယ်ဆို တာ ကျွန်မ မသိတော့ဘူး။ ကျွန်မ အိပ်မက် မက်နေတာလည်း မဟုတ်ဘူး၊ စိတ်ကူးယဉ်နေတာလည်း မဟုတ်ဘူး။ သူ့အသံကို နားနဲ့ဆတ်ဆတ်ကို ကြား လိုက်ရတာ။ သူက တောင်းတောင်းပန်ပန်နဲ့ “ကျွန်တော့်ကို ကယ်ပါဦး မေမေ” လို့ ပြောနေတာ။ သူ ဘယ်နေရာမှာ ရောက်နေမှန်းမသိရတော့ ကျွန်မ သူ့ကို အကူအညီမပေးနိုင်ဘူး ဖြစ်နေတယ်။ “ကျွန်တော့်ကို ကယ်ပါဦး၊ မေမေ”လို့ပဲ သူက ပြောနေတာ”။

အခန်း (၁၃)

ဗာဂျီးနီးယားကမ်းခြေ

ဤဒေသ၏ ရုပ်ပိုင်းဆိုင်ရာ ပိုင်နက်သည် ကျွန်ုပ်၏ အတွင်းစိတ်နှင့် ထပ်တူညီသည်။ ကျွန်ုပ်ကိုယ်တိုင် ဖောက်လုပ်ထားသော တောလမ်းများသည် တောင်ကုန်းများ၊ ရွှံ့ညွန်အိုင်များရှိရာမှ အပြင်ဘက်သို့ ဦးတည်သကဲ့သို့ ကျွန်ုပ် ၏ စိတ်အတွင်းဘက်သို့လည်း ဦးတည်သည်။ ပုံသေတည်ရှိနေသော အရာများ ကို လေ့လာခြင်းနှင့် စာဖတ်ခြင်း၊ တွေးခေါ်မြော်မြင်ခြင်းတို့အားဖြင့် မိမိကိုယ် တိုင်နှင့် တောကြီးကန္တာအကြောင်း စူးစမ်းလေ့လာမှုတစ်ရပ် ဖြစ်ပေါ်လာသည်။ ထိုအကြောင်းအရာနှစ်ခုသည် ကျွန်ုပ်၏ စိတ်အစဉ်တွင် အချိန်နှင့်အမျှ တစ်သားတည်း၊ တစ်ခုတည်း ဖြစ်လာသည်။ ယင်းကိုယ်တိုင်သည်ပင်လျှင် တွေးခေါ်မြော်မြင်မှု နယ်ပယ်မှ အချိန်မတိုင်မီ ပေါ်ထွက်လာသည်ဟု ယုံကြည်ရသည်။ မရှိမဖြစ် လိုအပ်သော အရာ၏ ပေါင်းစည်းစုရုံးမှု ခွန်အားနှင့်အတူ ကျွန်ုပ်သည် တွေးခေါ်မြော်မြင်မှုများနှင့် ယင်းတို့က ဆောင်ကြဉ်းလာမည့် ဒုက္ခအခက်အခဲများကို မောင်းနှင်ဖယ်ရှားကာ ဆန္ဒနှင့်ထပ်တူနီးပါးဖြစ်သည့် တိုက်ရိုက်စူးစမ်းရှာဖွေခြင်းကဲ့သို့သော ပြင်းပြ၍ အလွယ်တကူ လွှင့်ပြယ်ရန် ခဲယဉ်းလှသည့် တောင့်တစိတ်ကို ကျွန်ုပ်ကိုယ်တိုင်၏ စိတ်အစဉ်အတွင်းမှာပင် ရင်ဆိုင်ခဲ့ရသည်။ ဖောက်လုပ်ထားသော တောလမ်းအတိုင်း နောက်သို့ လှည့်မကြည့်စတမ်း လျှောက်လှမ်းရမည်ဖြစ်သည်။ ခြေလျင်ဖြစ်စေ၊ နှင်းတောတိုးဖိနပ်စီး၍ဖြစ်စေ၊ စွတ်ဖားလှည်းဖြင့်ဖြစ်စေ နွေရာသီတောင်ကုန်းများနှင့် ယင်းတို့၏ အခါနှောင်းနေပြီဖြစ်သော အေးခဲနေသည့် အရိပ်များဆီသို့ သွားရောက်ရာ၌ အလျှံတညီး ညီး တောက်လောင်နေသော မီးတောက်တစ်ခုနှင့် နှင်းပြင်ပေါ်မှ ပြေးလမ်း ကြောင်းတစ်ခုက ကျွန်ုပ်သွားရောက်ခဲ့ရာ နေရာကို ပြသနေမည်ပင်။ ထိုသို့ဖြစ် လျှင် နှောင်းလူတို့က ကျွန်ုပ်အား ရှာဖွေတွေ့ရှိနိုင်ပါစေသတည်း။

ဂျွန်ဟိန်းစ်

The Star, The Snow, The Fire:

Twenty Five Years in the Northern Wilderness

ကယ်ရင်းမက်ကန်းဒလက်စ်၏ ဗာဂျီးနီးယားကမ်းခြေ နေအိမ်မှ မီးလင်းဖိုအထက်ရှိ စင်ပေါ်တွင် ပေါင်သွင်းထားသော ဓာတ်ပုံနှစ်ပုံရှိသည်။ တစ်ပုံမှာ ခရစ္စ၏ အထက်တန်းကျောင်း အငယ်တန်းနှစ်တက်ရောက်စဉ်က ပုံဖြစ်ပြီး ကျန်တစ်ပုံမှာ အီစတာပွဲတော်နေ့ အထိမ်းအမှတ်ဦးထုပ်သစ်တစ်လုံး ဆောင်းကာ ပိတ်သားအနားများကို အထပ်ထပ်ပြု၍ ချုပ်လုပ်ထားသော ဝတ်စုံ ကို ဆင်မြန်းထားသည့် ကယ်ရင်း၏ နံဘေး၌ သေးငယ်သော ကုတ်အကျႌနှင့်

ကောက်ကွေးနေသော လည်စည်းတို့ကို ဝတ်ဆင်ထားသည့် အသက် ခုနစ်နှစ်အရွယ် ခရစ္စ၏ပုံပင် ဖြစ်သည်။ "ဘယ်လောက် ချစ်စရာကောင်းလိုက်သလဲ"။ ကယ်ရင်းက အစ်ကိုဖြစ်သူ၏ ဓာတ်ပုံများကို သေသေချာချာကြည့်ရင်း ပြောလာသည်။ "ဒီဓာတ်ပုံနှစ်ပုံကို ရိုက်ခဲ့တဲ့အချိန်က ဆယ်နှစ်လောက်ကွာတယ် ဆိုပေမဲ့ သူ့မျက်နှာအမူအရာက လုံးဝ တစ်ထပ်တည်းပဲ"။

ကယ်ရင်းစကားက အမှန်ပင်။ ဓာတ်ပုံနှစ်ပုံစလုံး၌ ခရစ္စက ကင်မရာမှန်ဘီလူးကို အလိုမကျဟန် အတွေးဖြင့် ပေစောင်းစောင်းကြည့်နေပုံ မှာ အရေးကြီးသော အကြောင်းတစ်ရပ်ကို စဉ်းစားခန်းဝင်၍ ကောင်းနေစဉ် ကြားဖြတ်နှောင့်ယှက်ခံရပုံမျိုး၊ ကင်မရာရှေ့တွင် အချိန်ဖြုန်း၍ မတ်တတ်ရပ်နေရသည်ကို ဒေါသဖြစ်နေပုံမျိုးပင်။ သူ၏မျက်နှာပေးက အီစတာပွဲတော်အမှတ်တရဓာတ်ပုံပါ ရွှင်လန်းတက်ကြွစွာ ပြုံးပြနေသော ကယ်ရင်း၏ ပုံနှင့်နှိုင်းယှဉ်လိုက်သည့်အခါ သိသိသာသာပင် ထင်ရှားပေါ်လွင်နေသည်။ "အဲဒါ ခရစ္စပဲ"။ ကယ်ရင်းက ဓာတ်ပုံမျက်နှာပြင်ပေါ်သို့ သူ၏ လက်ချောင်းထိပ်ဖျား လေးများနှင့် ပွတ်သပ်ရင်း နှစ်လိုဖွယ် အပြုံးဖြင့် ဆိုလာသည်။ "သူက အဲဒီ လို အမြဲကြည့်တတ်တယ်"။

ကယ်ရင်း၏ ခြေရင်း ကြမ်းပြင်ပေါ်၌ ဘတ်ကလေက လဲလျောင်းနေ သည်။ ဘတ်ကလေက ခရစ္စ လွန်စွာ တွယ်တာရသော ရက်လန်းသိုးထိန်းခွေးမျိုးဖြစ်သည်။ ဘတ်ကလေသည်ပင် အသက်ဆယ့်သုံးနှစ်အရွယ်သို့ရောက်ပြီဖြစ်သဖြင့် နှုတ်သီးများဖြူကာ ခြေဆစ်ရောင်ရောဂါ ကြောင့် ထော့ နင်းထော့နင်းသာ သွားလာနိုင်တော့သည်။ ကယ်ရင်း၏ မက်စ်(Max)အမည်ရ ရော့တ်ဗိုင်လာ(Rottweiler)အမျိုးအစားခွေးက ဘတ်ကလေ၏ နေရာသို့ ကျူးကျော်ဝင်ရောက်လာသည့်အခါ မကျန်းမမာဖြစ်နေပြီဖြစ်သော ခွေးလေး ဘတ်ကလေက ဘာကိုမျှ မစဉ်းစားဘဲ သူ့ထက် ကိုယ်လုံးကိုယ်ထည်ကြီးမားလှ သော မက်စ်ကို ကျယ်ကျယ်လောင်လောင် ဟောင်သံပေးကာ ပြေးဟပ်မည် တမျှ ယောက်ယက်ခတ်ပြနေသဖြင့် ကိုယ်အလေးချိန် ပေါင် ၁၃၀ မျှရှိသော ခွေးကြီးကို ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အခြားနေရာသို့ ပြောင်းရွှေ့ ပေးခဲ့ရသည်။

"ခရစ္စက ဘဲ့က်နဲ့ ပတ်သက်ရင် အရူးအမူးပဲ"။ ကယ်ရင်းက ပြောလာသည်။ "သူပျောက်သွားခဲ့တဲ့ နွေရာသီတုန်းက ဘတ်ကို သူနဲ့အတူ ခေါ်သွားချင်ခဲ့တာလေ။ အမ်မိုရီက ဘွဲ့ယူပြီးတော့ ဘတ်ကို လာခေါ်လို့ရ မလားလို့ ဖေဖေနဲ့မေမေကို သူက ခွင့်တောင်းသေးတာ။ ဒါပေမဲ့ မေမေတို့က မရဘူး ပြောလိုက်တယ်။ ဘတ်ကို ကားတိုက်ခံထားရတဲ့ ဒဏ်ရာက ကောင်းကောင်းအကင်းမသေသေးတာကြောင့်ပါ။ အခုလိုဖြစ်ပြီးမှ အဲဒီဆုံးဖြတ်ချက်အတွက် စိတ်မကောင်းဖြစ်နေကြတယ်။ ဘတ်ရဲ့ ဒဏ်ရာက တော်တော်ဆိုးဝါးတာတောင်မှပဲ။ ဆရာဝန်ကတော့ ဘတ်ဟာ ကားတိုက်ခံထားရတဲ့ ဒဏ်ရာ ကြောင့် လမ်းပြန်လျှောက်နိုင်မှာ မဟုတ်တော့ဘူးလို့တောင် ပြောခဲ့သေးတာ။

တကယ်လို့များ ဘတ်သာ ခရစ္စနဲ့အတူ ပါသွားမယ်ဆိုရင် အခြေအနေတွေ ဘယ်လိုအပြောင်းအလဲဖြစ်နိုင်မယ်ဆိုတာ ကျွန်မမိဘတွေလည်း မသိနိုင်သလို ကျွန်မလည်း မသိနိုင်ပါဘူး။ ခရစ္စက သူ့အသက်ကို စွန့်စားဖို့ရာဆိုရင် ဘယ်တော့မှ နှစ်ခါ ပြန်စဉ်းစားတတ်တဲ့လူ မဟုတ်ပေမဲ့ ဘတ်ကိုတော့ ဘယ်လို အန္တရာယ်မျိုးမှ အဖြစ်ခံမှာ မဟုတ်ပါဘူး။ ဘတ်က သူနဲ့အတူရှိခဲ့မယ်ဆိုရင် အခုလိုမျိုးဖြစ်လာနိုင်စရာ အခွင့်အလမ်းတွေကို သူရွေးချယ်စရာအကြောင်း မရှိပါဘူး”။

အရပ် ငါးပေ၊ ရှစ်လက်မမြင့်သော ကယ်ရင်းမက်ကန်းဒလက်စ် သည် သူ၏အစ်ကိုဖြစ်သူနှင့် အရပ်အမောင်းချင်း အတူတူမျှရှိသည်။ သူကပင် တစ်လက်မမျှ ပို၍ မြင့်ကောင်းမြင့်ပေဦးမည်။ ရုပ်ချင်းကလည်း ဆင်ဆင်တူ သဖြင့် လူအများက သူတို့နှစ်ဦးအား အမြွှာမောင်နှမလားဟူ၍ မကြာခဏပင် မေးမြန်းတတ်ကြသည်။ စကားပြောလျှင် အားပါးတရပြောတတ်သူပီပီ ခေါင်းတစ်ချက် ယိမ်းကာ ယိမ်းကာဖြင့် ခါးအထိ ရှည်လျားသော ဆံပင်တို့ကို တစ်ဖက်သို့ သိမ်းပြီး ခြေဟန်လက်ဟန်ဖြင့် သရုပ်ပါပါ စကားပြောတတ် သည်။ သူက ဖိနပ်စီးမထား။ ရွှေရောင်လက်ဝါးကပ်တိုင် လည်ဆွဲက လည်ပင်း ထက်တွင် တွဲရရွဲရှိသည်။ သပ်ရပ်စွာ မီးပူထိုးထားသော သူ၏ ဂျင်းဘောင်းဘီ က အရေ့ဘက်ခြမ်းတစ်လျှောက် ခေါက်ရိုးကြောင်းများ ထ,နေသည်။

ကယ်ရင်းသည် ခရစ္စကဲ့သို့ပင် ခွန်စိုက်အားစိုက် အလုပ်လုပ်နိုင်သူဖြစ် ပြီး မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုရှိသူလည်းဖြစ်သည်။ မိမိအလိုရှိရာကို အရယူနိုင်စွမ်းရှိသည့်အပြင် ထင်မြင်ချက်ပေးရန်လည်း နှောင့်နှေးနေလေ့မရှိပေ။ ခရစ္စကဲ့သို့ပင် ဆယ်ကျော်သက်အရွယ်၌ မိဘများနှင့် အကြီးအကျယ် စကား များခဲ့ဖူးသည်။ သို့ရာတွင် သူတို့မောင်နှမ နှစ်ဦးအကြားမှ မတူကွဲပြားချက်များ က သူတို့ချင်း တူညီမှုများထက် ပို၍ များပြားပေသည်။

ခရစ္စပျောက်ဆုံးခဲ့ပြီး မကြာမီမှာပင် ကယ်ရင်းက မိဘများနှင့် အေးချမ်းစွာ ဆက်ဆံခဲ့သည်။ ယခုလက်ရှိ အသက် ၂၂ နှစ်အရွယ်သို့ ရောက်ရှိနေပြီဖြစ်သော ကယ်ရင်းနှင့် သူ့မိဘများအကြား ဆက်ဆံရေးမှာ အလွန်တရာ ကောင်းမွန်လျက်ရှိသည်။ သူက ခရစ္စနှင့်စာလျှင် လူအများနှင့် ရောရောနှောနှော ပို၍နေတတ်ကာ တောကြီးကန္တာအတွင်းသို့ တစ်ကိုယ်တော် ဝင်ရောက်ရန်လည်း စိတ်ကူးခြင်းမရှိ။ လူမျိုးရေးအစွဲပြုသည့် မတရားမှုများကို ခရစ္စကဲ့သို့ပင် အကြီးအကျယ် ရွံရှာမုန်းတီးသူဖြစ်သော်လည်း ငွေကြေးချမ်းသာ ကြွယ်ဝသူများကို စိတ်ခတ်ရေးရာအရသော်လည်းကောင်း၊ အခြားမည်သည့် အကြောင်းများနှင့်မျှသော်လည်းကောင်း ဆန့်ကျင်ကန့်ကွက်ခြင်း မရှိပေ။ မကြာသေးမီကပင် တန်ဖိုးကြီး အိမ်တစ်လုံး ဝယ်ယူခဲ့ကာ ခင်ပွန်းသည် ခရစ္စဖစ်ရှ်(Chris Fish)နှင့်အတူ ထူထောင်ထားသော သူပိုင် မော်တော်ယာဉ် အလုပ်ရုံလုပ်ငန်းဖြစ်သည့် C.A.R Services, Incorporated ကုမ္ပဏီတွင် တစ်နေ့

လျှင် တစ်ဆယ့်လေးနာရီကြာမျှ အလုပ်လုပ်ရင်း အသက်ငယ်ရွယ်စဉ်မှာပင် ပထမဆုံးသော ဒေါ်လာတစ်သန်း ပိုင်ဆိုင်မှုရရှိရေးအတွက် ကယ်ရင်းက မျှော်လင့်လျက်ရှိသည်။

"ကျွန်မက ဖေဖေနဲ့မေမေတို့ကို အမြဲတမ်း အပြစ်ပြောနေကျလေ၊ သူတို့က အချိန်ပြည့် အလုပ်လုပ်နေကြပြီး ကလေးတွေအနား ရှိကြတာမဟုတ် ဘူး"။ ကယ်ရင်းက ကိုယ့်ကိုယ်ကို လှောင်ပြုံးပြုံး၍ စကားဆက်လာသည်။ အခုတော့ ကျွန်မကို ကြည့်လိုက်ပါဦး၊ သူတို့လိုပဲ ဖြစ်နေရပြီလေ"။ ခရစ္စက ညီမဖြစ်သူ၏ အရင်းရှင်ဖြစ်လိုစိတ်ကို စ,သည့်အနေဖြင့် သူ့အား ယောက်မြို့စားဘွဲ့ရ အီဗန်နာထရမ့်ပ်မက်ကန်းဒလက်စ်ဟူ၍ ကျီစယ်ခေါ်ဝေါ်လေ့ရှိကြောင်း ကယ်ရင်းက ဝန်ခံပြောပြလာသည်။ အမေရိကန်အမျိုးသမီးလုပ်ငန်းရှင်ကြီး လီယိုနာဟမ်ဆလီ(Leona Helmsley)၏ နေရာကို ဆက်ခံမည့် တက်သစ်စ အမျိုးသမီးတစ်ဦးအဖြစ်လည်း ခေါ်ဆိုတတ်သေးသည်။ ညီမဖြစ်သူအပေါ် ခရစ္စ၏ ဝေဖန်မှုက နောက်ပြောင်ကျီစယ်သည့်သဘောထက် မပိုခဲ့သော်လည်း ခရစ္စနှင့် ကယ်ရင်းတို့သည် ထူးထူးခြားခြားပင် အနေနီးကပ်မှုရှိခဲ့ကြသည်။ မိဘများနှင့် စကားများခဲ့ရပုံအကြောင်း ဖော်ပြထားသည့် သူ၏ ပေးစာတစ် စောင်၌ ခရစ္စက "ဘယ်လိုပဲဖြစ်ဖြစ် ဒီအကြောင်းတွေ မင်းကို ပြောပြရချင်တဲ့ အကြောင်းရင်းက မင်းဟာ ဒီကမ္ဘာပေါ်မှာ ငါ့ကိုနားလည်ပေးနိုင်တဲ့ တစ်ဦး တည်းသောသူ ဖြစ်လို့ပါပဲ"ဟု ရေးသားဖော်ပြခဲ့သည်။

ခရစ္စ ကွယ်လွန်ပြီး ဆယ်လကြာမြင့်သည်အထိ ကယ်ရင်းမှာ သူ့ အစ်ကိုအတွက် ဝမ်းနည်းကြေကွဲမဆုံး ဖြစ်ခဲ့ရသည်။ "ကျွန်မ မငိုဖြစ်တဲ့နေ့ဆို တာ မရှိခဲ့ဘူး"။ ကယ်ရင်းက ပဟောဠိဆန်သော မျက်နှာအမူအရာဖြင့် ဆိုလာ သည်။ "ကားထဲမှာ တစ်ယောက်တည်း ရှိနေချိန်တွေဆို အဆိုးဆုံးပဲ။ အိမ်ကနေ ဆိုင်အထိ မိနစ်နှစ်ဆယ်လောက် ကားမောင်းသွားရတဲ့ အချိန်လေးမှာ ခရစ္စ အကြောင်း တွေးပြီး မျက်ရည်မကျခဲ့တဲ့နေ့ဆိုတာ မရှိခဲ့ပါဘူး။ အခုတော့ ဖြေသာပြီဆိုပေမဲ့လည်း အတွေးထဲ ရောက်လာရင် နာကျင်ရတုန်းပါပဲ"။

၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့၊ ညနေခင်းအချိန်၌ ကယ်ရင်းက သူ၏ ရော့တ်ဗိုင်လာခွေးကို အပြင်ဘက်တွင် ရေချိုးပေးနေစဉ် ခင်ပွန်းဖြစ်သူ ခရစ္စဖစ်ရှ်က ခြံဝင်းထဲသို့ ကားမောင်း၍ ဝင်လာသည်။ ခင်ပွန်း သည် အိမ်အပြန်စောလာသည့်အတွက် ကယ်ရင်း အံ့အားသင့်သွားခဲ့သည်။ ထုံးစံအတိုင်းဆိုပါက ဖစ်ရှ်သည် မော်တော်ယာဉ်အလုပ်ရုံတွင် ည၌နက်သည် အထိ အလုပ်လုပ်လေ့ရှိသူဖြစ်သည်။

"သူက ပျော်ချင်ယောင်ဟန်ဆောင်နေတယ်"။ ကယ်ရင်းက ပြန်ပြော ပြသည်။ "သူ့မျက်နှာပေါ်မှာ စိုးရိမ်ထိတ်လန့်မှုက အထင်းသားတွေ့နေရတယ်။ ဖစ်ရှ်က အိမ်ထဲဝင်လိုက်၊ ပြန်ထွက်လာလိုက်၊ မက်စ်ကို ရေချိုးပေးနေတဲ့ ကျွန်မကို ဝိုင်းကူလိုက်နဲ့ လုပ်နေတာ။ တစ်ခုခုတော့ လွဲနေပြီဆိုတာ ကျွန်မ သိလိုက်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ဖစ်ရှ်က ဘယ်တော့မှ ခွေးကို ရေချိုးပေး ဖူးတာ မဟုတ်လို့လေ"။

“မင်းကို ကိုယ်ပြောစရာရှိတယ်”။ ဖစ်ရှ်က ဆိုလာသည်။ ကယ်ရင်း က ဖစ်ရှ်အနောက်မှလိုက်ကာ အိမ်ဘက်သို့ လျှောက်လာသည်။ မက်စ်၏လည်ပတ်များကို မီးဖိုဆောင်လက်ဆေးကန်တွင် ရေလျှော်လိုက်သည်။ ထို့နောက် ဧည့်ခန်းဘက်သို့ ကယ်ရင်းထွက်လာလိုက်သည်။ “ဖစ်ရှ်က အမှောင်ထဲ မယ်ဆိုဖာခုံတစ်လုံးပေါ်မှာ ခေါင်းငိုက်စိုက်ချပြီး ထိုင်နေတယ်။ သူ့ကြည့်ရတာ တော်တော်လေး စိတ်မကောင်းဖြစ်နေပုံပဲ။ သူ စိတ်ပေါ့သွားအောင် ရယ်စရာ လေးလုပ်ဖို့ရာ ကြိုးစားရင်း “ဘာဖြစ်လာတာလဲ”လို့ ကျွန်မက မေးလိုက်တယ်။ အလုပ်ထဲမှာ သူငယ်ချင်းတွေကများ စ,လိုက်၊ နောက်လိုက်တာလားဆိုပြီး ကျွန်မ တွေးကြည့်နေမိသေးတယ်။ ကျွန်မကို အပြင်မှာ တခြားတစ်ယောက်နဲ့ တွဲနေတာ မြင်လိုက်ရတယ်လို့ ဆိုတာမျိုးတွေပေါ့။ ဒါနဲ့ ကျွန်မကပဲ ရယ်ရယ် မောမောနဲ့ မေးလိုက်ပါတယ်။ “ရှင့်သူငယ်ချင်းတွေက စိတ်ဒုက္ခပေးလိုက်ကြ ပြန်ပြီလား”လို့ပေါ့။ ဒါပေမဲ့ သူက မဟုတ်ဘူး။ ကျွန်မကို မော့ကြည့်လာတဲ့ သူ့မျက်လုံးတွေက နီရဲနေတာ တွေ့ရတယ်”။

“ဒါက မင်းအစ်ကိုပဲ”။ ဖစ်ရှ်က ပြောလာသည်။ “သူ့ကို သူတို့ ရှာတွေ့ခဲ့ကြပြီ။ သူက ဆုံးနေနှင့်ပြီ”။ ဝေါ့လ်တ်၏ အကြီးဆုံးသားဖြစ်သူ ဆမ်က အလုပ်ရုံရှိ ဖစ်ရှ်ထံသို့ ဖုန်းဆက်ကာ သတင်းပေးခဲ့ခြင်းပင်။

ကယ်ရင်း၏ အမြင်အာရုံများ ဝေဝါးသွားခဲ့ရသည်။ အမှောင်ထုအထိရှိသော လိုဏ်ခေါင်းအတွင်းသို့ ဝင်ရောက်မိသလို ခံစားလိုက်ရသည်။ ကယ်ရင်း မှာ သူကိုယ်တိုင်ပင် သတိမထားမိဘဲ သူ၏ ဦးခေါင်းကို ငုံ့ချည်၊ မော့ချည်၊ ငုံ့ချည်၊ မော့ချည် ပြုနေမိသည်။ “မဟုတ်ဘူး”။ ကယ်ရင်းက ဖစ်ရှ်၏ စကား ကို ပြင်ပြောလာသည်။ “ခရစ္စ မသေဘူး”။ ထို့နောက်တွင် ကယ်ရင်းသည် ထိတ်လန့်တကြား အော်ဟစ်မိတော့သည်။ ကယ်ရင်း၏ အော်ဟစ်ငိုကြွေးသံမှာ ကျယ်လောင်လှသည်ဖြစ်ရာ အိမ်နီးချင်းများ ကြားသိပြီး ခင်ပွန်းသည်က ရိုက်နှက်နေသည်အထင်ဖြင့် ရဲတပ်ဖွဲ့သို့ ဖုန်းဆက်အကြောင်းကြားမည်ကို ဖစ်ရှ်က စိုးရိမ်သွားရသည်။

ကယ်ရင်းသည် ဆိုဖာခုံတန်းရှည်ပေါ်တွင် ကွေးကွေးလေး လဲလျောင်း နေရင်း အဆက်မပြတ် ငိုကြွေးနေသည်။ ဖစ်ရှ်က သူ့ကို ချော့မော့ နှစ်သိမ့်ရန် ကြိုးစားလာသည့်အခါ ကယ်ရင်းက သူ့ကို တွန်းထုတ်ရင်း တစ်ယောက်တည်း နေလိုကြောင်း ပြောလာသည်။ နောက်ထပ် ငါးနာရီခန့် ကြာမြင့်သည်အထိကယ်ရင်းမှာ ဆောက်တည်ရာမရ ဖြစ်နေသော်လည်း ညဆယ့်တစ်နာရီထိုးချိန် တွင် ကယ်ရင်းက အိတ်တစ်လုံးအတွင်းသို့ အဝတ်အစားအချို့ ပစ်ထည့်ကာ ဖစ်ရှ်နှင့်အတူ နေအိမ်မှ ကားဖြင့် ထွက်လာခဲ့သည်။ နေအိမ်မှ မြောက်ဘက် လေးနာရီခရီးအကွာတွင်ရှိသော

ချက်ဆာပိခ်ကမ်းခြေမှ ဝေါ့လ်တ်နှင့် ဘီလီတို့၏နေအိမ်သို့ ဖစ်ရှ်က ကယ်ရင်းအား ကားမောင်းပို့ပေးခဲ့သည်။

ဗာဂျီးနီးယားကမ်းခြေမှအထွက် လမ်းခုလတ်တစ်နေရာတွင် ကယ် ရင်းက ဖစ်ရှ်အား သွားနေကျ ဘုရားကျောင်းရှေ့၌ ရပ်တန့်စေသည်။ "ဘုရားကျောင်းဝင်းထဲဝင်သွားပြီး ခုံတန်းတွေပေါ်မှာ တစ်နာရီလောက်ကြာအောင် ကျွန်မ ထိုင်နေမိတယ်။ ဖစ်ရှ်က ကားပေါ်ကနေ စောင့်နေတယ်"။ ကယ်ရင်းက မှတ်မှတ်ရရပင် ပြန်ပြောလာသည်။ "ဘုရားသခင်ဆီက တစ်ခုခု ပြန်ဖြေပေးတာ ကို ကျွန်မ ကြားချင်ခဲ့တာ။ ဒါပေမဲ့ ဘာအဖြေမှ မရခဲ့ပါဘူး"။

ထိုနေ့ညနေခင်းအစောပိုင်းကပင် အလာစကာမှ ဖက်စ်ဖြင့် ပေးပို့လာ သော အမည်မသိ ခရီးကြမ်းထွက်သူတစ်ဦး၏ ဓာတ်ပုံမှာ ခရစ္စပင်ဖြစ်ကြောင်း ဆမ်က အတည်ပြုပေးခဲ့ပြီးဖြစ်သော်လည်း ဖဲဘန့်ခ်စ်မြို့ရှိ သေမှုသေခင်းစစ်ဆေး ရေးအရာရှိက တိကျစွာတိုက်ဆိုင်စစ်ဆေးနိုင်ရန်အတွက် ခရစ္စ၏ သွားဘက် ဆိုင်ရာကုသမှုမှတ်တမ်းကို တောင်းခံခဲ့သည်။ ဓာတ်မှန်များကို တိုက်ဆိုင်စစ် ဆေးရသည်မှာ တစ်ရက်ကျော်ကျော် အချိန်ကြာမြင့်သည်ဖြစ်ရာ တိုက်ဆိုင်စစ် ဆေးမှုအဖြေ မထွက်မချင်း ဖက်စ်ဖြင့် ပေးပို့ထားသော ဓာတ်ပုံကိုကြည့်ရန် ဘီလီက ငြင်းဆိုခဲ့သည်။ ဆူရှားနားမြစ်ကမ်းနံဘေးရှိ ဘတ်စ်ကားဟောင်း တစ်စင်းအတွင်း အစာရေစာငတ်ပြတ်သေဆုံးခဲ့ရသော လူငယ်မှာ သူ၏သား ပင်ဖြစ်သည်ကို နည်းနည်းလေးမျှပင် သံသယဖြစ်ရန်မရှိပေ။

နောက်တစ်ရက်တွင် ကယ်ရင်းနှင့် ဆမ်တို့က ခရစ္စ၏ ရုပ်အလောင်း ကို သယ်ယူရန်အတွက် ဖဲဘန့်ခ်စ်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားခဲ့ သည်။ သေမှုသေခင်းစစ်ဆေးရေးအရာရှိ ရုံးခန်းသို့ ရောက်သည်တွင် ခရစ္စ ၏ ရုပ်အလောင်းအနီးမှ တွေ့ရှိရသော ရိုင်ဖယ်သေနတ်၊ မှန်ဘီလူးတစ်လက်၊ ရော်နယ်လ်ဖရန့်ဇ်၏ လက်ဆောင်ပေးထားသော ငါးမျှားတံ၊ ဂျန်ဘားရက်စ်က သူ့ကိုပေးခဲ့သော ဆွစ်ဇလန်စစ်တပ်သုံးဓားများ၊ ဂျာနယ်မှတ်စုများ ရေးသား အသုံးပြုထားသည့် သီးပင်စားပင်များအကြောင်းစာအုပ်၊ မီနော်လ်တာကင်မရာ၊ ဖလင်ငါးလိပ် စသည့် များများစားစား မရှိလှသော သူပိုင်ပစ္စည်းများကို ကယ်ရင်းတို့ လက်ခံရယူရသည်။ သေမှုသေခင်းစစ်ဆေးရေးအရာရှိ အမျိုးသမီး က သူ၏စားပွဲပေါ်မှ စာရွက်စာတမ်းအချို့ကို ကမ်းပေးလာသည်။ ကယ်ရင်း က လက်မှတ်ရေးထိုးပြီး ပြန်ပေးလိုက်သည်။

ဖဲဘန့်ခ်စ်မြို့သို့ လေယာဉ်ဆိုက်ရောက်ပြီး ၂၄ နာရီမျှပင် မပြည့်တတ် သေးသော အချိန်အတွင်း ကယ်ရင်းနှင့် ဆမ်တို့သည် အန်ခါးရေ့ချ်မြို့သို့ လေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ကြသည်။
ရာဇဝတ်မှုထောက်လှမ်းရေးဓာတ်ခွဲခန်းတွင် သေဆုံးသည့်အကြောင်းရင်းကို စစ်ဆေးပြီးနောက် ခရစ္စ၏ အလောင်းကို အန်ခါးရေ့ချ်မြို့တွင်ပင် မီးသင်္ဂြိုဟ်ခဲ့ပြီးဖြစ်သည်။ ရင်ခွဲရုံက ခရစ္စ၏ အရိုးပြာပလတ်စတစ်ဘူးကို

ကယ်ရင်းတို့ တည်းခိုရာ ဟိုတယ်သို့ ပို့ဆောင်ပေးသည်။ “အရိုးပြာထည့်ထားတဲ့ ဘူးက ကြီးလွန်းလို့ ကျွန်မ အုံ့အား တောင်သင့်ခဲ့ရတယ်”။ ကယ်ရင်းက ပြောပြလာသည်။ “နာမည်ပုံနှိပ်ထားတာ ကလည်း မှားနေတယ်။ နာမည်ထိုးတာက ခရစ္စတိုဖာအာရ်မက်ကန်းဒလက်စ် ဖြစ်နေတာလေ။ သူ့ရဲ့ နာမည်အလယ်စာလုံးအမှန်က “ဂျေ”ပါ။ ဒါလေးတောင် မှန်အောင်မရေးနိုင်လို့ ကျွန်မ ဒေါသဖြစ်မိသေးတယ်။ ကျွန်မစိတ်တွေ အစိုး မရဘူးဖြစ်နေတာလေ။ ပြီးတော့မှ တွေးမိတယ်။ “ခရစ္စသာဆို ဂရုစိုက်နေမှာ မဟုတ်ဘူး၊ ရယ်စရာလို့တောင် ထင်နေမှာ”လို့ပေါ့။

နောက်တစ်နေ့မနက်တွင် မေရီလန်းပြည်နယ်သို့သွားသည့် လေယာဉ် ဖြင့် လိုက်ပါလာခဲ့ကြသည်။ ကယ်ရင်းက အစ်ကိုဖြစ်သူ၏ အရိုးပြာဘူးကို သူ၏ကျောပိုးအိတ်တွင် ထည့်၍ သယ်ဆောင်လာသည်။

အိမ်အပြန်လေယာဉ်ခရီးတွင် ကယ်ရင်းက လေယာဉ်မယ်တို့ ချပေး လာသော စားသောက်ဖွယ်ရာများကို တစ်စမျှပင် မကျန်အောင် စားခဲ့သည်။ “ခရစ္စက အစာရေစာပြတ်ပြီး ဆုံးပါးခဲ့ရတာဖြစ်လို့ အဲဒီကတည်းက စ,ပြီး လေယာဉ်ပေါ်မှာ ကျွေးတာတွေ ဘယ်လောက်ညံ့ညံ့ လွှင့်ပစ်ဖို့ မတွေးမိဘဲ အကုန်စားပစ်တတ်လာတယ်”ဟု ကယ်ရင်းက ပြောပြသည်။ အိမ်သို့ ပြန် ရောက်ပြီး သီတင်းပတ်အချို့ ကြာမြင့်သည့်တိုင် ကယ်ရင်းမှာ စားရသောက်ရ သည်များကို ခံတွင်းမတွေ့ဖြစ်နေခဲ့သည်။ ကိုယ်အလေးချိန်မှာလည်း ဆယ် ပေါင်ခန့် ကျဆင်းသွားခဲ့သဖြင့် အပေါင်းအသင်းများက ကယ်ရင်းကို ကိုယ် အလေးချိန်လျှော့ချလိုစိတ်ကြောင့် အစားအသောက်ပျက်လာခြင်းလားဟုပင် စိုးရိမ်ပူပန်ခဲ့ကြသည်။

ချက်ဆာပိခ်ကမ်းခြေတွင်လည်း ဘီလီက အစာမစားတော့။ လူလုံး လူဖန်သေးပြီး အသက် ၄၈ နှစ်အရွယ်ရှိပြီဖြစ်သော်လည်း မိန်းမငယ်လေး တစ်ယောက်အသွင်ရှိသူ ဘီလီသည် နောက်ဆုံးတွင် ခံတွင်းပြန်ကောင်းလာ သည့်အချိန်မတိုင်မီ ကိုယ်အလေးချိန် ရှစ်ပေါင်ခန့် ကျဆင်းသွားခဲ့သည်။ ဝေါ့လ်တ်ကမူ ဘီလီနှင့် ပြောင်းပြန်ပင်။ သူက အစားအသောက်ကို ယခင် ထပ် ပို၍ စိတ်ဝင်တစား စားသောက်လာသဖြင့် ကိုယ်အလေးချိန် ရှစ်ပေါင် တိုးလာခဲ့သည်။

ထို့နောက် တစ်လအကြာတွင် ဘီလီက ထမင်းစားခန်း စားပွဲတွင်ထိုင်ရင်း ခရစ္စ၏ နောက်ဆုံးနေ့ရက်များအတွင်း ရိုက်ကူးခဲ့သော ဓာတ်ပုံများကို တစိမ့်စိမ့်ကြည့်နေသည်။ ထိုဓာတ်ပုံများကို ကြည့်ရှုရန် ကိုယ့်ကိုယ်ကို ဖိအား ပေးခြင်းသာ သူတတ်နိုင်ပေသည်။ ဓာတ်ပုံများကို ကြည့်နေရင်းမှာပင် မကြာ ခဏဆိုသလို စိတ်ထိခိုက်ရကာ သားသမီးထက် ပို၍ အသက်ရှည်ရန် အကြောင်းဖန်လာသည့် မိခင်တစ်ဦး၏ ငိုကြွေးခြင်းမျိုးဖြင့် ငိုကြွေးနေမိသည်။ သူ၏ ငိုကြွေးမှုသည် အစားထိုးမရနိုင်လောက်အောင် ကြီးမားသော ဆုံးရှုံးမှု၏ အဓိပ္ပာယ်ကို မရည်ရွယ်ဘဲ ဖော်ပြနေခြင်းပင်ဖြစ်သည်။ အနီးကပ်မျက်မြင်

ကိုယ်တွေ့ ကြုံတွေ့ရသည့် ထိုသို့သော ဆုံးရှုံးမှုမျိုးက မိုက်မဲပြီး အနှစ်သာရ ကင်းမဲ့သော အန္တရာယ်ပြွမ်းသည့် လုပ်ဆောင်မှုများအတွက် အပြောကောင်း ကောင်းဖြင့် တောင်းပန်ခြင်းကို အကောင်းဆုံး ဖြစ်စေသည်။

“ဒီလိုမျိုး ဖြစ်လာစရာတွေကို သူဘာကြောင့် ရွေးချယ်ခဲ့တာလဲဆို တာ ကျွန်မ အခုထိကို နားမလည်နိုင်ဘူး”။ ဘီလီက မျက်ရည်လည်ရွဲဖြင့် ပြောလာသည်။

“ကျွန်မဖြင့် ဘယ်လိုမှကို နားမလည်နိုင်တော့တာပါ”။

အခန်း (၁၄)

စတစ်ခ်ကီးန်းရေခဲပြင်

ကျွန်တော်က ရုပ်ပိုင်းဆိုင်ရာအရ သန်မာထွားကျိုင်းမှုအပြည့်နဲ့ ကြီးပြင်းလာသူဖြစ်ပေမဲ့ စိတ်ပိုင်းဆိုင်ရာမှာတော့ စိုးရိမ်ပူပန်တတ်ပြီး တစ်ခုခုဆိုရင် စွဲစွဲလမ်းလမ်း တောင့်တမိတတ်သူဖြစ်ပါတယ်။ တစ်စုံတစ်ရာကို ပိုပြီးတော့ လိုချင်တဲ့စိတ်၊ ထိတွေ့ကိုင်တွယ်လို့ရချင်တဲ့စိတ်မျိုးပေါ့။ အဲဒီစိတ်က ဘယ်တုန်းကမှ ရှိခဲ့ပုံမပေါက်တဲ့ စစ်မှန်တဲ့လက်တွေ့ဘဝကို သဲကြီးမဲကြီးရှာခဲ့တာပဲ။

ဒါပေမဲ့ ကျွန်တော် ဘာလုပ်တယ်ဆိုတာ ချက်ချင်းပဲ မြင်ကြမှာပါ။ ကျွန်တော် တောင်တက်ပါတယ်။

ဂျွန်မဲန်းလစ်အက်ဒ်ဝါ့ဒ်စ်

Letter Forom a Man

အချိန်က ကြာမြင့်ခဲ့ပြီဖြစ်၍ ပထမဆုံးတောင်တက်စဉ်က တွေ့ကြုံရသည့်အခြေအနေများကို ကျွန်ုပ်သည် ယခုအခါ အတိအကျ ပြန်ပြောမပြနိုင် တော့ပေ။ (အဖော်မပါဘဲ ညလုံးပေါက် တစ်ဦးတည်း နေခဲ့ရဖူးသည့် အဖြစ်ကို မပီဝိုးဝါး အမှတ်ရနေမိသည်) ကျွန်ုပ်မှာ တောင်ပေါ်တက်ရင်း ကြောက်စိတ် ဖြင့် တဆတ်ဆတ် တုန်ယင်နေခဲ့မိသည်ကိုသာ ပြောပြနိုင်ပါသည်။ ထို့နောက် တွင် သားရဲတိရစ္ဆာန်တို့ ကျက်စားရာဖြစ်သည့် ကျိုးတိုးကျဲတဲ ပေါက်ရောက် နေသော သစ်ပင်များနှင့် ကျောက်ဆောင်ထူထပ်သော တောင်ရိုးတစ်လျှောက်ဖြည်းဖြည်းမှန်မှန် ခြေလှမ်းများဖြင့် မြဲမြဲစွာ လျှောက်လှမ်းတက်ရောက်လာခဲ့ သည်မှာ ကုန်းမြင့်ပိုင်းရှိ လေထုနှင့် တိမ်တိုက်များအကြား ကျွန်ုပ်ကိုယ်တိုင်ပင် ပျောက်ကွယ်သွားသည့်တိုင်အောင် ဖြစ်သည်။ ထိုသို့ တိုးဝင်ပျောက်ဆုံးခြင်းသည် ပင်မတောင်ကြီးနှင့် ကမ္ဘာ့မြေစိုင်တို့ မှိုမောက်ဖြစ်တည်နေသည့် တောင် ကုန်းတစ်ခုအား ခြားနားထားသော စိတ်ကူးယဉ်မျဉ်းကြောင်းသဖွယ်ဖြစ်ကာ ထိုမျဉ်းကြောင်းကို ဖြတ်ကျော်၍ ကြီးကျယ်ခမ်းနားမှုနှင့် မြင့်မြတ်မှုတို့ဆီသို့ ရောက်ရှိစေမည့်ဟန်ရှိပေသည်။ ကမ္ဘာ့မြေမျက်နှာပြင်အထက်မှ ထိုတောင်ထွတ် ကို ထူးခြားထင်ရှားစေသည့်အချက်မှာ ယင်း၏ ကြီးကျယ်ခမ်းနားမှု၊ ထိတ်လန့် ဖွယ်ကောင်းမှုနှင့် မည်သူမျှ တက်ရောက်ဖူးခြင်းမရှိသည့် အချက်ပင် ဖြစ်သည်။ ဤနေရာဒေသသည် မည်သည့်အခါမျှ လူတို့အကျွမ်းဝင် ရင်းနှီးသည့်နေရာ ဒေသ ဖြစ်လာနိုင်မည်မဟုတ်ပါ။ ဤဒေသသို့ ခြေချလိုက်မိသည့် အခိုက် အတန့်မှာပင် သင် လမ်းပျောက်သွားရမည်သာဖြစ်သည်။ လမ်းကိုသိသည့်တိုင် လေထုနှင့် တိမ်စိုင်တို့ဖြင့် ကျစ်လျစ်စွာ ဖွဲ့စည်းထားသကဲ့သို့ရှိသော လမ်းမရှိသည့် ကျောက်တောင်ကတုံးများထက်တွင် ခြေဦးတည့်ရာ လှည့်လည်သွားလာ ရင်း ရင်ဖိုခံစားနေရမည်ဖြစ်သည်။ တိမ်တိုက်များအကြားတွင် လူသူမသိတည်ရှိနေသော ကျောက်ဆောင်ထူထပ်ပြီး မြူအတိဖုံးလွှမ်းနေသည့် ထိုတောင် ထွတ်သည် မီးတောင်ဝတစ်ခုမှ

ထိုးထွက်လာသော မီးတောက်မီးလျှံတို့ထက် များစွာပင် ရင်ဖိုထိတ်လန့်ဖွယ်ရာ၊ အံ့သြတုန်လှုပ်ဖွယ်ရာ ကောင်းလှပေသည်။

ဟင်နရီဒေးဗစ်သော်ရိုး

Journal

ဝိန်းဝက်စတာဘာ့ဂ်ထံသို့ နောက်ဆုံးပေးပို့ခဲ့သော ပို့စကတ်၌ "ဒီစွန့်စားခန်းခရီးစဉ်က အသက်အန္တရာယ် ဖြစ်စေနိုင်တယ်ဆိုတာ တကယ်ဟုတ်နေ ပြီ။ ကျွန်တော့်ဆီက ဘာသတင်းမှ ထပ်မကြားရနိုင်တော့ဘူးဆိုရင် ကျွန်တော် အသိပေးချင်တာက ခင်ဗျားဟာ တကယ့် လူတော်လူကောင်းတစ်ယောက် ဖြစ်တယ်ဆိုတာပါပဲ။ ကျွန်တော် အခုပဲ တောကြီးထဲကို လမ်းလျှောက်ဝင်သွားတော့မယ်"ဟု ခရစ္စက ရေးသားဖော်ပြခဲ့သည်။ စွန့်စားခန်းခရီးစဉ်က အကယ်စင်စစ်ပင် အသက်အန္တရာယ်ရှိကြောင်း သက်သေထူလာသောအခါ ခရစ္စ၏ ပေးစာပါ ခံစားချက်အပြည့်ဖြင့် ရေးသားဖော်ပြချက်က ထိုလူငယ်သည် တောကြီးကန္တာအတွင်းသို့ စတင်လျှောက်လှမ်း ဝင်ရောက်သွားစဉ်ကပင် တောတွင်းမှ ပြန်ထွက်လာရန် ရည်ရွယ်ချက်မရှိဘဲ ကိုယ့်ကိုယ်ကို သေကြောင်းကြံသွားခဲ့ခြင်းသာဖြစ်ကြောင်း သတင်းစကားများကို မီးလောင်ရာ လေပင့်ဖြစ်စေခဲ့ သည်။ မည်သို့ပင်ဖြစ်စေ စာရေးသူအနေဖြင့်မူ ထိုသို့ တပ်အပ်မပြောနိုင်ပါ။

မက်ကန်းဒလက်စ် သေဆုံးမှုသည် ကြိုတင်စီစဉ်ထားသည့်ကိစ္စ မဟုတ်ဘဲ ထိတ်လန့်ဖွယ်ကောင်းလှသော မတော်တဆမှုတစ်ခုသာဖြစ်သည်ဆို သော စာရေးသူ၏ သံသယမှာ သူထားရစ်ခဲ့သော စာရွက်စာတမ်းအနည်းငယ် ကို ဖတ်ရှုခြင်းနှင့် သူ့ဘဝ၏ နောက်ဆုံးနှစ်အတွင်း သူနှင့်အတူရှိခဲ့ကြသော အမျိုးသား၊ အမျိုးသမီး မိတ်ဆွေများ၏ ပြောကြားချက်များအား နားထောင်ခြင်း မှ စတင်ဖြစ်ပေါ်လာခဲ့သည်။ သို့ရာတွင် မက်ကန်းဒလက်စ်၏ ရည်ရွယ်ချက် များနှင့် စပ်လျဉ်း၍ စာရေးသူ၏ အဓိပ္ပာယ်ကောက်ယူ မှန်းဆမှုများမှာမူ ကိုယ်တွေ့နှင့်ယှဉ်သော အမြင်ပေါ်တွင် ပို၍ အခြေပြုသည်။

စာရေးသူ လူငယ်ဘဝက စိတ်ဆန္ဒပြင်းပြပြီး ကိုယ့်ကိုယ်ကိုသာ စိတ်ဝင်စားသူ၊ ထင်ရာမြင်ရာကို မဆင်မခြင်ပြုလုပ်တတ်သူ၊ စိတ်အပြောင်းအလဲမြန်သူ ဖြစ်သည်ဟု ဆိုကြသည်။ ထုံးစံအတိုင်းပင် ဖခင်ဖြစ်သူအပေါ် စိတ်ပျက်မိခဲ့သည်။ မက်ကန်းဒလက်စ်ကဲ့သို့ပင် စာရေးသူ၏စိတ်အတွင်း၌ စွဲထင်နေသော ဖခင်၏ ပုံရိပ်များက စိတ်ကျေနပ်မှုရစေရန်အတွက် မျိုသိပ်ထားရသော ဒေါသနှင့် ဆာလောင်မှုတို့ဖြင့် ရှုပ်ထွေးစွာ ပေါင်းစပ်ဖွဲ့စည်းထားသော သံစဉ်တစ်ရပ်ကို ဖြစ်ပေါ်စေခဲ့သည်။ စာရေးသူ၏ စည်းကမ်းမဲ့သော စိတ်ကူးယဉ်မှုများက တစ်စုံတစ်ခုသောအရာနှင့် ငြိသွားမိခဲ့ပါက ထိုအရာကို စာရေးသူ က တမ်းတမ်းစွဲလုနီးပါး ရအောင်လိုက်လေ့ရှိသည်။ စာရေးသူ အသက် တစ်ဆယ့်ခုနစ်နှစ်မှ အသက် နှစ်ဆယ်ကျော် နှောင်းပိုင်းအရွယ်အထိအောင် ပင်

စွဲလမ်းခဲ့ရသည့် ထိုတစ်စုံတစ်ရာကား တောင်တက်ခြင်းပင်။

စာရေးသူသည် အိပ်ရာမှ နိုးထ,လာသည့်အချိန် အများစုကို တောင်တက်ခြင်းအကြောင်း စိတ်ကူးယဉ်ခြင်းဖြင့် ကုန်ဆုံးစေသည်။ ထို့နောက် ကနေဒါနိုင်ငံနှင့် အလာစကာပြည်နယ်အတွင်းရှိ ဝေးလံသီခေါင်သောဒေသများ မှ တောင်များကို တက်ရောက်ရန် ကတိပြုခဲ့သည်။ လူတို့မရောက်သေးသည့် မတ်စောက်ပြီး ကြောက်မက်ဖွယ်ကောင်းလှသော တောင်ထွတ်များကို တက်ရောက်လိုခဲ့ခြင်းဖြစ်သည်။ ထိုနေရာဒေသများကို လက်တစ်ဆုပ်စာ အရေအတွက်မျှသာရှိသော တောင်တက်ဝိဇ္ဇာတို့မှတစ်ပါး ကမ္ဘာပေါ်ရှိ အခြားမည်သူ ကမျှ ကြားပင်ကြားဖူးမည် မဟုတ်ပေ။ တောင်ထိပ်တစ်ခုမှ အခြားတောင်ထိပ် တစ်ခုသို့ ကူးပြောင်း၍ မြင်ကွင်းများကို ကြည့်ရင်းဖြင့် စာရေးသူသည် ဆယ်ကျော်သက်လွန် အရွယ်တို့ အမြင်ကို ဝေဝါးပိတ်ဆီးစေသည့် ထူထဲသောစိတ်ပျံ့လွင့်မှု မြူနှင်းများအကြားမှပင် ကိုယ်ရောက်ရှိနေသည့် နေရာကို ထိန်းသိမ်းထားနိုင်ခဲ့သည်။ တောင်တက်ခြင်းသည် အရေးပါလှပါပေသည်။ ဝေ့ဝိုက်တည်ရှိနေသော ကျောက်ဆောင်ကျောက်တန်းများ၊ လိမ္မော်ရောင်နှင့် အဝါရောင်ရေညှိပင်များ၊ တိမ်တိုက်တို့၏ မျက်နှာပြင်အနေအထားများ အပါအဝင် အရာရာကို ဖြစ်ပေါ်စေသည့် ဟေလိုဂျင်ဒြပ်စင်အစုအဝေး၏ တောက်ပမှုအား ဖြင့် အန္တရာယ်ဆိုသည့်အရာက ကမ္ဘာလောကကြီးအား သန့်ရှင်းစင်ကြယ်စေ သည်။ ဘဝသည် အမြင့်သံပေါက်တွင် နရီစည်းချက်ကျစွာ အဆက်မပြတ် လှုပ်ရှားအသက်ဝင်နေသည်။ ကမ္ဘာလောကကြီးကား အမှန်ပင်ဖြစ်တည်ခဲ့လေ ပြီ။

၁၉၇၇ ခုနှစ်အတွင်း၌ စာရေးသူ၏ ဖြစ်တည်မှုပဓာန အနာဖေးကို ခွာ၍ ကော်လိုရာဒို ခြေတံရှည်ခွေးခြေတစ်လုံးထက်တွင် ထိုင်ရင်း အတွေးနက် နေစဉ် ဒက်ဗီးလ်စ်သမ့်ဘ်(Devils Thumb)ဟု အမည်ရသော တောင်ကို တက်ရန် အတွေးဝင်လာခဲ့သည်။ နှစ်ပရိစ္ဆေဒ ကြာမြင့်ပြီဖြစ်သော ရေခဲတောင်တို့၏ ပုံဖော်ထုဆစ်မှုဖြင့် ကြီးမားပြီး မျက်စိပသာဒ ဖြစ်ဖွယ်ရာ ထွက်ပေါ်လာသော တောင်ထွတ်သည် ဒိုင်ယာရိုက်ကျောက်(Diorite)အမျိုးအစားဖြစ်သည်။ ဒက်ဗီးလ်စ်သမ့်ဘ် တောင်သည် အထူးသဖြင့် မြောက်ဘက်ပိုင်းတွင် အလုံးအထည် ကြီးမားစွာတည်ရှိသည်။ ထိုတောင်၏ မြောက်ဘက် မျက်နှာပြင်နံရံကို မည်သူ မျှ တက်ရောက်ခဲ့ဖူးခြင်း မရှိ။ မြောက်ဘက်နံရံသည် ရေခဲတောင်၏ အခြေမှ အမြင့်ပေ ခြောက်ထောင်မျှရှိကာ ထောင့်မတ်ကျလုနီးပါး မတ်စောက်ပြီး အထူးပင် သန့်ရှင်းလှသည်။ တောင်၏အမြင့်မှာ ယိုစမ်မတီတောင်ကြားဒေသမှ အယ်လ်ကက်ပတိန်(El Captain)တောင်ထက် နှစ်ဆမျှမြင့်မားသည်။ စာရေးသူ က အလာစကာသို့သွားကာ ပင်လယ်ကမ်းခြေမှ ကုန်းတွင်းဘက်သို့ မိုင်သုံး ဆယ်မျှ ရှည်လျားသော ရေခဲပြင်တစ်လျှောက် နှင်းလျှောစီး ဝင်ရောက်ရမည် ဖြစ်သည်။ ထို့နောက် အမည်ကျော်ကြားလှသော မြောက်ဘက်မျက်နှာပြင် (Nordwand)သို့ တက်ရောက်မည်ဖြစ်သည်။ ထို့အပြင် တောင်တက်ခရီးကို တစ်ကိုယ်တော်

သွားရောက်ရန်လည်း ဆုံးဖြတ်ခဲ့သည်။

ထိုစဉ်က စာရေးသူ၏ အသက်မှာ နှစ်ဆယ့်သုံးနှစ်သာရှိသေးပြီး အလာစကာတောကြီးအတွင်းသို့ မက်ကန်းဒလက်စ်တစ်ယောက်တည်း လမ်းလျှောက် ဝင်ရောက်သွားစဉ်က အသက်အရွယ်ထက် တစ်နှစ်မျှပင် ငယ်သေး သည်။ ဆင်ခြေထိုးသည်ဟု ဆိုလျှင်လည်း ဆိုနိုင်မည်ဖြစ်သော စာရေးသူ၏ စိတ်ကို စေ့ဆော်ခဲ့သည့်အကြောင်းရင်းမှာ မြင်မြင်သမျှ လက်တည့်စမ်းချင်ကြသော လူငယ်တို့၏ ပြင်းပြသောစိတ်ဓာတ်နှင့် ဂျာမန်အတွေးအခေါ်ပညာရှင် နီချေ့(Nietzsche), အမေရိကန် စာရေးဆရာ ကယ်ရာဝက်ခ်(Kerouac), ဗြိတိသျှ သား စာရေးဆရာ ဂျွန်မန်းလဗ်အက်ဒ်ဝဲဒ်စ်(John Menlove Edwards)တို့၏ စာပေများကို အလွန်အကျွံ စွဲလမ်းရာမှ ထိုသို့ တစ်ကိုယ်တော်ခရီးကြမ်း ထွက်လိုစိတ်များ အလျှံတညီးညီး တောက်လာခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။ ယင်းတို့အနက်မှ အက်ဒ်ဝဲဒ်စ်မှာ ဒုက္ခအခက်အခဲမျိုးစုံ ရင်ဆိုင်ခဲ့ရသော စာရေးဆရာလည်းဖြစ်၊ စိတ်ပညာရှင်တစ်ဦးလည်းဖြစ်သည်။ သူသည် ၁၉၅၈ ခုနှစ်တွင် ဆိုင်ယာနိုက် အဆိပ်ဆေးသောက်၍ ကိုယ့်ကိုယ်ကို သေကြောင်း မကြံစည်မီအထိ ထိုခေတ်က ဗြိတိသျှတောင်တက်သမားများထဲတွင် အထူး ထင်ရှားကျော်ကြားသူလည်း ဖြစ်သည်။ အက်ဒ်ဝဲဒ်စ်က တောင်တက်ခြင်းကို ပုံမှန်မဟုတ်သော စိတ်လှုပ်ရှားမှုအဖြစ် သတ်မှတ်သည်။ သူက တောင်တက် ရာတွင် အားကစားနည်းတစ်ရပ်အဖြစ် တက်ခြင်းမဟုတ်ဘဲ သူ၏ အသက်ရှင် သန် ဖြစ်တည်မှုကို ဘောင်ခတ်ချုပ်ချယ်ထားသော အတွင်းစိတ်ညှဉ်းပန်းမှုမှ လွတ်မြောက်ရာသို့ ထွက်ပြေးခိုလှုံရန် နေရာရှာဖွေခြင်းဖြစ်သည်ဟု ဆိုသည်။

သမ့်ဘ်တောင်ပေါ်သို့ တက်ရောက်မည့်ခရီးစဉ်ကို ပြင်ဆင်ရေးဆွဲနေ ခိုက်တွင် ခေါင်းထဲမှ ဖယ်ထားမရအောင် စွဲမြဲနေသည်ကို ခပ်ရေးရေးသတိပြု မိခဲ့သည်။ သို့ရာတွင် ထိုသို့ဖြစ်ခြင်းက ကိုယ်တိုင်ရေးဆွဲထားသော အစီအစဉ် ၏ ဆွဲဆောင်နိုင်စွမ်းကို ထပ်တိုးစေခြင်းမျှသာဖြစ်သည်။ မလွယ်သည်ကဖြင့် အစီအစဉ်တစ်ရပ်လုံးပင်။

စာရေးသူထံတွင် ဒက်ဗီးလ်စ်သမ့်ဘ်တောင်၏ အဖြူအမည်း ဓာတ်ပုံ များကို ပုံနှိပ်ဖော်ပြထားသည့် စာအုပ်တစ်အုပ်ရှိသည်။ ဘူမိဗေဒပညာရပ်၊ မိုးလေဝသနှင့် ဇလဗေဒပညာရပ်၊ ဂေဟစနစ်ဆိုင်ရာပညာရပ် စသည့် ပညာရပ် များကို ပေါင်းစည်းထားသော ပညာရပ်ဖြစ်သည်ဟု အကြမ်းအားဖြင့် ဆိုနိုင် သော ဂလေဆီယော်လဂျီ(Glaciology)ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူ နာမည် ကျော်ပညာရှင် မေးနာ့ဒ်မီလာ(Maynard Miller)က ရိုက်ကူးပေးထားသော ဓာတ်ပုံများဖြစ်သည်။ မီလာ၏ ကောင်းကင်ဓာတ်ပုံများတွင် သမ့်ဘ်တောင် သည် အန္တရာယ်ပြုတော့မည့်အလား ထူးခြားထင်ရှားလှသည်။ တောင်နံရံမှ အလွှားလိုက် ကွာကျနေသော ကျောက်ချပ်လွှာမှာ ကြီးမားလှသော ငါးဆူး တောင်တစ်ချပ်သဖွယ်ရှိကာ မည်းမှောင်နေပြီး ရေခဲချပ်များဖြင့် စေးကပ်နေ သည်။

ထိုဓာတ်ပုံသည် စာရေးသူအတွက် စိတ်ကူးဖြင့် အရသာခံကြည့်နိုင် သည့် ညစ်ညမ်းဓာတ်ပုံတစ်ချပ်သဖွယ်ပင် ဖြစ်သည်။ ထိုဓာတ်ပုံ၏ ခံစားမှုပေးနိုင်စွမ်းပုံမှာ အောချလောက်ပါပေသည်။ ခါးသွားကဲ့သို့ ထက်မြက်သော တောင်ရိုးအထက်၌ ဟန်ချက်ညီစေရန် မည်သို့ ရပ်နေရမည်ကို တွေးတောရင်း အဝေးတစ်နေရာဆီတွင် စုဖွဲ့နေသော တိမ်တိုက်ထုကြီးက လေပြင်းအထက်တွင် စီးနင်းလိုက်ပါလာကာ အေးမြလာစေမည်ကို စိုးရိမ်စိတ်ဝင်လာမိသည်။ လေပြင်းသယ်ဆောင်လာသော တိမ်တိုက်က တောင်၏ မည်သည့်ဘက်သို့ ကျရောက်မည်ကိုလည်း အချိန်ယူ စဉ်းစားကြည့်နေမိသည်။ လူတစ်ဦးသည် သူ၏ ကြောက်ရွံ့ထိတ်လန့်မှုကို တောင်ထိပ်ရောက်သည်အထိ၊ ထိုမှတစ်ဖန် အောက်သို့ ပြန်ဆင်းနိုင်သည်အထိ ဖုံးကွယ်ထားရန် ဖြစ်နိုင်ပါမည်လား။

အကယ်၍ စာရေးသူသာ ထိုသို့ စွမ်းဆောင်နိုင်မည်ဆိုပါလျှင်…။ ထိုအတွေးကို တွေးကြည့်ရန်ပင်လျှင် စာရေးသူက စိုးရွံ့နေခဲ့မိသည်။ ထိုစိုးရွံ့ စိတ်ကို တားဆီးရန်အတွက် ကံမကောင်းခြင်းကို စာရေးသူက ဖိတ်ခေါ်ခဲ့ သည်။ သို့ရာတွင် ဒက်ဗီးလ်စ်သမ့်ဘ်တောင်ပေါ်သို့ တက်ရောက်ခြင်းက စာရေးသူ၏ဘဝအား အသွင်ပြောင်းလဲသွားစေမည်ဆိုသည်ကိုမူ မည်သည့်အခါ ကမျှ သံသယမရှိခဲ့ပါ။

ထိုစဉ်က စာရေးသူသည် လက်သမားအလုပ်ကို နယ်တကာလှည့်၍ လုပ်ကိုင်နေသူဖြစ်သည်။ ကော်လိုရာဒိုပြည်နယ်၊ ဘိုးလ်ဒါမြို့(Boulder)ရှိ ကွန်ဒို မီနီယမ် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းတွင် တစ်နာရီလျှင် သုံး ဒေါ်လာခွဲနှုန်းထားဖြင့် အလုပ်လုပ်ခဲ့သည်။ ၂"× ၁၀" ပျဉ်ပြားများကိုသယ်ပို့၊ ၁၆ ပဲနိတန် သုံးလက်မခွဲ အိမ်ရိုက်သံများကို အားစိုက်ရိုက်နှင့် အလုပ်ချိန် ကိုးနာရီခန့်လုပ်ပြီးသွားသော တစ်ညနေခင်း၌ စာရေးသူက အလုပ်မှ နုတ်ထွက် လိုကြောင်း အလုပ်ရှင်အား ပြောကြားလိုက်သည်။ “မရဘူး၊ နှစ်ပတ်အတွင်း မှာ အလုပ်က ထွက်လို့မရဘူး စတီးဗ်။ အခုအချိန်က စိတ်ထဲမှာ မှန်းထား တာထက်တောင် ပိုကြာဦးမယ်”။ စာရေးသူနေထိုင်ရာဖြစ်သည့် ညစ်ပတ်ပေရေ နေသော လုပ်ငန်းခွင်သုံး နောက်တွဲယာဉ်ကြီးပေါ်မှ ကိုယ်ပိုင်ပစ္စည်းများနှင့် လက်သမားသုံး ပစ္စည်းကိရိယာများကို ရှင်းလင်းသိမ်းဆည်းရသည်မှာ နာရီ အနည်းငယ်မျှသာ ကြာမြင့်ပါသည်။ ထို့နောက် စာရေးသူက ကားပေါ်တက်၍ အလာစကာသို့ မောင်းထွက်ခဲ့တော့သည်။ အလုပ်မှ နုတ်ထွက်ရသည်မှာ လွယ်ကူပုံနှင့် ထိုသို့ နုတ်ထွက်ခဲ့သည့်အတွက် ပျော်ရွှင်ရပုံတို့ကို စာရေးသူကိုယ် တိုင် အံ့အားပင် သင့်နေမိသည်။ ကမ္ဘာလောကကြီးကား များစွာသော ဖြစ်နိုင် ခြေတို့ဖြင့် ရုတ်ခြည်းပင် ကြွယ်ဝလာခဲ့ပေပြီ။

ဒက်ဗီးလ်စ်သမ့်ဘ်တောင်သည် လေယာဉ် သို့မဟုတ် လှေဖြင့်သာခရီးပေါက်သော ပီတာစ်ဘာ့ဂ်(Petersburg)အမည်ရ တံငါရွာလေး၏ အရှေ့ ဘက်အရပ်ရှိ အလာစကာပြည်နယ်နှင့် ဘရစ်တစ်ရှ်ကိုလံဘီယာပြည်နယ်တို့ အကြားမှ နယ်နိမိတ်မျဉ်းလည်းဖြစ်သည်။ ပီတာစ်ဘာ့ဂ်ရွာလေးသို့ ပုံမှန်ပျံသန်း

သော ဂျက်လေယာဉ်ခရီးစဉ်ရှိသည်။ သို့ရာတွင် စာရေးသူ လက်တွင်း၌ရှိသော ငွေသားဒေါ်လာ နှစ်ရာနှင့် ၁၉၆၀ ပြည့်နှစ်ထုတ် ပွန်းတီးယက်ချီးဖ်(Pontiac Chief) မော်တော်ကားအား ထုခွဲရောင်းချရရှိနိုင်မည့် ငွေပါ ပေါင်းသော်မှ အသွားခရီးတစ်ကြောင်းစာ လေယာဉ်လက်မှတ်ခကိုပင် ကာမိမည်မဟုတ် ပေ။ သို့ဖြစ်၍ စာရေးသူက ဝါရှင်တန်ပြည်နယ်၊ ဂစ်ဂ်ဟာဘာမြို့(Gig Harbor) အထိ ကားကို မောင်းနှင်သွားခဲ့ပြီး ထိုမြို့တွင်ပင် ကားကို စွန့်ပစ်ထားခဲ့ကာ မြောက်အရပ်သို့ ရွက်လွှင့်မည့် ဆယ်လ်မွန်ငါးဖမ်းသင်္ဘောတစ်စင်းဖြင့် ခရီးကြုံ လိုက်ခဲ့သည်။

အိုးရှင်းကွင်းန်(Ocean Queen)အမည်ရ ငါးဖမ်းသင်္ဘောမှာ အလာ စကာပြည်နယ်မှ ထွက်သော စီဒါ (Cedar)ခေါ် သစ်ကတိုးသားပျဉ်ချပ်များဖြင့် စပ်ထားသည့် တောင့်တင်းသော လှေတစ်စင်းဖြစ်ပြီး ရှည်လျားသော ငါးဖမ်း ပိုက်လိုင်းချရန်နှင့် ဝိုင်းပိုက်ဆွဲရန် လိုအပ်သော ကိရိယာတန်ဆာပလာများ အပြည့်အစုံ တပ်ဆင်ထားသည်။ မြောက်ဘက်ခရီးစဉ်သို့ လှေကြုံစီးနင်းခွင့် အတွက် တက်မ,ကိုင်အလုပ်ကို အလှည့်ကျ တာဝန်ယူပေးရသည်။ အလုပ်ချိန် ၁၂ နာရီတွင် တစ်ဆိုင်းလျှင် လေးနာရီကျဖြင့် သုံးဆိုင်းခွဲ၍ တစ်လှည့်စီ တာဝန်ယူကာ ကြီးမားလှသော ပွဲထိန်းဘီးကြီးကို ကူညီထိန်းကျောင်းပေးကြရ ခြင်းဖြစ်သည်။ အင်ဆိုဒ်ပက်ဆေ့ချ်(Inside Passage) ခေါ် ရေလမ်းကြောင်း အတိုင်း ကမ်းရိုးတန်းတစ်လျှောက် ဖြည်းဖြည်းချင်း ဆန်တက်သွားသောခရီး စဉ်က ပါးလျလျ စိတ်ကူးယဉ် မျှော်လင့်ခြင်းများကို လှစ်ဟ,ပြနေသည်သို့ ရှိသည်။ စာရေးသူမှာ ကိုယ်တိုင် ထိန်းချုပ်နားလည်နိုင်စွမ်းထက် ကျော်လွန် နေပြီဖြစ်သော အရေးပါလှသည့် တစ်စုံတစ်ခုသောအရာ၏ စေစားရာဆီသို့ လိုက်ပါနေမိပြီဖြစ်သည်။

ဂျော်ဂျီယာရေလက်ကြားအား ဖြည်းဖြည်းချင်း ဆန်တက်လာသည့် ခရီးတစ်လျှောက် ရေမျက်နှာပြင်ထက်သို့ ဖြာဆင်းလာသော နေရောင်ခြည်တို့ က အလျှံတဝင်းဝင်း ရောင်ပြန်ဟပ်နေသည်။ ဟဲမ်းလော့ခ်ထင်းရှူးပင်များ၊ သစ်ကတိုးပင်များနှင့် ချုံပင်များက ကျဲပါးသော မုတ်ဆိတ်မွေးများသဖွယ် ပေါက်ရောက်နေသည်။ မတ်စောက်သော တောင်ကုန်းများက ရေပြင်အဆုံး တွင် ပေါ်ထွက်နေသည်ကို မြင်ရသည်။ စင်ရော်ငှက်တစ်အုပ်က ငါးဖမ်းလှေကို ကောင်းကင်ယံမှ လမ်းပြပွဲကိုင်နေသည့်နှယ်ပင်။ မယ်လ်ကွမ်းကျွန်း (Malcolm Island)အနီး ဖြတ်သန်းသွားစဉ် အရွယ်အစားကြီးမားလှသည့် အော်ကာ(Orca) လင်းပိုင်ခုနစ်ကောင်ပါဝင်သော လင်းပိုင်အုပ်စုနှင့် တိုးမိသည်။ ယင်းတို့၏ ကျောကုန်းထက်မှ လူကြီးအရပ်တစ်ပြန်မျှ မြင့်မားသော ဆူးတောင်ကြီးများက မှန်သားကဲ့သို့ ကြည်လင်သောရေပြင်ကို ထိုးခွဲကာ သင်္ဘောလက်ရန်း၏ လက်တစ်ကမ်းစာခန့် အနီးမှ ကူးခပ်သွားကြသည်။

ခရီးစဉ် ဒုတိယညသ အရုဏ်မကျင်းမီ နှစ်နာရီခန့်အလိုတွင် ကုန်းပတ် ထက်၌

စာရေးသူ ပွဲကိုင်တာဝန်ကျနေစဉ် သင်္ဘော၏ စူးရှသော မီးမောင်း အလင်းရောင်အောက်၌ သမင်ဖိုတစ်ကောင်၏ ဦးချိုကားကား ဦးခေါင်းပိုင်းကို မြင်တွေ့လိုက်ရသည်။ သမင်ကြီးက အင်ဆိုဒ်ပက်ဆေ့ချ် ရေလမ်းကြောင်းနှင့် ဒီးန်ရေလက်ကြား(Dean Channel) ရေပြင်တို့ ဆုံစည်းရာရှိ ဖစ်တ်ဇ်ဟပ်ဂ်(Fitz Hugh Sound) ရေနက်စီးကြောင်းအလယ်တွင် ရှိနေသည်။ သမင်ဖိုကြီးသည် တစ်မိုင်ကျော်ခန့် ကွာဝေးသော ကနေဒါကမ်းခြေမှတစ်ဆင့် မည်းမှောင်အေး စက်လှသော ရေပြင်ကို ဖြတ်သန်းကူးခပ်နေခြင်းပင်။ သူ၏ ဦးချိုတို့သည် မျက်စိကျိန်းလောက်အောင် စူးရှလှသော သင်္ဘောဆလိုက်မီးရောင်အောက်တွင် ရဲရဲနီမြန်းနေသည်။ သမင်ဖိုကြီးက ခြေကုန်လက်ပန်းကျနေဟန်ရှိပြီး ကြောက် စိတ်ဖြင့် အထိတ်တလန့်ဖြစ်နေဟန်ရှိသည်။ စာရေးသူက ပွဲထိန်းဘီးကို သင်္ဘော ၏ လက်ယာဘက်သို့ ဝိုက်ချလိုက်သည်။ သင်္ဘောဦးက လမ်းကြောင်းပြောင်း ကာ သမင်ဖိုကြီးအား ဖြတ်သန်းသွားခဲ့သည်။ အထိတ်တလန့်ဖြင့် ကူးခပ် နေသော သမင်ဖိုကြီးမှာ စာရေးသူတို့ မြင်ကွင်းတွင် နှစ်ကြိမ်မျှ မြုပ်ချည်ပေါ် ချည် မြင်တွေ့ရပြီးနောက် အမှောင်ထုအတွင်း ဝင်ရောက်ပျောက်ကွယ်သွား တော့သည်။

အင်ဆိုဒ်ပက်ဆေ့ချ် ရေလမ်းကြောင်း၏ နေရာအများစုမှာ ကျဉ်း မြောင်းလှပြီး ကျောက်တောင်များအကြားမှ ပင်လယ်အတွင်းသို့ စီးဝင်သည့် ရေစီးကြောင်းများကဲ့သို့ပင် ကျဉ်းမြောင်း ရှည်လျား နက်ရှိုင်းလှသည်။ ဒန်း ဒတ်စ်ကျွန်း(Dundas Island)ကို ဖြတ်သန်းချိန်တွင် မြင်ကွင်းက ရုတ်ခြည်းပင် ကျယ်ပြန့်သွားသည်။ အနောက်ဘက်အရပ်တွင် ပစိဖိတ်သမုဒ္ဒရာ ရေပြင်ကြီး ကို မြင်တွေ့ရပေပြီ။ ငါးဖမ်းသင်္ဘောမှာ အနောက်ဘက်မှလာသော အမြင့် ၁၂ ပေခန့်ရှိ လှိုင်းလုံးကြီးများအကြား၌ ဦးမော့ချည်တစ်ခါ၊ စိုက်ချည်တစ် လှည့်ဖြင့် လူးလွန့်ခုတ်မောင်းနေရသည်။ လှိုင်းလုံးများက သင်္ဘောလက်ရန်း သို့ ရိုက်ခတ်ကာ တစ်စစီ ကွဲကြေလွင့်စဉ်သွားသည်။ သင်္ဘောဦးပိုင်း ညာဘက်အခြမ်း၌ ခပ်နိမ့်နိမ့် ကျောက်ဆောင်၊ ကျောက်စွန်းထိပ်များကို အများအပြား တွေ့ရှိရသည်။ တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် စာရေးသူ၏ သွေးခုန်နှုန်း တို့မှာ တဒိတ်ဒိတ်ဖြင့် ပိုမိုမြန်ဆန်လာသည်။ ထိုကျောက်တောင်များသည်ကား စာရေးသူ တောင့်တနေသည့် အရာများဆီသို့ ချဉ်းကပ်ရန် လမ်းညွှန်ပြသနေ သည့် သင်္ကေတများပင်။ စာရေးသူတို့ အလာစကာသို့ ရောက်ရှိခဲ့ကြပေပြီ။

ဂစ်ဂ်ဟာဘာမြို့မှ ထွက်ခွာလာခဲ့ပြီး ငါးရက်အကြာတွင် အိုးရှင်း ကွင်းန် ငါးဖမ်းသင်္ဘောသည် ပီတာစ်ဘာ့ဂ် တံငါရွာတွင် ကမ်းကပ်ရပ်နားကာ စက်သုံးဆီနှင့် ရေချိုဖြည့်တင်းသည်။ စာရေးသူက လေးလံလှသော ကျောပိုး အိတ်ကို ပခုံးထက်တွင် လွယ်ကာ သင်္ဘောဦးပိုင်း ဘဲတောင်ကိုကျော်၍ ခုန်ချပြီး မိုးတဖွဲဖွဲအကြားမှပင် ဆိပ်ခံတံတားအတိုင်း လမ်းလျှောက်ထွက်ခွာ လာခဲ့သည်။ ရှေ့ဆက် ဘာလုပ်ရမည်ကို မသိသေးသဖြင့် ပီတာစ်ဘာ့ဂ် စာကြည့်တိုက်၏ တံစက်မြိတ်အောက်တွင် ကျောပိုးအိတ်ကို ဖင်ခုထိုင်နေလိုက် သည်။

ပီတာစ်ဘာ့ဂ်မှာ တံငါရွာဆိုသော်လည်း မြို့ငယ်လေးတစ်မြို့မျှ ရှိသည်။ အလာစကာ၏ စံချိန်စံနှုန်းများနှင့် ညီညွတ်သော ကျစ်ကျစ်လျစ်လျစ် ရှိသည့် မြို့ငယ်လေးတစ်မြို့ပင်။ အရပ်မြင့်မြင့်၊ ပြေပြစ်သောလမ်းလျှောက် ဟန်ဖြင့် လျှောက်လှမ်းလာသော အမျိုးသမီးတစ်ဦးနှင့် မိတ်ဆက်စကားပြော ဖြစ်သည်။ သူ့အမည်က ကိုင်း(Kai)။ ကိုင်းဆဲန်းဘန်း(Kai Sandburm)ဟု သူက ဆိုသည်။ သူက အကောင်းမြင် ပျော်ပျော်နေတတ်သူဖြစ်ပြီး ဖော်ဖော်ရွေရွေနှင့် ဆက်ဆံရေးပြေပြစ်သူလည်းဖြစ်သည်။ တောင်တက်ရန်လာသည့်အကြောင်း စာရေးသူက ပြောပြချိန်တွင် သူက ပြက်ရယ်လည်းမပြု၊ စကား အထူးအဆန်း ကြားရပုံမျိုးလည်း မပြသ,သဖြင့် စာရေးသူမှာ စိတ်သက်သာရာရခဲ့သည်။ “ရာသီဥတုကောင်းရင်တော့. ....”။ သူက ပြောပြလာသည်။ “သမ့်ဘ်တောင်ကို မြို့ဘက်ကနေ လှမ်းမြင်နေရတယ်လေ။ ရှုခင်းတွေ သိပ်လှတာ။ ဖရက်ဒရစ်ခ် ရေနက်စီးကြောင်း(Frederick Sound)ရဲ့ တစ်ဖက်ကမ်းမှာ ရှိတယ်”။ အရှေ့ဘက်အရပ်ဆီသို့ ဆန့်တန်းပြလာသော သူ၏ လက်ညှိုးညွှန်ရာသို့ လိုက်ပါကြည့်သည်တွင် ခပ်နိမ့်နိမ့် တိမ်တိုက်နံရံများကိုသာ မြင်တွေ့ရသည်။

ကိုင်းက သူ့အိမ်တွင် ညစာလိုက်စားရန် စာရေးသူအား ဖိတ်ခေါ်ခဲ့ သည်။ ထို့နောက်တွင် သူ၏ အိမ်ကြမ်းခင်း၌ပင် ခရီးဆောင်အိပ်ရာအိတ်ကို ဖြန့်ခင်းကာ စာရေးသူ အိပ်စက်ဖြစ်ခဲ့သည်။ ကိုင်း အိပ်ပျော်သွားပြီး အချိန် အတန်ငယ် ကြာမြင့်သည်တွင် တစ်ဖက်ခန်း၌ အိပ်နေသော စာရေးသူမှာတစ်ရေးနိုးလာကာ သူ၏ အေးချမ်းသော ထွက်သက်လေ မှုတ်ထုတ်သံကို နားစွင့်ကြည့်နေမိသည်။ စာရေးသူ၏ ဘဝတွင် တစ်ဦးတစ်ယောက်သောသူ နှင့် နီးနီးကပ်ကပ် ဆက်ဆံနေထိုင်ခဲ့ခြင်းမျိုး မရှိခဲ့သည်ကို စိတ်အတွင်း၌ မည်သို့မျှ ခံစားရခြင်းမရှိဟု ထင်မြင်ခဲ့သည်မှာ လပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ သို့ရာတွင် သည်အမျိုးသမီး၏ ရယ်မောသံ၊ စာရေးသူ၏ လက် မောင်းကို အပြစ်ကင်းမဲ့စွာ ကိုင်တွယ်လာသည့် အထိအတွေ့ စသည့် သူ၏ အဖော်ပြုမှုတို့အပေါ် သာယာနေမိသည့် ခံစားချက်က စာရေးသူ၏ မာနကို အကာအကွယ် ကင်းမဲ့စေခဲ့ပြီး ရင်တွင်း၌ ဟာလာဟင်းလင်းနှင့် တစစ်စစ် ခံစားကျန်ရစ်စေသည်။

ပီတာစ်ဘာ့ဂ်မြို့လေးက ကျွန်းတစ်ကျွန်းပေါ်တွင် တည်ရှိပြီး ဒက်ဗီးလ်စ်သမ့်ဘ်တောင်က ပြည်နယ်၏ ပင်မဒေသဘက်ရှိ စတစ်ခ်ကီးန် ရေခဲပြင်ဒေသတွင် တည်ရှိခြင်းဖြစ်သည်။ ကျယ်ပြော၍ ဝင်္ကပါသဖွယ်ဖြစ် သော ရေခဲပြင်သည် ခရုခွံတစ်ခုသဖွယ် တည်ရှိသော နယ်နိမိတ်တောင်တန်း များ(Boundary Ranges)၏ ကျောရိုးတစ်လျှောက် တည်ရှိသည်။ ထိုတောင်တန်း များဆီမှ ဆင်းသက်လာသော များပြားလှသည့် ရေခဲမြစ်တို့က ရှည်လျားလှ သော အပြာရောင်လျှာများသဖွယ် ပင်လယ်ဘက်သို့ တစ်လက်မချင်း တိုးဝင် စီးဆင်းနေသည်။ သမ့်ဘ်တောင်ခြေသို့ ရောက်ရှိရန်အတွက် ဆားငန်ရည်ပြင်ကို နှစ်ဆယ့်ငါးမိုင်ခန့် ဖြတ်သန်းရမည့်အပြင် စာရေးသူ၏ စိတ်အထင်၊ နှစ်ပေါင်း

များစွာအတွင်း လူတို့ခြေချခဲ့ဖူးခြင်း မရှိသော ဘဲယာ့ဒ်(Baird)အမည်ရ တောင်ကြားဒေသမှ ရေခဲမြစ်တစ်စင်းပေါ်တွင် မိုင်ပေါင်း သုံးဆယ်ခန့် ရေခဲပြင်လျှော စီး၍ သွားရဦးမည်ဖြစ်သည်။

အလာစကာပြည်နယ် အရှေ့တောင်ဘက်ဒေသရှိ သောမတ်စ်ပင်လယ်အော်(Thomas Bay)အထက်ပိုင်းဘက်သို့ ဦးတည်သွားရောက်မည့် သစ်တောစိုက်ပျိုးရေးသမားများနှင့်အတူ စာရေးသူလိုက်ပါခွင့် ရရှိခဲ့သည်။ သောမတ်စ်ပင်လယ်အော်၏ ကျောက်စရစ်ပေါများသော ကမ်းခြေတစ်နေရာ တွင် စာရေးသူ ဆင်းနေရစ်ခဲ့သည်။ ကျယ်ပြောပြီး ကျောက်တုံးကျောက်စိုင် အကျိုးအပဲ့များဖြင့်အတိပြီးသည့် ရေခဲမြစ်၏ အဆုံးပိုင်းကို တစ်မိုင်ခန့်အကွာ အဝေးတွင် လှမ်းမြင်နေရသည်။ ထို့နောက် နာရီဝက်ခန့်အကြာတွင် ရေခဲမြစ် မျက်နှာပြင်ထက်မှ ထိုးထွက်နေသော ရေခဲစအချွန်အတက်များပေါ်၌ ခပ်သုတ်သုတ်လျှောက်လှမ်းကာ တရွေ့ရွေ့သွားရမည့် သမ့်ဘ်တောင်သွားခရီးစဉ် ကို စာရေးသူ စတင်လိုက်ပြီဖြစ်သည်။ ရေခဲပြင်က နှင်းချပ်များဖြင့် ပြောင်ချောနေသည်။ မည်းနက်သော ကျောက်ကြမ်းစ,လေးများက ရေခဲပြင်ထဲတွင် နစ်ဝင်နေသည်။ ယင်းတို့က စာရေးသူ၏ ရေခဲပြင်စီးဖိနပ်အောက်မှ သံဆူး များဖြင့် နင်းလိုက်တိုင်း ကြေမွသွားကြသည်။

ရေခဲမြစ်ကြောင်းအတိုင်း သုံး,လေးမိုင်မျှ လျှောက်လှမ်းသွားပြီး နောက် အရည်ပျော်ခြင်းမရှိသော နှင်းများဖုံးလွှမ်းနေသည့် နေရာသို့ ရောက်ရှိသည်။ စာရေးသူက ရေခဲပြင်စီးဖိနပ်အစား နှင်းလျှောစီး ခြေနင်းတံကို ပြောင်းလဲ ဝတ်ဆင်လိုက်သည်။ နှင်းလျှောစီး ခြေနင်းတံများ ပြောင်းလဲဝတ် ဆင်ခြင်းအားဖြင့် ကျောထက်တွင် လွယ်ပိုးထားရသော အလေးချိန်ကို ဆယ့်ငါး ပေါင်မျှအထိ လျှော့ချနိုင်သည်ဖြစ်သဖြင့် သွားရသည်မှာ ခရီးပို၍ တွင်လာ သည်။ သို့ရာတွင် နှင်းများက ရေခဲမြစ်ပပ်ကြားအက်များကို ဖုံးကွယ်ထား သကဲ့သို့ရှိသဖြင့် အန္တရာယ်လည်း ပို၍များလာသည်။

ထိုသို့သော အန္တရာယ်မျိုး ကြုံတွေ့နိုင်ခြေရှိသည်ကို ကြိုတင်မှန်းဆ ထားသဖြင့် စာရေးသူက ဆီယက်တဲလ်မြို့ရှိ ကုန်မာဆိုင်တစ်ဆိုင်မှ အလျား ဆယ်ပေစီရှိ တောင့်တင်းသော အလူမီနီယံလိုက်ကာတန်း နှစ်တန်းကို ကြို တင်ဝယ်ယူထားခဲ့သည်။ အလူမီနီယံတန်း နှစ်တန်းကို ကြက်ခြေခတ်ပုံသဏ္ဍာန် ဖြင့် စည်းနှောင်ကာ ကျောပိုးအိတ်အောက်ဘက်ရှိ ခါးပတ်နှင့် တွဲချည်လိုက် သည်။ အလူမီနီယံတန်းများကို နှင်းဖုံးနေသည့် မြစ်မျက်နှာပြင်နှင့် ရေပြင်ညီကျ စေရန် ပြုလုပ်ထားသည်။ ပစ္စည်းများ အဆမတန် ထည့်သွင်းထားသော ကျောပိုးအိတ်ကို လွယ်ပိုး၍ ရေခဲမြစ် မျက်နှာပြင်ထက်တွင် ဒယိမ်းဒယိုင်ဖြင့် ဖြည်းညင်းစွာ လျှောက်လှမ်းရင်း ကျိုးကြောင်းမဆီလျော်လှသော အလူမီနီယံ ကြက်ခြေခတ်တန်းကို လွယ်ထားရသည်ကပင် ကိုယ့်ကိုယ်ကို ဒဏ်ခတ်သည့် ဘာသာရေးဂိုဏ်းဝင်တစ်ဦးအလား စိတ်ထဲတွင် ခံစားနေမိသည်။ ဆယ်ပေခန့်

အလျားရှိသော အလူမီနီယံကြက်ခြေခတ်တန်းက ဘဲယာ့ဒ်တောင်ကြားဒေသ၏ နက်ရှိုင်းလှသော ရေခဲပပ်ကြားအက်များအကြားသို့ စာရေးသူကျမသွားစေရန် တောင့်ခံထားပေးကောင်း ပေးနိုင်မည်ဟု မျှော်လင့်ထားသော်လည်း ပါးလျလျ နှင်းချပ်တို့ ကျိုးကြေကာ အောက်ဘက်ရှိ ပုန်းကွယ်နေသော ပပ်ကြားအက် " များထဲသို့ ကျသွားလေမည်လားဆိုသည့် အတွေးက စိုးမိုးနေသည်။

စာရေးသူသည် ဤနည်းဖြင့်ပင် ရေခဲတောင်ကြားအထက်ဘက်သို့ နှစ်ရက်ခန့်ကြာသည်အထိ ဖြည်းဖြည်းမှန်မှန် ကြိုးစားတက်ရောက်သည်။ ရာသီဥတုက ကောင်းမွန်နေပြီး လမ်းကြောင်းကလည်း မြင်သာထင်သာရှိသည်။ ကြီးကြီးမားမား အဟန့်အတားများ တွေ့ရခြင်းမရှိ။ တစ်ဦးတည်းသွားရခြင်းဖြစ်သော်လည်း ထိုသို့ တစ်ဦးတည်းသွားရခြင်းကြောင့် ဖြစ်ပေါ်သည့် ငြီးငွေ့ခြင်းသည်ပင် အဓိပ္ပာယ်ရှိလာသကဲ့သို့ ခံစားရသည်။ ရေခဲပြင် အထိအတွေ့က ပိုမို၍ အေးစက်လာကာ လျှို့ဝှက်ဆန်းကြယ်မှုတို့က ပိုမိုနက်နဲလာ သည်။ ကောင်းကင်ကြီးကား အခါတိုင်းထက် ပို၍ သန့်ရှင်းကြည်လင်သော အပြာရောင်အရိပ်သန်းနေတော့သည်။ ရေခဲမြစ်အထက်မှ စီးမိုးနေသော အမည် မှည့်ခေါ်ရခြင်းမရှိသေးသည့် တောင်ထွတ်များက မြင်ကွင်းတွင် ကြီးသည်ထက် ကြီးလာကာ ဆွဲဆောင်မှု အားကောင်းသည်ထက် ပို၍ ကောင်းလာသည်။ ထို့အပြင် ယင်းတို့၏ အသွင်အပြင်က အဖော်တစ်ဦးနှင့်အတူ သွားရသည် ထက် ပို၍ပင် အဆုံးမရှိသော အန္တရာယ်ပြွမ်းတီးမှုဖြင့် ခြောက်လှန့်နေသယောင် ရှိသည်။ စာရေးသူ၏ စိတ်လှုပ်ရှား ခံစားမှုများသည်လည်း တိုးပွား၍လာနေ သည်။ အမြင့်ပိုင်းသို့ မျှော်ကြည့်လိုက်မိလျှင် ပို၍ မြင့်မားနေသယောင်ခံစား ရပြီး မျှော်လင့်ချက်ကင်းမဲ့ခြင်း ခံစားချက်သည်လည်း ပိုမို၍ နက်ရှိုင်းကာ အမှောင်ဖုံးလွှမ်းမှုအားလည်း ပို၍ ကောင်းလာသည်။ ကိုယ့်ကိုယ်ကို ယုံကြည် စိတ်ချမှုရှိသော လူငယ်တစ်ယောက်သည်ပင် သဘာဝ၏ လူမသိသေးသော ဇာတ်လမ်းဖြင့် မူးယစ်ရီဝေ ခံစားနေရပေပြီ။ အဆိုပါ ခံစားမှု အားလုံးသည် ကြီးမားလှသော ဆွဲဆောင်မှုဖြစ်သည်။

ပီတာစ်ဘာ့ဂ်မြို့လေးမှ ထွက်ခွာခဲ့ပြီး သုံးရက်အကြာတွင် စတစ်ခ် ကီးန်ရေခဲပြင်သို့ စာရေးသူ ကောင်းစွာ ရောက်ရှိခဲ့သည်။ ထိုနေရာတွင် ဘဲယာ့ဒ်တောင်ကြား ရေခဲမြစ်၏ ရှည်လျားလှသော လက်တံက ပင်မရေခဲ ပြင်နှင့် ပေါင်းဆုံသည်။ မြင့်မားသော ကုန်းပြင်မြင့် အစွန်းတစ်ဖက်တွင် ရေခဲမြစ်က လျှံကျနေပြီး ကျိုးပဲ့ကြေမွနေသော ရေခဲအစအနများက တောင် ကမ်းပါးယံနှစ်ခုအကြားမှ ကွက်လပ်အတွင်းသို့ ကိုးရိုးကားရား ကျဆင်းလျက် ရှိသည်။ ရေခဲအကျိုးအကြေများ ထိုသို့ ဆူညံညံအသံပေးကာ တရုန်းရုန်းကျ ဆင်းနေသည်ကို တစ်မိုင်ခန့်အကွာအဝေးမှ လှမ်းကြည့်ရင်း စာရေးသူ၏ စိတ်အစဉ်တွင် ကော်လိုရာဒိုပြည်နယ်မှ ထွက်ခွာခဲ့ပြီးနောက်ပိုင်း ပထမဆုံး အကြိမ်အဖြစ် စိုးရိမ်ထိတ်လန့်မှုကို အမှန်တကယ် ခံစားလိုက်မိသည်။

ရေတံခွန်သဖွယ် ဝါးလုံးထိုးဆင်းလာသည့် ရေခဲအကျိုးအကြေများ က ပပ်ကြားအက်များကို ကန့်လန့်ဖြတ်ကာ တောင်နံရံနှစ်ခုအကြား ဖြည်း ညင်းစွာ ယိမ်းထိုးစီးဆင်းလာသည်။ အဝေးမှ မြင်ရသည်ကပင် ဆိုးရွားလှ သော ရထားတွဲတိမ်းမှောက်မှုမျိုးကို စိတ်အစဉ်တွင် ထင်ဟပ်လာစေသည်။ အဖြူရောင်ရထားတွဲ အများအပြားက ရေခဲပြင်နှုတ်ခမ်းဝမှ ဆင်ခြေလျှောအောက်ဘက်သို့ ကစဉ့်ကရဲ ထိုးကျနေသည့်နှယ်ပင်။ မြင်ကွင်းကို အနီးကပ် ကြည့်ရလေ ပို၍ပင် စိတ်မချမ်းမြေ့ဖွယ် ဖြစ်ရလေရှိသည်။ စာရေးသူ၏ လက်ဖြစ် ဆယ်ပေအလျားရှိ လိုက်ကာတန်းများမှာ ပေလေးဆယ်မျှ အကျယ်ရှိပြီး အနက်ပေ ရာနှင့်ချီ၍ရှိသော ရေခဲပြင်ပပ်ကြားအက်များ၏ အန္တရာယ်ကို ကာကွယ်ရန် သေးနုပ်လွန်းလှဟန်ရှိသည်။ ရေတံခွန်သဖွယ် ကျဆင်းနေသော ရေခဲများကြားမှ ဖြတ်၍ သွားရမည့်လမ်းကို စီစဉ်ရှာဖွေနိုင်ခြင်း မရှိသေးခင် မှာပင် လေက တိုက်လာသည်။ နှင်းများကလည်း တိမ်တိုက်များဆီမှ ပြိုဆင်း လာသည်။ မျက်နှာကို နှင်းရိုက်သည့်ဒဏ်ကြောင့် ရှေ့မြင်ကွင်းကို ကောင်းစွာ မြင်တွေ့ရခြင်းမရှိတော့ရာမှ မြင်ကွင်း လုံးဝ ပျောက်ကွယ်လုနီးပါး ဖြစ်လာ သည်။

စာရေးသူသည် ထိုနေ့တစ်နေ့ခင်းလုံး အဖြူရောင်ဝင်္ကပါထဲတွင် မျက်မမြင်တစ်ယောက်ပမာ စမ်းတဝါးဝါးဖြင့် ကိုယ့်ခြေရာကိုယ်ပြန်နင်းကာ ချာချာလည်နေခဲ့သည်။ လမ်းတွေ့ရပြီဟု မကြာခဏပင် ထင်မိသော်လည်း တစ်ဖက်ပိတ်လမ်း သို့မဟုတ် ရေခဲကျောက်ဆောင်တစ်ခုပေါ်သို့ ရောက်ရှိသွားခြင်းနှင့်သာ ကြုံတွေ့ရသည်။ ခြေတစ်လှမ်းချလိုက်တိုင်း ခြေထောက် အောက်မှ ထွက်ပေါ်လာသော ဆူညံသံများကြောင့် အလျင်စလို လှုပ်ရှားနေရ သည်။ နေ့းကွေးလေးလံသော ခြေလှမ်းများကြောင့် ကျိုးကျလုမတတ်ရှိသော ရေခဲပြင်ချပ်တို့ဆီမှ ထွက်ပေါ်လာသည့် ကျိုးကျိုးကျည်ကျည် အသံများက ဤသည်မှာ ရေခဲပြင်ပေါ်တွင် ရွေ့လျားရသည့် သဘာဝပင်ဖြစ်ကြောင်း သတိပေးနေသည့် သံစဉ်တစ်ခုနှယ်ပင်ရှိသည့်အပြင် ပြိုလဲကျဆင်းတတ်သည့် ရေခဲကျောက်ဆောင်တို့၏ သဘာဝကိုလည်း သတိပေးနေပေသည်။

အောက်ခြေကိုပင် မမြင်ရလောက်သည်အထိ နက်ရှိုင်းသော ပပ်ကြား အက်တစ်ခုပေါ်မှ တံတားထိုးထားသည့်နှယ်ရှိသော နှင်းထုထဲသို့ ခြေချကာ ဖြတ်လျှောက်လိုက်သည်။ ထို့နောက် ခဏအကြာတွင် နောက်ထပ် နှင်းတံ တားတစ်စင်းပေါ် ဖြတ်လျှောက်ရင်း တံတားကျိုးကျကာ စာရေးသူ၏ ခါးအထိကျွံကျသွားသည်။ အနက်ပေ ရာချီ၍ရှိသော ပပ်ကြားအက်အတွင်းသို့ မကျ စေရန် အလူမီနီယံတန်းများက စာရေးသူကို ကယ်တင်လိုက်ခြင်းပင်။ သို့ရာ တွင် ထိုသို့ ကျွံကျရာမှ ရုန်းထွက်နိုင်ခဲ့ပြီးနောက်တွင်မူ စာရေးသူ၏ ရင်ထဲ တွင် ပျို့တက်လာပြီး ကိုယ်ကို ရှေ့သို့ပို၍ ကိုင်းထားလိုက်ရသည်။ စိတ်အတွင်း ၌လည်း ပပ်ကြားအက်အောက်ခြေတွင် လဲကျကာ သေဆုံးရမည့်အချိန်ကို လူမသိသူမသိ စောင့်စားနေရမည့်အဖြစ်အား တွေးတောနေမိသည်။

ရေခဲကျောက်ဆောင် ဆင်ခြေလျှောမှတစ်ဆင့် လေတဟူးဟူး တိုက်ခတ်နေသော ရေခဲလွင်ပြင်ကျယ်ရှိရာ ထိပ်ပိုင်းသို့ စာရေးသူရောက်ရှိချိန်တွင် မှောင်ရီပျိုးနေပြီဖြစ်သည်။ ထိတ်လန့်ကြောက်ရွံ့မှု၊ အသည်းခိုက်အောင်အေး သော အအေးဒဏ်တို့ကို ခံစားနေရသည်။ စာရေးသူသည် ရေတံခွန်သဖွယ် ကျဆင်းနေသော ရေခဲစများဆီမှ ဆူညံသော အသံဗလံများကို မကြားရသည့် နေရာသို့ ရောက်ရှိသည်အထိ လျှောစီးသွားလိုက်သည်။ ထို့နောက် စခန်းချရန် ယာယီတဲထိုး၊ ခရီးဆောင်အိပ်ရာအိတ်အတွင်းသို့ ကမန်းကတန်း တိုးဝင်ကာ အအေးဒဏ်ကို ခိုက်ခိုက်တုန် ခံစားရင်း အိပ်ပျော်သွားခဲ့ရသည်။

စာရေးသူ မူလစီစဉ်ထားသည်မှာ စတစ်ခ်ကီးန်ရေခဲပြင်တွင် သီတင်း သုံးပတ်မှ တစ်လခန့်အထိ နေထိုင်ရန်ဖြစ်သည်။ သီတင်းလေးပတ်စာ စားရေ ရိက္ခာ၊ လေးလံသော ဆောင်းတွင်း စခန်းချပစ္စည်းကိရိယာများနှင့် တောင်တက်ပစ္စည်းများကို ဘဲယာ့ဒ်မှ ထွက်လာသည်မှစ၍ တစ်လမ်းလုံး သယ်ပိုးလာရမည်မှာ ပျော်ရွှင်စရာအလုပ် မဟုတ်ရကား စာရေးသူ၏ နောက်ဆုံးလက်ကျန် ဒေါ်လာ ၁၅၀ ဖြင့် ပီတာစ်ဘာ့ဂ်တွင် လေယာဉ်မှူးတစ်ဦး ငှားရမ်းကာ သမ့်ဘ်တောင်ခြေသို့ စာရေးသူရောက်ရှိမည့်အချိန်တွင် လိုအပ်သော ပစ္စည်းပစ္စယများ အပြည့်အစုံပါဝင်သည့် ဂျပ်သေတ္တာခြောက်ပုံးကို လေယာဉ်ဖြင့် ချပေးရန် စီစဉ်ထားခဲ့သည်။ စာရေးသူရောက်ရှိနေမည့် နေရာကိုလည်း လေယာဉ်မှူး၏ မြေပုံထက်တွင် အတိအကျပြသခဲ့သည့်အပြင် ထိုနေရာသို့ ရောက်ရှိရန် သုံးရက် ကြာမြင့်မည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။ လေယာဉ်မှူးကလည်း ရာသီဥတု အခြေအနေပေးသည်နှင့်တစ်ပြိုင်နက် လေယာဉ်ပျံသန်းကာ မှာကြားထားသည့်အတိုင်း ဆောင်ရွက်ပေးမည်ဖြစ် ကြောင်း ကတိပြုခဲ့သည်။

မေလ ၆ ရက်နေ့၌ သမ့်ဘ်တောင်၏ အရှေ့မြောက်ဘက်ရှိ ရေခဲလွင် ပြင်တစ်နေရာတွင် ယာယီစခန်းတစ်ခု ဆောက်လုပ်ကာ လေယာဉ်အလာကို စောင့်မျှော်နေခဲ့သည်။ နှင်းတို့က လေးရက်ဆက်တိုက် ကျနေသဖြင့် လေယာဉ် ပျံသန်းရန် အခြေအနေမပေးပေ။ စခန်းမှ ဝေးရာသို့ လျှောက်သွားရန်မှာလည်း ရေခဲပြင်ပပ်ကြားအက်တို့၏ အန္တရာယ်ကို အလွန်အမင်း ထိတ်လန့်သွားသော စာရေးသူက လူတစ်ထိုင်စာပင် မလွတ်လောက်အောင် နိမ့်သော ယာယီတဲ မျက်နှာကြက်အောက်တွင် အချိန်ပြည့်နီးပါး လဲလျောင်းနေရင်းမှပင် လေယာဉ် လာပါဦးမည်လားဆိုသည့် သံသယအတွေးတို့ ဝင်လာသည်ကို ခုခံတွန်းလှန် နေရပေသည်။

ဤသို့ဖြင့် တစ်နေ့ပြီးတစ်နေ့ ကုန်ဆုံးလာချိန်တွင် စာရေးသူမှာ စိုးရိမ်ပူပန်မှုများ တိုးလာရတော့သည်။ ပြင်ပကမ္ဘာနှင့် ဆက်သွယ်နိုင်သည့် ရေဒီယိုနှင့် အခြားမည်သည့်ပစ္စည်းကိရိယာကိုမျှ ယူဆောင်လာခြင်းမရှိပါ။ စာရေးသူရောက်ရှိနေသည့် နေရာသည် လူသူအရောက်အပေါက်မရှိသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်သည့် စတစ်ခ်ကီးန် ရေခဲပြင်တစ်နေရာဖြစ် သည်။

ဤနေရာဒေသသို့ တစ်စုံတစ်ဦး ထပ်မံရောက်ရှိမလာမီ မည်သူမျှ လာရောက်မည့်ဟန် မရှိပေ။ မီးဖိုမီးမွှေးရန် သုံးသည့် လောင်စာဆီမှာလည်း ကုန်လုနီးပါးရှိပြီဖြစ်သည်။ ရိက္ခာအဖြစ် ယူလာသော ဒိန်ခဲကတစ်တုံး၊ ရာမန် (Ramen)အမှတ်တံဆိပ် ခေါက်ဆွဲခြောက်ကတစ်ထုပ်၊ ကိုကိုးပပ်ဖ်(Cocoa Puff)ဘူးလက်ကျန်က တစ်ဝက်သာ ကျန်ရှိတော့သည်။ အခြေအနေအရ လိုအပ်လာပါက အဆိုပါ လက်ကျန်ရိက္ခာဖြင့် နောက်ထပ် သုံး, လေးရက်ခန့် အသက်ဆက်နိုင်သေးကြောင်း စာရေးသူ စဉ်းစားမိသည်။ သို့ရာတွင် ထို့ထက်ပို၍ အချိန်ကြာမြင့်သွားပါက မည်သို့လုပ်ရမည်ကိုမသိ။ သောမတ်စ်ပင်လယ်အော် ဒေသရှိ ဘဲယာ့ဒ်တောင်ကြားသို့ လျှောစီး၍ပြန်ပါက နှစ်ရက်ခန့်သာ ကြာမြင့်မည်ဖြစ်သော်လည်း ဘဲယာ့ဒ်မှ ပီတာစ်ဘာ့ဂ်သို့ လှေကြုံတင်ခေါ်သွားမည့် ငါးဖမ်းသမားတစ်ဦးနှင့် ဆုံတွေ့ရန်မှာ ရက်သတ္တတစ်ပတ်မက ကြာမြင့်ကောင်း ကြာမြင့်သွားနိုင်မည်ဖြစ်သည်။ (စာရေးသူနှင့်အတူ သောမတ်စ် ပင်လယ်အော် ဒေသဘက်သို့ ထွက်ခွာလာသော သစ်တောစိုက်ပျိုးရေးသမားများမှာ ဘဲယာ့ဒ် တောင်ကြားဒေသအောက်ဘက် ၁၅ မိုင်ခန့် ကွာဝေးသောနေရာတွင် စခန်းချ ထားကြသော်လည်း ထိုနေရာသည် ဖြတ်သန်းသွားလာ၍ မရနိုင်အောင်ပင် အငူအစွန်းများဖြင့် ပြည့်နှက်နေသဖြင့် ရေကြောင်း သို့မဟုတ် လေကြောင်းဖြင့် သာ သွားရောက်နိုင်သောဒေသဖြစ်သည်။)

မေလ ၁၀ ရက်နေ့ ညနေဘက် အိပ်ရာဝင်ချိန်အထိ နှင်းများကျဆင်းနေဆဲဖြစ်ကာ လေကလည်း ထန်နေပေသေးသည်။ အချိန်နာရီအနည်းငယ် ကုန်ဆုံးခဲ့ပြီးနောက် တိုးတိတ်ပြတ်တောင်းသော အသံတစ်ခုကို ကြားမိသည်။ ထိုအသံက ခြင်တစ်ကောင် ပျံသန်းသည့်အသံထက် ပိုသည်ဆိုရုံမျှပင်ရှိသည်။ ယာယီတဲတံခါးဝကို ဆွဲဖွင့်၍ အပြင်သို့ ကြည့်လိုက်သည်တွင် အများစုသော တိမ်တိုက်များ လွင့်ပါးသွားပြီဖြစ်သော်လည်း လေယာဉ်ပျံကိုမူ မြင်ကွင်းအတွင်း ၌ မြင်တွေ့ရခြင်း မရှိသေးပေ။ ထိုစဉ်မှာပင် အသံက ပြန်ပေါ်လာသည်။ သည်တစ်ကြိမ် အသံက ဆက်တိုက်ပင် ထွက်ပေါ်လာခြင်းဖြစ်သည်။ ထို့နောက် တွင် အနောက်ဘက် ကောင်းကင်ယံဆီမှ စာရေးသူရှိရာဘက်သို့ ဦးတည်ပျံသန်းလာနေသည့် အနီနှင့်အဖြူရောင်စပ် လေယာဉ်ငယ်ကို မြင်တွေ့လိုက်ရ တော့သည်။

မိနစ်အနည်းငယ်အကြာမှာပင် လေယာဉ်က စာရေးသူ၏ ဦးခေါင်း ထက်မှ ဖြတ်ပျံသွားသည်။ လေယာဉ်မှူးက ရေခဲတောင်ဒေသများတွင် ပျံသန်း ရသည်ကို အလေ့အကျင့်ရှိဟန် မတူပါ။ ရေခဲတောင်ဒေသ၏ မြေမျက်နှာပြင် အနေအထားကို လေယာဉ်မှူးက အတွက်အချက်မှားသွားသည်။ အနိမ့်ပျံသန်း ခြင်းနှင့် မျှော်လင့်မထားသော လေစီးကြောင်း အန္တရာယ်တို့ကို စိုးရိမ်ပူပန်ဟန် ရှိသော လေယာဉ်မှူးက စာရေးသူ၏ ဦးခေါင်းအထက် ပေတစ်ထောင်ခန့် အမြင့်တွင် ပျံသန်းနေသည်။ သူက တစ်ချိန်လုံး လေယာဉ်ဦးခန်းမှ ကြည့်ရှု ရှာဖွေနေသည်ဟု

ယုံကြည်ရသော်လည်း ရေခဲလွင်ပြင်ပေါ်ရှိ စာရေးသူ၏ ယာယီတဲကို ညနေခင်း အလင်းရောင်ဖြင့် မြင်တွေ့ခြင်းမရှိခဲ့ပေ။ လက်ဝှေ့ယမ်း အော်ဟစ်မှုကလည်း အချည်းနှီးပင်။ ပေတစ်ထောင်ခန့် အမြင့်မှ ကြည့်ရသည် ဖြစ်၍ စာရေးသူနှင့် ကျောက်တုံးကျောက်ဆောင် အပုံအပင်တို့ကို ခွဲခြားမြင် တွေ့နိုင်ခြင်း ရှိမည်မဟုတ်ပါ။ ထို့နောက် တစ်နာရီခန့် ကြာမြင့်သည်အထိသူက ရေခဲလွင်ပြင်ထက် ဝဲ့ဝိုက်ပျံသန်းရင်း မြေပုံထက်မှ ကွန်တိုမျဉ်းများ အတိုင်း အသေးစိတ် စစ်ဆေးကြည့်ရှုသော်လည်း စာရေးသူကို မြင်တွေ့ခဲ့ခြင်း မရှိပေ။ သို့ရာတွင် လေယာဉ်မှူးက စာရေးသူကြုံတွေ့နေသည့် ပြဿနာအတိမ် အနက်ကို နားလည်ထားသဖြင့် လက်မလျှော့စတမ်း ဝဲပျံရှာဖွေနေသည့်အတွက် ကျေးဇူးတင်ရပေသည်။ ဗျာများနေပြီဖြစ်သော စာရေးသူက ခရီးဆောင်အိပ်ရာ - အိတ်ကို အလူမီနီယံလိုက်ကာတန်း တစ်ဖက်တွင် ချည်နှောင်ပြီး ရှိသမျှအား နှင့် လေထဲတွင် ဝှေ့ယမ်းပြသည်။ လေယာဉ်က တစ်ဖက်သို့ စောင်း၍ကွေ့ကာ စာရေးသူရှိရာသို့ တည့်တည့်မတ်မတ် ပျံသန်းလာသည်။

လေယာဉ်မှူးက ယာယီတဲအနီး သုံးကြိမ်တိတိ ပျံသန်းကာ တစ်ကြိမ် လျှင် ဂျပ်သေတ္တာနှစ်လုံးစီကို ဆက်တိုက်ဆိုသလိုပင် ချပေးလာသည်။ ပစ္စည်း များ ချပေးပြီးနောက် လေယာဉ်က တောင်ကုန်းတစ်ခုအထက် ပျံသန်းပျောက် ကွယ်သွားကာ စာရေးသူတစ်ဦးတည်းသာ ကျန်ရစ်တော့သည်။ တိတ်ဆိတ်မှု က ရေခဲလွင်ပြင်တစ်ခုလုံးတွင် ပြန်လည် မင်းမူလာသည်။ စာရေးသူမှာ တစ်ဦးတည်း စွန့်ပစ်ခံရသကဲ့သို့ ခံစားရပြီး စိတ်ဓာတ်အင်အား လျော့နည်းသွား ကာ အရာရာကို ဆုံးရှုံးလိုက်သည်သို့ရှိသည်။ ထိုစဉ်က တစ်ဦးတည်း ငိုပင်ငို ကြွေးခဲ့မိသည်ဟု ထင်မှတ်မိသည်။ ရှက်ကိုးရှက်ကန်းဖြစ်သွားသော စာရေးသူ က အသံဝင်သည်အထိ တောင်စဉ်ရေမရ ညစ်ညမ်းစွာ အော်ဟစ်နေခြင်းကိုရပ်တန့်လိုက်သည်။

မေလ ၁၁ ရက်နေ့၊ နံနက်စောစော အိပ်ရာမှ နိုးလာချိန်တွင် ကောင်းကင်တစ်ခွင်တစ်ပြင် ကြည်လင်နေသည်ကို တွေ့ရှိရပြီး ရာသီဥတုမှာ လည်း ဖာရင်ဟိုက်ဒီဂရီ နှစ်ဆယ်နှင့် နှိုင်းစာပါက နွေးထွေးသည်ဟုဆိုနိုင် သည့် အပူချိန်ရှိသည်။ ရုတ်တရက် ကောင်းမွန်လာသော ရာသီဥတုအပေါ် ထိတ်လန့်သွားရခြင်းနှင့်အတူ တောင်တက်ခရီး စတင်ရန် စိတ်ဓာတ်ရေးရာ အားဖြင့် အဆင်သင့်ပြင်ဆင်မထားရသေးသော်လည်း စာရေးသူက အထုပ် အပိုးများကို အလောတကြီး ထုပ်ပိုးကာ သမ့်ဘ်တောင်ခြေသို့ လျှောစီး၍ ထွက်လာခဲ့သည်။ အလာစကာသို့ ခရီးကြမ်း နှစ်ကြိမ် ထွက်ခဲ့ဖူးသည့် ယခင် အတွေ့အကြုံများက ရှားရှားပါးပါး ကြုံတွေ့ရသော ရာသီဥတုကောင်းမွန် သည့်နေ့ကို ဖြုန်းတီးမပစ်ရန် သင်ကြားပေးခဲ့ပြီးဖြစ်သည်။

ရေခဲလွင်ပြင်၏ နှုတ်ခမ်းစပ်မှ အပြင်သို့ စွန်းထွက် တွဲလဲကျနေသော ရေခဲအမျှင်တန်းငယ်တစ်ခုက သမ့်ဘ်တောင်၏ မြောက်ဘက်မျက်နှာပြင်သို့ သွယ်တန်းထားသည့် ကြောင်လျှောက်လမ်းတစ်ခုပမာရှိသည်။ စာရေးသူ၏

စိတ်ကူးမှာ ထိုကြောင်လျှောက်မှတစ်ဆင့် တောင်နံရံအလယ်ရှိ ထင်ရှားစွာ မြင်တွေ့နေရသော ကျောက်ဆောင်ဦးပိုင်းတစ်ခုဆီသို့ ကူးသွားရန်ဖြစ်သည်။ ထိုမှတစ်ဆင့် နှင်းတောင်ပြိုစဉ်က တိုက်စားမှုကြောင့် ပုံဆိုးပန်းဆိုးနိုင်လှသော မြောက်ဘက်မျက်နှာစာ၏ အောက်ဘက်ပိုင်းကို စတင်တက်ရောက်မည်ဖြစ် သည်။

ကြောင်လျှောက်လမ်းမှာ အတန်းလိုက်ရှိသော ရေခဲချပ်များအထက် တွင် ဒူးခေါင်းမြုပ်သော နှင်းများ ဖုံးနေခြင်းဖြစ်ပြီး ရေခဲပြင်ပပ်ကြားအက် များကို ကွယ်ဝှက်ပေးထားသကဲ့သို့ ရှိသည်။ နှင်းထုထည်ကြီးမားမှုက စိတ် ထင်တိုင်း ခရီးမပေါက်စေသည့်အပြင် လူကိုပင် ပင်ပန်းနွမ်းနယ်စေသည်။ ကြောင်လျှောက်လမ်း ရေခဲပြင်ချပ်အဆုံးနှင့် တောင်နံရံအကြားမှ ကွဲကြောင်း အထက် စီးမိုးနေသော တောင်နံရံတစ်နေရာသို့ ရောက်ရှိချိန်တွင် ယာယီစခန်း ချရာမှ ထွက်လာခဲ့သည်မှာ သုံး,လေးနာရီမျှပင် ကြာမြင့်နေပြီဖြစ်ကာ လူမှာ လည်း ကိုင်ရိုက်ခံထားရသကဲ့သို့ပင်။ တောင်တက်ခရီးကား စ,ပင် မစ,ရ သေးချေ။ တွဲလဲကျနေသော ရေခဲများကို ဆွဲခို၍ မတ်စောက်သော ကျောက် တောင်ပေါ်သို့ တက်ရမည့်ခရီးမှာ ချက်ချင်းပင် စတင်ရတော့မည်ဖြစ်သည်။

ကိုင်တွယ်စရာ ရှားပါးပြီး ကြေမွလွယ်သော ဆီးနှင်းခဲများဖြင့် ခြောက်လက်မခန့်ဒုအထိ ဖုံးလွှမ်းထားသော ကျောက်တောင်ကြီးသည် အလားအလာကောင်းသော အသွင်ကို မဆောင်ပါချေ။ သို့ရာတွင် ရှေ့သို့ ချွန်ထွက်နေ သော ဦးထိပ်ပိုင်း၌မူ ပျော်ဆင်းလာသည့် နှင်းရည်အခဲများဖြင့် ရောင်ပြန်လက် နေသော ခပ်တိမ်တိမ်ထောင့်ချိုးတစ်ခုရှိသည်။ ရှည်မျှောမျှောရေခဲပြင်တန်းမှာ ည်မျှောမျှောရေခဲပြင်တန်းမှာ ပေသုံးရာခန့်ရှည်လျားပြီး ဖြောင့်တန်းစွာရှိသည်။ အကယ်၍သာ ထိုရေခဲပြင် က တောင်တက်သမားသုံး ရေခဲပေါက်ချွန်းဒဏ်ကို ခံနိုင်မည်ဆိုပါက ထို လမ်းကြောင်းအတိုင်း တက်ရောက်ရန် အဆင်ပြေမည်။ စာရေးသူက အဆို ပါ ထောင့်ချိုးရှိရာဘက်သို့ နေရာရွှေ့ကာ နှစ်လက်မ အထူခန့်ရှိသည့် ရေခဲပြင် ချပ်အား ရေခဲပေါက်ချွန်းတစ်လက်ဖြင့် ဂရုတစိုက် လွှဲ၍ စိုက်ထည့်လိုက်သည်။ ရေခဲပြင်ချပ်က ကျစ်လျစ်ပြီး လိုသလိုပုံသွင်းရနိုင်သော်လည်း စာရေးသူနှစ် သက်သည့် အနေအထားထက် ပို၍ပါးလျသည်။ မည်သို့ပင်ဖြစ်စေ ကျစ်ကျစ် လျစ်လျစ်ရှိခြင်းက အားတက်စရာပင်ဖြစ်သည်။

အတက်ခရီးကား မတ်စောက်လှပြီး အကာအကွယ်ကင်းမဲ့လှသဖြင့် ခေါင်းများပင် ချာချာလည်ရသည်။ စာရေးသူ၏ ဗိုင်ဘရမ်(Vibram) အမှတ် တံဆိပ် ရှူးဖိနပ်ခြေဖဝါးအောက်ရှိ တောင်နံရံသည် နှင်းတောင်ပြိုကျမှုကြောင့် ဖြစ်ပေါ်လာသော တောင်နံရံ နံဘေးရှိ ဝစ်ချက်စ်ကော်လ်ဒရွန် ရေခဲမြစ် (Witches Cauldron Glacier)အား ပေသုံးထောင်ခန့်အကွာတွင် ထားရစ်ခဲ့ပြီဖြစ် သည်။ တောင်၏ထိပ်ဘက်သို့ ထိုးထွက်နေသော ကျောက်ဆောင်ထိပ်ဦးပိုင်း အထက်တွင် ရှေ့ဆက်ရန်ခရီးမှာ မိုင်တစ်ဝက်မျှ ကျန်ရှိနေပေသေးသည်။

ရေခဲပေါက်ချွန်းအသစ်တစ်ခုကို စိုက်လိုက်တိုင်း လက်ကျန်အကွာအဝေးက လက်မနှစ်ဆယ်ခန့် လျော့ကျလာသည်။

တောင်နံရံ၌ စာရေးသူကို မြဲမြံစွာ တည်ရှိနေစေသည့်အရာ ဖြစ်ရုံ သာမက ကမ္ဘာလောကကြီးထဲမှ ပြုတ်ကျမသွားစေရန် ထိန်းသိမ်းပေးထား သည့်အရာမှာ ရေခဲပြင်ချပ်အတွင်း လက်မဝက်ခန့် စိုက်သွင်းထားသော ခရိုမီ ယမ်သတ္တုဖြင့် ပြုလုပ်ထားသည့် ပါးလျလျ သံဆူးချွန်နှစ်ချောင်းသာဖြစ်ပါ သည်။ အမြင့်သို့တက်နိုင်လေ သက်သောင့်သက်သာပိုရှိလေပင် ဖြစ်သည်။ ခက်ခဲသော တောင်တက်ခရီးအစပိုင်း အထူးသဖြင့် တစ်ကိုယ်တော်တက် သော ခက်ခဲသည့်တောင်တက်ခရီးအစပိုင်းတွင် တောင်တက်သူတစ်ဦးသည် သူ၏ ကျောဘက်မှ အသူတစ်ရာ နက်ရှိုင်းသောချောက်၏ ဆွဲယူမှုကို ခံစားနေ ရမည်ဖြစ်သည်။ ချောက်နက်ကြီးအတွင်း ကျနိုင်မည့်အရေးကို တွေးတောပူပန် သည့်စိတ်အား ချေဖျက်နိုင်ရန်အတွက် ပို၍ အားစိုက်ကြိုးပမ်းရမည်ဖြစ်သည်။ ကိုယ့်ကို အကာအကွယ်ပေးထားသည့် ပစ္စည်းကိရိယာများအား မျက်တောင်တစ်ခတ်မျှပင် လက်မလွှတ်ရဲဘဲရှိမည်။ တရှဲရှဲ အသံပေး တိုးဝင်နေသော လေတိုက်နှုန်းကလည်း လှုပ်ရှားမှုများကို ခဏပန်းအားဖြင့် ရပ်တန့်သွားစေမည် ပင်။ သို့ရာတွင် အထက်ဘက်သို့ ဆက်တက်လာမိသည်နှင့်အမျှ ထိုသို့သော ဖိအား များကို အလေ့အကျင့်ရလာမည်ဖြစ်သည်။ သေခြင်းတရားအား ပခုံးနှင့် ပွတ် တိုက်ခြင်းကိုလည်း အလေ့အထရလာမည်ဖြစ်သကဲ့သို့ မိမိ၏ လက်၊ ခြေ ထောက်နှင့် ဦးခေါင်းတို့အပေါ် ယုံကြည်စိတ်ချမှုသည်လည်း မြင့်တက်လာမည် ဖြစ်သည်။ တောင်တက်သမားတစ်ဦးသည် မိမိကိုယ်ကိုမိမိထိန်းချုပ်နိုင်စွမ်း အပေါ် ယုံကြည်မှုထားရှိရန် သင်ယူရမည်ဖြစ်သည်။

ဖြည်းဖြည်းချင်းဖြင့် သင်၏ အာရုံစူးစိုက်မှု ပိုမိုအားကောင်းလာကာ လက်ဆစ်လက်ခေါက်များ နာကျင်ခြင်း၊ ပေါင်ရင်းများကိုက်ခဲခြင်း၊ အမျှင် မပြတ် အာရုံစူးစိုက်လုပ်ကိုင်ရခြင်းကြောင့် ပင်ပန်းနွမ်းနယ်ခြင်း စသည်တို့ကို သတိမပြုမိဘဲ ရှိလာမည်ဖြစ်သည်။ ကိုယ်ကိုယ်တိုင် ကြိုးပမ်းအားထုတ်နေမှု အပေါ်တွင်သာ နစ်မျောနေသည့်အခြေသို့ ဆိုက်လာမည်ဖြစ်သည်။ ထိုအခြေ အနေတွင် တောင်တက်ခြင်းသည် သင့်အတွက် ပကတိမြင်တွေ့ခွင့်ရသော အိပ်မက်တစ်ခုပမာ ဖြစ်လာမည်။ နာရီတို့က မိနစ်များအလား မြန်ဆန်စွာ ရွေ့လျားလာကြမည်ဖြစ်သည်။ နေ့စဉ် လူနေမှုဘဝတွင် ကြုံတွေ့ရသော ယုံ ကြည်ချက် ခဏပန်း ပျောက်ဆုံးခြင်း၊ ပေးချေရန်ကျန်ရှိနေသေးသည့် ငွေ တောင်းခံလွှာများ၊ ပြက်ချော်ချော်အခွင့်အလမ်းများ၊ ဆက်တီခုံတန်းရှည်အောက် မှ ဖုန်များ၊ မည်သည့်နည်းနှင့်မျှ လွတ်မြောက်နိုင်မည်မဟုတ်သော မျိုးရိုးဗီဇ အကျဉ်းထောင်များအကြောင်းတို့ကို ယာယီအားဖြင့် မေ့လျော့ထားနိုင်မည် ဖြစ်သည်။ သင် အားထုတ်ဆောင်ရွက်နေသော အလုပ်၏ လေးနက်မှုနှင့် ပြတ်သားကြည်လင်သော ရည်ရွယ်ချက်တို့၏ အားသာမှုအားဖြင့် သင်၏စိတ်

အစဉ်တွင် ပြည့်ကျပ်နေသော အတွေးများကို ယာယီမေ့ပျောက်ထားနိုင်မည်ဖြစ်သည်။

ထိုသို့သော အချိန်အခိုက်အတန့်မျိုး၌ ပျော်ရွှင်မှုနှင့် အလားသဏ္ဍာန်တူသော ခံစားမှုတစ်ရပ်က သင်၏ ရင်ထဲတွင် ဝဲလှည့်နေမည်ဖြစ်သော်လည်း ထိုခံစားချက်သည် သင်အလိုရှိသော ခံစားမှုမျိုးဖြစ်မည် မဟုတ်ပေ။ တစ်ကိုယ်တော် တောင်တက်ခရီးထွက်ခြင်းသည် အတင့်ရဲခြင်းဆိုသည်ထက်ပင် အနည်းငယ်ပိုကာ ယုံကြည်ကိုးစားနိုင်စွမ်း အရှိဆုံးသောအရာမျိုး မဟုတ်ပါ။ သမ့်ဘ်တောင်၏ မြောက်ဘက်မျက်နှာစာသို့ တက်ရောက်ခဲ့သည့်နေ့ ညနေခင်းပိုင်း တစ်ချိန်တွင် ရေခဲပေါက်ချွန်းအား တစ်ချက်လွှဲအရိုက်၌ စာရေးသူ၏ ကော်စေးကဲ့သို့သော တွယ်ကပ်အားအပေါ် ယုံကြည်ကိုးစားမှုမှာ တစ်စစီလွင့်ပါးသွားခဲ့ ရသည်။

ထိုအချိန်က တွဲလောင်းကျနေသော ရေခဲပြင်ချပ်မှ အထက် ပေခုနစ်ရာနီးပါးခန့်အထိ ခရီးပေါက်နေချိန်ဖြစ်သည်။ အဆိုပါ ပေခုနစ်ရာခရီးအား ရေခဲပြင်စီး ဆူးချွန်တပ်ဖိနပ်နှင့် ရေခဲပေါက်ချွန်းတို့ကို အားကိုးပြု၍ တက်ရောက်လာခြင်း ဖြစ်သည်။ ဖဲကြိုးတစ်ချောင်း သွယ်တန်းချထားသည့်ပမာ တွဲလဲကျနေသော ရေခဲပြင်ချပ်သည် ပေသုံးရာခန့်အရောက်တွင် အဆုံးသတ်သွားသည်။ ပေသုံးရာအထက်တစ်လျှောက်၌ ကြေမွလွယ်သော ဆီးနှင်းချပ်များ ဖြင့် ဖုံးလွှမ်းနေသည်။ ခန္ဓာကိုယ်အလေးချိန်ကို ခံနိုင်ရုံမျှသာရှိသော်လည်း ကျောက်ဆောင်သားပေါ်တွင် ဖုံးအုပ်နေသည့် ဆီးနှင်းခဲတို့၏ အထူမှာ နှစ်ပေ, သုံးပေခန့်အထိ ရှိသည်ဖြစ်၍ စာရေးသူက ရေခဲပေါက်ချွန်းကိုသုံးကာ အပေါ်သို့ ဆက်တက်သည်။ သို့သော်လည်း တောင်နံရံက နားမလည်နိုင်လောက်အောင် ပင် မတ်စောက်လာသည်သာမက ဆီးနှင်းချပ်များကလည်း ပါးလျလာသည်။ စာရေးသူက အိပ် မွေ့ချခံထားရသူတစ်ဦးပမာ ရေခဲပေါက်ချွန်းကို လွှဲရိုက်၊ ခြေကန်တက်၊ လွှဲရိုက်၊ ခြေကန်တက်ဖြင့် စည်းချက်ကျကျ တက်မြဲတက်သည်။ တစ်ကြိမ်တွင် ဘယ်ဘက်လက်အတွင်းရှိ ရေခဲပေါက်ချွန်းဖြင့် လွှဲရိုက်လိုက်ရာ၌ ဆီးနှင်းခဲတို့၏ အောက်ဘက် လက်မအနည်းငယ်ခန့် အကွာရှိ ဒိုင်ယာရိုက်ကျောက်သားနံရံကို ထိမှန်သည်။

ဘယ်ညာပြောင်း၍ ကြိုးစားလွှဲရိုက်သော်လည်း ကျောက်သားနံရံကို သာ ထိမှန်နေသည်။ သာမန်အားဖြင့် စာရေးသူကို တောင်နံရံတွင် ထိန်းထား ပေးသည်ဟု ထင်မြင်ရသည့် ဆီးနှင်းချပ်မှာ အထူအားဖြင့် ငါးလက်မခန့်မျှ သာရှိသည်။ ထိုဆီးနှင်းချပ်၏ ဖွဲ့စည်းပုံမှာ ချဉ်နံ့ထွက်နေပြီဖြစ်သော ပြောင်းဖူး ပေါင်မုန့်တစ်လုံးကဲ့သို့ပင် ပွစိစိဖြစ်နေပေပြီ။ စာရေးသူ၏ အောက်ဘက်တွင် အနက်ပေ ၃၇၀၀ ခန့်ရှိသော ချောက်နက်ကြီး၏ လေထုသာရှိသည်။ အနေအထားမှာ ဖဲချပ်ဖြင့်ဆောက်ထားသော အိမ်ပေါ်တွင် ဟန်ချက်ညီအောင်ရပ်နေ ရသကဲ့သို့ရှိကာ အချိန်မရွေးပင် ဟန်ချက်ပျက် လဲကျနိုင်ခြေရှိသည်။ ကြောက်

စိတ်စိုးမိုးမှုကြောင့် လည်မျိုထဲသို့ပင် ချဉ်နံ့စူးစူးတက်လာသည်။ မြင်ကွင်းက ဝေဝါးသွားပြီး အသက်ကို အငမ်းမရ ရှူရှိုက်နေမိသည်။ ခြေသလုံးကြွက်သား များက တဆတ်ဆတ် တုန်ခါလာကြသည်။ ပိုမိုထူထဲသော ရေခဲချပ်တွေ့ရနိုးဖြင့် ညာဘက်သို့ ပေအနည်းငယ်ခန့် နေရာရွှေ့သော်လည်း ရေခဲပေါက်ချွန်းက ကျောက်သားနံရံကိုသာ ရိုက်မိပြီး ကွေးကောက်သွားရသည်။

ထိတ်လန့်မှုကြောင့် အကြောအခြင်များ တောင့်တင်းသွားသည့် စာရေးသူက အောက်ဘက်သို့ ပြန်ဆင်းရန် ကိုးရိုးကားရားဖြင့် စတင်ကြိုးပမ်း သည်။ ဆီးနှင်းခဲတို့က ဖြည်းဖြည်းချင်း ပို၍ ထူလာသည်။ ပေရှစ်ဆယ်ခန့် အထိ အောက်ဘက်သို့ ပြန်ဆင်းမိသည့်အခါ အတန်အသင့် မာကျောသော ကြမ်းခင်းတစ်ခုသို့ရောက်သည်။ စိတ်လှုပ်ရှားမှုများ တည်ငြိမ်စေရန် ထိုနေရာ တွင်ပင် အတန်ကြာ နားနေလိုက်သည်။ ထို့နောက် ကျောဘက်ရှိ ပစ္စည်းကိရိယာများကို မှီနေရာမှ ရှေ့သို့ကိုင်းကာ အပေါ်ဘက်သို့ မော့ကြည့်ရင်း ကျစ်ကျစ် လျစ်လျစ်ရှိသော ရေခဲပြင်ချပ်များ တွေ့လို့တွေ့ငြား ရှာဖွေကြည့်မိသည်။ ကျောက်ထပ်လွှာများအကြားတွင် အပြောင်းအလဲတစ်စုံတစ်ရာ တွေ့လိုတွေ့ ငြား၊ ဆီးနှင်းခဲများအတိ ဖုံးလွှမ်းနေသော ကျောက်သားပြင်ချပ်ပေါ်တွင် လမ်းကြောင်းတစ်ခုခု တွေ့လိုတွေ့ငြား ရှာဖွေကြည့်မိသည်။ လည်ပင်းညောင်း၊ ဇက်တောင့်သည်အထိ မျှော်ကြည့်ပါသော်လည်း မည်သည့်အရာမျှ ပေါ်ထွက်လာခြင်းမရှိ။ တောင်တက်ခရီးကား အဆုံးသတ်လေပြီ။ ခရီးဆက်ရန်ဆို၍ တောင်အောက်သို့ ပြန်ဆင်းရန်သာရှိတော့သည်။

အခန်း (၁၅)
စတစ်ခ်ကီးန်းရေခဲပြင်

ရေခဲမြစ်များ အရိုန်အဟုန်ပြင်းထန်သော ရေစီးကြောင်းများကို ဖြတ်သန်းရန် စေ့ဆော်ခြင်း၊ အန္တရာယ်များပြားသော တောင်အမြင့်များသို့ တက်ရောက်ခြင်း စသည့် ကြိုးပမ်းအားထုတ်မှု တစ်စုံတစ်ရာ မပြုလုပ်သရွေ့ ဝေဖန်ပိုင်းခြားနိုင်စွမ်းကို ပိတ်ဆီးကာ မိမိတို့စိတ်အတွင်း၌ ချုပ်တည်းထားနိုင် စွမ်းမရှိသည်တို့ မည်မျှအထိ ရှိနေမည်ဆိုသည်ကို ကျွန်ုပ်တို့ စဉ်းငယ်မျှသာ ရိပ်စားသိရှိကြသည်။

ဌွန်မျူယာ

The Mountains of Califormia

သို့ရာတွင် ဆမ်အိတ်ချ် (Sam H)က သင့်ကို လှမ်းကြည့်လာသည့် အခါ သူ၏ နှုတ်ခမ်းထောင့်စွန်းတစ်ဖက်က မဆိုစလောက်ကွေးညွတ်သွား သည်ကို သင်သတိထားမိပါသလား။ ထိုသို့ နှုတ်ခမ်းထောင့်စွန်း ကွေးညွတ်ခြင်း မှာ သူ့အား သင်က ဆမ်တူး(Sam II)ဟု မခေါ်စေလိုကြောင်း ပြသခြင်းပင်။ ထို့အတွက် အကြောင်းရင်းတစ်ခုနှင့် အခြားသောအရာနှစ်ခုရှိနေသည်။ ဆိုလို သည်မှာ သူ၏ လက်ဝဲဘက်အခြမ်း ဘောင်းဘီထက်တွင် ပြောင်းတိုသေနတ် တစ်လက်ရှိပြီး လက်ယာဘက်အခြမ်း ဘောင်းဘီထက်တွင် သံချိတ်ကောက် တစ်လက် ချိတ်ထားကာ အခွင့်အရေးရသည်နှင့် သူ၏ ကိုယ်ပေါ်ရှိ လက်နက်တစ်ခုခုဖြင့် သင့်အား အသေသတ်ရန် သူက အဆင်သင့်ဖြစ်နေခြင်းပင်။ ဖခင်ဖြစ်သူမှာ အံ့အားသင့်ခဲ့ရသည်။ ထိုသို့သော ထိပ်တိုက်ရင်ဆိုင်ရသည့် အခြေအနေမျိုး၌ သူပြောလေ့ရှိသည်က "မင်းအနီးတွေကို ငါလဲပေးခဲ့တာပါ၊ အရိုင်းအစိုင်းလေးရ" ဟူ၍သာ ဖြစ်သည်။ ထိုစကားသည် ပြောသင့်၊ ပြောအပ် သော စကားမဟုတ်ပါ။ ပထမအချက်မှာ မှန်ကန်သောစကား မဟုတ်ခြင်းပင် ဖြစ်သည်။ (ကလေးအနီး ဆယ်ကြိမ်လဲလှယ်ရာတွင် မိခင်တို့က ကိုးကြိမ်အထိလဲလှယ်ပေးကြသည်။) ဒုတိယအချက်မှာ ထိုစကားသည် ဆမ်တူးအတွက် စိတ်ပျက်ဒေါသဖြစ်ဖွယ်ရာတို့ကို အမြဲတစေ သတိပေးနေသကဲ့သို့ ရှိခြင်း ကြောင့်ပင်။ သူက သေးကွေးနေပြီး သင်က ကြီးမားထွားကျိုင်းနေလျှင် ဆမ်တူးက စိတ်ပျက်ဒေါသဖြစ်တတ်သည် ဟူ၍လည်း မဟုတ်ပါ။ သူက ကူရာကင်းမဲ့နေပြီး သင်က အစွမ်းအစထက်မြက်နေလျှင်လည်း ဆမ်တူးက စိတ်ပျက်ဒေါသဖြစ်သည် ဟုလည်း မဟုတ်သေး။ သင်က မရှိမဖြစ်လိုအပ်သူ ဖြစ်နေပြီး သူက အကြောင်းတိုက်ဆိုင်မှသာ လိုအပ်သူဖြစ်ရခြင်းကို သူက စိတ်ပျက်ဒေါသထွက်သည် ဟူ၍လည်း လုံးလုံးလျားလျား ဆိုသာသည်မဟုတ် ပေ။ သူက သင့်အပေါ် ချစ်ခင်သည်ကို သင်က သတိမပြုမိသောကြောင့် သူ၏စိတ်အစဉ်ကစဥ့်ကလျားဖြစ်နေရခြင်းသာ ဖြစ်သည်။

ဒေါ်နယ်လ်ဘားရ်သာမီ

The Dead Father

ဒက်ဗီးလ်စ်သမ့်ဘ်တောင်ပေါ်မှ ပြန်ဆင်းလာခဲ့ပြီးနောက် နှင်းများထူထပ်စွာ ကျရောက်ခြင်းနှင့် လေပြင်းများတိုက်ခတ်လာခြင်းတို့ကြောင့် စာရေး သူမှာ နောက်ထပ် သုံးရက်ခန့်အထိ တဲအတွင်း၌ပင် အောင်းနေရသည်။ အချိန်နာရီတို့ကား ကုန်ခဲလှသည်။ အချိန်ကုန် မြန်စေရန် ကြိုးစားသည့်အနေဖြင့် စာရေးသူက ပါလာသမျှ စီးကရက်များ ကုန်ဆုံးသည်အထိ မနားတမ်း ဖွာ ရှိုက်နေမိသည်။ စာအုပ်များလည်း ဖတ်သည်။ ဖတ်စရာ စာအုပ်ကုန်သည့်အခါ တဲမျက်နှာကြက်မှ ရွက်ဖျင်ယက်လုပ်ထားပုံကို လေ့လာခြင်းအားဖြင့် အချိန် ဖြုန်းရပြန်သည်။ နာရီများစွာ ကြာမြင့်သည့်တိုင်အောင် ကျောခင်းလေ့လာရင်း မှာပင် စာရေးသူ၏ စိတ်အစဉ်၌ တစ်ဦးတည်း အငြင်းအခုံဖြစ်နေရသည်။ ရာသီဥတုအခြေအနေ ကောင်းသည်နှင့် ကမ်းရိုးတန်းဒေသဘက်သို့ ထွက်ခွာ သွားရမလား သို့မဟုတ် တောင်ပေါ်သို့ နောက်တစ်ကြိမ် ထပ်မံကြိုးစားတက် ရောက်နိုင်မည့်အချိန်အထိ စောင့်ဆိုင်းနေရမည်လား ဝေခွဲမရဖြစ်နေခြင်းပင်။

အမှန်ဆိုရပါက ဒက်ဗီးလ်စ်သမ့်ဘ် မြောက်ဘက်မျက်နှာစာမှ စာရေးသူ၏ စွန့်စားခန်းခရီးစဉ်သည် စာရေးသူကို ထိတ်လန့်သွားစေခဲ့ပြီး နောက်တစ်ကြိမ် ထပ်မံတက်ရောက်လိုစိတ် မရှိတော့ပါ။ သို့ရာတွင် ဘိုးလ် ဒါမြို့သို့ အရှုံးဖြင့် ပြန်ရမည်ဆိုသည့် အတွေးကလည်း စွဲမက်ဖွယ်ရာမကောင်း လှ။ ခရီးစဉ် စ,ထွက်စဉ်ကပင် အောင်မြင်မည်မဟုတ်ဟုဆိုခဲ့ကြသော သူတို့ထံ မှ ပြောကြားလာမည့် နှစ်သိမ့်စကားများကိုလည်း စာရေးသူ၏ နားထဲတွင် အလွယ်တကူပင် ကြားယောင်မိနေသည်။

လေပြင်းများတိုက်ခတ်နေသည့် တတိယမြောက်နေ့၏ နေ့လယ်ခင်း ဘက်တွင်မူ စာရေးသူ၏ သည်းခံနိုင်စွမ်းအား ကုန်ဆုံးသွားခဲ့ရပေပြီ။ အေးခဲ နေသော နှင်းစိုင်နှင်းခဲတို့က စာရေးသူ၏ကျောကို ထိုးနှက်တိုက်ခိုက်နေပြီး စွတ်စိုထိုင်းမှိုင်းနေသော နိုင်လွန်တဲနံရံများက စာရေးသူ၏ မျက်နှာပေါ်သို့ ပွတ်တိုက်နေသည်။ ခရီးဆောင် အိပ်ရာအိတ်အတွင်းမှ မယုံကြည်နိုင်လောက် အောင် နံစော်နေသော အနံ့ဆိုးများကလည်း ထောင်းထောင်းထ,နေသည်။ စာရေးသူ၏ ခြေရင်းရှိ အရှုပ်အထွေးပစ္စည်းပုံအတွင်းသို့ လက်ဖြင့် စမ်း၍ ရှာဖွေရာမှ အစိမ်းရောင်အိတ်ငယ်တစ်လုံးကို တွေ့ရှိခဲ့သည်။ ထိုအိတ်ငယ် အတွင်း၌ တောင်ထိပ်ရောက်လျှင် အောင်ပွဲခံသည့်အနေဖြင့် သောက်ရန်ထား သော ဆေးမှုန့်အချို့ရှိမည်ဟု မျှော်လင့်မိသည်။ တောင်ထိပ်မှ ပြန်ဆင်းသည့် အချိန်တွင် သောက်ရန် ရည်ရွယ်ထားခဲ့သော်လည်း လက်ရှိအခြေအနေအရ မကြာမီအတောအတွင်း တောင်ထိပ်သို့ ရောက်နိုင်မည့်ဟန် မရှိချေ။ အိတ်ငယ် အတွင်းမှ ဆေးမှုန့်အားလုံးနီးပါးကို စီးကရက်လိပ်သည့် စက္ကူတစ်ရွက်ပေါ်သို့ သွန်ချကာ စီးကရက်တစ်လိပ် လိပ်လိုက်ပြီး တစ်လိပ်လုံးကုန်သည်အထိအငမ်းမရ ဖွာရှိုက်လိုက်မိသည်။

ဆေးခြောက်မှုန့်ဖြင့် လိပ်ထားသော စီးကရက်က စာရေးသူ၏ စခန်းချရာ

တဲငယ်ကို ပို၍ ကျဉ်းကျပ်သွားစေသည့်အပြင် အသက်ရှူလည်း ပိုကျပ်လာကာ ဆက်လက်သည်းခံနိုင်ရန် မဖြစ်နိုင်သည့် အခြေအနေသို့ ဆိုက် ရောက်စေခဲ့သည်။ ထို့အပြင် ဆာလောင်ခြင်းပြင်းစွာ ဖြစ်စေသည်။ ကွေကာ အုပ် အနည်းငယ်ခန့် သောက်လိုက်ရလျှင် အဆင်ပြေသွားမည်ဟု တွေးလိုက်မိသည်။ သို့သော်လည်း ကွေကာအုပ်တစ်ခွက်ဖျော်ရသည့် လုပ်ငန်းစဉ်များမှာ ရှည်လျားလွန်းလှသည်။ တဲအပြင်ဘက် လေပြင်းကျနေသည့်နေရာမှ ရေနွေး တစ်အိုးစာ နှင်းများကို စုဆောင်းယူရသည်။ ထို့နောက် မီးဖိုထုတ်ပြီး မီးမွှေး၊ ကွေကာအုပ်နှင့် သကြားကိုရှာ၊ ခွက်အတွင်းမှ ယမန်နေ့ ညနေစာ အကြွင်းအကျန်များကို ခြစ်ထုတ်ပစ်နှင့် အလုပ်များခဲ့ရသည်။ မီးဖိုက မီးအားကောင်း လာပြီး နှင်းခဲများ အရည်ပျော်စပြုချိန်တွင် ညှော်နံ့တစ်ခု ထွက်လာသည်။ မီးဖိုနှင့် မီးဖိုပတ်ဝန်းကျင်တွင် မည်သည့် ထူးခြားမှုမျှမရှိ။ တွေတွေဝေဝေနှင့် ပင် ရှိစေတော့ဟု ထားလိုက်မည်အပြုတွင် စာရေးသူ၏ နောက်ကျောဘက် မှ တဖျစ်ဖျစ်မြည်သံ ထွက်ပေါ်လာသည်။

ကမန်းကတန်း လှည့်ကြည့်သည်တွင် မီးဖိုမီးမွှေးပြီးနောက် တောက် ထုတ်လိုက်သော မီးခြစ်ဆံက အမှိုက်အိတ်ပေါ်သို့ ကျရောက်ကာ မီးတောက် လောင်နေခြင်းဖြစ်သည်ကို တွေ့လိုက်ရသည်။ မီးတောက်ကား အရှိန်ပင်ရနေ ချေပြီ။ စာရေးသူက မီးတောက်ကို လက်ဝါးဖြင့် အုပ်ရိုက်ကာ စက္ကန့်အနည်း ငယ်အတွင်း ငြိမ်းသတ်နိုင်လိုက်သော်လည်း တဲငယ်၏အတွင်းဘက် နိုင်လွန် နံရံအပိုင်းကြီးတစ်ပိုင်းမှာ မျက်စိရှေ့မှောက်တွင်ပင် အရည်ပျော်ကျသွားခဲ့ရ သည်။ နိုင်လွန်သားနံရံတွင် မူလကပင် ရှိသော ခွဲကြောင်းနေရာမှာ မီးဘေးမှ လွတ်မြောက်ခဲ့ရသည်ဖြစ်၍ ရာသီဥတုဒဏ်ကို အနည်းနှင့်အများဆိုသလို ခံနိုင် ဦးမည်ဖြစ်သည်။ သို့တိုင်အောင်ပင် တဲအတွင်း၌ ဒီဂရီ သုံးဆယ်နီးပါးခန့် ပို၍ အေးလာသည်။

ဘယ်ဘက်လက်ဖဝါးက တစစ်စစ် ဖြစ်လာသဖြင့် စစ်ဆေးကြည့် လိုက်ရာ မီးအပူရှိန်ဟပ်ထားသည့် အနီရောင်အကွက်ကို တွေ့သည်။ စာရေး သူအတွက် အခက်အခဲအဖြစ်ရဆုံးအချက်မှာ တဲငယ်သည် စာရေးသူပိုင် ပစ္စည်းမဟုတ်ဘဲ ဖခင်ဖြစ်သူထံမှ ငှားရမ်းလာခြင်းပင်ဖြစ်သည်။ ခရီးမထွက်မီ က အသစ်ကျပ်ချွတ်ဖြစ်၍ တံဆိပ်ပြားပင် မခွာရသေးပေ။ ဖခင်ဖြစ်သူက စိတ်မပါလက်မပါဖြင့် ငှားရမ်းလိုက်ခြင်းလည်းဖြစ်သည်။ တစ်ချိန်က လှပလှ သောတဲငယ်မှာ နိုင်လွန်ညှော်နံ့တထောင်းထောင်းထနေသည့် တဲပျက်တစ်ခုဖြစ် သွားသည်ကို ငေးစိုက်ကြည့်နေရင်း စာရေးသူမှာ မိနစ်အနည်းငယ်ကြာမြင့် သည်အထိ ကြက်သေသေကာ ထိုင်နေမိသည်။ “ဒီတဲကို အပြီးပေးလိုက်ဖို့ ကောင်းတာ”ဟု စာရေးသူ တွေးနေမိသည်။ ဖခင်ဖြစ်သူ၏ အဆိုးရွားဆုံးသော မျှော်လင့်ချက်များနှင့် မည်သို့ အဆင်ပြေအောင် ပြုလုပ်ရမည်ကို စာရေးသူက သိရှိထားပြီး ဖြစ်ပါသည်။

စာရေးသူ၏ ဖခင်မှာ စိတ်အပြောင်းအလဲမြန်ပြီး လွန်စွာ ခန့်မှန်းရ ခက်သူတစ်ဦးဖြစ်သည်။ အပြင်ပန်း အမြင်တွင် ဖခင်ဖြစ်သူက ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှုအပြည့်ရှိဟန်ရသော်လည်း အတွင်းစိတ်ရှိ စိုးရိမ်ပူပန်တတ်မှု တို့ကို ဖုံးကွယ်ထားခြင်းမျှသာဖြစ်သည်။ သူ၏ဘဝတစ်လျှောက်လုံး၌ အမှားပြုလုပ်မိသည့်အတွက် ဝန်ခံမှုရှိခဲ့လျှင်သော်တောင်မှ စာရေးသူ မျက်မြင်ကိုယ် တွေ့ မကြုံခဲ့ရဖူးပါ။ သို့ရာတွင် စာရေးသူကို တောင်တက်အတတ် သင်ကြား ပေးသူမှာ သီတင်းပတ်အားလပ်ရက်တိုင်း တောင်တက်ခရီးထွက်လေ့ရှိသည့် ဖခင်ဖြစ်သူကိုယ်တိုင်ပင်။ စာရေးသူအသက်ရှစ်နှစ်အရွယ်မှာပင် တောင်တက် ကြိုးခွေနှင့် ရေခဲပေါက်ချွန်းတို့ကို ဖခင်ဖြစ်သူက ဝယ်ယူပေးခဲ့သည်။ ကက်စ် ကိတ်ဒ်တောင်တန်း(Cascade Range)သို့ စာရေးသူကို ခေါ်သွားကာ စာရေးသူတို့ ၏ အိုရီဂွန်ပြည်နယ်မှ နေအိမ်နှင့် အလှမ်းမကွာဝေးလှသော တစ်နေရာရှိပေတစ်သောင်းခန့်မြင့်သော ဆောက်သ်စစ္စတာ(South Sister) မီးတောင်ကို တက်စေခဲ့သည်။ စာရေးသူသည် တစ်ချိန်တွင် တောင်တက်ခြင်းအတတ်ပညာ ဖြင့် ဘဝကို ပုံဖော်ထုဆစ်လာလိမ့်မည်ဟု ဖခင်ဖြစ်သူက တွေးမိခဲ့မည်မဟုတ် ပါ။

ကြင်နာ ရက်ရောတတ်သော လူးဝစ္စ ခရက်ကောင်ဝါ (Lewis Krakauer) သည် စည်းကမ်းတင်းကျပ်သော ဖခင်တို့၏ အုပ်ချုပ်ရေးကို ကျင့် သုံးသော်လည်း သူ၏ သားသမီး ငါးဦးအပေါ် လွန်စွာမှပင် ချစ်မြတ်နိုးသူဖြစ် သည်။ သူ၏ ကမ္ဘာလောကကြီးအပေါ် အမြင်မှာမူ မဆုတ်မနစ် ယှဉ်ပြိုင်မှု အားကြီးသော သဘာဝတရားက လွှမ်းမိုးသည်။ သူ၏ အမြင်တွင် ဘဝဆိုသည် မှာ ပြိုင်ပွဲတစ်ရပ်ပင်။ သူက အင်္ဂလိပ်စာရေးဆရာ စတီဖင်ပေါ့တာ(Stephen Potter)၏ စာအုပ်များကို ဖတ်ပြီးရင်း ဖတ်သူလည်း ဖြစ်သည်။ ပြိုင်ဘက် အပေါ် အသာရစေသည့် နည်းလမ်းဟု အဓိပ္ပာယ်ရသော one-upmanship ဆိုသည့် စကားလုံးနှင့် စိတ်ဓာတ်ရေးရာအရ အောင်နိုင်မှုရယူခြင်း အတတ်ဟု အဓိပ္ပာယ်ရသော gamesmanship ဆိုသည့် စကားလုံးများမှာ စတီဖင်ပေါ့တာ တီထွင်သုံးစွဲခဲ့သော စကားလုံးများဖြစ်သည်။ စာရေးသူ၏ ဖခင်က ထိုစကား လုံးများကို လူမှုသရော်စာများအဖြစ် ဖတ်ရှုခဲ့ခြင်းမဟုတ်ဘဲ လက်တွေ့နည်းကျ အောင်မြင်ရေး စီမံကိန်းများအတွက် လက်စွဲပြုဖွယ်ရာအဖြစ် ဖတ်ရှုခဲ့ခြင်းဖြစ် သည်။ သူက ဝေါ့လ်မက်ကန်းဒလက်စ်ကဲ့သို့ပင် ရည်မှန်းချက်အလွန်အကျွံ ပြင်းပြသူဖြစ်ကာ သူ၏ မျှော်မှန်းချက်တို့မှာ သားသမီးများဆီသို့ ဆင်းသက် ကူးစက်လာခဲ့သည်။

စာရေးသူငယ်စဉ်က သူငယ်တန်းတက်သည့် အရွယ်မတိုင်မီမှာပင် ဖခင်ဖြစ်သူက ဆေးပညာရပ်ဘက်တွင် အောင်မြင်စေရန် ပြင်ဆင်ဆောင်ရွက် ပေးခဲ့သည်။ သို့ရာတွင် ဖခင်ဖြစ်သူ၏ ကြိုးပမ်းမှုမှာ မအောင်မြင်ခဲ့ဘဲ စာရေး သူက ဥပဒေတွဲ့မျှဖြင့်သာ နှစ်သိမ့်ပေးနိုင်ခဲ့သည်။ ခရစ္စမတ်ပွဲတော်ရက်များနှင့်

မွေးနေ့ကျရောက်သည့်အခါများတွင် ဖခင်ဖြစ်သူက စာရေးသူအတွက် လက်ဆောင်အဖြစ် အဏုကြည့်မှန်ဘီလူး၊ ဓာတုဗေဒစမ်းသပ်ခန်းသုံးပစ္စည်းများ နှင့် ဘရစ်တန်နစ်ကာ စွယ်စုံကျမ်း(Encyclopedia Britannica)စသည်တို့ကို ဝယ်ယူပေးလေ့ရှိသည်။ စာရေးသူတို့ မောင်နှမတစ်သိုက်မှာ မူလတန်းမှသည် အထက်တန်းကျောင်း အဆင့်ဆင့်တွင် သိပ္ပံပညာရပ်ဆိုင်ရာ ထူးချွန်ဆုများရရှိစေရန်၊ ကျောင်းတွင်း အလှမယ်အဖြစ် အရွေးခံရရန်၊ ကျောင်းသားအုပ်ချုပ်မှု အဖွဲ့တွင် ရွေးကောက်ခံရရန် အမြဲပင် ဖိအားပေးခံရလေ့ရှိသည်။ ထိုမှစ၍ စာရေးသူတို့ သိရှိနားလည်လာခဲ့သည်မှာ သင့်တော်သော ကောလိပ်ကျောင်း တစ်ကျောင်းသို့ တက်ရောက်ပညာသင်ကြားခွင့် ရရှိရေး မျှော်မှန်းမည်ဆိုပါက ထိုကျောင်းသည် ဟားဗတ်ဆေးကျောင်းပင်ဖြစ်မည်ဆိုသည်ပင်။ ဟားဗတ်ဆေး ကျောင်းသည်သာ အဓိပ္ပာယ်ပြည့်ဝသော အောင်မြင်မှုနှင့် ရေရှည်တည်တံ့သော ပျော်ရွှင်မှုတို့အတွက် ဘဝ၏ တစ်ခုတည်းသော လမ်းကြောင်းအဖြစ် မှတ်ယူခဲ့ ကြရသည်။

ဖခင်ဖြစ်သူက သူ၏ အခြေခံမှုကို မမိုတ်မသုန် ယုံကြည်သူဖြစ် သည်။ ထိုလမ်းကြောင်းအတိုင်း လျှောက်လှမ်းခဲ့ခြင်းအားဖြင့် သူက ကြီးပွား ချမ်းသာမှုကို ရရှိခဲ့ခြင်းလည်း ဖြစ်သည်။ သို့ရာတွင် စာရေးသူက ဖခင်၏ ကိုယ်ပွားတစ်ယောက် မဟုတ်ပါ။ ဆယ်ကျော်သက်အရွယ်အတွင်း ထိုအချက် ကို စာရေးသူ ဆင်ခြင်အောက်မေ့တတ်လာသည်တွင် ဖခင်ဖြစ်သူ ချမှတ်ပေး ထားသော လမ်းကြောင်းမှ ဖြည်းဖြည်းချင်း သွေဖည်လာကာ နောက်ဆုံးတွင် လမ်းကြောင်းတစ်ခုလုံးမှ လုံးလုံးလျားလျားပင် ခွဲထွက်လာသည်။ စာရေးသူ ၏ ပင်ကိုအတွေးအမြင်ဖြင့် ရှင်သန်ထမြောက်မှုက ဖခင်ဖြစ်သူ၏ အော်ဟစ် ခြိမ်းခြောက်မှုများကို လက်ယပ်ခေါ်သကဲ့သို့ပင်။ မိုးခြိမ်းသံတမျှ ကျယ်လောင် ပြင်းထန်လှသော ရာဇသံတို့က အိမ်ပြတင်းတံခါးများကိုပင် အသံထွက်သည် အထိ တုန်ခါသွားစေသည်။ အိုရီဂွန်ပြည်နယ်၊ ကော်ဗဲလစ္စမြို့(Corvallis)မှ စာရေးသူ ထွက်ခွာကာ အဝေးဒေသတစ်ခုရှိ ကောလိပ်ကျောင်းတစ်ကျောင်း တွင် တက်ရောက်မည်ဖြစ်ကြောင်း စာရေးသူက အသိပေးပြောကြားချိန်တွင် ဖခင်ဖြစ်သူက မေးရိုးများထောင်ထ,နေအောင် အံကြိတ်ထားသည့် ကြိတ်မနိုင် ခဲမရဟန်ဖြင့် နားထောင်နေခဲ့သည်။ ထို့နောက် လေးနှစ်အကြာ ကောလိပ် ကျောင်းဆင်းလာချိန်တွင် ဟားဗတ်ဆေးကျောင်းသာမက မည်သည့်ဆေး ကျောင်းကိုမျှ ဝင်ရောက်ခဲ့ခြင်းမရှိဘဲ လက်သမားအလုပ်ဖြင့် အသက်မွေးသော တောင်တက်ဝါသနာအိုးတစ်ယောက်သာ ဖြစ်လာခဲ့သည်။ စာရေးသူနှင့် ဖခင်ဖြစ်သူ၏ ကြားမှ ကွက်လပ်မှာ တံတားထိုး၍ မရလောက်အောင်ပင် ကျယ်ပြန့် သွားခဲ့ရတော့သည်။

စာရေးသူအနေဖြင့် အသက်ငယ်ရွယ်စဉ်မှာပင် သာမန်နှင့်မတူသော လွတ်လပ်မှုနှင့် တာဝန်ယူမှုတို့ကို ရရှိခဲ့သည့်အတွက် ဖခင်ဖြစ်သူကို ကျေးဇူး

အထူးတင်သင့်သည်ဖြစ်သော်လည်း စာရေးသူက ထိုကျေးဇူးကို မသိတတ်ခဲ့ ပါ။ ကျေးဇူးတရားကို နားမလည်ခဲ့သည့်အပြင် ဇရာထောင်းနေပြီဖြစ်သော ဖခင်ဖြစ်သူ၏ မျှော်လင့်ချက်များကို ဖိနှိပ်ချုပ်ချယ်မှုများအဖြစ် ထင်မှတ်ခံစား မိခဲ့သည်။ အောင်နိုင်မှုထက် အဆင့်နိမ့်ကျသည့် မည်သည့်အရာမဆို ရှုံးနိမ့်ခြင်း သာဖြစ်သည်ဆိုသော အတွေးက စာရေးသူ၏ အတွင်းစိတ်တွင် နက်ရှိုင်းစွာ ထိုးဖောက်စူးနစ်နေခဲ့သည်။ စိတ်တိမ်းညွတ်လွယ်သော သားတို့၏ ထုံးစံအတိုင်း ထိုအချက်ကို စည်းရုံးသိမ်းသွင်းပြောဆိုသည့်စကားအဖြစ် မမှတ်ယူဘဲ ဖခင် ဖြစ်သူ ပြောသည့်အတိုင်းသာ နားဝင်ခဲ့မိသည်။ ထို့ကြောင့်ပင် နောင်အခါ၌ ကာလကြာမြင့်စွာ ဖုံးကွယ်ထားသော မိသားစု လျှို့ဝှက်ချက်တစ်ရပ် ဘွားခနဲ ပေါ်ထွက်လာသောအခါ အရာရာတွင် အကောင်းဆုံး အပြည့်စုံဆုံးတို့ကိုသာ တောင်းခံလေ့ရှိသော စာရေးသူတို့၏ အိမ်ဦးနတ်သည် သူကိုယ်တိုင်လည်း ပြီးပြည့်စုံခြင်းမရှိသည့်အပြင် စင်စစ်တွင် နတ်ဘုရားတစ်ပါး မဟုတ်သည်ကို စာရေးသူ သတိပြုမိခဲ့ခြင်းဖြစ်သည်။ ထိုသို့သိလာရသည့်အတွက် စာရေးသူက မသိကျိုးကျွံမပြုနိုင် ဖြစ်ခဲ့ရသည်။ လျစ်လျူရှုထားရမည့်အစား ဒေါသအမျက် ခြောင်းခြောင်းထွက်ခဲ့ရသည်။ ဖခင်ဖြစ်သူသည်လည်း သာမန်လူသားမျှပင် ဖြစ်သည်ကို ထိတ်လန့်ဖွယ်ရာ ဖော်ထုတ်သိရှိရပြီးနောက် စာရေးသူမှာ ခွင့်လွှတ် နိုင်စွမ်း အတိုင်းအတာတစ်ဘက်သို့ ကျော်လွန်သွားခဲ့ရသည်။

ထိုအချက်ကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ဆယ်စုနှစ် နှစ်ခုကျော်ကြာ မြင့်ခါမှပင် စာရေးသူ၏ ဒေါသစိတ်တို့ ပြေပျောက်သွားခဲ့ရသည်မှာ ယခု အခါ နှစ်ပေါင်းများစွာပင် ကြာမြင့်ခဲ့ပေပြီ။ ဒေါသစိတ်တို့နေရာတွင် မေတ္တာ တရားနှင့်လည်း တူညီခြင်းမရှိသော ကိုယ်ချင်းစာနာနိုင်မှုက နေရာယူထားခဲ့ သည်။ ဖခင်ဖြစ်သူက စာရေးသူအား စိတ်ရှုပ်ထွေး ဒေါသဖြစ်အောင် ပြုခဲ့ သည့်အတိုင်း ယခုအခါ စာရေးသူက ဖခင်ဖြစ်သူအား စိတ်ရှုပ်ထွေးဒေါသ ဖြစ်စေမိပြီဆိုသည်ကို နားလည်လာမိသည်။ စာရေးသူသည် အတ္တစိတ်ကြီးမား ပြီး သဘောထားတင်းမာသူဖြစ်ကာ ဖခင်ဖြစ်သူအတွက် ဆူးတစ်ချောင်းပင်ဖြစ် သည်ကိုလည်း သိရှိလာသည်။ ဖခင်ဖြစ်သူက ကောင်းသောလမ်းကို တံတား ခင်းပေးကာ စာရေးသူ၏ ဘဝကောင်းစားရေးအတွက် စားပွဲတစ်လုံး၏ခြေထောက်များကို သူ့လက်ဖြင့် ဖန်တီးပင့်တင်ပေးခဲ့သော်လည်း စာရေးသူက ထိုစားပွဲခြေထောက်များကို ခုတ်ထစ် ပိုင်းဖြတ်ပြီး ပျက်စီးစေခြင်းဖြင့်သာ တုံ့ပြန်ပေးဆပ်ခဲ့မိသည်။

ကိုယ့်ဘဝကိုယ် ကျေနပ်နေသော ဖခင်ဖြစ်သူ၏ ကျန်းမာရေးယို ယွင်းလာပြီး ကံကြမ္မာ၏ မျက်နှာသာမပေးမှုနှင့်အတူ အချိန်အခါ လွန်ပြီးမှ သာ ထိုသို့သော အသိတရားကို စာရေးသူ ရရှိလာခဲ့ခြင်းဖြစ်သည်။ ပိုလီယို အကြောသေ ဝေဒနာကို နှစ်ပေါင်းသုံးဆယ်ခန့် ကြံ့ကြံ့ခံ ရင်ဆိုင်ခဲ့ပြီးနောက် ဖခင်ဖြစ်သူ၏ ရောဂါလက္ခဏာများက ဆန်းကြယ်စွာပင် အသစ်တစ်ဖန် ဖြစ်ပေါ်လာသည်။

မသန်စွမ်းတော့ပြီဖြစ်သော ကြွက်သားစိုင်တို့က ပိုမိုကြုံလှီ ခြောက်သွေ့လာပြီး အာရုံကြောကလာပ်စည်းများက အလုပ်မလုပ်နိုင်တော့ပေ။ အသုံးမကျသော ခြေထောက်များက ခန္ဓာကိုယ်ကို သယ်ဆောင်ရွေ့လျားနိုင် ခြင်း မရှိတော့။ ဆေးပညာရပ်ဆိုင်ရာ ဂျာနယ်များကို ဖတ်ရှုလေ့ရှိသော ဖခင်ဖြစ်သူက ပိုလီယိုအကြောသေရောဂါ၏ နောက်ဆက်တွဲ ဝေဒနာအသစ် တစ်မျိုးကို ခံစားနေရခြင်းဖြစ်ကြောင်း ကောက်ချက်ဆွဲသည်။ မခံမရပ်နိုင် လောက်အောင် နာကျင်ကိုက်ခဲမှုများကြောင့် ဖခင်ဖြစ်သူမှာ အချိန်ရှိသရွေ့ စုတ်တသပ်သပ်ဖြင့် ညည်းညူသံပြုနေရပေသည်။

တစ်နေ့တခြား အင်အားဆုတ်ယုတ် လျော့ကျလာခြင်းကို ရပ်တန့်ရန်အတွက် ဖခင်ဖြစ်သူက သူ့ကိုယ်သူ ဆေးကုသမှု စတင်သည်။ လိမ္မော်ရောင် ပလတ်စတစ် ဆေးပုလင်းများ ဒါဇင်နှင့်ချီ၍ ထည့်ထားသော သားရေတု လက်ကိုင်အိတ်တစ်လုံးကို သူသွားလေရာသို့ သယ်ဆောင်သွားလေ့ရှိသည်။ သူက ဆေးအိတ်ကို တစ်နာရီ၊ နှစ်နာရီခြားခန့် ဆွဲဖွင့်ကာ ဆေးပုလင်းများပေါ် မှ ဆေးညွှန်းစာရွက်များကို မျက်စိမှေးစင်း၍ ဖတ်ရှုပြီး ဒက်ဇီဒရင်း၊ ပရိုဇက်၊ ဒီပရင်းနိုင်းလ် စသော ဆေးများကို လက်ဝါးထဲသို့ ခါချတတ်သည်။ လက်တစ်ဆုပ်စာမျှသော ဆေးများကို သောက်ရေမပါဘဲ ရှုံ့မဲ့ကာ မျိုချလေ့ရှိသည်။ သုံးပြီးသား ဆေးထိုးအပ်များနှင့် ဆေးပုလင်းအခွံများက ရေချိုးခန်း မျက်နှာသစ်ကန်တွင် ပြန့်ကျဲလျက်ရှိသည်။ သူ၏ဘဝမှာ သူကိုယ်တိုင်ညွှန်းသော စတီးရွိုက်ခေါ် ကြွက်သားအားတိုးဆေးများ၊ အမ်ဖက်တမင်း စိတ်ကြွဆေးများ၊ အကိုက်အခဲပျောက်ဆေးများနှင့်သာ ချာချာလည် လှည့်ပတ်နေရပြီး တစ်ချိန် က ကြံ့ခိုင်အားကောင်းလှသော သူ၏စိတ်မှာ ဆေးဝါးဒဏ်ကြောင့် ရှင်းလင်း ပြတ်သားစွာ တွေးတောဆင်ခြင်နိုင်စွမ်း လျော့ကျလာခဲ့ရသည်။

သူ၏ အနေအထိုင်၊ အပြုအမူတို့က ကျိုးကြောင်းဆီလျော်မှုမရှိဘဲအမှားမှား အယွင်းယွင်း ပြုမူမှုများ များသည်ထက် များလာသည်တွင် သူ၏ နောက်ဆုံး ကြွင်းကျန်သော မိတ်ဆွေအပေါင်းအသင်းများသည်ပင် သူ့အနား မကပ်ကြတော့ပေ။ အချိန်ကာလကြာရှည်စွာ မျိုသိပ်သည်းခံလာခဲ့သော မိခင် ဖြစ်သူသည်လည်း သူ့အနားမှ ထွက်သွားရန်မှတစ်ပါး အခြားရွေးချယ်ရန်မရှိခဲ့။ ဖခင်ဖြစ်သူမှာ ရှုံးသွပ်သည့် အဆင့်သို့ပင် ရောက်ရှိကာ သူ့အသက်သူပင် ရန်ရှာခဲ့ပြီး အောင်မြင်လုမတတ်ဖြစ်ခဲ့ရသည်။ သူက စာရေးသူရှိနေသည့်အချိန် ကို ရွေး၍ ကိုယ့်ကိုယ်ကို သေကြောင်းကြံရန် ကြိုးစားခဲ့ခြင်းပင်။

သေကြောင်းကြံစည်ရန် ကြိုးစားမှုဖြစ်ပွားပြီးနောက် ဖခင်ဖြစ်သူကို ပေါ့တ်လဲန်းမြို့(Portland)ရှိ စိတ်ရောဂါကုဆေးရုံသို့ ပို့လိုက်ရသည်။ ဆေးရုံသို့ စာရေးသူသွားရောက် တွေ့ဆုံစဉ် ဖခင်ဖြစ်သူ၏ ခြေနှင့် လက်များကို ခုတင် ဘေးကာ လက်ရန်းနှင့် တွဲ၍ ချည်ထားရသည်ကို မြင်တွေ့ခဲ့ရသည်။ သူက ဒေါသတကြီးနှင့် ဗလုံးဗထွေး အော်ဟစ်နေသည်။ တစ်ကိုယ်လုံး ညစ်ပတ်ပေ

ကျုံနေအောင်လည်း သူ့ကိုယ်သူလုပ်ထားသည်။ သူ့မျက်လုံးများက အထိန်းအကွပ်မရှိ ပြေးချင်တိုင်းပြေးနေသည့် မြင်းရိုင်းတစ်ကောင်အလား။ အာခံလို သည့် အရိပ်အယောင်များ ဖျတ်ခနဲ ပေါ်ထွက်လာလိုက်၊ နားမလည်နိုင်အောင် ကြောက်ရွံ့ပုံပြလိုက်နှင့် မျက်လုံးအိမ်အတွင်း ချာချာလည်နေသည်။ ထိုမျက်လုံး များမှတစ်ဆင့် ညှဉ်းပန်းခံထားရသော သူ၏စိတ်ကို ရှင်းလင်းစွာ မြင်တွေ့နေရသည်။ သူနာပြုများက အိပ်ရာခင်းလဲလှယ်ရန် ကြိုးစားသည့်အခါ သူက အကြမ်းပတမ်းရုန်းကန်ကာ သူနာပြုများကို ဆဲရေးရုံသာမက စာရေးသူနှင့် သူ၏ကံကြမ္မာကိုပါ ဆဲရေးလေတော့သည်။ သွက်သွက်ခါ ရူးသွပ်နေပြီဖြစ် သော ဖခင်ဖြစ်သူ၏ အနေအထားကြောင့် စိတ်ချမ်းမြေ့ဖွယ်ရာမရှိသော နေရာ ဌာနသို့ ပို့ဆောင်ရသည့်စခန်းဆိုက်ခဲ့သော်လည်း စာရေးသူမှာ စိတ်မချမ်းမြေ့နိုင် သည့်အပြင် သူ့အကြောင်းကိုသာ သတိတရ တွေးတောနေမိခြင်းမှလည်း လွတ်မြောက်နိုင်ခဲ့ခြင်း မရှိပါ။

ဖခင်ဖြစ်သူက အလေးထား အသိအမှတ်မပြုခဲ့သော်လည်း အထင်နှင့်အမြင် ကွဲလွဲစွာ ဖြစ်ပေါ်လာသည့် ဖြစ်စဉ်တစ်ရပ် ရှိပါသေးသည်။ ထိုဖြစ် စဉ်မှာ စာရေးသူသည် နောက်ဆုံးတွင် ဖခင်ဖြစ်သူ ဖြစ်စေချင်သော ပုံစံအတိုင်း ဖြစ်လာရခြင်းပင်။ ဖခင်ဖြစ်သူသည် သူ၏ ပြင်းပြလှသော ရည်မှန်းချက်တို့ကို စာရေးသူ၏ စိတ်အစဉ်တွင် ကိန်းအောင်း အမြစ်တွယ်စေလိုသည်။ ဖခင်ဖြစ် သူ၏ ဆန္ဒကို မရည်ရွယ်ဘဲနှင့် ဖြည့်ဆည်းခဲ့မိခြင်းဟုသာ ဆိုရမည်ဖြစ်သည်။ ဒက်ဗီးလ်စ်သမ့်ဘ်တောင်သည် ဆေးကျောင်းမဟုတ်သော်လည်း အနှစ်သာရအားဖြင့် အတူတူပင်ဖြစ်သည်ကို သူ နားမလည်ခဲ့ပါ။

စတစ်ခ်ကီးန်ရေခဲပြင်ထက်မှ ဒက်ဗီးလ်စ်သမ့်ဘ်တောင်ပေါ်သို့ တက် ရောက်ရန် ကနဦး ကြိုးပမ်းမှု ရှုံးနိမ့်ခဲ့ရပြီး စခန်းချရာတဲကို မီးလောင်ပြာကျ လုနီးပါး ဖြစ်ခဲ့ရသည့်တိုင် အရှုံးကို ဝန်မခံလိုခြင်းက သမားရိုးကျမဟုတ်သော ရည်မှန်းချက် ထားရှိတတ်သည့် ဖခင်ဖြစ်သူ၏ အမွေကို ဆက်ခံခြင်းဖြစ်သည် ဟုပင် စာရေးသူ ထင်မှတ်မိသည်။ ပထမအကြိမ် ကြိုးပမ်းမှုမှ တပ်ခေါက်ပြန် လာခဲ့ရပြီး သုံးရက်အကြာတွင် ဒက်ဗီးလ်စ်သမ့်ဘ်တောင်၏ မြောက်ဘက်မျက် နှာစာသို့ စာရေးသူ ထပ်မံတက်ရောက်ပြန်သည်။ ယခုတစ်ကြိမ် တက်ရောက် ရာတွင် ကြောင်လျှောက်လမ်း ရေခဲပြင်ချပ်အဆုံးနှင့် မတ်စောက်သော တောင် နံရံတို့ ဆုံတွေ့ရာအထက် မီတာ ၁၂၀ ခန့်အထိသာ တက်ရောက်နိုင်ခဲ့ပြီး ရုတ်တရက် တိုက်ခတ်လာသော လေပြင်းနှင့်အတူ နှင်းများကျရောက်လာ သဖြင့် စိတ်တည်ငြိမ်မှုမပျောက်ဆုံးမီမှာပင် လာလမ်းသို့ လှည့်ပြန်ခဲ့ရသည်။

အဆင်းလမ်း၌ ရေခဲပြင်ပေါ်တွင် ထိုးထားသော စခန်းချရာတဲဆီအထိမပြန်ဘဲ တောင်ခါးပန်းနှင့် နှင်းရေခဲပြင်ချပ်ကြားမှ ပပ်ကြားအက် တစ်နေရာ တွင် ညအိပ်စခန်းချရန် စာရေးသူက ဆုံးဖြတ်လိုက်သည်။ ထိုနေရာမှာ နေပျော် ဖွယ် နေရာတစ်ခုဟု ထင်မှတ်ခဲ့သော်လည်း အမှားတစ်ခု

ပြုလိုက်မိခြင်းသာဖြစ် ကြောင်း နောက်ပိုင်းတွင် တွေ့ရှိရသည်။
မွန်းလွဲပိုင်းရောက်သော် လေပြင်းက မုန်တိုင်းကြီးအဆင့်သို့ ကူးပြောင်းသွားသည်။
တိမ်တိုက်များဆီမှ ကျဆင်းလာ သော နှင်းတို့သည် တစ်နာရီလျှင်
တစ်လက်မနှုန်းခန့်ဖြင့် ကျဆင်းနေသည်။ ရေခဲပြင်ချပ်နှင့် တောင်ခါးပန်းအကြားရှိ
ရေခဲပပ်ကြားအက်ထဲ၌ ခရီးဆောင် အိပ်ရာအိတ်တစ်ခုအတွင်း စာရေးသူ
ဝင်ရောက်ခိုအောင်း ဝပ်စင်းနေချိန်တွင် လေပြင်းနှင့်အတူ ပြိုဆင်းလာသော
နှင်းထုကြီးက တောင်နံရံမှတစ်ဆင့် အသံ ပေးမြည်ဟည်းကာ စာရေးသူရှိရာ
ရေခဲပြင်ပပ်ကြားအက်အထက်မှ လှိုင်းလုံး ကြီးသဖွယ် ဖြတ်ဆင်းရင်း
ရေခဲပြင်ပပ်ကြားအက်ကို ဖြည်းဖြည်းချင်း ဖုံးအုပ် လာသည်။

ပြိုဆင်းလာသော နှင်းတို့က စာရေးသူ၏ ခရီးဆောင်အိပ်ရာအိတ်ကို မိနစ်နှစ်ဆယ်ခန့်အတွင်းမှာပင် ဖောင်းကားလာစေပြီး အသက်ရှူရခက်ခဲလာ သည်။ ထိုသို့ နှင်းထုအောက် မြုပ်သွားရခြင်းမျိုး လေးကြိမ်တိုင် ဖြစ်ခဲ့ပြီး လေးကြိမ်စလုံးမှာပင် နှင်းများကို တူးဆွ၍ အလွတ်ရုန်းထွက်ခဲ့ရသည်။ ပဉ္စမ အကြိမ်မြောက် နှင်းဖုံးလွှမ်းမှုမှ ရုန်းထွက်လာပြီးနောက်တွင် ပစ္စည်းကိရိယာ များကို အိတ်အတွင်းသို့ ပြန်ထည့် သိမ်းဆည်းလိုက်သည်။ ခဏတာ အမောဖြေပြီးနောက် တောင်ခြေရေခဲပြင်ရှိ စခန်းချရာတဲဆီသို့ ပြန်ဆင်းလာခဲ့သည်။

အဆင်းခရီးမှာ ထိတ်လန့်စရာကောင်းလှသည်။ တိမ်တိုက်များဆီမှ အပြိုးတကြီး ကျဆင်းနေသော နှင်းတို့ကြောင့် မြေပြင်ပေါ်တွင် နှင်းအတိဖုံးလွှမ်းကာ နှင်းဖုံးလွင်ပြင်ကျယ်တစ်ခုသဖွယ်ရှိသည့်အပြင် အလင်းရောင် ကလည်း မှေးမှိန်လှသည်။ ဆင်ခြေလျှောလမ်းကို တပ်အပ်သေချာ ရွေးချယ်နိုင် ခြင်း မရှိတော့။ ရေခဲကျောက်ဆောင်များထက်ဆီမှ မျက်ကန်းတစ်ယောက်ပမာ စမ်းတဝါးဝါး လျှောက်လှမ်းရင်းပင် အောက်ဘက်မိုင်ဝက်ခန့်ရှိ ဝစ်ချက်စ် ကော်လ်ဒရွန်ရေခဲ မြစ်ရှိရာသို့ ရောက်ရှိသည်။ နောက်ဆုံးတွင် စတစ်ခ်ကီးန် ရေခဲပြင်ဆီသို့ ရောက်ရှိခဲ့ရာ စာရေးသူလာရာလမ်းကြောင်းမှာ နှင်းထုထဲတွင် မျောပါပျောက်ကွယ်သွား ပြီးဖြစ်သည်ကို တွေ့ရသည်။ အဆုံးအစမမြင်ရသော ရေခဲပြင်လွင်ပြင်ကျယ်အတွင်း အခြေချ စခန်းစိုက်ရာ တဲငယ်ဆီသို့ လမ်းညွှန် ပြသနိုင်မည့် မည်သည့် သဲလွန်စမျှ မကျန်ရှိပေ။ ကံတရားကိုသာ ယုံကြည်မျှော် ကိုးရင်း တစ်နာရီခန့် ကြာသည်အထိ အရူးတစ်ယောက်ပမာ နှင်းလျှောစီးကာ လှည့်လည်ရှာဖွေသော်လည်း တဲရှိရာကို ရှာဖွေတွေ့ရှိခြင်းမရှိဘဲ ရေခဲပပ်ကြား အက်ငယ်တစ်ခုအတွင်း ခြေဖြင့် နင်းမိသည့်အခါမှ ရောက်သည့်နေရာမှာပင် မုန်တိုင်းစဲသည်အထိ ခိုအောင်းနေသင့်ပုံကို တွေးတောမိလာခဲ့ရသည်။

ထို့နောက် တွင်းတိမ်တိမ်တစ်ခုတူး၊ ခရီးဆောင်အိပ်ရာအိတ်ဖြင့် ကိုယ် ကို ပတ်ပြီး တွင်းထဲတွင် ကျောပိုးအိတ်ကို ခု၍ထိုင်ကာ လေပွေပမာ ဝဲလှည့်ကျ ဆင်းနေသော နှင်းတို့အကြား စောင့်ဆိုင်းနေလိုက်သည်။ မျောပါလာသော နှင်းတို့က စာရေးသူအနီးဝန်းကျင်တွင် အပုံလိုက်ဖြစ်လာသည်။ ခြေထောက်တို့ ပင်

အေးလွန်းသဖြင့် ထုံကျဉ်နေပေပြီ။ လေနှင့်အတူ ကြဲပက်လိုက်သည့်အလား ဆင်းသက်လာသော နှင်းတို့ကို ရေလုံဂျာကင်နှင့် အတွင်းမှ ရှပ်အင်္ကျီတို့က စုပ်ယူထားပြီး အေးမြမှုက လည်တိုင်အရင်းမှသည် ရင်ဘတ်ဆီသို့ တွားဆင်းလာသကဲ့သို့ ရှိသည်။ စီးကရက်လေးတစ်လိပ်လောက်မျှသာ သောက်ခွင့်ရမည် ဆိုလျှင်ပင် ဤမျှ ခက်ခဲသော အခြေအနေနှင့် ခရီးစဉ်တစ်ခုလုံးကို ပြုံးပြုံးကြီး ရင်ဆိုင်နိုင်စွမ်းရှိမည်ဟု တွေးတောရင်း ကိုယ်တွင်ပတ်ထားသည့် ခရီးဆောင် အိပ်ရာအိတ်ကိုသာ တင်းသည်ထက် တင်းစေရန် ပခုံးအထိ ဆွဲပတ်ထားလိုက်သည်။ လေက စာရေးသူ၏ ကျောပြင်ကို ကွဲထွက်မတတ် တိုးဝှေ့တိုက်ခတ်နေသည်။ ထို့နောက် ဦးခေါင်းကို လက်မောင်းများဖြင့် ယှက်၍ အကာအကွယ် ယူရင်း ဒုက္ခကြီးလှသည့် ကိုယ့်အဖြစ်ကို သနားစိတ်ဝင်နေမိတော့သည်။

ရံဖန်ရံခါတွင် တောင်တက်ခရီးစဉ်အတွင်း သေဆုံးကြရသူတို့ရှိကြောင်း စာရေးသူက သိထားပြီးဖြစ်ပါသည်။ သို့ရာတွင် နှစ်ဆယ့်သုံးနှစ်ဆို သော အသက်အရွယ်မှာ တစ်နေ့သော် ကိုယ်တိုင်တွေ့ကြုံရမည့် သေခြင်းတရား ကို မှန်းဆ မြင်တွေ့နိုင်ခြင်း မရှိသေးသော အရွယ်ပင် ဖြစ်သည်။ ဘိုးလ်ဒါမြို့ မှ အလာစကာသို့ ထွက်ခွာလာချိန်တွင် ဒက်ဗီးလ်စ်သမ့်ဘ်တောင်အပေါ် အောင်နိုင်ရန်နှင့် လူပုံအလယ် ထင်ရှားကျော်ကြားစေရန် အတွေးများသာ ခေါင်းထဲ၌ ဝဲလှည့်နေခဲ့သည်။ အခြားသူများ ရင်ဆိုင်ရသော အခြေအနေမျိုး နှင့် ကိုယ်ကိုယ်တိုင်လည်း ကြုံတွေ့ရနိုင်မည်ဆိုသည်ကို မစဉ်းစားမိခဲ့။ ထိုသို့ဖြစ် ရသည်မှာ စာရေးသူကိုယ်၌ကပင် တောင်တက်လိုသည့် စိတ်ဆန္ဒပြင်းပြနေ သည့်အပြင် စာရေးသူ အလွန်အမင်း တောင့်တနေခဲ့သော တောင်တက်ခရီးစဉ် အတွင်း မည်မည်ရရ မရှိလှသော သာမန်အဟန့်အတားများမျှသာ ဖြစ်သည့် ရာသီဥတုအခြေအနေနှင့် ရေခဲပပ်ကြားအက်၊ ရေခဲဖုံးကျောက်ဆောင် စသည် တို့မျှလောက်က စာရေးသူ၏ ပြင်းပြလှသော စိတ်ဆန္ဒကို ဟန့်တားပိတ်ပင်နိုင် မည်မဟုတ်ဟု ထင်မြင်ခဲ့ခြင်းကြောင့်လည်း ဖြစ်သည်။

ညနေဘက် နေဝင်ချိန်ရောက်သည်တွင် မုန်တိုင်းစဲသွားသည်။ ရေခဲ မြစ်မှ ပေတစ်ရာ့ငါးဆယ်ခန့်အကွာရှိ အုပ်ဆိုင်းထားသော တိမ်တိုက်တို့လည်း ကင်းရှင်းသွားပြီဖြစ်သဖြင့် စာရေးသူ စခန်းချသည့်တဲရှိရာကို ပြန်လည် တွေ့ရှိရ သည်။ စခန်းချရာတဲဆီသို့ ဘေးမသီ ရန်မခ ပြန်လည် ရောက်ရှိသော်လည်း သမ့်ဘ်တောင်၏ အနေအထားက စာရေးသူ၏ အစီအစဉ်ကို အပိုင်းပိုင်းဖြစ် သည်အထိ ရိုက်ချိုးဖျက်ဆီးပစ်ခဲ့သည်ကိုမူ လျစ်လျူရှုထား၍ မဖြစ်နိုင်တော့ပါ။ မည်မျှပင် စွမ်းအားကြီးမားသည်ဖြစ်စေ စိတ်ဆန္ဒပြင်းပြမှုတစ်ခုတည်းဖြင့် သမ့်ဘ်တောင်၏ မြောက်ဘက်မျက်နှာစာကို အောင်နိုင်မည်မဟုတ်ကြောင်း လက်မခံချင်သော်လည်း လက်ခံနားလည်လိုက်ရတော့သည်။ အဆုံးတွင် ဘာမျှ ဖြစ်မလာသည်ကို စာရေးသူ မြင်တွေ့ခဲ့ရပြီဖြစ်သည်။

မည်သို့ပင်ဖြစ်စေ စာရေးသူ၏ ခရီးစဉ်ကို အဖတ်ဆယ်နိုင်မည့်

အခွင့်အလမ်းတစ်ရပ် ရှိနေပေသေးသည်။ လွန်ခဲ့သော သီတင်းတစ်ပတ်က သမ့်ဘ်တောင်၏ အရှေ့တောင်ဘက်တွင် နှင်းလျှောစီးကာ လမ်းကြောင်းတစ်ခု ကို သွားရောက်ရှာဖွေ ကြည့်ရှုထားခဲ့ပါသည်။ မြောက်ဘက်မျက်နှာစာမှ ပြန်အဆင်းတွင် အသုံးပြုရန် ရည်ရွယ်ချက်ဖြင့် ကြိုတင်ရှာဖွေခဲ့ခြင်းဖြစ်သည်။ ထိုလမ်းကြောင်းမှာ ဂန္ထဝင်ရေခဲတောင်တက်သမား ဖရက်ဒ်ဘက်ကီ(Fred Beckey)က သမ့်ဘ်တောင်သို့ ၁၉၄၆ ခုနှစ်၌ ပထမဆုံးအကြိမ် တက်ရောက် ရာတွင် အသုံးပြုခဲ့သောလမ်းဖြစ်သည်။ စာရေးသူ လမ်းကြောင်းရှာဖွေရေးပြုလုပ်စဉ်က ဘက်ကီအသုံးပြုခဲ့သော လမ်းကြောင်း၏ လက်ဝဲဘက်တွင် လူ တက်ရောက်ခဲ့ဖူးခြင်း မရှိသေးကြောင်း သေချာပေါက် ပြောနိုင်သည့် လမ်း ကြောင်းတစ်ခုကို သတိပြုမိခဲ့သည်။ ရေခဲမျက်နှာပြင် မညီမညာနှင့် ရေခဲ ကျောက်ဆောင် စွေစောင်းစောင်းများရှိ အရှေ့တောင်ဘက်မျက်နှာစာတွင် ရှိသော လမ်းဖြစ်သည်။ ထိုလမ်းသည် တောင်ထိပ်သို့ အထိုက်အလျောက် လွယ်ကူစွာ တက်ရောက်နိုင်မည့်လမ်းဖြစ်သည်ဟု ထင်မှတ်မိသည်။ ထိုစဉ်က အဆိုပါလမ်းသည် ကိုယ့်အတွက် အလေးထားလောက်ဖွယ်မရှိဟု ထင်မြင်ခဲ့ သည်။ ယခုသော် မြောက်ဘက် မျက်နှာစာမှ တက်ရောက်နိုင်ရေးမှာ ကျဉ်း ထဲကျပ်ထဲ ရောက်လာခါမှ ထိုလမ်းကြောင်းကို ပြန်လည် စဉ်းစားလာရပြီ ဖြစ်သည်။ စာရေးသူ၏ မျှော်မှန်းချက်များကို အဆင့်လျှော့ချရန် ပြင်ဆင်ထား ပြီးဖြစ်ပေသည်။

မေလ ၁၅ ရက်နေ့၊ မွန်းလွဲပိုင်း နှင်းမုန်တိုင်း အပြီးတိုင် စဲသွားသည့် အချိန်တွင် စာရေးသူသည် အရှေ့တောင်ဘက်မျက်နှာစာသို့ သွားရောက်ကာ ဂေါ်သေ့ခေတ် ကသီဒရယ် ဘုရားကျောင်းနံရံအား ထောက်ကန်ထားသည့် ကျားထောက်ပမာ မတ်စောက်သော ဆင်ခြေလျှောရှိသည့် တောင်ပေါ်သို့ စတင်တက်ရောက်သည်။ တောင်ထိပ်မှ ပေတစ်ထောင့်ခြောက်ရာ အကွာရှိကျဉ်းမြောင်းသော ကျောက်ဆောင်အထွတ်တစ်ခုတွင် ညအိပ်ရပ်နားရန် စာရေး သူက ဆုံးဖြတ်လိုက်သည်။ ထိုညနေက ကောင်းကင်တွင် တိမ်တိုက်များကင်း ရှင်းကာ အေးမြသောရာသီဥတုရှိသည်။ အဝေးဆီမှ မြစ်ရေစီးကြောင်းကိုပင် လှမ်းမြင်နေရသည်။ နေဝင်ရီတရောအချိန်တွင် အနောက်ဘက်အရပ်ရှိ ပီတာစ် ဘာ့ဂ်မြို့ဆီမှ မီးရောင်များ ပြိုးပြိုးပြက်ပြက် ပေါ်ထွက်လာသည်ကို စာရေးသူ က တအံ့တသြနှင့် ငေးမောရင်း မလှုပ်မယှက် ထိုင်ကြည့်နေမိသည်။ လေယာဉ် ပေါ်မှ ချပေးခဲ့ပြီးသည့်နောက် အနီးကပ်ဆုံးသော လူသားအဆက်အသွယ် အဖြစ် အဝေးတွင် မြင်တွေ့နေရသော အလင်းရောင်များက စာရေးသူကို စိတ်လှုပ်ရှားမှု ပွင့်ထွက်စေခဲ့သည်။ ရုပ်မြင်သံကြားမှ ဘေ့စ်ဘောလ်ပြိုင်ပွဲ ကြည့်နေမည့်သူများ၊ မီးရောင်များ ထိန်ညီးစွာ ထွန်းညှိထားသည့် မီးဖိုဆောင် အတွင်း ကြက်ကြော်စား၊ ဘီယာသောက်၊ အချစ်၏အရသာ ခံစားနေကြသူများ ကို စာရေးသူ စိတ်တွင် မှန်းဆတွေးတောကြည့်မိသည်။ အိပ်ရာဝင်ရန် လဲ လျောင်းလိုက်သည့်အခါ

အထီးကျန်ဆန်ခြင်း ဝေဒနာကို ဘဝတွင် တစ်ခါမျှ မခံစားရဖူးသည့် ပုံစံဖြင့် ခံစားမိလာရသည်။

ထိုညက စာရေးသူ အိပ်မက်ဆိုးများ မြင်မက်သည်။ ရဲနှင့် သွေးစုပ်ဖုတ်ကောင်တို့က လိုက်လံဖမ်းဆီးခြင်းနှင့် ရာဇဝတ်နယ်မြေအတွင်း သုတ်သင် ရှင်းလင်းပုံဆန်ဆန် စီရင်ကွပ်မျက်ပုံတို့ကို မြင်မက်ခြင်းဖြစ်သည်။ "သူ...ဒီနား မှာ ရှိတယ်ထင်တယ်"ဟု တစ်စုံတစ်ယောက်က တီးတိုးရေရွတ်သံကို စာရေး သူ ကြားလိုက်သည်။ ချက်ချင်းပင် ငုတ်တုတ်ထ,ထိုင်ပြီး မျက်လုံးများကို ပြူးပြဲ၍ကြည့်သည်။ နေပင် ထွက်လုချေပြီ။ ကောင်းကင်ကြီးတစ်ခုလုံးကား ကြက်သွေးရောင် နီမြန်းနေသည်။ ကောင်းကင်က ကြည်လင်နေဆဲရှိသေးသော်လည်း သေးမျှင်ပါးလွှာသည့် တိမ်မျှင်တန်းတစ်တန်းက ကောင်းကင်အထက်ဘက်ခြမ်းတစ်လျှောက် ရစ်ပတ်ထားသည်။ အနောက်တောင်ဘက် မိုးကုပ်စက်ဝိုင်းအထက်ဆီ၌ အေးမြသော လေပြင်းတိုက်ခတ်နေသည်။ စာရေး သူက ဖိနပ်ကောက်စီးပြီး သံဆူးချွန်တပ် တောင်တက်ဖိနပ်ကို ထပ်စွပ်ကာ သိုင်းကြိုးများအား ကမန်းကတန်းပင် စည်းနှောင်လိုက်သည်။ အိပ်ရာထသည်မှ ငါးမိနစ်အတွင်းမှာပင် တောင်ပေါ်သို့ စတင်တက်ရောက်နေပြီဖြစ်သည်။

စာရေးသူက တောင်တက်ရာတွင် ကြိုးလည်းမယူ၊ တဲ သို့မဟုတ် ယာယီတဲပြုလုပ်နိုင်သည့် ပစ္စည်းများလည်းမယူ၊ ရေခဲပေါက်ချွန်း ထည့်သည့် ပစ္စည်းများလည်း ယူမလာပါ။ သယ်ဆောင်ရမည့် အလေးချိန်ကို တတ်နိုင်သမျှ ပေါ့ပါးစေရန် လျှော့ချခြင်းဖြင့် တောင်ထိပ်သို့ တက်ရောက်ရာနှင့် ရာသီဥတု ဆိုးရွား၍ ပြန်လှည့်ရသည့်အခါ မျိုးတွင် မြန်ဆန်နိုင်သမျှ မြန်ဆန်စွာ လှုပ်ရှားနိုင် ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ကိုယ့်ကိုယ်ကို အသက်မရှူစတမ်း တွန်းအားပေး ၍ အထက်သို့ ခြေလှမ်းစိပ်စိပ်လှမ်းရင်းဖြင့် လက်ဝဲဘက်ရှိ နှင်းဖုံးကွက်လပ် ငယ်အချို့နှင့် ရေခဲဖုံး ကျောက်တုံးကျောက်ခဲ အစိတ်အပိုင်းများကို နင်းကာ ခပ်စွေစွေ တက်သွားသည်။ တောင်တက်ရခြင်းသည် ပျော်စရာကောင်းသည် ဟု ဆိုနိုင်လောက်ပါသည်။ ကျောက်တုံးများသည် ခါးနှင့်ထွင်းထားသကဲ့သို့ ရှိသော ကြီးမားသည့် ခြေကုပ်ယူစရာများရှိနေပြီး ပါးလွှာသော ရေခဲချပ်တို့ ဖုံးအုပ်နေကြသည်။ ကျောက်ဆောင်များ၏ မျက်နှာပြင် အနေအထားက ခုနစ်ဆယ်ဒီဂရီထက်ပို၍ မတ်စောက်ခြင်းမရှိပေ။ သို့ရာတွင် ပစိဖိတ်သမုဒ္ဒရာ ဘက်မှ အပြေးနှင်လာနေသည့် မုန်တိုင်းကြောင့် ကောင်းကင်တစ်ခို မည်းမှောင်လာနေသည်ဖြစ်၍ စာရေးသူမှာ စိုးရိမ်စိတ်ဝင်လာမိရသည်။

စာရေးသူတွင် နာရီမပါသော်လည်း အလွန်တရာတိုတောင်းလှသော အချိန်အခိုက်အတန့်မှာပင် တစ်မူထူးခြားနေသည့် နောက်ဆုံး ရေခဲပြင်ဆီသို့ ရောက်ရှိလာသည်။ ထိုရေခဲပြင်သို့ ရောက်ရှိချိန်တွင် ကောင်းကင်တစ်ခွင်လုံးမှာ တိမ်တိုက်များနှင့် ပြည့်နှက်နေပြီဖြစ်သည်။ လက်ဝဲဘက်သို့ ခပ်စွေစွေ တက်ရောက်ခြင်းမှာ အတက်ရလွယ်ကူသော်လည်း တည့်တည့်မတ်မတ် တက်ခြင်း

က တောင်ထိပ်သို့ ပို၍ အမြန်ရောက်မည်ဖြစ်သည်။ မြင့်မားသော တောင်ထိပ် တွင် ပုန်းခိုရန် အကာအကွယ်မရှိဘဲ မုန်တိုင်းနှင့် တိုးမည့်အရေးကို တွေးပူမိသဖြင့် တောင်ထိပ်သို့ အမြန်ရောက်မည့် နည်းလမ်းဖြင့်သာ တက်ရောက်ရန် စာရေးသူက ဆုံးဖြတ်လိုက်သည်။ ရေခဲလွှာတို့က မတ်စောက်ပြီး ပါးလျလှ သည်။ ရေခဲပေါက်ချွန်းကို ဘယ်လက်ဖြင့် လွှဲရိုက်လိုက်သည်တွင် ကျောက် သားကိုသာ ရိုက်မိသည်။ နောက်တစ်နေရာသို့ ချိန်ရွယ်၍ လွှဲရိုက်ရာတွင်လည်း ဒိုင်ယာရိုက်ကျောက်သားနှင့် ပေါက်ချွန်းတို့ ချွင်ခနဲ ထိမှန်သည့်အသံသာ ထွက်ပေါ်လာသည်။ ရေခဲပေါက်ချွန်းကို တစ်ကြိမ်ပြီး တစ်ကြိမ် လွှဲ၍ရိုက်နေမိသည်။ မြောက်ဘက်မျက်နှာစာမှ စ,တက်စဉ်က အခြေအနေမျိုးကို ပြန်လည် ကြုံတွေ့နေရခြင်းပင်။ ခြေထောက်နှစ်ချောင်းကြားမှတစ်ဆင့် အောက်ဘက် ပေနှစ်ထောင်ခန့် အကွာတွင်ရှိသော ရေခဲမြစ်ကို ခိုးကြည့်လိုက်မိသည်။ ဝမ်း ဗိုက်အတွင်းမှ ကလီစာများ ပြောင်းဆန်သွားရသည်။

စာရေးသူ၏ ဦးခေါင်းအထက်ဘက် ၄၅ ပေခန့်အကွာ၌ တောင်ထိပ် ပခုံးစောင်း ဆင်ခြေလျှော ခပ်ပြေပြေတစ်ခု ရှိသည်။ စာရေးသူက လက်တွင်းမှ ရေခဲပေါက်ချွန်းများကို တင်းကျပ်စွာ အားပြုဆွဲခိုထားသည်။ ကြောက်စိတ်နှင့် ဆုံးဖြတ်ချက် လျင်မြန်စွာ ချနိုင်စွမ်း ကင်းမဲ့နေမှုတို့ကြောင့် နေရာတွင် မလှုပ် မယှက် ရှိနေသည်။ အောက်ဘက်ရှိ ရေခဲမြစ်ဆီသို့ တစ်ကြိမ်ထပ်၍ ငုံ့ကြည့်မိပြီးနောက် အပေါ်သို့ မော့ကြည့်သည်။ ထို့နောက် ဦးခေါင်းအထက်မှ ရေခဲချပ် ပါးပါးတို့ကို ခြစ်ချလိုက်သည်။ ဘယ်လက်ရှိ ရေခဲပေါက်ချွန်းဖြင့် ကျောက် ဆောင် နှုတ်ခမ်းအစွန်းကို ဆွဲချိတ်ကာ ဆွဲခိုကြည့်လိုက်သည်။ ခိုင်ခိုင်မြဲမြဲ ရှိပါသည်။ ရေခဲလွှာထဲတွင် စိုက်ထားသော ညာလက်မှ ရေခဲပေါက်ချွန်းကို ဆွဲနုတ်ကာ လက်မဝက်ခန့်ရှိမည့် ကျောက်သားအက်ကွဲကြောင်းတစ်ခုအတွင်း မြဲမြံစွာ ညပ်သည်အထိ ရိုက်ထည့်လိုက်သည်။ အသက်ကိုပင် မရှူရဲလောက် အောင် ခြေထောက်များကို ဖြည်းညင်းစွာ ရွှေ့လျားစေသည်။ တောင်တက် ဖိနပ်မှ သံဆူးချွန်များက ရေခဲလွှာပါးပါးသို့ ကုတ်ခြစ်မိသည်။ ဘယ်ဘက်ကို အားပြု ဆွဲခိုကာ အထက်သို့ ရောက်နိုင်သမျှ ရောက်သည်အထိ တက်သည်။ ပြောင်လက်ချောမွတ်နေသော ရေခဲလွှာကို ပေါက်ချွန်းဖြင့် လွှဲ၍ ထပ်ရိုက်သည်။ မည်သည့်နေရာသို့ ထိမည်မှန်းမသိဘဲနှင့် ရိုက်ရခြင်းပင်။ ပေါက်ချွန်းက ဗုစ်ခနဲ အသံပေးကာ နစ်ဝင်သွားသည်။ မိနစ်အနည်းငယ်မျှ ကြာပြီးနောက် အသင့်အတင့် ကျယ်ပြန့်သော နေရာတစ်ခုတွင် စာရေးသူ ခြေချ မတ်တတ်ရပ်နိုင်ပြီဖြစ်သည်။ စာရေးသူရောက်ရှိနေသည့် နေရာ၏အထက် ပေနှစ်ဆယ် ခန့်အကွာတွင် ရေခဲဖြင့်ပြုလုပ်ထားသော ကိတ်မုန့်ထိပ်ပိုင်းမှ ပုံဆိုးပန်းဆိုးနိုင်စွာ ထိုးထွက်နေသည့်နှယ်ရှိသည့် တောင်ထိပ်ကို မြင်တွေ့နေရပြီဖြစ်သည်။ ရာသီ ဥတု တိုက်စားမှုနှင့် ကျောက်သားကြွေကျမှုတို့ကြောင့် တောင်ထိပ်နေရာရှိကျောက်သားများမှာ အရစ်လိုက် အစင်းကြောင်းများ

ဖြစ်နေသည်။

ခိုင်ခံ့မှုမရှိဘဲ ကျိုးပဲ့လွယ်သည့် ရေခဲအစအနများစွာ ဖုံးလွှမ်းနေ သော ထိုပေနှစ်ဆယ်ခရီးသည် ခက်ခဲကြမ်းတမ်းခြင်း၊ ထိတ်လန့်ဖွယ်ကောင်း ခြင်း၊ အားကုန်ကြိုးပမ်း အားထုတ်ရန်လိုအပ်ခြင်းတို့နှင့်အတူ ကျန်ရှိနေသေး သည်။ သို့ရာတွင် ထိုနေရာသို့သာ ရောက်ရှိပါက အမြင့်ဆုံးနေရာသို့ ရောက်ရှိခြင်းပင်။ ခြောက်သွေ့အက်ကွဲနေသော စာရေးသူ၏ နှုတ်ခမ်းများက နာကျင် သော အပြုံးတစ်ခု ပြုံးလိုက်သယောင် စိတ်ထဲတွင် ခံစားမိလိုက်သည်။ ဒက်ဗီးလ်စ်သမ့်ဘ်တောင်ထိပ်သို့ ရောက်ခဲ့ပြီမဟုတ်ပါလား။

တောင်ထိပ်နေရာသည်ကား အိပ်မက်ဆန်သော်လည်း ဖော်ရွေခြင်းမရှိလှ။ မျှော်လင့်မထားမိလောက်အောင် ပါးလျကျစ်လျစ်သော ကျောက်သားသပ် တစ်ချောင်းကဲ့သို့ရှိပြီး ရေခဲအစအနများ ဖုံးလွှမ်းနေကာ အကျယ်အဝန်းအား ဖြင့် ရုံးသုံးဖိုင်များထည့်သည့် ဗီရိုတစ်လုံးအရွယ်ခန့်မျှသာရှိသည်။ တောင်ထိပ် ထက်တွင် အချိန်ဖြုန်းမနေနိုင်ပါ။ သမ့်ဘ်တောင်၏ အမြင့်ဆုံးနေရာတွင် ခြေချမိပြီဖြစ်၍ စာရေးသူ၏ ညာဘက်ဖိနပ် ခြေရင်းအောက်တွင် တောင်ဘက် မျက်နှာစာက ပေ ၂၅၀၀ ခန့်ဖြင့် ပြေဆင်းသွားသကဲ့သို့ ဘယ်ဘက်ဖိနပ် ခြေရင်းအောက်တွင်လည်း မြောက်ဘက်မျက်နှာစာက ထို့ထက်နှစ်ဆမျှ ခရီး အကွာအဝေးဖြင့် ဝပ်စင်းနေသည်။ တောင်ထိပ်သို့ ရောက်ရှိသည့် သက်သေ အဖြစ် မှတ်တမ်းဓာတ်ပုံအချို့ ရိုက်ကူးပြီး ကောက်ကွေးသွားသော ရေခဲပေါက် ချွန်းများကို ပြန်ဖြောင့်နေရသဖြင့် မိနစ်အနည်းငယ်ခန့် ကြာမြင့်သွားခဲ့ရသည်။ ထို့နောက် နေရာမှထ,ကာ ခန္ဓာကိုယ်ကို ဂရုတစိုက်ပြန်လှည့်ပြီး အပြန်ခရီးကို စတင်လိုက်သည်။

ထို့နောက် သီတင်းတစ်ပတ်အကြာတွင် မိုးများရွာနေသည့်ကြားမှ ပင်လယ်ကမ်းခြေဘေးတစ်နေရာ၌ စခန်းချ တဲထိုးနေလိုက်သည်။ ပင်လယ်ရေ ညှိများ၊ မိုးမခအပင်များနှင့် ခြင်များ အံ့ဩစရာကောင်းလောက်အောင် ပေါများ လှသော ဒေသလည်းဖြစ်သည်။ ဆားငွေ့ပါသောလေက ဒီရေအတက်အကျ နှင့်အတူပါလာသော အနံ့ဆိုးများကို သယ်ဆောင်လာသည်။ သောမတ်စ် ပင်လယ်အော်အတွင်းသို့ တရွေ့ရွေ့ ခုတ်မောင်းဝင်ရောက်လာသော လှေငယ်လေးတစ်စင်းက စာရေးသူ၏ တဲနှင့် မလှမ်းမကမ်းတစ်နေရာတွင် ဆိုက်ကပ် လာသည်။ လှေကို မောင်းနှင်လာသူက ပီတာစ်ဘာ့ဂ်မှ သစ်ခုတ်သမားတစ်ဦး ဖြစ်ပြီး ဂျင်မ်ဖရီးမဲန်း(Jim Freeman)ဟု သူ့ကိုယ်သူ မိတ်ဆက်လာသည်။ သည်ကနေ့ အလုပ်နားရက်ဖြစ်သည်ဟု သူက ဆိုသည်။ သူ၏ မိသားစုကို ရေခဲမြစ်ပြသရန်နှင့် ဝက်ဝံရှာဖွေရန် ခရီးထွက်လာခြင်းဖြစ်သည်ဟု ဖရီးမဲန်းက ပြောလာသည်။ သူက စာရေးသူကို အမဲလိုက်လာခြင်းလား၊ အခြားအကြောင်း ကိစ္စဖြင့် လာခြင်းလား စသည်ဖြင့် မေးမြန်းလာသည်။

“မဟုတ်ပါဘူး”။ စာရေးသူက ရှက်ကိုးရှက်ကန်းဖြင့် ပြန်ဖြေသည်။ “တကယ်တော့ ဒက်ဗီးလ်စ်သမ့်ဘ်တောင်ကို လာတက်တာပါ။ ဒီနေရာကို

ရောက်နေတာ ရက်နှစ်ဆယ်ကျော်လောက်ရှိနေပြီ”။ ဖရီးမဲန်းက လှေပေါင်ပေါ် မှ ကြိုးချည်သည့် ငုတ်နှင့် အလုပ်များနေဟန်ပြုရင်း မည်သည့်မှတ်ချက်မျှ ပြန်ပေးမလာခဲ့ပါ။ သူက စာရေးသူ၏ စကားကို အယုံအကြည်မရှိသည်မှာ သေချာလှသည်။ သီတင်းသုံးပတ်လုံးလုံး ရေမချိုး၊ အဝတ်အစားမလဲဘဲ နံစော် နေသော ခန္ဓာကိုယ်နှင့် ပခုံးထောက်အောင် ရှည်လျားသည့် ဆံပင်တို့ကြောင့် ယုံကြည်မှုရှိပုံမရခြင်းပင်။ စာရေးသူက မြို့ဘက်သို့ လှေကြုံပြန်စီးခွင့်တောင်း သောအခါတွင်မူ သူက“ရပါတယ်”ဟု စိတ်မပါသော လေသံဖြင့် ဆိုလာသည်။

ရေပြင်က လှိုင်းအနည်းငယ်ရှိနေသည်။ ဖရက်ဒ်ရစ်ခ်ရေနက်စီး ကြောင်းကို ဖြတ်သန်းရသည်မှာ အချိန်နှစ်နာရီခန့် ကြာမြင့်သည်။ နှစ်ယောက် သား စကားစမြည်ပြောရင်းဖြင့် ဖရီးမဲန်းက စာရေးသူအပေါ် နွေးထွေးမှုပြစပြု လာသည်။ သို့ရာတွင် သမ့်ဘ်တောင်သို့ စာရေးသူ တက်ရောက်ခဲ့သည့် အကြောင်းကိုမူ သူက ယုံကြည်ဟန်မရှိသေးပေ။ လှေငယ်ကို ရဲန်ဂယ်လ်နဲရိုးစ် (Wrangell Narrows) ရေလက်ကြားသို့ ဦးတည်ဝင်ရောက် မောင်းနှင်ချိန်တွင်မူ သူက စာရေးသူ၏ စကားကို လက်ခံဟန်ဆောင်လာခဲ့သည်။ လှေဆိပ်သို့ ဆိုက်ကပ်ပြီးနောက် စာရေးသူကို ဒိန်ခဲညှပ်ပေါင်မုန့် ဝယ်ကျွေးလိုကြောင်း သူက ပြောလာခဲ့သည်။ သူ၏ အိမ်နောက်ဖေးဘက်ရှိ အသုံးမပြု စွန့်ပစ်ထား သော အလုံပိတ်ကားတစ်စီးတွင် ညအိပ်ညနေ လိုက်နေနိုင်ကြောင်းလည်း သူက ဖိတ်ခေါ်လာသည်။

အလုံ ပိတ်ထရပ်ကားဟောင်း၏ နောက်ခန်းတွင် စာရေးသူ လဲလျောင်းနေသော်လည်း အိပ်မပျော်သဖြင့် ကီတိုစ်ကေ့ဗ်(Kitos Kave)အမည်ရ ဘားဆိုင် တစ်ဆိုင်ဆီသို့ လမ်းလျှောက်သွားလိုက်သည်။ ပီတာစ်ဘာ့ဂ်သို့ ပြန်လာစဉ်ကတည်းက စိတ်အစဉ်ကို လွှမ်းမိုးခဲ့သော စိတ်သက်သာရာရမှုနှင့်ပျော်ရွှင် ချမ်းမြေ့မှုတို့သည် မှုန်ဝါးပျောက်ကွယ်သွားခဲ့ရပြီး စိတ်အားညှိုးငယ် မှုတို့က မမျှော်လင့်ပါဘဲ အစားထိုးဝင်ရောက်လာကြသည်။ ကီတိုစ်ဘားဆိုင် တွင် စာရေးသူနှင့် စကားပြောဖြစ်သောသူတိုင်းက သမ့်ဘ်တောင်ထိပ်သို့ စာရေးသူ တက်ရောက်နိုင်ခဲ့သည် ဆိုခြင်းအပေါ် သံသယတစ်စုံတစ်ရာ ရှိပုံ မရချေ။ သူတို့က တောင်ထိပ်သို့ရောက်ခြင်း၊ မရောက်ခြင်းအား များစွာအလေး ထားမှု မရှိခြင်းပင်။ ညဉ့်နက်လာသည့်အခါ ဆိုင်ထဲတွင် လူပါးသွားပြီး အနောက်ဘက် စားပွဲတစ်လုံးဆီမှ သွားမရှိတော့ပြီဖြစ်သော ဒေသခံ လူနီအင်ဒီး ယန်းတလင်းကစ်(Tlingit)လူမျိုး အဘိုးအိုတစ်ဦးနှင့် စာရေးသူသာ ရှိတော့ သည်။ စာရေးသူက စားပွဲတွင် တစ်ယောက်တည်းထိုင်၍ သောက်ရင်း ငွေ အကြွေစေ့ထည့်ဖွင့်ရသည့် ဓာတ်စက်ထဲသို့ မတ်စေ့တစ်စေ့ပြီးတစ်စေ့ ထည့်ကာ သီချင်းငါးပုဒ်ကို ထပ်တလဲလဲ ဖွင့်၍ နားထောင်နေမိသည်မှာ ဘားကောင်တာမှ အမျိုးသမီးက “ဟေး- ကောင်လေး၊ စက်ကို ခဏလောက် အနားပေးလိုက် ပါဦးလား”ဟု ဒေါသတကြီးဖြင့် လှမ်းအော်လာသည်အထိပင်။ စာရေးသူက တောင်းပန်စကားကို ဗလုံးဗထွေးဆိုရင်း

တံခါးပေါက်ဘက်သို့ ထွက်သည်။ ဖရီးမဲန်း၏ အလုံပိတ်ကားဆီသို့ ပြန်ရောက်သည်တွင် ခြေပစ်လက်ပစ်ဖြင့် လှဲအိပ်ချလိုက်သည်။ အင်ဂျင်ဝိုင်အဟောင်းနံ့များဖြင့် သင်းကြိုင်လျက်ရှိသော ကားနောက်ခန်း ကြမ်းခင်းပေါ်ချထားသည့် ဂီယာဘောက်အဟောင်းတစ်လုံး အနီးတွင် လဲလျောင်းပြီးနောက် ဘာကိုမှမသိတော့ပေ။

သမ့်ဘ်တောင်ထိပ်သို့ ခြေချခဲ့ပြီးနောက် တစ်လမပြည့်မီကာလမှာပင် ဘိုးလ်ဒါမြို့သို့ စာရေးသူ ပြန်လည်ရောက်ရှိကာ အလာစကာပြည်နယ်သို့ ထွက်လာစဉ်က အလုပ်ဝင်လုပ်ခဲ့သော စပရုစ် စထရိ တောင်းဟောက်ဇက်စ် (Spruce Street Townhouses) ကွန်ဒိုတိုက်ခန်း ဆောက်လုပ်ရေးလုပ်ငန်းတွင် လက်သမားအလုပ် ဝင်လုပ်နေခဲ့သည်။ စာရေးသူ၏ လုပ်ခမှာ တစ်နာရီလျှင် လေးဒေါ်လာအထိ တိုးမြှင့်ရရှိလာခဲ့ပြီး နွေရာသီကုန်ဆုံးချိန်၌ လုပ်ငန်းခွင်ရှိနောက်တွဲယာဉ်တွင် နေထိုင်ရာမှ ဈေးပေါသော အခန်းကျဉ်းတိုက်ခန်းတစ်ခန်း သို့ ပြောင်းရွှေ့လိုက်သည်။ ထိုတိုက်ခန်းသည် မြို့လယ်မှ ဈေးဝယ်စင်တာကြီး ၏ အနောက်ဘက်တွင်ရှိသည်။

လူတို့သည် ငယ်ရွယ်စဉ်အခါ၌ ကိုယ်အလိုရှိရာသည် ကိုယ့်အတွက် ထိုက်တန်ရာအောက် မယုတ်လျော့ကြောင်း ယုံကြည်ရန် လွယ်ကူသည်။ ဤသို့ဖြင့် တစ်စုံတစ်ခုသော အရာကို ပြင်းပြစွာ တောင့်တလိုချင်စိတ်ရှိသည် ဆိုပါက ထိုအရာကို ပိုင်ဆိုင်ရယူရန်မှာ ဘုရားသခင်က ပေးအပ်ထားသောအခွင့်အရေးဖြစ်သည်ဟု မှတ်ယူရန်ဖြစ်လာသည်။ ထိုနှစ် ဧပြီလအတွင်းက အလာစကာပြည်နယ်သို့သွားရန် စာရေးသူဆုံးဖြတ်ချက်ချခဲ့စဉ် စာရေးသူ၏ အသက်အရွယ်မှာ ခရစ္စမက်ကန်းဒလက်စ်ကဲ့သို့ပင် အတွေ့အကြုံ မရှိသေး သည့် လူငယ်တစ်ဦးဖြစ်ပြီး ပြင်းပြသော တပ်မက်မှုကို ထိုးထွင်းသိမြင်နိုင်စွမ်း အဖြစ် ထင်မှတ်မှားခဲ့သည့်အပြင် ရေရာခြင်းမရှိ၊ ဟာကွက်များပါဝင်သည့် ကြောင်းကျိုးဆင်ခြင်မှုများအရ လိုက်နာဆောင်ရွက်မိခဲ့သည်။ သမ့်ဘ်တောင် ပေါ်သို့ တက်ရောက်နိုင်ခြင်းသည် စာရေးသူ၏ဘဝအတွင်းမှ လွဲမှားနေသည်တို့ အားလုံးကို ပြီးပြေသည်အထိ ဖြေရှင်းပေးလိမ့်မည်ဟု စာရေးသူ ထင်မှတ်ခဲ့ခြင်း ဖြစ်သည်။ အဆုံးတွင် သမ့်ဘ်တောင်ကို အောင်နိုင်ခြင်းက မည်သည့်အပြောင်း အလဲကိုမျှ ဖြစ်မလာစေသလောက်ပင် ဖြစ်သည်ကို တွေ့ခဲ့ရသည်။ သို့ရာတွင် တောင်တို့သည် အိပ်မက်များအား ထည့်သိုသိမ်းဆည်းရာ နေရာများဖြစ်သည် ကို စာရေးသူသိရှိ တန်ဖိုးထားတတ်လာသည်။ ထိုအကြောင်းများကို ပြန်ပြောပြ ရန် စာရေးသူ အသက်ရှင်သန် နေထိုင်ခဲ့ခြင်းပင်ဖြစ်သည်။

လူငယ်တစ်ယောက်အရွယ်က စာရေးသူသည် များစွာသော အရေး ပါသည့် အကြောင်းကိစ္စရပ်များတွင် မက်ကန်းဒလက်စ်နှင့် တူညီခြင်းမရှိပါ။ အထူးသဖြင့် မက်ကန်းဒလက်စ်ကဲ့သို့ ဉာဏ်ရည်မြင့်မားခြင်းလည်းမရှိ၊ မြင့်မား သော

ကိုယ်ရည်သွေးစံနှုန်းမျိုးလည်း မရှိခဲ့ပါ။ သို့ရာတွင် စာရေးသူတို့နှစ်ဦး စလုံးသည် မိမိတို့၏ ဖခင်များနှင့် အပေးအယူမတည့်သော ဆက်ဆံရေး၏ ဆိုးကျိုးသက်ရောက်မှု ခံကြရသည်ဟု ယုံကြည်မိသည်။ ထို့အပြင် စိတ်ဆန္ဒ ပြင်းပြခြင်း၊ အလေးဂရုမထားခြင်း၊ အသွေးအသားထဲအထိ စိတ်လှုပ်ရှား ထိခိုက်ခံစားခြင်း စသည်တို့တွင် တူညီကြသည်ဟုလည်း တွေးစရာဖြစ်သည်။

အလာစကာ ခရီးစဉ်အတွင်း စာရေးသူက အသက်မသေဘဲ ပြန်လာ နိုင်ပြီး မက်ကန်းဒလက်စ်က အသက်ဆုံးရှုံးခဲ့ရသည်မှာ ရရှိသောအခွင့်အရေး ပေါ်တွင်သာ များစွာမူတည်ပါသည်။ ၁၉၇၇ ခုနှစ်အတွင်း စတစ်ခ်ကီးန်ရေခဲ ပြင်မှ စာရေးသူ အသက်ရှင်လျက် ပြန်မလာနိုင်ပါက ယခုအခါ မက်ကန်း ဒလက်စ်ကို လူအများပြောနေကြသကဲ့သို့ပင် ကိုယ့်သေတွင်းကိုယ် တူးသူ အဖြစ် အပြောခံရမည်သာဖြစ်သည်။ ထိုအဖြစ်အပျက်တို့ ဖြစ်ပျက်ခဲ့ပြီး ၁၈ နှစ်ခန့် ကြာမြင့်သော အချိန်ကျမှသာ ကိုယ့်ကိုယ်ကို လွန်လွန်ကဲကဲ အထင် ကြီးမိခဲ့ခြင်းဖြစ်ကြောင်း စာရေးသူ ဆင်ခြင်မိလာသည်။ စာရေးသူသည် ထိုစဉ်က ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းခြင်း ဖြစ်ကောင်းဖြစ်နိုင်မည် ဖြစ် သော်လည်း စိုးရိမ်ဖွယ်ကောင်းလောက်အောင်
အပြစ်ကင်းစင်သည်မှာလည်းအသေအချာပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ စာရေးသူသည် ကိုယ့်ကိုယ်ကို သေကြောင်းကြံသူ မဟုတ်ခဲ့ပါ။

စာရေးသူ လူငယ်ဘဝအရွယ်က သေခြင်းတရားဆိုသည်မှာ ဟိုက်ပါ ဘိုးလစ်ဂျီဩမေတြီပညာရပ်နှင့် ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်း စသည်တို့ ကဲ့သို့သော အယူအဆတစ်ရပ်သက်သက်အဖြစ်သာ ရှုမြင်ခဲ့သည်။ သေခြင်း တရား၏ ထိတ်လန့်ဖွယ်ရာ အဆုံးသတ်မှုနှင့် အလုံးစုံ ပျက်ယွင်းစေမှုတို့ကို အလေးတယူ တန်ဖိုးထား နားလည်ခြင်းမရှိခဲ့။ သေဆုံးသူတို့ထံ နှလုံးသားနှင့် ရင်း၍ ဘဝပုံအပ်နှံထားသူတို့အပေါ် သေခြင်းတရားက မည်မျှအထိ ထိခိုက် ပြိုကွဲစေမည်ကို နားလည်သိတတ်နိုင်ခြင်းမရှိခဲ့။ လွတ်မြောက်နိုင်ခြင်း မရှိသော သေခြင်းတရား၏ အမှောင်ဖုံးနေသော ဆန်းကြယ်သည့် ဇာတ်လမ်းများက စာရေးသူကို လှုပ်နှိုးလာသည်။ ကြမ္မာဂြိုဟ်ဆိုး၏ အစွန်းတစ်ဖက်ဆီသို့ တိတ်တခိုး ချဉ်းကပ်ကာ နှုတ်ခမ်းဖျားဆီမှ ချောင်းမြောင်းကြည့်ရှုလိုစိတ်ကို စာရေးသူ တွန်းလှန်နိုင်ခဲ့ခြင်းမရှိ။ ထိုအရိပ်မည်းတို့အတွင်း ဖုံးကွယ်ထားသော အရာ၏ အရိပ်အယောင်တို့က စာရေးသူကို ထိတ်လန့်ချောက်ချားစေခဲ့သည်။ သို့ရာတွင် ထိုအကြည့်တစ်ချက်အားဖြင့် စာရေးသူမှာ အသိအမြင်တစ်ရပ် ရရှိလာသည်။ ထိုအသိမှာ အချို့သော တားမြစ်ပိတ်ပင်ထားသည့် အခြေခံ ပဟေဠိပုစ္ဆာများသည် လူတို့၏ စိတ်ကို အတင်းအကျပ် လှုံ့ဆော်စေစားရာ၌ အမျိုးသမီးတစ်ဦးနှင့် ချစ်ဗျူဟာခင်းရသည့် ချိုမြိန်မှုထက် မလျော့နည်းကြောင်း ပင်ဖြစ်သည်။

စာရေးသူ၏ ဇာတ်လမ်းတွင်သာမက မက်ကန်းဒလက်စ်၏ ဇာတ် လမ်းသည်လည်း အသက်ကို စွန့်လွှတ်သေဆုံးလိုခြင်းနှင့် လုံးဝ ကွဲပြားခြားနား

ကြောင်း နှစ်နှစ်ကာကာ ယုံကြည်ပါသည်။

အခန်း (၁၆)

အလာစကာ အတွင်းပိုင်းသို့

ကျွန်ုပ်သည် အရိုင်းဆန်သော ဘဝ၏ ကောင်းမြတ်ခြင်းတရားများ၊ ပင်ကိုခံစားမှုများနှင့် ရိုးစင်းမှုတို့ကို ရရှိလိုသည်။ ထိုသို့ရရှိလိုခြင်းမှာ ယဉ်ကျေးသော လူ့အဖွဲ့အစည်း၏ အပြစ်အနာအဆာများ၊ အဂတိမကင်းသော ထင်မြင်ယူဆချက်များ၊ လူတို့ ဖန်တီးသော အလေ့အထများ စသည်တို့မှ မိမိကိုယ်တိုင် ရုန်းထွက်စွန့်လွှတ်နိုင်ရန် ဖြစ်သည့်အပြင် အနောက်ပိုင်းဒေသရှိတောကြီးကန္တာများ၏ ခမ်းနားကြီးကျယ်မှုနှင့် လူသူကင်းဝေးခြင်းတို့အကြားမှ လူသားသဘာဝနှင့် စစ်မှန်သော လူ့အကျိုးစီးပွားအတွက် ပိုမိုမှန်ကန်သည့် အမြင်များကို ရှာဖွေလိုသောကြောင့်လည်း ဖြစ်သည်။ နှင်းကျသော ရာသီဥတုကို ပိုမိုနှစ်သက်ရသည်မှာလည်း ဒုက္ခခံစားရခြင်းအပေါ် သာယာမှုနှင့် မကြုံ ဖူးသေးသော ဘေးအန္တရာယ်အသစ်တို့ကို ရင်ဆိုင်ကြုံတွေ့လိုခြင်းကြောင့်ပင်ဖြစ် သည်။

အက်စ်တဝစ်ခ်အီဗန်စ်

A Pedestrious Tour, of Four Thousand Miles,

Through the Western States

During the Winter and Spring of 1818.

လူနှင့် လူတို့၏ အလုပ်များအပေါ် မှုန်းတီးငြီးငွေ့နေကြသူတို့အား တောရိုင်းမြေက ဆွဲဆောင်သည်။ တောရိုင်းမြေသည် လူမှုအဖွဲ့အစည်းအတွင်း မှ ထွက်ပြေးလွတ်မြောက်နိုင်သည့် အခွင့်အလမ်းကို ကမ်းလှမ်းရုံသာမက စိတ်ကူးယဉ်ဆန်သော သူတို့အတွက် ယင်းတို့၏ နှလုံးဝိညာဉ်အားဖြင့် ဖန်တီး အပ်သော ယုံကြည်ချက်များကို လက်တွေ့ ကျင့်သုံးနိုင်မည့် အကောင်းဆုံး စံနှုန်း အဆင့်တစ်ရပ်ကိုလည်း ပေးစွမ်းသည်။ တောရိုင်းမြေ၏ လူသူကင်းဝေး ခြင်းနှင့် အနှောင်အဖွဲ့ကင်းသော လွတ်လပ်ခြင်းတို့က အကြောင်းရင်းခံ ရေရေ ရာရာမရှိဘဲ စိတ်အားညှိုးငယ်ခြင်း သို့မဟုတ် ဝမ်းသာပီတိဖြစ်ခြင်းတို့အတွက် ပြည့်စုံကောင်းမွန်သော ချိန်ညှိမှုကို ဖန်တီးပေးသည်။

ရော့ဒ်ဒရစ်နက်ရှ်

Wilderness and the American Mind

၁၉၉၂ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့တွင် ခရစ္စမက်ကန်းဒလက်စ်သည် နေကြာစေ့များတင်ထားသော မက်ခ်ထရပ်ကားခေါင်းခန်းတွင် လိုက်ပါကာ တောင်ဒါကိုတာပြည်နယ်၊ ကာသေ့ချ်မြို့မှ ထွက်ခွာခဲ့သည်။ သူ၏ ခမ်းနား ကြီးကျယ်သော အလာစကာခရီးစဉ်ကြီးမှာ မကြာမီ စတင်တော့မည်ဖြစ် သည်။ ကာသေ့ချ်မြို့မှ ထွက်ခွာလာပြီး သုံးရက်အကြာတွင် ကနေဒါနိုင်ငံ၊ ဘရစ်တစ်ရှ် ကိုလံဘီယာပြည်နယ်ရှိ ရူးစ်ဗီးလ်(Roosville)အမည်ရ နယ်စပ် ဒေသမှတစ်ဆင့် ကနေဒါနိုင်ငံအတွင်းသို့ ဖြတ်ကျော်ဝင်ရောက်သည်။ ထိုမှ မြောက်ဘက်သို့

ဆက်လက်ထွက်ခွာကာ စကူးကမ်းချပ်ခ်ကျေးရွာ(Skookun-chuck), ရေဒီယမ်လမ်းဆုံ(Radium Junction) လူးဝစ္စရေကန် (Lake Louise),ဂျပ်စပါရေကန်(Lake Jasper), ပရင့်စ်ဂျော့ချ်မြို့(Prince George), ဒေါ်ဆင်ခရီးခ် မြို့(Dawson Creek)သို့ ခရီးဆက်သည်။ ဒေါ်ဆင်ခရီးခ်မြို့လယ်တွင် စိုက်ထူ ထားသော အလာစကာ အဝေးပြေးလမ်းမကြီး၏ တရားဝင်အစပြုရာ မိုင်တိုင် "၀"(သုည)အဖြစ် အမှတ်အသားပြုထားသည့် ဆိုင်းဘုတ်ရှေ့တွင် မက်ကန်း ဒလက်စ်က မှတ်တမ်းဓာတ်ပုံ ရိုက်ယူခဲ့သည်။ ဆိုင်းဘုတ်တွင် "ဖဲဘန့်ခ်စ်မြို့ သို့ ၁၅၂၃ မိုင်"ဟု ရေးသားဖော်ပြထားသည်။

အလာစကာ အဝေးပြေးလမ်းမကြီးထက်တွင် ခရီးကြမ်းလမ်း လျှောက်ထွက်ခြင်းမှာ ခက်ခဲလှသောအလုပ်ဖြစ်သည်။ ဒေါ်ဆင်ခရီးခ်မြို့ဆင် ခြေဖုံးလမ်းများထက်တွင် စိတ်လက်ညှိုးနွမ်းနေဟန်ရှိသော ခရီးသွားအမျိုးသား အမျိုးသမီး တစ်ဒါဇင်ခန့်က ကားကြုံစီးခွင့် ရရှိရန်အတွက် လက်မထောင်ပြ ကာ လမ်းပခုံးထက်၌ မတ်တတ်ရပ်၊ တန်းစီစောင့်ဆိုင်းနေကြပုံ မြင်ကွင်းမှာမြင်တွေ့နေကျ မြင်ကွင်းပင်ဖြစ်သည်။ အချို့သော သူတို့မှာ ကားကြုံစီးခွင့်ရရှိသည့် တစ်ကြိမ်နှင့်တစ်ကြိမ်အကြား သီတင်းတစ်ပတ် သို့မဟုတ် ထို့ထက်ပင် ပို၍ စောင့်ဆိုင်းကောင်း စောင့်ဆိုင်းရနိုင်ပေသည်။ သို့ရာတွင် မက်ကန်း ဒလက်စ်မှာမူ ထိုသို့ နှောင့်နှေးကြန့်ကြာမှုမဖြစ်ခဲ့ပါ။ ကာသေ့ချ်မြို့မှ ထွက်ခွာ လာခဲ့ပြီး ခြောက်ရက်အကြာ ဧပြီလ ၂၁ ရက်နေ့တွင် ယူကွန်းဒေသ၏ တံခါးဝဖြစ်သည့် လီယာ့ဒ်မြစ်ရေပူစမ်း(Liard River Hot Springs)သို့ မက်ကန်း ဒလက်စ် ရောက်ရှိသည်။

လီယာ့ဒ်မြစ်အနီးတွင် အများပြည်သူသုံး စခန်းချရာ နေရာတစ်ခုရှိသည်။ ကမ်းခြေတစ်လျှောက် ခင်းထားသော သစ်သားကြမ်းခင်းလျှောက်လမ်း အတိုင်း မိုင်ဝက်ခန့်လမ်းလျှောက်သွားပါက စိမ့်တောတစ်ခုကို ဖြတ်ကျော်ပြီး နောက် သဘာဝအလျောက် ဖြစ်ပေါ်နေသော ရေပူကန်များဆီသို့ ရောက်ရှိမည် ဖြစ်သည်။ ဤဒေသသည် အလာစကာ အဝေးပြေးလမ်းမကြီးတစ်လျှောက် လူသိများ ထင်ရှားကျော်ကြားသော နားနေရာစခန်းတစ်ခုဖြစ်သည်။ မက်ကန်း ဒလက်စ်သည်လည်း ရေပူစမ်းတွင် ရေစိမ်ရန် အနားယူမည်ဟု ဆုံးဖြတ်ခဲ့ သည်။ ရေပူစမ်းတွင် ရေချိုးပြီးနောက် မြောက်ဘက်သို့ ခရီးဆက်ရန်အတွက် ကားကြုံစောင့်ဆိုင်းချိန်တွင် သူ၏ ကံတရားက ပြောင်းလဲသွားပြီကို သူတွေ့ လိုက်ရသည်။ ကားကြုံစီးခွင့်ပြုမည့်သူ တစ်ဦးတစ်ယောက်ကိုမျှပင် မကြုံတွေ့ ခဲ့ရ။ နှစ်ရက်တိုင်တိုင် စောင့်ဆိုင်းသော်လည်း ကားကြုံမရဘဲ လီယာ့ဒ်မြစ် ကမ်းတွင်သာ စိတ်မရှည်စွာ ရှိနေဆဲဖြစ်သည်။

စတပ်ကီ(Stuckey)သည် အင်ဒီယာနာပြည်နယ်မှ ဒေသခံတိုင်း ရင်းသားတစ်ဦးဖြစ်သည်။ အသက် ၆၃ နှစ်အရွယ်ခန့်ရှိပြီး ထိပ်ပြောင်ပြောင်၊ ဝက်ပေါင်သားလို မျက်နှာမျိုးရှိသူဖြစ်ကာ ပျော်ပျော်နေတတ်သူလည်းဖြစ်သည်။

စတပ်ကီက အပန်းဖြေ မော်တော်ယာဉ်နေအိမ်တစ်လုံးကို အလာစကာပြည်နယ် ရှိ ဖဲဘန့်ခ်စ်အာရ်ဗွီ(Fairbanks RV) အရောင်းဆိုင်သို့ သွားရောက်ပို့ဆောင်ရန် အင်ဒီယာနာပြည်နယ်မှ ထွက်ခွာလာခြင်းဖြစ်သည်။ ထိုအလုပ်က သူ၏အချိန် ပိုင်းအလုပ်ဖြစ်သည်။ ယခင်က စားသောက်ဆိုင်လုပ်ငန်းတစ်ခုကို အနှစ်လေး ဆယ်ခန့် လုပ်ကိုင်ခဲ့ပြီး အငြိမ်းစားယူခဲ့သူလည်းဖြစ်သည်။ စတပ်ကီက သူ၏ ခရီးဆုံးကို မက်ကန်းဒလက်စ်အား ပြောပြလာသည့်တွင် မက်ကန်းဒလက်စ်က "ကျွန်တော်လည်း အဲဒီကိုသွားမှာပဲ။ ဒီမှာ ကားကြုံစီးရဖို့ စောင့်နေတာ နှစ် ရက်တောင် ရှိပြီ။ အပန်းမကြီးဘူးဆိုရင် ကျွန်တော် လိုက်ခဲ့ပါရစေ"ဟု ဆိုလာသည်။

"အိုး... တိုက်ဆိုင်လိုက်တာ"။ စတပ်ကီက ပြောလာသည်။ "သား လေးကို ခေါ်သွားချင်တာပေါ့ကွယ်။ ဒါပေမဲ့ ခေါ်လို့လည်း မဖြစ်သေးဘူး။ ဦး အလုပ်လုပ်တဲ့ ကုမ္ပဏီက လမ်းလျှောက်ခရီးသွားတွေကို ကားကြုံတင်ခွင့် မပေးရဘူးလို့ စည်းကမ်းသတ်မှတ်ထားတာကြောင့်ပါ။ ဦးပါ အလုပ်ပြုတ်သွား လိမ့်မယ်"။ ရေပူစမ်းအခိုးအငွေ့များအကြား မက်ကန်းဒလက်စ်နှင့် စကား စမြည် ပြောဖြစ်ရင်းမှာပင် စတပ်ကီက ကားကြုံစီးခွင့်ပြုရေးကို ပြန်လည်စဉ်း စား ပေးခဲ့သည်။ "အဲလက်စ်က မုတ်ဆိတ်ကျင်စွယ်တွေ သပ်သပ်ရပ်ရပ်ရိတ် ပယ်ထားတယ်။ ဆံပင်လည်း ခပ်တိုတိုညှပ်ထားတာ။ သူ စကားပြောပုံဆိုပုံ နားထောင်ကြည့်ရတာလည်း လူတော်လေးတစ်ယောက်မှန်း အတပ်ပြောနိုင် ပါတယ်။ သူက ခင်ဗျားတို့ တွေ့မြင်နေကျ သာမန်လမ်းလျှောက်ခရီးသွား တစ်ယောက်ပုံစံ မဟုတ်ဘူး။ ကျွန်တော်က အဲဒီလိုလူတွေဆို သိပ်ပြီး ယုံချင်တာ မဟုတ်ဘူးလေ။ ဘတ်စ်ကားလက်မှတ်တစ်စောင်လောက်တောင် မဝယ်နိုင်တဲ့ လူဟာ တစ်စုံတစ်ခုမှားနေလို့ပဲ ဖြစ်မယ်လို့ ကျွန်တော်က တွေးတာပါ။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် နာရီဝက်လောက်ကြာအောင် စကားပြောပြီးတဲ့နောက်မှာ ကျွန်တော်က "မင်းကိုပြောမယ် အဲလက်စ်။ လီယာ့ဒ်က ဖဲဘန့်ခ်စ်နဲ့ မိုင်တစ် ထောင်လောက်ဝေးတယ်။ မင်းကို ဦးက မိုင်ငါးရာလောက်အထိတော့ ခေါ် သွားပေးမယ်။ ဝိုက်တ်ဟော့စ်မြို့ (Whitehorse)အထိပေါ့။ ကျန်တဲ့ခရီးကိုတော့ အဲဒီကနေတစ်ဆင့် ကားကြုံထပ်ရှာစီးရမှာပေါ့"လို့ ပြောလိုက်ပါတယ်"။

ယူကွန်းဒေသ၏ မြို့တော်လည်းဖြစ်၊ အလာစကာ အဝေးပြေးလမ်းမ တစ်လျှောက် အကျယ်ဝန်းဆုံးနှင့် စီးပွားရေးအချက်အချာကျသော မြို့လည်း ဖြစ်သည့် ဝိုက်တ်ဟော့စ်မြို့သို့ တစ်ရက်ခွဲခန့် ခရီးနှင်ပြီး ရောက်ရှိသွားချိန် တွင်မူ ခရီးလမ်းတစ်လျှောက် မက်ကန်းဒလက်စ်၏ အဖော်ပြုမှုကို သဘော ကျသွားသည့် စတပ်ကီက စိတ်ပြောင်းကာ မက်ကန်းဒလက်စ်ကို ခရီးဆုံး အထိ လိုက်ပါခွင့်ပြုမည်ဖြစ်ကြောင်း ပြောကြားလာခဲ့သည်။ "အဲလက်စ်က ခရီးအစပိုင်းမှာတော့ စကားသိပ်မပြောဘူး"။ စတပ်ကီက ပြောပြလာခြင်းဖြစ် သည်။ "ဒါပေမဲ့ ခရီးကလည်းရှည်၊ ဖြည်းဖြည်းပဲမောင်းရတာ မဟုတ်လား။ လှိုင်းထ,နေတဲ့ အဲဒီလမ်းမတွေပေါ်မှာ ကျွန်တော်တို့ အတူရှိနေခဲ့တာ သုံးရက် တောင် ရနေပြီလေ။

နောက်ဆုံးတော့ သူက စကားတွေ ပြောလာတော့တာ ပါပဲ။ ကျွန်တော်ပြောပြချင်တာက ဒီကောင်လေးဟာ အဝတ်အစား သေသေ သပ်သပ် ဝတ်တတ်တယ်၊ ယဉ်ကျေးပျူငှာလိုက်တာလည်း အလွန်ပဲ။ စကား ပြောရင်လည်း အဆဲအဆိုတွေ၊ ကြမ်းကြမ်းတမ်းတမ်းတွေ မပြောဘူး။ ဗန်းစကားတွေလည်း မသုံးဘူး။ သူဟာ မျိုးကောင်းရိုးကောင်း မိသားစုကနေ လာတာဖြစ်မယ်ဆိုတာ သိသာတယ်။ သူအများဆုံး ပြောပြတာက သူ့ညီမ အကြောင်းပဲ။ သူ့အိမ်က လူကြီးတွေနဲ့တော့ သိပ်အဆင်ပြေပုံမရဘူး။ ဒါတော့ နဲတော့်အထင်ပေါ့နော်။ သူ့အဖေက နာဆာမှာ အလုပ်လုပ်တယ်။ အရမ်း တော်တဲ့ ဒုံးပျံနည်းပညာ သိပ္ပံပညာရှင်တစ်ယောက်ဆိုတာ ပြောပြတယ်။ ဒါပေမဲ့ အဖေက တစ်ချိန်မှာ အိမ်ထောင်ရေးဖောက်ပြန်မှု ရှိခဲ့တယ်။ အဲဒီ အချက်က အဲလက်စ်ခေါင်းထဲမှာ စွဲနေတာ။ သူ့မိဘတွေနဲ့ မတွေ့ဖြစ်တာ နှစ်နှစ်လောက်ရှိပြီလို့လည်း ပြောတယ်။ ကောလိပ်ကျောင်းဆင်းပြီးကတည်းက မတွေ့တော့တာ”။

မက်ကန်းဒလက်စ်က နွေရာသီကာလအတွင်း အလာစကာတော ကြီးထဲ၌ တစ်ဦးတည်းနေထိုင်သွားမည့် သူ၏ ရည်ရွယ်ချက်ကို စတပ်ကီအား ပွင့်ပွင့်လင်းလင်းပင် ပြောပြခဲ့သည်။ “ဒါဟာ သူငယ်ငယ်လေးကတည်းက တောင့်တခဲ့တဲ့အရာတစ်ခုလို့လည်း သူက ပြောပြခဲ့တယ်။” စတပ်ကီက ဆက်ပြောလာသည်။ “လူဆိုလို့ တစ်ယောက်လောက်တောင် မတွေ့ချင်တော့ ဘူး၊ လေယာဉ်ပျံလည်း မမြင်ချင်ဘူး၊ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းနဲ့ ပတ် သက်တဲ့ ဘယ်လိုအရိပ်အယောင်ကိုမှ မမြင်ချင်ဘူးလို့ မက်ကန်းဒလက်စ်က ပြောပြခဲ့တယ်။ သူဟာ တခြားဘယ်သူတွေရဲ့ ကူညီထောက်မ,မှုမှ မပါဘဲ သူ့ဘာသာသူ ရှင်သန်ရပ်တည်နိုင်တယ်ဆိုတာကို သက်သေပြချင်နေတာ”။

စတပ်ကီနှင့် မက်ကန်းဒလက်စ်တို့သည် ဖဲဘန့်ခ်စ်မြို့သို့ ဧပြီလ ၂၅ ရက်နေ့ မွန်းလွဲပိုင်းတွင် ရောက်ရှိလာခဲ့ကြသည်။ စတပ်ကီက မက်ကန်း ဒလက်စ်ကို ကုန်စုံဆိုင်တစ်ဆိုင်သို့ ခေါ်သွားပြီး ဆန်အိတ်ကြီးတစ်အိတ် ဝယ် ပေးလိုက်သည်။ “အဲဒီနောက်မှာ စားလို့ရတဲ့ အပင်တွေအကြောင်း လေ့လာချင် လို့ တက္ကသိုလ်တစ်ခုကို သွားချင်ကြောင်း အဲလက်စ်က ပြောလာတယ်။ ဘယ်ရီသီးပင်တို့လို ဟာမျိုးတွေပေါ့။ ဒါနဲ့ ကျွန်တော်က သူ့ကို ပြောလိုက်တယ် “အဲလက်စ်၊ မင်းဟာက မစောလွန်းဘူးလား။ နှင်းတွေက မြေပေါ်မှာ အခု အချိန်အထိ နှစ်ပေ၊ သုံးပေလောက် ဒု,တက်နေတုန်းပဲရှိသေးတယ်။ ဘာပင်မှ ပေါက်ဦးမှာ မဟုတ်ဘူး”လို့ ပြောလိုက်တာ။ ဒါပေမဲ့ သူက လုံးဝ စိတ်ပိုင်းဖြတ် ထားပြီးပုံပဲ။ သူက သွားချင်လွန်းလို့ စောင့်ရတာတောင် စိတ်မရှည်တော့ဘူး။ အဲဒီနောက် ထွက်သွားတော့တာပဲ”။ စတပ်ကီက ဖဲဘန့်ခ်စ်မြို့ အနောက်ဘက် စွန်းရှိ အလာစကာတက္ကသိုလ်ဝင်းပေါက်အထိ ကားဖြင့်လိုက်ပို့ပေးပြီး ညနေ ငါးနာရီခွဲအချိန်တွင် မက်ကန်းဒလက်စ်က ကားပေါ်မှ ဆင်းသွားခဲ့သည်။

“ကားပေါ်က သူ မဆင်းခင်..”။ စတပ်ကီက ဆက်ပြောလာသည်။ “သူ့ကို

ကျွန်တော် တစ်ခုမှာတယ်။ "အဲလက်စ်၊ မင်းကို ဦးက မိုင်တစ်ထောင် လောက် ကားနဲ့လိုက်ပို့ပေးခဲ့တာ၊ သုံးရက်လုံးလုံးလည်း မင်းကို တစ်ခုပြီးတစ်ခု ဝယ်ကျွေးလာခဲ့တာ မင်းအနေနဲ့ ဦးအတွက် အနည်းဆုံး ပြန်လုပ်ပေးစေချင်တာ ကတော့ အလာစကာကို ပြန်ရောက်ရင် ဦးဆီကို စာတစ်စောင်ရေးပို့ဖို့ပါပဲ"။ မက်ကန်းဒလက်စ်က စာရေးပေးပို့မည်ဖြစ်ကြောင်း ကတိပြုသွားခဲ့သည်။

"သူ့မိဘတွေဆီကို အဆက်အသွယ်လုပ်ဖို့ရာလည်း သူ့ကို ကျွန်တော် တောင်းတောင်းပန်ပန်နဲ့ ပြောခဲ့ပါသေးတယ်။ သားယောကျ်ားလေးတစ် ယောက်ကို နှစ်နဲ့ချီပြီး ဘယ်ရောက်လို့ရောက်မှန်းမသိ၊ သေသလား ရှင်သလား မသိဘဲ နေရတာလောက် ဆိုးရွားတဲ့အရာ ရှိမယ်မထင်မိဘူး။ "ဟော့ ဒီမှာ ဦးရဲ့ အကြွေးဝယ်ကဒ်ပြားနံပါတ်။ မင်း မိဘတွေကို ဖုန်းဆက်လိုက်ပါလို့ ကျွန်တော်က ချော့ပြောပါသေးတယ်။ ဒါပေမဲ့ သူက "ကျွန်တော် ဆက်ဖြစ်ရင် ဆက်ဖြစ်မှာပါ။ ဆက်ဖြစ်ချင်မှလည်း ဆက်ဖြစ်လိမ့်မယ်"လို့ ပြန်ပြောလာ တယ်။ သူ ထွက်သွားပြီးမှပဲ ကျွန်တော် တစ်ခု သတိရမိတယ်။ "အိုး...ဘာ ဖြစ်လို့များ သူ့မိဘဖုန်းနံပါတ် တောင်းမထားလိုက်ရတာလဲ။ ကိုယ့်ဘာသာ ဆက်လည်း ရသားနဲ့"လို့ ကိုယ့်ကိုယ်ကို အပြစ်တင်မိတယ်။ ဒါပေမဲ့ ဖြစ်ပျက် ခဲ့တာတွေက အရမ်းမြန်လွန်းတယ်လေ"။

မက်ကန်းဒလက်စ်ကို တက္ကသိုလ်ဝင်းပေါက်တွင် ချထားပေးခဲ့ပြီး နောက် စတပ်ကီသည် အာရ်ဗွီ(RV) မော်တော်ယာဉ်အိမ်ကို အရောင်းကိုယ် စားလှယ်ထံ ပေးအပ်ရန် မြို့တွင်းသို့ ပြန်လည် မောင်းနှင်သွားခဲ့သော်လည်း မော်တော်ယာဉ် စစ်ဆေးလက်ခံမည့်သူက အိမ်ပြန်သွားပြီဖြစ်၍ တနင်္လာနေ့ နံနက်ပိုင်းမှသာ အာရ်ဗီယာဉ်ကို အပ်နှံနိုင်မည်ဖြစ်ကြောင်း သိရှိလိုက်ရသည်။ သို့ဖြစ်၍ အင်ဒီယာနာပြည်နယ်သို့ လေယာဉ်ခရီးဖြင့် မပြန်မီ ဖဲဘန့်ခ်စ်တွင် နှစ်ရက်တာမျှ အချိန်ဖြုန်းနေထိုင်ရန် ဖြစ်လာသည်။ တနင်္ဂနွေနေ့နံနက်ခင်းပိုင်း ၌ အလုပ်မရှိ အားလပ်နေသော စတပ်ကီက အလာစကာတက္ကသိုလ်ဆီသို့ ပြန်သွားကြည့်သည်။ "အဲလက်စ်နဲ့ တွေ့ပြီး တစ်ရက်လောက် အတူတူ အချိန် ဖြုန်းဖို့ရာ မျှော်လင့်ပြီးသွားတာပါ။ သူ့ကို ဟိုနားဒီနားလည်း လိုက်ပြလည်ပတ် ပေးလို့ရတာပေါ့။ နှစ်နာရီလောက် ကြာအောင် သူ့ကို လိုက်ရှာတယ်။ နေရာ အနှံ့ကို ကားနဲ့ပတ်မောင်းပြီး ရှာတာ။ ဒါပေမဲ့ သူ့ရဲ့ အရိပ်အယောင်ကိုတောင် မတွေ့ရဘူး။ သူ ထွက်သွားခဲ့ပြီပေါ့"။

စနေနေ့ ညနေခင်းတွင် စတပ်ကီနှင့် လမ်းခွဲခဲ့ပြီးနောက် မက်ကန်းဒလက်စ်သည် ဖဲဘန့်ခ်စ်မြို့အနီးဝန်းကျင်တွင်ပင် နှစ်ရက်နှင့် သုံးည နေထိုင်ခဲ့ သည်။ အလာစကာတက္ကသိုလ် အနီးဝန်းကျင်တွင် အများဆုံး ရှိနေခဲ့ခြင်းပင်။ တက္ကသိုလ်ဝင်းအတွင်းမှ စာအုပ်ဆိုင်တစ်ဆိုင်၏ အလာစကာနှင့် ပတ်သက် သော စာအုပ်များထားရှိရာ စာအုပ်စင်အောက်ဆုံးအဆင့်၌ သူ အလိုရှိသော စာအုပ်များကို မက်ကန်းဒလက်စ်က ရှာဖွေနေခြင်းဖြစ်သည်။

ဒေသအတွင်းမှ လူတို့စားသုံးနိုင်သော တောတွင်းအပင်များအကြောင်း ကွင်းဆင်းလေ့လာပြုစုထားသည့် Tananina Plantlore/ Dena'ina K'et'una: An Ethnobotany of the Dena'ina Indians of Southcentral Alaska အမည်ရ စာအုပ်ဖြစ်ပြီးပရီဆီလာရပ်ဆဲလ်ကာရီ(Priscilla Russell Kari)က ပြုစုရေးသားထားခြင်း ဖြစ် သည်။ ငွေရှင်းကောင်တာအနီးရှိ ပို့စ်ကဒ်စင်ပေါ်မှ ဝင်ရိုးစွန်းဝက်ဝံပုံပါ ပို့စ်ကဒ်နှစ်ချပ်ကို မက်ကန်းဒလက်စ်က ကောက်ယူပြီး ဝိန်းဝက်စတာဘော့ဂ် နှင့် ဂျန်ဘားရက်စ်တို့ထံသို့ နောက်ဆုံး အမှာစကားရေးသားကာ တက္ကသိုလ်စာ တိုက်မှတစ်ဆင့် ပေးပို့ခဲ့သည်။

မက်ကန်းဒလက်စ်က ကန့်သတ်အဆင့် ကြော်ငြာများကို ရှာဖွေဖတ် ရှုကာ ဆီမီးအော်တိုမက်တစ် အမျိုးအစား ဒသမနှစ်နှစ်ကယ်လီဘာ ရီမင်တန် (Remingtan) ရိုင်ဖယ်အဟောင်းတစ်လက်ကိုလည်း ဝယ်ယူခဲ့သည်။ 4-X-20 မှန်ပြောင်းတပ်ဆင်ထားသော သေနတ်ဖြစ်ကာ ဒင်မှာ ပလတ်စတစ်ဒင်ဖြစ် သည်။ Nylon 66 မော်ဒယ်လ် ရီမင်တန် ရိုင်ဖယ်ဖြစ်ပြီး ယခုအခါ ထုတ်လုပ် ခြင်း မရှိတော့သော မော်ဒယ်လ်ဖြစ်သည်။ အလေးချိန် ပေါ့ပါးခြင်း၊ စိတ်ချရ သော စွမ်းဆောင်မှုရှိခြင်းတို့ကြောင့် တောတွင်းတိရစ္ဆာန်များကို ထောင်ချောက် ဆင် ဖမ်းဆီးသူတို့ အကြိုက်တွေ့သော သေနတ်အမျိုးအစားဖြစ်သည်။ ကား ရပ်နားရာ နေရာတွင်ပင် သေနတ်အရောင်းအဝယ် ပြုလုပ်ခဲ့ပြီး ကျသင့်ငွေ ၁၂၅ ဒေါ်လာ ပေးချေခဲ့ပုံရသည်။ ထို့အပြင် အနီးရှိ လက်နက်အရောင်းဆိုင် တစ်ဆိုင်မှ ကျည်ဆန်တစ်ရာပါ ကျည်ဘူးလေးဘူးကိုလည်း ဝယ်ယူသွားသည်။ ကျည်ဆန်များမှာ ပစ်မှတ်ကို ထိမှန်သည့်အခါ ဖောက်ထွင်းမွှေနှောက်အား ကောင်းစေရန် ထိပ်ဖူးတွင် ချိုင့်ခွက်ပုံဖော်ထားသော ဟောလိုးပွိုင့်(Hollow Point) ရိုင်ဖယ်ကျည်ဆန်များဖြစ်သည်။

ဖဲဘန့်ခ်စ်မြို့တွင် ကြိုတင်ပြင်ဆင်မှုများ ပြီးစီးသွားသည့်အခါ မက်ကန်းဒလက်စ်က ကျောပိုးအိတ်တစ်လုံးလွယ်ကာ အလာစကာတက္ကသိုလ် ၏ အနောက်ဘက်ဆီသို့ လမ်းလျှောက်ထွက်ခွာသွားခဲ့သည်။ တက္ကသိုလ် ကျောင်းဝင်းမှ ထွက်ခွာစဉ် ဘူမိ ရူပဗေဒဌာနရှေ့မှ ဖြတ်လျှောက်လာခဲ့သည်။

ထိုအဆောက်အအုံသည် မြင့်မားပြီး ကွန်ကရစ်နှင့် မှန်ချပ်ကြီးများဖြင့်သာ ဖွဲ့စည်းတည်ဆောက်ထားသည်။ အဆောက်အအုံထိပ်ဆုံးတွင် ကြီးမားသော ဂြိုဟ်တုစလောင်းတစ်ချပ် တပ်ဆင်ထားသည်။ ထိုစလောင်းသည် ဖဲဘန့်ခ်စ်မြို့ အား အပေါ်စီးမှ ကြည့်ရှုပါက ထင်ရှားစွာမြင်တွေ့ရမည့် မြေပြင်အမှတ်အသား တစ်ခုလည်းဖြစ်သည်။ ဝေါ့လ်တ်မက်ကန်းဒလက်စ် ပုံစံထုတ်ပေးထားသော ဆင်သက်တစ်အပါချာရေဒါ (Synthetic Aperture Radar) တပ်ဆင်ထားသည့် ဂြိုဟ်တုမှ ထုတ်လွှင့်ပေးသော သတင်းအချက်အလက်များကို ထိုစလောင်းမှ တစ်ဆင့် ဖမ်းယူလက်ခံခြင်းဖြစ်သည်။ ဝေါ့လ်တ်သည် အဆိုပါ ဂြိုဟ်တု သတင်း လက်ခံစခန်း တည်ဆောက်စဉ်က ဖဲဘန့်ခ်စ်မြို့သို့ လာရောက်ခဲ့ဖူးသည့် အပြင်

သတင်းအချက်အလက် ပေးပို့မှုစနစ်အတွက် လိုအပ်သည့် အရေးပါ သော ကွန်ပျူတာ ပရိုဂရမ်များကိုလည်း ရေးသားပေးခဲ့သည်။ ဘူမိရူပဗေဒဌာန အဆောက်အအုံကို မြင်တွေ့ရချိန်တွင် ဖခင်ဖြစ်သူကို ပြန်လည်အမှတ်ရခဲ့ခြင်း ရှိမရှိကိုမူ ခရစ္စက မည်သို့မျှ မှတ်တမ်းရေးသွင်း ဖော်ပြထားခဲ့ခြင်း မရှိပေ။

မြို့အနောက်ဘက် လေးမိုင်မျှ ခရီးပေါက်လာသည်တွင် ညနေခင်း ရာသီဥတုက အေးမြလာသည်ဖြစ်၍ မက်ကန်းဒလက်စ်က သေးသွယ်၍ မြင့်မားဖြောင့်တန်းသော သစ်မာပင်ကြီးများ ဝန်းရံနေသည့် မြေကွက်လပ်တစ်ခု တွင် သူ၏ တဲကို ထိုးလိုက်သည်။ ဂိုးလ်ဒ်ဟီးလ် စက်သုံးဆီနှင့် အရက် အရောင်းဆိုင်(Gold Hill Gas & Liquor)ကို အပေါ်မှ စီးမိုးနေသည့် ကျောက် ကမ်းပါးစွန်းထိပ်နှင့် အနည်းငယ်မျှသာ ကွာလှမ်းသော နေရာဖြစ်သည်။ သူ၏ တဲငယ်နှင့် ကိုက်ငါးဆယ်ခန့်အကွာတွင် ဂျော့ချ်ပါ့ခ် အဝေးပြေးလမ်းမ (George Park Highway)သို့ ဖြတ်တက်သော မြေသားလှေကားထစ်လမ်းရှိသည်။ ဂျော့ချ်ပါ့ခ် အဝေးပြေးလမ်းမမှတစ်ဆင့် စတမ့်ပိဒ်ထရေးလ်ခေါ် တော လမ်းသို့ ရောက်ရှိမည်ဖြစ်သည်။ ဧပြီလ ၂၈ ရက်နေ့ နံနက်တွင် အိပ်ရာမှ စောစောထ,ကာ မိုးမသောက်မီ ရောင်နီအောက်မှာပင် အဝေးပြေးလမ်းမဆီသို့ ဦးတည်လျှောက်သွားခဲ့သည်။ ဧပြီလ ၂၈ ရက်တေ့ မိုးမသောက်မီ အချိန်မှာ ပင် မက်ကန်းဒလက်စ် အိပ်ရာထကာ အဝေးပြေးလမ်းမထက်တွင် ပထမဆုံး စတင် တွေ့ရှိရသော ကားက သူ့ကို ကားကြုံစီးခွင့်ပြုခဲ့သဖြင့် မက်ကန်း ဒလက်စ်မှာ အံ့အားပင် သင့်မိခဲ့ရသည်။ ကားက မီးခိုးရောင်ဖို့ဒ်ကား၊ ပစ်ကပ် အမျိုးအစားဖြစ်သည်။ ကား၏ ဘန်ပါထက်တွင် I FISH THEREFORE I AM, PETERSBURG ALASKAဟု ရေးသားဖော်ပြထားသည်။ ကားမောင်းနှင် သူက အန်ခါးရေ့ချ်မြို့သို့ သွားရောက်မည့် လျှပ်စစ်ပြင်ဆရာတစ်ဦးဖြစ်သည်။

မက်ကန်းဒလက်စ်ထက် အသက်များစွာကြီးပုံမရ။ ထိုသူက သူ၏အမည်မှာ ဂျင်မ်ဂယ်လီယန်ဟု ဆိုသည်။

သုံးနာရီကြာ မောင်းနှင်ပြီးနောက် ဂယ်လီယန်က ကားကို အဝေး ပြေးလမ်းမ၏ အနောက်ဘက် အခြမ်းသို့ ဖွဲ့ဆင်းကာ နှင်းများထူထပ်နေဆဲ ဖြစ်သော လမ်းအတိုင်း မောင်း၍ရသလောက် မောင်းပို့ပေးသည်။ မက်ကန်း ဒလက်စ်အား စတမ့်ပိဒ်ထရေးလ်၌ ချထားပေးခဲ့သည့်အချိန်တွင် ရာသီဥတုမှာ သုံးဆယ်ဒီဂရီစွန်းစွန်းသာရှိသည်။ ညဘက်ဆိုပါက တစ်ဆယ်ကျော်ဂဏန်းမျှ အထိ အပူချိန်ကျဆင်းသွားမည်ဖြစ်သည်။ မြေပြင်ထက်တွင် နှင်းထုက တစ်ပေ ခွဲခန့် ဖုံးလွှမ်းထားသည်။ မက်ကန်းဒလက်စ်မှာ သူ၏ စိတ်လှုပ်ရှားမှုကို မနည်းပင် ထိန်းချုပ်ထားရသည်။ နောက်ဆုံးတွင် သူသည် အပြောကျယ်လှ သော အလာစကာတောကြီး ကန္တာအတွင်း တစ်ယောက်တည်း ကျန်ရှိနေမည် ဖြစ်သည်။

သားမွေးတု အနွေးအင်္ကျီ ဝတ်ဆင်ထားသော မက်ကန်းဒလက်စ်က သေနတ်ကိုပခုံးထက်လွယ်၍ တောလမ်းအတိုင်း နှင်းတောထဲသို့ တစ်လှမ်းချင်း

လျှောက်သွားသည်။ မက်ကန်းဒလက်စ် သယ်ဆောင်လာသော ရိက္ခာမှာ ဆယ်ပေါင်ဆန်အိတ်တစ်အိတ်၊ အသားညှပ်ပေါင်မုန့် နှစ်ချပ်နှင့် ပြောင်းဖူးမုန့် တစ်ထုပ်သာဖြစ်ပြီး ယင်းတို့မှာလည်း ဂယ်လီယန်က ထည့်ပေးလိုက်ခြင်း ဖြစ်သည်။ လွန်ခဲ့သော တစ်နှစ်ခန့်ကလည်း မက်ကန်းဒလက်စ်သည် ကယ်လီ ဖိုးနီးယားပင်လယ်ကွေ့ ဒေသအတွင်း ငါးပေါင်ဆန်အိတ်တစ်အိတ်နှင့် ငါးများ တံသုံး၍ ဖမ်းဆီးရမိသော ငါးတို့ကို စားသုံးကာ တစ်လကြာမျှ အသက်ဆက် ရှင်သန်နေထိုင်ခဲ့ဖူးသည်။ ထိုအတွေ့အကြုံက သူ့အနေနှင့် အလာစကာတော ကြီးကန္တာအတွင်း၌လည်း အသက်ရှင်သန်နေထိုင်ရန် လုံလောက်သော စားရေ ရိက္ခာ ရှာဖွေစားသောက်ကာ ကာလရှည်ကြာ နေထိုင်နိုင်လိမ့်မည်ဆိုသော မိမိကိုယ်ကို ယုံကြည်မှုကို ပေးခဲ့ခြင်းဖြစ်သည်။

မက်ကန်းဒလက်စ်၏ ထက်ဝက်ခန့်ပြည့်နေသော ကျောပိုးအိတ် အတွင်း အလေးပင်ဆုံး ထည့်ထားသည့်ပစ္စည်းမှာ စက္ကူအထပ်လိုက် ချုပ်ထား သည့် စာအုပ် ကိုးအုပ်,ဆယ်အုပ်ခန့်ပင်ဖြစ်သည်။ ယင်းစာအုပ်များအနက် အများစုမှာ နီလန်းဒေသတွင် ဂျန်ဘားရက်စ်က သူ့ကိုပေးခဲ့သော စာအုပ်များ ဖြစ်သည်။ စာအုပ်အချို့မှာ သော်ရိုး၊ တော်လ်စတွိုင်းလ်နှင့် ဂိုဂေါလ်တို့ ရေးသားသောစာအုပ်များ ဖြစ်ကြသည်။ စာအုပ်ဖတ်ရသည်ကို နှစ်သက်မှု ကြောင့် မက်ကန်းဒလက်စ်က သယ်ဆောင်လာခြင်းဖြစ်သည်။ အခြားသောစာရေးဆရာများဖြစ်ကြသည့် မိုက်ကယ်လ်ခရစ်ချ်တန်(Michael Crichton), ရောဘတ်ပီရစ်ဆစ်ဂ်(Robert Pirsig), လူဝီလမူး(Louis L'Amour)တို့ ရေးသား သော စာအုပ်များလည်း ပါဝင်သည်။ စာရေးစက္ကူ သယ်ဆောင်လာခြင်း မရှိသော မက်ကန်းဒလက်စ်က အပင်များအကြောင်းရေးသားထားသည့် Tanaina Plantlore အမည်ရ စာအုပ်၏ စာမျက်နှာနေရာလွတ်အချို့တွင် သူ၏ ဂျာနယ်မှတ်တမ်းကို အတိုချုပ် ရေးသားထားခဲ့သည်။

ဟီလီမြို့ဘက်တွင် လမ်းဆုံးသော စတမ့်ပိဒ်ထရေးလ် တောလမ်း သည် ဆောင်းရာသီလများအတွင်း ခွေးဆွဲစွတ်ဖားလှည်းဖြင့်သွားလာသူ အချို့ နှင်းလျှောစီးသူများနှင့် နှင်းတောစီး မော်တော်ယာဉ်မောင်းနှင်သူများသာ အသုံးပြုလေ့ရှိသော လမ်းဖြစ်သည်။ သို့ရာတွင် ထိုသူများသည်ပင် ရေခဲမြစ် များ စတင် အရည်ပျော်စ ကာလများဖြစ်သည့် မတ်လနှောင်းပိုင်းနှင့် ဧပြီလ အစောပိုင်း အချိန်များတွင်သာ သွားလာလေ့ရှိကြသည်။ အလာစကာ တော ကြီး၏ မြောက်ဘက်ဆီသို့ မက်ကန်းဒလက်စ် ဦးတည်ဝင်ရောက်လာချိန်တွင် မြေပြင်ပေါ်မှ အရည်ပျော်သွားသော နှင်းတို့က ရေစီးကြောင်းကြီးများရှိရာသို့ စီးဆင်းဝင်နေပေပြီ။ တောလမ်း၏ အတွင်းပိုင်းကျသော နေရာများဆီသို့ သီတင်းနှစ်ပတ်၊ သုံးပတ်ခန့်အတွင်း လူသူအရောက်အပေါက်မရှိသဖြင့် မက် ကန်းဒလက်စ်မှာ ယခင်က နှင်းတောစီး မော်တော်ယာဉ် မောင်းနှင်သွားခဲ့ သည့် မထင်မရှားစွတ်ကြောင်း နောက်ကိုသာ မှန်းဆ၍ လျှောက်လှမ်းလာခဲ့ သည်။

ဒုတိယမြောက်နေ့တွင် တက်ကလန်နီကာမြစ်(Teklanika River)သို့ မက်ကန်းဒလက်စ် ရောက်ရှိသည်။ မြစ်ကမ်းစပ်တစ်ဖက်တစ်ချက်တွင် မြစ်ရေ များ အေးခဲကာ မညီမညာရှိနေသည်ကို ကမ်းခြေတစ်လျှောက် တွေ့ရသော် လည်း တစ်ဖက်သို့ လူဖြတ်ကူးနိုင်လောက်သော ရေခဲတံတားမျိုး မရှိသဖြင့် မက်ကန်းဒလက်စ်မှာ ရေထဲသို့ဆင်းကာ ကြိုးစားပမ်းစား လမ်းလျှောက်ဖြတ် ကူးရသည်။ ဧပြီလ အစောပိုင်းအတွင်းက နှင်းတို့ အရည်ပျော်ကျခဲ့ပြီး ၁၉၉၂ ခုနှစ် အစောပိုင်းကာလများကပင် နှင်းကျခြင်းမရှိတော့သော်လည်း ရာသီဥတု က တစ်ကျော့ပြန်၍ အေးမြလာသည်ဖြစ်ရာ မက်ကန်းဒလက်စ် ဖြတ်ကူးချိန်၌ မြစ်ရေမှာ အလွန်ပင် နိမ့်ကျလျက်ရှိသည်။ အနက်ဆုံး နေရာသည် ပေါင်ရင်းခန့် အထိသာရှိသည်။ မြစ်အတွင်း ရေနည်းနေခြင်းကြောင့် မက်ကန်းဒလက်စ်သည် တစ်ဖက်ကမ်းသို့ အခက်အခဲမရှိ ကူးဖြတ်နိုင်ခဲ့သည်။ မြစ်ကို ဖြတ်သန်းနေချိန် တွင် သူသည် နောက်ပြန်လှည့်၍မရသော ခရီးကို စတင်မိပြီဖြစ်ကြောင်းမက်ကန်းဒလက်စ် လုံးဝ မထင်မှတ်ခဲ့ပါ။ အတွေ့အကြုံ မရင့်ကျက်သေးသော မက်ကန်းဒလက်စ်၏ အမြင်တွင် ထိုအချိန်မှစ၍ နှစ်လတာမျှသော ကာလ အတွင်း ရေခဲမြစ်များနှင့် မြေပြင်ပေါ်မှ နှင်းပြင်တို့သည် နွေရာသီ၏ အပူချိန် အောက်တွင် အရည်ပျော်ကာ တက်ကလန်နီကာ မြစ်ညာဘက်မှ ဝါးလုံးထိုး စီးဆင်းလာပြီး လက်ရှိရေထုထက် ကိုးဆ,ဆယ်ဆခန့် နက်သောမြစ်အဖြစ်သို့ ပြောင်းလဲသွားစေမည် ဆိုသည်ကို မရိပ်စားမိခဲ့ပါ။ ဧပြီလအတွင်းက အသာ အယာပင် ဖြတ်ကူးနိုင်ခဲ့သော မြစ်ရေပြင်သည် ပြင်းထန်သော ရေစီးကြောင်း များအဖြစ်သို့ လုံးဝ ကွဲပြားခြားနားသွားမည်ဖြစ်သည်။

သူ၏ ဂျာနယ်မှတ်တမ်းများအရ ဧပြီလ ၂၉ ရက်နေ့တွင် မက်ကန်း ဒလက်စ်သည် ရေခဲမြစ်ရေပြင်တစ်နေရာ၌ ချော်လဲကျခဲ့သေးကြောင်း သိရှိရ သည်။ တက်ကလန်နီကာမြစ်၏ အနောက်ဘက်ကမ်းရှိ အရည်ပျော်စပြုနေ သော ဖျံရေကန်များစွာတို့အနက်မှ တစ်ခုအတွင်းသို့ ပြုတ်ကျခဲ့ခြင်းဖြစ်နိုင်ပေ သည်။ အဆိုပါ မတော်တဆဖြစ်စဉ်အတွင်း ထိခိုက်ဒဏ်ရာ တစ်စုံတစ်ခုရရှိကြောင်းကိုမူ ရေးသားဖော်ပြထားခြင်း မရှိပါ။ နောက်တစ်ရက်တွင် တောင် ကုန်းတစ်ခု အထက်သို့ ရောက်ရှိသွားသည်။ စတမ့်ပိဒ်တောလမ်းမှတစ်ဆင့် မက်ကင်းလေးတောင်ကို လှမ်းမြင်ခဲ့ရသည်။ တောင်နံရံတစ်ခုလုံးမှာ မျက်စိကျိန်းလောက်အောင်ပင် ဆွတ်ဆွတ်ဖြူသော နှင်းတို့ဖြင့် ဖုံးအုပ်နေသည်။ ထို့နောက် တစ်ရက်၊ မေလ ၁ ရက်နေ့တွင် မက်ကန်းဒလက်စ်သည် သူ့အား ဂယ်လီယန် ချထားပေးခဲ့သော နေရာမှ မိုင်နှစ်ဆယ်ခန့် အကွာအဝေးတွင် တည်ရှိသော ဆူရှားနားမြစ်ကမ်းနံဘေးရှိ စွန့်ပစ်ဘတ်စ်ကားဟောင်းကြီးဆီသို့ ရောက်ရှိသည်။ ထိုဘတ်စ်ကားကြီးအတွင်း၌ ကွပ်ပျစ်တစ်လုံးနှင့် ထင်းမီးဖို တစ်လုံး ပါရှိသည်။ ယခင်လာရောက်လည်ပတ်ခဲ့ကြသော ခရီးသွားဧည့်သည် တို့ကလည်း မီးခြစ်များ၊ ပိုးမွှားမကိုက်သည့် လိမ်းဆေးများနှင့် အခြား မရှိမဖြစ် လိုအပ်သော

ပစ္စည်းများကို ချန်ထားပေးခဲ့ကြသည်။ မက်ကန်းဒလက်စ်က သူ၏ ဂျာနယ်မှတ်စုအတွင်း၌ "မှော်ဆန်သော ဘတ်စ်ကားနေ့"အဖြစ် ရေးသား မှတ်တမ်းတင်ခဲ့သည်။ သူက ဘတ်စ်ကားကြီး၏ ရိုးစင်းသော အခင်းအကျင်း ကို အမြတ်ထုတ်ကာ ခဏတာမျှ သက်သောင့်သက်သာ နားနေရန် ဆုံးဖြတ် လိုက်သည်။

သူက ဘတ်စ်ကားဆီသို့ ရောက်ရှိသည့်အတွက် အလွန်တရာ ပျော်ရွှင်နေမိသည်။ ဘတ်စ်ကားအတွင်း၌ ပျက်စီးနေပြီဖြစ်သော ပြတင်းပေါက် တစ်ပေါက်ကို ရာသီဥတု တိုက်စားမှုခံထားရသော သုံးထပ်သားတစ်ချပ်ဖြင့်ကာရံထားသည်။ ထိုသုံးထပ်သားပေါ်တွင် မက်ကန်းဒလက်စ်က သူ၏ လွတ် လပ်ရေးကြေညာစာတမ်းကို ပျော်ရွှင်ခြင်းအတိဖြင့် ရေးသားသွားခဲ့သည်။

သူသည် မြေကမ္ဘာတွင် နှစ်နှစ်တိုင် လမ်းလျှောက်လှည့်လည်သည်။ ဖုန်းမရှိ၊ ငွေမရှိ အိမ်မွေးတိရစ္ဆာန်မရှိ၊ စီးကရက်မရှိ။ အဆုံးစွန်သော လွတ် လပ်မှုပင်။ သူသည် အစွန်းရောက်တစ်ယောက်ဖြစ်သည်။ လမ်းများကို အိမ် လုပ်၍ သွားလာနေသော ရသခရီးသွားတစ်ဦးဖြစ်ပြီး အတ္တလန်တာမှ လွတ် မြောက်လာခြင်းပင်။ သင်သည် ပြန်မလာသင့်၊ အဘယ်ကြောင့်ဆိုသော် အနောက်ဘက် အရပ်သည်သာ အကောင်းဆုံးဖြစ်ခြင်းကြောင့်ပေတည်း။ ရှည် လျားလှသော နှစ်နှစ်တာကာလ ကုန်ဆုံးပြီးနောက် အကြီးကျယ် အခမ်းနား ဆုံးသော စွန့်စားခန်း၏ အဆုံးသတ်အပိုင်းသို့ ရောက်ရှိပြီဖြစ်သည်။ စိတ်ပိုင်း ဆိုင်ရာ တော်လှန်ရေးအတွင်း ပွဲခံနေရာယူထားကြသော မှားယွင်းမှုများကို သုတ်သင်ရှင်းလင်းမည့် အပြီးသတ် တိုက်ပွဲအထွတ်အထိပ်ဖြစ်သည်။ ကုန်ရထား များစီး၊ ခရီးကြမ်းလမ်းလျှောက်ခြင်းတို့ကို ဆယ်ရက်နှင့် ဆယ်ညတိုင်တိုင် ပြုလုပ်ပြီးနောက် ခမ်းနားကြီးကျယ်သော အဖြူရောင် မြောက်ပိုင်းဒေသသို့ သူ ရောက်ရှိခဲ့ပြီ။ သူ စွန့်ခွာထွက်ပြေးခဲ့သော မြို့ပြယဉ်ကျေးမှု၏ အဆိပ်ခတ် ခြင်းကို ဆက်လက်၍ ခံယူရန် မလိုအပ်တော့။ တောကြီးကန္တာ၏ ရင်ခွင် အတွင်းသို့ အပြီးတိုင် ဝင်ရောက်ခိုလှုံရန်အတွက် မြေပြင်ထက်တွင် သူ့ တစ် ကိုယ်တည်း လျှောက်လှမ်း၍လာချေပြီ။

အလက်ဇန္ဒား စူပါထရမ့်ပ်

မေလ၊ ၁၉၉၂ ခုနှစ်။

သို့သော်လည်း လက်တွေ့လောက၏ ပကတိအမှန်တရားသည် မက်ကန်းဒလက်စ်၏ နေ့ခင်းအိပ်မက်အတွင်းသို့ လျှင်မြန်စွာပင် ချင်းနင်းဝင် ရောက်လာခဲ့သည်။ သူသည် အမဲလိုက်ရာတွင် ကျွမ်းကျင်သူ မဟုတ်ပါ။ တောကြီးကန္တာအတွင်း နေထိုင်သည့် ပထမသီတင်းပတ်ရက်များအတွင်း ရေး သားသော ဂျာနယ်မှတ်တမ်းများ၌ "အားနည်းချက်"၊ "ခွင့်ပြုရခြင်း"၊ "သဘာဝ ဘေးအန္တရာယ်" အစရှိသည့် စကားလုံးများ ပါဝင်လာသည်။ မေလ ၂ ရက်နေ့က ဝက်ဝံညိုတစ်ကောင်ကို မြင်တွေ့သော်လည်း မပစ်ခတ်ခဲ့။ မေလ ၄ ရက်နေ့တွင် ရေဘဲအချို့ကို ပစ်ခတ်သော်လည်း လွဲချော်ခဲ့သည်။ မေလ ၅ ရက်နေ့တွင်မှ

ခါတစ်ကောင်ကို ပစ်ခတ်ပြီး စားခဲ့သည်။ သို့ရာတွင်ရှဉ့်ငယ်တစ်ကောင်ကို ရရှိသည့် မေလ ၉ ရက်နေ့အထိ ထပ်မံပစ်ခတ်ခဲ့ခြင်း မရှိ။ ထိုနေ့ကို ရိက္ခာပြတ်သည့် လေးရက်မြောက်နေ့ဟု သူက ဂျာနယ်မှတ်တမ်း တွင် ရေးသားဖော်ပြခဲ့သည်။

ထို့နောက် မကြာမီမှာပင် ကံကြမ္မာက သူ့ကို မျက်နှာသာတစ်လှည့် ပေးလာခဲ့သည်။ မေလလယ်တွင် ကောင်းကင်ယံထက် လှည့်လည်နေသော နေ့လယ်ခင်း နေအလင်းရောင်က နှင်းဖုံးသစ်တောအတွင်း ဖြာကျနေသည်။ တစ်နေ့လျှင် လေးနာရီပင်မရှိသော အချိန်အတွင်း နေလုံးကြီးသည် မြောက် ဘက် မိုးကုပ်စက်ဝိုင်းဆီသို့ ငုပ်လျှိုးနိမ့်ဆင်းနေသည်။ ညသန်းခေါင်ယံအချိန် တွင် ကောင်းကင်ကြီးသည် စာဖတ်၍ ရလောက်အောင်ပင် အလင်းရောင်များ တောက်ပနေပေသေးသည်။ မြောက်ဘက် မျက်နှာပြု တောင်စောင်းများနှင့် ကျဉ်းမြောင်း နက်ရှိုင်းသော အရိပ်ကျ တောင်ကြားလမ်းများမှအပ အခြားသော နေရာအားလုံးတွင် သိပ်သည်းကျစ်လျစ်စွာရှိသော နှင်းခဲများသည် အရည်ပျော် ကျကာ မြေဇလာပေါ်သို့ စီးဆင်းလျက်ရှိသည်။ ပြီးခဲ့သည့် ရာသီက သီးခဲ့သော နှင်းသီးရိုင်းပင်အသီးများနှင့် လင်ဂွန်ဘယ်ရီသီးများ ထွက်ပေါ်လာစေသည်။ မက်ကန်းဒလက်စ်က ထိုအသီးများကို လိုက်လံကောက်ယူကာ အများအပြား ပင် စားလိုက်သည်။

မက်ကန်းဒလက်စ်သည် နောက်ထပ် သီတင်းခြောက်ပတ်ခန့်အတွင်း အမဲလိုက်ကျွမ်းကျင်လာကာ ရှဉ့်၊ ခါ၊ ရေဘဲ၊ ငန်းနှင့် ဖြူကောင်များကို ပုံမှန် ပစ်ခတ် ဖမ်းဆီး စားသောက်နေခဲ့သည်။ မေလ ၂၂ ရက်နေ့တွင် သူ ၏ အံသွားတစ်ချောင်းပွဲ့သွားခဲ့သည်။ သို့ရာတွင် အံသွားပွဲ့ခြင်းက သူ၏ စိတ်အားထက်သန်မှုကို တစ်ရွေးသားမျှပင် လျော့ပါးမသွားစေခဲ့။ အဘယ် ကြောင့်ဆိုသော် နောက်တစ်ရက်တွင် ဘတ်စ်ကားကြီး၏ မြောက်ဘက်စူးစူး၌ နွားကျောကုန်းမှ ဘို့တစ်ခုပမာ ပေသုံးထောင်ခန့် ထိုးထွက်နေသော တောင် ကုန်းတစ်ခုကို တက်ရောက်နိုင်ခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။ အမည်မပေးရ သေးသော တောင်ကုန်းထက်မှ မြင်တွေ့ရသည့် မြင်ကွင်း၌ ရေခဲအတိ ဖုံး လွှမ်းနေသော အလာစကာတောင်တန်းများအပြင် အဝေးဆီမှ လူသူပေါက် ရောက်နေထိုင်ခြင်း မရှိသော ကျေးတောဒေသကိုလည်း မြင်တွေ့နေရပေသည်။ ထိုနေ့က ဂျာနယ်မှတ်တမ်းတွင် သူ၏ ရေးသားချက်မှာ လွန်စွာ အတိုချုံးရေး သားထားသော်လည်း အတိုင်းမသိ ပျော်ရွှင်နေမည်ဆိုသည်ကို အမှတ်မှားဖွယ် ရာ မရှိပေ။ “တောင်ပေါ်တက်”ဟူ၍သာ သူက ရေးသားခဲ့သည်။

တောကြီးကန္တာအတွင်း၌ နေထိုင်စဉ် နေရာရွှေ့လျား သွားလာနေရန်ရည်ရွယ်ကြောင်း မက်ကန်းဒလက်စ်က ဂယ်လီယန်ကို ပြောပြခဲ့သည်။ “ကျွန် တော်က တစ်နေရာတည်းမနေဘဲ အနောက်ဘက်ကို ဆက်လျှောက်သွား မှာ။” မက်ကန်းဒလက်စ်က ဆက်ပြောပြခဲ့သည်။ “ဘာရင်းပင်လယ် ရောက် တဲ့အထိ ကျွန်တော် ဆက်လျှောက်သွားမှာ”။

ဘတ်စ်ကားပေါ်တွင် လေးရက်မျှ နားနားနေ နေခဲ့ပြီး မေလ ၅ ရက်နေ့အရောက်တွင် မက်ကန်းဒလက်စ်က သူ၏ ခြေလျင်ခရီးကြမ်းကို ပြန်လည်စတင်ခဲ့သည်။ သူ၏ မီနော်လ်တာ ကင်မရာမှ တွေ့ရှိရသော ဓာတ်ပုံရိုက်ချက်များအရ မက်ကန်းဒလက်စ်သည် ထင်ရှားခြင်းမရှိတော့သော စတမ့်ပ်ပိဒ်ထရေးလ်တောလမ်းတွင် လမ်းပျောက် သွားပုံရကြောင်း တွေ့ရှိရသည်။ (စတမ့်ပ်ပိဒ်ထရေးလ်တောလမ်းကို ရည်ရွယ် ချက်တစ်ရပ်ဖြင့် စွန့်ခွာသွားခြင်းလည်း ဖြစ်နိုင်ပေသည်။) ထိုမှတစ်ဆင့် ဆူရှား နားမြစ်အထက်ဘက်တွင်ရှိသော တောင်ကုန်းများကို ဖြတ်သန်းကာ အနောက် ဘက်သို့ ဦးတည်လျှောက်လှမ်းသွားသည်။ လမ်းတစ်လျှောက် ရိက္ခာအတွက် အမဲပစ်ရင်း ခရီးဆက်သည်။

ခရီးကား မတွင်လှ။ ရိက္ခာရရှိရေးအတွက် သားကောင်နောက်လိုက် သည့် အလုပ်ကို နေ့စဉ် အချိန်များစွာပေးရသည်။ ထို့အပြင် မြေပြင်ပေါ်ရှိဆီးနှင်းများက အရည်ပျော် စီးဆင်းလာကြသည်တွင် မက်ကန်းဒလက်စ်၏ လမ်းကြောင်းမှာ ဗွက်ပေါက်လာသည့်အပြင် အော်လ်ဒါပင်များကလည်း တိုး မပေါက်နိုင်လောက်အောင်ပင် သိပ်သည်းစွာ ပေါက်ရောက်နေကြသည်။ ထို အချိန်ကျမှပင် တောကြီးကန္တာအတွင်း ခရီးသွား၍ကောင်းသည့် ရာသီမှာ နွေရာသီမဟုတ်ဘဲ ဆောင်းရာသီသာဖြစ်သည်ဆိုသော မြောက်ပိုင်းဒေသ၏ ရှိနှင့်ပြီးဖြစ်သော အခြေခံအမှန်တရားများ အနက်မှ တစ်ခုကို မက်ကန်းဒ လက်စ် အလေးထား နားလည်လာခဲ့ရသည်။

မိုင်ငါးရာခန့် ဝေးကွာသော ပင်လယ်ရေပြင်ဆီသို့ လမ်းလျှောက် သွားမည်ဆိုသော သူ၏ မူလရည်မှန်းချက်သည် မိုက်မဲမှုသက်သက်သာဖြစ် ကြောင်း ကြုံတွေ့သိရှိလာပြီးနောက်တွင် မက်ကန်းဒလက်စ်က သူ၏ အစီ အစဉ်ကို ပြန်လည်သုံးသပ် စဉ်းစားလာခဲ့ရသည်။ သူ၏ အနောက်ဘက် ခရီးစဉ်သည် ဘတ်စ်ကားရှိရာနေရာမှ ၁၅ မိုင်မျှပင် မကွာဝေးသော တော့ ကလက်တ်မြစ်(Toklat River)ထက် ပို၍ ရှေ့ခရီးဆက်နိုင်ရန်မရှိသဖြင့် မက် ကန်းဒလက်စ်က မေလ ၁၉ ရက်နေ့တွင် လာလမ်းသို့ လှည့်ပြန်ခဲ့သည်။ ထို့နောက် သီတင်းတစ်ပတ်အကြာတွင် ဘတ်စ်ကားရှိရာသို့ သူပြန်ရောက်လာခဲ့ သည်။ နောက်တရပ်ဟန်ကား မရှိသေး။ ဆူရှားနားရေကြောင်းလမ်းသည်လည်းသူ၏ ရည်မှန်းချက်များနှင့် ကိုက်ညီသော ခရီးစဉ်အဖြစ် သူက ဆုံးဖြတ်ခဲ့သည်။ ဖဲဘန့်ခ်စ် ၁၄၂ အမှတ်အသားပါ ဘတ်စ်ကားတွင် စတည်းချ၍ ကျန်ရှိနေသေး သော နွေရာသီကာလတစ်လျှောက် ဆက်လက် နေထိုင်သွားရန်လည်း သူက ဆုံးဖြတ်လိုက်သည်။

မက်ကန်းဒလက်စ်က ဝင်ရောက်ခိုလှုံရန် စိတ်ပိုင်းဖြတ်ထားသည့် ဘတ်စ်ကားအနီးဝန်းကျင်မှ သစ်ပင်ထူထပ်ရာ သစ်တောမှာ အလာစကာစံနှုန်း များအရ ဆိုရပါက တောကြီးကန္တာအဖြစ် ဆိုနိုင်ရန် ခဲယဉ်းလှသည်။ အရှေ့ ဘက် မိုင်သုံးဆယ်ခန့်အတွင်းတွင် ဂျော့ချ်ပါ့ခ်စ် အဝေးပြေးလမ်းမကြီးသို့

တိုက်ရိုက်ပေါက်သော ဖြတ်လမ်းတစ်ခုရှိသည်။ တောင်ဘက် ၁၆ မိုင်ခန့် အကွာရှိ အောက်တားရိန့်ချ်(Outer Range)ခေါ် အပြင်ဘက် တောင်တန်းများ၏ ရှည်လျားမတ်စောက်သော တောင်ကမ်းပါးများတစ်ဖက်၌ နိုင်ငံခြားခရီးသွား ဧည့်သည်များ နေ့စဉ် ရာနှင့်ချီ၍ ဥဒဟို သွားလာဝင်ထွက်နေကြသော ဒဲန်နာလီ အမျိုးသားဥယျာဉ်ရှိသည်။ ဥယျာဉ်သို့ သွားရာလမ်းကို ဥယျာဉ်ထိန်းသိမ်းရေး အမှုထမ်းများက လှည့်လည်စောင့်ကြပ်ပေးထားကြသည်။ ဘတ်စ်ကားရှိရာ နေရာမှ အချင်းဝက် ခြောက်မိုင်ခန့် ဧရိယာအတွင်း၌ သဘာဝတရား၏အလှ အပကို မြတ်နိုးကြသည့် ရသခရီးသွားများပင် မသိရှိနိုင်ကြသော နားခိုရာ စခန်းအဖြစ် အသုံးပြုနိုင်သည့် ကက်ဘင်တဲငယ်လေးလုံးရှိသည်။ (၁၉၉၂ ခုနှစ် နွေရာသီကာလအတွင်း၌မူ မည်သည့်ခရီးသွားမျှ ထိုတဲငယ်လေးများဆီ သို့ ရောက်လာခဲ့ခြင်း မရှိပါ။)

မြို့ပြယဉ်ကျေးမှုနှင့် နီးစပ်သော ဘတ်စ်ကားကို စခန်းချရာနေရာ အဖြစ် အသုံးပြုသည်မှတစ်ပါး မက်ကန်းဒလက်စ်သည် သူ၏ ရည်မှန်းချက် များကို လက်တွေ့ အကောင်အထည်ဖော်ရန်အတွက် ကမ္ဘာလောကကြီး၏ ကျန်သော အစိတ်အပိုင်းများ အားလုံးနှင့် အဆက်ဖြတ်ခဲ့သည်။ သူသည် တောကြီးကန္တာအတွင်း လေးလနီးပါးမျှ နေထိုင်သွားသည်ဟု ဆိုကြပြီး ထိုသို့ နေထိုင်နေသည့် ကာလတစ်လျှောက်လုံး မည့်သည့် သက်ရှိလူသားကိုမျှ မြင် တွေ့ခဲ့ရခြင်း မရှိပေ။ အဆုံးတွင် ဆူရှားနားမြစ်တည်ရှိရာဒေသသည် သူ၏ အသက်ဖြင့် ရင်းနှီးပေးဆပ်ရလောက်သည်အထိ ဝေးလံသီခေါင်သော ဒေသ တစ်ခုဖြစ်ခဲ့ရသည်။

မေလ နောက်ဆုံး သီတင်းပတ်တွင် သူပိုင်ပစ္စည်းပစ္စယ အနည်းငယ် တို့ကို ဘတ်စ်ကားပေါ်သို့ ရွှေ့ပြောင်းခဲ့ပြီးနောက် ဆောင်ရွက်ရမည့် အိမ်မှုကိစ္စ များကို သစ်ခေါက်တစ်ခုပေါ်တွင် ရေးသားခဲ့သည်။ မြစ်တွင်းမှ ရေခဲများကောက်ယူကာ အမဲပစ်၍ရထားသော အသားများကို ရေခဲရိုက် သိမ်းဆည်း ရန်၊ မှန်မရှိတော့သော ဘတ်စ်ကားပြတင်းပေါက်များကို ပလတ်စတစ်စဖြင့် ကာရံထားရန်၊ မီးဖိုသုံးရန်အတွက် ထင်းခွေထားရန်၊ မီးဖိုအတွင်းမှ ပြာဟောင်း များကို ရှင်းလင်းဖယ်ရှားရန် စသည်ဖြင့် ရေးမှတ်ထားခြင်းဖြစ်သည်။ “ရေရှည် ဆောင်ရွက်ရန်”ဟု ဖော်ပြထားသော ခေါင်းစဉ်အောက်၌ ရည်မှန်းချက် ပိုမို ကြီးမားသော အလုပ်များလုပ်ကိုင်ရန် စာရင်းပြုစု ရေးသားထားသည်ကိုလည်း တွေ့ရသည်။ ဘတ်စ်ကားဝန်းကျင်ဒေသ မြေပုံ ရေးဆွဲရန်၊ ရေချိုးကန်တစ်ခုကို ရနိုင်သည့်နည်းလမ်းဖြင့် တည်ဆောက်ရန်၊ တိရစ္ဆာန်အရေခွံများနှင့် ငှက်မွေးများ စုဆောင်း၍ အဝတ်အစားချုပ်လုပ်ရန်၊ အနီးရှိ ချောင်းငယ်တစ်စင်းတွင် တံတားထိုးရန်၊ မီးဖိုဆောင်သုံး ခွက်ယောက်ပစ္စည်းများ ပြုပြင်ရန်၊ အမဲလိုက်ရာ လမ်းကြောင်းရှိ သစ်ပင်များတွင် သစ်ခေါက်ကို ခုတ်ခွာ၍ လမ်းကြောင်း အမှတ်အသားပြုလုပ်ထားရန် စသည့်အလုပ်များ ဖြစ်ကြသည်။

ဘတ်စ်ကားရှိရာသို့ ပြန်လည် ရောက်ရှိလာပြီးနောက် ရေးသားသော နေ့စဉ်မှတ်တမ်းတွင် အမဲလိုက်၍ ရရှိသော အသားများကို ရေးမှတ်ထားသည်။ မေလ ၂၈ ရက်နေ့- ဆူဆူဖြိုးဖြိုး ဘဲတစ်ကောင်။ ဇွန်လ ၁ ရက်နေ့- ရှဉ့် ငါးကောင်။ ဇွန်လ ၂ ရက်နေ့- ဖြူကောင်၊ ခါဖြူ၊ ရှဉ့်လေးကောင်၊ ဂရေး - ၄ကျ်။ ဇွန်လ ၃ ရက်နေ့- နောက်ထပ် ဖြူကောင်တစ်ကောင်၊ ရှဉ့်လေးကောင်၊ ဂရေး၄ကျ် နှစ်ကောင်၊ ပိုးစား၄ကျ်။ ဇွန်လ ၄ ရက်နေ့ - တတိယမြောက် ဖြူကောင်တစ်ကောင်၊ ရှဉ့်၊ ဂရေး၄ကျ်။ ဇွန်လ ၅ ရက်နေ့တွင် ခရစ္စမတ် ကြက်ဆင် အရွယ်ခန့်ရှိ ကနေဒါဘဲငန်းတစ်ကောင်ကို ပစ်ခတ်ရရှိခဲ့သည်။ ထို့နောက် ဇွန်လ ၉ ရက်နေ့တွင် သူ့အတွက် အကြီးမားဆုံးသော ဆုလာဘ် အဖြစ် ဆတ်ကြီးတစ်ကောင်ကို ပစ်ခတ် ရရှိခဲ့ကြောင်း ဂျာနယ်မှတ်တမ်းတွင် မှတ်တမ်းတင် ဖော်ပြခဲ့သည်။ အပျော်ကြီးပျော်ပြီး၊ ဂုဏ်ယူနေဟန်ရှိသော တောလိုက်မုဆိုး မက်ကန်းဒလက်စ်က ဆတ်အသေကောင်နှင့်အတူ အမှတ် တရခာတ်ပုံရိုက်၍ အောင်ပွဲခံခဲ့သည်။ ရိုင်ဖယ်သေနတ်ကို ဦးခေါင်းအထက် မြှောက်ကိုင်၍ အောင်ပွဲခံနေသော မက်ကန်းဒလက်စ်မှာ ကာစီနိုရုံများဖြင့် ကျော်ကြားသော နီဗားဒါးပြည်နယ်၊ ရီနိုမြို့၌ ဒေါ်လာတစ်သန်း လောင်းကြေး နိုင်လာခဲ့သည့် အလုပ်လက်မဲ့ တံခါးပေါက်စောင့်တစ်ဦးပမာ အံ့အားသင့်မှု၊ ပီတိဖြစ်မှုတို့ ရောထွေးသော အပြုံးမျက်နှာဖြင့် ကိုးရိုးကားရား ဖြစ်နေပေသည်။

လူ့အဖွဲ့အစည်းနှင့် ကင်းဝေးရာဒေသ၌ တစ်ဦးတည်း နေထိုင်ခြင်း တွင် အမဲလိုက်ခြင်းသည် ပိတ်ပင်ရှောင်လွှဲ၍ မရနိုင်သော အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်ဆိုသည့် လက်တွေ့ အမှန်တရားကို မက်ကန်းဒလက်စ်က ကောင်းစွာသိရှိ လက်ကိုင်ပြုထားသူဖြစ်သည့်တိုင် တိရစ္ဆာန်များကို သတ်ဖြတ် ခြင်းနှင့်စပ်လျဉ်း၍ သူ၏စိတ်တွင် အမြဲပင် ဇဝေဇဝါဖြစ်ကာ အကောင်းအဆိုး ရောပြွမ်းနေလေ့ရှိသည်။ ထိုသို့ စိတ်နှစ်ခွဖြစ်နေခြင်းက ဆတ်တစ်ကောင်ကို ပစ်ခတ်ခဲ့ပြီးနောက် မကြာမီမှာပင် နောင်တ တရားအဖြစ်သို့ ကူးပြောင်းသွား ခဲ့သည်။ ပေါင်ချိန်ခြောက်ရာ၊ ခုနစ်ရာခန့်ဆိုသည်မှာ အလေးချိန်အားဖြင့် နည်းသည်ဆိုသော်လည်း ရိက္ခာအဖြစ် ရရှိသော အသားအားဖြင့် အလွန်တရာ များပြားလှသည်။ ရိက္ခာအလို့ငှာ ပစ်ခတ်သတ်ဖြတ်ခံရသော တိရစ္ဆာန်၏ မည်သည့်အစိတ်အပိုင်းကိုမဆို အလဟဿ စွန့်ပစ်ခြင်းမှာ ကိုယ်ကျင့်တရားက လက်ခံနိုင်ဖွယ်မဟုတ်ဟု ယုံကြည်ထားသော မက်ကန်းဒလက်စ်က ရရှိလာ သည့် အသားစိုရိက္ခာများ ပျက်စီးမသွားမီ တာရှည်ထားသို သိမ်းဆည်းနိုင်ရေး အတွက် ခြောက်ရက်တိုင်တိုင် ပင်ပန်းကြီးစွာ လုပ်ကိုင်ရသည်။ သူက ဆတ် အသေကောင်ကို ယင်ကောင်နှင့် ခြင်များ တရုန်းရုန်းအောက်တွင်ပင် ခုတ်ထစ် စိတ်ပိုင်းရသည်။ ဝမ်းတွင်းသားများကို ပြုတ်၍ ဟင်းသီးဟင်းရွက်များဖြင့် နှပ်ထားသည်။ ထို့နောက် ဘတ်စ်ကား၏ အောက်ဘက်တည့်တည့်ရှိ ကျောက် သားဆန်သော ချောင်းကမ်းပါးတွင် ကလိုင်တစ်ခုကို ပင်ပန်းကြီးစွာ တူးရ သည်။

ခုတ်ထစ်စိတ်ပိုင်းထားသော ဆတ်သားလတ်လတ်ဆတ်ဆတ်တို့ကို ထိုကလိုင်တွင် ထည့်၍ မီးခိုးမှိုင်းတိုက်ကာ ကျပ်တင်သည်။

တောတွင်း၌ အသားစိုရိက္ခာကို တာရှည်ခံအောင် ပြုလုပ်ရာတွင် အသားကို တစ်စစီမျှဉ်းပြီး လက်ဖြစ်ထိုးထားသော စင်ပေါ်တင်ကာ လေသလပ် ခံခြင်းသည် အကောင်းဆုံးသော နည်းလမ်းဖြစ်သည်ဟု အလာစကာ မုဆိုးတို့က သိရှိကြသည်။ သို့ရာတွင် အလာစကာတောတွင်း၌ အမဲလိုက်သည့် အတွေ့ အကြုံ မရှိသေးသော မက်ကန်းဒလက်စ်က တောင်ဒါကိုတာပြည်နယ်တွင် ဆုံတွေ့ခဲ့သော မုဆိုးများ၏ အကြံပေးချက်အတိုင်း မီးခိုးမှိုင်းတိုက်ကာ ကျပ် တင်ခြင်းကို အခက်အခဲများကြားမှ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ "သားကောင်ကို အမဲဖျက် ခုတ်ထစ်ရသည်မှာ ခက်ခဲလှသည်"ဟု မက်ကန်းဒလက်စ်က သူ၏ ဂျာနယ်မှတ်စုတွင် ဇွန်လ ၁၀ ရက်နေ့ နေ့စွဲဖြင့် ရေးသားဖော်ပြခဲ့သည်။ "ယင်နှင့် ခြင်တို့က တရုန်းရုန်းဖြင့် အနှောင့်အယှက် ပေးလှသည်။ အူများ၊ အသည်း၊ ကျောက်ကပ် တစ်စုံ၊ အဆုတ်တစ်ခြမ်းနှင့် အသားတုံးများကို ထုတ်ယူသည်။ ပေါင်ရင်းပိုင်းများနှင့် ခြေထောက်တို့ကို ချောင်းဆီသို့ သယ်ပို့ သည်"။

ဇွန်လ ၁၁ ရက်နေ့ "ကျန်သည့် အဆုတ်တစ်ခြမ်းနှင့် နှလုံးကို ထုတ်သည်။ ရှေ့လက်နှစ်ချောင်းနှင့် ခေါင်းပိုင်းကို ခုတ်ထွင်သည်။ ကျန်သည် တို့ကို ချောင်းဆီသို့ ပို့သည်။ ကလိုင်တူးထားရာသို့ ဆွဲယူသည်။ တာရှည် အထားခံရေးအတွက် ကျပ်တိုက်ထားရန် ကြိုးစားပြင်ဆင်သည်။

ဇွန်လ ၁၂ ရက်နေ့။ "နံရိုးအိမ်တစ်ခြမ်းနှင့် အသားတုံးများ နွှင်ထုတ် သည်။ ညဘက်တွင်သာ အလုပ်လုပ်နိုင်သည်။ ကျပ်တိုက်ရန် ဆက်လက်ပြင် ဆင်သည်"။

ဇွန်လ ၁၃ ရက်နေ့။ "ကျန်သည့် နံရိုးအိမ်တစ်ခြမ်း၊ ပခုံးသားနှင့် လည်ပင်းတို့ကို ကလိုင်တူးထားရာသို့ သယ်သည်။ မီးခိုးမှိုင်းဖြင့် ကျပ်တိုက်ခြင်း စတင်သည်"။

ဇွန်လ ၁၄ ရက်နေ့။ "အသားများ ပိုးထိုးလာပြီ။ ကျပ်တိုက်ခြင်းက အဆင်ပြေပုံမရ။ အကြောင်းရင်းမသိ။ အခြေအနေ ဆိုးရွားလှသည်။ အစက မပစ်ခဲ့မိလျှင် အကောင်းသားဟုပင် တွေးမိသည်။ ဘဝတွင် စိတ်မချမ်းမြေ့ ဖွယ် အကောင်းဆုံးများအနက်မှ တစ်ခုပင်"။

ကျပ်တိုက်ခြင်း မအောင်မြင်သည့်အခါ မက်ကန်းဒလက်စ်က ဆတ် သားများကို ဝံပုလွေစာကျွေးလိုက်သည်။ အသက်တစ်ချောင်း အလဟဿ ဖြစ်ရခြင်းအတွက် မက်ကန်းဒလက်စ်က သူ့ကိုယ်သူ ပြင်းထန်စွာ အပြစ်တင်မိသော်လည်း နောက်တစ်ရက်တွင် အတွေးအမြင်သစ်အချို့ ပြန်လည်ရရှိလာပုံ ကို ဂျာနယ်မှတ်စုတွင် ဤသို့ ရေးသားဖော်ပြသည်။ "ယခုအချိန်မှစ၍ ကိုယ် တိုင် ပြုလုပ်မိသော အမှားများမှာ မည်မျှပင်ကြီးမားပါစေ၊ လက်ခံနိုင်ရန် သင်ယူရပေမည်"။

ဆတ်ဇာတ်လမ်းဖြစ်ပြီး မကြာမီမှာပင် မက်ကန်းဒလက်စ်က စာရေး ဆရာ

သော်ရိုး၏ ဝါလ်ဒင်(Walden)အမည်ရ စာအုပ်ကို ဖတ်ရှုသည်။ "မြင့် မြတ်သော ကျင့်ဝတ်ဥပဒေများ"ဟု ခေါင်းစဉ်တပ်ထားသည့်အခန်း၌ သော်ရိုး က အစာစားခြင်းနှင့် ပတ်သက်သော ကိုယ်ကျင့်တရားအကြောင်း ဆင်ခြင် သုံးသပ် ရေးသားထားသည်။ "ငါးတစ်ကောင်ကို ဖမ်းဆီးရမိပြီး အကြေးခွံ သင်၊ ဗိုက်ဖောက် သန့်ရှင်းရေးလုပ်၊ ချက်ပြုတ်၊ စားသောက်ပြီးသောအခါ ထိုငါးသည် ကိုယ့်အတွက် မရှိမဖြစ် စားသုံးရခြင်း ဖြစ်ဟန်မရှိ။ ဤသည်မှာ အရေးပါခြင်းလည်းမရှိ။ လိုအပ်ချက်လည်း မဟုတ်။ အကုန်အကျ ပိုမိုများ ပြားစေသည်"ဟု သော်ရိုးက ရေးသားခဲ့ခြင်းဖြစ်သည်။

မက်ကန်းဒလက်စ်က စာမျက်နှာ၏ မာဂျင်ဘေးနေရာလွတ်၌"ဆတ်" ဟူ၍ ရေးသားဖော်ပြခဲ့သည်။ ထိုစာပိုဒ်အတွင်းမှာပင် သူက အောက်ပါ စာသားများကို အမှတ်အသားပြုလုပ်ထားခဲ့သည်။

တိရစ္ဆာန်အသားကို အကြင်နာကင်းမဲ့စွာ စားသောက်ခြင်းသည် အတွေ့အကြုံ၏ အကျိုးသက်ရောက်မှုမဟုတ်ဘဲ ပင်ကိုဗီဇကြောင့် သာ ဖြစ်သည်။ ဘဝတွင် အသိတရား နိမ့်ကျစွာ နေထိုင်ခြင်းနှင့် ခရီးထွက်ခြင်းတို့သည် ပိုမိုသာယာလှသည်ဟု ထင်မှတ်ရသယောင် ရှိလေသည်။ ကျွန်ုပ်အနေဖြင့် ထိုသို့ပြုလုပ်ခြင်း မရှိသော်လည်း မိမိ၏ အတွေးစိတ်ကူးကို ကျေနပ်နှစ်သိမ့်စေသည်အထိ အလေး အနက် တွေးတောလေ့ရှိသည်။ မြင့်မားသော သို့တည်းမဟုတ် ရသ မြောက်သော အာရုံခံစားနိုင်စွမ်းကို အကောင်းဆုံး အနေအထား၌ ရေရှည်ထိန်းသိမ်းထားရန် စိတ်အားထက်သန်သော သူတိုင်းသည် တိရစ္ဆာန်တို့၏ အသားကို စားသုံးခြင်းနှင့် အခြားသော မည်သည့် အစားအစာမဆို များစွာ စားသုံးခြင်းတို့မှ အထူးတလည် ရှောင်ကြဉ် လိုစိတ် ရှိကြသည်ဟု ကျွန်ုပ်ယုံကြည်သည်။

လူသည် ယင်း၏ အတွေးစိတ်ကူး အလိုကို မလိုက်ဘဲ ရိုးရိုး လေးနှင့် သန့်ရှင်းသော အစားအစာတစ်ရပ်ကို ချက်ပြုတ်နိုင်ရန် ခဲယဉ်းလှသည်။ သို့ရာတွင် ကျွန်ုပ်တို့၏ ရုပ်ခန္ဓာအား ကျွေးမွေးသမှု ပြုသည့်အခါ အဆိုပါနည်းလမ်းဖြင့် ကျွေးမွေးရမည်ဟု ကျွန်ုပ်ထင် မြင်သည်။ ရုပ်ခန္ဓာနှင့် အတွေးစိတ်ကူးတို့သည် စားပွဲတစ်လုံးတွင်ပင် အတူထိုင်ကြရမည်ဖြစ်သည်။ ထိုသို့ ပြုလုပ်ဖူးခြင်း ရှိကောင်းမှ ရှိပေလိမ့်မည်။ သင့်တင့်စွာ စားသုံးအပ်သော သစ်သီးတို့သည် ကျွန်ုပ်တို့၏ ခံတွင်းမြိန်မှုတို့ကို အပြစ်ပြုမိသည့်သဖွယ် ခံစားမိစေရန် မလိုအပ်သကဲ့သို့ အသိအမှတ်အပြုထိုက်ဆုံးဖြစ်သော ရယူလိုစိတ် ဖြင့် အားထုတ်ကြိုးပမ်းမှုကိုလည်း ပြတ်တောက်ခြင်းမရှိစေရ။ သို့ရာ တွင် သင်၏ စားသောက်ဖွယ်ရာများ ထည့်ထားသည့် ပန်းကန် အတွင်းသို့ ဟင်းခတ် အမွှေးအကြိုင်နှင့် အလားတူအရာများ ထပ် ဆောင်းထည့်ခြင်းဖြင့် သင့်အား အဆိပ်သင့်စေမည်ဖြစ်သည်။

မက်ကန်းဒလက်စ်က အထက်ပါ စာပိုဒ်နံဘေးတွင် 'YES'ဟု ရေး

သားထားသည်။ ထို့နောက် နှစ်မျက်နှာအကျော်တွင် "စား သတိ၊ ချက်ပြုတ် စားသောက်ရာတွင် အာရုံစူးစိုက်ဆောင်ရွက်ပါ ...မြင့်မြတ်သော စားဖွယ်ရာ ဟူ၍ ရေးသားထားသည်။ မက်ကန်းဒလက်စ်က ဂျာနယ်မှတ်စုအဖြစ် အသုံးပြုသော စာအုပ်၏ နောက်ပိုင်း စာမျက်နှာများတွင် သူ၏ ကြေညာချက်ကို အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

ကျွန်ုပ် ပြန်လည်မွေးဖွားခဲ့ပြီ။ ဤသည်မှာ ကျွန်ုပ်၏ မိုးသောက် ရောင်နီပင်။ လက်တွေ့ကျ စစ်မှန်သော ဘဝသည် အစပြုခဲ့ချေပြီ။ အသိစိတ်ဖြင့် ရှင်သန်နေထိုင်ခြင်း ဆိုသည်မှာ ဘဝအခြေခံများအပေါ် အသိစိတ်ဖြင့် အာရုံစူးစိုက်နေထိုင်ခြင်း၊ သင်၏ အနီးဝန်းကျင်နှင့် ယင်းတို့နှင့် ဆက်စပ် ပတ်သက်သည်များကို အမြဲမပြတ် အာရုံ စူးစိုက် နေထိုင်ခြင်းပင် ဖြစ်သည်။ ဥပမာအားဖြင့် အလုပ်တစ်ခု၊ တာဝန်တစ်ရပ်၊ စာအုပ်တစ်အုပ် စသည့် မည်သည့်အရာများမဆို အကျိုးထိရောက်မှုရှိသော အာရုံစူးစိုက်မှု လိုအပ်သည့် အရာများ ချည်းသာဖြစ်သည်။ (ဖြစ်ပေါ်သည့် အခြေအနေကို တန်ဖိုးသတ်မှတ် ရမည်။ ထိုသို့ တန်ဖိုးဖြတ်ရာ၌ လူတစ်ဦးသည် ယင်းတန်ဖိုးဖြတ် မည့် အခြေအနေတစ်ရပ်နှင့် မည်သို့ ဆက်စပ် ပတ်သက်သည်ဆို ခြင်းအပေါ် အခြေပြုသည်။ စစ်မှန်သော အဓိပ္ပာယ်ဖွင့်ဆိုချက်အား လုံးသည် သင့်အတွက် အဓိပ္ပာယ်ရှိသော ဖြစ်စဉ် ပေါ်ပေါက်မှုတစ် ရပ်နှင့် ပုဂ္ဂိုလ်ရေးအရ ဆက်နွယ်ပတ်သက်မှုအတွင်း အစဉ်တည်ရှိသည်။)

ကိုယ်တွင်းအပူဟု ဆိုအပ်သော အစားအစာ၏ ခမ်းနားမြင့်မြတ်မှု"

ဘဝ၏ တင့်မောဖွယ်ရာ အလှတရားအပေါ် တုန့်ပြန်း၍မရနိုင် သော ပျော်ရွှင်ခံစားမှုဖြစ်သည့် အကောင်းမြင်ဝါဒ။

ပကတိ အမှန်တရားနှင့် ရိုးသားဖြောင့်မတ်မှု။

လက်တွေ့ကျ စစ်မှန်မှု။

အမှီအခိုကင်းမဲ့ခြင်း။

အပြီးသတ် အဆုံးအဖြတ်၊ တည်ငြိမ်မှု၊

ရှေ့နောက်ကြောင်းကျိုး ညီညွတ်မှု။

ဆတ်သားများ အလဟဿဖြစ်ခဲ့ရခြင်းအတွက် မိမိကိုယ်ကို အပြစ် တင်နေမိခြင်းအား ဖြည်းဖြည်းချင်း လျှော့ချရပ်တန့်နိုင်ခဲ့သည်နှင့်အမျှ မက်ကန်း ဒလက်စ်သည် မေလလယ်ခန့်အတွင်းက စတင်ခဲ့သော တင်းတိမ်ရောင့်ရဲမှုကို ပြန်လည် ကျင့်သုံးလာခဲ့သည်မှာ ဇူလိုင်လအထိပင်ဖြစ်ဟန် ရပေသည်။ ထို့ နောက်တွင်မူ မက်ကန်းဒလက်စ်၏ ငြိမ်းချမ်းပျော်ရွှင်ဖွယ်ရာ အချိန်အခိုက်အတန့် အတွင်းသို့ အရေးကြီးသော အဟန့်အတား၊ အနှောင့်အယှက်နှစ်ခု အနက်မှ တစ်ခုက ဝင်ရောက်လာခဲ့လေတော့သည်။

တောကြီးကန္တာအတွင်း၌ တစ်ကိုယ်တည်း နေထိုင်ရသော ဘဝတွင် နှစ်လမျှ နေထိုင်ခဲ့စဉ် သင်ယူရရှိခဲ့သည်တို့အပေါ် ကျေနပ်အားရနေဟန်ရှိသော မက်ကန်းဒလက်စ်သည် မြို့ပြယဉ်ကျေးမှုဆီသို့ ပြန်သွားရန် ဆုံးဖြတ်ခဲ့သည်။ သူ၏ နောက်ဆုံးနှင့် အခမ်းနား အကြီးကျယ်ဆုံးသော စွန့်စားခန်းကို ပိတ် သိမ်း

ရပ်တန့်ရန် အချိန်ကျရောက်ပြီဖြစ်ပြီး လူသား ယောက်ျား မိန်းမများ နေထိုင်ရာ လောကကြီးဆီသို့ ခြေဦးပြန်လှည့်ရမည့်အချိန်လည်း ဖြစ်သည်။ ထိုလောကကြီးတွင် သူသည် ဘီယာကို တစ်ရှိန်ထိုး မော့သောက်နိုင်သည်၊ အတွေးအခေါ် ဒဿနဗေဒအကြောင်း စကားစမြည်ပြောကြားနိုင်သည်။ သူ၏ တောတွင်းပုံပြင်များဖြင့် မျက်နှာစိမ်းများ၏ အာရုံကိုပင် ဖမ်းစားနိုင်လောက် သည် မဟုတ်ပါလား။ အာသာပြင်းပြင်း တပ်မက်လှသော သူ၏ ကိုယ့်ကြမ္မာ ကိုယ် ဖန်တီးစီရင်ပိုင်ခွင့်ကိုလည်း လိုအပ်သည်ထက်မက ထုတ်ဖော် ကြေညာ နိုင်ခဲ့ပြီဖြစ်သည်။ မိဘများ၏ လောင်းရိပ်အောက်မှ သီးခြားခွဲထွက်လိုသည့် သူ့ဆန္ဒလိုအင်ထက်မကလည်း ခရီးပေါက်ခဲ့ပြီးဖြစ်သည်။ မိဘတို့၏ ချို့ယွင်း အားနည်းချက်များအပေါ် ခွင့်လွှတ်နိုင်ရန်လည်း သူ့ကိုယ်သူ ပြင်ဆင်ထားပြီး ဖြစ်နိုင်လောက်ပေသည်။ သူကိုယ်တိုင်၏ အားနည်းချက်၊ ချို့ယွင်းချက်များ ကိုပင် သူက ခွင့်လွှတ်နိုင်သည်အထိ ပြင်ဆင်ထားပြီး ဖြစ်ကောင်းဖြစ်နိုင်ပေ သည်။ မက်ကန်းဒလက်စ်သည် အိမ်သို့ပြန်ရန် အဆင်သင့် ဖြစ်နေပုံရပေသည်။

ထိုသို့ ဖြစ်ကောင်းမှလည်း ဖြစ်ပေမည်။ တောကြီးကန္တာအတွင်းမှ လမ်းလျှောက်ထွက်ခွာလာပြီးနောက် မက်ကန်းဒလက်စ် လုပ်ဆောင်ရန် ရည် ရွယ်ထားသည်တို့ကို စောင့်ကြည့်ရန်သာ ရှိပါသည်။ မည်သို့ပင်ဖြစ်စေကာမူ တောကြီးကန္တာအတွင်းမှ လမ်းလျှောက်ပြန်ထွက်လာရန် မက်ကန်းဒလက်စ် ရည်ရွယ်ခဲ့သည် ဆိုခြင်းကို မေးခွန်းထုတ်ဖွယ်ရာမရှိပါချေ။

တောတွင်းမှ ပြန်လည် မထွက်ခွာမီ လုပ်ဆောင်ရန်ရှိသည်တို့ကို သူက သစ်ခေါက်တစ်ခုပေါ်တွင် စာရေးပြုစုထားခဲ့သည်။ “ဂျင်းဘောင်းဘီ အပေါက်ဖာရန်၊ မုတ်ဆိတ်ရိတ်ရန်၊ အထုပ်အပိုးများ သိမ်းဆည်းပြင်ဆင် ရန်...” အစရှိသည်တို့ကို သူက ရေးမှတ်ခဲ့သည်။ ထို့နောက် ခဏမှာပင် သူက မီနော်လ် တာကင်မရာကို ဆီတိုင်ကီအလွတ်တစ်လုံးပေါ်တွင် တင်ကာ သူ့ကိုယ်သူ ဓာတ်ပုံရိုက်ခဲ့သည်။ ဓာတ်ပုံထဲတွင် မက်ကန်းဒလက်စ်က စစ်စောင်တစ်ထည် မှ ညှပ်ယူထားသော အပိုင်းအစများဖြင့် ဒူးနားတစ်ဝိုက်တွင်ဖာထေးထားသော ဖာရာအသစ်များနှင့် ညစ်ပေနေသော ဂျင်းဘောင်းဘီကို ဝတ်ဆင်ထားပြီး မုတ်ဆိတ်ကျင်စွယ်များကို သပ်ရပ်စွာ ရိတ်ပယ်ထားသည်။ လက်ထဲတွင် ကိုင်ထားသော အဝါရောင် တစ်ခါသုံး မုတ်ဆိတ်ရိတ်စက်ကို လေတွင်မြှောက်၍ ရွယ်ဟန်ပြကာ ကင်မရာကို တည့်တည့်ကြည့်ရင်း ပြုံးနေ သည်။ သူက ကျန်းမာဟန်ရှိသော်လည်း သိသိသာသာပင် ပိန်ချုံးနေသည်။ ပါးရိုးများက ချောင်ကျနေပြီး လည်ပင်းကြွက်သားများက တင်းတင်းဆွဲဆန့် ထားသော လျှပ်စစ်ကေဘယ်လ်ကြိုးများပမာ ထောင်ထ,နေသည်။

ဇူလိုင်လ ၂ ရက်နေ့တွင် မက်ကန်းဒလက်စ်သည် စာရေးဆရာ တော်လ်စတွိုင်းလ်၏ မိသားစုပျော်ရွှင်မှုဟု အဓိပ္ပာယ်ရသော Family Happiness အမည်ရစာအုပ်ကို ဖတ်ရှုပြီးစီးသည်။ ထိုစာအုပ်မှ သူ ဘဝင်တွေ့ခဲ့ သော

စာပိုဒ်အချို့ကိုလည်း အမှတ်အသားပြုထားခဲ့သည်။

ဘဝတွင် တစ်ခုတည်းသော အသေချာဆုံး ပျော်ရွှင်မှုမှာ အခြား သူများအတွက် ကိုယ့်ဘဝကို ရှင်သန်နေထိုင်ခြင်းဖြစ်သည်ဟု ဆိုရာ တွင် သူက မှန်ကန်ခဲ့သည်။

ကျွန်ုပ်သည် နှစ်ပေါင်းများစွာ ရှင်သန်နေထိုင်ခဲ့ပြီးဖြစ်သည်။ ယခုအခါ ပျော်ရွှင်မှုအတွက် လိုအပ်သောအရာကို ရှာဖွေတွေ့ရှိပြီဟု ကျွန်ုပ်ထင်မြင်မိသည်။ ဝေးလံသီခေါင်သော ဒေသများ၌ နေထိုင်ပြီး တစ်ပါးသူတို့၏ အကျိုးပြုဝန်ဆောင်မှုများနှင့် ရင်းနှီးခြင်းမရှိသည့် ကျေးလက်ဒေသခံပြည်သူတို့အတွက် ကောင်းရာကောင်းကျိုး အလွယ်တကူ ဆောင်ရွက်ပေးနိုင်ခြေရှိခြင်းတို့နှင့်အတူ အေးချမ်း ငြိမ်သက်စွာ နေထိုင်ရသော ဘဝတစ်ရပ်တွင် ယင်းတို့အတွက် အသုံးဝင်မည့် အလုပ်အချို့ကို လုပ်ကိုင်ပေးပြီးနောက် အနီးဝန်းကျင် မှ မိတ်ဆွေများအပေါ် မေတ္တာတရားထားရှိခြင်းနှင့်အတူ ဂီတ၊ စာအုပ်စာပေ၊ သဘာဝအလှတရားတို့နှင့် နားနေပျော်မွေ့ရခြင်းသည် ပျော်ရွှင်မှုဖြစ်သည်ဟု ကျွန်ုပ်စိတ်တွင် တွေးဆမိသည်။ ယင်းတို့ နောက်တွင် သင့်အတွက် လက်တွဲဖော်တစ်ယောက်နှင့် သားသမီး များပင် ရရှိကောင်း ရရှိလာမည်ဖြစ်ရာ လူတစ်ဦး၏ နှလုံးသားက ထို့ထက်ပို၍ လိုချင်တပ်မက်စရာ ရှိပါဦးမည်လား။

ထို့နောက် ဇူလိုင်လ ၃ ရက်နေ့တွင် မက်ကန်းဒလက်စ်သည် ကျောပိုးအိတ်ကို ပခုံးတွင်လွယ်ကာ မိုင်နှစ်ဆယ်အလျားရှိ ပြုပြင်ဖောက်လုပ်ထားသည့်လမ်းထက်၌ သူ၏ လမ်းလျှောက်ခရီးကြမ်းကို စတင်ခဲ့သည်။ နှစ်ရက်လွန်ပြီးနောက် ခရီးတစ်ဝက်ကျိုးချိန်၌ တက်ကလန်နီကာမြစ်၏ အနောက်ဘက် ကမ်းသို့ ဖြတ်ကူးရာကို ပိတ်ဆို့ထားသော ဖျံရေကန်များဆီသို့ သည်းထန်သော မိုးနှင့်အတူ ရောက်ရှိလာသည်။ ထိုဖျံရေကန်များသည် ဧပြီလအတွင်းက အေးခဲနေသဖြင့် အဟန့်အတား အနှောင့်အယှက်တစ်စုံတစ်ရာ မဖြစ်ခဲ့ပေ။ ယခုသော်မူ တောလမ်းကို ဖုံးကွယ်ပေးထားသည့် သုံးကေ အကျယ်အဝန်းရှိရေကန်ကြီးကိုသာ တွေ့ရှိရပြီး သတိပေးသံများ သူ့အတွေးတွင် ညံလာခဲ့သည်။ ရင်ညွန့်ခန့်နက်သော ရေထုအတွင်း မှောင်ကြီးမည်းမည်းထဲ၌ ကြိုးပမ်းလျှောက် လှမ်းရမည့်အရေးကို ရှောင်ကွင်းလိုသည့် မက်ကန်းဒလက်စ်က ဖျံရေကန်များ ၏ မြောက်ဘက်မှ ဖြတ်သန်းပြီး မတ်စောက်သော တောင်ကုန်းတစ်ခုပေါ်သို့ တက်သည်။ ထို့နောက် တောင်ကြားလမ်းအဝရှိ မြစ်ကြောင်းဆီသို့ ပြန်ဆင်း သည်။

လွန်ခဲ့သော ၆ ရက်က ရေခဲလောက်သည်အထိ အေးသော ဧပြီလ ၏ ရာသီဥတုအောက်တွင် မြစ်ကို ပထမဆုံးအကြိမ် ဖြတ်သန်းစဉ် မြစ်ရေ ပြင်သည် အေးခဲနေသော်လည်း အနက်အားဖြင့် ဒူးဆစ်မျှအထိသာရှိသည်ဖြစ် ၍ အလွယ်တကူပင် ဖြတ်ကူးနိုင်ခဲ့သည်။ သို့ရာတွင် ဇူလိုင်လ ၅ ရက်နေ့၌ မူ တက်ကလန်နီကာမြစ်က အလာစကာတောင်တန်းများဆီမှ အရှိန်အဟုန် လျင်မြန်စွာ စီးဆင်းလာသော အေးမြလှသည့် မိုးရေနှင့် ရေခဲမြစ်များမှ ပျော် ဆင်းလာသည့် နှင်းရည်တို့ဖြင့် မြစ်ရေတစ်ပြင်လုံး ပြည့်လျှံနေပေတော့သည်။

မြစ်တစ်ဖက်ကမ်းသို့ အရောက်သွားနိုင်မည်ဆိုပါက အဝေးပြေး လမ်းမကြီးတစ်လျှောက် ခြေလျင်လျှောက်သွားရမည့် လက်ကျန်ခရီးကြမ်းက သူ့အတွက် လွယ်ကူသွားပြီဖြစ်သည်။ သို့ရာတွင် တစ်ဖက်ကမ်းအရောက် ကူးနိုင်ရေးအတွက် ပေတစ်ရာမျှ အကျယ်ရှိသော မြစ်ကြောင်းကို ရင်ဆိုင်ရမည် ဖြစ်သည်။ ရေခဲအကျိုးအကြေ အစအနများနှင့် ပြည့်နှက်နေပြီး ဖောက်ထွင်း မမြင်နိုင်လောက်သည်အထိ အလင်းပိတ်ဖြစ်နေသော ရေပြင်မှာ ရေခဲများ အရည်မပျော်မီအချိန်လေးက ရှိခဲ့သော အပူချိန်ထက် အနည်းငယ်မျှ နွေးသည် ဆိုရုံသာ ရှိပေသည်။ ရေ၏ အရောင်မှာလည်း ရေစိုနေသော ကွန်ကရစ် အရောင်နှယ်ရှိသည်။ အားသန်လှသောရေစီးကြောင်းက ရေပြင်သို့ ခြေချလိုက် သည်နှင့် သူ့အား တစ်မုဟုတ်ချင်း ဆွဲလှဲကာ ရေစီးတွင် မျောပါသွားစေမည်ဖြစ် သည်။

မက်ကန်းဒလက်စ်သည် ရေကူးသန်သူတစ်ယောက် မဟုတ်သည့် အပြင် စင်စစ်တွင် ရေကြောက်တတ်သူတစ်ဦးလည်းဖြစ်ကြောင်း သူ၏များစွာသော မိတ်ဆွေတို့ကို အကြိမ်ကြိမ် ထုတ်ဖော်ဝန်ခံခဲ့ဖူးသူလည်း ဖြစ်သည်။ ထုံကျဉ်လောက်သည်အထိ အေးမြပြီး စီးအားသန်လှသော ရေစီးကြောင်း အတွင်း ရေကူးဖြတ်သန်းရန် ကြိုးစားခြင်း သို့မဟုတ် လက်လုပ်ဖောင်တစ်ခု ဖြင့် လှော်ခတ်ကာ ဖြတ်သန်းရန် ကြိုးစားခြင်း စသည်တို့မှာ သူ့အတွက် အန္တရာယ်များပြားလှသော အတွေးများဖြစ်ဟန်ရှိသည်။ မြစ်ကြောင်းနှင့် တော လမ်းဆုံရာ နေရာမှ အောက်ဘက်သို့ အနည်းငယ်မျှ ဆင်းလိုက်မည်ဆိုပါက ကျဉ်းမြောင်းသည့် တောင်ကြားမှ စီးထွက်လာသည့် တက်ကလန်နီကာမြစ်ရေ သည် ရေစီးအား ပိုမိုကောင်းလာကာ ရေမြှုပ်ဖွေးဖွေးများဖြင့် ကြမ်းချင်တိုင်း ကြမ်းနေပေတော့သည်။ ထိုရေပြင်ထဲသို့ ရေကူးဖြတ်သန်းသည်ဖြစ်စေ၊ တစ်စုံ တစ်ခုသော အစီးအနင်းဖြင့် လှော်ခတ်ဖြတ်ကူးသည်ဖြစ်စေ လျင်မြန်စွာ စီးဆင်းနေသော ရေစီးကြောင်းအောက်သို့ ခဏချင်းမှာပင် နစ်မြုပ်သွားမည်သာ ဖြစ်သည်။

သူ၏ ဂျာနယ်မှတ်စုအတွင်း၌ မက်ကန်းဒလက်စ်က “သဘာဝဘေး အန္တရာယ်...။ မိုးကြီးရွာ။ မြစ်ရေကို ဖြတ်ကူးရန်၊ ဖြစ်နိုင်ခြေရှိပုံမရ။ တစ် ကိုယ်တည်း ထိတ်လန့်နေမိ”ဟူ၍ ရေးသားဖော်ပြခဲ့သည်။ ထိုသို့သော အခြေ အနေမျိုးတွင် တက်ကလန်နီကာမြစ်ကို သူ ရောက်ရှိနေသော နေရာမှ ဖြတ်ကူး ခြင်းသည် သေဘေးနှင့် ကြုံတွေ့ရနိုင်ခြေရှိကြောင်း မက်ကန်းဒလက်စ်က မှန်ကန်စွာ ကောက်ချက်ဆွဲနိုင်ခဲ့သည်။ ထိုသို့ ဖြတ်ကူးခြင်းသည် ကိုယ့်ကိုယ်ကို သေကြောင်းကြံသည်နှင့် မခြားရှိပြီး ရွေးချယ်ရမည့် နည်းလမ်းတစ်ရပ်လည်း မဟုတ်ပါ။

အကယ်၍ မက်ကန်းဒလက်စ်သည် မြစ်ညာဘက်သို့ တစ်မိုင်ခန့် တက်သွားမည်ဆိုပါက တက်ကလန်နီကာမြစ်သည် ရေလက်ကြားအသွယ် သွယ်ဖြင့်

ဝက်ပါတစ်ခုနှယ်ရှိကာ ပိုမို၍ အပြန့်ကျယ်နေသည်ကို တွေ့ရှိမည် ဖြစ်သည်။ ကြိုးစားဖြတ်ကူး၊ အဆင်မပြေလျှင် နောက်ပြန်ဆုတ်သည့် နည်း လမ်းဖြင့် ဂရုတစိုက် ကြိုးပမ်းရှာဖွေမည်ဆိုပါက ကျစ်ဆံမြီးထိုးထားသည့် သဖွယ် အချင်းချင်း လိမ်ယှက်နေသော ရေလက်ကြားများအနက်မှ ရင်ညွန့် လောက်သာ ရေအနက်ရှိသော ရေလက်ကြားအချို့ကို ရှာဖွေတွေ့ရှိကောင်း တွေ့ရှိနိုင်မည်ဖြစ်သည်။ ရေစီးကြောင်း အားကောင်းသည်နှင့်အမျှ သူ့ကို အချိန်မရွေး လဲကျသွားစေနိုင်မည် ဖြစ်သော်လည်း ရေစီးဖြင့် မျှောလိုက်ရင်း ခွေးကူးကူးခြင်း၊ မြစ်ကြမ်းပြင်တစ်လျှောက် ခြေဖြင့်ကန်၍ ခုန်လွှားခြင်းတို့ဖြင့် တောင်ကြားထဲသို့ မြစ်ရေမစီးဝင်မီ သို့မဟုတ် ခန္ဓာကိုယ်အပူချိန် အလွန်အမင်းမကျဆင်းမီတွင် တစ်ဖက်ကမ်းသို့ အရောက်ကူးကောင်း ကူးနိုင်မည်ဖြစ်ပေ သည်။

သို့ရာတွင် အဆိုပါနည်းလမ်းသည်လည်း လွန်စွာ အန္တရာယ်များသော အနေအထားတစ်ရပ်ဖြစ်ရာ မက်ကန်းဒလက်စ်က ထိုမျှအထိ စွန့်စားရန် အကြောင်းမရှိပေ။ သူသည် တောကြီးကန္တာအတွင်း ဘေးရန်မကျရောက်စေ ရန် သူ့ကိုယ်သူ ကောင်းစွာ အကာအကွယ်ပြုနိုင်ခဲ့သူဖြစ်လေရာ စိတ်ရှည်လက် ရှည်ဖြင့် စောင့်ဆိုင်းနေမည်ဆိုပါက အဆုံးတွင် မြစ်ရေပြင်သည် ဘေးရန်ကင်း ရှင်းစွာ ဖြတ်ကူးသွားနိုင်သည့် အနေအထားအထိ ကျဆင်းသွားမည်ဆိုသည်ကို သိရှိနားလည်ထားပြီး ဖြစ်ဟန်ရှိသည်။ သို့ဖြစ်၍ ဖြစ်နိုင်ခြေနည်းလမ်းအသွယ် သွယ်ကို ချိန်ဆစဉ်းစားပြီးနောက် အကောင်းဆုံး ချင့်ချိန်ရရှိသော နည်းလမ်းကို မက်ကန်းဒလက်စ်က ရွေးချယ်ခဲ့သည်။ သူက မြစ်ကမ်းနံဘေးမှသည် အနောက်ဘက်ဆီသို့ ခြေဦးပြန်လှည့်ကာ မူလစခန်းချရာ ဘတ်စ်ကားဆီသို့ ခြေလျင်ပြန်လျှောက်လာရင်း တောကြီးကန္တာ၏ အပြောင်းအလဲများသော နှလုံးအိမ်အတွင်းသို့ တစ်လှမ်းချင်းပင် ပြန်လည်ဝင်ရောက်သွားခဲ့တော့သည်။

အခန်း (၁၇)

စတာမ့်ပ်ပိဒ်ထရေးလ်

သဘာ၀တရားသည် လှပသော်လည်း ဤနေရာတွင် အရိုင်းဆန်ကာ ကြောက်မက်ဖွယ်ရာကောင်းလှသည်။ ကျွန်ုပ်ကိုယ်တိုင် ခြေချလျှောက်လှမ်းခဲ့ သော မြေပြင်ထက်မှ အနန္တစွမ်းအားဖြင့် ဖန်တီးစီရင်အပ်သော ပုံစံ၊ ဟန်ပန် နှင့် အသုံးပြုခဲ့သည့် ပစ္စည်းများကို ကြည့်ရှုရန်အတွက် ထိုမြေပြင်ကို ထိတ် လန့်မှုအတိဖြင့် ကျွန်ုပ်လှမ်းကြည့်မိသည်။ ဤသည်မှာ ကျွန်ုပ်တို့ ကြားဖူးထား သော ဂရိဒဏ္ဍာရီလာ နတ်မင်းခဲယော့စ်(Chaos)နှင့် ကြင်ရာတော် အိုးလ်ဒ် နိုက်တ်(Old Night)တို့အားဖြင့် ဖန်ဆင်းအပ်သော မြေကမ္ဘာ(Earth)ပင်ဖြစ်သည်။ ဤနေရာသည် လူတို့၏ ဥယျာဉ်မဟုတ်၊ ကံကောင်းခြင်းလက်ဆောင်အဖြစ် ပေးအပ်ထားသော ကမ္ဘာဖြစ်သည်။ မြင်ခင်းပြင်မဟုတ်၊ စားကျက်မြေမဟုတ်၊ ပျားအရက်မဟုတ်၊ သစ်တောမဟုတ်၊ မြက်တောမဟုတ်၊ စိုက်ပျိုးမြေမဟုတ်၊ ဖုန်းဆိုးမြေလည်းမဟုတ်ပေ။ ဤနေရာသည် ကျွန်ုပ်တို့အဆိုအရ လူတို့နေထိုင်ရန် ထာ၀ရ ဖန်ဆင်းထားသော ကမ္ဘာဂြိုဟ်၏ သစ်လွင်လတ်ဆတ်သည့် သဘာ၀ မျက်နှာပြင်ဖြစ်သည်။ သို့ဖြစ်ရာ သဘာ၀နတ်သား(Nature)က ဖန်ဆင်းပေး သော ထိုကမ္ဘာမြေကို လူတို့ အသုံးပြုနိုင်ကောင်း အသုံးပြုနိုင်မည်ဖြစ်သည်။ လူသည် မြေကမ္ဘာနှင့် ပေါင်းဖက်ဆက်နွယ်ရန်မဟုတ်။ ယင်းသည် ကျယ်ပြော လှပြီး ရင်သပ်ရှုမောဖွယ်ဖြစ်သော မတ္တာ(Matter)ဖြစ်သည်။ ကျွန်ုပ်တို့ ကြားသိဖူးထားသော မိခင်ကမ္ဘာမြေမျိုးမဟုတ်၊ လူတို့ ခြေချလျှောက်လှမ်းရန်မဟုတ်၊မြေချမြှုပ်နှံရာမဟုတ်၊ လူ၏ အရိုးများကို မြေတွင် လဲလျောင်းစေရန်ပင် ရင်းနှီးလွန်းလှသည်။ ဤသည်မှာ လိုအပ်မှု(Necessity)နှင့် ကံကြမ္မာ(Fute)တို့၏ နေအိမ်ပင်။ လူတို့အပေါ် ကြင်နာသနားရန်မရှိသော အားတစ်ရပ် တည်ရှိမှုကို သိသာထင်ရှားစွာ သိရှိခံစားရသည်။ ဤနေရာသည် မိစ္ဆာဒိဋ္ဌိတို့နှင့် အယူသီး သော ပျပ်ဝပ်ကိုးကွယ်မှုတို့၏ နေရာဌာနဖြစ်သည်။ ကျွန်ုပ်တို့နှင့်စာပါက ကျောက်တုံးကျောက်ဆောင်များ၊ တောရိုင်းတိရစ္ဆာန်များနှင့် သာ၍ ဆွေမျိုး နီးစပ်ဟန်ရှိသော လူတို့နေထိုင်ရာဖြစ်သည်။ ပြတိုက်တစ်ခုအတွင်းသို့ ဝင်ရောက် သည်မှာ အချို့သော ကြယ်တာရာမျက်နှာပြင်၌ ပြသထားသည်တို့နှင့် နှိုင်းစာ ပါက အသ်ချေတမျှ များပြားလှသော ထူးခြားသည့်အရာများကို ကြည့်ရှုရန် နှင့် ယင်း၏ နေအိမ်အတွင်းမှ အချို့သော အကြောင်းအရာများကို ကြည့်ရှုရန် ဖြစ်သည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ ရုပ်ခန္ဓာကြီးထဲတွင်ပင် ထိတ်လန့်မှုအတိဖြင့် ရပ်တည်နေသည်။ ထိုရုပ်ခန္ဓာကြီးတွင် ကျွန်ုပ်စွဲကပ် မြဲမြံစွာရှိနေခြင်းကလည်း ကျွန်ုပ်အတွက် လွန်စွာမှပင် ထူးဆန်းလှသည်။ ကျွန်ုပ်သည် ဝိညာဉ်လိပ်ပြာနှင့် သူရဲတစ္ဆေတို့ကို ကြောက်ရွံ့ခြင်းမရှိ။ ကျွန်ုပ်ကိုယ်တိုင်သည်ပင် ယင်းတို့အနက် မှ တစ်ခုဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်၏ ရုပ်ခန္ဓာပင်ဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်သည် ရုပ်ခန္ဓာများကို ကြောက်ရွံ့သည်။ ယင်းတို့နှင့် ဆုံတွေ့ရမည်ကို

အသားဆတ်ဆတ်တုန်သည်အထိ ထိတ်လန့်ကြောက်ရွံ့နေမိသည်။ ကျွန်ုပ်ကို ပိုင်စိုးသော ရောမရုပ်ခန္ဓာကြီး(Titan)သည် မည်သည့်အရာဖြစ်ပါသလဲ။ ထူး ခြားဆန်းကြယ်သော အကြောင်းအရာများကို ပြောကြားရန်ပင်လား။ သဘာဝ တရားအတွင်းရှိ ကျွန်ုပ်တို့၏ ဘဝကို တွေးကြည့်ပါ။ များပြားလှသော အကြောင်းအရာများက နေ့စဉ်နှင့်အမျှ ပေါ်ပေါက်နေပြီး ထိုဘဝနှင့် အဆက် အသွယ်ပြုသည့် ကျောက်တုံး၊ ကျောက်ဆောင်များ၊ သစ်ပင်များ၊ ပါးပြင်ပေါ် သို့ ဖြတ်သန်းသွားသော လေများ စသည်တို့နှင့် ထိတွေ့ဆက်သွယ်သည်။ ကမ္ဘာမြေထုနှင့် အဆက်အသွယ်ပြုသည်။ အမှန်အကန်ဖြစ်သော လောကကြီး နှင့် ဆက်သွယ်သည်။ သာမန် အသိဉာဏ်နှင့် အဆက်အသွယ်ပြုသည်။ အဆက်အသွယ်၊ အဆက်အသွယ်...။

ကျွန်ုပ်တို့သည် မည်သူများ ဖြစ်ကြသနည်း။ မည်သည့်နေရာတွင် ရှိနေကြပါသနည်း။

ဟင်နရီဒေးဗစ်သော်ရိုး

ခုတားဒင်း(Ktaadn)စာအုပ်မှ ကောက်နုတ်ချက်

တက်ကလန်နီကာမြစ်ကို ဖြတ်ကူးခြင်းမပြုရန် မက်ကန်းဒလက်စ် ဆုံးဖြတ်ခဲ့ပြီး တစ်နှစ်နှင့် သီတင်းတစ်ပတ်ကြာမြင့်သော အချိန်တွင် မြစ်၏ အရှေ့ဘက်ခြမ်း အဝေးပြေးလမ်းမရှိရာ ဘက်ကမ်းသို့ စာရေးသူ ရောက်ရှိနေ သည်။ ပြင်းထန်သော အရှိန်အဟုန်ဖြင့် ရိုက်ခတ်စီးဆင်းနေသော မြစ်ရေပြင်ကို စာရေးသူ ငေးကြည့်နေမိသည်။ စာရေးသူကိုယ်တိုင်သည်လည်း မြစ်ကို ဖြတ် ကူးချင်နေမိသည်။ ဘတ်စ်ကားရှိရာသို့ သွားကြည့်လိုမိသည်။ မက်ကန်း ဒလက်စ် သေဆုံးခဲ့ရသည့်အကြောင်းရင်းကို ကောင်းစွာ သိရှိနားလည်ရန် အတွက် သူသေဆုံးသည့်နေရာသို့ သွားရောက်ကြည့်ရှုလိုမိသည်။

နွေလယ်ခင်းက ပူအိုက်စွတ်စိုလှသည်။ အလာစကာတောင်တန်း၏ အမြင့်ပိုင်းနေရာများအထိ ဖုံးအုပ်ထားဆဲဖြစ်သော ရေခဲအလွှာတို့မှ လျှင်မြန်စွာ အရည်ပျော်ကျဆင်းလာသော နှင်းခဲများ အဆုပ်လိုက်မျောပါလာသည့် မြစ် ရေပြင်သည် ညစ်ထေးကာ ခဲရောင်ထ,နေသည်။ ယနေ့ မြင်တွေ့နေရသော မြစ်ရေပြင်မှာ လွန်ခဲ့သော တစ်ဆယ့်နှစ်လအရင်က မက်ကန်းဒလက်စ် ရိုက်ကူး ခဲ့သော ဓာတ်ပုံထဲမှ မြစ်ရေပြင်နှင့် နှိုင်းစာပါက အထိုက်အလျောက်လျော့နည်း နိမ့်ကျနေသည်။ သို့ရာတွင် တဝေါဝေါအသံပေး၍ စီးဆင်းနေသော နွေလယ် ခေါင် မြစ်ရေပြင်အား လမ်းလျှောက်ဖြတ်ကူးရန်မှာမူ တွေးပင်မတွေးရဲ လောက်သောကိစ္စ ဖြစ်သည်။ ရေက နက်လှသည့်အပြင် အေးမြပြီး အစီးသန် လွန်းသည်။ တက်ကလန်နီကာ မြစ်ရေပြင်ကို စူးစိုက်ကြည့်နေစဉ်မှာပင် မြစ် ကြမ်းပြင်ထက် လိမ့်ပါလာသော ဘိုးလင်းဘောလုံးအရွယ်တမျှရှိမည့် ကျောက် တုံးကြီးများ၏ ပွတ်တိုက်ရွေ့လျားသံကို စာရေးသူ ကြားနေရသည်။ စီးအား ကောင်းလှသော ရေစီးကြောင်းက ထိုကျောက်တုံးများကို သယ်ဆောင်သွား ခြင်းပင်ဖြစ်သည်။ ကမ်းမှ ခွာ၍ ရေပြင်သို့ ကိုက်အနည်းငယ် ဆင်းလျှောက် လိုက်ရုံမျှဖြင့် ရေစီးကြောင်းက စာရေးသူကို ဆွဲလှဲကာ အောက်ဘက်ရှိနက်ရှိုင်းသော တောင်ကြားအတွင်းသို့ သယ်ဆောင်သွားပေလိမ့်မည်။ ထိုတောင် ကြားက မြစ်ရေပြင်ကို ညှပ်ပူးညှပ်ပိတ်

ပြုထားသကဲ့သို့ရှိကာ တောင်ကြား နေရာမှ ထွက်လာသော ရေစီးကြောင်းသည် အမြှုပ်ဖွေးဖွေးထ,လျက် အလွန် တရာ ပြင်းထန်မြန်ဆန်သော အရှိန်နှုန်းဖြင့် နောက်ထပ် ငါးမိုင်ခန့်အထိအဟန့်အတားမရှိ စီးဆင်းသွားသည်။

သို့ရာတွင် မက်ကန်းဒလက်စ်နှင့် မတူသည့်အချက်မှာ စာရေးသူ၏ ကျောပိုးအိတ်အတွင်း၌ ၁း၆၃,၃၆၀ စကေးနှင့် ရေးဆွဲထားသော မြေမျက်နှာ သွင်ပြင် မြေပုံတစ်ချပ်ပါရှိခြင်းပင်။ (တစ်မိုင်ကို တစ်လက်မ စကေးဖြင့်ရေးဆွဲထားသော မြေပုံကို ဆိုလိုသည်။) ထိုမြေပုံသည် အလွန်ပင် အသေးစိတ် ရေးဆွဲထားသည်။ တောင်ကြားနေရာမှ အောက်ဘက်သို့ မိုင်ဝက်ခန့်မျှ ဆင်း သွားလျှင် အမေရိကန်ဘူမိဗေဒ စစ်တမ်းဌာနက တည်ဆောက်ထားခဲ့သော တိုင်းတာရေးစခန်းတစ်ခုရှိကြောင်း မြေပုံပေါ်တွင် ဖော်ပြထားသည်။ မက်ကန်း ဒလက်စ်နှင့် မတူသည့် နောက်ထပ် အချက်တစ်ရပ်မှာ စာရေးသူနှင့်အတူ အလာစကာဒေသခံများ ဖြစ်ကြသော ရိုမန်ဒိုင်ယယ်လ်(Roman Dial), ဒန်ဆိုလီ (Dan Solie)နှင့် ရိုမန်၏ မိတ်ဆွေဖြစ်သည့် ကယ်လီဖိုးနီးယားပြည်နယ်သား အဲန်ဒရူးလစ်စကာ(Andrew Liske)တို့ပါ အဖော်အဖြစ် လိုက်ပါလာခြင်းပင်။ တက်ကလန်နီကာမြစ်ဆီသို့ စတမ့်ပိဒ်ထရေးလ် တောလမ်းဘက်မှ လာပါက တိုင်းတာရေးစခန်းရှိသည်ကို မြင်တွေ့နိုင်ခြင်းမရှိပါ။ သို့ရာတွင် ထင်းရှူးပင် အုပ်များနှင့် ဘုဇပတ်အပင်ပုများအကြား မိနစ်နှစ်ဆယ်ခန့် ကြိုးစားပမ်းစား တောတိုးလျှောက်လှမ်းမိပြီးနောက် ရိုမန်၏ ဝမ်းသာအားရ အော်ဟစ်သံ ထွက် ပေါ်လာခဲ့သည်။ "တွေ့ပြီဟေ့၊ ဟောဟိုမှာ ကိုက်တစ်ရာလောက်ပဲ လိုတော့ တယ်"။

တိုင်းတာရေးစခန်းသို့ ရောက်သည်တွင် တောင်နံရံနှစ်ဖက်ကို တစ် လက်မအချင်းရှိသော စတီးလ်ကေဘယ်လ်ကြိုးဖြင့် ဆက်သွယ်ထားသည်ကို တွေ့ရသည်။ မြစ်ကမ်းတစ်ဖက်တစ်ချက်တွင် တစ်ဆယ့်ငါးပေခန့်မြင့်သည့် မျှော်စင်များဆောက်လုပ်၍ မျှော်စင်နှစ်ခုအကြား စတီးလ်ကြိုးသွယ်တန်းထား ခြင်းဖြစ်သည်။ အလျားအားဖြင့် ပေလေးရာခန့်ရှိသည်။ တက်ကလန်နီကာ မြစ်ရေပြင်၏ ရာသီအလိုက် အပြောင်းအလဲဖြစ်ပေါ်မှုကို တိုင်းတာရန် ၁၉၇၀ ပြည့်နှစ်ကပင် အဆိုပါ စခန်းနှင့် ကေဘယ်လ်ကြိုးတပ် မျှော်စင်တို့ကို တည် ဆောက်ထားခဲ့ခြင်းဖြစ်သည်။ ဇလဗေဒပညာရှင်တို့သည် စတီးလ်ကေဘယ်လ် ကြိုးတွင် အလူမီနီယမ်ခြင်းများ ချိတ်ဆွဲကာ စက်သီးဖြင့်ဆွဲ၍ မြစ်တစ်ဖက် ကမ်းမှ အခြားတစ်ဖက်ကမ်းသို့ အသွားအပြန် ပြုလုပ်နေကျဖြစ်သည်။ ဇလ ဗေဒပညာရှင်တို့က အလူမီနီယမ်ခြင်းများပေါ်မှနေ၍ မြစ်ရေပြင်သို့ ချိန်သီးများ ချကြည့်ခြင်းအားဖြင့် ရေမျက်နှာပြင် အနိမ့်အမြင့်ကို တိုင်းတာကြသည်။ တိုင်းတာရေးစခန်းမှာ ရန်ပုံငွေ မရရှိခြင်းကြောင့် လွန်ခဲ့သော ကိုးနှစ်ခန့်မှ စတင်ကာ ပိတ်သိမ်းထားခဲ့ရသည်။ စခန်းပိတ်သိမ်းချိန်တွင် အလူမီနီယမ်ခြင်း ကို စာရေးသူတို့ ရောက်ရှိနေသည့် မြစ်ကမ်းဘက်ရှိ မျှော်စင်ထက်၌ သံကြိုး ခတ်၍ သိမ်းဆည်းထားခဲ့သည်။ မျှော်စင်ထိပ်သို့ စာရေးသူတို့ တက်ရောက်

ကြည့်သောအခါတွင်မူ အလူမီနီယမ်ခြင်းမှာ မရှိတော့ပေ။ တိုးဝှေ့စီးဆင်းနေသော မြစ်ရေပြင်ကိုကျော်၍ တောင်ကြားတစ်ဖက်မှ ဘတ်စ်ကားရှိရာ တစ်ဖက် ကမ်းဆီသို့ စာရေးသူ မျှော်ငေးကြည့်မိသည်။

အချို့သော ဒေသခံ မုဆိုးတို့က ချည်နှောင်ထားသော သံကြိုးကို ဖြတ်ကာ အလူမီနီယမ်ခြင်းစီး၍ တစ်ဖက်ကမ်းသို့ ကူးပြီးနောက် အခြားဒေသ မှ လာသောသူများအနေဖြင့် တက်ကလန်နီကာမြစ်ကို အလွယ်တကူ ဖြတ်ကူး ပြီး ယင်းတို့၏ဒေသအတွင်းသို့ ဝင်ရောက်မလာစေလိုသည့် ရည်ရွယ်ချက်ဖြင့် အလူမီနီယမ်ခြင်းကို တစ်ဖက်ကမ်းတွင်ပင် ထားရှိခြင်းဖြစ်သည်။ တောကြီး ကန္တာအတွင်းမှ မက်ကန်းဒလက်စ် လမ်းလျှောက်ထွက်ခွာရန် ကြိုးစားခဲ့သည့် လွန်ခဲ့သော တစ်နှစ်နှင့် သီတင်းတစ်ပတ်အရင်ကလည်း ထိုအလူမီနီယမ်ခြင်း သည် ယခုမြင်တွေ့ရသော နေရာတွင်ပင် ရှိနေခဲ့သည်။ မက်ကန်းဒလက်စ် ရှိနေခဲ့သည့် တောင်ကြားဘက်ကမ်းတွင် ရှိနေခဲ့ခြင်းပင်။ အကယ်၍သာ ထိုအကြောင်းကို မက်ကန်းဒလက်စ် သိရှိခဲ့ပါက တက်ကလန်နီကာမြစ်ကို ဘေးမသီရန်မခ ကျော်ဖြတ်ရေးမှာ သူ့အတွက် အသေးအဖွဲကိစ္စမျှသာဖြစ်သည်။ သို့ရာတွင် သူ့ထံ၌ မြေမျက်နှာသွင်ပြင်ပြ မြေပုံ မပါသည့်အတွက် အသက်ဘေး မှ လွတ်မြောက်ရေးမှာ သူနှင့် လက်တစ်ကမ်းမျှ အကွာတွင် ရှိနေခဲ့သည်ကို သိရှိနိုင်ရန် အကြောင်းမရှိခဲ့ပါ။

ဝုဒ်ဆင်အထက်တန်းကျောင်း ခရီးကြမ်းအဖွဲ့မှ မက်ကန်းဒလက်စ်၏ သူငယ်ချင်းတစ်ဦးဖြစ်သည့် အဲန်ဒီဟောရိုးဝစ်ဇ်က "ခရစ္စဟာ ရာစုနှစ်လွဲပြီး မွေးဖွားလာသူပဲ။ သူဟာ ဒီကနေ့ခေတ် လူမှုအဖွဲ့အစည်းက လူတွေကို ပေးနိုင် တဲ့ စွန့်စားခန်းနဲ့ လွတ်လပ်မှုတွေထက် ပိုသာတာကို ရှာဖွေနေခဲ့တာပဲ"ဟု မှတ်ချက်ပြုခဲ့သည်။ အလာစကာသို့ လာရောက်ခြင်းသည် လူတို့ စူးစမ်းလေ့ လာခြင်းမပြုသေးသော တောကြီးကန္တာအတွင်း လှည့်လည်သွားလာကာ မြေပုံ ပေါ်တွင် လစ်လပ်နေသော နေရာကို ရှာဖွေလိုသည့် မက်ကန်းဒလက်စ်၏ ပြင်းပြသော စိတ်ဆန္ဒကြောင့်ပင်ဖြစ်သည်။ သို့ရာတွင် ၁၉၉၂ ခုနှစ်၌ မြေပုံ ထက် လစ်လပ်နေသည့် နေရာဟူ၍ တစ်နေရာမျှပင် မရှိတော့ပေ။ အလာစကာ တွင်သာမဟုတ် မည်သည့်ဒေသတွင်မျှ မြေပုံထက် လစ်လပ်နေသည့်နေရာ မရှိတော့ပါ။ သို့ရာတွင် ခရစ္စသည် သူ၏ ထူးခြားသော ကိုယ်ပိုင် ယုတ္တိဗေဒ အတွေးအမြင်များအရ အဆိုပါ အခက်အခဲကို အံဝင်ခွင်ကျပင် ဖြေရှင်းခဲ့သည်။ သူက မြေပုံစာရွက်ကို ဆွဲဖြဲလိုက်ခြင်းပင်။ သူ၏ စိတ်အတွင်း၌ မည်သည့်နေရာ ဒေသမဆို ပထဝီမြေပြင်သို့ လူတို့ ရောက်ရှိခြင်းမရှိသေးဟုပင် မှတ်ယူထား သည်။

သူ့ထံတွင် မြေပုံမရှိသောကြောင့် မြစ်ကို ဖြတ်၍ သွယ်တန်းထား သော စတီးလ်ကေဘယ်လ်ကြိုးရှိရာသို့လည်း သူ မရောက်နိုင်ခဲ့ပါ။ တက်က လန်နီကာမြစ်၏ ကြမ်းတမ်းသော ရေစီးကို လေ့လာပြီးနောက် အရှေ့ဘက် ကမ်းဆီသို့ ကူးဖြတ်ရန် မဖြစ်နိုင်ဟု သူက လွဲမှားစွာ ကောက်ချက်ဆွဲမိခဲ့ခြင်း ဖြစ်သည်။ သူ၏ လွတ်မြောက်ရာလမ်းကြောင်းမှာ ဖြတ်တောက်ခံထားရပြီဟု

တွေးတောလျက် ဘတ်စ်ကားရှိရာသို့ ပြန်လှည့်သွားခြင်းသည် မြေပုံ အသုံးပြုရန် လျစ်လျူရှုမှုနှင့်အညီ ကျိုးကြောင်းဆီလျော်သော လုပ်ရပ်ပင်ဖြစ်သည်။ သို့ရာ တွင် မည်သည့်အတွက်ကြောင့် ဘတ်စ်ကားပေါ်တွင် အစာအငတ်ခံ၍ နေထိုင် ခဲ့ပါသလဲ။ ဩဂုတ်လဝင်ချိန်တွင် မြစ်ကိုဖြတ်ကူးရန် မည်သည့်အတွက်ကြောင့် နောက်တစ်ကြိမ် ထပ်မံ၍ မကြိုးစားခဲ့ပါသလဲ။ ဩဂုတ်လအတွင်း မြစ်ရေစစ်သွားချိန်တွင် အန္တရာယ်တစ်စုံတစ်ရာမရှိဘဲ အလွယ်တကူ ဖြတ်ကူးနိုင်ပါလျက် နှင့် မည်သည့်အတွက်ကြောင့် ဖြတ်ကူးခြင်း မပြုခဲ့ပါသလဲ။

ထိုမေးခွန်းများက ပဟေဠိဆန်လှသည့်အပြင် တွေးကြည့်လေ စိတ်ဒုက္ခရောက်လေပင်။ သံချေးအထပ်ထပ် တက်နေပြီဖြစ်သော ဖဲဘန့်ခ်စ်အမှတ် ၁၄၂ ဘတ်စ်ကားပေါ်၌ ထိုမေးခွန်းများအတွက် သဲလွန်စရရှိနိုင်လိမ့်မည်ဟု စာရေးသူက မျှော်လင့်မိသည်။ သို့ရာတွင် ဘတ်စ်ကားဆီသို့ အရောက်သွား နိုင်ရေးအတွက် စာရေးသူကိုယ်တိုင်သည်လည်း မြစ်ကို ဖြတ်ကူးရန် လိုအပ်ပေ သည်။ အလူမီနီယမ်ခြင်းဖြင့် ပြုလုပ်ထားသော ကေဘယ်လ်တွဲမှာလည်း မြစ်၏ တစ်ဖက်ကမ်းတွင်ပင် သံကြိုးခတ် သိမ်းဆည်းထားလျက်ရှိသေးသည်။

စာရေးသူက အရှေ့ဘက်ကမ်းရှိ မျှော်စင်ထိပ်သို့ တက်ရောက်ပြီး တောင်တက်သမားများ အသုံးပြုသော ခါးသိုင်းကြိုးဖြင့် မိမိကိုယ်ကို ကေဘယ်လ်ကြိုးနှင့် တွဲချိတ်လိုက်သည်။ ကေဘယ်လ်ကြိုးအောက်တွင် ပက်လက် အနေအထားဖြင့် ကြိုးကို လက်တစ်ဖက်ချင်း ဆွဲကာ ခန္ဓာကိုယ်အား ကြိုးတစ်လျှောက် ရွေ့လျားစေသောစနစ်ဖြင့် မြစ်ကို ကူးဖြတ်ရန်ဖြစ်သည်။ ဤစနစ်ကို တောင်တက်သမားတို့က “တိုင်ရိုလီယန် ထရားဗာ့စ် (Tyrolean Traverse)ဟု ခေါ်ဆိုသည်။ လက်တွေ့ကူးဖြတ်ရာတွင် မျှော်လင့်ထားသည်ထက် ပို၍ အားစိုက်ရသည်ကို တွေ့ရသည်။ အရှေ့ဘက်ကမ်း မျှော်စင်ထက်မှ စတင်ထွက်ခွာလာပြီး မိနစ်နှစ်ဆယ်ကျော်ခန့်တွင် အနောက်ဘက်ကမ်းရှိ ကမူတစ်ခုအထက် ဆီသို့ ရောက်သည်။ အားကုန်အသုံးပြု၍ တွဲလွဲခို ရွေ့လျားလာခဲ့ရသဖြင့် ပင်ပန်းလွန်းလှသောကြောင့် လက်ကိုပင် မနည်း အားယူဆွဲမြှောက်နေရသည်။ အသက်တစ်ချက် ပြင်းပြင်းရှူကာ အလူမီနီယမ်ခြင်းပေါ်သို့ တွယ်တက်သည်။

အလူမီနီယမ်ခြင်းမှာ အလျားလေးပေ၊ အနံနှစ်ပေမျှသာရှိသည်။ ခြင်းကို ချည် နှောင်ထားသော သံကြိုးအား ဖြုတ်ပြီးနောက် အရှေ့ဘက်ကမ်းတွင် ကျန်ရစ်သော အဖော်များကို ပြန်လည်ခေါ်ယူရန် အလူမီနီယမ်ခြင်းစီး၍ မြစ်ကို ပြန်ကူးရသည်။

စတီးလ်ကေဘယ်လ်ကြိုးက မြစ်လယ်တွင် သိသိသာသာပင် အိုင့်နေ သည်။ ကမူထက်မှ ခြေကန်ထွက်လိုက်သည်နှင့် အလူမီနီယမ်ခြင်းက သူ၏ အလေးချိန်နှင့်ပင် ချက်ချင်းဆိုသလို အရှိန်ရလာသည်။ ကြိုးတန်း၏ အနိမ့်ဆုံး အမှတ်သို့ ရောက်ရှိသည်အထိ မြန်သထက်မြန်သော အရှိန်နှုန်းဖြင့် ရွေ့လျားနေ သည်။ ကေဘယ်လ်တွဲကို စီးရသည်မှာ ရင်ဖိုစရာပင် ကောင်းနေတော့သည်။

တဝေါဝေါအသံပေး၍ ရေမြှုပ်ဖွေးဖွေးထ,သည်အထိ ကြမ်းတမ်းစွာ စီးဆင်းနေ သော ရေပြင်ထက်မှ တစ်နာရီလျှင် မိုင်နှစ်ဆယ်၊ သုံးဆယ်ခန့်သော အရှိန်နှုန်း ဖြင့် ဖြတ်သန်းနေရခြင်းဖြစ်သည်။ အန္တရာယ်မကျရောက်နိုင်ကြောင်း ယုံကြည် လာပြီး ကိုယ့်စိတ်ကို ပြန်လည် တည်ငြိမ်စေခြင်းမရှိမီ ကြောက်စိတ်ကြောင့် အလိုအလျောက် ထွက်ပေါ်လာသော အော်သံတစ်ခုက လည်ချောင်းထဲမှ ခုန်ပေါက်ထွက်လာသည်ကို ကြားလိုက်မိသည်။ စာရေးသူတို့ လေးယောက် စလုံး အနောက်ဘက်ကမ်းသို့ ရောက်ရှိပြီး မိနစ်သုံးဆယ်ခန့် တောတိုးလမ်း လျှောက်မိသည်တွင် စတမ့်ပိဒ်ထရေးလ် တောလမ်းဆီသို့ ပြန်လည်ရောက်ရှိသည်။ စာရေးသူတို့၏ မော်တော်ယာဉ်များ ရပ်နားထားခဲ့ရာနေရာနှင့် တက်ကလန်နီကာမြစ် အရှေ့ဘက်ကမ်းအကြား ဆယ်မိုင်မျှရှိသော လမ်းပိုင်းမှာ ခက်ခဲကြမ်းတမ်းခြင်း မရှိ။ ခရီးသွားထူထပ်သည့် လမ်းအနေအထားမျိုးဖြစ်ပြီး အမှတ်အသားများစွာကိုလည်း တွေ့ရှိရသည်။ သို့ရာတွင် ရှေ့ဆက်ရမည့် ဆယ်မိုင်ခရီးသည်ကား ယခင်အနေအထားနှင့် လုံးဝဥဿုံ ကွဲပြားခြားနား ပေသည်။

အဘယ်ကြောင့်ဆိုသော် ဆောင်းရာသီနှင့် နွေရာသီလများ၌ တက်ကလန်နီကာမြစ်တစ်ဖက်ကမ်းသို့ ဖြတ်ကူးသွားလာသူ နည်းပါးလှသော ကြောင့်ပင်။ လမ်းကြောင်းတစ်လျှောက် များစွာသော နေရာတို့မှာ ထင်ထင်ရှား ရှားမရှိ။ ချုံနွယ်ပိတ်ပေါင်းများဖြင့် ပြည့်နှက်နေသည်။ မြစ်ကို ဖြတ်သန်းပြီး သွားချင်းမှာပင် စတမ့်ပိဒ်ထရေးလ်တောလမ်းက အနောက်တောင်ဘက်ဆီသို့ ကွေ့ဝိုက်သွားသည်။ ရေစီးမြန်သော ချောင်း၏ ကြမ်းခင်းအတိုင်း ဆန်တက် သည်။ ဖျံများက ချောင်းတစ်လျှောက်၌ ရေစီးကြောင်းကို ပိတ်ဆို့၍ တမံတုပ် ကာ ဆည်ကွန်ရက်သဖွယ် ဆောက်လုပ်ထားသောကြောင့် လမ်းကြောင်းကသုံးဧကခန့် ကျယ်ပြန့်သော ရေသေရေပြင်ပေါ်သို့ တိုက်ရိုက်ဖြတ်သန်းသည်။ ဖျံရေကန်များသည် ရင်ညွှန့်အနက်ထက် ကျော်လွန်လေ့မရှိကြသော်လည်း ရေက အေးမြလှသည်။ ရေအေးထဲသို့ တစွတ်စွတ်အသံပေး လျှောက်လှမ်းသွား ရာတွင် ချောင်းကြမ်းပြင်မှ အညစ်အကြေးများကို ရေတွင်နှောက်သကဲ့သို့ရှိပြီး အပုပ်အသိုး အညစ်အကြေးများဆီမှ အနံ့ဆိုးများ ထွက်လာခဲ့သည်။

စတမ့်ပိဒ်ထရေးလ် တောလမ်းသည် ချောင်း၏ အထက်ဘက်အကျ ဆုံးနေရာတွင်ရှိသော ဖျံရေကန်တစ်ခုကို ကျော်လွန်သွားပြီး တောင်ကုန်းတစ်ခု ပေါ်သို့ တက်သွားသည်။ ထို့နောက် ကျောက်ဆောင်ပေါ်များပြီး တွန့်လိမ်စီး ဆင်းနေသည့်ချောင်းနှင့် ပြန်ဆုံသည်။ ထိုမှတစ်ဆင့် ချူတောထူရာတောအုပ် - ဆီသို့ ပြန်ဆင်းသွားသည်။ လမ်းအတိုင်းသွားရသည်က အလွန်အကျွံ ခက်ခဲ ခြင်းမရှိသော်လည်း ရှုပ်ထွေးစွာ ပေါက်ရောက်နေသော ၁၅ ပေအမြင့်ရှိအော်လ်ဒါပင်များက တစ်ဖက်တစ်ချက်မှ ညှပ်ပူးညှပ်ပိတ် ပြုထားသည်မှာ ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေစေသည်ဖြစ်၍ အနေရအထိုင်ရ ခက်လှ သည့်အပြင် ပိတ်လှောင်ခံရသည့် ကြောက်ရွံ့စိတ်ပင်

ဖြစ်ပေါ်စေသည်။ ခြင်အုပ် ကြီးများက နွေးထွေးသောအပူချိန်တွင်ပင် အုံကျင်းဖွဲ့နေသည်။ ခြင်အုပ်ကြီး၏ တဝီဝီ အတောင်ပံခတ်သံများကို အဝေးဆီမှ မိနစ်အနည်းငယ်စီခြား၍ ထွက် ပေါ်လာသော မိုးခြိမ်းသံတို့က အစားထိုးနေရာယူလာသည်။ မိုးခြိမ်းသံတို့သည် မိုးကုပ်စက်ဝိုင်းဆီ၌ နောက်ခံပြုထားသော တိမ်တိုက်မည်းကြီးများထက်မှ ကျယ်လောင်သော အသံနက်ကြီးဖြင့် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဘတ်က်ဘရပ်ရှ်(Buckbrush) ချုံတောများအကြားမှ တိုးဝှေ့လျှောက် လှမ်းရသဖြင့် စာရေးသူ၏ ညို့သကျည်းများမှာ အစင်းအခြစ်များ၊ ပြတ်ရှဒဏ် ရာများရကာ သွေးများပင် ထွက်လာရသည်။ ဝက်ဝံချေးများက တောလမ်းတစ် လျှောက် အပုံလိုက်၊ အပုံလိုက်ရှိနေသည်။ လမ်းတစ်နေရာ၌ လတ်လတ်ဆတ် ဆတ် ခြေရာများပင် တွေ့လိုက်ရသဖြင့် စာရေးသူမှာ ခေါင်းနပမ်းများပင် ကြီးသွားရသည်။ တစ်ဝက်တစ်ပျက်မျှသာ ထင်နေသော ခြေရာတို့က နံပါတ် ၉ ဖိနပ်အရွယ်အစားခန့် ရှိသည်။ စာရေးသူတို့တွင် မည်သူ့ထံမျှ သေနတ်မပါ။ “ဟေး- ဂရစ်ဇ်”။ စာရေးသူက ခပ်အုပ်အုပ်အသံဖြင့် လှမ်းအော်သည်။ အတူ ပါလာသည့် အဖော်များကို အထိတ်တလန့်မဖြစ်စေလိုပါ။ “ဟေး- ခုလေးတင် ဝက်ဝံတစ်ကောင် ဖြတ်သွားပုံရတယ်။ စိတ်အနှောင့်အယှက်ဖြစ်မသွားကြနဲ့ဦး”

စာရေးသူသည် လွန်ခဲ့သော အနှစ် နှစ်ဆယ်ခန့်အတွင်း အလာစကာ ပြည်နယ်သို့ အကြိမ်နှစ်ဆယ်မျှ ရောက်ခဲ့ဖူးသူဖြစ်သည်။ တောင်တက်ခရီးသွားခြင်း၊ လက်သမားအလုပ် သွားလုပ်ခြင်းတို့သာမက စီးပွားဖြစ် ဆယ်လ်မွန်ငါး ဖမ်းသမားတစ်ယောက်အဖြစ်လည်းကောင်း၊ သတင်းသမားတစ်ဦးအဖြစ်လည်း ကောင်း တောတိုးရင်း အချိန်ဖြုန်း လှည့်လည်သွားလာခဲ့ဖူးသည်။ ဤဒေသ အတွင်း စာရေးသူတစ်ဦးတည်း ခရီးအကြိမ်ကြိမ် ထွက်ခဲ့စဉ်တစ်လျှောက် ပျော်ရွှင်ခဲ့ရသည်ချည်းပင်။ စင်စစ်တွင် ဘတ်စ်ကားဆီသို့ သွားမည့် ဤခရီး ကို စာရေးသူတစ်ယောက်တည်းသွားရန် ရည်ရွယ်ခဲ့ပါသည်။ သူငယ်ချင်း ရိုမန်နှင့်အတူ အခြားသူနှစ်ဦးပါ လိုက်ပါလိုသည်ဆိုသည့်အခါ စိတ်ပျက်မိခဲ့ ရသည်။ သို့သော်လည်း ယခုအချိန်၌မူ အဖော်များ လိုက်ပါလာသည်ကိုပင် ကျေးဇူးတင်နေရပေသည်။ အမှောင်လွှမ်းသော ဂေါ်သေ့ခေတ်အလား သစ်ပင် သစ်တောများအတိဖြင့် ပိတ်ဖုံးနေသည့် ဤဒေသ၏ ရေမြေရှုခင်းအကြောင်းနှင့် စပ်လျဉ်း၍ လူ၏စိတ်ကို မတည်မငြိမ်ဖြစ်စေသည့် တစ်စုံတစ်ခုသော အကြောင်းအရာတစ် ရပ်ရှိနေသည်။ ထိုတစ်စုံတစ်ခုသော အရာက အလာ စကာပြည်နယ်အတွင်း စာရေးသူသိရှိသမျှ ဤနေရာထက် ပိုမိုဝေးလံသီခေါင် သော နေရာများဖြစ်ကြသည့် ဘရွတ်ခ်(စ)တောင်တန်း(Brooks Range)၏ စိမ့်မြေများ ဖုံးလွှမ်းသော တောင်ကုန်းတောင်စောင်းများ၊ အလက်ဇန္ဒား ကျွန်းစု (Alexander Archipelago)မှ သစ်တောအုပ်များနှင့် ရေပင်ခဲသည်အထိအေးမြသော လေပြင်းများ တိုက်ခတ်နေသည့် ဒဲန်နာလီတောင်(Denali)တို့ဆီသို့ ရောက်ရှိနေသည်ထက်ပင်

အရိုင်းဆန်သည့် ရုန့်ရင်းကြမ်းတမ်းသောစိတ်ကို ပို၍ ခံစားမိစေသည်။ ဤခရီးစဉ်ကို တစ်ကိုယ်တည်း မလာခဲ့မိခြင်းအတွက် စာရေးသူမှာ ဝမ်းမြောက်ဝမ်းသာဖြစ်မိရသည်။

ညကိုးနာရီအချိန်တွင် တောလမ်းကွေ့တစ်ခုအတိုင်း ပတ်လျှောက်သွားပြီးနောက် ကွက်လပ်ငယ်တစ်ခု၏ အစွန်းတွင် ရပ်တန့်ထားသည့် ဘတ်စ်ကားကို မြင်တွေ့ရတော့သည်။ မိုးမခပင်အရွက်နှင့် ဆင်ဆင်တူသော ပန်းရောင်အဆင်းရှိ ဖိုင်းယားဝိဒ်(Fireweed)နွယ်ပင်တို့က ဘတ်စ်ကား၏ ဘီးများကို ရစ်ပတ်နွယ်တက်ကာ ဝင်ရိုးထက်မြင့်သည်အထိပင် ရှင်သန်ပေါက်ရောက်နေကြသည်။ ဖဲဘန့်ခ်စ် အမှတ် ၁၄၂ ဘတ်စ်ကားကို ပေါ့ပလာပင်များ ခုတ်ထွင်ရှင်းလင်းထားရာ နံဘေးတွင် ရပ်ထားခြင်းဖြစ်သည်။ ထိုကွက်လပ်မှာ ခပ်ပြေ ပြေရှိသော ချောက်ကမ်းပါးတစ်ခုနှင့် ဆယ်ကိုက်မျှသာ ကွာဝေးသည်။ ချောက်ကမ်းပါးထက်မှကြည့်ပါက ဆူရှားနားမြစ်နှင့် ယင်း၏ လက်တက်ငယ်တစ်စင်းကို အပေါ်စီးမှ မြင်နေရပေသည်။ မြင်ကွင်းက အလင်းရောင်လုံလောက်စွာရှိသည့်အပြင် အတားအဆီးမရှိသော မြင်ကွင်းဖြစ်သဖြင့် ဆွဲဆောင်မှုအားကောင်းလှသည်။ ဤနေရာတွင် အခြေစိုက်စခန်းချရန် မက်ကန်းဒလက်စ် ရွေးချယ်ခဲ့သည့် အကြောင်းရင်းကို အလွယ်တကူပင် သိရှိနားလည်မိသည်။

စာရေးသူတို့အဖွဲ့က ဘတ်စ်ကားနှင့် ခပ်လှမ်းလှမ်းတစ်နေရာတွင် ရပ်ကာ အဝေးမှ အသံတိတ်စူးစိုက်ကြည့်မိသည်။ ကားကိုယ်ထည်ပေါ်မှ ဆေးသားများက ဖြူဖပ်ဖြူရော်နှင့် အရောင်အဆင်းမရှိသည့်အပြင် ကွာကျ သည်တို့က ကွာကျနေပေပြီ။ ပြတင်းပေါက်အများအပြားက မရှိတော့ချေ။ ကွက်လပ်အတွင်းရှိ ဘတ်စ်ကားအနီးဝန်းကျင်တွင် ရာနှင့်ချီသော အရိုးအစ အနများ၊ ထောင်ချီ၍ရှိသော ဖြူဆူးတောင်များက တပြန့်တကျဲ။ မက်ကန်း ဒလက်စ်၏ ရိက္ခာအတွက် အမဲလိုက်၍ ရရှိခဲ့သော သားကောင်တို့၏ အကြွင်း အကျန်များပင်ဖြစ်သည်။ အရိုးအစအနများ ပြည့်နှက်နေသော နေရာအနီးတွင် ကြီးမားသော အရိုးစုတစ်ခုကို တွေ့ရသည်။ ထိုအရိုးစုမှာ မက်ကန်းဒလက်စ် ပစ်ခတ်ခဲ့ပြီးမှ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်စေခဲ့သော ဆတ်တစ်ကောင်၏ အရိုးစုပင်။ ဂေါ်ဒွန်ဆာမဲလ်(Gordon Samel)နှင့် ကဲန်သော်မဆင်(Ken Thomp-son)တို့အား မက်ကန်းဒလက်စ်၏ ရုပ်အလောင်းကို ယင်းတို့ တွေ့ရှိပြီးချင်းဆို သလိုပင် စာရေးသူတွေ့ဆုံမေးမြန်းခဲ့စဉ်က အဆိုပါ အရိုးစုကြီးမှာ ကာရီဗျူး (Caribou)ခေါ် သမင်ကြီးမျိုး၏ အရိုးစုဖြစ်ကြောင်း နှစ်ဦးစလုံးက တညီတညာ တည်း အခိုင်အမာ ပြောဆိုကြသည်။ တောပစ်အတွေ့အကြုံ မရှိသေးသော မက်ကန်းဒလက်စ်က ဆတ်တစ်ကောင်ကို ပစ်ခတ်ခဲ့သည်ဟု မှားယွင်းခဲ့ပုံကို လည်း သူတို့နှစ်ဦးက ရယ်သွမ်းသွေးကြသည်။ "ဝံပုလွေတွေ ဝင်စားသွားပြီး အရိုးတွေ ပြန့်ကျဲကုန်တာ"။ သော်မဆင်က ပြောပြလာသည်။ "ဒါပေမဲ့ ဒီအရိုးစု ကြီးကတော့ ကာရီဗျူး

သမင်ကြီးမျိုးဆိုတာ သေချာပါတယ်။ ကောင်လေးက သူ့ဘာသာ ဘာကိုပစ်လို့ ပစ်မိမှန်း မသိတာနေမှာပါ”။

“ဒီအရိုးစုက ကာရီဗျူးသမင်ကြီးမျိုးရဲ့ အရိုးစုဆိုတာ အသေအချာပဲ”။ ဆာမဲလ်ကလည်း မက်ကန်းဒလက်စ်အပေါ် အထင်သေးဟန်ဖြင့် ဝင်ပြောလာသည်။ “ဆတ်တစ်ကောင်ကို ပစ်လိုက်တာလို့ သူ့အထင်နဲ့ ရေးထားတဲ့ စာကို ဖတ်ရတော့ သူက အလာစကာနယ်သား မဟုတ်ဘူးဆိုတာ သိလိုက်တယ်။ ဆတ်နဲ့ ကာရီဗျူးသမင်က တော်တော်ကြီးကို မတူတာလေ။ မတူတာမှ တကယ်ကို မတူတာ။ တော်တော်လေး အသိဉာဏ်နည်းတဲ့လူမှပဲ။ ဆတ်နဲ့ ကာရီဗျူးကို ခွဲမပြောတတ်မှာ”။

ဆတ်နှင့် ကာရီဗျူး အမြောက်အမြားကို အမဲလိုက်ပစ်ခတ်ခဲ့ဖူးသည့် အတွေ့အကြုံရှိသော အလာစကာဒေသခံ ဝါရင့်မုဆိုးနှစ်ဦးဖြစ်သည့် ဆာမဲလ်နှင့် သော်မဆင်တို့၏ ပြောစကားကို ယုံကြည်ကာ သည်အောက်ဆိုဒ်မဂ္ဂဇင်း တွင် စာရေးသူ ရေးသားသော ဆောင်းပါး၌ မက်ကန်းဒလက်စ်၏ မှားယွင်း မှုကို ထည့်သွင်းဖော်ပြခဲ့သည်။ ထိုဆောင်းပါးအပေါ် တုံ့ပြန်ရေးသားလာသော စာဖတ်သူ အများအပြားက လူသူအရောက်အပေါက်မရှိသည့် တောကြီးကန္တာ အတွင်းသို့ တစ်ကိုယ်တည်း ခရီးထွက်သည့် မက်ကန်းဒလက်စ်၏ လုပ်ရပ်ကို အခြေအမြစ်မရှိသော ရူးနှမ်းသည့် လုပ်ရပ်အဖြစ် ဝေဖန်ကြပြီး ယင်းတို့၏ ရေးသားချက်များအရ မက်ကန်းဒလက်စ်၏ သားကောင် အမှတ်မှားမှုကိုလည်း အတည်ပြုနိုင်ခဲ့သည်။ မက်ကန်းဒလက်စ်သည် သူ၏ မိုက်မဲသော လုပ်ရပ် ကြောင့် အသက်သေဆုံးခဲ့ရသည့်အပြင် အလာစကာဒေသခံ သတင်းထောက် တစ်ဦးကလည်း “သူ့ရဲ့ ကိုယ်ပိုင်ဟန်နဲ့ စွန့်စားခန်းဟာ သနားစရာနည်းနည်း လေးမှ မကောင်းဘူး။ ဟီလီမြို့နဲ့ မိုင်နည်းနည်းလောက်ပဲ ဝေးတဲ့နေရာက ဘတ်စ်ကားအပျက်ကြီးတစ်စင်းပေါ် ငုတ်တုတ်ထိုင်ပြီး ငှက်တွေ၊ ရှဉ့်တွေကို ပစ်ခတ်၊ (မှားဖို့ရာ ခဲယဉ်းလှတဲ့)ကာရီဗျူးသမင်ကိုတောင် ဆတ်နဲ့မှားလို မှား၊ ဒီလိုလူအတွက် ပြောစရာရှိတဲ့ စကားက တစ်ခွန်းပဲရှိတယ်။ အရည် အချင်းမပြည့်မီဘူး ဆိုတာပဲ”ဟု ဝေဖန်ပြောကြားခဲ့သည်။

စာရေးသူ လက်ခံရရှိသမျှသော မက်ကန်းဒလက်စ်အား အပြင်း အထန် ဝေဖန်ပုတ်ခတ် ရေးသားသည့်စာများ အားလုံးတွင် ကာရီဗျူးသမင်အား ဆတ်အဖြစ် ထင်မှတ်မှားခြင်းကို သက်သေပြု၍ မက်ကန်းဒလက်စ်သည် တောကြီးကန္တာအတွင်း ရှင်သန်နေထိုင်ရေးအတွက် ပထမဆုံး သိရှိထားရမည့် အချက်ကိုပင် သိရှိသူမဟုတ်ကြောင်း ရေးသားဖော်ပြကြသည်။ သို့ရာတွင် ထိုသို့ ဒေါသတကြီး ဝေဖန်ပုတ်ခတ်ရေးသားသူများ မသိရှိသည့် အချက်မှာ မက်ကန်းဒလက်စ် ပစ်ခတ်ခဲ့သော ခြေထောက်တွင် ခွာပါသည့် နို့တိုက်သတ္တဝါ သည် သူ၏မှတ်တမ်းတွင် ဖော်ပြခဲ့သည့်အတိုင်း ဆတ်တစ်ကောင်ဖြစ်နေခြင်း ပင်။ အောက်ဆိုဒ်မဂ္ဂဇင်းတွင် စာရေးသူ ရေးသားဖော်ပြခဲ့သည်နှင့် ဆန့်ကျင် ကွဲလွဲစွာပင်

ထိုသားကောင်သည် ဆတ်တစ်ကောင်ဖြစ်နေကြောင်းကို ယင်း၏ ကြွင်းကျန်ရစ်သော အရိုးစုအား အနီးကပ်စစ်ဆေးခြင်းဖြင့် သိရှိခဲ့ရသည့်အပြင် သားကောင်နှင့်အတူ တွဲ၍ ရိုက်ကူးခဲ့သော မက်ကန်းဒလက်စ်၏ ဓာတ်ပုံများ က သံသယအားလုံးကို ပြေပျောက်စေခဲ့သည်။ သူသည် စတမ့်ပိဒ်ထရေးလ် တောလမ်းထက်တွင် အမှားအယွင်းအချို့ ပြုလုပ်ခဲ့သော်လည်း ထိုအမှားများထဲ တွင် ကာရီဗျူးသမင်ကို ဆတ်အဖြစ် ထင်မှတ်မှားခြင်း မပါဝင်ခဲ့ပါ။

ဆတ်အရိုးစုများကို ဖြတ်ကျော်ပြီး ဘတ်စ်ကားဆီသို့ ချဉ်းကပ်သွားသည့် စာရေးသူက နောက်ဘက်ရှိ အရေးပေါ်ထွက်ပေါက် လှေကားများမှ တစ်ဆင့် ကားအတွင်းသို့ ဝင်လိုက်သည်။ တံခါးပေါက်ဝသို့ ဖြတ်ဝင်လိုက် သည်နှင့် ဦးစွာတွေ့ရှိရသည်ကား အစွန်းအထင်းများ စွဲထင်နေပြီး ပျက်စီးစုတ် ပြဲနေပြီဖြစ်သော မွေ့ရာတစ်ချပ်ဖြစ်သည်။ မက်ကန်းဒလက်စ်သည် ထိုမွေ့ရာ ထက်တွင် သေဆုံးခဲ့ခြင်းဖြစ်သည်။ အကြောင်းရင်း မည်မည်ရရ မရှိသော် လည်း မွေ့ရာအစင်းကြားထက်တွင် ပြန့်ကျဲတွေ့ရှိနေရသော မက်ကန်းဒလက်စ် ၏ ပစ္စည်းများကို ကြည့်ရှုရန် နောက်သို့ အနည်းငယ် ဆုတ်လိုက်သည်။ အစိမ်းရောင်ပလတ်စတစ် ရေဘူးတစ်လုံး၊ ရေသန့်ဆေးပြားထည့်သည့် ပုလင်း ငယ်တစ်လုံး၊ နှုတ်ခမ်းခြောက်သွေ့ ကွဲအက်ခြင်းမဖြစ်စေရန် နှုတ်ခမ်းနီသဖွယ် အသုံးပြုရသော ချက်ပ်စတစ်ခ်(Chap Stick) အဆီတောင့်တစ်တောင့်၊ အသုံး မလိုသော စစ်တပ်သုံး အဝတ်အစားများရောင်းသည့် စတိုးဆိုင်မှ ဝယ်ယူလာ သည့် လေသူရဲဝတ် ရေလုံဘောင်းဘီတစ်ထည်၊ "အို.. ဂျေရုဆလင်"(o Jerusalem!) အမည်ရ ရောင်းအားကောင်းစာရင်းဝင် အဖုံးပျော့စာအုပ်တစ်အုပ် (စာအုပ်အနှောင့်က စုတ်ပြဲနေပေပြီ)၊ မီးဖိုဆောင်သုံး လက်အိတ်တစ်စုံ၊ အင်း ဆက်ပိုးမွှားမကိုက်စေရန် လိမ်းရသည့် မတ်စ်ကောလ်(Muskol) တံဆိပ်ဆေး ပုလင်းတစ်လုံး၊ ဘူးတစ်လုံးစာ အပြည့်ပါရှိသည့် မီးခြစ်ဆံများ၊ အနက်ရောင် ခပ်မှိန်မှိန် မင်ရောင်ဖြင့် လည်တိုင်ထိပ်ဖျားတွင် ကန့်လန့်ဖြတ်လျက် "ဂယ်လီ ယန်"ဆိုသော အမည်ကို ရေးသားထားသည့် အညိုရောင် ရော်ဘာတောစီး ဖိနပ်တစ်ရန်တို့ကို တွေ့ရသည်။

ကားပြတင်းပေါက်များ မရှိတော့ပြီဖြစ်သော်လည်း လိုဏ်ဂူတစ်ခု သဖွယ်ရှိသော ဘတ်စ်ကားအတွင်းမှ လေသည် အောက်သိုးသိုးအနံ့ ထွက်နေ သည်။ "အလိုလေး..."။ ရိုမန်က မှတ်ချက်ပေးလာသည်။ "ဒီအထဲမှာ ငှက် အသေကောင်တွေ ရှိနေသလိုပဲ၊ အနံ့တွေက ဆိုးလိုက်တာ"။ ခဏကြာသော် ထိုအနံ့ဆိုး ထွက်ပေါ်သည့်နေရာကို စာရေးသူ တွေ့လိုက်ရသည်။ ငှက်တောင် များ၊ ငှက်မွေးနုများနှင့် ငှက်မျိုးစုံတို့ထံမှ ခုတ်ဖြတ်ယူထားသော တောင်ပံများ အပြည့်အသိပ်ထည့်ထားသည့် ပလတ်စတစ် အမှိုက်အိတ်မှ အနံ့ဆိုးများ ထွက် နေခြင်းပင်။ မက်ကန်းဒလက်စ်က ယင်းတို့ကို အသုံးပြု၍ အဝတ်အစားချုပ် လုပ်ရန်၊ ငှက်မွေးခေါင်းအုံးပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် သိမ်းဆည်းထားဟန် ရှိပေသည်။

ဘတ်စ်ကား၏ အရှေ့ပိုင်း၌ မက်ကန်းဒလက်စ်၏ အိုးနှင့် ပန်းကန်ပြားများကို ရေနံဆီ မီးခွက်နံဘေးရှိ လက်ဖြစ်သုံးထပ်သားစားပွဲထက်တွင်ဆင့်ထားသည်ကို တွေ့ရသည်။ အင်္ဂလိပ်အက္ခရာဖြင့် R.I' ဟု အမည်အတို ကောက်တစ်ခုကို ကျွမ်းကျင်သပ်ရပ်စွာ ရေးထိုးထားသည့် သားရေဖြင့် ပြုလုပ် ထားသော ခါးအိမ်တစ်ခုလည်း ရှိသည်။ အဆိုပါ ခါးအိမ်မှာ မိတ်ဆွေဖြစ်သူ ရော်နယ်လ်ဖရန့်ဇ်က ဆယ်လ်တန်မြို့မှ မက်ကန်းဒလက်စ် ထွက်ခွာစဉ် လက် ဆောင်အဖြစ် ပေးအပ်ခဲ့သော တောရှင်းခါးထည့်သည့် ခါးအိမ်ဖြစ်သည်။

မက်ကန်းဒလက်စ်၏ အပြာရောင် သွားတိုက်တံက တစ်ဝက်ခန့်သာ ကျန်သော ကိုးလ်ဂိတ်(Colgate) သွားတိုက်ဆေးဘူးနှင့် ကပ်လျက်ရှိသည်။ သွားကြားသန့်ရှင်းရေး ပြုလုပ်သည့် ချည်ကြိုးတစ်ထုပ်လည်း ရှိသည်။ ထို့အပြင် အံသွားအစွပ်တစ်ခုကိုလည်း တွေ့ရသည်။ ထိုအံသွားအစွပ်သည် သီတင်း သုံးပတ်မျှ ယာယီခိုအောင်းစဉ် ကျွတ်ထွက်သွားခြင်းဖြစ်ကြောင်း သူ၏ ဂျာနယ် မှတ်တမ်းများအရ သိရှိရသည်။ အံသွားအစွပ်နှင့် လက်မအနည်းငယ်ခန့်သာ ကွာသောနေရာတွင် ဖရဲသီးတစ်လုံးအရွယ်မျှရှိသည့် ဦးခေါင်းခွံတစ်လုံးရှိသည်။ နေစားသဖြင့် အရောင်လွင့်နေပြီဖြစ်သော မေးရိုးထက်မှ တုတ်ခိုင်သော ဆင်စွယ်ရောင် အစွယ်များက ရှေ့သို့ ငေါ်ထွက်နေသည်။ ဦးခေါင်းခွံမှာ ဝက်ဝံတစ်ကောင်၏ ဦးခေါင်းခွံဖြစ်ပြီး ဤနေရာသို့ မက်ကန်းဒလက်စ် မရောက်ရှိမီ နှစ်ပေါင်းများစွာ အလျှင်က လာရောက်ခဲ့သူ တစ်စုံတစ်ဦးက ပစ်ခတ်ခဲ့သည့် ဝက်ဝံတစ်ကောင်၏ ဦးခေါင်းခွံဖြစ်ဟန်ရှိသည်။ ဦးခေါင်းခွံထက်မှ ကျည်ဆန်အပေါက်ကို လက်သည်းကွင်းခတ်သည့်နှယ် ရေးသားထားသော ခရစ္စ၏ သပ်ရပ်သော လက်ရေးစာတန်းတစ်ခုကို တွေ့ရသည်။ "ကျွန်ုပ်တို့ အားလုံး၏ နှလုံးဝိညာဉ်အတွင်းမှ အရိုင်းစိတ်ဖြစ်သော ဝက်ဝံတစ္ဆေကို ဂုဏ်ပြုချီးမြှောက်ကြလေ့။ အလက်ဇန္ဒားစူပါထရမ့်ပ်။ မေလ၊ ၁၉၉၂ ခုနှစ်"။

မော်တော်ယာဉ်ကို စွန့်ပစ်ထားခဲ့သည့် နှစ်များအတွင်း အလည် အပတ်ရောက်ရှိလာသည့် များစွာသော ခရီးသွားတို့က ရေးခြစ်ထားခဲ့သည့် စာနှင့်ပုံများက မော်တော်ယာဉ်ကိုယ်ထည် သံပြားထက်တွင် ဖုံးလွှမ်းနေရာယူ ထားသည်ကို စာရေးသူ သတိပြုမိသည်။ အလာစကာ တောင်တန်းဒေသဘက် သို့ လွန်ခဲ့သော လေးနှစ်ခန့်က ခရီးထွက်ခဲ့စဉ် ဤဘတ်စ်ကားတွင် ခေတ္တ တည်းခိုရင်း သူကိုယ်တိုင် အမှတ်တရရေးခြစ်ခဲ့သည့် စာတန်းတစ်ခုကို ရိုမန်က ပြလာသည်။ "ကလာ့ခ်ရေကန်(Lake Clark)သွား၊ ခေါက်ဆွဲစားသူများ၏ ခရီးတစ်ထောက်၊ ၈/၉၃"ဟု သူက ရေးထိုးခဲ့ခြင်းဖြစ်သည်။ ရိုမန်ကဲ့သို့ပင် အချို့သော ခရီးသွားတို့ကလည်း ယင်းတို့၏ အမည်နှင့် နေ့စွဲသာမက အမှတ် တရ အကြောင်းအရာတို့ကို ရေးသားထားကြသည်။ ယင်းတို့အနက်မှ အရှည်လျားဆုံး၊ အရေးအသားအကောင်းဆုံးမှာ မက်ကန်းဒလက်စ်ရေးသားခဲ့သည့် များစွာသော

အမှတ်တရစာကြောင်းများထဲမှ တစ်ခုဖြစ်သည်။ မက်ကန်း ဒလက်စ်က သူ၏ ပျော်ရွှင်ချမ်းမြေ့မှုကို ရေးသားဖော်ပြရာ၌ သူအကြိုက်ဆုံး သီချင်းဖြစ်သော အဆိုတော် ရော်ဂျာမစ်လာ(Roger Miller)၏ သီချင်းဖြင့် အစပြုရေးသားခဲ့သည်။

“သူသည် မြေကမ္ဘာတွင် နှစ်နှစ်တိုင်တိုင် လမ်းလျှောက်လှည့်လည် သည်။ ဖုန်းမရှိ၊ ငွေမရှိ၊ အိမ်မွေးတိရစ္ဆာန်မရှိ၊ စီးကရက်မရှိ။ အဆုံးစွန်သော လွတ်လပ်မှုပင်။ သူသည် အစွန်းရောက်တစ်ယောက်ဖြစ်သည်။ လမ်းများကို အိမ်လုပ်၍ သွားလာနေသော ရသခရီးသွားတစ်ဦး...”။

မက်ကန်းဒလက်စ် ရေးသားထားသော ကြေညာချက်စာတမ်း အောက်တွင် သံချေးတက် စည်ပိုင်းတစ်လုံးဖြင့် ပြုလုပ်ထားသော မီးဖိုတစ်လုံးရှိသည်။ အလျား ၁၂ ပေမျှရှိသော ထင်းရှူးပင်စည်တစ်လုံးကို မီးဖို၏ အပေါက် ထဲသို့ ထိုးထည့်ထားသည်။ ထင်းရှူးပင်စည်လုံးပေါ်တွင် လီဗိုင်းစ်(Levi's) ဂျင်းဘောင်း ဘီအစုတ် နှစ်ထည်ကို ကန့်လန့်ဖြတ်လွှားကာ အခြောက်လှန်းထား သည်။ ဂျင်းဘောင်းဘီတစ်ထည်က ခါးဆိုက် သုံးဆယ်၊ ခြေတံ သုံးဆယ့် နှစ်လက်မရှိ ပြီး စုတ်ပြဲနေသော နေရာကို ငွေရောင်တိပ်ဖြင့် ဖြစ်ကတတ်ဆန်း ဖာထေးထားသည်။ အခြားတစ်ထည်မှာမူ ဒူးခေါင်းနှင့် တင်ပါးနေရာများရှိအပေါက်များကို အိပ်ရာခင်းဖြတ်စများဖြင့် ဂရုတစိုက် ဖာထေးထားသည်။ ဒုတိယ ဘောင်းဘီတွင် စောင်တစ်ထည်မှ ညှပ်ယူထားသော အစဖြင့် ခါးပတ် ပြုလုပ် တပ်ဆင်ထားသည်။ တဖြည်းဖြည်း ပိန်ချုံးလာသော မက်ကန်းဒလက်စ် သည် ခါးချောင်လာသော ဘောင်းဘီကို မြဲမြဲမြံမြံ ရှိစေရန် ခါးပတ်တစ်ချောင်း လိုအပ်လာခြင်းဖြစ်မည်ဟု စာရေးသူ့စိတ်တွင် မှန်းဆမိသည်။

မီးဖိုနှင့် မျက်စောင်းထိုးတွင်ရှိသော စတီးလ်ကွပ်ပျစ်တစ်လုံးအထက် တွင် ထိုင်နေရင်း ထူးခြားဆန်းကြယ်လှသော သက်မဲ့ပစ္စည်းများကို ကြည့်ကာ အတွေးနက်နေမိသည်။ စာရေးသူ၏ မြင်ကွင်းကျရောက်သမျှ နေရာတိုင်းတွင် မက်ကန်းဒလက်စ် ရှိနေသည်။ အရိပ်အယောင်များကို မြင်တွေ့နေရသည်။ သည်နေရာတွင် သူ၏ ခြေသည်းညှပ်၊ အခြားတစ်ဖက်သို့ ကြည့်လိုက်ပါက ရှေ့ခန်း ပြတင်းပေါက်တွင် လွှားထားသော သူ၏ အစိမ်းရောင် နိုင်လွန်သား ယာယီတဲကို မြင်တွေ့နေရသည်။ သူ၏ ကေမတ်(Kmart)တံဆိပ် တောင်တက် ဖိနပ်ကို မီးဖိုအောက်နားတွင် သပ်သပ်ရပ်ရပ် နေရာချထားသည်မှာ မကြာမီပင် ဖိနပ်ကြိုးချည်နှောင်၍ တောလမ်းပေါ်သို့ လမ်းလျှောက်ထွက်တော့မည့်အလား။

စာရေးသူ၏ စိတ်တွင်း မအီမသာ ဖြစ်လာသည်။ မက်ကန်းဒလက်စ် မရှိခိုက် သူ၏ အိပ်ခန်းအတွင်းသို့ ခိုးဝင်ကာ ချောင်းမြောင်းကြည့်ရှုသူတစ်ယောက် အလား စိတ်ထဲတွင် ခံစားမိလာသောကြောင့်ပင်။ ရုတ်တရက်ပင် ပျို့အန်ချင် စိတ် ဖြစ်လာသဖြင့် ဘတ်စ်ကားထဲမှ ဒယိမ်းဒယိုင်ဖြင့် တိုးထွက်ကာ မြစ်ကမ်း ဘေးသို့ လမ်းလျှောက်ပြီး လတ်ဆတ်သော လေကို အားပါးတရ ရှူသွင်းလိုက် ရသည်။

ထို့နောက် တစ်နာရီခန့်ကြာသော် ဘတ်စ်ကားအပြင်ဘက် တစ်နေရာ ၌

မေးမှိန်မှိန် အလင်းရောင်အောက်တွင် မီးပုံတစ်ပုံ ဖိုလိုက်သည်။ ရုတ်တရက် ဖြတ်တိုက်လာသော မိုးသက်လေပြင်း ဖြတ်ကျော်သွားပြီးနောက် ပတ်ဝန်းကျင် လေထုထဲရှိ မြူမှုန်များ လွင့်ပါးသွားကာ အဝေးဆီမှ နောက်ခံအလင်းရောင် အောက်တွင် ပေါ်လာသော တောင်ကုန်းများကို အသေးစိတ် ရှင်းလင်းပီသစွာ မြင်တွေ့ရသည်။ အနောက်မြောက်ဘက်ရှိ မိုးကုပ်စက်ဝိုင်းဆီမှ တိမ်တိုက်တစ်ခု ၏ အောက်ခြေတွင် ကောင်းကင်ကြီးက အပူရှိန်ဖြင့် အလျှံတညီးညီး တောက် လောင်နေသည်သို့ ရှိသည်။ ရိုမန်က ပြီးခဲ့သည့်နှစ်အတွင်း အလာစကာတောင် တန်းဒေသတွင် ပစ်ခတ်ရရှိခဲ့သော ဆတ်သားကို အထုပ်ထဲမှ ဖြေကာ ထုတ်ယူ ပြီး မီးပုံပေါ်ရှိ မည်းတူးနေသော သံဆန်ခါကွက်ပေါ်သို့ ကန့်လန့်ဖြတ်ခင်းထား လိုက်သည်။ ထိုသံဆန်ခါကွက်မှာ မက်ကန်းဒလက်စ်က သူ၏ သားကောင် များကို မီးကင်ရာတွင် အသုံးပြုသည့် သံဆန်ခါကွက်ဖြစ်သည်။ ဆတ်သားမှ အဆီများက စီးထွက်လာကာ မီးကျီးခဲပေါ်သို့ ကျသဖြင့် တရှဲရှဲအသံမြည်လာ သည်။ အရိုး၊ အရွတ်များသော ဆတ်သား မီးကင်ကို လက်ဖြင့် ကိုင်၍ စား ရင်း အနီးသို့ ဝဲပျံလာသည့် ခြင်များကို တဖျပ်ဖျပ်ရိုက်ကာ စာရေးသူတို့ တစ်ကြိမ်မျှ တွေ့ဆုံဖူးခြင်းမရှိသော ထူးခြားသည့်လူအကြောင်းကို ပြောနေမိကြ သည်။ စိတ်မချမ်းမြေ့ဖွယ်အခြေအနေနှင့် မက်ကန်းဒလက်စ် ကြုံတွေ့လာရပုံ ကို တွေးတောပုံဖော်ရန် ကြိုးစားကြရင်းမှာပင် ဤနေရာဒေသ၌ သူ၏ သေဆုံး မှုအတွက် အချို့သော သူတို့က သူ့အပေါ် ခါးခါးသီးသီးပင် စက်ဆုပ် အထင် အမြင်သေးကြရသည့် အကြောင်းရင်းကို နားလည်နိုင်ရန်လည်း ကြိုးစားကြည့်ခဲ့ ကြသည်။

မက်ကန်းဒလက်စ်က တောကြီးကန္တာအတွင်းသို့ ပြည့်စုံလုံလောက် သော စားရေရိက္ခာမပါရှိဘဲ ဝင်ရောက်ရန် ပုံစံချ စီစဉ်ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ဤခရီးအတွက် အလာစကာဒေသခံများပင် မရှိမဖြစ် ယူဆောင်ကြရသော ကျည်အားကောင်းသည့် ရိုင်ဖယ်သေနတ်တစ်လက်၊ လမ်းပြမြေပုံနှင့် သံလိုက်အိမ်မြှောင်၊ ပုဆိန် စသည့် လက်နက်ကိရိယာများကို မက်ကန်းဒလက်စ်က ယူဆောင်လာခြင်းမရှိ။ ထိုအချက်က သူ၏ မိုက်မဲမှုကိုသာမက မိမိကိုယ်ကို အထင်ကြီးလွန်းသည့်စိတ် ထားရှိနေပုံကိုလည်း ပြဆိုသည်။ အချို့သော ဝေဖန် သူတို့က မက်ကန်းဒလက်စ်ကို ၁၉ ရာစုခေတ်
ဗြိတိသျှရေတပ်အရာရှိဆာဂျွန်ဖရန်ကလင်(Sir John Franklin)နှင့်ပင် ခိုင်းနှိုင်း၍ ပြောကြသည်။ ဖရန် ကလင်၏ မိမိကိုယ်ကို အထင်ကြီးလွန်းခြင်းနှင့် ဂုဏ်မောက်ခြင်းတို့ကြောင့် အာတိတ်ဒေသ စူးစမ်းရေးခရီးစဉ်တစ်ခုအတွင်း သူကိုယ်တိုင် အပါအဝင် လူပေါင်း ၁၄၀ ခန့် အသက်ဆုံးရှုံးခဲ့ကြရသည့် အာတိတ်ဒေသ၏ အဆိုးရွား ဆုံးသော ဝမ်းနည်းဖွယ်ရာဖြစ်စဉ်တစ်ရပ် ဖြစ်ပွားခဲ့ရသည်။

ဗြိတိသျှတော်ဝင်ရေတပ်က ဖရန်ကလင်အား ကနေဒါအနောက်

မြောက်ဘက်ဒေသရှိ တောကြီးကန္တာအတွင်းသို့ စူးစမ်းလေ့လာရေးခရီးစဉ် တစ်ရပ် ဦးဆောင်သွားရောက်ရန် ၁၈၁၉ ခုနှစ်တွင် တာဝန်ပေးအပ်ခဲ့သည်။ အင်္ဂလန်မှ ထွက်ခွာခဲ့ပြီး နှစ်နှစ်ခန့် ကြာသည်တွင် သူ၏အဖွဲ့ငယ်မှာ သစ်ပင်၊ သစ်တော လုံးဝမရှိဘဲ ကျယ်ပြောလှသည့် အာတိတ်လွင်ပြင်ကျယ်၌ ပင်ပန်း ခြင်းကြီးစွာဖြင့် လမ်းလျှောက်ခရီးဆက်ရင်းမှာပင် အေးမြသည့် ဆောင်းရာသီ ၏ အနိုင်ယူမှုကို ခံကြရသည်။ ရိက္ခာများလည်းကုန်၊ ခရီးစဉ်အခြေအနေက မလှပတော့။ ဖရန်ကလင်နှင့် သူ၏အဖွဲ့သားများမှာ ကျောက်ဆောင်များပေါ်မှ ခြစ်ယူရသော ရေညှိများ၊ မကျက်တကျက် မီးကင်ထားသော သမင်ရေများ၊ စွန့်ပစ်ထားသော တိရစ္ဆာန်အရိုးအရင်းများ၊ ဖိနပ်သားရေများ စသည်တို့ကို စားသုံးရင်း မသေရုံတစ်မည် အသက်ဆက်ကြရသည်။ နောက်ဆုံးတွင် အဖွဲ့ သားချင်းပင် သတ်၍ စားသည်အထိ ဖြစ်လာခဲ့သည်။ စိတ်မချမ်းမြေ့ဖွယ်ရာ ထိုအတွေ့အကြုံအတွင်း အနည်းဆုံးအားဖြင့် အဖွဲ့သားနှစ်ယောက်ခန့် သတ်ဖြတ် စားသောက်ခံခဲ့ကြရသည်။ ထိုသို့ သတ်ဖြတ်စားသောက်သူဟု သံသယရှိသည့် လူသတ်သမားကိုလည်း အကျဉ်းရုံး ကွပ်မျက်ခဲ့ရသည်။ အခြား ရှစ်ယောက်မှာ မကျန်းမာခြင်း၊ အစာရေစာ ငတ်ပြတ်ခြင်းတို့ကြောင့် သေဆုံးခဲ့ကြရသည်။ ဖရန်ကလင် ကိုယ်တိုင်ပင် တစ်ရက် နှစ်ရက်ခန့်အတွင်း သေဆုံးရတော့မည့် အခြေအနေ၌ သူနှင့် အခြား အသက်ရှင်ကျန်နေသေးသူတို့ကို ဒေသခံအင်ဒီး ယန်းသွေးနှော အချို့က ကယ်တင်ပေးခဲ့သည်။

ဝိတိုရိယခေတ်၏ ဖော်ရွေသော လူကြီးလူကောင်း တစ်ယောက်ဖြစ် သည့် ဖရန်ကလင်သည် စကားပြောရာတွင် ဗလုံးဗထွေး ပြောတတ်ကာ တစ်စုံတစ်ခုသော အကြောင်းအရာကို တရားသေကိုင်စွဲထားတတ်သည့်အပြင် အသိဉာဏ်ပညာလည်း နည်းသည့် အတွေ့အကြုံ မရှိသေးသော ကလေးတစ် ယောက်သဖွယ်ရှိပြီး ကျေးတောဒေသ၏ တတ်အပ်သော ကျွမ်းကျင်မှုများကို အလေးဂရုမထားတတ်သူလည်း ဖြစ်သည်။ အာတိတ်ဒေသ စူးစမ်းရေးခရီးစဉ် ကို ဦးဆောင်ရန်အတွက် စိုးရိမ်ဖွယ် ကောင်းလောက်အောင်ပင် ကြိုတင်ပြင် ဆင်မှု ပြုလုပ်ထားခြင်းမရှိ။ အာတိတ်ခရီးစဉ်မှ အင်္ဂလန်သို့ ပြန်လည်ရောက်ရှိသောအခါတွင် “ကိုယ့်ဖိနပ် ကိုယ်ပြန်စားသောသူ”ဟူ၍ အမည်တွင်ခဲ့သည်။ ထိုအမည်ပြောင်မှာ သူ့အား လှောင်ပြောင်လိုခြင်းထက် အံ့သြတကြီးနှင့် ခေါ်ဆို ကြရသော အမည်ပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဖရန်ကလင်ကို အမျိုးသား သူရဲကောင်းတစ်ဦးအဖြစ် ဂုဏ်ပြုချီးမြှောက်ခဲ့ကြပြီး ဗြိတိသျှတော်ဝင်ရေတပ်ဖွဲ့ က သူ့အား ကပ္ပတိန်(Captain)ရာထူးသို့ တိုးမြှင့်ခန့်အပ်ပေးခဲ့သည်။ သူ၏ ကိုယ်တွေ့ အတွေ့အကြုံကို စာအုပ်ရေးသားပေးရန်လည်း စာမူခ အမြောက် အမြား ချီးမြှင့်ပေးခဲ့သည်။ ၁၈၂၅ ခုနှစ်တွင် အာတိတ်ဒေသ လေ့လာရေး ဒုတိယမြောက် ခရီးစဉ်၌ ဦးဆောင်လိုက်ပါရန် တာဝန်ထပ်မံ အပ်နှင်းခံရ သည်။

ဒုတိယမြောက် ခရီးစဉ်က ပြောပလောက်ဖွယ်ရာ စိတ်လှုပ်ရှားစရာ အတွေ့အကြုံများ မရှိခဲ့သော်လည်း ဒဏ္ဍာရီလာ အနောက်မြောက်လမ်းကြောင်း (Northwest Passage)ကို ရှာဖွေတွေ့ရှိရန် နောက်ဆုံး မျှော်လင့်ချက်အဖြစ် အာတိတ်ဒေသသို့ ၁၈၄၅ ခုနှစ်တွင် တတိယအကြိမ် ထပ်မံသွားရောက်ခြင်း အားဖြင့် ဖရန်ကလင်က အမှားတစ်ရပ်ကို ကျူးလွန်လိုက်သည်။ သူနှင့် သူ၏ ဦးဆောင်မှုအောက်တွင် လိုက်ပါသော လူ ၁၂၈ ဦးတို့ကို မည်သည့်အခါ မျှ ထပ်မံမြင်တွေ့ရခြင်း၊ သတင်းကြားသိရခြင်း မရှိတော့ပေ။ ယင်းတို့ကို ရှာဖွေရန် စေလွှတ်သော ခရီးစဉ်ပေါင်း လေးဆယ်ခန့်က တွေ့ရှိရသည့် သက်သေအထောက်အထားများအရ ဖရန်ကလင်နှင့်အဖွဲ့သား အားလုံးမှာ ဗီတာမင်"စီ"ချို့တဲ့မှုကြောင့်ဖြစ်သော စကားဗီ(Scurvy)ခေါ် ရောဂါတစ်မျိုး အပြင် အစာရေစာ ပြတ်လပ်ခြင်းနှင့် အခြားဖော်ပြနိုင်ခြင်းမရှိသော ရောဂါဝေဒနာများကြောင့် သေဆုံးခဲ့ကြပြီး ဖြစ်သည်ဟုသာ မှတ်ယူရပေသည်။

မက်ကန်းဒလက်စ် သေဆုံးကြောင်း သတင်းထွက်ပေါ်လာသည့်အခါ သူ့ကို ဖရန်ကလင်နှင့် အလွယ်တကူ ခိုင်းနှိုင်းပြောဆိုကြသည်မှာ နှစ်ဦးစလုံးက အစာရေစာ ပြတ်လပ်သေဆုံးခြင်းကြောင့်သက်သက်မဟုတ်ဘဲ သူတို့နှစ်ဦးစလုံး တွင် နှိမ့်ချသော စိတ်ထားလိုအပ်ပုံချင်း တူညီမှုအပြင် မိမိသွားရောက်မည့် ဒေသအကြောင်း ကောင်းစွာ အလေးဂရုပြုမှု မရှိခြင်း၌လည်း နှစ်ဦးစလုံးတူညီနေသောကြောင့်ပင် ဖြစ်သည်။ ဖရန်ကလင် သေဆုံးပြီးနောက် ရာစုနှစ် တစ်ခုမျှ ကြာမြင့်ပြီးချိန်တွင် ထင်ရှားကျော်ကြားသော နယ်မြေသစ် စူးစမ်းရှာ ဖွေသူတစ်ဦးဖြစ်သည့် ဗီလ်ယမာ စတီဖင်ဆင်(Vilhjamur Stefansson) ဆိုသူက အင်္ဂလိပ်လူမျိုး နယ်မြေသစ် စူးစမ်းရှာဖွေသူ ဖရန်ကလင်သည် သူကိုယ်တိုင် အသက်ပေးခဲ့ရသော ရာသီဥတု ကြမ်းတမ်းသည့် နယ်မြေဒေသအတွင်း ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများကိုပင် မျိုးဆက်အဆင့်ဆင့် ပြုစု စောင့်ရှောက် ပျိုးထောင်လာခဲ့ကြသော ဒေသခံ အင်ဒီးယန်းများနှင့် အက်စကီး မိုး လူမျိုးစုတို့ လက်တွေ့ကျင့်သုံးလျက်ရှိသည့် အသက်ရှင်သန်နေထိုင်ရေး နည်းလမ်းများကို အားစိုက်လေ့လာခဲ့ခြင်း လုံးဝမရှိကြောင်း ထောက်ပြလာခဲ့ သည်။ (များစွာသော ဒေသခံ အင်ဒီးယန်းများနှင့် အက်စကီမိုးတို့သည်လည်း မြောက်ပိုင်း လတ္တီကျူ့ဒ်ဒေသများတွင် အစာရေစာ ပြတ်လပ်သေဆုံးရခြင်းများ ရှိကြောင်းကိုမူ စတီဖင်ဆင်က ရေးသားဖော်ပြခဲ့ခြင်း မရှိပါ။)

မက်ကန်းဒလက်စ်၏ မိမိကိုယ်ကို အထင်ကြီးမှုသည် ဖရန်ကလင်၏ အရည်အချင်း အလွန်အမင်း ကင်းမဲ့မှုနှင့်မူ မတူညီချေ။ ဖရန်ကလင်က သဘာဝတရားကို ရန်သူအဖြစ် မှတ်ယူခဲ့သူဖြစ်သည်။ ထိုသို့ ထင်မှတ်ခြင်းက ဝိတိုရိယခေတ် စည်းမျဉ်းစည်းကမ်းများနှင့် အုပ်ချုပ်ရေး လူတန်းစားအသိုင်း အဝိုင်းတွင် ကြီးပြင်းခဲ့သော ဖရန်ကလင်အနေဖြင့် အင်အား အသုံးပြုခြင်းကို

မလွှဲမရှောင်သာ ဖြစ်ပေါ်စေခဲ့သည်။ ရေမြေဒေသနှင့် လိုက်လျောညီထွေ နေထိုင်ကာ ဒေသခံတို့စားသုံးသော ဒေသထွက် စားသောက်ဖွယ်ရာများအား အမှီပြုရမည့်အစား ဖရန်ကလင်က သင့်လျော်ခြင်းမရှိသော စစ်သုံးလက်နက် ကိရိယာများ၊ အလေ့အထများအားဖြင့်, သူ့ကိုယ်သူ လွှမ်းခြုံအကာအကွယ် ယူကာ မြောက်ပိုင်းဒေသပတ်ဝန်းကျင်၏ ဘေးရန်များမှ တိမ်းရှောင်ရန် ကြိုး ပမ်းခဲ့သည်။ အခြားတစ်ဖက်တွင်မူ မက်ကန်းဒလက်စ်က ဖရန်ကလင်နှင့် လားရာချင်း လုံးဝ ဆန့်ကျင်ဘက်ဖြစ်သော ရွေးချယ်မှုကို ပြုလုပ်ခဲ့သည်။ သူက တောကြီးကန္တာအတွင်း၌ပင် လုံးလုံးလျားလျား ရှင်သန်နေထိုင်ရန် ကြိုးစားခဲ့သည်။ အရေးပါသော ကျွမ်းကျင်မှု အစုစုတို့ကို ကောင်းစွာ တတ် မြောက်ခြင်း မရှိသေးမီမှာပင် ထိုသို့ နေထိုင်ရန် သူက ကြိုးစားခဲ့ခြင်းပင်။

ကြိုတင်ပြင်ဆင်မှု ကောင်းစွာ ပြုလုပ်ခဲ့ခြင်းမရှိသည့်အတွက် မက်ကန်းဒလက်စ်အား ကြီးလေးစွာ ဝေဖန်ပြစ်တင်ရန်ရှိသော်လည်း ထိုသို့ပြုခြင်းဖြင့် လိုရင်းအချက်ကို လွဲချော်သွားနိုင်ခြေရှိသည်။ သူက အတွေ့အကြုံ မရှိသေး သော အစိမ်းသက်သက်တစ်ဦးဖြစ်ပြီး သူ၏ ဒုပေနာပေခံနိုင်ရည်ရှိမှုအပေါ် သူ့ကိုယ်သူ ယုံကြည်မှုလွန်ကဲလွန်းလှသည်။ သို့ရာတွင် သူက သီတင်း ၁၆ ပတ်ခန့် နေထိုင်နိုင်ရေးအတွက် နည်းပရိယာယ် အနည်းငယ်နှင့် ဆန်ဆယ် ပေါင်ရှိနေခြင်းက သူ့အတွက် လုံလောက်သော အတိုင်းအတာ ဖြစ်သည်။ ထို့အပြင် မက်ကန်းဒလက်စ်သည် တောကြီးကန္တာသို့ ဝင်ရောက်သွားသည့် အခါ ဘေးသင့်နိုင်သော အမှားအယွင်း အနည်းငယ် လုပ်မိနိုင်ခြေရှိကြောင်း သတိထားမိခဲ့သည်။ အသက်နှင့် လောင်းကြေးထပ်ရမည်ကို သူက ကောင်းစွာ သိရှိခဲ့သည်ဟု ဆိုနိုင်ပေသည်။

လူကြီးသူမတို့က အဆင်အခြင်မဲ့ လုပ်ရပ်အဖြစ် သတ်မှတ်ထားကြ သော အလုပ်မျိုးကို လူငယ်တစ်ယောက်အနေဖြင့် လိုက်ပါလုပ်ဆောင်သည့် ကိစ္စမှာ ကြုံတွေ့နေကျ ကိစ္စမဟုတ်ဟု ဆိုနိုင်ရန် ခဲယဉ်းလှသည်။ ဘေး အန္တရာယ် ကြီးမားသော အပြုအမူ အလေ့အထတို့ကို လိုက်ပါလုပ်ဆောင်ခြင်း သည် စာရေးသူတို့၏ ယဉ်ကျေးမှု အသိုင်းအဝိုင်းတွင် များစွာသော အခြား ကိစ္စရပ်ထက် လျော့နည်းသည်မရှိပါ။ ဘေးအန္တရာယ်တို့သည် တစ်စုံတစ်ခု သော အတိုင်းအတာအထိ လူကို ဆွဲဆောင်မှု အမြဲပင်ရှိကြသည်။ များစွာသော ဆယ်ကျော်သက် လူငယ်တို့က မော်တော်ကားကို မည်သည့်အတွက်ကြောင့် အလွန်တရာ လျင်မြန်သော အရှိန်ဖြင့် မောင်းနှင်ကြပါသလဲ၊ မည်သည့်အတွက် ကြောင့် အရက်နှင့်မူးယစ်ဆေးဝါးတို့ကို အလွန်အကျွံ သုံးစွဲကြပါသလဲ၊ နိုင်ငံအစိုးရတို့က လူငယ်များကို စစ်ပွဲဝင်ရန် အလွယ်တကူ ခေါ်ယူစုဆောင်း နိုင်သည်မှာ မည်သည့်အတွက်ကြောင့် ဖြစ်ပါသလဲ စသည့် မေးခွန်းများကို စဉ်းစားဆင်ခြင်ကြည့်ရမည် ဖြစ်ပေသည်။ လူငယ်သဘာဝ သူရဲကောင်းသတ္တိပြလိုစိတ်ကြောင့် ဖြစ်သည်ဟု ဆင်ခြေထိုးမည်ဆိုပါက

ထိုးနိုင်ပါသည်။ စင်စစ် တွင် လူတို့၏ မျိုးရိုးဗီဇတွင် ရေးထွင်းထားပြီးဖြစ်သော အလေ့အထ အပြုအမူ တစ်ရပ်ကို ဖြည်းဖြည်းချင်း လက်ခံကျင့်သုံးလာခြင်းပင် ဖြစ်သည်။ မက်ကန်း ဒလက်စ်ကမူ သူ၏ ဟန်ပန်အတိုင်း လွန်ကဲသော ယုတ္တိဗေဒ အလိုကိုလိုက်ကာ အန္တရာယ်ကို ရယူခြင်းဖြစ်ပေသည်။

မက်ကန်းဒလက်စ်သည် "ဒါက အရေးကြီးတယ်"ဟုဆိုသော စကား မျိုး ပြောရခြင်းကို နှစ်သက်သူဖြစ်သည့်အလျောက် သူ့ကိုယ်သူ စမ်းသပ်ရန် လိုအပ်သည်ဟု အမြဲပင် ခံယူထားသူဖြစ်သည်။ သူက စိတ်ဓာတ်ရေးရာအရ ပြင်းပြလှသော ကြီးကျယ်ခမ်းနားသည့် မျှော်မှန်းချက်များ ထားရှိသူလည်း ဖြစ်သည်။ မက်ကန်းဒလက်စ်၏ ယုံကြည်ချက်များအပေါ် ဩဇာလွှမ်းမိုးသည့် အကြွင်းမဲ့ ကိုယ်ကျင့်တရားဝါဒ (Moral Absolutism)အရ အောင်မြင်မှုရရှိရန်။ သေချာသော စိန်ခေါ်မှုသည် စိန်ခေါ်မှုစစ်စစ်တစ်ရပ် မဟုတ်ပေ။

မှန်ပါသည်။ အန္တရာယ်ကြီးမားမှု၏ ဆွဲဆောင်ခြင်းနောက်သို့ လိုက်ပါ ကြသူများမှာ လူငယ်များချည်းသာမကပါ။ ဂျွန်မျူယာသည် ရည်ရွယ်ချက်ကို လက်တွေ့ကျကျ စိုက်လိုက်မတ်မတ် လုပ်ကိုင်ရာ၌ ပြောစမှတ်တွင်လောက် သော ပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားတစ်ဦးဖြစ်သည့်အပြင် ဆီယဲရား ကလပ်(Sierra Club)အမည်ရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းကို ထူ ထောင်ခဲ့သူလည်း ဖြစ်သည်။ ထို့အပြင် သူသည် ရဲရင့်သော လူစွန့်စားတစ်ဦး၊ တောင်တက်သမားတစ်ဦး၊ ရေခဲမြစ်များနှင့် ရေတံခွန်များအကြား အထိတ် အလန့်မရှိ လှည့်လည်သွားလာသူတစ်ဦးလည်း ဖြစ်သည်။ သူရေးသားခဲ့သည့် အကျော်ကြားဆုံးသော အက်ဆေးများ၌ ၁၈၇၂ ခုနှစ်အတွင်းက ကယ်လီဖိုး နီးယားပြည်နယ်ရှိ ရစ်တားတောင်(Mt. Ritter)ကို တက်ရောက်စဉ် အသက် ဘေး ကျရောက်လုနီးပါး ဖြစ်ခဲ့ရသော သူ၏ ကိုယ်တွေ့ဖြစ်စဉ်အကြောင်း ရေးသားထားသည့် အက်ဆေးလည်း အပါအဝင်ဖြစ်သည်။ အခြားသော အက် ဆေးတစ်ပုဒ်တွင်လည်း ဂျွန်မျူယာက ပေတစ်ရာခန့် မြင့်မားသော ဒေါက် ဂလပ်စ်ဖား(Douglas Fir) ထင်းရှူးပင်၏ ထိပ်ဖျားပိုင်း သစ်ကိုင်းများထက်တွင် ခိုအောင်းကာ ဆီယဲရား(Sierra) လေမုန်တိုင်းကို ရင်ဆိုင်ခဲ့ရပုံအကြောင်း ရွှန်းရွှန်းဝေဝေ ရေးသားဖော်ပြခဲ့သေးသည်။

စိတ်လှုပ်ရှား ခံစားရခြင်း အရသာကို ယခုတစ်ကြိမ်ကဲ့သို့ မည်သည့်အခါကမျှ ရင်ခုန်ခံစားခဲ့ရဖူးခြင်း မရှိပါ။ ဖြောင့်မတ်သော ပင်စည်ရှိသည့် ထင်းရှူးပင်ထိပ်ဖျားသည် ပြင်းထန်အားပါသော လေစီးကြောင်းအတွင်း သစ်ကိုင်းချင်း တဖြန်းဖြန်း မြည်သံပေး ရိုက်ခတ်ကာ ဘယ်ညာယိမ်းထိုးလိုက်၊ ရှေ့သို့ ကိုင်းကျသွားလိုက်၊ နောက်သို့ ပြန်လန်လာလိုက်နှင့် ရှေ့တိုးနောက်ငင်ဖြစ်နေသည်။ ကျွန်ုပ်မှာ ကျူရိုးတံတစ်ခုအထက်တွင် နားနေသော ဘိုဘိုလင့်ခ် (Bobolink) တေးဆိုငှက်ငယ်ပမာ ရှိသမျှ အားကုန်သုံး၍ သစ်ကိုင်းကို ကုတ်ကတ် ဖက်တွယ်ထားစဉ် ပြောမပြနိုင်လောက်အောင်ပင်ရှိသော ထက်အောက် ဘယ်ညာ ဝေ့ဝိုက်ယမ်းခါနေသည့် သစ်ကိုင်းထက်၌ ချာချာလည်နေရပေတော့သည်။

ထိုစဉ်က မျူယာ၏ အသက်မှာ သုံးဆယ့်ခြောက်နှစ်ဖြစ်သည်။ မက်ကန်းဒလက်စ်သည် အလွန်တရာ ထူးဆန်းပြီး နားလည်ရခက်ခဲသူတစ် ယောက်ဖြစ်သည်ဟု မျူယာက ထင်မှတ်ပုံမရကြောင်း တွေးထင်စရာရှိပါသည်။

ကွန်းကော့ဒ်(Concord)ဒေသအတွင်း နေရာအနှံ့ ခရီးလှည့်လည်ခဲ့ပြီး ဖြစ်၍ ထပ်မံသွားရောက်ရန် မလိုအပ်ကြောင်း ထုတ်ဖော်ကြေညာခဲ့သည့် အများသူငါ လေးစားသမှုကို ခံယူရသော သော်ရိုးသည်ပင် ၁၉ ရာစုနှစ် မိန်းပြည်နယ်(Maine)၏ ကြောက်ရွံ့ထိတ်လန့်ဖွယ်အတိပြီးသော တောတွင်း ဒေသများသို့ သွားရောက်ရန်နှင့် ကက်သဒင်းတောင်သို့ တက်ရောက်ရန်တို့မှာ သူ့အပေါ် ဖိအားသက်ရောက်မှု ကြီးမားလှသည်ဟု ခံစားမိခဲ့ရသည်။ အရိုင်း ဆန်ပြီး ကြောက်ရွံ့ဖွယ်ဖြစ်သော အတားအဆီးများရှိသည့် ကက်သဒင်းတောင် သို့ တက်ရောက်ခဲ့သော ခရီးစဉ်က သူ့အား ထိတ်လန့်ကြောက်ရွံ့စေခဲ့သော် လည်း ထိုထိတ်လန့်မှုအပေါ်တွင် ယစ်မူးခံစားခြင်းက သူ့အား ညှို့ငင်ဆွဲဆောင် ခဲ့သည်။ ကက်သဒင်းတောင်၏ ဂရင်းနိုက်(Granite) ကုန်းမြေထက်သို့ ရောက် စဉ် ခံစားခဲ့ရသည့် စိုးရိမ်ပူပန်မှုနှင့် ကြောင့်ကြမှုများက သူ၏ အကောင်းဆုံး အရေးအသားများအပေါ် သြဇာလွှမ်းမိုးခဲ့သည်။ ထို့အပြင် နောက်ပိုင်း၌ လူတို့ ပြုပြင်စီရင်ခြင်းမရှိသေးဘဲ သဘာဝအတိုင်း ရှိနေသေးသည့် နယ်မြေဒေသ အကြောင်း ပုံဖော်ရေးသားရာတွင်လည်း သူ၏ အတွေးတို့အပေါ် ကြီးစွာ အထောက်အကူပြုခဲ့သည်။

မျူယာနှင့် သော်ရိုးတို့နှင့် မတူညီသည့်အချက်မှာ မက်ကန်းဒလက်စ် က ကျယ်ပြောလှသော ကမ္ဘာမြေကြီးနှင့် သဘာဝတရားတို့အား ဆင်ခြင်သုံး သပ်ရန်အတွက် တောကြီးကန္တာအတွင်းသို့ ဝင်ရောက်ခြင်းမဟုတ်ဘဲ သူ၏ နှလုံးဝိညာဉ်ထဲရှိ အတွင်းစိတ်ကို စူးစမ်းလိုစိတ်ဖြင့် ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ မျူယာနှင့် သော်ရိုးတို့ သိရှိခဲ့ကြပြီးသည့် အချက်ကို မက်ကန်းဒလက်စ်ကလည်း အချိန်တိုအတွင်းမှာပင် ရှာဖွေတွေ့ရှိခဲ့သည်။ ထိုတွေ့ရှိချက်ကား- တောကြီး ကန္တာအတွင်း ရက်ရှည်နေထိုင်ခြင်းသည် လူတစ်ဦး၏ အာရုံစူးစိုက်မှုကို ပြင်ပရှိ ရုပ်ပစ္စည်းများသို့သာမက ယင်း၏ အတွင်းစိတ်ကိုပါ မလွဲကေန် လမ်းပြညွှန်ပြမှုပြုသည် ဆိုသည့်အချက်ပင်။ ထို့အပြင် နေရာဒေသတစ်ခု၌ နေထိုင်ခြင်းမှာ ထိုဒေသနှင့် ဒေသတွင်း တည်ရှိသမျှတို့အကြောင်းကို ကောင်း စွာ နားလည်နိုင်ခြင်းအပြင် အားကောင်းသော စိတ်ခံစားမှုကို ထိုသို့ နားလည် နိုင်စွမ်းနှင့် ပေါင်းစပ်နိုင်ခြင်းမရှိဘဲ မဖြစ်နိုင်ပုံကိုလည်း လမ်းညွှန်ပြသကြောင်း ပင်ဖြစ်သည်။

မက်ကန်းဒလက်စ်၏ ဂျာနယ်မှတ်စုအတွင်း ရေးသားဖော်ပြချက်များ တွင် တောကြီးကန္တာအကြောင်း သို့မဟုတ် တောကြီးကန္တာနှင့် ပတ်သက်သည့် အလေးအနက် တွေးခေါ်စဉ်းစားချက်များအကြောင်း အနည်းငယ်မျှသာ ပါဝင် သည်။ ပတ်ဝန်းကျင် ရေမြေရှုခင်းအကြောင်း မဆိုစလောက် ဖော်ပြထားသည်

ကိုသာ တွေ့ရသည်။ စင်စစ်တွင် မက်ကန်းဒလက်စ်၏ ဂျာနယ်မှတ်စု မိတ္တူကို ဖတ်ရှုထားသော ရိမန်၏ သူငယ်ချင်းဖြစ်သူ အဲန်ဒရူးလစ်စကာက ထောက်ပြသည့်အတိုင်း အမှန်ပင်ဖြစ်သည်။ "မှတ်စုထဲမှာ ရေးထားတာတွေက သူစားခဲ့ရတာတွေအကြောင်းပဲ အားလုံးနီးပါးလောက်ပါနေတာ။ အစားအစာအကြောင်းကလွဲပြီး တခြားအကြောင်းအရာတွေအကြောင်း သူက ထည့်မရေးသလောက်" အဲန်ဒရူးက ချဲ့ကားပြောဆိုခြင်း မဟုတ်။ မက်ကန်းဒလက်စ်၏ ဂျာနယ်မှတ်စုက သူရှာဖွေစားသောက်ခဲ့ရသော အပင်များနှင့် အမဲလိုက်ရရှိသော သားကောင်အရေအတွက်တို့အကြောင်းသက်သက်ကိုသာ ဖော်ပြထားခြင်းဖြစ်သည်ဟု မဆိုနိုင်ရုံတစ်မည်သာရှိသည်။ မည်သို့ပင်ဖြစ်စေ ထိုမှတ်တမ်း ပါ အကြောင်းအရာများကို အခြေပြု၍ မက်ကန်းဒလက်စ်သည် သူ၏ အနီးဝန်း ကျင်မှ ကျေးတောဒေသ၏ အလှအပကို အလေးတယူ တန်ဖိုးထားခြင်းမရှိ၊ ရေမြေရှုခင်းတို့၏ စွမ်းပကားအပေါ် စိတ်လှုပ်ရှားခံစားမှုမရှိဟု ဆိုနိုင်မည်မဟုတ် ပါ။ ဂေဟဗေဒပညာရှင် ပေါလ်ရှက်ပါ့ဒ် (Paul Shepard)က အောက်တွင်ဖော်ပြထားသကဲ့သို့ မှတ်ချက်ပေး ရေးသားခဲ့သည့်အတိုင်းပင် ဖြစ်သည်။

ခြေသလုံးအိမ်တိုင် လှည့်လည်သွားလာနေသော ဘေဒိုယင်း (Bedouin)သည် ရေမြေရှုခင်း အလှအပတို့အပေါ် မူးယစ်စွဲလမ်းခြင်း မရှိ။ သဘာဝရှုခင်းကို ဆေးရောင်ခြယ်သလိုခြင်းမရှိ။ အသုံးဝင်မှု ထက် အလှအပတရားကို အလေးထားသော သဘာဝတရား၏ သမိုင်းကြောင်းနောက်ခံကိုလည်း စုစည်းပြုစုခြင်းမရှိပေ။ သူ၏ ဘဝသည် သဘာဝတရားနှင့် ထဲထဲဝင်ဝင် နက်ရှိုင်းစွာ ပတ်သက် နေသည်ဖြစ်၍ အတွေးစိတ်ကူး ဖြန့်ကြက်ခြင်း၊ ရသမြောက် အလှ တရားကို ခံစားခြင်း၊ သဘာဝတရား၏ ဒဿနကို ရှာဖွေခြင်းတို့ သည် သူ့ဘဝတွင် နေရာမရှိ။ ယင်းတို့ကို သူ့ဘဝ၏ လက်ကျန် အစိတ်အပိုင်းများနှင့် သီးခြားစီ ခွဲခြားထားနိုင်သည်။ သဘာဝတရား နှင့် ယင်းအပေါ် သူ၏ ပတ်သက်ဆက်နွှယ်မှုတို့သည် အသက်တမျှ အရေးကြီးသော ကိစ္စရပ်ဖြစ်သည်။ ယင်းကို ထုံးတမ်းအစဉ်အလာ ထူးခြားဆန်းကြယ်မှုနှင့် ဘောဇအန္တရာယ်တို့က ပြဋ္ဌာန်းသည်။ သူ၏ တစ်ကိုယ်ရေ အားလပ်ချိန်သည် တက်ကြွမှုမရှိသော ဖျော်ဖြေမှုများ၊ သဘာဝတရား၏ လုပ်ငန်းစဉ်များအား လွတ်လပ်စွာ အပြောင်းအလဲ ပြုလုပ်ခြင်းများ စသည်တို့အတွက် မဟုတ်ပေ။ သူ၏ ဘဝအတွင်း တည်ဆောက်ဖွဲ့စည်းထားသည်တို့မှာ သဘာဝတရား ဖြစ်တည်မှု၊ မြေမျက်နှာသွင်ပြင်၊ ခန့်မှန်း၍မရနိုင်သော ရာသီဥတု၊ အသက်ဆက် ရှင်သန်နိုင်ရေးအတွက် ကျဉ်းမြောင်းလှသည့် ကန့်သတ်ချက်တို့ အား သတိပြုသိရှိထားခြင်းပင် ဖြစ်သည်။ သူကိုယ်တိုင်ပင် ထိုကျဉ်း မြောင်းသော အကန့်အသတ်အတွင်း အသက်ဆက်ရှင်သန်နိုင်ရန် ရုန်းကန် ရပ်တည်နေရပေသည်။

ဆူရှားနားမြစ်ကမ်းနံဘေးတွင် လနှင့်ချီ၍ နေထိုင်ခဲ့သော အချိန်ကာလအတွင်း မက်ကန်းဒလက်စ်၏ ဖြစ်စဉ်များသည် ရက်ပါ့ဒ်၏ အထက်ပါ မှတ်ချက်နှင့် နေရာများစွာတွင် ကိုက်ညီနေသည်ဟု ဆိုနိုင်ပေသည်။

ခရစ္စတိုဖာမက်ကန်းဒလက်စ်အား ခံစားမှုအားကြီးသော နောက်ထပ် လူငယ်တစ်ဦး၊ စာအုပ်အမြောက်အမြား ဖတ်ရှုပြီး သာမန်အတွေးအခေါ် အနည်းငယ်မျှပင်မရှိသည့် အူကြောင်ကြောင် လူငယ်တစ်ဦးအဖြစ် အလွယ် တကူပင် စရိုက်သေ သတ်မှတ်နိုင်ပေလိမ့်မည်။ သို့ရာတွင် စရိုက်သေဆိုသော စကားရပ်မှာ အံဝင်ခွင်ကျ သင့်တော်ခြင်း မရှိပါ။ မက်ကန်းဒလက်စ်သည် အသုံးမကျသော လူပျင်းတစ်ယောက်မဟုတ်၊ အတွေးထဲတွင် နစ်မျောတွေဝေနေ တတ်သူ မဟုတ်၊ အသက်ရှင်သန်ရေး မျှော်လင့်ချက် ပြိုကွဲမှုများဖြင့် နာကျင် ခံစားနေသူ မဟုတ်ပါ။ ဆန့်ကျင်ဘက်အားဖြင့် သူ၏ ဘဝသည် အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်တို့ဖြင့် ပျားပန်းခပ်သည့်အလား မရပ်မနား လှုပ်ရှားခဲ့ရသည်။ သို့ရာတွင် သက်သောင့်သက်သာရှိသည်ဆိုခြင်းထက်ပင် ပိုသာသော လမ်း ကြောင်းပေါ်ရှိ ရှင်သန်ဖြစ်တည်မှုဆီမှ သူ့ဘဝကို ဆွဲထုတ်ခဲ့သည့် အဓိပ္ပာယ်မှာ အလွယ်တကူ ရရှိသော အရာတို့၏ တန်ဖိုးအပေါ် မက်ကန်းဒလက်စ်က ယုံကြည်မှုကင်းမဲ့သောကြောင့်ပင် ဖြစ်သည်။ သူ့ကိုယ်သူကိုပင် ကြီးမားသော တောင်းခံမှုများ ထပ်တလဲလဲပြုခဲ့ရာမှ အဆုံး၌ သူလုပ်ပေးနိုင်သော အတိုင်း အတာထက် ကျော်လွန်တောင်းခံမိခဲ့ခြင်း ဖြစ်သည်။

မက်ကန်းဒလက်စ်၏ သမားရိုးကျ မဟုတ်သော အပြုအမူ အလေ့ အထများကို ရှင်းပြရန် ကြိုးစားရာ၌ အချို့သော သူတို့က ဂျွန်ဝေါတားမဲန်း (John Waterman)နှင့် ခိုင်းနှိုင်း၍ပြောကြသည်။ (ဂျွန်ဝေါတားမဲန်းသည် နာမည် ကျော် တောင်တက်သမားတစ်ဦးဖြစ်ပြီး ၁၉၈၁ ခုနှစ်အတွင်း မက်ကင်းလေး တောင်ပေါ်သို့ လမ်းသစ်ရှာဖွေ တက်ရောက်စဉ် ပျောက်ဆုံးသွားခဲ့သူဖြစ်သည်။) သူက လူလုံးလူဖန် သေးကွေးပြီး အရပ်ပုသူဖြစ်သည့်အလျောက အရပ်ပုသူတို့ ခံစားရလေ့ရှိသည့် စိတ်ခံစားမှုပုံစံမျိုးဖြစ်သော ကိုယ့်ကိုယ်ကို ယုံကြည်မှုလျော့နည်းစေသည့် စိတ်မလုံခြုံမှုက သူ့ကိုယ်သူ ယောကျာ်းပီသသူ ဖြစ်ကြောင်း သက်သေထူနိုင်ရန်အတွက် ရုပ်ပိုင်းဆိုင်ရာ အစွန်းရောက်စိန်ခေါ် မှုများအား ပြုလုပ်ခြင်းဖြစ်နိုင်သည်ဟု ဆိုကြသည်။ အဆိုပါ အယူအဆ နှစ်ရပ်လုံးတွင် အဖြစ်မှန် အချို့ ပါဝင်ကောင်း ပါဝင်နိုင်မည် ဖြစ်သော်လည်း အချို့သော သူတို့ကမူ မက်ကန်းဒလက်စ်၏ အသက်အန္တရာယ်များလှသော ခရီးကြမ်းသည် ဖြေရှင်း၍ မရနိုင်သေးသော စိတ်ပညာရပ်ဆိုင်ရာ ပြဿနာ တစ်ရပ်ဖြစ်သည့် အီးဒီးပတ်စ် ကွန်ပလက်စ်(Oedipus Complex)ခေါ် သား ယောကျာ်းလေးနှင့် မိခင်တို့ အကြားမှ စိတ်ခံစားမှုပြဿနာတွင် အခြေပြုသည် ဟု ဆိုကြသည်။

ကွယ်လွန်ပြီးသူတစ်ဦးအပေါ် ဝါးလုံးသိမ်း ဆန်းစစ်ထားသော စိတ်ပိုင်းဆိုင်ရာ ဆန်းစစ်မှုမျိုးမှာ ယုံကြည်စိတ်ချရဖွယ်ရာ မရှိသည့်အပြင် ထိုသို့ မျက်ကွယ်တွင်

ဆန်းစစ်ခံရသူ၏ ဂုဏ်သိက္ခာကို ကျဆင်းသေးသိမ် စေမည့် မျက်မှန်းရမ်းဆ ဆန်းစစ်မှု များသာဖြစ်သည်။ အဆိုပါ ဆန်းစစ်မှုတွင် မက်ကန်းဒလက်စ်၏ ထူးခြားဆန်ကြယ်သော နာမ်ပိုင်းဆိုင်ရာ ရှာပုံတော်ကို စိတ်ကစဥ့်ကလျား ဖြစ်စဥ်အဖြစ် စာရင်းသွင်းခြင်းအားဖြင့် တန်ဖိုးယုတ်လျော့ စေခြင်း ရှိ၊ မရှိ ရှင်းလင်းစွာ သိရှိရခြင်းမရှိပေ။

ရိုမန်၊ အဲန်ဒရူးနှင့် စာရေးသူတို့ သုံးယောက်သားသည် မီးကျီးခဲများ ကို စိုက်ကြည့်ရင်း မက်ကန်းဒလက်စ်အကြောင်းကို ညဥ့်နက်သည်အထိထိုင်ပြောဖြစ်ကြသည်။ စူးစမ်းလေ့လာတတ်သော ဉာဉ်ရှိပြီး ပွင့်ပွင့်လင်းလင်း ပြောတတ်သည့် ရိုမန်သည် အသက် ၃၂ နှစ်အရွယ်ရှိပြီဖြစ်ကာ စတန်းဖို့ဒ် တက္ကသိုလ်(Stanford)မှ သတ္တဗေဒဆိုင်ရာ ဒေါက်တာဘွဲ့ရရှိထားသူလည်း ဖြစ်သည်။ သူက ရေးအစဥ်အလာ ဆိုရိုးစကားများကို တစ်သက်လုံးကပင် မယုံကြည်သူ ဖြစ်သည်။ သူ၏ ဆယ်ကျော်သက်ဘဝကို မက်ကန်းဒလက်စ် ကဲ့သို့ပင် ဝါရှင်တန်ဒီစီမြို့တော်၏ ဆင်ခြေဖုံးရပ်ကွက်များ၌ ဖြတ်သန်းကုန်ဆုံးခဲ့ ရပြီး မြို့ပြဒေသ၏ မွန်းကျပ်မှုများကို ကြုံတွေ့ခဲ့သူဖြစ်သည်။ ဟီလီမြို့အရှေ့ ဘက် မိုင်အနည်းငယ်အကွာရှိ သတ္တုတွင်းလုပ်ငန်း လုပ်ကိုင်ရာ ယူဇစ်ဘယ်လီ (Usibelli)ဒေသတွင် ကျောက်မီးသွေး တူးဖော်ရေးလုပ်ငန်း လုပ်ကိုင်နေသည့် ဦးလေးသုံးဦးရှိရာ အလာစကာပြည်နယ်သို့ အသက်ကိုးနှစ်အရွယ်တွင် ပထမ ဆုံးအကြိမ် ရောက်ရှိခဲ့သော ရိုမန်သည် မြောက်ပိုင်းဒေသ၏ အရာရာကို မြတ်နိုးခုံမင်သွားခဲ့ရသည်။ ထို့နောက်ပိုင်း နှစ်များတွင်လည်း ရိုမန်သည် အမေရိကန်ပြည်ထောင်စု၏ ၄၉ ခုမြောက် ပြည်နယ်ဖြစ်သော အလာစကာ ပြည်နယ်ဆီသို့ အကြိမ်ကြိမ် သွားရောက်လည်ပတ်ဖြစ်ခဲ့သည်။ အသက် ၁၆ နှစ်အရွယ် ၁၉၇၇ ခုနှစ်တွင် အထက်တန်းကျောင်းမှ အဆင့် (၁)ဖြင့် အောင် မြင်ခဲ့ပြီးနောက် ဖဲဘန့်ခ်စ်မြို့သို့ ပြောင်းရွှေ့နေထိုင်ကာ အလာစကာကို သူ၏ အမြဲတမ်းနေအိမ်အဖြစ် ခံယူခဲ့သည်။

ယခုတွင်မူ ရိုမန်က အန်ခါးရေ့ချ်မြို့ရှိ အလာစကာ ပစိဖိတ် တက္ကသိုလ်တွင် စာသင်ပေးလျက်ရှိသည်။ လူနေထူထပ်ခြင်းမရှိသော ကျေးလက် ဒေသအတွင်း သူ၏ မိုက်ရူးရဲ စွန့်စားခန်းများအကြောင်း ပြည်နယ်တစ်ခွင်လုံး ၌ ဂုဏ်သတင်း ကျော်ကြားရခြင်းကိုလည်း သူက ခုံမင် နှစ်သက်လေသည်။ သူ၏ စွန့်စားခန်းများအနက်မှ အချို့မှာ မိုင်တစ်ထောင်ခရီးရှိ ဘရွတ်ခ်စ်တောင် တန်း(Brooks Range)တစ်လျှောက် ခြေလျင်တစ်လှည့်၊ လှေဖြင့်တစ်ဖုံ ခရီးဆုံး သည်အထိ သွားရောက်ခြင်း၊ အပူချိန် သုညဒီဂရီအောက် အေးမြသော ရာသီ ဥတုတွင် အာတိတ်အမျိုးသား တောရိုင်းတိရစ္ဆာန်စခန်း(Artic National Wildlife Refuge) ရှိရာ ဒေသကို ဖြတ်၍ မိုင် ၂၅၀ ခရီးကို နှင်းလျှောစီး၍သွားခြင်း၊ မိုင်ခုနစ်ရာခရီးကို ဖြတ်သန်း၍ အလာစကာတောင်တန်းထိပ်သို့ တက်ရောက် ခြင်း၊ မြောက်ပိုင်းဒေသရှိ တောင်နှင့် ကျောက်ဆောင် သုံးဆယ့်တစ်ခုသို့ လမ်းသစ်ရှာဖွေ

တက်ရောက်ခြင်း စသည်တို့ဖြစ်ကြသည်။ ရိမန်က လူအများ လေးစားကြသော သူ၏ လုပ်ဆောင်ချက်များနှင့် မက်ကန်းဒလက်စ်၏ စွန့်စား ခန်းအကြား ခြားနားချက်ကြီးမားလှသည်ဟု မမြင်ပါ။ မက်ကန်းဒလက်စ်က ကံကြမ္မာ မျက်နှာသာမပေးမှုကြောင့် အသက်ဆုံးရှုံးခဲ့ရခြင်းသာ ကွာခြားပေသည်။

စာရေးသူက မက်ကန်းဒလက်စ်၏ မာနနှင့် ရှောင်လွှဲနိုင်သော အမှား အယွင်း နှစ်ခု,သုံးခုတို့ကြောင့် အသက်ပေးဆပ်လိုက်ရပုံတို့ကို ပြောပြသည်။ “သေချာပါတယ်။ သူက အခြေအနေကို ကိုင်တွယ်ပုံ မှားခဲ့တာပဲ”။ ရိမန်က ဖြေကြားလာသည်။ “ဒါပေမဲ့ သူလုပ်ဖို့ရာ ကြိုးစားနေတဲ့ဟာကို ကျွန်တော် ချီးကျူးမိတယ်။ ဒီလိုနေရာမျိုးမှာ တစ်လပြီးတစ်လ ဒီလိုအခြေအနေနဲ့ အသက် ရှင်နေနိုင်ဖို့ဆိုတာ မယုံနိုင်လောက်အောင် ခက်ခဲလှတယ်။ ဒါမျိုးကို ကျွန်တော် တစ်ခါမှ မလုပ်ဖူးပါဘူး။ တကယ်လို့များ မက်ကန်းဒလက်စ်ကို အရည်အချင်း မရှိတဲ့လူလို့ ပြောနေကြတဲ့ လူတွေထဲမှာ ဒီတောကြီးထဲမှာ သီတင်းတစ်ပတ်, နှစ်ပတ်လောက် နေဖူးတဲ့သူ ရှိမယ်ဆိုရင်တောင် များများစားစား မရှိနိုင်ဘူးလို့ ကျွန်တော် လောင်းကြေးစားကြေး ပြောရဲပါတယ်။ တောနက်ကြီးအတွင်းပိုင်း မှာ ရက်ကြာကြာနေပြီး အမဲလိုက်လို့ရတာနဲ့၊ ရှာဖွေစားသောက်လို့ရတာတွေ အပေါ် မှီခိုရှင်သန်နေနိုင်ဖို့ရာ ဘယ်လောက်ခက်ခဲတယ်ဆိုတာကို လူအများစု ကတော့ သိမှာမဟုတ်ပါဘူး။ မက်ကန်းဒလက်စ်က ဒါကို အောင်မြင်လုနီးနီး လုပ်နိုင်ခဲ့ပါတယ်”။

“ဒီလူနဲ့ မိတ်ဆွေဖြစ်ခွင့်မရလိုက်ဘူး”။ ရိမန်က မီးကျီးခဲများကို တုတ်တစ်ချောင်းဖြင့် ဆွရင်း ဆက်ပြောလာသည်။ “မပြောချင်တဲ့အကြောင်း တစ်ခုကိုတော့ ပြောရဦးမယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်အတော်များများလောက် ကသာဆိုရင် ကျွန်တော်လည်းပဲ အဲဒီလိုအရှက်ရစရာ အခြေအနေမျိုးနဲ့ အလွယ် တကူကြုံနိုင်တာပဲ။ အလာစကာကို ကျွန်တော်ရောက်လာခါစက မက်ကန်း ဒလက်စ်ရဲ့ အနေအထားမျိုးနဲ့ အများကြီးတူတယ်လေ။ အတွေ့အကြုံမရှိသေး တဲ့ အစိမ်းသက်သက်ပေမဲ့ စိတ်ဓာတ်က ထက်သန်လွန်းနေတယ်။ အလာစကာ ဒေသခံ အတော်များများဟာလည်း ဒီနေရာကို ပထမဆုံးရောက်လာကြချိန်မှာ မက်ကန်းဒလက်စ်နဲ့ တူတာတွေရှိမယ်လို့ သေချာပေါက်ပြောရဲပါတယ်။ သူ့ကို ဝေဖန်ကြတဲ့သူတွေ အပါအဝင်ပေါ့။ အဲဒါကြောင့်လည်း ဒီလူတွေက သူ့အပေါ် မညှာမတာ ပြောနေကြတာနေမှာ။ မက်ကန်းဒလက်စ်က သူတို့တွေရဲ့ အရင်က ငယ်စိတ်တွေကို နည်းနည်းလေး ပြန်ဆွပေးလိုက်သလို ဖြစ်သွားတာလည်း ဖြစ်နိုင်ပါတယ်”။

ရိမန်၏ မှတ်ချက်က မမျှော်မှန်းနိုင်သော စိုးရိမ်မှုများ စိုးမိုးနေပြီဖြစ် သည့် စာရေးသူတို့၏ လူကြီးပိုင်းအရွယ်များအနေဖြင့် ပြင်းပြသော စိတ်ဆန္ဒ နှင့် လူငယ်ဘာဝချဉ်ခြင်းတပ်မှုတို့၏ ဖိအားပေးမှုအောက်တွင် တစ်ချိန်က ဒုက္ခကျရောက်ခဲ့ပုံအကြောင်း ပြန်ပြောင်းတွေးတောရန် မည်မျှ ခက်ခဲမည်ဆို

သည်ကို အလေးပေးဖော်ပြလိုက်ခြင်းပင်။ အဲဗရက်ရှူးဇ်၏ ဖခင်ဖြစ်သူက အသက်နှစ်ဆယ်အရွယ် သားဖြစ်သူ ကန္တာရထဲတွင် ပျောက်ဆုံးသွားခဲ့ပြီး နှစ်အတန်ကြာမြင့်ချိန်၌ "အသက်ကြီးလာတဲ့လူက ဆယ်ကျော်သက်တွေရဲ့ ဝိညာဉ်ခရီးထွက်တဲ့အကြောင်းကို ကောင်းကောင်း နားမလည်ကြဘူး။ အဲဗရက်အပေါ်မှာ ကျွန်တော်တို့အားလုံး နားလည်ပေးနိုင်စွမ်း နည်းခဲ့တယ်လို့ ထင်တာပါပဲ"ဟု ပြောကြားခဲ့သည်။

ရိုမန်၊ အဲန်ဒရူးနှင့် စာရေးသူတို့ သုံးယောက်သားသည် ညသန်းခေါင်ကျော်အချိန်အထိ ထိုင်ပြီး မက်ကန်းဒလက်စ်၏ ရှင်သန်ခြင်းနှင့် သေဆုံးခြင်း အကြောင်းကို လက်တွေ့ကျကျ မှုတသော အမြင်ဖြင့် ကြိုးစားသုံးသပ်နေမိသော်လည်း သူ့ဘဝ၏ အနှစ်သာရမှာ ခန့်မှန်း၍မရဘဲ သေချာရေရာခြင်းမရှိ၊ထုတ်ဖော်တွေ့ ရှိနိုင်ရန် ခဲယဉ်းလှသဲဖြစ်သည်။ စကားဝိုင်းမှာ ဖြည်းဖြည်း အသံဆိတ်လာပြီး ရပ်တန့်သွားသည်။ ခရီးဆောင်အိပ်ရာအိတ်ကို ဖြန့်ခင်း နိုင်မည့် နေရာတစ်နေရာ တွေ့ရှိရန် မီးပုံအနီးမှ ဖြည်းညင်းစွာ နေရာရွှေ့ပြောင်း လိုက်သည့်အခါ အရှေ့မြောက်ဘက် ကောင်းကင်ယံ၏ နှုတ်ခမ်းသား၌ ဖျော့တော့သော ရောင်နီက စတင်ထွက်ပေါ်စ ပြုနေပေပြီ။ ညက ခြင်ထူထပ် လှပြီး ဘတ်စ်ကားသည်သာ ခိုလှုံရာ နေရာကောင်းတစ်ခု ဖြစ်သည်မှာ သံသယ ဖြစ်ဖွယ်မရှိသော်လည်း ဖဲဘန့်ခ်စ် အမှတ် ၁၄၂ ဘတ်စ်ကားပေါ်တွင် တက်ရောက် အိပ်စက်ခြင်း မပြုရန် စာရေးသူက ဆုံးဖြတ်လိုက်သည်။ အလားတူပင် ရိုမန်နှင့် အဲန်ဒရူးတို့သည်လည်း ဘတ်စ်ကားပေါ်သို့ တက်မအိပ်ကြသည်ကို စာရေးသူက အိပ်မက်ပင် မမက်နိုင်လောက်အောင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောမကျမီ သတိပြုလိုက် မိလေသည်။

အခန်း (၁၈)

စတမ့်ပ်ပိဒ်ထရေးလ်

အမဲလိုက်ခြင်းအားဖြင့် ရှင်သန်နေထိုင်ခြင်းသည် မည်သို့ရှိမည်ဆို သည်ကို ခေတ်မီလူသားတစ်ဦးအနေဖြင့် တွေးတောခံစားကြည့်ရန်မှာ မဖြစ်နိုင် လုနီးနီးပင်။ အမဲလိုက်မုဆိုးတစ်ယောက်၏ ဘဝသည် ခက်ခဲပင်ပန်းပြီး မြေပြင် ထက်၌ ခရီးအဆက်မပြတ် နှင်နေရမည်ဖြစ်သည်။ ရှေ့တွင် ကြုံတွေ့ရမည့် သားကောင်လိုက်ခြင်းသည် အလုပ်ဖြစ်ပါ့မလားဟု အဖန်ဖန်တွေးတောပူပန်နေ ရသောဘဝ၊ ထောင်ချောက်နှင့် သားကောင်ကို ကျုံးသွင်းမောင်းနှင်မှုတို့ မအောင်မမြင် ဖြစ်မည်ကို တွေးပူနေရသောဘဝ၊ သည်တစ်ကြိမ် အမဲလိုက် ရာသီအတွင်း တိရစ္ဆာန်အုပ်များနှင့် မကြုံကြိုက်လိုက်မည်ကို စိုးရိမ်နေရသော ဘဝဖြစ်သည်။ အားလုံးအနက် အရေးအကြီးဆုံးသော အချက်မှာ အမဲလိုက် မုဆိုးတစ်ယောက်၏ ဘဝက ဆင်းရဲပင်ပန်းခြင်းနှင့် အစာရေစာ ပြတ်လပ် သေဆုံးခြင်းတို့ကိုပါ တစ်ပါတည်း သယ်ဆောင်လာတတ်ခြင်းပင်တည်း။

ငတ်မွတ်ခေါင်းပါးသည့်နွေကာလ

The Hungry Summer

သမိုင်းဆိုသည်မှာ အဘယ်နည်း။ သမိုင်းဆိုသည်မှာ သေခြင်းတရား အား ကျော်လွှားနိုင်ရန်အမြင်ဖြင့် ယင်းသေခြင်းတရား၏ ပုစ္ဆာကို ရာစုနှစ်များ နှင့် ချီကာ စနစ်တကျ စူးစမ်းလေ့လာခြင်းဖြစ်သည်။ ထို့ကြောင့်ပင် လူတို့ကအနန္တ သင်္ချာကိန်းနှင့် လျှပ်စစ်သံလိုက်လှိုင်းများကို ရှာဖွေဖော်ထုတ်ခြင်း၊ ဆင်ဖိုနီ သီချင်းများ ရေးဖွဲ့ခြင်းတို့ကို ပြုလုပ်လာကြခြင်းဖြစ်သည်။ ယခုအခါ တွင် သင်သည် ယုံကြည်မှုတစ်ရပ်မရှိဘဲ ထိုလားရာအတိုင်း ရှေ့ဆက်နိုင်မည် မဟုတ်။ စိတ်ပိုင်းဆိုင်ရာ လက်နက်ကိရိယာများ မပါရှိဘဲ ထိုသို့သော ရှာဖွေ ဖော်ထုတ်မှုတို့ကို သင်ပြုလုပ်နိုင်မည်မဟုတ်ပေ။ ထိုလက်နက်ကိရိယာတို့၏ အခြေခံသဘောတရားများသည် ခရစ်တော်၏ အဆုံးအမများတွင် လာရှိသည်။ ထိုအခြေခံသဘောတရားတို့မှာ မည်သို့နည်း။ မရှိမဖြစ်လိုအပ်သော စွမ်းအား၏ အမြင့်ဆုံးပုံစံတစ်ရပ်ဖြစ်သော အိမ်နီးနားချင်းကို ချစ်ခင်စိတ်ဖြင့်ပင် အစပြုရပေ မည်။ လူ၏ နှလုံးသားတွင် ထိုသို့သော အိမ်နီးနားချင်းကို ချစ်ခင်စိတ်ဖြင့် ပြည့်လျှမ်းလာသောအခါ ထိုစိတ်သည် ယိုဖိတ်စီးကျလာမည်ဖြစ်ပြီး ယင်းကိုယ် တိုင်လည်း သုံးစွဲမည်ဖြစ်သည်။ ထို့နောက်တွင် ခေတ်မီလူသား၏ အခြေခံစံနမူ နာ နှစ်ရပ် ထွက်ပေါ်လာမည်။ ထိုစံနမူနာများ မပါရှိပါက သူသည် တွေးခေါ် မြော်မြင်နိုင်စွမ်းရှိမည်မဟုတ်။ ယင်းတို့မှာ အနှောင်အတည်း ကင်းမဲ့သော ကိုယ်ရည်ကိုယ်သွေးနှင့် ဘဝဟူသည် စွန့်လွှတ်ခြင်းဟူသော အတွေးအခေါ်တို့ ပင်ဖြစ်သည်။

ဘိုးရစ္စပတ်စတာနက်ခ်

မက်ကန်းဒလက်စ်၏ ရုပ်အလောင်းတွေ့ရှိရာအနီးမှ စာအုပ်တစ်အုပ်တွင် သူကိုယ်တိုင် အောက်ခြေမျဉ်းသား ဖော်ပြထားသော စာပိုဒ်တစ်ပိုဒ်

တောကြီးကန္တာ အတွင်းမှ ထွက်ခွာရန် မက်ကန်းဒလက်စ် ကြိုးပမ်းမှုများကို တက်ကလန်နီကာ မြစ်ရေကြီးခြင်းက ဟန့်တားခဲ့ပြီးနောက် လာလမ်းအတိုင်း ပြန်လှည့်ခဲ့ရသော မက်ကန်းဒလက်စ်သည် ဘတ်စ်ကားရှိရာသို့ ဧပြီလ ၈ ရက်နေ့တွင် ပြန်လည် ရောက်ရှိသည်။ သူ၏ ဂျာနယ်မှတ်စုတွင် မည်သို့မျှ ဖော်ပြထားခြင်းမရှိသဖြင့် ထိုအချိန်က သူ၏ စိတ်တွင် မည်သို့ရှိမည်ကို သိရှိရန် မဖြစ်နိုင်ပါ။ သူ၏ လွတ်မြောက်ရေးလမ်းကြောင်းကို ဖြတ်တောက်ခံထားရသော်လည်း မက်ကန်းဒလက်စ်က စိုးရိမ်ပူပန်ဟန်မရှိခြင်းသာ ဖြစ်နိုင်ခြေအများဆုံးဖြစ်သည်။ စင်စစ်တွင် ထိုအချိန်က သူ့အတွက် စိုးရိမ်ဖွယ်ရာ အကြောင်းရင်းအနည်းငယ် ရှိခဲ့ပါသည်။ ထိုစိုးရိမ်ဖွယ်အကြောင်းမှာ နွေရာသီ ၏ အထွတ်အထိပ်ကာလသို့ ရောက်ရှိလာခြင်းပင်ဖြစ်သည်။ တောကြီးကန္တာသည် မြေဆီမြေသြဇာ ကြွယ်ဝသည့်အလျောက် အလေ့ကျအပင်များဖြင့် တရုန်းရုန်းထနေသည့်အပြင် သားရဲထူပြောသည်။ သူ့အတွက် စားရေရိက္ခာ လုံလောက်ပါသည်။ လက်ရှိနေရာတွင် ဩဂုတ်လအထိ စောင့်ဆိုင်းနေထိုင်မည်ဆိုပါက တက်ကလန်နီကာမြစ်ရေသည်လည်း ည်း လူဖြတ်ကူး၍ ရနိုင်သည့် အနေအထားသို့ ပြန်လည်ရောက်ရှိမည်ဟု ပြန်လည်ရောက် မှန်းဆခဲ့ခြင်းဖြစ်ဟန်ရှိသည်။ ယိုယွင်းပျက်စီးနေပြီဖြစ်သော ဖဲဘန့်ခ်စ်အမှတ် ၁၄၂ ဘတ်စ်ကားတွင် ပြန်လည်နေထိုင်ခဲ့သော မက်ကန်းဒလက်စ်သည် သူ၏ လုပ်ရိုးလုပ်စဉ်ဖြစ် သော အမဲလိုက်ခြင်းနှင့် သီးပင်စားပင်များ ရှာဖွေခူးဆွတ်ခြင်းတို့ကို ပြန်လည် လုပ်ကိုင်နေခဲ့သည်။ စာရေးဆရာ တော်လ်စတွိုင်းလ် ရေးသားသော The Death of Ivan Ilych အမည်ရ စာအုပ်နှင့် မိုက်ကယ်လ်ခရစ်ချ်တန် ရေးသား သော Terminal Man အမည်ရ စာအုပ်တို့ကို သူဖတ်သည်။ မိုးက သီတင်း တစ်ပတ်လုံး ဆက်တိုက်ရွာသွန်းကြောင်း သူ၏ ဂျာနယ်မှတ်စုတွင် ရေးသား ဖော်ပြခဲ့သည်။ အမဲလိုက်လည်း အကြိမ်ကြိမ် ထွက်ဖြစ်ဟန်ရှိသည်။ ဇူလိုင်လ ၏ နောက်ဆုံးသီတင်းသုံးပတ်အတွင်း ရှဉ့်သုံးဆယ့်ငါးကောင်၊ ခါငှက်လေး ကောင်၊ ဗွတ်ကလုံငှက်နှင့် သစ်တောက်ငှက် ငါးကောင်စီ၊ ဖားနှစ်ကောင်တို့ကို အမဲလိုက်ရရှိခဲ့သည်။ ရရှိသမျှ အသားရိက္ခာတို့ကို အာလူးရိုင်း၊ အရည်ရွှမ်း သော ရိုးတံနီရူးဘာ့ဘ်(Rhubarb) ဟင်းစားပင်၊ ဘယ်ရီသီးအမျိုးမျိုးနှင့် မှိုအများ အပြား ရောနှော၍ ချက်ပြုတ်သည်။ သားကောင်တို့က ရက်ရက်ရောရော ပေါများလှသော်လည်း သူပစ်ခတ်ယူခဲ့သည့် အသားရိက္ခာက နည်းပါးလှသည်။ နေ့စဉ်စားသုံးမှုရရှိသော ကယ်လိုရီပမာဏမှာ နေ့စဉ် လောင်ကျွမ်းနေသော ကယ်လိုရီပမာဏထက် နည်းပါးလာသည်။ မသေရုံတစ်မည်မျှသော စားရေရိက္ခာကိုသာ စားသုံးကာ တောကြီးကန္တာအတွင်း၌ သုံးလခန့် ရှင်သန်ရပ်တည်ခဲ့

ပြီးနောက် မက်ကန်းဒလက်စ်၏ ခန္ဓာကိုယ်တွင် ကယ်လိုရီ အဝင်အထွက် ကွာခြားမှုမှာ သိသိသာသာပင် ကြီးမားလာသည်။ သူသည် အန္တရာယ်နှုတ်ခမ်း စွန်းမှ ပြုတ်မကျစေရန် ဟန်ချက်ကို အနိုင်နိုင်ထိန်းနေရသည်။ ထို့နောက် ဇူလိုင်လနှောင်းပိုင်း၌ အမှားတစ်ခုကို ကျူးလွန်မိကာ ထိုအမှားကပင် သူ့ကို အန္တရာယ်နှုတ်ခမ်းစွန်းမှ အောက်သို့ ဆွဲချလိုက်ခဲ့ခြင်းဖြစ်သည်။

Doctor Zhivago အမည်ရ စာအုပ်ကို ဖတ်ရှုပြီးစီးချိန်တွင် စာအုပ်၏ ဘေးသားနေရာလွတ်များ၌ စိတ်လှုပ်ရှားဖွယ် မှတ်စုများ ရေးဖြစ်ခဲ့သည့်အပြင် စာပိုဒ်များစွာကို အောက်ခြေမျဉ်းသား၍ မှတ်သားထားခဲ့သည်။

ဘုရားဖူးခရီးသွားများ သွားဖန်များသဖြင့် အသားကျနေပြီဖြစ်သော လမ်းအတိုင်း "လာရာ"က လျှောက်လှမ်းလာခဲ့ပြီးနောက် ကွင်းပြင်များဆီသို့ ချိုးကွေ့လိုက်သည်။ လမ်းချိုးတစ်နေရာ၌ "လာရာ"က ခြေစုံရပ်ပြီး မျက်စိများ ကို မှိတ်ကာ သူ၏ အနီးဝန်းကျင်မှ ပန်းရနံ့များသင်းနေသော လေထုကို အားပါးတရ ရှူရှိုက်လိုက်သည်။ ပန်းရနံ့သင်းသော လေကို ရှူရှိုက်ရခြင်းမှာ သူ့အတွက် ဆွေမျိုးတစ်ယောက်ထက်မက ချစ်ခင်ဖွယ်ဖြစ်ပြီး ချစ်သူတစ် ယောက်ထက်မကသော ကြင်နာမှု၊ စာတစ်အုပ်ဖတ်ရှုရခြင်းထက်သာလွန်သော အသိပညာတို့ကို ရရှိစေသည်။ ထိုအချိန်အခိုက်အတန့်လေးမှာပင် "လာရာ"က သူ့ဘဝ၏ ရည်ရွယ်ချက်ကို ရှာဖွေတွေ့ရှိခဲ့သည်။ သည်ကမ္ဘာမြေကြီးဆီသို့ သူရောက်ရှိလာခြင်းမှာ ယင်း၏ အရိုင်းဆန်သော အရည်အသွေးမြင့်တက်မှု အဓိပ္ပာယ်ကို ဆုပ်ကိုင်ရယူရန်နှင့် အရာဝတ္ထုတစ်ခုချင်းစီကို မှန်ကန်သော အမည်ဖြင့် ခေါ်ဆိုရန် သို့မဟုတ် သူ့အနေဖြင့် ထိုသို့ စွမ်းဆောင်နိုင်စွမ်းမရှိပါ က သူ့နေရာတွင် အစားထိုး ဆက်ခံကြမည့်သူများအတွက် ထာဝရ မေတ္တာကို မွေးဖွားပေးရန်ဖြစ်သည်။

မက်ကန်းဒလက်စ်က ပုံနှိပ်စာမျက်နှာ အထက်ပိုင်းရှိ နေရာလွတ် တွင် "သဘာဝတရား/စစ်မှန်မှု" ဟူ၍ ရေးသားထားသည်။

တစ်ခါတစ်ရံတွင် လူသည် အဓိပ္ပာယ်ကင်းမဲ့ပြီး ပျင်းရိငြီးငွေ့ဖွယ်ဖြစ် သော လူတို့၏အပြောကြွယ်ခြင်းမှ လွတ်မြောက်လိုစိတ်ရှိကြသည်။ ဤသည်မှာ အဆိုပါ ချိုသာလှပသော အပြောကြွယ် စကားရပ်များ အားလုံးကို ဖယ်ခွာ၍ သဘာဝ၏ အရိပ်အာဝါသတွင်သော်လည်းကောင်း၊ တောကြီးကန္တာအတွင်း ကာယိကဒုက္ခကို ကြာမြင့်စွာခံစားခြင်း၊ နှစ်ခြိုက်စွာ အိပ်စက်ခြင်း၊ စစ်မှန် သော တေးဂီတကို နားဆင်ခြင်းတို့တွင်သော်လည်းကောင်း၊ စိတ်လှုပ်ရှားခံစားမှု ကြောင့် ဆွံ့အ,သွားရသော လူတို့၏ နားလည်မှုတစ်ရပ်တွင်လည်းကောင်း ဝင်ရောက်ခိုလှုံရန်ပင်ဖြစ်သည်။

မက်ကန်းဒလက်စ်က ထိုစာပိုဒ်ကို ကြယ်ပွင့်ပြ၊ လက်သည်းကွင်း ခတ်ကာ အမှတ်အသားပြုထားသည့်အပြင် "သဘာဝ၏ အရိပ်အာဝါသအောက် တွင် ဝင်ရောက်ခိုလှုံရန်" ဆိုသော စကားရပ်ကို အနက်ရောင်မင်ဖြင့် ဝိုင်း ပြထားသည်။

"သို့ဖြစ်ရာ ကျွန်ုပ်အနီးဝန်းကျင်ရှိသူများ၏ ဘဝများနှင့် အလားတူ သော ဘဝတစ်ရပ်အဖြစ်သို့ ရောက်ရှိကာ ယင်းတို့နှင့် အခက်အခဲမရှိ၊ မည်သည့်ရိုက်ခတ်မှုမျှမရှိဘဲ တစ်သားတည်း ပေါင်းစည်းနိုင်သော ဘဝသည်သာ စစ်မှန်သောဘဝဖြစ်သည်။ မျှဝေခံစားခြင်းမရှိသော ပျော်ရွှင်ချမ်းမြေ့မှုသည် စစ်မှန်သော ပျော်ရွှင်ချမ်းမြေ့မှုမဟုတ်။ ဤသည်မှာ အရာအားလုံးထက်ပို၍ စိတ်မချမ်းမြေ့ဖွယ်ရာပင်ဖြစ်သည်" ဟု ဖော်ပြထားသည့် စာပိုဒ်ဘေးတွင် မက်ကန်းဒလက်စ်က "မျှဝေခြင်းပြုနိုင်မှသာလျှင် စစ်မှန်သော ပျော်ရွှင်ချမ်းမြေ့ မှု ဖြစ်သည်" ဟု မှတ်ချက်ပြုခဲ့သည်။

မက်ကန်းဒလက်စ်၏ မှတ်ချက်သည် သူ၏ တောကြီးကန္တာအတွင်း ကာလကြာရှည်စွာ တစ်ကိုယ်တည်း ကျင့်ကြံအားထုတ်ခြင်းက သူ့အား အပြောင်းအလဲဖြစ်စေခဲ့သည်ဆိုသော ယူဆချက်အတွက် ထပ်မံတွေ့ရှိရသော အထောက်အထားတစ်ရပ်အဖြစ် သတ်မှတ်ချင့်စဖွယ်ပင်ဖြစ်သည်။ သူ့နှလုံးသား အနီးဝန်းကျင်တွင် ဝတ်ဆင်ထားသော အကာအရံငယ်အောက်တွင်ပင် ဝင် ရောက်ခိုလှုံရန် သူက အဆင်သင့် ဖြစ်နေပြီဟုလည်း အဓိပ္ပာယ်ကောက်ယူ နိုင်ပါသည်။ ယဉ်ကျေးသည့် လူ့ဘောင်အဖွဲ့အစည်းသို့ ပြန်လည်ဝင်ရောက်ခြင်း အားဖြင့် သူက တစ်ကိုယ်တော် ခရီးသွားဘဝကိုစွန့်လွှတ်ပြီး လူတို့နှင့် အကျွမ်း တဝင် နေထိုင်မှုမှဝေးရာသို့ ပင်ပန်းခက်ခဲစွာ ပြေးထွက်နေခြင်းကို ရပ်တန့်ကာ လူ့အသိုက်အဝန်းထဲမှ လူတစ်ယောက်အဖြစ် ပြန်လည်ရောက်ရှိရန် ရည်ရွယ် ခဲ့သည်။ သို့ရာတွင် ခရစ္စမက်ကန်းဒလက်စ် နောက်ဆုံးဖတ်ရှုခဲ့သော စာအုပ်မှာ Doctor Zhivago အမည်ရ စာအုပ်ဖြစ်သောကြောင့် သူ၏ ရည်ရွယ်ချက်အမှန်ကို စာရေးသူတို့ မည်သည့်အခါမျှ သိမည် မဟုတ်တော့ပါ။

ထိုစာအုပ်ကို ဖတ်ရှုအပြီး နှစ်ရက်အကြာ ဇူလိုင်လ ၃၀ ရက်နေ့တွင် ဂျာနယ်မှတ်စုအတွင်း၌ မကောင်းသော နိမိတ်ဆောင်သည့် ရေးသားချက်ကို သူက ရေးသွင်းခဲ့သည်။ "အရမ်းအားနည်း။ အာလူးသီးအစေ့ပြဿနာ။ မတ်တတ်ရပ်ရန်ပင် အနိုင်နိုင်။ အငတ်ဘေးဆိုက်။ အန္တရာယ်ကြီးမား"ဟူ၍ ရေး သားထားခြင်းပင်။ အဆိုပါ မှတ်ချက်စကားရေးသားခြင်းမတိုင်မီ အလွန်တရာ ခက်ခဲသောအခြေအနေသို့ ဆိုက်ရောက်နေပြီဖြစ်ကြောင်း မက်ကန်းဒလက်စ် က ရေးသားဖော်ပြခဲ့ခြင်းမျိုး မရှိပေ။ သူသည် ဆာလောင်မွတ်သိပ်နေပြီး သူ၏ မည်ကာမတ္တမျှဖြစ်သော နေ့စဉ်စားသောက်ဖွယ်ရာများက သူ့အား အရိုးပေါ်အရေတင် ဖြစ်စေခဲ့သည်။ သို့ရာတွင် သူ၏ ကျန်းမာရေးက ကောင်း နေဆဲပင်။ ဇူလိုင်လ ၃၀ ရက်နေ့ နောက်ပိုင်းတွင်မူ သူ၏ ရုပ်ပိုင်းဆိုင်ရာ အနေအထားမှာ အဆိုးဘက်သို့ ရုတ်ခြည်းပြောင်းလဲသွားကာ ဩဂုတ်လ ၁၉ ရက်နေ့တွင် မက်ကန်းဒလက်စ် ကွယ်လွန်သွားခဲ့သည်။ သူ၏ ကျန်းမာရေး ကို ရုတ်တရက် ဖောက်ထိုးမိုးမျှော် ဖြစ်စေခဲ့သည့် အကြောင်းရင်းနှင့် စပ်လျဉ်း ၍ မှန်းဆပြောကြားမှု မြောက်မြားစွာ ထွက်ပေါ်ခဲ့သည်။ မက်ကန်းဒလက်စ်၏

ရုပ်အလောင်းကို ရှာဖွေတွေ့ရှိ အတည်ပြုပြီးနောက်တွင် ဝိန်းဝက်စတာဘာ့ဂ်က ခရစ္စသည် မြောက်ပိုင်းဒေသသို့ မထွက်ခွာမီ တောင်ဒါကိုတာပြည်နယ်တွင် အာလူးမျိုးစေ့အပါအဝင် မျိုးစေ့အချို့ ဝယ်ယူသွားခြင်းဖြစ်နိုင်ကြောင်း၊ တော တွင်း၌ နေထိုင်စဉ် သီးပင်စားပင် စိုက်ခင်းတစ်ခု စိုက်ပျိုးရန် ရည်ရွယ်၍ မျိုးစေ့များ ဝယ်ယူခဲ့ခြင်းဖြစ်နိုင်ကြောင်း သူမှတ်မိသမျှ ပြန်ပြောပြလာခဲ့သည်။ မှန်းဆချက်တစ်ရပ်ကမူ မက်ကန်းဒလက်စ်သည် မည်သည့် သီးပင်စားပင် စိုက်ခင်းကိုမျှ စိုက်ပျိုးခဲ့ခြင်းမရှိဟု ဆိုသည်။ (စာရေးသူကိုယ်တိုင်လည်း ဘတ်စ်ကားအနီးဝန်းကျင်တွင် စိုက်ခင်းရှိသည့် အထောက်အထား တစ်စုံတစ် ရာ မတွေ့ခဲ့ရပါ။) ဇူလိုင်လနှောင်းပိုင်းတွင် အစာရေစာ ပြတ်လပ်သဖြင့် ထိုမျိုးစေ့များကို စားသုံးရာမှ အဆိပ်သင့်ခဲ့ခြင်းဖြစ်မည်ဟု ထိုမှန်းဆချက်က ဆိုသည်။

အာလူးမျိုးစေ့သည် စင်စစ်တွင် အညှောက်ပေါက်ခါစအချိန်၌ အဆိပ် ပျော့ပျော့ရှိလေသည်။ အညှောက်ပေါက်ခါစ အာလူးစေ့သည် အဆိပ်ပင်အုပ်စု ဝင် အပင်များ၌ ပါဝင်သော ဆော်လာနင်း(Solanine)ခေါ် အဆိပ်တစ်မျိုးပါရှိသည်။ စားသုံးမိပါက အော့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ ခေါင်းကိုက်ခြင်း၊ ထုံထိုင်းခြင်း စသည်တို့ကို ဖြစ်ပေါ်စေပြီး ရေရှည်စားသုံးမိပါက နှလုံးခုန်နှုန်းနှင့် သွေးဖိအားကိုပင် ဆိုးကျိုးသက်ရောက်စေနိုင်သည်။ သို့ရာတွင် ထိုမှန်းဆချက် သည်လည်း စင်းလုံးချော မှန်ကန်သည်မဟုတ်။ အာလူးသီးမျိုးစေ့များကို စားသုံးခြင်းဖြင့် မလှုပ်နိုင် မရှားနိုင်ဖြစ်သည်အထိ ရောက်ရှိရန်ဆိုသည်မှာ အာလူးပေါင်ချိန် အမြောက်အမြား စားသုံးမိမှသာ ဖြစ်နိုင်ပါသည်။ ဂယ်လီယန် ၏ ကားပေါ်မှ ဆင်းချိန်တွင် မက်ကန်းဒလက်စ် လွယ်ထားသော ကျောပိုး အိတ်မှာ ပေါ့ပေါ့ပါးပါးပင်ရှိသည့်အချက်ကို ထောက်ချင့်၍ မက်ကန်း ဒလက်စ်အနေဖြင့် အာလူးသီးမျိုးစေ့များ သယ်ဆောင်လာခဲ့သည်ဆိုသော်မှ ဂရမ်အလေးချိန်အချို့မျှသာ ဖြစ်နိုင်ပေလိမ့်မည်။

အာလူးသီးမျိုးစေ့နှင့် ပတ်သက်၍ အထက်ပါ မှန်းဆချက်နှင့် လုံးလုံး လျားလျား ကွဲပြားသော အခြားအယူဆများ ရှိပါသေးသည်။ ထိုအယူအဆ များက အဖြစ်မှန်နှင့် ပိုမိုနီးစပ်ဟန်ရှိသည်။ သီးပင်စားပင်များအကြောင်း ရေးသားဖော်ပြထားသော Tanaina Plantlore အမည်ရ စာအုပ်၏ စာမျက်နှာ အမှတ် ၁၂၆ နှင့် ၁၂၇ တို့တွင် အလာစကာဒေသခံ ဒီနိုင်းနာ(Deni'na)အင်ဒီး ယန်းလူမျိုးတို့က အာလူးရိုင်းအပင်ဟု ခေါ်ဆိုကြသည့် အပင်တစ်မျိုးအကြောင်း ရေးသားဖော်ပြထားသည်။ ဒီနိုင်းနာအင်ဒီးယန်းတို့က မုန်လာဥနီနှင့် သဏ္ဍာန်တူသော ယင်းအပင်၏ အမြစ်ကို စိုက်ပျိုးကြသည်။ ရုက္ခဗေဒပညာရှင်တို့က Hedysarum alpinum ဟု ခေါ်ဆိုသော ထိုအာလူးရိုင်းအပင်သည် ဒေသတစ်ဝန်းရှိကျောက်စရစ်ဆန်သော မြေတွင် ပေါက်ရောက်သည်။

Tanaina Plantlore စာအုပ်အဆိုအရ “အာလူးရိုင်းပင်၏ အမြစ်သည်

ဒီနိုင်းနာအင်ဒီးယန်းတို့အတွက် အခြားသော အရိုင်းသီးများထက် ပို၍ အရေးပါသော အစားအစာဖြစ်ကြောင်း အစားအစာဖြစ်ကြောင်း၊ ဒီဇိုင်းနာတို့က အာလူးရိုင်းပင်အမြစ်ကို အစိမ်းလိုက်သော်လည်းကောင်း၊ ပြုတ်၍၊ မီးဖုတ်၍၊ ကြော်လှော်၍သော်လည်း ကောင်း စားသုံးတတ်ကြကြောင်း၊ ဆီ သို့မဟုတ် တိရစ္ဆာန်အဆီတွင် စိမ်ကာ တာရှည်ခံစေရန် သိမ်းဆည်းထားလေ့ရှိကြောင်း”သိရှိရသည်။ အာလူးရိုင်းပင် များ၏ အမြစ်ကို တူးဖော်ရန်မှာ မြေပြင်ပေါ်တွင် နှင်းများ အရည်ပျော်စပြု သည့် ဆောင်းတွင်းကာလပင်ဖြစ်ကြောင်းနှင့် နွေရာသီကာလတွင် မြေပြင်သည် ခြောက်သွေ့မာကျောကြောင်းတို့ကိုလည်း ထိုစာအုပ်တွင် ဆက်လက် ဖော်ပြ ထားသည်။

Tanaina Plantlore စာအုပ်ရေးသားသူ စာရေးဆရာမ ပရစ်ဆီလာ ရပ်ဆဲလ်ကာရီ(Priscilla Russell Kari)က စာရေးသူအား ရှင်းပြရာ၌ ဆောင်းရာသီသည် ဒီနိုင်းနာလူမျိုးစုတို့အတွက် ဒုက္ခကြီးမားသော ကာလဖြစ်ကာ အထူးသဖြင့် အတိတ်ကာလများတွင် ပိုမိုခက်ခဲပင်ပန်းကြရကြောင်း ပြောပြ သည်။ ထိုကာလမျိုးတွင် အစားအစာအတွက် အားထားရသည့် အမဲလိုက်လည်း မထွက်နိုင်၊ ငါးဖမ်းခြင်းလည်း မပြုနိုင်တော့ပေ။ သို့ဖြစ်ရာ ဆောင်းရာသီနှောင်း ပိုင်း၌ ငါးများရောက်လာသည့် အချိန်အထိ အာလူးရိုင်းကိုသာ အဓိက စား စရာအဖြစ် မှီခိုကြရပေသည်။ အရသာအားဖြင့် လွန်စွာ ချိုလှပြီး ယနေ့ခေတ် တိုင်အောင်ပင် ဒီနိုင်းနာ လူမျိုးစုတို့ နှစ်သက်စွာ စားသုံးနေဆဲဖြစ်ကြောင်း ရပ်ဆဲလ်ကာရီက ရှင်းပြခဲ့သည်။

အာလူးရိုင်းပင်သည် မြေပြင်အထက်တွင် ချုံပင်သဖွယ်ရှိပြီး နှစ်ပေ ခန့် အမြင့်ရှိသည်။ ရိုးတံတွင် ပွင့်သော ပန်းပွင့်များက ပဲနွယ်ပင်တစ်မျိုးမှ အပွင့်ငယ်လေးများနှင့် သဏ္ဍာန်တူသည်။ ကာရီ၏ စာအုပ်ပါ ဖော်ပြချက်အရ မက်ကန်းဒလက်စ်သည် ဇွန်လ ၂၄ ရက်နေ့တွင် အာလူးရိုင်းအမြစ်များကို စတင်တူးဖော်ကာ ဘေးအန္တရာယ်တစ်စုံတစ်ရာ မကျရောက်ဘဲ စားသုံးခဲ့လေ သည်။ ဇူလိုင်လ ၁၄ ရက်နေ့တွင် အပင်မှ ပဲတောင့်နှင့်တူသော အသီးတောင့် ကို စတင်စားသုံးခဲ့သည်။ အာလူးရိုင်း အမြစ်များက စား၍ မရနိုင်လောက် အောင် မာကျောနေသောကြောင့် ထိုအသီးတောင့်များကို စားသုံးခဲ့ခြင်းဖြစ်ဟန်ရှိသည်။ ထိုအချိန်ခန့်က မက်ကန်းဒလက်စ် ရိုက်ကူးခဲ့သော ဓာတ်ပုံတစ်ပုံ တွင် တစ်ဂါလန်ဝင် ဇစ်တပ်ပလတ်စတစ်အိတ်တစ်လုံး၌ ထိုအသီးတောင့်မှ အစေ့များ အပြည့်ထည့်ထားပုံကို မြင်တွေ့ရသည်။ ထို့နောက် ဇူလိုင်လ ၃၀ ရက်နေ့တွင် “အရမ်းအားနည်း။ အာလူးသီးအစေ့ပြဿနာ”ဟု သူက ရေးသား ဖော်ပြခဲ့သည်။

Tanaina Plantlore စာအုပ်မှ အာလူးရိုင်းအကြောင်း ဖော်ပြထားသော စာမျက်နှာ၏ နောက်တစ်မျက်နှာတွင် Hedysarum Mackenzii ဟု ရုက္ခဗေဒ အမည်ရသည့် ပဲနွယ်ပင်တစ်မျိုးနှင့် လွန်စွာမှပင် နီးစပ်တူညီသည့် မျိုးစိတ်

တစ်ခုအကြောင်း ရေးသားဖော်ပြထားသည်။ ထိုအလေ့ကျ ပဲနွယ်ပင်သည် အရွယ်အစားအားဖြင့် အာလူးရိုင်း အပင်ထက် မဆိုစလောက် ငယ်ရွယ်သော် လည်း ပုံသဏ္ဍာန်အားဖြင့် များစွာဆင်တူသည့်အလျောက် ကျွမ်းကျင်သော ရုက္ခဗေဒပညာရှင်များပင်လျှင် ရံဖန်ရံခါ ခွဲခြားရန် အခက်တွေ့တတ်သည်။ ထိုအပင်နှစ်မျိုးကို ခွဲခြားနိုင်သည့် တစ်ခုတည်းသော အချက်မှာ အာလူးရိုင်းပင် ၏ သေးငယ်သော အစိမ်းရောင်အရွက်များ၏ အောက်ဘက်၌ ဘေးသို့ ဖြာ ထွက်နေသော အကြောများကို ထင်ရှားစွာ မြင်တွေ့ရကာ ပဲနွယ်ပင်အရွက် တွင်မူ ထိုအကြောများကို မမြင်နိုင်ပေ။

အလေ့ကျ ပဲနွယ်ပင်နှင့် အာလူးရိုင်းပင်တို့မှာ ခွဲခြားရန် ခက်ခဲလှ သည့်အပြင် "ပဲနွယ်ပင်သည် အဆိပ်ရှိသောအပင်ဖြစ်သဖြင့် အာလူးရိုင်းအား စားသုံးမည်ဆိုပါက ယင်းအပင်နှစ်ပင်အား မှန်ကန်စွာ ခွဲခြားတတ်ရန် အထူး ဂရုပြုရမည်"ဖြစ်ကြောင်း ကာရီ၏ စာအုပ်တွင် သတိပေး ဖော်ပြထားသည်။ ခေတ်ပေါ် ဆေးပညာ စာပေများ၌ H.Mackenzii ခေါ် အလေ့ကျ ပဲနွယ်ပင် များကို စားသုံးခြင်းဖြင့် အဆိပ်သင့်သည့် လူနာများအကြောင်း ရေးသားဖော်ပြ ထားခြင်း မရှိသော်လည်း မြောက်ပိုင်းဒေသတွင် ရှေးအတီတေကပင် နေထိုင်ခဲ့ ကြသော ဒေသခံတို့ကမူ အဆိုပါ ပဲနွယ်ပင်သည် အဆိပ်ရှိကြောင်း နှစ်ပေါင်း များစွာ အလျင်ကပင် သိရှိခဲ့ကြပြီးဖြစ်သည့်တိုင် H. alpinum ခေါ် အာလူးရိုင်းနှင့် H.Mackenzii ခေါ် ပဲနွယ်ပင်တို့ကို မှားယွင်း စားသုံးမိခြင်းမရှိစေရန် အထူး တလည် ဂရုစိုက်ကြရဆဲဖြစ်သည်။

အလေ့ကျပဲနွယ်ပင်ကြောင့် အဆိပ်သင့်မှု မှတ်တမ်းကို ရှာဖွေနိုင်ရန် အတွက် ၁၉ ရာစုခေတ် အာတိတ်ဒေသ စူးစမ်းလေ့လာရေး နှစ်စဉ်မှတ်တမ်း များအား စာရေးသူ ရှာဖွေကြည့်ရှုခဲ့ရသည်။ ထိုသို့ ရှာဖွေရာတွင် ကျော်ကြား သော စကော့လူမျိုး ခွဲစိတ်အထူးကုဆရာဝန်လည်းဖြစ်၊ သဘာဝတ္ထပညာရှင်လည်းဖြစ်၊ နယ်မြေသစ် စူးစမ်းလေ့လာရေးသမားလည်းဖြစ်သူ ဆာဂျွန်ရစ်ချတ် ဆင်(Sir John Richardson)၏ မှတ်တမ်းများ၌ စာရေးသူ ရှာဖွေနေသော အချက်အလက်များကို တွေ့ရှိရသည်။ သူသည် ဆာဂျွန်ဖရန်ကလင်၏ ကံ မကောင်းသော စူးစမ်းလေ့လာရေး ခရီးစဉ်များအနက်မှ ပထမခရီးစဉ်နှစ်ခုတွင် အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့ပြီး နှစ်ကြိမ်လုံးပင် အသက်မသေ လွတ်မြောက်လာခဲ့သူ ဖြစ်သည်။ ပထမခရီးစဉ်အတွင်း အဖွဲ့ဝင်ချင်း သတ်ဖြတ်ကာ အသားစားခဲ့သည် ဟု ယုံကြည်ရသည့်သူအား သေနတ်ဖြင့် ပစ်ခတ် အဆုံးစီရင်ခဲ့သူလည်းဖြစ် သည်။ ထို့အပြင် ရစ်ချတ်ဆင်သည် အိပ်ချ်မက်ကင်းဇီခေါ် အလေ့ကျပဲနွယ်ပင် အကြောင်း သိပ္ပံနည်းကျ ပထမဆုံး ထုတ်ဖော်ရေးသားကာ ထိုအပင်၏ ရုက္ခဗေဒအမည်ကို ပေးခဲ့သူဖြစ်ခြင်းကြောင့် ရုက္ခဗေဒပညာရှင်တစ်ဦး ဖြစ်သည် ဟုလည်း ဆိုနိုင်ပါသည်။ ၁၈၄၈ ခုနှစ်တွင် ထိုစဉ်က ပျောက်ဆုံးခဲ့ပြီးဖြစ်သော ဖရန်ကလင်အား ကနေဒီယံ အာတိတ်ဒေသဘက်တွင် ရှာဖွေရေးထွက်သည့်

ခရီးစဉ်ကို ဦးဆောင်ခဲ့သူ ရစ်ချတ်ဆင်သည် အိပ်ချ်အယ်လ်ပီနမ်(အာလူးရိုင်း) နှင့် အိပ်ချ်မက်ကင်းဇီ(ပဲနွယ်ပင်)တို့ကို ရက္ခဗေဒဆိုင်ရာ နှိုင်းယှဉ်လေ့လာချက် တစ်ရပ် ရေးသားဖော်ပြခဲ့သည်။ သူ၏ ဂျာနယ်မှတ်တမ်း၌ ဤသို့ ရေးသား ဖော်ပြထားသည်ကို တွေ့ရသည်။

(အိပ်ချ်အယ်လ်ပီနမ်သည်) ရှည်လျား၍ ကွေးညွှတ်နိုင်သော အမြစ်ရှိပြီး အရသာအားဖြင့် နွယ်ချိုကဲ့သို့ ချိုသည်။ ဒေသခံတို့က ဆောင်းရာသီတွင် အများဆုံး စားသုံးကြလေ့ရှိသည်။ သို့ရာတွင် ဆောင်းရာသီ ရင့်လာသည့်အခါ သစ်သားကဲ့သို့ မာကျောလာပြီး ယင်းတို့၏ အရည်ရွှမ်းခြင်း၊ ကြွပ်ရွခြင်းတို့ကို ဆုံးရှုံးကြသည်။ အပွင့်ပို၍ ကြီးသော်လည်း(အိပ်ချ်အယ်လ်ပီနမ်)ကဲ့သို့ လှပခြင်းမရှိသည့် အိပ်ချ်မက်ကင်းဇီ၏ အမြစ်သည် ဖြူရော်ရော် အဆင်းရှိပြီး မြေပြင်မှ အထက်သို့ ကော့တက်နေတတ်ကာ လူတို့စားသုံးမိပါက အဆိပ်အတောက်ဖြစ်စေသည်။ ကနေဒါနိုင်ငံ၊ ဖို့တ်ဆင်မဆင် (Fort Simpson)ကျေးရွာတွင် နေထိုင်သည့် ဒေသခံ အင်ဒီးယန်း အမျိုး သမီးတစ်ဦးသည် အိပ်ချ်မက်ကင်းဇီကို အိပ်ချ်အယ်လ်ပီနမ်နှင့် မှား ယွင်းစားသုံးမိသဖြင့် အသက်ဆုံးရှုံးလုနီးပါး ဝေဒနာခံစားခဲ့ရသည်။ ကံကောင်းထောက်မသည်မှာ အိပ်ချ်မက်ကင်းဇီသည် အော့အန်စေ တတ်သော အာနိသင်ရှိနေခြင်းပင်ဖြစ်သည်။ အော့အန်ခြင်းအားဖြင့် စားသုံးသမျှ အားလုံး ဝမ်းဗိုက်အတွင်းသို့ မရောက်ရှိခဲ့ပေ။ ယခုအခါထိုအမျိုးသမီးမှာ ပြန်လည် ကျန်းမာလာနေပြီဖြစ်သော် လည်း နာလန်ထပုံမှာ အားရဖွယ်ရာမရှိပါ။

ခရစ္စမက်ကန်းဒလက်စ်သည်လည်း ထိုအင်ဒီးယန်းအမျိုးသမီးကဲ့သို့ ပင် မှားယွင်းစားသုံးမှုဖြစ်ကာ မလှုပ်နိုင်မယှက်နိုင် ဝေဒနာခံစားခဲ့ရသည်ဟု အလွယ်တကူပင် စဉ်းစားနိုင်ပါသည်။ ရသမျှသော သက်သေအထောက် အထားများအရ မက်ကန်းဒလက်စ်သည် သဘာဝတရား၏ ဘေးအန္တရာယ်များ ကို ကောင်းစွာ သတိပြု ဆင်ခြင်မှုမရှိဘဲ အပင်တစ်ပင်နှင့်တစ်ပင် အမှတ်မှား ကာ မဆင်မခြင် စားသုံးမှုကြောင့် အသက်ပင် သေဆုံးခဲ့ရသည်ဆိုခြင်းမှာ သံသယအနည်းငယ်ဖြစ်ရန် ရှိပေသည်။ “သည်အောက်ဆိုဒ်”မဂ္ဂဇင်း၌ စာရေးသူ ရေးသားခဲ့သည့် ဆောင်းပါးတွင် မက်ကန်းဒလက်စ် သေဆုံးရခြင်းမှာ အိပ်ချ် မက်ကင်းဇီခေါ် ပဲနွယ်ပင်ကြောင့် ဖြစ်သည်ဟု အခိုင်အမာ ရေးသားဖော်ပြခဲ့ သည်။ မက်ကန်းဒလက်စ် သေဆုံးမှုအကြောင်း ရေးသားထားသည့် အခြား သော ဆောင်းပါးရှင်တို့သည်လည်း စာရေးသူနှင့် အလားတူ ကောက်ချက်ကို ပင် ဆွဲခဲ့ကြသည်။

သို့ရာတွင် ထိုဆောင်းပါး ဖော်ပြပြီး လအတန်ကြာမြင့်သောအခါ စာရေးသူသည် မက်ကန်းဒလက်စ် သေဆုံးမှုအကြောင်းကို ပို၍ အလေးအနက် စဉ်းစားမိလာကာ မူလအယူအဆမှာ ကျိုးကြောင်းဆီလျော်မှု အားနည်းသည်ဟု ထင်မြင်လာခဲ့သည်။ မက်ကန်းဒလက်စ်သည် ဇူလိုင်လ ၂၄ ရက်နေ့မှ စတင် ကာ အာလူးရိုင်းအမြစ်များကို သီတင်းသုံးပတ်တိုင်တိုင် တူးဖော်ပြီး ပဲနွယ်ပင် အမြစ်နှင့် မှားယွင်းမှုမရှိဘဲ ဒါဇင်နှင့်ချီ၍ စားသုံးခဲ့ပြီးဖြစ်သည်။ ဇူလိုင် ၁၄ ရက်နေ့တွင်

အမြစ်များအစား အသီးတောင့်အတွင်းမှ အစေ့များကို သူက စတင်စုဆောင်းလာခဲ့သည်။ ထိုအချိန်မှပင် မျိုးစိတ်နှစ်ခုကို ရုတ်တရက် ဝေခွဲမရခဲ့ခြင်းပေလား။

မက်ကန်းဒလက်စ်သည် အဆိပ်အတောက်ရှိသော အိပ်ချ်မက်ကင်းဇီ အား ဂရုတစိုက် ရှောင်ရှားကာ ယင်းအပင်၏ အစေ့ကိုသော်လည်းကောင်း၊ အခြား မည်သည့်အစိတ်အပိုင်းမျှကိုသော်လည်းကောင်း စားသုံးခဲ့ခြင်းမရှိဟု စာရေးသူ ၏ စိတ်တွင် ယုံကြည်မှုက တစ်စထက်တစ်စ တိုးပွားလာသည်။ စင်စစ်တွင် သူသည် အဆိပ်သင့်ခဲ့ခြင်းဖြစ်သော်လည်း သူ၏အသက်ကို နုတ်ယူသွားသည် က အလေ့ကျပေါက်သော ပဲနွယ်ပင်မဟုတ်ပါ။ မက်ကန်းဒလက်စ်ထံ သေခြင်း တရားကို သယ်ဆောင်သူက အိပ်ချ်အယ်လ်ပီနမ်ခေါ် အလေ့ကျ အာလူးရိုင်း ပင်သာဖြစ်သည်။

ဒီနိုင်းနာအင်ဒီးယန်း လူမျိုးစုတို့ နေထိုင်ရာဒေသမှ လူတို့ စားသုံးနိုင်သော သီးပင်စားပင်များအကြောင်း ရေးသားဖော်ပြထားသည့် Tanaina Plantlore စာအုပ်တွင် အဆိပ်အတောက်မရှိသည့် မျိုးစိတ်အဖြစ် ရှင်းလင်းစွာ ဖော်ပြထားသော အိပ်ချ်အယ်လ်ပီနမ်မျိုးစိတ်ပင် ဖြစ်သည်။

အဆိုပါ စာအုပ်တွင် အာလူးရိုင်းပင်၏ အမြစ်သည် လူတို့ စားသုံးနိုင် သော အမြစ်ဖြစ်ကြောင်း ဖော်ပြထားသော်လည်း အသီးတောင့်တွင် ပါရှိသော အစေ့များကိုမူ လူတို့စားသုံးနိုင်ခြင်း ရှိမရှိ ဖော်ပြမထားပါ။ ထိုအစေ့များက အဆိပ်ရှိသည်ဟူ၍လည်း ဖော်ပြထားခြင်း မရှိပေ။ မက်ကန်းဒလက်စ်ဘက်မှ မျှတစွာ တွေးကြည့်မည်ဆိုပါက ပုံနှိပ်ထုတ်ဝေပြီးသမျှသော စာအုပ်စာတမ်းများ တွင် အိပ်ချ်အယ်လ်ပီနမ်၏ အစေ့သည် အဆိပ်ရှိကြောင်း တစ်ကြိမ်တစ်ခါမျှ ဖော်ပြထားဖူးခြင်း မရှိသည်ကို ထောက်ပြရန်ရှိပေသည်။ ကျယ်ပြန့်စွာ ရှာဖွေ လေ့လာ သုတေသနပြုထားသော ဆေးဘက်ဆိုင်ရာနှင့် ရုက္ခဗေဒဆိုင်ရာ စာပေများတွင်လည်း အိပ်ချ်အယ်လ်ပီနမ်၏ မည်သည့် အစိတ်အပိုင်းကမျှ အဆိပ်ရှိကြောင်း ညွှန်းဆိုဖော်ပြထားခြင်း လုံးဝ မရှိပါ။

သို့ရာတွင်(အိပ်ချ်အယ်လ်ပီနမ် အပါအဝင်ဖြစ်သော လက်ဂူမင်နိုဆီ (Leguminoswe)ခေါ်) ပဲအုပ်စုသည် ရင့်မှည့်လာသောအခါ အယ်လ်ကလွိုက် (Alkaloids)ခေါ် ဓာတုဗေဒပစ္စည်းထုတ်ပေးသည့် မျိုးစိတ်ဖြစ်သည်။ ထိုဓာတု ဗေဒပစ္စည်းသည် လူနှင့် တိရစ္ဆာန်တို့အပေါ် ဆေးဝါးဆိုင်ရာ အကျိုးအာနိသင် သက်ရောက်မှုရှိလေသည်။ (မော်ဖင်း၊ ကဖင်း၊ နစ်ကိုတင်း၊ ကျူရားရီ(Curare) ခေါ် သစ်ခေါက်အစေး၊ ခပေါင်းကြီးပင်အစေ့မှ ထုတ်ယူသော စထရစ်ခနင်း (Strychnine)အဆိပ်၊ မက္ကဆီကိုနှင့် အမေရိကန်ပြည်ထောင်စုတောင်ပိုင်းဒေသ များတွင် ပေါက်ရောက်သည့် ပေယုတ်တီး ကက်တပ်စ်(Peyote Cactus)အပင် တွင် ပါရှိသည့် မူးယစ်စေတတ်ပြီး အမြင်အာရုံလွဲမှားမှု ဖြစ်ပေါ်စေတတ်သော မက်စ်ကလင်း(Mescaline)စသည်တို့သည် အယ်လ်ကလွိုက်များပင် ဖြစ်ကြ သည်။) ထို့အပြင် အယ်ကလွိုက်ထုတ်လုပ်ပေးသော မျိုးစိတ်များစွာတို့တွင်

အဆိပ်ဓာတ်သည် အပင်အတွင်း၌ ကိန်းအောင်းနေတတ်သည်။

"ပဲတောင့်ရှည်တွေ အများကြီးမှာ ဖြစ်တတ်တာက......"။ ဖဲဘန့်ခ်စ်မြို့၊ အလာစကာတက္ကသိုလ်မှ ဓာတုဗေဒဆိုင်ရာ ဂေဟာစနစ်ပညာရှင် ဂျွန်ဘရိုင်ယန့်(John Bryant)က ရှင်းပြလာခြင်းဖြစ်သည်။ "နွေရာသီနှောင်းပိုင်းရောက်လာရင် အသီးတောင့်ထဲက အစေ့တွေရဲ့ အပြင်ဘက် အခွံတွေထဲက အယ်လ်ကလွိုက်တွေကို အားကောင်းလာစေတာပဲ။ ဒီလိုအချိန်ဆိုရင် တိရစ္ဆာန်တွေက ဒီအစေ့တွေကို မစားနိုင်တော့ဘူး။ အမြစ်ကို စားလို့ရတဲ့ အပင်ရဲ့ အစေ့တွေဟာ ရာသီအလိုက် အဆိပ်ဖြစ်တယ်ဆိုတာက ပုံမှန်မဟုတ်တာတော့ မဟုတ်ဘူး။ အယ်လ်ကလွိုက်ထုတ်တဲ့ အပင်တွေမှာက ရာသီရင့်လာတဲ့အခါ အစေ့တွေထဲမှာ အဆိပ်ကို အများဆုံးတွေ့ရတတ်ပါတယ်"။

ဆူရှားနားမြစ်ကမ်းနံဘေးဆီသို့ စာရေးသူသွားရောက်ခဲ့စဉ်က ဘတ်စ်ကားနှင့် ပေအနည်းငယ်ကွာဝေးသော ဝန်းကျင်တစ်ဝိုက် ပေါက်နေသည့် အိပ်ချ်အယ်လ်ပီနမ်ပင်မှ အစေ့တောင့်များကို နမူနာအဖြစ်ယူလာကာ ပါမောက္ခဘရိုင်ယန်၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သော အလာစကာတက္ကသိုလ် ဓာတုဗေဒဌာနမှ တွမ်ကလောက်ဆဲန်(Tom Clausen)ဆိုသူထံ ပေးပို့ခဲ့သည်။ ရောင်စဉ်ကြည့် ကိရိယာဖြင့် အပြီးသတ် ဆန်းစစ်မှုရလဒ် ထွက်ပေါ်ခြင်း မရှိသော် လည်း ကလောက်စ်ဆဲန်နှင့် ယင်း၏ ဘွဲ့ရကျောင်းသားတစ်ဦးဖြစ်သူ အက်ဒါ ဝဲ့ဒ် ထရက်ဒ်ဝဲလ်(Edward Treadwell)တို့၏ ကနဦးစမ်းသပ်ချက်များအရ နမူနာယူလာသော အစေ့များတွင် အယ်လ်ကလွိုက်ပါဝင်သည့် လက္ခဏာ ရှိကြောင်း တွေ့ရှိရသည်။ ထို့အပြင် အဆိုပါ အယ်လ်ကလွိုက်သည် စိုက်ပျိုးမွေးမြူရေးသမားများနှင့် တိရစ္ဆာန်ဆေးပညာရှင်တို့က ဆဝိန်းဆိုနင်း (Swainsonine)ဟု သိရှိထားကြသော ဓာတုဗေဒပစ္စည်းဖြစ်ကာ လိုကိုဝိဒ် (Locoweed)ခေါ် မူးယစ်ထုံထိုင်းစေသော အပင်တစ်မျိုးတွင် ပါဝင်သည့် အဆိပ်တစ်မျိုးလည်းဖြစ်သည်။

အဆိပ်ရှိသော လိုကိုဝိဒ်သည် မျိုးကွဲငါးဆယ်ခန့်ရှိရာ အများစုမှာ ဟေဒစ်ဆာရမ်(Hedysarum)နှင့် နီးစပ်သော အနွယ်တူမျိုးကွဲဖြစ်သည့် အက်စ်ထရာဂလပ်စ်(Astragalus)အမျိုးအစားဖြစ်သည်။ လိုကိုဝိဒ် အဆိပ်သင့်ပါက ထင်ရှားစွာ တွေ့ရှိရသော လက္ခဏာတစ်ရပ်မှာ အာရုံကြောနှင့် ပတ်သက်သော လက္ခဏာဖြစ်သည်။ အမေရိကန် တိရစ္ဆာန်ဆေးဝါးအသင်း(American Veterinary Medicine Association)မှ ထုတ်ပြန်သော စာတမ်းတစ်စောင်အရ လိုကိုဝိဒ် အဆိပ်သင့်ခြင်း လက္ခဏာများတွင် စိတ်ဓာတ်ကျဆင်းခြင်း၊ လမ်း လျှောက်ရာတွင် ဒယိမ်းဒယိုင်ဖြစ်ခြင်း၊ လျှာထူခြင်း၊ မျက်လုံး အန်သေခြင်း၊ ကိုယ်အလေးချိန် အလွန်အမင်းကျဆင်း၍ အားအင်ချည့်နဲ့ခြင်း၊ ကြွက်သားများ ပုံမှန်လှုပ်ရှားနိုင်စွမ်း မရှိခြင်း၊(အထူးသဖြင့် စိတ်ဖိစီးမှုဒဏ်ခံလာရသည့်အခါ) ထိတ်လန့်ကြောက်ရွံ့ခြင်း စသည်တို့ ပါရှိသည်။ ထို့အပြင် အဆိပ်သင့် တိရစ္ဆာန် တို့သည် တစ်ကိုယ်တည်းသာ

သင်းကွဲနေထိုင်လာတတ်ကာ ကိုင်တွယ်ထိန်း ကျောင်းရန် ခက်ခဲလာလေ့ရှိပြီး အစာရေစာ စားသောက်ရန်လည်း ခဲယဉ်းလာသည်။

ကလောက်ဆဲန်နှင့် ထရက်ဒ်ဝဲလ်တို့၏ ရှာဖွေဖော်ထုတ်ချက်အရ အာလူးရိုင်းအစေ့များသည် ဆဝိန်းဆိုနင်းအယ်လ်ကလွိုက်နှင့် အလားတူ အဆိပ်ရှိသော ဓာတုဗေဒပစ္စည်းများ သိုလှောင်ရာနေရာဖြစ်သည်။ ယင်းတို့သည်ပင် မက်ကန်းဒလက်စ် သေဆုံးရခြင်း၏ လက်သည်ဖြစ်သည်။ ထိုအယူအဆ မှန်ကန်ပါက မက်ကန်းဒလက်စ်သည် အများဝေဖန် ပြောဆိုကြသကဲ့သို့ အဆင်အခြင်ကင်းမဲ့သူ၊ အရည်အချင်း မပြည့်ဝသူတစ်ယောက် မဟုတ်ဟု အဓိပ္ပာယ်ရသည်။ သူက ထိုအပင်နှစ်မျိုးကို အဆင်အခြင်ကင်းမဲ့စွာ မှားယွင်းခဲ့ခြင်းမဟုတ်။ သူ့အား အဆိပ်သင့်စေခဲ့သော အပင်သည် အဆိပ်မရှိသော အပင်ဟု သိရှိထားသော အပင်ဖြစ်ပြီး စင်စစ်တွင် ယင်းအပင်၏ အမြစ်များကို လည်း သီတင်းပတ်နှင့်ချီ၍ ဘေးမဖြစ်ဘဲ စားသုံးခဲ့ပြီးဖြစ်သည်။ ဆာလောင်မွတ်သိပ်နေသော အနေအထား၌ မက်ကန်းဒလက်စ်က ထိုအပင်၏ အစေ့တောင့်ကို စားခြင်းဖြင့် အမှားကျူးလွန်ခဲ့မိခြင်းဖြစ်သည်။ ရုက္ခဗေဒဆိုင်ရာ သဘောတရားများကို ကောင်းစွာ သိရှိထားသူဆိုပါက ထိုသို့စားသုံးဖြစ်မည် မဟုတ်သော်လည်း ထိုအမှားသည် အပြစ်ကင်းစင်သော အမှားသာဖြစ်သည်။ မည်သို့ပင်ဆိုစေ ထိုအမှားက သူ၏ အသက်ဆုံးရှုံးရန် ဖြစ်ခဲ့ရသည်။

ဆဝိန်းဆိုနင်း အဆိပ်သင့်ခြင်းသည် ရေရှည်ဆိုးကျိုးသက်ရောက်စေ သည်။ အယ်လ်ကလွိုက်သည် အသက်အန္တရာယ် ချက်ချင်းကျရောက်စေလေ့ မရှိ။ အဆိပ်ဓာတ်က ဂလိုင်ကိုပရိုတိန်းမက်တာဘိုလစ်ဇင်(Glycoprotein Metabolism) ခေါ် အစာမှ စွမ်းအင်စုပ်ယူသည့် စနစ်အတွက် မရှိမဖြစ် အရေးပါသော အင်ဇိုင်း(Enzyme)ခေါ် ဓာတ်ကူပစ္စည်းတစ်မျိုးကို နှောင့်နှေးစေ ရန် အဟန့်အတားပြုခြင်းအားဖြင့် ဖြည်းဖြည်းချင်း သွယ်ဝိုက်စွာ အလုပ်လုပ် သည်။ ယင်းသို့ဖြင့် ခန္ဓာကိုယ်သည် စားသောက်ထားသော အစားအစာကို အသုံးပြုနိုင်သည့် စွမ်းအင်အဖြစ်သို့ ပြောင်းလဲခြင်းမှ ဟန့်တားပိတ်ပင်ခံရသည်။ ဆပိန်းဆိုနင်း အမြောက်အမြား စားသုံးမိပါက အစာကို မည်မျှပင်စားသည်ဖြစ် စေ ဆာလောင်မြဲ ဆာလောင်နေမည်သာဖြစ်သည်။

တိရစ္ဆာန်တို့သည် လိုကိုဝိဒ် စားသုံးခြင်းကို ရပ်တန့်လိုက်ပါက ရံဖန်ရံခါတွင် ဆဝိန်းဆိုနင်း အဆိပ်သင့်ခြင်းမှ ပြန်လည် သက်သာလာနိုင်မည် ဖြစ်သော်လည်း ကျန်းမာရေးကောင်းနေသည့် အနေအထားတွင်သာ ထိုသို့ နာလန်ပြန်ထူနိုင်မည်ဖြစ်သည်။ စားသုံးမိသော အဆိပ်ကို ဆီးမှတစ်ဆင့် စွန့်ပစ်ရန်အတွက် ရနိုင်သမျှသော ဂလူးကို့စ် မော်လီကျူး သို့မဟုတ် အမိုင်နိုအက်စစ်တို့ကို ဦးစွာပေါင်းစည်းထားရသည်။ ပရိုတိန်းနှင့် သကြားဓာတ် အများအပြားရှိနေမှသာ ထိုအဆိပ်ကို ခန္ဓာကိုယ်စနစ်အတွင်းမှ စွန့်ထုတ်နိုင်မည် ဖြစ်သည်။

ပြဿနာက ”။ ပါမောက္ခ ဘရိုင်ယန့်က ပြောပြလာသည်။ “ပိန်လှီပြီး ဆာလောင်ငတ်မွတ်နေတဲ့ လူတစ်ယောက်မှာ ပရိုတိန်းနဲ့ ဂလူးကို့စ်ကို မျှဝေဖို့ရာ အပိုမရှိတာပဲ။ အဲဒီတော့ ဒီအဆိပ်ကို ခန္ဓာကိုယ်စနစ်ထဲကနေ နှင်မထုတ်နိုင်ဘူးလေ။ ဆာလောင်ငတ်မွတ်နေတဲ့ နို့တိုက်သတ္တဝါတစ်ကောင်က ကဖင်းဓာတ်လို အန္တရာယ်မရှိတာတစ်ခု စားသုံးမိမယ်ဆိုရင်တောင်မှ သာမန်ထက်ကို ပိုပြီးတော့ ပြင်းပြင်းထန်ထန် ထိခိုက်စေနိုင်တယ်။ ဘာဖြစ်လို့လဲဆို တော့ အဲဒီကဖင်းကို ခန္ဓာကိုယ်စနစ်ထဲကနေ စွန့်ထုတ်ပစ်ဖို့ရာ လုံလောက်တဲ့ အရံဂလူးကို့စ် မရှိလို့ပဲ။ အဲဒီအခါမှာ အယ်လ်ကလွိုက်က ခန္ဓာကိုယ်စနစ်ထဲ မှာ တိုးသထက် တိုးပွားလာမယ်။ မက်ကန်းဒလက်စ်ဟာ အစာငတ်လူအနေ အထားမျိုးမှာ အဲဒီအစေ့တွေကို တော်တော်များများ စားလိုက်မိမယ်ဆိုရင် ဘေးတွေ့မှာအမှန်ပဲ”။

အဆိပ်ရှိအစေ့များကြောင့် အိပ်ရာထဲလဲသွားသော မက်ကန်းဒလက်စ် က ရုတ်ခြည်း အင်အားဆုတ်ယုတ်သွားကာ လမ်းလျှောက်ရန်နှင့် သူ့အသက်ကို သူကယ်ရန်ပင် အင်အားချည့်နဲ့လွန်းနေပြီဖြစ်ကြောင်း သိရှိသွားခဲ့သည်။ အမဲပစ် ထွက်ရန်လည်း အားမရှိသဖြင့် အမဲပစ်မထွက်နိုင်၊ အသားမစားရဖြစ်ကာ လူမှာလည်း အားနည်းသထက် နည်းလာသည်။ ထိုမှတစ်ဆင့် အစာရေစာ ငတ်ပြတ်သည့်အဆင့်သို့ နီးကပ်သထက် နီးကပ်လာသည်။ သူ၏ အသက် ရှင်သန်မှာ အထိန်းအကွပ် ကင်းလွတ်သွားပြီး ထိတ်လန့်စရာ အရှိန်နှုန်းဖြင့် ချာချာလည်နေတော့သည်။

ဇူလိုင်လ ၃၁ ရက်နေ့၊ ဩဂုတ်လ ၁ ရက်နေ့တို့တွင် ဂျာနယ်မှတ်စု ရေးသွင်းထားခြင်း မရှိပေ။ ဩဂုတ်လ ၂ ရက်နေ့တွင်မူ “ကြောက်မက်ဖွယ် လေပြင်း”ဟုသာ ရေးသားထားသည်။ ဆောင်းဦးရာသီက နီးကပ်လာချေပြီ။ အပူချိန်ကလည်း ကျဆင်းလျက်ရှိသည်။ နေ့တာကလည်း သိသိသာသာပင် တိုသထက် တိုလာသည်။ ကမ္ဘာတစ်ပတ်လည်သည့်အခါတိုင်း နေ့အလင်း ရောင်ရရှိချိန်က ခုနစ်မိနစ်ခန့် လျော့နည်းလာကာ အေးမြမှောင်မိုက်ခြင်းက ခုနစ်မိနစ် ပိုတိုးလာသည်။ သီတင်းတစ်ပတ် ကာလအတွင်းမှာပင် ညတာက တစ်နာရီနီးပါး ပိုမိုရှည်လျားလာသည်။

“ရက်ပေါင်းတစ်ရာ ပြည့်မြောက်ခဲ့ပြီ”။ ဩဂုတ်လ ၅ ရက်နေ့တွင် မက်ကန်းဒလက်စ်က ထူးခြားသော မှတ်တိုင်တစ်ရပ် စိုက်ထူနိုင်ခြင်းအတွက် ဂုဏ်ယူသည့်အနေဖြင့် ဂျာနယ်မှတ်စုတွင် ဝမ်းသာအားရ ရေးသားဖော်ပြချက် ဖြစ်သည်။ “သို့သော် ဘဝတွင် အင်အားချည့်နဲ့ဆုံး အခြေအနေသို့ရောက်ရှိ။ သေခြင်းတရားက ဘွားခနဲ ပေါ်လာကာ အကြီးအကျယ် ခြိမ်းခြောက်နေပြီ။ လမ်းလျှောက်ရန်ပင် အားမရှိ။ တောကြီးကန္တာအတွင်း၌ ပိတ်မိနေပြီ။ ကစားပွဲ မဟုတ်”။

အကယ်၍ မက်ကန်းဒလက်စ်တွင်သာ အမေရိကန် ဘူမိဗေဒ သုတေ

သနဌာနမှ ထုတ်ဝေသော မြေပုံလက်ဝယ်ရှိပါက ဘတ်စ်ကားတည်ရှိရာမှ တောင်ဘက် ခြောက်မိုင်ခန့်အကွာ ဆူရှားနားမြစ် ညာဘက်တစ်နေရာ၌ အမျိုးသားဥယျာဉ် ထိန်းသိမ်းရေးဌာနစခန်းတစ်ခု ရှိသည်ကို သတိပြုမိမည်ဖြစ်သည်။ ခြောက်မိုင်ဆိုသော အကွာအဝေးသည် မက်ကန်းဒလက်စ်အနေဖြင့် ဆိုးဆိုးရွားရွား အားအင်ချည့်နဲ့နေသည့်အချိန်၌ပင် သွားရောက်နိုင်လောက်သော ခရီးအကွာအဝေးဖြစ်သည်။ ဒဲန်နာလီအမျိုးသားဥယျာဉ် နယ်မြေအတွင်း၌ရှိသော အဆိုပါ စခန်းတွင် သစ်တောဝန်ထမ်းများ ဆောင်းတွင်းဘက် လှည့်လည်စစ်ဆေးစဉ် အသုံးပြုရန် အရေးပေါ်ရိက္ခာများ၊ အိပ်ရာအသုံးအဆောင်များ၊ ရှေးဦးသူနာပြုပစ္စည်းများနှင့် ဆေးဝါးများ ထားရှိပေးထားသည်။ မြေပုံပေါ်တွင် ဖော်ပြထားခြင်းမရှိသော်လည်း ထိုစခန်းနှင့် စာပါက ဘတ်စ်ကားရှိရာနှင့် နှစ်မိုင်ခန့် ပိုနီးသော နေရာတွင် ပုဂ္ဂလိကပိုင် စခန်းထောက်နှစ်ခုရှိသည်။ ထိုစခန်းထောက်နှစ်ခုအနက် တစ်ခုမှာ ဟီလီမြို့မှ နာမည်ကျော် ခွေးဆွဲစွတ်ဖားလှည်းပြိုင်ပွဲဝင် ဝီလ်ဖော့စ်ဘာ့ဂ် (Will Forsberg)နှင့် လင်ဒါ ဖော့စ်ဘာ့ဂ်(Linda Forsberg)တို့ပိုင်သော စခန်းထောက်ဖြစ်သည်။ အခြားသော စခန်းထောက် တစ်ခုမှာ ဒဲန်နာလီ အမျိုးသားဥယျာဉ် ဝန်ထမ်းဖြစ်သူ စတီးဗ်ကာဝိုင်းလ် (Steve Carwile) ပိုင်ဆိုင်သော စခန်းထောက်ဖြစ်ကာ ထိုစခန်းထောက်တွင်လည်း စားရေရိက္ခာအချို့ ရရှိနိုင်မည်ဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုရသော် မက်ကန်းဒလက်စ်၏ အသက်ဘေးမှ လွတ်မြောက်ရေးသည် မြစ်အထက်ပိုင်းသို့ သုံးနာရီ ခြေလျင်ခရီးမျှ အကွာတွင် သာ ရှိသည်ဟု ဆိုနိုင်ပေသည်။ ဝမ်းနည်းဖွယ်ကောင်းသော ထိုအဖြစ်ကို မက်ကန်းဒလက်စ် သေဆုံးပြီးနောက်မှသာ သိရှိလာကြရသည်။ သို့ရာတွင် ထိုစခန်းများအကြောင်းကို မက်ကန်းဒလက်စ် သိထားသည့်တိုင်ပင် ယင်းတို့က သူ့အား ဘေးအန္တရာယ်ကြားမှ ဆွဲထုတ်နိုင်မည်မဟုတ်ပါ။ ပြေလလယ်ပိုင်းခန့် က ဆီးနှင်းများ အရည်ပျော်စပြုလာပြီး စွတ်ဖားလှည်းများနှင့် နှင်းတောစီးယာဉ်များ မောင်းနှင်ရန် ခက်ခဲလာသည့် အချိန်၌ နောက်ဆုံးကျန်ရှိသော စခန်းထောက်များတွင် စခန်းချနေထိုင်သူ မရှိတော့သည့်အခိုက် တစ်စုံတစ်ယောက်က ထိုစခန်းထောက်သုံးခုသို့ ဖောက်ထွင်းဝင်ရောက်ကာ ရစရာ မရှိအောင် ဖျက်လိုဖျက်ဆီး ပြုလုပ်သွားခဲ့သောကြောင့်ပင်။ စခန်းထောက်များရှိရိက္ခာများမှာ တိရစ္ဆာန်များအတွက် ဖြစ်ခဲ့ရသည့်အပြင် ရာသီဥတုဒဏ်ကြောင့် ပျက်စီးရသည်များလည်း ရှိခဲ့သည်။

အဆိုပါ စခန်းထောက်များ ဖျက်ဆီးခံရခြင်းကို ဇူလိုင်လနှောင်းပိုင်း မတိုင်ခင်အထိ မည်သူမျှ မသိရှိကြချေ။ ဇူလိုင်လနှောင်းပိုင်းတွင် တောရိုင်း တိရစ္ဆာန်တို့အကြောင်း လေ့လာသည့် ဇီဝဗေဒပညာရှင် ပေါလ်အက်ကင်ဆင် (Paul Atkinson)ဆိုသူက အောက်တားရိန့်ချ်(Outer Range)ခေါ် အပြင်ဘက် တောင်တန်းများဆီမှ ဆယ်မိုင်ခရီးကို တောတိုး၍ ဒဲန်နာလီအမျိုးသား

ဥယျာဉ်စခန်းဆီသို့ အရောက်သွားခဲ့ချိန်မှသာလျှင် အဆိုပါ ပျက်စီးမှုများကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ စခန်းထောက်များကို အကြောင်းမဲ့ ဖျက်လိုဖျက်ဆီး ပြုထားသော မြင်ကွင်းက အက်ကင်ဆင်အား ဆီးကြိုနေခဲ့သည်။ ထိုမြင်ကွင်း က သူ့ကို အထိတ်တလန့် ဖြစ်စေခဲ့သည်။ "ဒါဟာ ဝက်ဝံတွေ လက်ချက် မဟုတ်တာ သေချာတယ်"။ အက်ကင်ဆင်က ပြောပြလာသည်။ "ကျွန်တော်က ဝက်ဝံတွေအကြောင်း နားလည်တဲ့သူပါ။ အဲဒါကြောင့် ဝက်ဝံတွေဖျက်ဆီးပုံက ဘယ်လိုဆိုတာကို သိပါတယ်။ ဒီမှာမြင်ရတာက ဆိတ်ချိုတူ တစ်လက်ကိုင် ထားတဲ့ လူတစ်ယောက်က မြင်မြင်သမျှတွေကို တူနဲ့ စိတ်ရှိလက်ရှိ ရိုက်နှက် ဖျက်ဆီးထားပုံပဲ။ စခန်းအပြင်ဘက်ကို လွှင့်ပစ်ခဲ့တဲ့ မွေ့ရာပေါ်မှာ ပေါက်နေတဲ့ ဖိုင်းယားဝိဒ်အပင်ရဲ့ အရွယ်ကိုကြည့်ရတာ သီတင်းပတ် အတော်စောစော ကတည်းက အခုလို ဖျက်ဆီးခဲ့တာဖြစ်မယ်ဆိုတာ အလွယ်သိနိုင်ပါတယ်"။

"စခန်းတစ်ခုလုံးကို ဘာမှမကျန်အောင် ဖျက်ဆီးခံခဲ့ရတာပါ"။ ဝီလ် ဖော့စ်ဘာ့ဂ်ကလည်း သူ၏ စခန်းထောက် ဖျက်ဆီးခံရပုံကို ပြောပြလာသည်။ "သံနဲ့ရိုက်ပြီး အသေတပ်မထားတဲ့ ပစ္စည်းမှန်သမျှ အားလုံး ပျက်စီးခဲ့ရတယ်။ မီးအိမ်တွေလည်း အကုန်ကွဲ၊ ပြတင်းပေါက်တွေဆို လုံးလုံးကြီးကို ဖျက်ဆီးခံရ တယ်။ မွေ့ရာနဲ့ အိပ်ရာအသုံးအဆောင်တွေကို ဆွဲချပြီး အပြင်ဘက်မှာ အပုံလိုက် လွှင့်ပစ်ထားတယ်။ မျက်နှာကြက်ပြားတွေကိုလည်း ရိုက်ခွဲထား တယ်။ စက်သုံးဆီ သံပုံးတွေကို ထိုးဖောက်ထားခဲ့တယ်။ ထင်းမီးဖိုကိုလည်း သူ့နေရာကနေ ရွှေ့ပစ်ထားတယ်။ ကော်ဖီဇောခင်းကြီးတောင်မှ အားနဲ့ ဆောင့်ဆွဲ လွှင့်ပစ်ထားလို့ ဆွေးမြည့်နေပြီ။ ရိက္ခာတွေဆိုလည်း ဘာမှမကျန်တော့ဘူး။

အဲဒါကြောင့် အဲလက်စ်က ဒီစခန်းထောက်ဆီ ရောက်လာနိုင်မယ်ဆိုရင်တောင် သူ့အတွက် ဘာမှ အကူအညီမရနိုင်တော့ဘူးပေါ့။ ဒါမှမဟုတ် ဒါတွေကို သူကိုယ်တိုင် လုပ်ခဲ့တာလည်း ဖြစ်ရင်ဖြစ်မှာပေါ့"။

အဆိုပါ ဖျက်ဆီးမှုနှင့် ပတ်သက်၍ ဖော့စ်ဘာ့ဂ်က မက်ကန်း ဒလက်စ်ကို သံသယတရားခံအဖြစ် ရှုမြင်သည်။ မက်ကန်းဒလက်စ်သည် မေလ ပထမသီတင်းပတ်အတွင်းက ဘတ်စ်ကားရှိရာသို့ ရောက်ရှိလာခဲ့ပြီး သူ၏ အဖိုးထိုက်တန်လှသော တောကြီးကန္တာ အတွေ့အကြုံခရီးစဉ်အား မြို့ပြဒေသမှ လူများ ကျူးကျော်ဝင်ရောက်လာသည်ကို ဒေါသပေါက်ကွဲကာ စခန်းထောက်များကို စနစ်တကျ ဖျက်ဆီးခဲ့ခြင်းဖြင့် အမှားတစ်ရပ် ကျူးလွန်ခဲ့ ခြင်းဖြစ်ကြောင်း ဖော့စ်ဘာ့ဂ်က ယုံကြည်သည်။ သို့ရာတွင် ထိုသို့သာဆိုပါက မက်ကန်းဒလက်စ်သည် မည်သည့်အတွက်ကြောင့် ဘတ်စ်ကားကိုပါ ဖျက်ဆီး ခြင်းမပြုခဲ့ပါသလဲ ဆိုသည့် မေးခွန်းကို ထိုအယူအဆက ရှင်းမပြနိုင်ပါ။

ကာဝိုင်းလ်ကလည်း မက်ကန်းဒလက်စ်ကိုပင် သံသယဝင်သည်။ "ဒါကတော့ စိတ်ထဲမှာ အလိုလို သိနေတာမျိုးပေါ့"။ သူက ရှင်းပြလာသည်။ "သူက တောကြီးကန္တာကို လွတ်လွတ်လပ်လပ် ရှိနေစေချင်တဲ့ လူစားမျိုးပဲလို့

ကျွန်တော့်စိတ်မှာ ခံစားမိတယ်။ စခန်းထောက်တွေကို ဖျက်ဆီးတာက တော
ကြီးကန္တာကို လူတွေဆီကနေ လွတ်မြောက်စေချင်လို့ လုပ်တာပဲဖြစ်မယ်။
ဒါမှမဟုတ် အစိုးရအပေါ် တော်တော်လေး မကြိုက်၊ မနှစ်သက်လို့လည်း
ဖြစ်နိုင်တာပဲ။ အမျိုးသားဥယျာဉ်ထိန်းသိမ်းရေးဌာနရဲ့ ဆိုင်းဘုတ်ကို မြင်လိုက်ရ
တဲ့နောက်မှာ စခန်းသုံးခုလုံးကို အစိုးရပိုင်တွေလို့ မှတ်သွားတာနေမယ်။ အဲဒါ
ကြောင့် ဖိနှိပ်အုပ်ချုပ်တဲ့ အစိုးရကို ဆန့်ကျင်ပြီး အခုလို ခုတ်ထစ်ဖျက်ဆီး ပစ်တာ။
ဒါက ဖြစ်နိုင်ခြေအများကြီးရှိတယ်လေ"။

အာဏာပိုင်များဘက်ကမူ မက်ကန်းဒလက်စ်အား အဆိုပါဖျက်ဆီးမှု ၏
လက်သည်တရားခံအဖြစ် ထည့်သွင်းစဉ်းစားခြင်း မရှိပေ။ "ဘယ်သူ့လက်
ချက်လဲဆိုတာတော့ ကျွန်တော်တို့ မသိဘူး"။ ဒဲန်နာလီအမျိုးသားဥယျာဉ်၏
သစ်တောအရာရှိ အကြီးအကဲဖြစ်သူ ကင်ခဲရား(Ken Kehrer)က ပြောပြလာ
ခြင်းဖြစ်သည်။ "ဒါပေမဲ့ မက်ကန်းဒလက်စ်ကိုတော့ သံသယတရားခံအဖြစ်
ကျွန်တော်တို့ အမျိုးသားဥယျာဉ်ဌာနက မစဉ်းစားပါဘူး"။ စင်စစ်တွင် မက်
ကန်းဒလက်စ်၏ ဂျာနယ်မှတ်တမ်းများနှင့် ဓာတ်ပုံများတွင်လည်း ထိုစခန်း
ထောက်များ အနီးဝန်းကျင်သို့ သူသွားရောက်ခဲ့သည့် အထောက်အထား တစ်စုံ
တစ်ရာမျှ မတွေ့ရပေ။ မေလ အစောပိုင်းအတွင်း ဘတ်စ်ကားရှိရာမှ
ထွက်ခွာသွားခဲ့သေးသော်လည်း ရိုက်ကူးထားသော ဓာတ်ပုံများအရ ဆူရှားနားမြစ်
အကြေပိုင်းတစ်လျှောက် မြောက်ဘက်သို့ ဦးတည်သွားရောက်ခဲ့ခြင်းသာဖြစ် ပြီး
စခန်းထောက်များ တည်ရှိရာနှင့် လားရာချင်း လုံးဝဆန့်ကျင်ဘက်ပင်ဖြစ် သည်။
စခန်းထောက် အဆောက်အအုံများကို ဖျက်ဆီးခဲ့သည်ဆိုပါကလည်း သူ၏
နေ့စဉ်မှတ်တမ်းတွင် ထည့်သွင်းရေးသားကာ ကြွားလုံးထုတ်မည် မဟုတ် ဟု
တွေးတောရန် ခက်ခဲလှပါသည်။

ဩဂုတ်လ ၆၊ ၇ နှင့် ၈ ရက်နေ့များတွင် မက်ကန်းဒလက်စ်၏
ဂျာနယ်မှတ်တမ်း၌ တစ်စုံတစ်ရာ ရေးသားဖော်ပြထားခြင်းမရှိပါ။ ဩဂုတ် လ ၉
ရက်နေ့တွင်မူ ဝက်ဝံတစ်ကောင်အား ပစ်ခတ်ခဲ့သော်လည်း ထိမှန်ခြင်း မရှိကြောင်း
ရေးသားခဲ့သည်။ ဩဂုတ်လ ၁၀ ရက်နေ့တွင် ကာရီဗျူးသမင် တစ်ကောင်
တွေ့သော်လည်း မပစ်ခတ်ခဲ့ဘဲ ရှဉ့်ငါးကောင်သာ ပစ်ခတ်ရရှိခဲ့ သည်။ အကယ်၍
သူ၏ ခန္ဓာကိုယ်စနစ်အတွင်း၌ ဆဝိန်းဆိုနင်း အဆိပ်ဓာတ် က
ဒုက္ခပေးနိုင်လောက်သည်အထိ တိုးပွားနေမည်ဆိုပါကလည်း ရတနာပုံ
ဆိုက်သကဲ့သို့ ရရှိလာသော သားကောင်းငယ်များက သူ့အတွက် အာဟာရ
ပြည့်ဝစေနိုင်မည်ဖြစ်သည်။ ဩဂုတ်လ ၁၁ ရက်နေ့တွင် ခါငှက်အုပ်စုဝင်
ငှက်တစ်ကောင်ကို ပစ်ခတ်ရရှိပြီး စားဖြစ်ခဲ့သည်။ ဩဂုတ်လ ၁၂ ရက်နေ့တွင်
ဘတ်စ်ကားပေါ်မှ တရွတ်ဆွဲဆင်းကာ ဘယ်ရီသီးများ ထွက်၍ ရှာဖွေသည်။
ထိုသို့မထွက်ခွာမီ သူမရှိသည့်အခိုက် တစ်စုံတစ်ယောက် ရောက်ရှိလာပါက သူ့အား
အကူအညီပေးရန် တောင်းခံစာတစ်စောင် ရေးသားထားခဲ့သေးသည်။ ရှုရှား

စာရေးဆရာ နီကိုလိုင်ဂိုဂေါလ်(Nikolay Gogol)၏ တာရပ်စ်ဘူလ်ဘာ (Taras Bulba) အမည်ရစာအုပ်မှ ဆုတ်ဖြဲယူထားသော စာမျက်နှာထက်တွင် အင်္ဂလိပ်အက္ခရာကြီးများဖြင့် သပ်ရပ်စွာ ရေးသားထားသော စာကို အောက်ပါ အတိုင်း တွေ့ရှိရသည်။

အက်စ်အိုအက်စ်။ ကျွန်တော် အကူအညီလိုနေပါတယ်။ ဒဏ် ရာလည်း ရထားတယ်။ သေလုမြောပါးပါပဲ။ ဒီကနေ လမ်းလျှောက် ထွက်သွားဖို့ရာ အားကလည်း အရမ်းနည်းနေတယ်။ ကျွန်တော် တစ်ယောက်တည်းပါ။ နောက်နေတာ မဟုတ်ပါဘူး။ ဘုရားသခင် နာမတော်အားဖြင့် ကျေးဇူးပြုပြီး ကျွန်တော့်အသက်ကို ကယ်တင် ပေးကြပါ။ အနီးဝန်းကျင်က ကောက်ထားတဲ့ ဘယ်ရီသီးတွေလည်း စားလို့ကုန်ပြီ။ ကျွန်တော် ဒီညနေ ပြန်လာခဲ့မှာပါ။ ကျေးဇူးတင်ပါ တယ်။

စာအဆုံးတွင် သူက "ခရစ္စမက်ကန်းဒလက်စ်။ ဩဂုတ်လလားတော့ မသိဘူး"ဟူ၍ ရေးသားကာ လက်မှတ်ထိုးထားသည်။ ရင်ဆိုင်နေရသော အကျပ်အတည်း၏ အင်အားကို ရိပ်စားမိသော မက်ကန်းဒလက်စ်က နှစ်နှင့်ချီ ၍ ဂုဏ်ယူဝင့်ကြွားစွာ ခံယူသုံးစွဲခဲ့သော အလက်ဇန္ဒားစူပါထရမ့်ပ်ဆိုသည့် အမည်ကို စွန့်လွှတ်ကာ မိဘများက မွေးကတည်းကပင် မှည့်ခေါ်ခဲ့သော အမည်ရင်းကို သုံးစွဲလာခဲ့သည်။

အလာစကာဒေသခံ အများအပြားက အံ့အားသင့်စရာ ဖြစ်ရသည့် အချက်မှာ ဤမျှ မျှော်လင့်ချက်ကင်းမဲ့နေသော အခြေအနေတွင် မက်ကန်း ဒလက်စ်က မည်သည့်အတွက် ဒုက္ခရောက်နေကြောင်း အချက်ပေးသင်္ကေတ အဖြစ် တောမီး မရှို့ခဲ့ရသလဲဆိုသည့် အချက်ပင်။ ဘတ်စ်ကားပေါ်၌ မီးဖိုမီးမွေး ရန် ဆောင်ထားသော စက်သုံးဆီနှစ်ဂါလန်နီးပါးမျှ ရှိသည်။ တောကြီးကန္တာ အပေါ်မှ ဖြတ်ကျော်ပျံသန်းနေသော လေယာဉ်များ သတိပြုမိလောက်သည်အထိကြီးမားသော တောမီးကို ရှို့ရန်အရေးမှာ လွယ်ကူရိုးရှင်းသော ကိစ္စတစ်ရပ် မဟုတ်ဟု ဆိုနိုင်သော်လည်း အနည်းဆုံးအားဖြင့် ညွှန်တောထဲတွင် အရေးပေါ် အသက်ကယ်ဆယ်ရေး အချက်ပြမီးမျှလောက်ကိုမူ ရှို့ပြသင့်ပေသည်။

သို့ရာတွင် အခြားတစ်ဖက်မှ စဉ်းစားကြည့်ပါက ဘတ်စ်ကားတည် ရှိရာသည် ပုံမှန်လေယာဉ်ပျံသန်းရာ လမ်းကြောင်းအောက်တွင် မရှိဘဲ ထိုနေရာ သို့ ဖြတ်ကျော်ပျံသန်းသည့် လေယာဉ်အရေအတွက်မှာ နည်းပါးလွန်းလှသည်။ ဆတမ့်ပ်ပိဒ်ထရေးလ် တောလမ်းအတွင်း စာရေးသူတို့ လေးရက်တိုင်တိုင်ရှိနေစဉ် အမြင့်ပေ နှစ်သောင်းခွဲအထက်မှ ပျံသန်းသော ဂျက်လေယာဉ်ကြီးများမှ အပ အခြား မည်သည့်လေယာဉ်တစ်စင်းတလေမျှ မြင်တွေ့ခဲ့ရခြင်းမရှိ။ လေ ယာဉ်ငယ်လေးများက ဘတ်စ်ကားရှိရာ မြင်ကွင်းမှ တစ်ချိန်မဟုတ်တစ်ချိန် တွင် ဖြတ်ကျော်ပျံသန်းမည်မှာ သံသယဖြစ်ရန်မရှိ။ မက်ကန်းဒလက်စ်အနေ ဖြင့်လည်း လေယာဉ်ငယ်တို့က သတိပြုမိစေရန် အတန်အသင့်ကြီးမားသော တောမီးကို ရှို့ကောင်းရှို့ခဲ့မည် ဖြစ်သည်။ သို့ရာတွင် သူ၏ ညီမဖြစ်သူ

ကယ်ရင်းမက်ကန်းဒလက်စ်က "ခရစ္စဟာ တောမီးကို တမင်တကာ ရည်ရွယ် ချက်တစ်ခုခုနဲ့တော့ ဘယ်တော့မှ ရှို့မှာ မဟုတ်ဘူး။ သူ့အသက်ကို ကယ်တင် ဖို့အတွက်ဆိုရင်တောင် သူက ရှို့မှာ မဟုတ်ဘူး။ အဲဒီလို တောမီးရှို့အချက်ပြဖို့ အကြံပြုတဲ့သူတွေဟာ ကျွန်မရဲ့ အစ်ကိုအပေါ် ပထမဆုံး နားလည်ရမည့် အချက်ကို မသိကြသူတွေပါပဲ"ဟု ထောက်ပြသွားခဲ့သည်။

အစာရေစာငတ်ပြတ်၍ သေဆုံးရသည်မှာ ဘဝင်ကျစရာမရှိပါ။ ငတ်မွတ်ခြင်း အဆင့်မြင့်သထက် မြင့်လာသည့်အခါ ခန္ဓာကိုယ်က ကိုယ့်ကိုယ် ကို လောင်မြိုက်လာစေသည့် အစာရေစာငတ်သူတစ်ဦးသည် ကြွက်သားများ နာကျင်ခြင်း၊ နှလုံးခုန်သံမမှန်ခြင်း၊ ဆံပင်ကျွတ်ခြင်း၊ ခေါင်းမူးခြင်း၊ အသက်ရှူ မဝခြင်း၊ အအေးဒဏ်မခံနိုင်ခြင်း၊ ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်ခြင်း စသည့် ဝေဒနာများကို ခံစားရမည်ဖြစ်သည်။ အသားအရေက ဖြူဖပ်ဖြူရော် ဖြစ်လာမည်။ အာဟာရဖြစ်သော အစားအစာများ မစားရသည့်အခါ ဦးနှောက် အတွင်း၌ ဓာတုဗေဒမညီမျှမှုများ ဖြစ်ပေါ်လာပြီး အကြောဆွဲခြင်း၊ အမြင်အာရုံ လွဲမှား၍ ထင်ယောင်ထင်မှားဖြစ်ခြင်း အပါအဝင် အခြားသော ဝေဒနာများ လည်း ခံစားရနိုင်ပေသည်။ အစာရေစာ ငတ်ပြတ်ခြင်းကို အဆုံးစွန်ရောက်သည် အထိ ခံစားခဲ့ရပြီးမှ ပြန်လည် လွတ်မြောက်လာခဲ့သူ အချို့၏ ပြောကြားချက် အရ အစာရေစာငတ်ပြတ်ခြင်း အဆုံးစွန်အဆင့်သို့ ဆိုက်ရောက်လုနီးလာချိန် တွင် ဆာလောင်မှု ကွယ်ပျောက်သွားကာ နာကျင်သည့်ဝေဒနာလည်း ပြိုကွဲပြီး ယင်းတို့အစား အံ့သြဖွယ်ရာ ဝမ်းသာပီတိတစ်ရပ်က အစားထိုး ဝင်ရောက်လာ ကြောင်း သိရှိရသည်။ အန္တရာယ်နယ်နိမိတ်ကို ကျော်လွန်ဖြစ်ပေါ်လာသော စိတ်၏ ကြည်လင်မှုနှင့် တွဲဖက်ဝင်ရောက်လာသည့် ဝမ်းသာပီတိမျိုးပင်ဖြစ် သည်။ မက်ကန်းဒလက်စ်သည်လည်း အလားတူ ပီတိမျိုးဖြင့် ကြုံတွေ့ခဲ့ခြင်း ဖြစ်မည်ဟု ယူဆနိုင်ပါသည်။

ဩဂုတ်လ ၁၂ ရက်နေ့တွင် သူ၏ ဂျာနယ်၌ နောက်ဆုံး ရေးသွင်း ချက်ကို ရေးသားခဲ့သည်။ "လှပသော ဘလူးဘယ်ရီသီးများ"ဟု ရေးသွားခဲ့ ခြင်းပင်။ ဩဂုတ်လ ၁၃ ရက်မှ ဩဂုတ်လ ၁၈ ရက်နေ့ ကာလအတွင်း နေ့ရက်များကို မှတ်သားထားသည်မှအပ မည်သည့်ရေးသားချက်မျှ မရှိပါ။ ထိုသီတင်းပတ် ရက်တစ်ရက်၌ မက်ကန်းဒလက်စ်က လူဝီလမူး (Louis L'Amour)၏ ကိုယ်တွေ့မှတ်တမ်းစာအုပ်ဖြစ်သော Education of a Wandering Man စာအုပ်မှ နောက်ဆုံးစာမျက်နှာကို ဆုတ်ယူခဲ့သည်။ စာမျက် နှာတစ်ဖက်တွင် အမေရိကန်ကဗျာဆရာ ရော်ဘင်ဆင်ဂျက်ဖားစ်(Robinson Jeffers) Wise Men in Their Bad Hours အမည်ရ ကဗျာကို လူဝီလမူးက ကိုးကားဖော်ပြထားသည်။ ကဗျာခေါင်းစဉ်မှာ "ကံဆိုးမိုးမှောင်ကျနေသည့် ပညာရှိများ"ဟု အဓိပ္ပာယ်ရပေသည်။

သေခြင်းတရားသည် ရက်စက်ကြမ်းကြုတ်သော တေးဆိုငှက် တစ်ကောင်အလား။

သို့သော် ကြွက်သားနှင့် အရိုးများထက် ရာစု နှစ်များစွာနှင့် ပို၍ ညီမျှသော တစ်စုံတစ်ခုကို လုပ်ဆောင်ပြီး သေဆုံးရန် ဆိုသည်မှာ အားနည်းပျော့ညံ့မှုကို စွန့်ပစ်ခြင်းသာဖြစ် သည်။ တောင်တို့သည် အသက်ဝိညာဉ်ကင်းမဲ့သော ကျောက်တုံး များပင်။ ယင်းတို့၏ မြင့်မားမှု၊ မထီလေးစားနိုင်လှသော တိတ်ဆိတ် ငြိမ်သက်မှုတို့ကို လူတို့က ချီးမွမ်းကြ၊ ရှုံကြ၊ မုန်းကြသည်။ သို့ တိုင်အောင် ထိုတောင်များက ပျော့ပျောင်းခြင်းမရှိ၊ ဒုက္ခဟူသည် နတ္ထိ။ သေလွန်ပြီးသူ အချို့၏ အတွေးများသည်လည်း တူညီသော စိတ်ထားရှိကြသည့်အလား။

ထိုစာရွက်၏ နောက်ကျောဘက်မှ စာမျက်နှာအလွတ်ပေါ်တွင် မက်ကန်းဒလက်စ်က သူ၏ နှုတ်ဆက်စကားကို ခပ်တိုတိုပင် ရေးသားထားခဲ့ သည်။ “ဘုရားသခင် ဂုဏ်ကျေးဇူးတော်ကြောင့် ပျော်ရွှင်စရာ ဘဝလေးတစ်ခု ကျွန်တော် ရရှိခဲ့ပါတယ်။ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်။ ဘုရားသခင် ကောင်းချီးပေးတော်မူပါစေ”။

ထို့နောက် သူ၏ မိခင်ကိုယ်တိုင် ချုပ်ပေးလိုက်သော ခရီးဆောင် အိပ်ရာအိတ်အတွင်းသို့ မက်ကန်းဒလက်စ်က တွားဝင်ကာ သတိကင်းမဲ့သွားခဲ့ ရတော့သည်။ မက်ကန်းဒလက်စ်သည် တောကြီးကန္တာအတွင်းသို့ ဝင်ရောက် လာပြီး ရက်ပေါင်း ၁၁၂ ရက်အကြာ၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ကွယ်လွန် ခဲ့ပုံရသည်။ အလာစကာဒေသခံ ခြောက်ဦးတို့က ဘတ်စ်ကားဆီသို့ ရောက်ရှိကာ အတွင်းမှ သူ၏ ရုပ်အလောင်းကို မတွေ့မီ ၁၉ ရက် အရင်ကပင် ကွယ်လွန်ခဲ့ရခြင်းဖြစ်သည်။

သူ၏ နောက်ဆုံးလုပ်ဆောင်ချက်မှာ သူ့ကိုယ်သူ ဓာတ်ပုံရိုက်ကူးသွား ခဲ့ခြင်းပင်ဖြစ်သည်။ အလာစကာ မိုးကောင်းကင်အောက်ဝယ် ဘတ်စ်ကားကြီး အနီး၌ မတ်တတ်ရပ်နေသည့် မက်ကန်းဒလက်စ်က သူ၏ နောက်ဆုံးမှတ်စု စာရွက်ကို လက်တစ်ဖက်ဖြင့် ကိုင်ကာ ကင်မရာဘက်သို့ လှည့်ပြထားပြီး ကျန်လက်တစ်ဖက်က နောက်ဆုံး နှုတ်ဆက်လမ်းခွဲခြင်းအဖြစ် ရဲရင့်ဝမ်း မြောက် ရွှင်ပျစွာ မြှောက်ပြနှုတ်ဆက်နေဟန် ဓာတ်ပုံရိုက်ကူးသွားခြင်းပင်။ သူ၏ မျက်နှာမှာ ထိတ်လန့်စရာကောင်းလောက်အောင် ချောင်ကျကာ အရိုးပေါ် အရေတင်ဖြစ်နေသည်။ အသက်အရွယ်အားဖြင့် ငယ်ရွယ်သေးခြင်း၊ တစ် ယောက်တည်း အထီးကျန်ခြင်း၊ သူ့ခန္ဓာကိုယ်၏ ဖောက်ပြန်မှုနှင့် ကြုံရခြင်း၊ သူ၏ စိတ်ဆန္ဒကြောင့် ကျဆုံးရခြင်း စသည့်အကြောင်းများကြောင့် သူ၏ ခက်ခဲလှသော နောက်ဆုံး အချိန်နာရီများအတွင်း သူ့ကိုယ်သူ သနားစိတ်ဝင်ခဲ့ မည် ဆိုပါလျှင်လည်း ထိုဓာတ်ပုံပေါ်တွင် ပေါ်လွင်ထင်ရှားခြင်းမရှိပါ။ သူကဓာတ်ပုံထဲတွင် ပြုံးရယ်လျက်ရှိသည့်အပြင် မျက်လုံးများတွင်လည်း မှားယွင်းမှု တစ်စုံတစ်ရာ မြင်တွေ့ရခြင်းမရှိပါ။ ခရစ္စမက်ကန်းဒလက်စ်သည် ဘုရားသခင် ၏ ခေါ်ယူတော်မူခြင်း ခံယူရသော ရသေ့သူတော်စင်တစ်ပါးအလား အေးချမ်း တည်ငြိမ် တိတ်ဆိတ်စွာ ထွက်ခွာသွားရှာလေပြီ။

နိဂုံး

နောက်ဆုံး ကြွင်းကျန်ရစ်သော ဝမ်းနည်းဖွယ် အမှတ်တရတို့သည် အတွေးစိတ်ကူးထဲ၌ ရုပ်တိုက်ပြေးလွှား ရစ်ဝဲနေဆဲ။ ရံဖန်ရံခါတွင် လေဟုန် ထက်မှ မြူခိုးမြူငွေ့တို့အလား တောက်ပသော နေရောင်ကို ဖယ်ခွာ၊ ပျော်ရွှင် ခဲ့ရသော အချိန်များအား အမှတ်ရနေခြင်းကို အေးစက်စေလျက် လေဟုန်စီး လွင့်ပါသွားသည်။ စကားလုံးများဖြင့်ပင် ဖော်မပြနိုင်အောင် ခမ်းနားသော ပျော်ရွှင်မှုများ ရှိသကဲ့သို့ ကျွန်ုပ်ကိုယ်တိုင်ပင် တွေးတောရဲခြင်းမရှိသော ဝမ်းနည်းကြေကွဲမှုများလည်း ရှိပေသေးသည်။ ထိုသို့သော ပျော်ရွှင်မှုနှင့် ဝမ်းနည်းကြေကွဲမှုများကို ရင်ဝယ်ပိုက်ထားသည့် ကျွန်ုပ်က ပြောပြလိုပါသည်။ "သင်ဆန္ဒရှိပါက တောင်ပေါ်ကိုတက်ပါ။ သို့သော် ရဲစွမ်းသတ္တိနှင့် ခွန်အား တို့သည် တွေးခေါ်မြော်မြင်နိုင်စွမ်း မရှိပါက အချည်းနှီးသာ ဖြစ်သည်ကို သတိရပါ။ မျက်စိတစ်မှိတ် အခိုက်အတန့်လေးမျှ သတိလက်လွတ်ဖြစ်ခြင်းက တစ်ဘဝစာ ပျော်ရွှင်မှုအား ပျက်စီးစေလိမ့်မည်ဆိုသည်ကို မမေ့ပါနှင့်။ မည် သည့် ကိစ္စကိုမျှ အလျင်စလိုမလုပ်ပါနှင့်။ ခြေတစ်လှမ်းချင်းကို ဂရုစိုက်ပါ။ အစကတည်းကပင် အဆုံးသတ်ရမည့်နေရာကို စဉ်းစားထားပါ"။

အက်ဒ်ဝါ့ဒ်ဝှင့်ပါ

Scrambles Amongst the Alps

ကျွန်ုပ်တို့သည် အချိန်ကာလ၏ လက်လှည့် စန္ဒရားသံကို နားခံ၍ အိပ်စက်ကြသည်။ နိုးထရသည်ဆိုလျှင်လည်း ဘုရားသခင်၏ တိတ်ဆိတ်ငြိမ် သက်မှုအောက်တွင် နိုးထ,ကြသည်။ ထို့နောက် ဖန်ဆင်းခြင်းမပြုရသေးသော အချိန်ကာလ၏ နက်နဲသော ကမ်းခြေများ၌ ကျွန်ုပ်တို့ နိုးထ,ကြသောအခါ နှင့် အလွန်တရာ လှပလှသော အမှောင်တိုက်က အချိန်ကာလ၏ တောင်စွယ်အစွန်း တွင် ပြိုကွဲသောအခါ၊ ကျွန်ုပ်တို့၏ အကြောင်းပြချက်နှင့် ကျွန်ုပ်တို့၏ လိုအင် ဆန္ဒ စသည့် အရာများကို အဝေးသို့နှင်ရန် အချိန်ကျရောက်ပေပြီ။ ထို့နောက် တွင် ကျွန်ုပ်တို့၏ အိမ်အပြန်ခရီးအတွက် အားထုတ်ကြိုးပမ်းရမည့်အချိန်ပင် ဖြစ်သည်။ အမှတ်ရစရာဖြစ်စဉ်များ မရှိသော်လည်း တွေးတောစဉ်းစားမှုများ နှင့် နှလုံးသား၏ အပန်းတကြီး လည်ပတ်မှုရှိသည်။ နေးကွေးစွာ လည်ပတ်နေ သော နှလုံးသားက မည်သည့်နေရာနှင့် မည်သူ့အပေါ်သို့ မေတ္တာတရား ထားရှိရမည်ကို လေ့လာနေသည်။ ကျန်သည်တို့မှာ စကားတင်းဆိုမှုများသာ ဖြစ်ပြီး အခြားသော အချိန်ကာလများအတွက် ပြောပြစရာ ပုံပြင်ဇာတ်လမ်း များပင်။

အဲန်နီဒီးလာ့ဒ်

Holy the Firm

ရဟာတ်ယာဉ်က တစ်ချက်ချက် အသံပေးကာ ဟီလီတောင်ရိုးကို ဖြတ်သန်း၍ အထက်သို့ ဆန်တက်နေသည်။ အမြင့်ပေ

ငါးထောင်သို့ရောက်ရှိသောအခါ ရွှံ့ရောင်သန်းနေသော တောင်ထိပ်အထက်သို့ စာရေးသူတို့ ရောက် ရှိနေပြီ။ မြေပြင်က အဝေးတွင် ကျန်နေရစ်သည်။ ရွှံ့ညွှန်ထူထပ်သော သစ် တော၏ ရင်သပ်ရှုမောဖွယ်ရာ မြင်ကွင်းက ရဟတ်ယာဉ်၏ ပလက်ဆီဂလပ်စ် (Plexiglas) လေကာဖန်သားပြင်တွင် မြင်ကွင်းအပြည့် မြင်နေရသည်။ တောကြီး ကန္တာ၏ ရေမြေရှုခင်းအလှအား အရှေ့မှအနောက် ကန့်လန့်ဖြတ်ထားသည့် ကွေ့ကွေ့ကောက်ကောက်နိုင်လှသော စတမ့်ပ်ပိဒ်ထရေးလ် တောလမ်းကို အဝေးတစ်နေရာ၌ မှိန်ပျပျ မြင်တွေ့ရသည်။

ဘီလီမက်ကန်းဒလက်စ်က ရဟတ်ယာဉ်မောင်း နံဘေးရှိ ရှေ့ထိုင်ခုံ တွင် ထိုင်သည်။ ဝေါ့လ်တ်နှင့် စာရေးသူတို့က နောက်ဘက်ခုံတွင် ထိုင်ကြ သည်။ သူတို့နှစ်ဦး၏ ချက်ဆာပိခ် ကမ်းခြေနေအိမ်တံခါးပေါက်ဝသို့ ဆမ် မက်ကန်းဒလက်စ် ရောက်ရှိလာကာ ခရစ္စ ကွယ်လွန်ပြီဖြစ်ကြောင်း ပြောပြခဲ့ သည်မှာ ဆယ်လတင်းတင်းရှိခဲ့ပေပြီ။ ပင်ပန်းခက်ခဲစွာ ဖြတ်ကျော်ခဲ့ရသော ဆယ်လပင်။ ယခုသော်မူ သားဖြစ်သူ နောက်ဆုံး ခေါင်းချရာနေရာကို သူတို့ သွားရောက်ကြည့်ရှုရမှ ကိုယ်တိုင် သွားရောက်ကြည့်ရှုရန် အချိန်ကျရောက်ပြီဖြစ်ကြောင်း သူတို့နှစ်ဦး က ဆုံးဖြတ်ခဲ့သည်။

ဝေါ့လ်တ်က နာဆာနှင့် ချုပ်ဆိုထားသော လုပ်ငန်းစာချုပ်အရ ဖဲဘန့်ခ်စ်မြို့တွင် ဆယ်ရက်ခန့် နေထိုင်ကာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့အတွက် လေကြောင်းသုံး ရေဒါစနစ်တစ်ရပ်ကို တပ်ဆင်ပေးရသည်။ ကေ ထောင်ချီ ကျယ်ဝန်းပြီး သစ်ပင်သစ်တော ထူထပ်လှသည့် တောကြီးကန္တာအတွင်း ပျက်ကျသည့် လေယာဉ်တစ်စင်း၏ အပျက်အစီး အစိတ်အပိုင်းများကိုပင် ထိုရေဒါစနစ်အားဖြင့် ကယ်ဆယ်ရေးသမားတို့ ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်သည်။ ရက်ရှည်အလုပ်ပင်ပန်းထားသဖြင့် စိတ်ကသိကအောက်ဖြစ်နေသော ဝေါ့လ်တ် က အလိုလိုနေရင်းပင် စိတ်တိုနေသည်။ ပြီးခဲ့သည့် နှစ်ရက်အလွန်ကမှ အလာစကာသို့ ရောက်ရှိလာသော ဘီလီက ဘတ်စ်ကားရှိရာသို့ သွားရောက် ကြည့်ရှုခြင်းဖြင့် သားဖြစ်သူ သေဆုံးမှုကို ဖြည်းဖြည်းချင်း လက်ခံလာစေရန် မှာ ဝေါ့လ်တ်အတွက် ခက်ခဲနေမည်ဟု မျှော်လင့်ထားသည့်အလျောက် သူက စာရေးသူအပေါ်တွင် ယုံကြည်မှုအပြည့်အဝ ထားရှိလာသည်။ ဘီလီက သူ့ အနေဖြင့် စိတ်တည်ငြိမ်မှု ရရှိထားကြောင်း အံ့အားသင့်ဖွယ်ရာ ပြောကြားလာ ပြီး ဤခရီးစဉ်ကို ယခင်ကပင် မျှော်လင့်ထားခဲ့ကြောင်းကိုပါ ပြောပြလာသည်။

ရဟတ်ယာဉ်စီးဖြစ်သည်မှာ နောက်ဆုံးအချိန်ပိုင်းကျမှ အစီအစဉ် ပြောင်းလဲသွားခြင်းကြောင့်ဖြစ်သည်။ ဘီလီက ခရစ္စသွားခဲ့သည့်အတိုင်း စတမ့်ပ် ပိဒ်ထရေးလ် တောလမ်းမတစ်လျှောက် ကုန်းကြောင်းခရီးဖြင့်ပင် သွားရန် စိတ်အားထက်သန်နေသည်။ သူ၏ ဆန္ဒ ပြည့်မြောက်စေရန်အတွက် ဟီလီမြို့မှ သတ္တုတွင်းလုပ်ငန်း လုပ်ကိုင်သူ ဘွတ်ချ်ကီလီယန်(Butch Killian)ကို ဘီလီက အဆက်အသွယ် ပြုလုပ်ခဲ့သည်။ ကီလီယန်သည် ခရစ္စ၏ ရုပ်အလောင်းကို

ရှာဖွေတွေ့ရှိသည့် သူများအနက်မှ တစ်ဦးဖြစ်သည်။ သူက သူက ဝေါ့လ်တ်နှင့် ဘီလီတို့အား ဘတ်စ်ကားရှိရာသို့ ရောက်သည်အထိ သူ၏ တောလမ်းသွား အဘေတီဗွီယာဉ်ဖြင့် လိုက်ပါပို့ဆောင်ပေးရန် သဘောတူခဲ့သည်။ သို့ရာတွင် ယမန်နေ့ကမူ ကီလီ ယန်က ဘီလီရှိရာ ဟိုတယ်ဆီသို့ တယ်လီဖုန်းဆက်ကာ တက်ကလန်နီကာမြစ်ရေသည် မြင့်တက်နေဆဲဖြစ်ကြောင်း၊ ငါး၊ ရေမျက်နှာပြင် အလွန်မြင့်နေသဖြင့် သူ၏ ကုန်း၊ ရေ နှစ်တန်သွား ရှစ်ဘီးတပ် အာရဂိုယာဉ် ဖြင့်ပင် ဘေးရန်ကင်းရှင်းစွာ ဖြတ်သန်းနိုင်ရေးအတွက် စိုးရိမ်ရကြောင်း ပြောကြားလာသည်။ ဤသို့ဖြင့် ရဟတ်ယာဉ် အသုံးပြုရန် အစီအစဉ်ပြောင်းလဲခဲ့ခြင်း ဖြစ်သည်။

ညွှန်အိုင်များ၊ အဖျားချွန် ထင်းရှူးပင်များဖြင့် အစိမ်းရောင် ပြောက် တိပြောက်ကျားဖြစ်နေသော သစ်တောလွှမ်းခြုံထားသည့် တောကြီးကန္တာ၏ အထက် အမြင့်ပေ နှစ်ထောင်ခန့်တွင် ရဟတ်ယာဉ်က ဖွေစောင်းစောင်း ပျံသန်းနေသည်။ တက်ကလန်နီကာမြစ်က ရှည်လျားသော အညိုရောင်ဖဲကြိုး တစ်ချောင်းကို မြေပြင်ထက်၌ ဖြစ်ကတတ်ဆန်း ပစ်ချထားသည့်အလား မြင်ကွင်းတွင် ပေါ်လာသည်။ ရေစီးကြောင်းငယ်နှစ်ခုဆုံရာအနီးတွင် သာမန် ထက် စူးရှတောက်ပနေသော အရာဝတ္ထုတစ်ခုကို စတင်တွေ့ရှိလိုက်ရသည်။ ထိုအရာဝတ္ထုမှာ ဖဲဘန့်ခ်စ် အမှတ် ၁၄၂ ဘတ်စ်ကားပင်။ ခရစ္စ၏ လေးရက် ကြာ လမ်းလျှောက်ခရီးကို ၁၅ မိနစ်တာ ရဟတ်ယာဉ်ပျံသန်းမှုဖြင့် ဘတ်စ် ကားရှိရာသို့ စာရေးသူတို့ ရောက်ရှိခဲ့ကြသည်။

ရဟတ်ယာဉ်က ဆူညံစွာ အသံပေး၍ မြေပြင်သို့ ဆင်းသက်သည်။ ရဟတ်ယာဉ်မှူးက စက်ကိုသတ်ပြီးနောက် သဲဆန်သော မြေပြင်ပေါ်သို့ စာရေး သူတို့ ခုန်ဆင်းကြသည်။ ခဏမျှကြာသော် ရဟတ်ယာဉ်က ပန်ကာဒလက်များ လှည့်ပတ်မှုကြောင့် ဖြစ်ပေါ်လာသော ဟာရီကိန်း မုန်တိုင်းတမျှ အားကောင်း သည့် လေပွေထဲတွင် ပျံသန်းထွက်ခွာသွားသည်။ ရဟတ်ယာဉ်က စာရေးသူတို့ ကို အားကြီးလှသော တိတ်ဆိတ်မှုများ အကြားတွင် ချန်ထားရစ်ခဲ့လေပြီ။ ဝေါ့လ်တ်နှင့် ဘီလီတို့က ဘတ်စ်ကားနှင့် ဆယ်ကိုက်ခန့်အကွာတွင် မတ်တတ် ရပ်ကာ စကားပင် မပြောနိုင်ကြဘဲ တစ်မူထူးခြားနေသော မော်တော်ယာဉ် ကိုသာ ငေးမောကြည့်နေကြသည်။ အနီးရှိ ပေါ့ပလာပင်တစ်ပင်ထက်တွင် ဗွတ်ကလုံငှက်သုံးကောင်က တွတ်ထိုးနေကြသည်။

"ဒီဟာက……"။ နောက်ဆုံးတွင် ဘီလီက စကားစ,ပြောလာသည်။ "ကျွန်မ ထင်ထားတာထက် ငယ်တယ်နော်။ ဘတ်စ်ကားကို ပြောတာပါ"။ ထို့နောက် သူက ပတ်ဝန်းကျင်တစ်ဝိုက်သို့ လှည့်ကြည့်ရင်း စကားဆက်သည်။ "ဘယ်လောက်လှလိုက်တဲ့ နေရာလဲ။ ဒီနေရာလေးက ကျွန်မကြီးပြင်းခဲ့တဲ့ နေရပ်ကို ဘယ်လောက်တောင် ပြန်ပြီး အမှတ်ရစရာ ဖြစ်စေသလဲဆိုတာ ကျွန်မဖြင့် ယုံတောင် မယုံနိုင်ဘူး။ ကြည့်ပါဦး…ဝေါ့လ်တ်ရေ။ ဒီနေရာလေး က

မီချိုဂန်ပြည်နယ်ရဲ့ အထက်ကျွန်းဆွယ်နဲ့ ဘယ်လောက်တောင် တူလိုက် သလဲ။ ခရစ္စက ဒီနေရာမှာ သူနေရတာ သဘောကျမှာပဲ”။

“ကိုယ်ကတော့ အလာစကာကို သဘောမကျတဲ့ အကြောင်းရင်းတွေ အများကြီးရှိတယ်။ ဟုတ်ပြီလား”။ ဝေါ့လ်တ်က မျက်မှောင်ကြုတ်၍ စကားဆက်သည်။ “ဒါပေမဲ့ ဒီနေရာလေးက လှတယ်ဆိုတာတော့ ဟုတ်ပါတယ်။ ခရစ္စကို ဘာတွေက ဆွဲဆောင်ခဲ့တာလဲဆိုတာ မြင်ရပြီပေါ့။”

ဝေါလ်တ်နှင့် ဘီလီတို့က နောက်ထပ် မိနစ်သုံးဆယ်ခန့် ကြာသည် အထိ ဘတ်စ်ကားအိုကြီးအနီး တိုးတိတ်ငြိမ်သက်စွာ လမ်းလျှောက်ကြ၊ ဆူရှား နား ကမ်းခြေတစ်လျှောက် အေးဆေးစွာ လမ်းလျှောက်ကြ၊ အနီးရှိ သစ်တော အုပ်အတွင်းသို့ လှည့်လည်ကြည့်ရှုကြသည်။

ဘတ်စ်ကားအတွင်းသို့ ဦးစွာ ဝင်ရောက်ကြည့်ရှုသူမှာ ဘီလီပင်ဖြစ် သည်။ စမ်းချောင်းတစ်ခုနံဘေးမှ ပြန်လာသော ဝေါ့လ်တ်က ဘတ်စ်ကား အတွင်းပိုင်း၌ ခင်းကျင်းထားသော ခရစ္စသေဆုံးရာ မွေ့ရာထက်၌ ထိုင်နေသည့် ဘီလီကို တွေ့သည်။ ဘီလီက မီးဖိုအောက်ခြေတွင်ရှိသော သားဖြစ်သူ၏ ဘွတ်ဖိနပ်ကို အချိန်အတန်ကြာသည်အထိ တိတ်ဆိတ်စွာ ငေးစိုက်ကြည့်နေ သည်။ ဘတ်စ်ကားနံရံများထက် ရေးသားထားသော မက်ကန်းဒလက်စ်၏ လက်ရေးများနှင့် သူ၏ သွားတိုက်တံတို့ကိုလည်း ဘီလီက ငေးမောကြည့်နေ သည်။ သို့သော် ယနေ့အဖို့မှာမူ မျက်ရည်ကျခြင်းမရှိတော့။ စားပွဲပေါ်၌ စီစဉ်မကျ ချထားသော ပစ္စည်းများအနက်မှ လက်ကိုင်နေရာတွင် ထူးခြား သော ပန်းပွင့်ပုံသဏ္ဍာန် ဖော်ထားသည့် ဇွန်းတစ်ချောင်းကို ဘီလီက ကောက် ယူပြီး ငုံ့ကြည့်စစ်ဆေးသည်။ “ဝေါ့လ်တ်၊ ဒီမှာ လာကြည့်ပါဦး”။ ဘီလီက လှမ်းခေါ်လာသည်။ “ဒီဇွန်းက ကျွန်မတို့ အဲန်နာဒေးလ်အိမ်က ငွေဇွန်းလေးပဲ။

ဘတ်စ်ကား၏ ဦးခန်းပိုင်းတွင် တွေ့ရှိရသော ခရစ္စ၏ စုတ်ပြဲ၊ ဖာ ထေးထားသော ဂျင်းဘောင်းဘီတစ်ထည်ကို ဘီလီက ကောက်ယူကာ မျက်စိစုံမှိတ်၍ မျက်နှာနှင့်အပ်ထားသည်။ “ဒီအနံ့ပဲ......”။ ဘီလီက ခင်ပွန်းသည်အား လာကြည့်ရန် နာကျင်သောအပြုံးဖြင့် တိုက်တွန်းရင်း ဆိုလာသည်။ “အခုထိခရစ္စရဲ့ ကိုယ်နံ့ကို ရနေတုန်းပဲ”။ အတန်ကြာ တိတ်ဆိတ်ခံစားနေပြီး နောက် ဘီလီက အခြားသူများထက် ကိုယ့်ကိုယ်ကို ရည်ညွှန်းနေသည့်အလား စကား ဆက်လာသည်။ “နောက်ဆုံးမှာ သူ့ကိုယ်သူ သတ်မသေမိဖို့ရာ သူဟာ အရမ်း ကို သတ္တိကောင်းပြီး စိတ်ခတ်ကြံ့ခိုင်ခဲ့တာပဲ ဖြစ်ရမယ်”။

ဘီလီနှင့် ဝေါ့လ်တ်တို့က ဘတ်စ်ကားအတွင်းသို့ ဝင်ချည်၊ ထွက် ချည်နှင့် နောက်ထပ် အချိန်နှစ်နာရီခန့် ကြာသွားသည်။ ဝေါ့လ်တ်က သားဖြစ် သူအတွက် အမှတ်တရအဖြစ် စာအချို့ ရေးသားထားသော ကြေးပြားတစ်ချပ် ကို ဘတ်စ်ကားတံခါးအတွင်းဘက်တွင် တပ်ဆင်လိုက်သည်။ ဘီလီက အနီးဝန်းကျင်ရှိ

အပင်မျိုးစုံမှ ပန်းပွင့်များနှင့် တင်းရှူးကိုင်းတစ်ချောင်းတို့ဖြင့် စည်းနှောင်ထားသော ပန်းစည်းတစ်စည်းကို အမှတ်တရ ကြေးပြား၏ အောက် ဘက်တွင် ထားလိုက်သည်။ ဘတ်စ်ကားနောက်ပိုင်းရှိ ခုတင်အောက်တွင် သေတ္တာတစ်လုံးကို ဘီလီက နေရာချထားလိုက်သည်။ ထိုသေတ္တာတွင် ရှေးဦး သူနာပြု သေတ္တာ၊ စည်သွတ်ဘူး အစားအစာများနှင့် အသက်ရှင်သန်နေထိုင်ရေး အတွက် လိုအပ်သော အခြားပစ္စည်းများကို ထည့်သွင်းယူဆောင်လာခြင်းဖြစ် သည်။ ထို့အပြင် ခရစ္စကဲ့သို့သော အဖြစ်မျိုးကို နောင်တွင် ကြုံတွေ့လာနိုင်မည့် သူများကို ရည်ရွယ်၍ "သင်တို့မိဘများထံ အမြန်ဆုံး ဆက်သွယ်ကြပါ"ဟု တိုက်တွန်းရေးသားထားသော စာတစ်စောင်လည်း ထိုသေတ္တာအတွင်း၌ပင် ထည့်ထားသည်။ "သူ့ကို ဆုံးရှုံးခဲ့ရပြီးကတည်းက ဘုရားမရှိခိုးဖြစ်တော့ဘူး" ဟု ဆိုသော ဘီလီက ခရစ္စငယ်စဉ်ဘဝတွင် ဖတ်ရှုခဲ့သော သမ္မာန်ကျမ်းစာ စာအုပ်ကိုလည်း ထိုသေတ္တာအတွင်း ထည့်ပေးထားခဲ့သည်။

အပြန်ပြန် အလှန်လှန် စဉ်းစားသုံးသပ်နေဟန်ရှိသည့် ဝေါ့လ်တ်ကမူ စကားများများစားစား ပြောခြင်းမရှိသော်လည်း၊ များစွာသော ယခင်နေ့ရက် များနှင့် နှိုင်းစာပါက သူ့ကို ကြည့်ရသည်မှာ သက်သောင့်သက်သာ ရှိနေပုံရ သည်။ "ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လိုပြောရမယ်ဆိုတာတောင် မသိတော့ ပါဘူး"။ သူက ဘတ်စ်ကားဆီသို့ လက်ဖွေ့ယမ်းပြကာ စကားဆက်သည်။ "ဒါပေမဲ့ အခုတော့ ဒီနေရာကို လာခဲ့ရတာ ဝမ်းသာမိပါတယ်"။ တိုတောင်းလှ သော ခရီးစဉ်အတွင်းမှာပင် အလာစကာသို့ သားဖြစ်သူ လာရောက်ခဲ့ရသည့် အကြောင်းရင်းကို သူ့အနေဖြင့် အနည်းငယ်မျှ ပို၍ နားလည်လာခဲ့ရကြောင်း လည်း ဝေါ့လ်တ်က ပြောပြလာသည်။ ခရစ္စနှင့် ပတ်သက်၍ ဝေခွဲမရနိုင်သည့် အကြောင်းအရာ မြောက်မြားစွာ ရှိနေသေးဆဲဖြစ်ပြီး နောင်တွင်လည်း ထိုသို့ ရှိမြဲရှိနေဦးမည် ဖြစ်သည့်တိုင် ယခုအခါတွင် ယခင်ကလောက် ဝေခွဲမရ၊ နားမလည်နိုင်ခြင်းမျိုးမဟုတ်တော့ဘဲ အတန်ငယ် လျော့နည်းသွားရပြီဖြစ်သည်။ ထိုမျှသော စိတ်ဖြေသိမ့်စရာလေးအတွက်ကိုပင် သူက ကျေးဇူး အထူးတင်နေ မိသည်။

ဒီနေရာမှာ ခရစ္စရှိနေခဲ့တာ သိရတာနဲ့တင် စိတ်ထဲမှာ သက်သာ သွားရတယ်"။ ဘီလီက ရှင်းပြလာသည်။ "ဟောဒီမြစ်ကမ်းနံဘေးမှာ နေထိုင် သွားခဲ့၊ ဟောဒီ မြေကွက်လပ်လေးပေါ်မှာ သူ မတ်တတ်ရပ်သွားခဲ့တာကို သိရလို့ စိတ်ထဲမှာ ဖြေသိမ့်လိုက်နိုင်ပါတယ်။ ခရစ္စရှိနေနိုင်မယ်လို့ မျှော်လင့်ရတဲ့ နေရာတွေ အတော်များများကို ပြီးခဲ့တဲ့ သုံးနှစ်အတွင်းမှာ ကျွန်မတို့ ကြည့်ခဲ့ကြဖူးပါတယ်။ ဘာမှ မသိရတာဟာ တော်တော်ဆိုးပါတယ်။ ဘာဆို ဘာမှ မသိခဲ့ရတာပါ"။

"လူအတော်များများကတော့ ခရစ္စလုပ်ပြဖို့ ကြိုးစားနေတာနဲ့ ပတ် သက်ပြီး ချီးမွမ်းမိတဲ့အကြောင်း ကျွန်မကို ပြောပြကြတယ်။ သူ အသက်မသေ ခဲ့ရင်တော့ ကျွန်မလည်း သူတို့လိုပဲ ချီးမွမ်းမိမှာပါ။ ဒါပေမဲ့ သူက အသက်

ဆက်မရှင်နိုင်ခဲ့ဘူးလေ။ သူ့ကို အသက်ပြန်ရှင်လာအောင် လုပ်ပေးစရာလည်း ဘာနည်းလမ်းမှ မရှိဘူး။ ဒီပြဿနာကို ရှင်တို့လည်း မဖြေရှင်းနိုင်ပါဘူး။ တခြား ပြဿနာအများစုကို ရှင်တို့ ခြေရှင်းချင် ဖြေရှင်းနိုင်မှာ ဖြစ်ပေမဲ့ ခရစ္စ အသက်ပြန်ရှင်ရေးကိုတော့ ရှင်တို့လည်း မရှင်းနိုင်ပါဘူး။ ဒီလို ဆုံးရှုံးမှု မျိုးနဲ့ ရှင်တို့ ရင်ဆိုင်ဖြတ်ကျော်ဖူးသလားဆိုတာကို ကျွန်မ မသိပေမဲ့ ခရစ္စ မရှိတော့ဘူးဆိုတဲ့အသိက ကျွန်မအတွက် တစ်ရက်မပြတ် ခံစားနေရတဲ့ စူးရှတဲ့ ဝေဒနာတစ်ရပ်ပါ။ တချို့နေ့တွေမှာ တခြားနေ့တွေထက် သက်သာကောင်းသက် သာမယ်။ ဒါပေမဲ့ ကျွန်မဘဝရဲ့ လက်ကျန်နေ့ရက်တွေတိုင်းမှာ နေ့စဉ်နဲ့အမျှ ခံစားသွားရဦးမယ့် ဝေဒနာပါပဲ”။

တိမ်တိုက်များအကြားမှ ထွက်ပေါ်လာပြီး ဖိုင်းယားဝိဒ်ပန်းပင်များ ရှိရာ မြေကွက်လပ်ဆီသို့ ဝေ့ဝိုက်ကာ ဆင်းသက်လာသော ရဟတ်ယာဉ်၏ စက်သံက တိတ်ဆိတ်ငြိမ်သက်မှုကို တစ်စစီ ကွဲကြေသွားစေခဲ့သည်။ ရဟတ် ယာဉ်ပေါ်သို့ စာရေးသူတို့ တက်လိုက်ကြသည်။ ရဟတ်ယာဉ်က မြေပြင်မှ ကြွတက်ကာ လေထဲတွင် ခေတ္တမျှ ဆိုင်းနေပြီးနောက် အရှေ့တောင်စူးစူးဆီသို့ ပျံသန်း ထွက်ခွာလာခဲ့သည်။ ဘတ်စ်ကားခေါင်မိုးကို အပင်ငယ်များအကြား တွင် မိနစ်အနည်းငယ်ကြာမျှ မြင်တွေ့နေရပြီးနောက် မြစိမ်းရောင်ကမ္ဗလာ လွှမ်းခြုံထားသော တောကြီးကန္တာအတွင်းမှ စူးရှတောက်ပြောင်သော အဖြူ ရောင် အလင်းပြောက်ငယ်လေးတစ်ခုအဖြစ်သို့ ရောက်ရှိကာ ထိုမှတစ်ဆင့် သေးငယ်သထက် သေးငယ်ပြီး အဆုံးတွင် မြင်ကွင်းအတွင်းမှ လုံးဝ ပျောက် ကွယ်သွားလေတော့သည်။

ရာပြည့်

မှုရင်းစာရေးသူ၏ ကျေးဇူးတင်လွှာ

မက်ကန်းဒလက်စ်မိသားစု၏ ကြီးမားသော အထောက်အကူပြုမှု မပါရှိပါက ဤစာအုပ်ပေါ်ထွက်ရေး အထမြောက်နိုင်မည် မဟုတ်ပါ။ ဝေါ့လ်တ်မက်ကန်းဒလက်စ်၊ ဘီလီမက်ကန်းဒလက်စ်၊ ကယ်ရင်းမက်ကန်း ဒလက်စ်၊ ဆမ်မက်ကန်းဒလက်စ်နှင့် ရှယ်လီမက်ကန်းဒလက်စ်ဂါစီယာတို့ ၏ ကျေးဇူးအကြွေးများစွာတို့မှာ စာရေးသူအပေါ်တွင် တင်ရှိနေပါသည်။ သူတို့က စာရေးသူအား ခရစ္စ၏ စာအုပ်မှတ်တမ်းများ၊ ပေးစာများ၊ ဓာတ်ပုံ များ အားလုံးကို အပြည့်အဝ ရယူသုံးစွဲခွင့် ပြုခဲ့သည့်အပြင် ခရစ္စနှင့် ပတ် သက်၍ သူတို့သိသမျှသော အကြောင်းအရာများကို အချိန်များစွာပေး၍ ပြော ပြခဲ့ကြသည်။ စာအုပ်တွင် ပုံနှိပ်ဖော်ပြပါရှိမည့် အကြောင်းအရာအချို့သည် သူတို့အတွက် လွန်စွာမှပင် စိတ်ထိခိုက် နာကျင်ဖွယ်ရာများဖြစ်ကြောင်း သိရှိသည့်တိုင် စာအုပ်ပါ အကြောင်းအရာများကိုသော်လည်းကောင်း၊ စာအုပ်၏ ဦးတင်ချက်ကိုသော်လည်းကောင်း မည်သည့်မိသားစုဝင်ကမျှ ဝင်ရောက်ထိန်း ချုပ်ခြယ်လှယ်ရန် ကြိုးစားခဲ့ခြင်း မရှိကြပါ။ မိသားစု၏ မေတ္တာရပ်ခံချက်အရ Into the Wild စာအုပ်ရောင်းရငွေ ရရှိမည့် ခိုင်ကြေးအနက် ၂၀%ကို ပညာ ရည်ချွန် ရန်ပုံငွေတစ်ရပ်သို့ ခရစ္စမက်ကန်းဒလက်စ်၏ အမည်ဖြင့် ပေးလှူသွား မည်ဖြစ်ပါသည်။

Villard Books/ Random House စာအုပ်တိုက်အတွက် စာရေးသူ၏ စာမူကို ဝယ်ယူပေးခဲ့သော Dong Stampl နှင့်တကွ အချိန်မတိုင်မီ ထွက်ခွာ သွားခဲ့သော၊ Dougမရှိသည့်နောက်ပိုင်း ကျွမ်းကျင်မှု၊ ဂရုစိုက်မှု အပြည့်ဖြင့် ဤစာအုပ်ကို တည်းဖြတ်ပေးခဲ့ကြသော David Rosenthal နှင့် Ruth Fecych တို့အား အထူးပင် ကျေးဇူးတင်ရှိပါသည်။ Villard/ Random စာအုပ်တိုက်မှ အဖွဲ့သားများ ဖြစ်ကြသော Annik Lafarge, Adam Rothberg, Dam Rembert, Dennis Ambrose, Laura Taylor, Diana Frost, Deborah Foley & Abigail Winograd တို့ကိုလည်း ယင်းတို့၏ ပံ့ပိုးကူညီပေးမှုများအတွက် ကျေးဇူးတင် ရှိရပါသည်။

ဤစာအုပ်ကို Outsideမဂ္ဂဇင်းတွင် ဆောင်းပါးအဖြစ် ရေးသားခြင်းမှ အစပြုခဲ့ခြင်း ဖြစ်ပါသည်။ ထိုဆောင်းပါးကို ရေးသားရန် စာရေးသူအား တာဝန်အပ်နှင်းခဲ့ကြသည့် Mark Bryant နှင့် Laurant Hohnhold တို့ကို ကျေးဇူး တင်မိသည့်အပြင် ဆောင်းပါးကို ကျွမ်းကျင်ပိုင်နိုင်စွာ ပုံဖော်တင်ဆက်ပေးခြင်း အတွက်လည်း ကျေးဇူးတင်ရှိပါသည်။ ထိုဆောင်းပါးဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းလုပ်ကိုင် ပေးခဲ့ကြသော Adam Horowitz, Greg Cliburn, Kiki Yablon, Larry Burke, Lisa Chase, Dan Ferrara, Sue Smith, Will Dana, Alex Heard,

Donavan Webster, Kathy Martin, Brad Wetzler Jacqueline Lee တို့အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ဤစာအုပ်အတွက် အဖိုးမဖြတ်နိုင်သော အကြံဉာဏ်နှင့် ဝေဖန်ထောက်ပြမှုများ ပြုလုပ်ပေးခဲ့သော Lind Mariam Moore, Roman Dial, David Roberts, Sharon Roberts, Matt Hale & Ed Ward တို့အားလည်းကောင်း၊ လွန်စွာ ကောင်းမွန်သော မြေပုံများအား ဖန်တီးပြုလုပ်ပေးခဲ့သည့် Margaret Davidson အားလည်းကောင်း၊ စာရေးသူ၏ အကောင်းဆုံးသော ကိုယ်စားလှယ်ဖြစ်သည့် John Ware အားလည်းကောင်း ကျေးဇူးဥပကာရ အထူးပင်တင်ရှိပါသည်။

အရေးပါသော ပံ့ပိုးကူညီမှုများ ပေးရာတွင် Dennis Burnett, Chris Fish, Eric Hathaway, Gordy Cucullu, Andy Horowitz, Kris Maxie Gillmer, Wayne Westerberg, Mary Westerberg, Gail Borah, Rod Wolf, Jan Burres, Ronald Franz, Gaylord Stuckey, Jim Gallien, Ken Thompson, Gordon Samel, Ferdie Swanson, Butch Killian, Paul Atkinson, Steve Carwile, Ken Kehrer, Bob Burroughs, Berle Mercer, Will Forsberg, Nick Jans, Mark Stoppel, Dan Solie, Andrew Liske, Peggy Dial, James Brady, Cliff Hudson, ကွယ်လွန်သူ Mugs Stump, Kate Bull, Roger Ellis, Ken Sleight, Bud Walsh, Lori Zarza, George Dreeszen, Sharon Dreeszen, Eddie Dickson, Priscilla Russel, Arthur Kruckeberg. Paul Richart, Doug Ewing, Sarah Gage, Mike Ralphs, Richard Keeler, Nancy J.Turner, Glen Wagner, Tom Clausen, John Bryant, Edward Tread Well, Lew Krakauer, Carol Krakauer, Karin Karkauer, Wendy Krakauer, Sarah Krakauer, Andrew Krakauer, Ruth Selig, Peggy Langrall တို့လည်းအပါအဝင်ဖြစ်ပါသည်။ ထို့အပြင် သတင်းမီဒီယာသမားများဖြစ်ကြသော Johnny Dodd, Kris Capps, Steve Young, W.L.Rusho, Chip Brown, Glenn Randall, Jonathan Waterman, Debra Mc Kinney, T.A Badger Adam Biegelo တို့ ရေးသားထုတ်ဝေခဲ့ပြီးသော သတင်းဆောင်းပါးများမှလည်း လေ့လာဖတ်ရှုမှတ်သားခွင့် ရရှိခဲ့ပါသည်။

စာရေးသူအား စိတ်ကူးအသစ်အဆန်းများ ဆွေးနွေးပျူငှာမှု၊ ရင်းနှီးခင်မင်မှုနှင့် အမြော်အမြင်ပြည့်ဝသော အကြံပြု တိုက်တွန်းမှုများ ပေးအပ်ခဲ့သည့် Kai Sandburn, Randy Babich, Jim Freeman, Steven Rottler, Fred Beckey. Maynard Miller, Jim Doherty, David Quammen, Tim Cahill, Rosalie Stewart, Shannon Costello, Alison Jo Stewart, Maureen Costello, Ariel Kohn, Kelsi Krakauer, Mariam Kohn, Deborah Shaw, Nick Miller, Greg Child, Dan Calhoun, Kitty Calhoun, Grissom, Colin Grissom, Dave Jorres, Fran Kaul, David Trione, Dielle Havlis, Pat Joseph, Lee Joseph, Pierret

Vogt, Paul Vogt, Ralph Moore, Mary Moore & Woodraw O.Moore တို့ အားလုံးကိုလည်း ကျေးဇူးအထူး တင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

Jon Krakauer

https://t.me/TheBookR

ရာပြည့်ကို ဖခင်ကျားဘညိမ်း မိခင် ဒေါ်ကြည်ကြည်တို့က ၁၉၅၉ မန္တလေး မြို့တွင် မွေးဖွားခဲ့သည်။ မန္တလေး နှစ် တစ်ရာပြည့်သည့်နှစ်တွင် မွေးဖွားခဲ့သဖြင့် ငယ်အမည် ရာပြည့်ကိုပင် ကလောင်အမည်ဖြစ် ခံယူခဲ့သည်။ အမည် ရင်းမှာ ထွန်းအောင်ညိမ်း ဖြစ်သည်။ လစဉ်ထုတ် မဂ္ဂဇင်းနှင့် ဂျာနယ်များတွင် ဘာသာပြန်ဆောင်းပါး ဝတ္ထုများ ရေးသားခြင်းမှ စတင်ကာ စာပေလောကထဲသို့ ဝင်ရောက်ခဲ့သည်။ အရိုင်းဒီရေ၊ စာအုပ်သူခိုး၊ ဓားရိုးကမ်း စာအုပ် များသည် ရာပြည့်၏ ထင်ရှားသော ဘာသာပြန် လက်ရာများဖြစ်သည်။ ၂၀၁၈ ၊ အောက်တိုဘာ ၂ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ ကန္တာရခရီးသည် စာအုပ်သည် ဆရာ၏ နောက်ဆုံးလက်ရာ တစ်ခုဖြစ်ပါသည်။